ချ ၊ ၊ း ၀ ၁ ၆ ပ

# ဝင်း ၊ စိုး

# မေမွေ့ ဥယျာဉ်သို့ လွှမ်းပိုပ်

ဝတ္ထုတိုများ





9 412102 009439

COVERDESIGN : NAYMYOSAY

ဂျူး၊ ဝိုင်

# မေမေ့ဥယျာဉ်သို့ လွမ်းရိပ်

ဝတ္ထုတိုများ

ဂျူးစာပေ
အမှတ် ၁၅၆/၂၊ မြင်သာ ၁၀ လမ်း
၁၄ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၄၃၀ ၅၃၀ ၈၀၊ ၀၉ ၇၆, ၄၃၅၃ ၈၀၀။

**ပုံနှိပ်မှတ်တမ်း**

ပထမအကြိမ်၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာ။

**မျက်နှာဖုံး** နေမျိုးဆေး
**ကွန်ပျူတာစာစီ** သရဖီ

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)၊
အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်တင်တင်ဝင်း၊ ဂျူးစာပေ (၀၀၅၄၆)
အမှတ် ၁၅၆/၂၊ မြင်သာ ၁၀ လမ်း၊ ၁၄ ရပ်ကွက်၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**စာအုပ်ချုပ်** ကိုမြင့်
**တန်ဖိုး** ၃၀၀၀ ကျပ်

# မာတိကာ

**စိုင်**


| | |
|---|---|
| စာမွေ့သူ | ၃ |
| မေမေ့ရဲ့ ညကျောင်း | ၃၄ |
| လွမ်းရိပ် | ၆၉ |
| ငြိမ် | ၉၂ |
| ချစ်သော မေမေ | ၁၃၉ |


**ရှူး**


| | |
|---|---|
| ပန်းထိုးအိပ်ရာခင်း | ၁၇၄ |
| ပြတင်းပေါက်ကို ဖွင့်ချင်တယ် | ၁၈၅ |
| မေမေ | ၂၀၀ |
| ပထမဆုံးအမှတ်တရများ | ၂၂၀ |
| ဘဝနေထိုင်နည်းပညာ | ၂၃၀ |
| မေမေ့ဥယျာဉ် | ၂၄၂ |

# စာမွေ့သူ

ကျွန်မတွင် စာမွေ့လျော်စိတ် အသွေးထဲ အသားထဲမှာ စွဲမြဲရစ် အောင် ရှေးဦးစွာ ပြုစုပျိုးထောင်ပေးခဲ့သူမှာ ကျွန်မ၏မေမေ ဖြစ်သည်။ ရသစာပေကို နှစ်သက်မြတ်နိုးတတ်ခြင်းသာမက အသိပညာ ဗဟုသုတ အတွေ့အကြုံ စသော လောက၏ အကြောင်းခြင်းရာနှင့် အရပ်ရပ်သော ပညာတို့ကို သိချင် နားလည်ချင်စိတ်၊ လေ့လာလိုစိတ် စသည့် ပညာကို မက်မောသည့် စိတ်ကိုလည်း မေမေ့ထံကပင် ရခဲ့ပါသည်။ မေမေသည် စာမွေ့သူတစ်ယောက် ဖြစ်သည်။

မေမေ နှစ်သက်မြတ်နိုးစွာ ဝယ်ယူဖတ်ရှု စုဆောင်းခဲ့သော စာအုပ် များသည် မီးလောင်၍ ပျက်စီးဆုံးရှုံးခြင်း၊ ငှားရမ်းဖတ်ရှုသူများက ပြန် မပေး၍ ပျောက်ဆုံးရခြင်းများ ရှိခဲ့သော်လည်း အငယ်ဆုံးသမီး ကျွန်မ လက်ထက်ထိတိုင် ထင်းရှူးသေတ္တာကြီးနှင့် တစ်လုံးစာ အုပ်တစ်ရာကျော် နှစ်ရာခန့် ကျန်ရှိနေသေးသည်။ ဝတ္ထုက အများစု ဖြစ်သည်။ တာရာ မဂ္ဂဇင်း၊ မြဝတီ၊ သွေးသောက်၊ ငွေတာရီ၊ ရှုမဝ၊ စန္ဒာ စသော မဂ္ဂဇင်းများ လည်း ရှိသည်။

ဖေဖေကမူ ဝတ္ထုသမား မဟုတ်။ လောကီရေးရာ ဘဝအကြောင်းများကို ဇာတ်လမ်းဖွဲ့ရေးသားထားသော ဝတ္ထုစာပေများကို ဖေဖေက သူ့အမြင်ဖြင့် 'အကုသိုလ်စာ'ဟု ဆိုတတ်သည်။ ဖတ်လည်း မဖတ်။ ထိုစာအုပ်မျိုးကို မေမေနှင့် သားသမီးများ အတူတကွ စည်းစည်းလုံးလုံး ပျော်ပျော်မွေ့မွေ့ ဖတ်နေကြလျှင်လည်း အပြစ်တော့ဖြင့် မပြောပါ။

'တို့ဖြင့် အဲဒီစာမျိုး ဖတ်ရင် အိပ်ပျော်သွားတာပဲ။ ပျင်းရန် လွန်ကော ...'ဟုသာ ဆိုတတ်သည်။

ဖေဖေ ဖတ်သော စာအုပ်တွေက ကျီးသဲလေးထပ်ဆရာတော်၏ ဇိနတ္ထပကာသနီ၊ မင်းဘူးဦးဩဘာသ၏ ဇာတ်ကြီးဆယ်ဘွဲ့လာ ဇာတ်တော် အချို့၊ ဦးအောင်၏ အယူတော်မင်္ဂလာ လျှောက်ထုံး၊ အမတ်ကြီး ဦးပေါ်ဦး လျှောက်ထုံး၊ ဦးလှဒင်၏ ကာလီဒါသလျှောက်ထုံး၊ ဦးသော်ဇင်၏ မိလိန္ဒပဉှာ၊ ဦးကုလား၏ မဟာရာဇဝင်၊ ဦးဘခိုင် (ဖေဘီယန်) ၏ မြန်မာပြည်နိုင်ငံရေးရာဇဝင်၊ မြန်မာ့စွယ်စုံကျမ်း တွဲပျက် အချို့၊ ကလေးများအတွက် သုတရတနာသိုက်မှ အချို့သော အတွဲများ၊ ပန်းချီဦးဘကြည်၏ ရောင်စုံသရုပ်ဖော်ပန်းချီများနှင့် 'ရုပ်စုံ ဗုဒ္ဓသာသနာဝင်'၊ သရုပ်ဖော်ပုံများပါသော ဦးအေးတင်၏ လူဘောင်သစ်သမိုင်း၊ ရှင်ဥတ္တမကျော်နှင့် ခုံတော်မောင်ကျဘမ်း စကားစစ်တရားစစ်ထိုးခန်း၊ ယောအတွင်းဝန် ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်း၊ သမာမိတ္တ မြေပုံစာအုပ်၊ စွယ်စုံကျော်ထင်ကျမ်း၊ ကဝိလက္ခဏာဒီပနီ၊ ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရ ဆုံးမစာ၊ စကားတောင်စားဝတ္ထု၊ နှစ်ငါးဆယ် ယဉ်ကျေးမှုရေးရာစာစောင် စသော စာအုပ်များကို ဖေဖေက ဝယ်ယူစုဆောင်း ဖတ်ရှုပါသည်။

စာဆိုလျှင် မြင်မြင်သမျှ စိတ်ဝင်တစား ဖတ်ချင်သူ ကျွန်မတို့သည် ဖေဖေ့ စာအုပ်များကိုလည်း ဖတ်ခဲ့ကြပါသည်။ သို့သော် သားရေကတ်ထူဖုံးနှင့် ခန့်ခန့်ညားညား ချုပ်ထားပြီး အနှောင့်မှာ ဖေဖေ မေမေတို့အမည်၊ နေရပ်လိပ်စာများ ရွှေစာလုံးနှင့် ပုံနှိပ်ရေးထိုးထားသော လောကုတ္တရာကျမ်းစာအုပ်များကိုတော့ ငယ်စဉ်က လှန်၍ပင် မကြည့်ခဲ့ပါ။ ပါဠိစကားလုံးချည်းသက်သက်သာ ပါသောကြောင့် ဖြစ်သည်။

လယ်တီဆရာတော်၏ ဒီပနီအချို့၊ သီရိမင်္ဂလာပရိတ်တော်၊ နမက္ကာရ ဘုရားရှိခိုး၊ သမတ ဆယ်စောင်တွဲ၊ ဆရာကြီး ဦးသိန်းအောင်၏ သတ္တဝါ အစဖြစ်ပုံကျမ်း စသော စာအုပ်များလည်း ဘုရားစင်ဘေးက ဖေဖေ့ စာအုပ် စင်မှာ ရှိသည်။ မေမေနှင့် ကျွန်မတို့ကို ဖေဖေက ဘုရားရှိခိုးစာ ပရိတ်ကြီး၊ မင်္ဂလသုတ်၊ ဓမ္မစကြာတို့ သင်ကြားပေးသောအခါမှ ထိုစာအုပ်တွေကို ကျွန်မ ဖွင့်ကြည့်ဖြစ်သည်။ ဖေဖေ ကျက်ခိုင်းခဲ့တုန်းက ပါဠိတွေ မကျက်ချင် ၍ စိတ်မဝင်စားခဲ့။ ကြီးသောအခါမှ အဘိဓမ္မာကို လေ့လာလိုက်စားချင် စိတ်နှင့် ထိုစာအုပ်စာပေတွေကို ရှာဖွေဖတ်ရှုရသည်။

စာအုပ်တွေကို ကျွန်မတို့ ဘာကြောင့် သည်လောက် နှစ်နှစ်သက် သက် မြတ်မြတ်နိုးနိုးရှိကာ စာဖတ်ခြင်းကို ပျော်မွေ့ခဲ့ကြသလဲဟု ပြန် စဉ်းစားကြည့်သည့်အခါ အချက် ၂ ချက်ကို သွားတွေ့ပါသည်။ စာအုပ် စာပေကို မိမိကိုယ်တိုင် နှစ်သက်မြတ်နိုးပြီး စာဖတ်ခြင်းကို ပျော်မွေ့တတ် သူ မိဘများက သားသမီးဖြစ်သူ ကျွန်မတို့ မောင်နှမတစ်တွေကိုပါ စာဖတ် ဝါသနာပါလာအောင် ပုံအဖြစ်ပြောပြခြင်း၊ စာဖတ်ပြခြင်း၊ စာကို ကိုယ်တိုင် ဖတ်စေခဲ့ခြင်း စသော အလေ့အကျင့်တွေနှင့် ပျိုးထောင်ပေးခဲ့ခြင်းသည် ပထမအချက်ဖြစ်၏။ နောက်တစ်ချက်ကတော့ ဆင်းရဲမွဲတေခြင်းပင် ဖြစ်သည်။

ဆင်းရဲတော့ ကျွန်မတို့မိသားစုမှာ အခြားအပန်းဖြေစရာ၊ ဇိမ်ခံစရာ ဘာမျှမရှိ။ စာဖတ်ခြင်းဖြင့်သာ စိတ်ကို ရွှင်လန်းနှစ်ခြိုက်စေရန် ပြုနိုင် ပေသည်။

သို့သော် ဆင်းရဲသားဖြစ်တိုင်းလည်း စာဖတ်ခြင်းဖြင့် ပျော်ရွှင်မှုကို မရှာကြပါ။ ဇာတ်သဘင်၊ ပွဲလမ်းသဘင်၊ ရုပ်ရှင်များ ကြည့်ရှုခြင်းထက် စာဖတ်ခြင်းက အကုန်အကျသက်သာ၍ အကျိုးကျေးဇူး များသည်မှာ မှန်သော်လည်း လူတို့တွင် မွေ့လျော်မှု အမျိုးမျိုး ရှိသည်သာ ဖြစ်၏။

ကျွန်မတို့မိသားစုသည် ဇာတ်ပွဲ၊ သဘင်၊ ရုပ်ရှင်၊ ဂီတတို့ကို နှစ်သက် တတ်ပါသော်လည်း နှစ်သက်တိုင်း၊ အလိုရှိတိုင်း ဇာတ်ပွဲကို ကြည့်နိုင်သည် မဟုတ်။ အမြဲတမ်း အလိုရှိတိုင်း ရနိုင်သော၊ အိမ်မှာနေရင်းက ပျော်မွေ့ ဖွယ်ရာ စိတ်ကြည်နူးနှစ်သက်ခြင်းကို ပေးနိုင်သော၊ ငွေကုန်ကြေးကျ နည်း

သော စာဖတ်ခြင်းကိုသာ ရွေးချယ်ခဲ့သည်။ နောင်တွင်မူ စာဖတ် စွဲမြဲလာခဲ့သော ကျွန်မအတွက် စာဖတ်ခြင်းမှရသော အရသာကို ရုပ်ရှင်၊ သဘင်မှရသော အရသာထက် ပိုမိုစွဲလမ်းခဲ့ပါတော့သည်။

စာကို ဖတ်၍ တွေးရခြင်းကို နှစ်သက်သည်။ စာကိုကျော်၍ တွေးရခြင်းကို နှစ်သက်သည်။ စာမှတစ်ဆင့် လူ့လောက လူ့ဘဝအကြောင်း စဉ်းစားဆင်ခြင်ရခြင်း၊ လူ့အကြောင်း သိခွင့်ရခြင်း၊ လေ့လာရခြင်းတို့ကို နှစ်သက်သည်။ ထိုသို့ ဖြစ်အောင်လည်း မိဘများက ရည်ရွယ်ချက်ရှိသည် ဖြစ်စေ၊ မရှိပါဘဲနှင့်ဖြစ်စေ ပြုမူခဲ့ကြသည်ဟု ဆိုရပါမည်။ အမိက ကတော့ မေမေ ဖြစ်သည်။ မေမေသည်သာ ကျွန်မဘဝ၏ လက်ဦးစာပေပို့ချသူ ဆရာ၊ ကျွန်မ၏ စာပေမွေ့လျော်မှု ဝါသနာကို ပျိုးထောင်ပေးသူ ဖြစ်ခဲ့ပါသည်။

မေမေသည် စာအုပ်များကို ကိုယ်တိုင်လည်း ရွေးချယ်ဝယ်ယူစုဆောင်းတတ်ပြီး သားသမီးများကိုလည်း ကျောင်းစာမဟုတ်သော ထိုစာအုပ်များကို ပေါ်ပေါ်ထင်ထင် ဖတ်ခွင့်ပေးခဲ့သူ ဖြစ်သည်။ အချို့ သူငယ်ချင်းတွေမှာ စာအုပ်ကို အိမ်သာထဲ ခိုးဖတ်ရသည်။ ညအိပ်ချိန် အလင်းရောင် မမြင်အောင် ကွယ်ထားကာ ခိုးဖတ်ရသည်ဟု ဆိုပါ၏။ ကျွန်မမှာ သူများတကာတွေ၏ဘဝကို သိရတော့ အံ့အားကြီး သင့်ရသည်။ ကိုယ့်မုန့်ဖိုးကို စုကာဝယ်ဖတ်သော စာအုပ်ကိုပင် ကိုယ့်အိမ်သို့ မသယ်ယူရဲ မသိမ်းဆည်းရဲ၊ သူငယ်ချင်းအိမ်မှာ အပ်နှံထားရသည် ဆိုသောသူများ အကြောင်း အံ့ဖွယ်လိလိ သိရပြန်သည်။ ကျွန်မတို့နှင့် ခြားနားလေစွ ...။ ထိုစဉ်ကတည်းက မေမေ့ကို ကျေးဇူးတင်ရကောင်းမှန်း သိခဲ့ပါသည်။

ကံကြမ္မာ အလှည့်အပြောင်းမှာ ဖေဖေ မေမေတို့ ဆင်းရဲသွားချိန်ကျမှ လူဖြစ်လာရသော ကျွန်မကို အစ်ကို၊ အစ်မတွေ ငယ်စဉ်တုန်းကလို ကစားစရာ စုံစုံလင်လင်၊ အဝတ်အစား ပြည့်ပြည့်စုံစုံ ကောင်းကောင်းမွန်မွန်တွေ မေမေတို့ မပေးနိုင် မဆင်နိုင်ခဲ့ပါ။ အကြီးတွေရဲ့အကျ အဝတ်အစား၊ ကစားစရာတွေ၊ ကျောင်းစာအုပ်ဟောင်းတွေကိုသာ လက်ဆင့်ကမ်း သုံးစွဲခဲ့ရပါသည်။

ထိုသို့ ရုပ်ဝတ္ထုပစ္စည်းများ မပြည့်စုံသော်လည်း ကျွန်မ၏ ငယ်ဘဝ

သည် အံ့ဩစရာပင် ကောင်းအောင် ချိုမြခဲ့သည်။ ငွေကြေး ချို့တဲ့ပါလျက် နှင့် ပျော်စရာဘဝလေး ရရှိအောင် မေမေ့မေတ္တာက ဖန်တီးပေးခဲ့ခြင်းသာ ဖြစ်ပေမည်။

မပြည့်စုံခြင်းကပင်လျှင် တီထွင်ဖန်တီးဉာဏ်ကို ရင့်သန်စေခဲ့လေ သလား ... ခရုခွံတွေ၊ သစ်ရွက်တွေ၊ ဗလာစာအုပ် ကတ်ထူဖုံးတွေ၊ အပ်ချည် ရောင်စုံတွေ အဝတ်စတွေ၊ ရောင်စုံပုံတွေပါသော 'တိုင်း' မဂ္ဂဇင်းဟောင်း တွေ စသည်တို့သည် ကျွန်မ၏ ကစားစရာများ ဖြစ်လာသည်။ စက္ကူဖြင့် အိမ်ဆောက်၊ အဝတ်စဖြင့် လူရုပ်ချုပ်၊ ကိုယ့်ကစားစရာကို ကိုယ်တိုင် ဖန်တီးပြုလုပ်ကာ ကစားခဲ့ခြင်းကြောင့် ရခဲ့သော မိမိကိုယ်ကို ကျေနပ်စိတ် သည် ငွေကြေးရုပ်ဝတ္ထု ချို့တဲ့၍ ဘဝကို အားငယ်မိသောစိတ်ကို ဖုံးလွှမ်း သွားနိုင်လောက်အောင်ပင် ကြီးမြင့်ခဲ့ပါသည်။

သီတင်းကျွတ်၊ တန်ဆောင်တိုင်တွေမှာ ဖေဖေနှင့်အတူ ကိုယ်တိုင် မီးပုံးများ ပြုလုပ်ရသည်ကို ပို၍ ကျေနပ်ပျော်ရွှင်တတ်သည်။ မိုးရွာလျှင် မြောင်းရေစီးမှာ စက္ကူလှေချိုး၍ လွှတ်ကစားသည်။ သွပ်ပြားစအပိုင်း ကလေးကို ဖြတ်၍၊ ခေါက်၍ မော်တော်ဘုတ်လုပ်ပြီး ပူဖောင်းမှုတ်ကာ တင်ပေးခြင်းအားဖြင့် ပူဖောင်းလေ၏ တွန်းကန်အားဖြင့် ပြေးတတ်သော မော်တော်ဘုတ်လွှတ် ကစားနည်းကို ကစားတတ်သည်။ သစ်သားအပ်ချည် ဘီးလုံးကို ကြက်ပေါင်ကွင်းသွင်း၍ မီးခြစ်ဆံတိုဖြင့် ရစ်လှည့်ကာ မြေပြင် မှာ ချပေးလိုက်လျှင် သူ့ဘာသာသူ တောက်တစ် တောက်တစ်နှင့် သွားသော ဘီးကလေးအဖြစ် ကစားသည်။ မဂ္ဂဇင်းစာအုပ်တွေထဲမှာပါသော ကလေး ကစားစရာလုပ်နည်းများကို ဖတ်၍ ကိုယ်တိုင်ပြုလုပ်ကစားသဖြင့် ရရှိ သော ပျော်ရွှင်မှုသည် မိမိကိုယ်ကို လေးစား တန်ဖိုးထားစိတ်ကိုပါ တစ်ပါ တည်း ရလေသည်။

ကြိုးစားက ဘုရားပင် ဖြစ်နိုင်သည်ဟူသော ဆောင်ပုဒ်မျိုးကို ဖေဖေ က ဝီရိယ အားပေးစကားအဖြစ် ဆိုတတ်သလို မေမေက သူ ဖတ်ဖူးသော စာအုပ်စာပေတွေထဲမှ ဇာတ်ကောင်များ၏ ဘဝအဖြစ်အပျက် ဇာတ်လမ်း များကို ပုံပြင်ပမာ ပြောရင်း ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်ဖို့ မျှော်လင့်ချက် အဖြစ် 'ပညာ'ကို ကြိုးစားသင်ယူကြဖို့ အမြဲတိုက်တွန်း နှလုံးသွင်းပေး

တတ်ပါသည်။

လူ့သဘာဝ အဖွဲ့ကောင်းများ ပါသော၊ ဘဝအားမာန် တက်ကြွစေသော၊ ဘဝကို ကြိုးစားရုန်းကန် ရှင်သန်လိုစိတ်ကို ပေးတတ်သော စာအုပ်ကောင်းများကို မေမေ ဖတ်ခဲ့ရသည်။ သူ နှစ်သက်၍ ဖတ်ထားသော ထိုထိုစာအုပ်များအကြောင်းကိုလည်း ကျွန်မတို့ကို ပြန်လည်ပြောပြတတ်သည်။

ဆင်းရဲသားမို့ အားချိန် နားချိန် မရှိ။ ကျွန်မတို့သားအမိတစ်တွေသည် စပါးလုံးရွေးရင်း၊ ငရုတ်ဆုံထောင်းရင်း၊ ချက်ရင်းပြုတ်ရင်း၊ ဖွပ်ရင်းလျှော်ရင်း၊ ချုပ်ရင်းလုပ်ရင်း ... ပုံပြင်ပမာ မေမေ ပြောတာကို နားထောင်ရသည်။ ညချမ်းအချိန် အလုပ်များ၊ ကျောင်းစာများ အားလပ်သွားချိန်များတွင် ကျွန်မတို့မိသားစု အေးအေးလူလူ ဝိုင်းဖွဲ့စုဝေးကြသည်။ နွေအခါ အိမ်ရှေ့အလံတိုင်အောက် ကွက်လပ်က သံခုတင်ပေါ်မှာ၊ ဆောင်းအခါများတွင် ဖေဖေ့ နာရီပြင်အလုပ်စားပွဲရှိရာ ဧည့်ခန်းထောင့်က သံဒယ်အိုးအဟောင်းကြီးကို ပြုပြင်မွမ်းမံထားသော မီးလင်းဖို့ရှေ့မှာ ကျွန်မတို့ 'သက်ကြီးစကား သက်ငယ်ကြား' ကြရပါသည်။

ပုံဝတ္ထုတွေ ပါသည်။ မေမေတို့ကိုယ်တိုင် ကြုံခဲ့ဖူးသော ရှေးဟောင်းနှောင်းဖြစ် ဘဝအတွေ့အကြုံတွေ ပါသည်။ ဘိုးဘွားဘီဘင်က အဆင့်ဆင့်ပြောလာခဲ့သော မှတ်သားဖူးသမျှ စကားတွေ ပါသည်။ သမိုင်းအဖြစ်အပျက်တွေ ပါသည်။ လက်ရှိတွေ့ကြုံရသော ပြဿနာကိစ္စရပ်တွေကို ဖြေရှင်းခဲ့ရပုံတွေ ပါသည်။ ကျောင်းက သင်ယူခဲ့ရတာတွေ အစ်ကို အစ်မတွေက ပြန်ပြောပြတာတွေ ပါသည်။ ကျွန်မတို့၏ အသိပညာ ဗဟုသုတ ဖလှယ်ရာတွင် ဖြန့်ဝေသူနှင့် နာခံသူတို့သည် အမျိုးမျိုး ပြောင်းလဲတတ်ပါသည်။

တစ်ခါတစ်ခါ ဖေဖေက တရားစာတွေ ရှင်းလင်းပြ၊ သုတ္တန်ဒေသနာလာ ပုံဝတ္ထုတွေ ပြောပြလျှင် မေမေနှင့် ကျွန်မတို့က နားထောင် နာယူသူ။ မေမေပြောသော လူ့ဘဝ လူ့အကြောင်း အဖြစ်သနစ်တွေ၊ ဝတ္ထုတွေထဲက ဇာတ်ကောင်၏ သရုပ်သကန်ကို ဖွဲ့နွဲ့ပြောပြရင်း ဝေဖန်သုံးသပ်မှုတွေပြုပေးနေချိန်မှာ ဖေဖေနှင့် ကျွန်မတို့က မေမေ့ ပရိသတ်။ နှစ်ယောက်အတူကြုံခဲ့ကြရသော ရှေးဟောင်းနှောင်းဖြစ် ဘဝအတွေ့အကြုံတွေအကြောင်း

ပြောပြရမှာတော့ ဖေဖေနှင့် မေမေက တစ်ဦးကိုတစ်ဦး ဖြည့်စွက်၊ ဝင်ထောက်ကာ အတူပြောတတ်ကြသည်။ အစ်ကိုတွေ အစ်မတွေက သူတို့ကျောင်းစာအုပ်ထဲက သင်ရသော ရှိတ်စပီးယားပုံပြင်တွေ၊ ဦးဖိုးကျား၊ သိပ္ပံမောင်ဝတို့၏ စာတွေ၊ ကျောင်းပြဋ္ဌာန်းစာအုပ် ပင်ရင်းစကားပြေ လက်ရွေးစင်ပါ စာကောင်းပေမွန်တွေ၊ ပြင်ပက သူတို့ ဖတ်ထားသော စုံထောက်ဝတ္ထုတွေ၊ ဘာသာပြန်ဝတ္ထုတွေအကြောင်း ပြောပြလျှင် ကျန်သူများက စိတ်ဝင်တစား နားထောင်တတ်ကြသည်။

မေမေ ပြောပြသော စစ်ကိုင်းဦးဘိုးသင်း၏ ဖာတစ်လုံး ခေါင်းကျားကို အဲသည်မှာ ကျွန်မ ကြားခဲ့ရသည်။ ဘုရင့်သားတော်က ဘဝထဲက ပညာရှာရန် ခေါင်းကို ကွက်ကြားရိတ်၊ ဖာတစ်လုံးနှင့် စောင်းကိုယူပြီး အရှူးဟန်ဆောင်ကာ တိုင်းပြည်အနှံ့ လှည့်လည်လေ့လာခဲ့ကြောင်း၊ ကျေးဇူးကန်းတတ်သော ကျေးကျွန်တို့၏သဘော၊ ကျေးဇူးသိတတ်သော ကျေးကျွန်ကောင်း၏သဘော၊ ကျေးကျွန်စစ် ကျေးကျွန်တု၊ မိတ်ဆွေစစ် မိတ်ဆွေတု၊ သစ္စာရှိပြီး မြတ်နိုးအပ်သော ဇနီး၊ သစ္စာမဲ့သော ချစ်သူ စသည်တို့ကို သိလာရကြောင်း၊ ပညာဟူသည် လောက လူ့ဘဝအတွေ့အကြုံထဲမှ ထုတ်နုတ် ရှာဖွေအပ်ကြောင်း စသည်ဖြင့် ပြောကာ အင်မတန် ဖတ်ကောင်းသောဝတ္ထုဟု မေမေက ညွှန်းပါသည်။ ထိုစာအုပ်သည် ကျောင်းပြဋ္ဌာန်းစာအုပ်လည်း ဖြစ်ဖူးသည်။

ကိုယ့်မြို့စွဲနှင့် ဖတ်ကြရသော စာအုပ်များလည်း ရှိသည်။ မေမေက ကောင်းနိုးရာရာ ဇာတ်ဝင်ခန်းကလေးတွေ ပြောပြလျက် ဇာတ်လမ်းအကျဉ်းကို ပြောပြတတ်သည့်အခါ စာအုပ်ရှိလျှင် ကိုယ်တိုင် ယူဖတ်ကြလေသည်။ တင်မြင့်အောင်၏ ရေနံ့သာဦး၊ မောင်သိန်းဆိုင်၏ ရေနံ့သာ ခင်ခင်ကြီး၊ တက္ကသိုလ်ဘုန်းနိုင်၏ ကမ္ဘာကုန်ကျယ်သရွေ့ဝယ် ... တို့ ဖြစ်၏။ ကျွန်မအနှစ်သက်ဆုံး အစွဲလမ်းဆုံးမှာ ကမ္ဘာကုန်ကျယ်သရွေ့ဝယ် ဖြစ်သည်။ ကလေးမို့ ကလေးဇာတ်လိုက်ပါသော ဇာတ်လမ်းများကို ကျွန်မ ပို၍ ခံစားနှစ်သက်တတ်ခဲ့သည်။

တက္ကသိုလ်ဘုန်းနိုင်ကတော့ မေမေ့အသည်းစွဲ စာရေးဆရာ ဖြစ်သည်။ ကျွန်မတို့တစ်အိမ်လုံး၏ အသည်းစွဲလည်း ဖြစ်ပါသည်။ သူ့ကျွန်

မခံပြီက ရာဇဝင်ဝတ္ထု ဖြစ်သည်။ ကမ္ဘာကုန်ကျယ်သရွေ့ဝယ်နှင့် သူငယ်ချင်း လို့ပဲ ဆက်၍ခေါ်မည် ခိုင် ... တို့ကို အတွဲတွေနှင့် ဖတ်ရသည်။ မျက်နှာဖုံး ပန်းချီကိုပါ စွဲလမ်းခဲ့ရပါသည်။ နွေကန္တာဦး၊ ဝသန်လေ ချိန်မှန်ကူး ... တို့ ကို စွဲလမ်းစွာ ဖတ်ရသည်။ နုနုငယ်နှင့် နှင်းငွေ၊ ဘခက်နှင့် ညွန့်မေ တို့ သာမက ဒေါ်ငြိမ်းသာကိုပါ မျက်စိထဲ မြင်ယောင်နေခဲ့၏။ ဇာတ်ကောင် အဖွဲ့ သဘာဝအဖွဲ့၊ လူ့စိတ်လူ့စရိုက်နှင့် မြတ်နိုးစံထားအပ်သော စံပြ စိတ်နေစိတ်ထားအဖွဲ့များဖြင့် ဖတ်ရသူကို ဘဝင်ကျစေနိုင်သူ တက္ကသိုလ် ဘုန်းနိုင်၏ စာအုပ်များကို မေမေသည် နှစ်သက်စွာလည်း ဖတ်သည်။ ညွှန်းဆိုခြင်းလည်း ပြုသည်။ အားကျ အတုယူရန်လည်း တိုက်တွန်းတတ် သည်။ ဆရာ့ဇာတ်ကောင်များသည် ပညာလိုလားသူ၊ ဆင်းရဲသော်လည်း မာနရှိသူ၊ ကြိုးစားသူ၊ ပညာတတ်တွေဖြစ်ကာ ဘဝအခြေအနေ မြှင့်တင် သွားနိုင်သူတွေ ဖြစ်သည်။ မေမေသည် ဆင်းရဲသော်လည်း ဘဝကို ကြိုး စား ပညာရှာဖွေရင်း ဘဝအခြေအနေ မြင့်မားလာအောင် အားထုတ်ခဲ့သူ ဇာတ်ကောင်တို့ကို အားကျအောင် ရည်ညွှန်းပြောဆိုရာ၌ ဆရာဘုန်းနိုင် ၏စာအုပ်တွေကို ကိုးကားပြောဆိုခဲ့ပါသည်။

မေမေသည် မဝင်းမြင့်၊ မလေးလုံ၊ ဒဂုန်ခင်ခင်လေး၊ စိန်စိန်၊ ဂျာနယ် ကျော် မမလေး၊ ခင်နှင်းယု၊ ခင်ဆွေဦး စသည့် အမျိုးသမီး စာရေး ဆရာ များ၏ စာအုပ်များကို နှစ်သက်တတ်သည်။ မေမေသည် ဂျာနယ်ကျော် မမလေး၊ ခင်နှင်းယုတို့၏ စာအုပ်များစွာကို တော်တော်လေး နှစ်သက်ခဲ့ သည်။ ထွက်သမျှ စာအုပ်တိုင်းလောက်နီးပါး မေမေ ဝယ်ယူစု ဆောင်းခဲ့ ဖူးသည်။ မေမေက ထိုစာရေးဆရာမ နှစ်ယောက်ကို စာရေးကောင်းသည်၊ သဘာဝကျကျ ရေးတတ်သည်၊ ဇာတ်ကောင်တွေသည် အပြင်က တကယ့် လူတွေပမာ ခံစားရတတ်သည်ဟု ဆိုတတ်ပါသည်။ ပြီးတော့လည်း သူတို့ စာတွေ ဖတ်ရတာ ဘဝအသိအမြင်တွေ တိုးစေသည်။ လောကအကြောင်း၊ လူ့အကြောင်းကို ဆင်ခြင်စဉ်းစားတတ်စေသည်ဟု လည်း မေမေက ညွှန်း တတ်ပါသည်။ သမီးကြီး အရွယ်ရောက်ပြီးနောက် ဝယ်ယူစုဆောင်းခဲ့သော ခင်ဆွေဦးဝတ္ထု များစွာကိုလည်း မေမေ နှစ်သက်ခဲ့သည်။ ကျွန်မတို့ အငယ် တွေကိုပါ ဖတ်စေခဲ့သော စာအုပ်များ ဖြစ်ပါသည်။ ရိုးသား၍ စိတ်ထား

တည်ကြည်ဖြူစင်ပြီး ဘဝသတ္တိကောင်းသော မပျော့ညံ့သော မိန်းကလေး ဇာတ်လိုက်ကို အားကျခဲ့ရသည်။

တို့တိုင်းဌာနီ၊ အင်ကြင်းရဂုံ၊ နေခြည်ဖြာတော့ နွေးလိမ့်မည်၊ တေးသီလို့ ဖွဲ့မယ် စသည့် များစွာသော စာအုပ်တွေကို မေမေနှင့် ကျွန်မတို့ ညီမတစ်တွေ အတူဖတ်ခဲ့ကြပါသည်။

မေမေ့မှာ စာအုပ်လက်ဝယ်မရှိတော့သည့် စာအုပ်အကြောင်းတွေကို ပြောပြလေတိုင်း နောင်အခါ ပြန်လည်ရှာဖွေဝယ်ယူ၍ ဖတ်ရန် ... ဟူသည့် စာအုပ်စာရင်းတစ်ခု ထွက်လာပါသည်။ သိန်းဖေမြင့်၏ သပိတ်မှောက်ကျောင်းသား၊ အရှေ့က နေဝန်းထွက်သည့်ပမာ။ ဇော်ဂျီ၏ မဟာဆန်ချင်သူ ပြဇာတ်၊ သခင်ဘသောင်း၏ ပန်းသာမစာဥ၊ ဆရာဝန်ပါပဲ၊ တိုင်းပြည့်ရန်သူ ပြဇာတ်၊ တစ်ထောင့်တစ်ည ပုံပြင်များ။ စိန်စိန်၏ ခရီးဝက်ပါ၊ ရွှေလင်းယုန်၏ သူ၊ ဇေယျ၏ မြတ်လေးရွှေစားဗိုလ် စသည်တို့မှာ ပျောက်ဆုံးစာရင်းထဲမှာ ရှိလေသည်။

မေမေသည် မူဝံ၏ ရာဇဝင်စွန့်စားခန်း ဝတ္ထုများကိုလည်း နှစ်သက်သည်။ အထူးသဖြင့် 'မာလာ'ကို တော်တော် သဘောကျသည်။ စံပယ်၊ လုံမလေး၊ ရွက်ပုန်းသီး၊ လက်ပါးစေ စသည့် လက်လေးငါးလုံးခန့် ထူသော စာအုပ်ကြီးတွေသည် ထူသော်လည်း ဖတ်ရတာ ရှင်းလင်းလွယ်ကူသည်။ 'ကိုးသချိုင်းသံမား'ကမူ ပျောက်သွားသည်ဖြစ်၍ နာမည်သာ ကျွန်မ ကြားခဲ့ဖူးပါသည်။ မြတ်လေးရွှေစားဗိုလ် ဝတ္ထုကိုလည်း မေမေ တမ်းတမ်းတတ ရှိလှသည်။ ဆရာကြီး ဇေယျက မှီးရေးခဲ့သည်ဆိုသော်လည်း မူရင်း စာရေးဆရာမကြီးထံမှ အားလုံးယူခဲ့သည် မဟုတ်။ မြန်မာဆန်ဆန် ဇာတ်ကောင်စရိုက်၊ ဇာတ်လမ်းနောက်ခံ သမိုင်းဖြစ်ရပ်များအဖြစ် သရုပ်ပေါ်အောင် ပင်ပန်းစွာ ကြိုးစားအားထုတ်ခဲ့ရသည်ဟု ကြီးလာမှ သိရသည်။ ဟိုစဉ်ကတော့ မေမေကလည်း စွဲမက်အားကျဖွယ် ဇာတ်လမ်းနှင့် သူရဲကောင်းလူစွန့်စား မြတ်လေးရွှေစားဗိုလ်ကို မြန်မာဝတ္ထုအဖြစ်သာ ပြန်ပြောခဲ့ပါသည်။

မေမေသည် ဦးလတ်၏ ရွှေပြည်စိုး၊ စံပယ်ပင် ဝတ္ထုများကို နှစ်သက်စွာ ဖတ်ခဲ့သလို ဂျိမ်းလှကျော်၏ မောင်ရင်မောင် မမယ်မကိုလည်း နှစ်

သက်စွာ ဖတ်ခဲ့သည်။ ထိုစာအုပ်များသည် ဟိုယခင်က ကျောင်းသုံးပြဋ္ဌာန်း စာအုပ်များလည်း ဖြစ်ခဲ့သည်။ မေမေသည် စွန့်စားခန်း၊ စုံထောက် လျှို့ဝှက်သည်းဖို ဇာတ်လမ်းများကိုလည်း နှစ်သက်သည်။ ခင်နှင်းယု၏ ဖေဖေ၊ မွေး၊ အတွတ်ရေ ...၊ မဟာသာကီ၊ ပန်းများကို ပွင့်စေသူ စသည်ဖြင့် နှစ်သက်လာခဲ့သော၊ ဂျာနယ်ကျော်မမလေး၏ သူမ၊ သူလိုလူ၊ ရင်နင့်အောင် မွေး၊ စိတ်၊ မုန်း၍မဟူ စသည်တို့ကို စွဲမက်လာခဲ့ သော မေမေသည် ရွှေဥဒေါင်း၏ စုံထောက်မောင်စံရှားကိုလည်း နှစ်သက်တတ်ပါသည်။ စာအရေးကောင်းသည့်အပြင် စုံစမ်းထောက်လှမ်းပုံ၊ ဆင်ခြင်တွေးတောပုံ တွေသည် အတုယူစရာ ဗဟုသုတပါ ရသည်ဟု ဆိုခဲ့သည်။ ဇန်းမော် တင်အောင်၏ ဘာသာပြန် သေလျှင် မြေကြီး ကိုလည်း ကျွန်မ ဖတ်ခဲ့ရ သည်။ မေမေ အစပျိုးပေးခဲ့သဖြင့် ရာဇဝင်စွန့်စားခန်း၊ စုံထောက်၊ စွန့်စား ခန်း တိုက်ပွဲများပါသော ဇာတ်လမ်းများကိုပါ ကျွန်မ နှစ်သက်တတ်ခဲ့သည်။

ကိုကို၏ ခရုအိမ်ကို အမျိုးဝတ္ထုမှန်း ကျွန်မတို့ မသိခဲ့ရ။ ဇာတ်လမ်း ထဲက အဓိကဇာတ်ကောင် သစ်သစ်ကို မစွဲလမ်းဘဲ ငြိမ်းငြိမ်းကို ပိုသဘော ကျခဲ့တာ မှတ်မိသည်။ ရုတ်တရက် ပေါ်လာပြီး ပျောက်သွားတတ်သော အမာကို စိတ်ဝင်စားခဲ့သည်။

ထိုခေတ်က အမျိုးဝတ္ထုတွေ များစွာထွက်ရှိခဲ့သည်တွင် ဆရာကြီး ရွှေဥဒေါင်း၊ ဆရာကြီး ဇေယျတို့ကဲ့သို့ မြန်မာ့စိတ်၊ မြန်မာ့နား၊ မြန်မာ့ ယဉ် ကျေးမှုနှင့်ကိုက်ညီအောင် ကြိုးစားရေးဖွဲ့ခဲ့ကြသည့် စာများသည် မြန်မာ ဝတ္ထုဟုသာ ခံစားခဲ့ရပေသည်။

မေမေသည် ဖတ်ကောင်းဖတ်ရာ စာအုပ်များကို ပြန်လည်ပြောပြ နှီးဆွဲညှိနှိုင်းဆိုခဲ့သောကြောင့် ကျွန်မတို့သည် ထိုထိုသော စာအုပ်များကို ဖတ်လိုစိတ် ပြင်းပြခဲ့သည်။ မရှိသောစာအုပ်များ ဖြစ်နေလျှင် တစ်ချိန်ချိန် မှာ ရှာဖွေဖတ်ရှုရန် တောင့်တခဲ့ရသည်။ မေမေက စာအုပ်များနှင့် မိတ် ဆက်ပေးပြီး ကျွန်မတို့ကို စာ၏အရသာကို သိစေ ခံစားတတ်စေခဲ့ပြီးသည့် နောက်တွင် ကျွန်မတို့သည် ရှိရှိသမျှ စာအုပ်များကို ဖတ်ဖို့ စိတ်အားထက် သန်နေကြတော့သည်။

မေမေက စတင်ပေးခဲ့သော စာပေဖတ်ရှု မွေ့ပျော်လိုစိတ်သည်

အစ်ကို အစ်မတွေ အရွယ်ရောက်လာသည့်အခါ တစ်ဦးကိုတစ်ဦး ထပ်ဆင့်ညွှန်ပြပေးခဲ့ကြသဖြင့် ကျွန်မတို့သည် ပို၍ စာအမျိုးအစားစုံအောင် ဖတ်ဖြစ်လာခဲ့သည်။ တက္ကသိုလ်တွေ၊ ကောလိပ်တွေက ပြန်လာသော အစ်ကိုအစ်မတွေထံမှ စာအုပ်အသစ်တွေ ကျွန်မ ဖတ်ရှုခဲ့ရသည်။ အစ်ကို့ကြောင့် စုံထောက်၊ ဘာသာပြန်ဝတ္ထု၊ လျှို့ဝှက်သည်းဖိုဝတ္ထုတွေ ဖတ်ဖြစ်ကြသည်။ ထိုအချိန်က ဘာသာပြန်ဝတ္ထုတွေ အင်နှင့်အားနှင့် ထွက်ရှိခဲ့ရာ ကျွန်မတို့သည် စာအုပ်အငှားဆိုင်ကို နေ့စဉ်သွားပြီး ငှားရမ်းဖတ်ရှုခဲ့ကြပါသည်။ စာအုပ်ငှားရမ်းခအတွက် ငွေကုန်ရခြင်းကို ဖေဖေက အပြစ်မပြောခဲ့ပါ။

ထိုအချိန်က ဆွဲဆောင်မှုကောင်းသော ဇာတ်လမ်းအချိတ်အဆက်များနှင့် ဝတ္ထုများကို များစွာဖတ်ခဲ့သော်လည်း ထူးခြားသော ဝတ္ထုဘာသာပြန်တစ်ပုဒ် ဖတ်ခဲ့ရပုံကို ခုထိ မှတ်မိနေခဲ့သည်။ မောင်သက်နောင်၏ အိပ်မက် အကျဉ်းသမားများ ဖြစ်သည်။ ထိုစာအုပ်ကိုဖတ်ရင်း ကြောက်လာသည်နှင့် ညီအစ်မနှစ်ယောက် အတူကပ်ကာ ဖတ်ရသည်။ ညအိပ်ချိန်ရောက်သော်လည်း မအိပ်ဝံ့ဘဲ အိပ်မက်မက်ပြီး သေစေခဲ့သည့် ဝတ္ထုဇာတ်လမ်းက စိတ်ကို ခြောက်လှန့်နေခဲ့ပါသည်။

အစ်မကြီးကတော့ ခင်နှင်းယု၊ ခင်ဆွေဦး၊ ယုဝတီကြည်ဝေ၊ တက္ကသိုလ်မြစိမ်း ... တို့ကို စွဲစွဲလမ်းလမ်း ဖတ်ခဲ့သည်။ မေမေသည်လည်း သမီးများ နှစ်သက်ရာစာအုပ်တွေကို အတူဖတ်ခဲ့၏။ တင့်တယ်၊ အောင်လင်းတို့၏ ဝတ္ထုများ စွဲမက်စွာ ဖတ်ကြရင်း ထူးဆန်းသည်ဟု ကျွန်မ ခံစားခဲ့ရသော ဝတ္ထုတစ်ပုဒ်ကို မေမေနှင့် အစ်မတွေက ပေးဖတ်ခဲ့သည်။ သိန်းသန်းထွန်း၏ ဘယ်ပန်းချီ ရေးလို့မမီ ဖြစ်ပါသည်။ သား၏ ဖခင်အပေါ်ထားသော မေတ္တာအဖွဲ့အဖြစ် ညွှန်းဆိုခဲ့သည့်ဝတ္ထု ဖြစ်သည်။ ကလေးသာသာအရွယ်ဖြစ်၍ စာရေးသားပုံ အနုပညာမြောက်သော စိတ်ခံစားမှုတွေ ရေးဖွဲ့သွားပုံတွေ ထိုစဉ်က ကျွန်မ မသိခဲ့ပါ။ သီချင်းကိုလည်း နောက်တော့ အစ်ကိုက သီဆိုပြခဲ့ပါသေးသည်။ ကမ္ဘာကုန်ကျယ်သရွေ့ ဝယ်၊ သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင် ဝတ္ထုများ၏ သီချင်းများကိုပါ စွဲလမ်းစွာ သီဆိုခဲ့ကြသော ကျွန်မတို့သည် ဘယ်ပန်းချီ ရေးလို့မမီကိုလည်း ဆိုညည်းခဲ့ပါသည်။

ကျွန်မသည် အငယ်ဆုံးဘဝမှာ မေမေ့စာအုပ်၊ ဖေဖေ့စာအုပ်၊ အစ်ကို အစ်မတွေ ညွှန်းသော စာအုပ်များကို ရောပြွမ်းကာ ဖတ်မိခဲ့သည်။ ကိုယ့်အရွယ်နှင့် မတန်သေးသော စာမျိုးကိုလည်း ဖတ်မိသည်။ အရေးအသား ရှေးဆန်သော စာအုပ်များကို ရှောင်ဖတ်၏။ မေမေ ပုံပြောသလို ပြောပြခဲ့၍ ယူဖတ်ကြည့်သည့်အခါ ခေါင်းတွေ မူးဝေအောင် ကြိုးစားဖတ်ခဲ့သော စာအုပ်တစ်အုပ်ကို မှတ်မိသည်။ မမပိုက်၏ ကျောင်းသုံးစာအုပ်ဖြစ်သော ငွေမင်တို့ဖြင့် ပန်းချီရေးထားသော အဖုံးကလေးနှင့် ဆရာတော်မင်းဘူး ဦးဩဘာသ၏ ဝေဿန္တရာဇာတ်တော် ဖြစ်၏။ ကဏှာဇိန်နှင့် ဇာလီ တို့မောင်နှမ ကြာဖက်တွေအောက် ပုန်းနေကြပုံတွေ၊ ဇူဇကာပုဏ္ဏားဆိုးယုတ်ပုံတွေ အစရှိသည်တို့က ဆွဲဆောင်လှသဖြင့် ဖတ်ကြည့်မိခြင်း ဖြစ် လေသည်။

ကျွန်မနှင့် သင့်လျော်သော အန်းဒါးဆင်းပုံဝတ္ထု၊ အီစွပ်ပုံပြင်၊ နုယဉ်၏ ပုံပြင်များ၊ လူထုဦးလှ၏ တိုင်းရင်းသားရိုးရာပုံပြင်များ၊ ကလေးရှုမဝထဲက ပုံပြင်များ၊ ကာတွန်းများ၊ တက္ကသိုလ်မောင်အောင်ဆွေ၏ ပေတိုးဇာတ်ကောင်ပါ ကလေးစာအုပ်၊ ခင်မျိုးချစ် ဘာသာပြန် ကလေးစာအုပ် တို့လူလေးများ ဆိုသလေး၊ ဂယက်နီ၏ လူဝကြီးနှင့် သူရဲကောင်းသုံးယောက် စသော ပုံပြင်များကို ဖတ်ခဲ့၏။ တစ်ဖက်ကလည်း လူကြီးတွေ ပြောပြသည်ကို ဆက်ဖတ်လိုစိတ်တွေ ဖြစ်ပေါ်နေ၏။ စာအုပ်ထူထူ၊ စာခက်ခက်တွေကို ကျွန်မ မဖတ်နိုင်၊ ဖတ်ရမှာ လန့်နေခဲ့သည်။ ကိုယ်နှင့်မဆိုင်သော စာတွေ သွားသွားဖတ်ကြည့်မိ၍ စာလန့်ခြင်း ဖြစ်သော်လည်း စိတ်မကုန်နိုင်ပါ။

စာရေးဆရာဖြစ်ရန် ရည်မှန်းချက်ရှိသူ အစ်မလတ် မမဝင်းကတော့ ကျွန်မကို သူ ဖတ်ရှုသမျှ စာအုပ်အားလုံး မျှဝေခံစားခိုင်းခဲ့သူ ဖြစ်သည်။ မေမေ အစပျိုးပေးခဲ့သော စာပေမွေ့လျော်စိတ်ကို ပိုမိုမြင့်မား သန်စွမ်းလာအောင် သူက ထပ်ဆင့် ပျိုးထောင်ပေးခဲ့ပါသည်။ အသက်ငါးနှစ် ငယ်သောကျွန်မကို သူနှင့်ထပ်တူ စာဖတ်လာဖို့ တိုက်တွန်းခဲ့သူ၊ ဆွဲဆောင် စည်းရုံးသိမ်းသွင်းခဲ့သူဖြစ်ရာ ကျွန်မသည် သူနှင့် စာဖတ်ဝါသနာ အကြိုက်တူသော သူ့ကိုယ်ပွားပမာ ဖြစ်ခဲ့ရသည်။ ပုံပြင်တွေ၊ ရုပ်ပြတွေ၊ ကလေးစာအုပ်တွေပဲ

ဖတ်တတ်နေသေးသည့် ကျွန်မကို စာအုပ်ကြီးတွေ ဖတ်လာအောင် သူပဲ တိုက်တွန်းခဲ့သည်။ အလုပ်မအားကြသော အစ်မများနှင့် မေမေတို့ကို စာဖတ်ပြဖို့ ပြောပြဖို့ တကျည်ကျည် တောင်းဆိုခဲ့စဉ် ကိုယ်တိုင် ဖတ်ကြည့်ဖို့ တိုက်တွန်းခဲ့သည်။ ပြီးတော့ စာအုပ်ကို ရွေးပေးသူမှာလည်း မမဝင်းသာ ဖြစ်၏။ သူ့အပြောက ...

'ငါ လေးတန်းမှာ ဝတ္ထုစဖတ်ခဲ့တာ ဒီစာအုပ်ပဲ။ ဒီတော့ နင်လည်း လေးတန်းရောက်ပြီ ကိုယ်တိုင်ဖတ်ကြည့် ...' တဲ့။

ထိုအပြောနှင့် လူကြီး လက်လေးလုံး ငါးလုံးခန့်ပင်ထူသော ခူဝိ၏ မာလာ ဝတ္ထုရှည်ကြီးကို ကျွန်မ စတင်ဖတ်ခဲ့ပါသည်။ ရက်ပေါင်းများစွာ ကြာအောင် ဖတ်ရပါသည်။ ဖတ်ရင်းနှင့် စာဖတ်လည်း ပိုသွားလာပြီး၊ စာကို ကိုယ်တိုင်ဖတ်ရသော အရသာကို ပိုခုံမင်သွားခဲ့သည်။ ထိုအချိန်က စ၍ စာရွက်ထူသည်၊ ပါးသည် မညည်းညူတော့ဘဲ စာကို ဖတ်တတ်လာသည်။ ကျွန်မနှင့် ကိုက်ညီမည့် စာအုပ်ကို မေမေနှင့် အစ်မများက ရွေးကာ ပေးခဲ့ပါသည်။

ကျွန်မ ငယ်ငယ်က တစ်ခါတစ်ခါ မေမေ စိတ်ဝင်တစား ဖတ်နေသော စာအုပ်ကို လှမ်းကြည့်မိသောအခါ ကျွန်မ အံ့အားသင့်သွားပါသည်။

'မေမေ ... အဲဒါ မမ ကျောင်းစာအုပ်ကြီး မဟုတ်လား။ ဘာလို့ ဖတ်နေတာလဲ ...'

'ဖတ်လို့ကောင်းတယ် သမီးရဲ့။ ပညာလည်း ရတယ်၊ စိတ်ဝင်စားစရာလည်း ကောင်းတယ်'

မေမေ ဖတ်နေသော စာအုပ်မှာ အထက်တန်း ပင်ရင်းစကားပြေ လက်ရွေးစင်စာအုပ် ဖြစ်သည်။ ထိုသို့ပင် မေမေသည် မမတို့ ကျောင်းပြဋ္ဌာန်း စာအုပ်တွေကို မကြာမကြာ ဖတ်နေတာ ကျွန်မ တွေ့ရတတ်သည်။ မေမေသည် ပညာကို မက်မောပါလျက် ပညာဆက်သင်ခွင့် မရခဲ့သူဖြစ်ရာ မေမေ့ရဲ့ ပညာကို ငတ်မွတ်စိတ်သည် စာပေဗဟုသုတတွေကို နှစ်သက်မြတ်နိုးစွာ လေ့လာလိုက်စားလိုစိတ်အဖြစ် ပြောင်းလဲခဲ့သည် ထင်ပါသည်။ တကယ်တော့ မေမေသည် တစ်သက်တာ ပညာရှာဖွေနေသော ကျောင်းသားတစ်ဦးလည်း ဖြစ်သည်။ မေမေ့စိတ် မေမေ့ဘဝကို နားမလည် မစာနာ

တတ်ခဲ့စဉ်က 'ပညာသင်ရတာ ပျင်းစရာကြီး၊ ပင်ပန်းက ပင်ပန်းနဲ့။ မေမေမို့လို့ ခုထိ သားသမီးတွေ စာကိုတောင် လိုက်မှတ် လိုက်ဖတ်နေချင်တယ်။ အံ့ပါရဲ့' ဟု ထင်ခဲ့၏။ ပြောခဲ့၏။

သို့ပေမဲ့ ကျွန်မတို့ အငယ်တွေမှာ ကျောင်းစာကို ကျက်မှတ်ကာ အလွတ် စာပြန်ရွတ်ရင်း မေ့မေ့သွားတတ်လျှင် ထိုစာကို မေမေက အလွတ် ဝင်ထောက်ပေးနိုင်သည်။ နားမလည်သည်များကို သင်ပြ ရှင်းပြပေးတတ်ခဲ့သေးသည်။

'မေမေ ဒါတွေ ဘယ်လိုလုပ် သိနေတာလဲ ...' မေးလျှင်တော့ မေမေက ခပ်ဖျော့ဖျော့ အပြုံးလေးနှင့် ...

'ညည်းအစ်မတွေ၊ အစ်ကိုတွေ ကျက်မှတ်လာတာ ကြားနေတော့ မေမေလည်း ရရောပေါ့ ...'ဟုသာ ဖြေတတ်ပါသည်။ ခုခါ တွေးမိတော့ ပညာငတ်မွတ်သော မေမေ့ကို သနားကရုဏာသက်ရပါသည်။

စာကျက်ဖို့ ပျင်းတတ်သူ၊ ကြိုးစားအားထုတ်မှု ဇွဲလျော့ချင်သူ ကျွန်မကို ကြိုးစားဖို့ လုံ့လရှိဖို့ မေမေက အမြဲပင် အားပေး ဖျောင်းဖျတတ်ပါသည်။ စည်းရုံး သိမ်းသွင်းတတ်ပါသည်။ 'ပင်ပင်ပန်းပန်း ရှာဖွေလုပ်ကိုင်မစားသောက်ရအောင်၊ ရာထူးဌာနန္တရတွေနဲ့ ပညာတတ်ကြီးဘဝနဲ့ ငြိမ်းငြိမ်းချမ်းချမ်း သက်သက်သာသာနေနိုင်အောင် ငယ်ကတိုင် ကြိုးစား ...' ဟု အမြဲပြောလေ့ ရှိပါသည်။ မေမေ့ အားပေးစကားတွေ၊ ထကြွလုံ့လရှိရန် နှိုးဆော်တိုက်တွန်း စကားတွေကြောင့်သာ ... ကျွန်မတစ်ယောက် အတန်းပညာတွေ အောင်လာခဲ့ခြင်း ဖြစ်သည်။

မေမေက ရှေ့က စိတ်ပါဝင်စားစွာ ဖတ်ရှုရင်း ပြန်လည်ပြောပြတတ်သောကြောင့် ကျောင်းစာအုပ်တွေသည်လည်း ကျွန်မအတွက် ဖတ်ကောင်းဖတ်ရာ စာအဖြစ် ပြောင်းသွားရပါတော့သည်။ ရှေ့နှစ် သင်ရမည့် မြန်မာဖတ်စာ၊ ကဗျာ၊ သမိုင်းသင်ရိုးစာများကို အတန်းမတက်မီ နွေရာသီမှာပင် အပြီးဖတ်ကျင့်ရလာသည်။ ကိုယ် သင်ရမည့်သင်ရိုးမှာ မပါသော်လည်း ပြဋ္ဌာန်းစာအုပ်ပါ စာပုဒ်အားလုံးကို စိတ်ဝင်စားခြင်းကြောင့်ပင် ဖတ်ဖြစ်ခဲ့ပါတော့သည်။

ဦးဖိုးကျား၏ မြန်မာ့ဂုဏ်ရည်၊ ခေတ်မီ မြန်မာရာဇဝင်၊ ငါးရာ့

ငါးဆယ် ကောက်နုတ်ချက်၊ ကိုယ်တွေ့ဝတ္ထုများ၊ အလောင်းတော် ကဿဖ၊ ဦးကြင်ဥ၏ ပါပဟိန်ပြဇာတ်၊ ဒေဝကုမ္မန်ပြဇာတ်၊ ဦးပုည၏ ရေသည်ပြဇာတ်၊ ဝိဇယပြဇာတ်၊ ကဗျာယဥ်စာယဉ်၊ ကဗျာ့ပန်းကုံးနှင့် အဖြေစုံ၊ ကံ့ကော်မြိုင်စာတမ်း ... စသည်ဖြင့် ကျောင်းသင် ပြဋ္ဌာန်းစာများကိုလည်း မေမေက ဖတ်ရှုပါသည်။ ဖတ်၍ပြီးသောစာ၏ ကောင်းပုံကောင်းကြောင်းတွေကို ကျွန်မတို့အား တစ်ဆင့်ပြန်လည် ပြောပြတတ်ပါသည်။ ထို့ကြောင့် ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများမှ မယ်မျှင်တို့၊ မင်းကတော်တို့၊ အခမဲ့ ကူလီထမ်းခြင်းတို့ကို ကျောင်းစာအဖြစ် မသင်ရသေးမီမှာပင် ရင်းနှီးနေခဲ့ရသည်။ ဦးလတ်၏ စံပယ်ပင်၊ ရွှေပြည်စိုးတို့ကို မေမေ ပြောပြခဲ့စဥ်က ကျွန်မက ဖတ်မကြည့်နိုင်ခဲ့ပေ။ ကျောင်းသုံးစာအုပ်တွင် ကောက်နုတ်ချက်အဖြစ် ပါလာသော ဝတ်လုံတော်ရ မောင်သောင်းဖေအကြောင်းကိုမူ စိတ်ဝင်စား၏။ နှစ်သက်၏။ ထိုအခါမှ မူရင်းစာအုပ်ကို ပြန်ရှာဖတ်ခဲ့ရပါသည်။ ဇာတ်လိုက်များထက် ကျွန်မသည် အရန်ဇာတ်ကောင်များကို ဖွဲ့သော အဖွဲ့တွေ၏ ပီပြင်မှုကြောင့် ဦးရာကျော်တို့ သားအဖကို စွဲလမ်းခဲ့ရသည်။

တစ်ခါတစ်ရံ ဖွယ်ဖွယ်ရာရာဟင်းချို မချက်ဖြစ်သောနေ့ မေမေက မှန်ဟင်းချိုဟု ခေါ်တတ်သော ရေနွေးဆူဆူမှာ ပုစွန်ခြောက်မှုန့်ကလေး ပါလေကာ၊ နံနံပင်၊ ငရုတ်ကောင်းမှုန့်လေး ဆားလေးခပ်ပြီး လုပ်ထားသည့် ဟင်းချိုကိုကြည့်ကာ ညီအစ်မတစ်တွေ ရယ်စရာပြောမိကြသည်။

'မေမေ့ဟင်းချိုကလည်း ဘာမှ မပါဘူး'

'ဟဲ့ ... ဦးရာကျော်က ပြောထားတယ်လေ ဟင်းချိုဆိုတာ ပူရင် ချိုတာပဲတဲ့။ ကဲ ... သောက်'

ကျွန်မတို့ ထမင်းဝိုင်းတွင် ဦးလတ်၏ ဦးရာကျော်တို့ သားအဖကြောင့် ဟင်းချေးမများဘဲ စားခဲ့ကြဖူးပါသည်။

ကျွန်မတို့ ဖတ်ထားသော စာအုပ်စာပေတွေထဲက လောကသဘာဝ၊ လူ့သဘာဝတွေအကြောင်း၊ ဇာတ်ကောင်အသီးသီး၏ စိတ်နေစိတ်ထား၊ စာရေးဆရာ၏ ရေးပုံဖွဲ့ပုံ သရုပ်ဖော်ထားပုံတွေကိုပါ ဝေဖန်ဆန်းစစ်မိသမျှ အချင်းချင်း ပြောကြဆိုကြသည်။ မဖတ်ရသေးသူကို ထိုစာ ထိုစာအုပ်

အား မဖြစ်မနေ ဖတ်ဖြစ်သွားအောင် ဆွဲဆောင်စည်းရုံး သွေးဆောင်ရာပင် ရောက်စေခဲ့သည်။ တကယ်တော့ စာတစ်ပုဒ်၏တန်ဖိုးကို သိသူကဖတ်၍ ညွှန်းပြထောက်ပြ ဖွင့်ပြပေးသောအခါ ထိုစာ၏ ဂုဏ်ရည်ကို သိမြင်သွားရပြီး စာကိုဖတ်ရင်း ထုတ်နုတ်ဆင်ခြင် ဝေဖန်ဆန်းစစ်တတ်သောအလေ့ကို ရလာသည်။

စာရေးဆရာ၏ဘဝကိုလည်း စိတ်ဝင်စားတတ်လာသည်။ သူ ဖြတ်သန်း ကျင်လည်ရာ သူ့ဘဝနှင့် သူ့စာပေကိုလည်း ဆက်စပ်ကြည့်တတ်သော အလေ့ရလာလေသည်။

'… … ဝတ္ထုကောင်းကြီးတွေ ဖတ်ပြီး သုံးသပ်ဆင်ခြင်သော အလေ့အကျင့် ပြုလုပ်ထားသူ တစ်ယောက်သည် မိမိနှင့်ဆက်ဆံသော လူများအကြောင်းကို အသေးစိတ် သိတတ်သည်။ လူတစ်ယောက်အပေါ်တွင် အပြစ်ချည်း မမြင်ဘဲ ဘယ်အချက်တွင် ဘယ်လိုကောင်းပါပေခြင်းကိုလည်း အသိအမှတ်ပြုတတ်သည်။ … … တကယ့်ဝတ္ထုကောင်းကြီးများသည် စာဖတ်ပရိသတ်၏ နှလုံးထဲ၌ ကိုယ်ချင်းစာတရား ဖော်ပေး၍ ရင့်သန်သည်ထက် ရင့်သန်အောင် ပြုစုပျိုးထောင်ပေးရကား ဆက်ဆံရေးအတွက် ဘယ်စာနှင့် မတူအောင် တန်ဖိုးရှိသည်ဟု ဆိုလိုက်ရပါတော့သတည်း' ဟူသော ဆရာကြီး ရွှေဥဒေါင်း၏ ရေးသားချက်ကို ဖတ်ရှုမိချိန်ကျမှ ရသစာပေကောင်းတွေရဲ့ တန်ဖိုးကို မေမေ ကောင်းကောင်းကြီး အသုံးချကာ ကျွန်မတို့ကို စိတ်ဓာတ်ရင့်ကျက် လူလားမြောက်အောင် ပျိုးထောင်သွားတာပါလား … ဟု ကျေးဇူးတင်ရပါသည်။

ငယ်ငယ်တုန်းက ဖတ်၍အရသာမခံစားတတ်သေးသည့် စာကောင်းပေမွန်များသည် စာဖတ်သက်ရင့်လာသောအခါ အသိအမြင်သစ် ခံစားမှုအသစ်တို့ဖြင့် ဖတ်မိပြီး စွဲငြိသွားရသည်။ မေမေပြောခဲ့ဖူးသော စာအုပ်တွေ၊ အိမ်က စာအုပ်သေတ္တာမှာ မြင်ခဲ့ဖူးသောစာအုပ်တွေ၊ မေမေ ညွှန်းခဲ့သော စာအုပ်တွေ … အစ်မတွေ၊ အစ်ကိုတွေနှင့် ငှားဖတ်ခဲ့ရပြီး မဝယ်နိုင်ခဲ့သည့် စာအုပ်တွေ … စသည်ဖြင့် ကျွန်မ ပုံစံအမျိုးမျိုး အကြောင်းပြကာ ပြန်လည်ရှာဖွေစုဆောင်းခဲ့ရသည့် စာအုပ်တွေကြည့်ရင်း မေမေ့ကို လွမ်းရပြန်သည်။

မေမေ နှစ်သက်စွာ ဖတ်သော လင်းယုန်သစ်လွင်၏ မမှဝိလာသာ၊

ယမုန်နာ၊ ဆားချက်မြေ၊ ပင်လယ်တံငါ၊ သောင်းဒီပါမြေ စသည်များ၊ ကြယ်နီ၏ အိုတံငါ၊ စိန်စိန်၏ ခရီးဝက်ပါ၊ နန္ဒ၏ သံနှင့်သွေး၊ မိုးယံသို့ချီ၊ ငါ့ခြား ငါ့သွေး ငါ့ရောဝတီ စသည်များ၊ မဟာဆွေ၏ စစ်ထွက်သူ၊ သူပုန်ကြီး၊ သိန်းဖေမြင့်၏ အရှေ့က နေဝန်းထွက်သည့်ပမာ၊ သပိတ်မှောက်ကျောင်းသား၊ ရွှေဥဒေါင်း၏ အိုင်ဗင်ဟို၊ ဇော်ဟိတ်၊ ဂျမဒါ ကိုကိုကြီး၊ ဆုကြီးပန် အစရှိသော စာအုပ်များ၊ ဒဂုန်ခင်ခင်လေး၏ ရွှေစွန်ညို၊ စာဆိုတော် စသည်များ၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ မှာပုံတော်နှင့် ဋီကာစာအုပ်များ၊ ဇေယျ၏ မြန်မာ့မျက်ပွင့် စာခလေ့၊ ရွာခလေ့၊ လူခလေ့များ၊ မြတ်လေးရွှေဓားဗိုလ်၊ ဂျာနယ်ကျော် ဦးချစ်မောင်၏ သူ၊ ဂျာနယ်ကျော် မမလေး၏ သူလိုလူနှင့် အခြားစာအုပ်များစွာ၊ ခင်နှင်းယု၏ ကြေးမုံရိပ်သွင်၊ ပန်းပန်လျက်ပါ အစရှိသောစာအုပ် စသည် စသည် ကျွန်မ ဝယ်ယူစုဆောင်းမိသည်။ အတူဖတ်၍ ပြန်လည်ပြောပြ မျှဝေကြရန်မူ အနားတွင် အစ်မတွေလည်း မရှိ။ တစ်မြို့စီဝေး၍ နေလေသည်။ ငယ်တုန်းက စာအုပ်တွေ မပြည့်မစုံ ရှိနေချိန်က ခက်ခက်ခဲခဲ ရှာဖွေစုဆောင်း ဖတ်ရှုခဲ့ရသည်တို့ကိုပင် ပြန်လည်၍ တသရတော့သည်။

စာအုပ်ငှားခကို အမြဲတမ်း မသုံးနိုင်သောအခါ ကျွန်မတို့ညီအစ်မတစ်စုသည် စာအုပ် အလကားဖတ်နိုင်သည့် နေရာကို ရှာခဲ့ကြသည်။

ကျွန်မတို့မြို့မှာ ပြန်ကြားရေးဌာနက ဖွင့်သော ပြည်သူ့စာကြည့်တိုက်တစ်ခု ရှိပါသည်။ သို့သော် အားကိုး၍ မရပါ။ ဖွင့်သည့်အချိန်ကလည်း နည်းပါးလှ၏။ ကျွန်မတို့ အားထားရာသည် စာအုပ်စာပေကို မြတ်နိုးသူများ ဖွင့်လှစ်သော စာအုပ်အငှားဆိုင်နှင့် စာအုပ်ကို အလကားပေးဖတ်တတ်သော ဆံပင်ညှပ်ဆိုင်တို့ ဖြစ်သည်။

ချောင်းနိမ့်ထဲက ဆံပင်ညှပ်ဆိုင်သေးသေးလေးမှာ စာအုပ်တွေ အလကားဖတ်ခွင့်ပေးသဖြင့် သွားညှပ်ကြသည်။ အလှည့်စောင့်ရင်း ဖတ်ရန် ပေးထားသော စာအုပ်များကို လောဘတကြီး ဖတ်ကြသည်။ နောင်အခါ စာဖတ်ဝါသနာပါသည်ကို သိရှိသွားသော ဆံသဆရာကြီးက ကျွန်မတို့ကို အေးအေးလူလူ စာဖတ်ခိုင်းထားတတ်သည်။ အသစ်ရောက်လာသော စာအုပ်တွေကို မချုပ်ရသေးမီ သိမ်းထားဆဲကိုပင် ကျွန်မတို့ကို ထုတ်

ပေးတတ်သည်။ ‘ဆံပင်ညှပ်တော့မယ်ဆိုရင် ပြောနော်’ဟု အသိ ပေးထားကာ ဖတ်ချင်သမျှ ဖတ်ခွင့်ပေးထားလေသည်။

ဆုံတိုက်ရပ်ကွက်ထိပ်မှာ ‘အလင်းရောင်’ စာပေနှင့် ဆံသဆိုင်၊ စက်ဆိုင်များ တွဲဖွင့်ပြန်သောအခါ ကျွန်မတို့ အတူလိုက်ပါ၍ ဆံပင်ညှပ် စာအုပ်ဖတ်ကြသည်။ နောင်တွင် စာအုပ်အငှားဆိုင်အဖြစ် သီးသန့်ဖြစ်လာသည့်တိုင် စွဲမြဲစွာ ကျွန်မတို့ ငှားရမ်းဖတ်ရှုခဲ့သည်။ မေမေ့အကြိုက် မူဝံ၏ ရာဇဝင်ဆန်ဆန် ရေးထားသော စာအုပ်များစွာ ထိုဆိုင်က ငှားပေးခဲ့ဖူးပါသည်။

ကျွန်မတို့ ညီအစ်မတစ်တွေသည် ဆံပင်ကို တော်တော်နှင့် မရှည်နိုင်အောင် တိုတိုညှပ်လေ့ရှိရာ စာအုပ်တွေ အလကား ထိုင်ဖတ်ခွင့်ပေးသော ဆံပင်ညှပ်ဆိုင်မျိုးကို ရွေးချယ်ကာ သွားညှပ်ကြသည်။ ကိုယ့်အလှည့်ရောက်အောင် စောင့်ချိန်တွင် စာကို တစ်ဝကြီး ဖတ်နိုင်ရန် အခြားသူများအား အလှည့်ကျော်ခွင့်ကို ပျော်ပျော်ကြီး ပေးကာ စာကို ဖတ်ခဲ့ကြပါသည်။ ဆံပင်ပုံ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ မမှု။ စာအုပ်တွေ အလကားဖတ်ရခြင်းကို မက်မောခဲ့ကြသည်။

သည်လိုနှင့် အိမ်နှင့်အတော်ဝေးသော မြစိမ်းရောင်ရုပ်ရှင်ရုံဘေးလမ်းထိပ်က ဦးစိုးကြီး ဆံပင်ညှပ်ဆိုင်မှာ ဖေဖေ ညှပ်နေကျဆိုင်ဖြစ်ရာက ကျွန်မတို့ အငယ်ညီအစ်မ သုံးယောက် ဆံပင်ညှပ်ရာဆိုင်ပါ ဖြစ်ခဲ့လေသည်။ ထိုဆိုင်မှာ ရှိသမျှစာအုပ်တွေ ကုန်အောင် ဖတ်ပြီးကြလျှင် အခြားဆိုင်သို့ ပြောင်းညှပ်ကြပြန်သည်။

စာအုပ်ပေးဖတ်တတ်သော ဆံပင်ညှပ်ဆိုင်က အတော်ပင် နည်းပါသည်။ နောက်ဆုံးတော့ ငှားဖတ်ရသော စာအုပ်အငှားဆိုင်ကိုသာ စွဲမြဲစွာ အားကိုးရပါတော့သည်။ သည်လိုနှင့် စာအုပ်ကောင်းတွေ တင်၍ ငှားတတ်သော ကျွန်မတို့မြို့က အထက်တန်းပြဆရာ ဦးတင်လှိုင်တို့အိမ်မှာ ဖွင့်သော ‘လှိုင်မိုးတိုးကြူ’ စာပေကို ရောက်ခဲ့ရသည်။ ကျွန်မတို့ရပ်ကွက်လမ်းထိပ်မှာတော့ ‘မိုးစပယ်’ စာအုပ်အငှားဆိုင် ရှိသည်။ ဘာသာပြန်ဝတ္ထုကောင်းများစွာကို အဲသည်ဆိုင်က ငှားဖတ်ခဲ့ကြသည်။ သူနှင့် ကပ်လျက်မှာ နောက်ပိုင်းတွင် စာအုပ်အငှားဆိုင် ဖြစ်လာသော ကက်ဆက်

တိပ်ခွေနှင့် စာအုပ်ငှားသော ဝါသနာစာပေလည်း ပေါ်လာသည်။ မဂ္ဂဇင်းတွေကိုလည်း ငှားဖတ်ခဲ့ရသည်။ ကျွန်မတို့ရပ်ကွက်ထဲမှာ သက်တမ်းမရှည်ကြာလှသော ရွှင်ပျော်ပျော်စာပေ ရှိခဲ့သေး၏။ နောင်တော့ ဘိလိယက်ခုံဖြစ်သွားခဲ့လေသည်။

ငှားဖတ်ရသည့်အခါ အချိန်သည် ငွေ ဖြစ်၏။ တစ်ရက်နှင့် လူစုံအောင် ဖတ်ချင်သည့်အခါ၊ တစ်ခါတစ်ခါ ဖတ်ချင်လွန်းလှ၍ အလှည့်မစောင့်နိုင်သောအခါ မမဝင်းနှင့် ကျွန်မတို့ညီအစ်မသည် စာအုပ်ကိုအလယ်ကထား၍ တစ်ယောက်တစ်ဖက်စီ လက်ကကိုင်လျက် ခေါင်းချင်းဆိုင်ကာ အတူဖတ်ခဲ့ကြရသည်။ သူက စာဖတ်သွားသည်။ မေမေ ညွှန်းဆိုဂုဏ်ယူခဲ့သလိုပါပဲ။ စာဖတ်လည်း မြန်သည်။ မှတ်လည်း မှတ်မိသည်။ အတူဖတ်တိုင်း သူက အရင်ပြီးနှင့်သည်မို့ စာမျက်နှာအသစ် လှန်ဖတ်ဖို့ရာ ကျွန်မ ပြီးသည်အထိ စောင့်ပေးရရှာပါသည်။

ရက်တွက်ဖိုး မကုန်အောင် တွက်ဆကြရသည်မို့ အတူတူ တစ်ချိန်တည်း မဖတ်အားလျှင် တစ်ဦးက ဖတ်ပြပေးပြီး အလုပ်လုပ်နေဆဲသူကနားထောင်ရ၏။ စာကို မကြည့်အား အသံနှင့်သာ အရသာခံရရာ စာဖတ်ကောင်းသူ ဖတ်ပါမှ အရသာပြည့်ပြည့်ဝဝ ရနိုင်ပေသည်။ မြို့အနှံ့ပတ်ကာဆိုင်တွေမှာ ရှာဖွေဖတ်ခဲ့သော်လည်း ဟိုးတုန်းက ဂန္ထဝင်စာအုပ်ဟောင်းတွေက ရှာ၍မရနိုင်ပါ။ ထိုအခါ မေမေနှင့် ကျွန်မတို့ ရှာဖွေဖတ်ရှုချင်သော စာအုပ်စာရင်းဝင် စာအုပ်များကို နောင်အခါ ရှာဖွေစုဆောင်း၍ တစ်ဝကြီး ဖတ်ရှုကြမည်ဟု အားခဲထားခဲ့ကြပါသည်။ ထို့ကြောင့် ကျွန်မတို့၏ ဘဝရည်မှန်းချက်များထဲတွင် ဘဝကို အေးအေးလူလူ နေနိုင်သည့်ပြည့်စုံလာသော ကာလ၌ စာအုပ်တွေကို ဖိမ်ခံ၍ တစ်ဝကြီး ဖတ်ရှုရဖို့ ဟူသော မျှော်လင့်ချက်ကို ထားရှိခဲ့ကြသည်။

တကယ်တော့ စာဖတ်ခြင်းစည်းစိမ်ကို တိတိကျကျ မရနိုင်ရှာသောဆင်းရဲသား လူတန်းစားဘဝမှာ အငယ်ဆုံး ကျွန်မပင်လျှင် အိမ်မှုကိစ္စအဝဝမှာ ပါဝင်ကူညီရ၍ ကျောင်းစာတစ်ဖက်နှင့် စာဖတ်ချိန် များများမရနိုင်ပါ။

မေမေနှင့်အတူဖြစ်စေ၊ ကျွန်မချည်းသာဖြစ်စေ ဈေးဝယ်ရ၏။

ပြည်သူ့ဆိုင်မှာ တန်းစီကာ ဆန်၊ ဆီ၊ ဆပ်ပြာတောင့်များ ထုတ်ရ၏။ ထင်း၊ မီးသွေး၊ ဝယ်ရ၏။ မီးထွန်းဖို့ ရေနံဆီဝယ်ရ၏။ အုတ်ရေကန် သုံးလုံးထဲသို့ ရေဘုံပိုင်နှင့် အဝီစိတွင်းရေများဝယ်၍ ဆွဲထည့်ဖြည့်ပေးရ၏။ မြတ်လေး ပန်း ပွင့်သောလများမှာ အပ်အချောင်းပေါင်း ငါးဆယ် ခြောက်ဆယ်ကို အပ်ချည်ထိုးကာ အသင့်ထားပေးရသည်။ ပန်းခူး ပန်းသီချိန်ကျမှ အပ်ထိုး နေလျှင် မပြီးတော့ပါ။ မနက်မလင်းမီ ပန်းခူးပန်းသီပြီး ပန်းရောင်းထွက် ရသည်။ မီးဖိုချောင်မှာ မေမေ့ကို ကူရသည်။ အဝတ် လျှော်ရသည်။ ကျောင်းစာ ကျက်မှတ်ရသည်။ ဖေဖေ ပြင်ပြီးသော နာရီတွေကို ဖေဖေ မသွားအားလျှင် ပိုင်ရှင်တွေထံ ကျွန်မက သွားပေးရ၏။ ပြင်ခ တောင်းယူ ခဲ့ရ၏။ လုပ်စရာအလုပ်တွေက များလှသဖြင့် ကျွန်မတို့ မှာ ကစားချိန်ပင် သိပ်မရှိတော့ပါ။ ကစားချိန်အစား စာဖတ်ကြသည်။ ယင်းသည်ပင် ကျောင်း အားရက်မှသာ ဖြစ်နိုင်ပေသည်။

နေရောင်ရှိစဉ် စာများများဖတ်ရသည်။ ကျောင်းစာ လုပ်ရသည်။ ညမီးထွန်းချိန်မှာ ရေနံဆီဖိုးကို ချွေတာရသဖြင့် ကျောင်းစာကိုပင် အချိန် နှင့် ကျက်မှတ်ရသည်။ ထို့ကြောင့် စိတ်ရှိသမျှ စာမဖတ်နိုင်။ ကျောင်းပိတ် ရက်ရှည် နွေရာသီများကဖြင့် စာဖတ်ခွင့်အရဆုံး ကာလတွေဖြစ်၍ အပျော် ရဆုံး အချိန်များ ဖြစ်လေသည်။

နွေကာလများတွင် အရှေ့ဘက်ကပ်လျက်အိမ်က အပျိုကြီး မမနွဲ့ သည် ကျွန်မတို့ကို သနားချစ်ခင်သူ၊ စာဖတ်ခြင်းကို အားပေးသူ၊ စာတော် ကြွတာကို ကျေနပ်ဝမ်းမြောက်တတ်သူ ဖြစ်သည်။ သူ ချက်ပြုတ်နေသည့် မီးဖိုချောင်၏ ကြက်တူရွေးတန်းများကြားက ကြည့်လိုက်လျှင် နှစ်အိမ် ကြားမှာ ကစားနေသော ကျွန်မကို ရိပ်ခနဲမြင်လိုက်ပါက လှမ်းခေါ်တတ် သည်။

'ယုယုလား ... နွယ်နွယ်လား ... နေ့လယ်အားရင် ဝင်းတို့ ပိုက်တို့ ပါ ခေါ်ခဲ့ ... စာအုပ်တွေ လာယူလှည့်ကြ ... မမနွဲ့ အခန်းရှင်းမလို့'

တစ်ခါတစ်ရံလည်း သူ့အိမ်အပေါ်ထပ် စာအုပ်ခန်းကနေ လှမ်း ခေါ်တတ်သည်။

'ယုတို့၊ နွယ်တို့၊ ဝင်းတို့၊ ပိုက်တို့ရေ ... လာကြဟေ့၊ စာအုပ်တွေ

ထုတ်ပေးမယ်'

ကိုယ် ငှားသောစာအုပ်ကို အမည်တွေ ရေးမှတ်ခဲ့ကာ ညီအစ်မ တစ်တွေ စာအုပ်တစ်ပွေ့တစ်ပိုက်နှင့် အိမ်ပြန်လာကာ တစ်ဝကြီး ဖတ်ကြသည်။ တစ်ခါတစ်ရံ မေမေပါ ပါတတ်သေးသည်။

ဘကြီးမော်၏ မှန်ဗီရိုထဲက စွယ်စုံကျမ်းများကိုတော့ ပေးမငှားပါ။ မမနွဲ့၏စာအုပ်များသာ မမနွဲ့က ပေးဖတ်နိုင်ခဲ့သည်။ လူရည်ချွန် စာမေးပွဲ ဖြေရန်အတွက် ဗဟုသုတမေးခွန်း ဖြေနိုင်ရန်အတွက်တော့ ဘကြီးမော်ထံက သတင်းစာများ၊ စာစောင်များ ငှားကာ မှတ်စုရေးပြီး ယူခဲ့ရသည်။ မမနွဲ့အမေ ဒေါ်ကြီးဒေါ်မြရင်နှင့် မေမေတို့သည် မလှရှင် သနပ်ဖက် ဆေးလိပ်ကို စွဲသောက်ရာတွင် အကြိုက်တူကြသော ဆေးလိပ်သောက်ဖော်များ ဖြစ်ကြသည်။

နွေရာသီရောက်တိုင်း မမနွဲ့က စာအုပ်ငှားတတ်သည်။ သင်္ကြန်မှာတော့ မရောက်မီနေ့များက တင်ကြိုငှားထားပေးသော မမနွဲ့၏စာအုပ်များကို အဖော်လုပ်ကာ ကျွန်မတို့ သားအမိတစ်တွေသည် သင်္ကြန်တစ်တွင်းလုံး အိမ်တွင်းအောင်းရင်း စာဖတ်ကြလေသည်။

ကျောင်းဖွင့်ရက် အိမ်စာများများ ကျက်စာများများ ပါသည့်နေ့ဆိုလျှင် ညနေစောစောကတည်းက ကျွန်မတို့သည် နေ့အလင်းရောင်အောက်မှာ စာအမြန်လုပ်ရပါသည်။ ကျောင်းစာ ကျက်မှတ်သည့်အခါမှသာ ရေနံဆီ မီးအိမ်ကို ထွန်းရသည်။ ဟိုနားသည်နား အလုပ်လုပ်ရာတွင် မေမေသည် ရေနံဆီမီးခွက်ကို ခဏတာ ထွန်းပါသည်။ တစ်နေ့သုံးအတွက် ရေနံဆီကို သတ်မှတ်ထားသည်ဖြစ်ရာ သတ်မှတ်ချက်ကုန်လျှင် မီးကို ငြိမ်းရသည်။ နေ့စဉ် ရေနံဆီကို ပုလင်းဖြင့် သွားဝယ်ပေးရသူမို့ ငွေကြေးကုန်ကျမှုကို ကျွန်မ သိပါသည်။

စာမေးပွဲကာလများတွင်မူ စာဖြေရမည့် ကျောင်းသားတွေအတွက် မေမေက ချွေတာထားသော ငွေကို ထုတ်ကာ ရေနံဆီပိုဝယ်ဖို့ သုံးတတ်ပါသည်။ ထို့ကြောင့် ညညဆို အပိုစာအုပ်တွေဖတ်ဖို့ ရေနံဆီမီးအိမ်ကို မသုံးနိုင်ပါ။ ထိုအခါ ဖတ်လက်စလေး ဆက်ဖတ်ချင်စိတ်ကို ချိုးနှိမ်မရသူ ကျွန်မက အိမ်ရှေ့လမ်းထောင့်က လမ်းဓာတ်မီးတိုင် မှိန်ပျပျအောက်မှာ

စာဖတ်တတ်ခဲ့သည်။ သာခု၏ 'အတာ'ကို အဲသည် မီးတိုင်အောက်မှာ ဖတ်ခဲ့ရပါသည်။

ကိုယ့် ရှိတာလေးနှင့် ရောင့်ရဲတင်းတိမ်စွာ နေတတ်ဖို့ သူတစ်ပါးထံ လက်ဖြန့်မတောင်းခံဖို့ ကိုယ့်အားကို ကိုယ်ကိုးဖို့ မေမေက ဆုံးမသည်။ ကြွားဝါချင်စိတ်၊ ပစ္စည်းဥစ္စာ ဂုဏ်ပကာသန မက်မောစိတ် မေမေ့မှာ မရှိ။ သူ့မှာမရှိသလို သူ့သားသမီးတွေမှာလည်း မရှိအောင် တတွတ်တွတ်နှင့် နားဝင်အောင် သွန်သင်ဆုံးမလေ့ ရှိပါသည်။ ဆင်းရဲခြင်းသည် ဂုဏ်ငယ်စရာ မဟုတ်ကြောင်း၊ ကံအလှည့်မသင့်လို့ ဖြစ်ရကြောင်း၊ အကျင့်သီလစာရိတ္တ ကိုယ်ကျင့်တရား ကောင်းမွန်အောင် နေထိုင်ခြင်း၊ ရိုးရိုးသားသားကြိုးစားခြင်းတို့သည် လူတစ်ဦးအတွက် လူ့သိက္ခာ လူ့တန်ဖိုးမြင့်သည်ဟု ခေါ်နိုင်ကြောင်း၊ ငွေချမ်းသာပြီး သူများ မျက်ခုံးပေါ် စကြိုလျှောက် မတော်မတရား စီးပွားရှာစားသူသည် လူ့ကျင့်ဝတ်ကို ဖောက်ဖျက်သူ၊ ကိုယ်ကျင့်တရား ပျက်ပြားသူ၊ လူ့တန်ဖိုးမဲ့သောသူဟု ခေါ်ကြောင်း မေမေက ရှင်းပြသွန်သင်တတ်သည်။ ဆင်းရဲသည်ကို ဂုဏ်မငယ်ထိုက်ကြောင်း ကိုယ်ကျင့်သိက္ခာနှင့် ရိုးသားကြိုးစားမှု ကောင်းမြတ်သော စိတ်ထားများနှင့် မိမိတန်ဖိုးကို မြှင့်တင်နေရမည်ဖြစ်ကြောင်း ... မေမေက သင်ပါသည်။ စာကောင်းပေမွန်တွေ ဖတ်ရင်းက ဇာတ်လမ်း ဇာတ်ကောင်များကို ပြောပြသွားရင်းက တစ်လက်စတည်း သွန်သင်ဆုံးမသွားတတ်ပါသည်။ ပညာကို မြင့်မြင့်မားမား တတ်အောင် ကြိုးစားသင်ယူလျှင် ပညာတတ်ဘဝဖြင့် ဆင်းရဲတွင်းမှ တစ်နေ့ လွတ်ကင်းမည်ဖြစ်ကြောင်း အားပေးတတ်သည်။ စာအုပ်စာပေတွေထဲက ဇာတ်ကောင်များဘဝကဲ့သို့ ဘဝအခြေ မြင့်မားလာမည်ဖြစ်ကြောင်း ယုံကြည်အောင် မျှော်လင့်ချက်ရှိလာအောင် ညွှန်းဆိုတတ်ပါသည်။

အပြင်အပ တကယ့်လောကထဲမှ လူတချို့၏ ဘဝတွေကိုလည်း သက်သေပြကာ သွန်သင်တတ်သည်။ အသုံးအဖြုန်းကြီး၍ ပကာသန မက်၊ မော်မော်ကြွားကြွား ပပလွှားလွှားနေ၊ ပညာမဲ့စွာ နေထိုင်ရင်း ဘဝပျက်စီးသွားသူတချို့အကြောင်း မေမေက ပြောပြသည်။ ရိုးရိုးသားသား အလုပ်လုပ်ပြီး ကျစ်လျစ်စွာ စုဆောင်းရင်း အမြော်အမြင်ရှိစွာ အတတ်ပညာများ

လေ့လာသင်ယူရင်း ထိုအတတ်ပညာဖြင့်ပင် လူတစ်လုံး သူတစ်လုံးဖြစ်ကာ ကြီးပွားသွားသူအကြောင်းကိုလည်း အားကျထိုက်သူကို အားကျကြိုးစားချင်လာအောင် မေမေက ဥပမာပြ၍ ဆုံးမတတ်ပါသည်။

မေမေသည် ပထမ စာကို ပျော်အောင် ဖတ်စေခဲ့သည်။ ပြီးတော့မှ ထိုစာတွေထဲက အကြောင်းအကျိုး အကောင်းအဆိုးတွေကို ဆွဲထုတ်ကာ သင်ခန်းစာယူစေသည်။ ဆင်ခြင်ဝေဖန်ပြခဲ့သည်။ ကျွန်မတို့ဘဝမှာ စာကို မြတ်နိုးပြီး မဖတ်ရ မနေနိုင်အောင် စာကို စွဲလမ်းစွာဖတ်သူများ ဖြစ်လာကြရာတွင် မေမေ့ လေ့ကျင့်ပေးမှု၊ ဆွဲဆောင်စည်းရုံးမှု၊ ပျိုးထောင်တတ်မှုတို့က အဓိကကျသည်ဟု ဆိုနိုင်ပါသည်။

စာဖတ်ချင်စိတ် ပေါ်လာအောင်၊ စာဖတ်ဝါသနာပါအောင် မေမေက လုပ်ပေးလိုက်သောအခါ ကျွန်မတို့သည် အနီးအနားမှာ စာအုပ်မရှိလျှင် စာအုပ်ရှိရာအရပ်သို့ ကျွန်မတို့ ရောက်အောင်သွား၏။ ရအောင် ရှာဖွေ၍ ဖတ်ရှုခဲ့ကြပါသည်။

မန္တလေးဆေးတက္ကသိုလ်မှာ ကျောင်းတက်နေရင်း သူ ဖတ်ခဲ့ရသော စာအုပ်များကို ကျောင်းပိတ်ရက် အိမ်ခဏပြန်လာချိန်များတွင် စာကြည့်တိုက်များမှ ငှားယူလာတတ်သော မမဝင်းကြောင့် ကျွန်မ၏ စာဖတ်ဝါသနာ ပို၍ ကျယ်ပြန့်လာခဲ့ရသည်။ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်များက အစပျိုးပေးလိုက်သော စိတ်ပညာ၊ စိတ်ရောဂါများအကြောင်း သိချင်သူ ကျွန်မအတွက် နန္ဒ ပြန်ဆိုသော ဖရွိုက်၏ စိတ်ပညာ၊ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းနှင့် သေကြောင်းကြံစည်ခြင်း၊ ကျော်အောင် မြန်မာပြန် တော်စတွိုင်း၏ သင်၏သစ္စာမရှိသော၊ ဒေါက်တာကျော်စိန်၏ သင့်ဘဝတွက်တာ အသုံးချ စိတ်ပညာ စသည်ဖြင့် စာအုပ်တွေ ငှားလာပေးကာ ဖတ်စေခဲ့ပါသည်။ ဂျာမန်ဂန္ထဝင်စာပေ၊ နှစ်ဆယ်ရာစု ဥရောပစာပေ စသည်များ၊ ကမ္ဘာ့ဝတ္ထုတိုဘာသာပြန်စာအုပ်များစွာ၊ ဇော်ဂျီ၏ ပလေတိုးနိဒါန်း၊ ဘသန်း (ဓမ္မိက)၏ ယောနသံစင်ရော်၊ ဟဲမင်းဝေး၏ ပင်လယ်ပြာနှင့် တံငါအို စသည်တို့အပြင် မှောင်ထဲကမှတ်တမ်း (အန်းဖရန့်၏ နေ့စဉ်မှတ်တမ်းကို မောင်နေဝင်း မြန်မာပြန်)၊ မြစ်ကမ်းပေါ်က စက်ရုံကလေး အစရှိသော ဂန္ထဝင်စာပေတွေနှင့် ကျွန်မကို မိတ်ဆက်ပေးခဲ့ပါသည်။

ကမ္ဘာ့ကျူး၏စာအုပ်ကို ဆရာထင်လင်း ဘာသာပြန်သော ပလိပ်ကို သူ ယူလာ၏။ ပြင်သစ်ဘာသာမှ ဘာသာပြန်သော မင်းသားလေးကို ယူလာ၏။ ခင်လေးမြင့် ဆိုတဲ့ စာရေးဆရာဟာ ဂျာနယ်ကျော်မမလေးရဲ့ သမီး ဟု မိတ်ဆက်ပေးခဲ့သည်။ ထိုနှစ်အုပ်ကို ကုန်သွားမှာစိုးသဖြင့် စာကို တစိမ့်စိမ့် ဖတ်ပြီး စွဲမက်ခဲ့ရသည်။ နောက်လများမှာ သူ့မုန့်ဖိုးကို ချွေတာပြီး အိမ်အပြန် လက်ဆောင်အဖြစ် ကျွန်မကို စာအုပ်တစ်အုပ် လက်ဆောင် အဖြစ် ပေးခဲ့ပါသည်။ ထင်လင်း၏ ပလိပ် ဖြစ်၏။ အနီရောင်အဖုံးနှင့် ပန်းချီကားသည် 'အလောင်းစင်နံဘေး' ပန်းချီဆရာ မွန့်ချ်ဟု ထင်သည်။ ပြီးတော့ အတွင်းဘက်မှာ သူ့ရည်ညွှန်းစာနှင့် သူ့လက်မှတ် ထိုးထားသည်။

'ညီမလေး ယူ ဖတ်ဖို့နော် ... မမဝင်း ...'တဲ့။

ကျွန်မကိုယ်တိုင် ကိုယ့်ချွေးနဲ့စာဖြင့် ပထမဆုံး ဝယ်ဖူးသည့်စာအုပ်မှာ ခင်လေးမြင့်၏ မင်းသားလေး ဖြစ်သည်။ သောင်ပြင်မှာ ပွဲတော်ကျင်းပသည့် ရတနာမဥ္ဇူဘုရားပွဲဈေး စာအုပ်ဆိုင်မှာ ထိုစာအုပ်ကလေးကို တွေ့တော့ ဝမ်းသာအားရ ဝယ်ဖြစ်ခဲ့သည်။ အဖိုးနှုန်း လေးကျပ် ပေးရ၏။ ထိုအချိန်က လက်ဖက်ရည်တစ်ခွက် တစ်မတ်ခေတ် ဖြစ်သည်။ လက်ဖက်ရည် ၁၆ ခွက်ဖိုးစာ ပေးရသော်လည်း၊ ကျွန်မ ပင်ပင်ပန်းပန်း ရှာဖွေထားသော ပိုက်ဆံဖြစ်သော်လည်း ထိုစာအုပ်ကလေးကို ဝယ်နိုင်ခဲ့ခြင်းအတွက် ကျေနပ်ဝမ်းသာမိသည်။ ကျောင်းပိတ်ရက်များတွင် ဝမ်းကွဲအစ်မများရှိရာ ပင်းဝရွာသို့ အလည်သွားရင်း ကြက်သွန်စိုက်ခင်းမှာ မုန့်ဖိုးရအောင် ဝင်လုပ်ခဲ့၏။ လေးပြည်ဝင် စိတ်တောင်း တစ်တောင်းစာ ကြက်သွန်ဖြတ်ခမှာ ငွေတစ်မတ် ဖြစ်၏။ တူတွေ၊ မောင်တွေ၊ အစ်မတွေနှင့်အတူ ပျော်ပျော် ပါးပါး ပင်ပန်းသည်မထင်ဘဲ ဝင်အလုပ်လုပ်ကာ နှစ်စဉ် ယာထွက်ကြက် သွန်၊ ငရုတ်၊ ခရမ်းချဉ်၊ ဒေါနပန်းတွေကို လက်ဆောင်အဖြစ်ပါ ရလာရင်း ကျွန်မအတွက် လုပ်ခအပြင် မုန့်ဖိုးပါ ပေးတတ်သော မမစောကြောင့် မေမေ့ကို ငွေလေးငါးဆယ်ခန့် အပ်နိုင်ခဲ့သည်။

ကျွန်မသုံးဖို့ မေမေ ပြန်ပေးသော မုန့်ဖိုးအနည်းငယ်ထဲက မုန့်မစားဘဲ စာအုပ်ကလေးကိုသာ ဝယ်ခဲ့ပါသည်။ နှစ်ပေါင်းများစွာ ကြာလာသည့် ယခုလိုအချိန် ကျွန်မ ကိုယ်ပိုင်စာအုပ်များစွာ ဝယ်ယူနိုင်ခဲ့ပြီဖြစ်သည့်

အချိန်ထိတိုင် ထိုစာအုပ်ကလေး နှစ်အုပ်ကို တယုတယနှင့် တန်ဖိုးထားကာ ကျွန်မ မြတ်မြတ်နိုးနိုး ရှိနေဆဲဖြစ်သည်။

'ကြည်နူးနှစ်သက်မှုအတွက် စာဖတ်ခြင်း (အပျော်ဖတ်ခြင်း) သည် အထုံဗီဇပါမှ ဖြစ်နိုင်သည်။ လောကသဘာဝ လူ့သဘာဝကို ကြားတတ် မြင်တတ် ဆင်ခြင်တတ်စေသော အဖွဲ့အနွဲ့များကို ဖတ်ခြင်းသည်သာ တကယ့် စာဖတ်ဝါသနာ ဖြစ်သည်။ စာဖတ်ဝါသနာပါသူသည် ဇာတ်လမ်းကောင်း၊ လူ့စရိုက်အဖွဲ့ကောင်းနှင့် ရသစာပေအရည်အသွေးကောင်းကို ဖတ်သည်။ အပျင်းပြေ စာဖတ်ခြင်း၊ အဖော်အပျော်သက်သက် စာဖတ်ခြင်း၊ ဗဟုသုတရအောင် ဖတ်ခြင်းသည် စာဖတ်ဝါသနာ မဟုတ်။ စာဖတ်ဝါသနာ၏ အပိုထုတ်ပစ္စည်း (By-product) သာ ဖြစ်သည်'ဟု ဆရာတိုက်စိုး ပြောခဲ့သည်ကို ဟံသာဝတီ ဦးဝင်းတင်၏ စာပေမွေ့လျော်မှု ပျိုးထောင်ခြင်း ဆောင်းပါးမှာ ကျွန်မ ဖတ်ရသည်။

'... ... ... စာဖတ်သက် ကြာလာသည်နှင့်အမျှ (ဆရာဇော်ဂျီ၏ စကားကို ယူ၍ တင်ပြရသော်) လူတော် လူကောင်းတရားကို အံ့သြစရာ၊ လွမ်းစရာ၊ သနားစရာ၊ စိတ်လန့်စရာ၊ သံဝေဂရစရာ၊ အားတက်စရာဖြစ်အောင် ချဲ့ထွင်ရေးဖွဲ့သော ဘဝအလွမ်းစာပေမျိုးမှ လူခပ်သိမ်းတို့ ကိုယ်တွင်ရှိတတ်သော ပုထုဇဉ်သဘာဝကို ယထာဘူတကျအောင်၊ ဒိဋ္ဌလောက၏ သဘောကို မြင်အောင် ရေးဖွဲ့သော ယထာဘူတစာပေမျိုးသို့ တက်လှမ်းသွားနိုင်သည်'ဟု ဦးဝင်းတင်က ရေးခဲ့သည်။

ထို့ပြင် ကြည်နူးနှစ်သက်မှုအတွက် စာဖတ်ခြင်းသည် '... ... အဆင့်မြင့်လာသည်၊ ခံစားမှု ရင့်လာသည်။ စာပေ၌ ရသနှစ်သက်ခြင်းကို ဖြစ်တတ်လာသည်။ ခံစားတတ်လာသည်။ လူ့သဘာဝ၊ လူ့စရိုက်၊ လူ့ဘဝ၊ လူ့ပတ်ဝန်းကျင်ကို ဆင်ခြင်တတ်လာသည်။ လူ့လောက၏ အယုတ်အမြတ်တရားများကို သိမြင်လာသည်။ ထိုသို့ နှစ်သက်ခံစားလာရသည်နှင့်အမျှ၊ သိမြင်လာသည်နှင့်အမျှ စာအကြိုက် ပြောင်းလာသည်။ စာရေးဆရာ အကြိုက် ရွေးလာသည်'

'ဤရသစာပေ စာဖတ်အဆင့်သည် စာဖတ်ဝါသနာ ကပ်ငြိသည့် အဆင့် ဖြစ်သည်။ စာပေမွေ့လျော်မှု၌ အစွဲမြဲဆုံးဆင့်၊ အမြင့်မားဆုံး

အဆင့် ဖြစ်သည်’ဟု ဆရာဦးဝင်းတင်က ရေးခဲ့ပါသည်။

မေမေဟာ သည်လို စာပေသဘောတရားတွေကို ဖတ်မသွားရပါ။ သို့ပေမယ့် မေမေ့ ပျိုးထောင်ပေးမှုဟာ အံ့သြစရာကောင်းအောင် မှန်နေခဲ့တာပါလား ... ဟု ကျွန်မ ခုခါ တွေးမိသည်။ ကျွန်မတို့ ခုလို စာကောင်းပေမွန်တွေကို နှစ်သက်မြတ်နိုးစွာ ဖတ်ရှုရင်း မွေ့လျော်စိတ် ရှိနေခဲ့တာဟာ မေမေကြောင့်သာပါပဲ။ ကျွန်မတို့ကို မေမေက သူ ယုံကြည်ရာ၊ သူ ချစ်ခင်ရာ စာအုပ်တွေရဲ့အစွမ်းကို အကောင်းဆုံးအသုံးချပြီး ကျွန်မတို့ ဘဝတွေကို ထုဆစ် ပုံသွန်းလောင်းပေးခဲ့တာပါလား။

စာဖတ်သူတိုင်း မြင့်မားသော စာဂုဏ်အင်ရှိသော စာတွေကို မကြိုက်တတ်သေးပါ။ ငယ်ငယ်ကတိုင် သိနားလည်သူ၏ ညွှန်ပြ လမ်းညွှန်မှုနှင့် ပျိုးထောင်ပေးခြင်း ခံရမည်ဆိုလျှင် စာဖတ်တတ်သူတိုင်း စာမွေ့သူတွေ ဖြစ်လာမှာပဲဟု ကျွန်မ တွေးမိသည်။ မေမေ့လို ပုံတိုပတ်စ အပြောကောင်းသူ၊ စီကာပတ်ကုံး ဖွဲ့နွဲ့ပြောတတ်သူ မိခင်တွေ၊ အဘွားတွေကို ရရှိကြသူများသည် ကံကောင်းကြသည်ဟု ဆိုရမည်။ လူတိုင်း ကံကောင်းအောင် ရော လုပ်ပေးလို့ မရဘူးလား ... စာအုပ်စာပေ မြတ်နိုးသူတွေ စုစည်းဝိုင်းဖွဲ့၍ စာဖတ်ဝိုင်းတွေ ဆွေးနွေးပွဲလေးတွေကို လက်ဖက်ရည်ကြမ်းဝိုင်းမှာပဲဖြစ်ဖြစ်၊ သစ်ရိပ်အောက်မှာပဲဖြစ်ဖြစ် လုပ်ပေးနိုင်ခဲ့မည်ဆိုလျှင် ဖြစ်နိုင်စရာ အကြောင်းရှိပါသည်။ ယနေ့ခေတ် ကာလမှာတော့ အသိပညာတွေကို သင်ယူဖို့ အခွင့်အလမ်းများစွာ ရှိခဲ့ပြီ။ အိမ်ပြင်တောင် မထွက်ရဘဲ အချင်းချင်း အသိအမြင် ဖလှယ်နိုင်ပြီ။ သင်ယူမှုတွေ များစွာ ပြုနိုင်ခဲ့ပြီ။ ကနဦး စာဖတ်၍ မွေ့ပျော်စိတ်ကလေးရအောင် လုပ်ပေးဖို့သာ လိုအပ်ပါသည်။ ထိုစိတ်ကလေး ရလာဖို့ကတော့ ကလေးဘဝ အစောပိုင်းကာလတွေကို ပိုင်ဆိုင်သူ လက်ဦးဆရာ အမိအဖတို့၏ လုံ့လနှင့် ဝါသနာအပေါ် တည်မှီပါသည်။ ကျွန်မ၏ မေမေကတော့ မေတ္တာအနန္တ၊ အနစ်နာခံမှုများစွာ အနမတဂ္ဂနှင့် ကိုယ်ပိုင်ဘဝကို လုံးလုံးအရှုံးခံကာ သားသမီးတို့ဘဝ ကောင်းစားရေးကို ရှေးရှုလျက် ဘဝကို ပေးဆပ်ခဲ့သူဖြစ်၏။ စာကိုလည်း မွေ့လျော်တတ်သူ ဖြစ်၏။ ကလေးများကိုလည်း စာအုပ်စာပေကြားမှာ မွေ့လျော်သူတွေဖြစ်အောင် ပြုစုပျိုးထောင်တတ်သူ ဖြစ်၏။

ကျွန်မကတော့ မေမေ့ကို မမီပါ။ မေမေ့မေတ္တာကို မမီ၊ မေမေ့ အနစ်နာခံမှုကို မမီ၊ မေမေ့လို ကိုယ်ပိုင်ဘဝ အပျောက်ဆုံးခံကာ သားသမီးတို့ ဘဝအတွက် ကိုယ့်ဘဝတစ်ခုလုံးကို ပုံအပ် ပေးဆပ်နိုင်ခြင်းမျိုး ကျွန်မမှာ မရှိသည်မို့ ကျွန်မ၏ ပျိုးထောင်မှုတွေသည် အရာမရောက်နိုင်သေးတာ ဖြစ်မည်ဟု ကျွန်မ တွေးမိပါသည်။

ခုနေသာ မေမေ သက်ရှိထင်ရှား ရှိနေခဲ့သည်ဆိုလျှင် ကျွန်မ သိမ်းဆည်း စုဆောင်းထားသော စာအုပ်တွေ တောင်ပုံရာပုံကြားမှာ သားအမိ နှစ်ယောက် စာအကြောင်း ပေအကြောင်းတွေ တသောသော ပြောလို့ မကုန်အောင် ရှိနေကြလိမ့်မည်။ ထို့ထက်လည်း ခုနေသာ မေမေများ သက်ရှိထင်ရှား ရှိနေသေးလျှင်ဖြင့် ကျွန်မ စိတ်တိုင်းကျ စာမဖတ်ချင်ကြသေးသည့် သမီးနှင့် သားကို စာမွေ့သူတွေဖြစ်လာအောင် ကလေးတွေကို မေမေ့ရင်ခွင်ထဲသာ ထည့်ပြီး ပုံအပ်လိုက်ချင်ပါရဲ့လေ ...။

**ဝိုင်**

၁၀၊ ၈၊ ၂၀၁၈။

## မေမေ့ရဲ့ညကျောင်း

လှပချိုမြသော ညများစွာကို ကျွန်မ ပိုင်ဆိုင်ခဲ့ဖူးပါသည်။

ထိုညများစွာကို ကျွန်မ တစ်သက်တာလုံးလည်း အမြဲ သတိရနေတတ်လိမ့်မည်။ လွမ်းဆွတ်နေလိမ့်မည်။ ထိုညများစွာကို ကြည်နူးပျော်မွေ့စရာဟု ခံစားထင်မြင်တတ်အောင် ဖန်တီးပေးခဲ့သူက မေမေ ဖြစ်သည်။ တကယ်တော့ ကျွန်မအတွက် အောက်မေ့ဖွယ် ငယ်ဘဝ ညများစွာကို မေမေက လက်ဆောင်အဖြစ် ထားရစ်ခဲ့ပါသည်။

'သင့်ဘဝ တစ်သက်တာတွင် ပထမ အနှစ်နှစ်ဆယ်သည် အရှည်လျားဆုံးသော အချိန်ကာလ ဖြစ်သည်။ တရိပ်ရိပ် သွားနေစဉ်ကလည်း ထိုသို့ပင် မြင်ရသည်။ နောက်ကြောင်းပြန် စဉ်းစားကြည့်လျှင်လည်း ထိုသို့ပင် မြင်ရသည်။ ထိုနှစ်များသည် နှောင်းကာလ နှစ်များထက် ကျွန်တော်တို့၏ မှတ်ဉာဏ်ထဲတွင် ပိုမိုနေရာယူတတ်ကြသည်'ဟု ၁၉ ရာစု အင်္ဂလိပ်ကဗျာဆရာ ရောဘတ်ဆောက်သေး (Robert Southey) က ရေးသားခဲ့ကြောင်း ဖတ်ရသည်။

'လူငယ်ဘဝသည် အချိန်ပြည့် ကာလရှည်လျားသည်ဟု ထင်ရခြင်း

မှာ သင်ယူစရာများ၊ တွေ့ရှိချက်အသစ်များဖြင့် ပြည့်ဝနေသောကြောင့်သာ ဖြစ်ပါသည်' ဟု ဒေါက်တာကျော်စိန်က ဆိုပါသည်။ လက်ရှိ လူ့သက်တမ်းသည် နှစ် ၁၀၀ ဖြစ်လျှင် 'အသက်ငါးနှစ်အရွယ် ကလေးတစ်ဦးအဖို့ တစ်နှစ်ဟူသည် သူ့ဘဝတစ်သက်တာ၏ ၂၀ ရာခိုင်နှုန်းဖြစ်ပြီး၊ အသက် ၅၀ အရွယ် လူကြီးတစ်ဦးအဖို့မူ သူ့ဘဝတစ်သက်တာ၏ ၂ ရာခိုင်နှုန်းသာ ဖြစ်နေပါသည်။ ထို့ကြောင့် ၁ နှစ်ဟူသော အချိန်ကာလသည် လူငယ်တို့အဖို့ ရှည်လျားသလောက် လူကြီးတို့အဖို့မူ တိုတောင်းရခြင်း ဖြစ်သည်' ဟုလည်း အကိုးအကားနှင့် ရှင်းပြထားသည်ကို ဖတ်ရ၏။

ကျွန်မအတွက်တော့ ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် ငယ်ဘဝများကို လန်းလန်းဆတ်ဆတ် ပြက်ပြက်ထင်ထင် အာရုံမှာ မြင်ယောင်၏။ သတိတရရှိ၏။ အောက်မေ့မိတိုင်း အသစ်တစ်ဖန် ပြန်လည်ခံစားရ၏။ လူတစ်ယောက်အတွက် မိသားစုနှင့် အရှည်ကြာဆုံး အတူနေနိုင်သည့် အချိန်သည် ကလေးဘဝသာ ဖြစ်နေခြင်းကြောင့်ဟုလည်း ဆိုနိုင်ပါသည်။ မိသားစု စုံစုံညီညီနှင့် နေရသောဘဝသည် ပျော်စရာအကောင်းဆုံး ဘဝ ဟု ကျွန်မ ထင်သည်။ အကြီးဆုံးကလေး တစ်မြို့တစ်ရွာသို့ တက္ကသိုလ်ပညာ သင်ယူရန် သွားရချိန်မှစပြီး မိသားစုတွင် လူမစုံနိုင်ပြီ။ ကျောင်းပိတ်ရက်များကိုသာ မျှော်ကြရ၏။ ထို့နောက်တော့ အလုပ်အကိုင်များဖြင့် တစ်နယ်တစ်ကျေးသို့ ခွဲခွာကြရပြန်၏။ အိမ်သို့ မကြာခဏ ပြန်မလာနိုင်တော့ပြီ။ တစ်နှစ် တစ်ကြိမ် နှစ်ကြိမ် ဆုံနိုင်ဖို့ အားခဲကြရပြန်၏။ သည်လိုနှင့် မိသားစုတွေ ဝေးကြရသည်။ လွမ်းရ အောက်မေ့ရသည်။

တကယ်တော့ ကလေးများ ငယ်ရွယ်စဉ် မိသားစုဘဝ အချိန်များသည် ဆိုင်ရာမိသားစုအတွက် တန်ဖိုးမဖြတ်နိုင်သော အချိန်မြိန်ဆုံး ဘဝအချိန်တွေသာ ဖြစ်၏။ ထိုဘဝကို ချိုမြအောင် တန်ဖိုးရှိအောင် နေတတ်ဖို့တော့ လိုပါသည်။

ကံကောင်းလှစွာ ကျွန်မဘဝ အစောပိုင်းကာလများကို ပြန်လည်လွမ်းဆွတ်ရလောက်အောင် ချိုမြမွှေးပျံ့သော ငယ်ဘဝအဖြစ် ရရှိခဲ့သည်။ ဖေဖေတို့၊ မေမေတို့ ကျေးဇူးကြောင့်ဟု ဆိုရမည်ဖြစ်သော်လည်း တကယ်က မေမေ့ကြောင့်ဟု တစ်ဦးတည်း အမည်တပ်လိုက်ချင်ပါသည်။ မိမိ

ကိုယ်ပိုင် အတ္တဘဝကို ဖျောက်ပစ်လျက် မိသားစုအတွက် သူ့ဘဝအချိန် အားလုံး ပေးဆပ်ထားသော မေတ္တာတရားကြီးမားသူ မိခင်ကောင်းတစ်ဦး အုပ်ထိန်းသော အိမ်သည် ချိုမြသာယာ၏။ စည်းစည်းလုံးလုံး ရှိ၏။ ပျော်ရွှင်ရယ်မောသံများနှင့် လင်းလက်နေပေသည်။

တကယ်တော့ လွမ်းလောက်ဖွယ် ငယ်ဘဝဟူသည် စွဲလမ်းချစ်ခင်မှုကြောင့်သာ အရောင်တောက်ပနေခြင်း ဖြစ်သည်။ ကျွန်မ၏ ငယ်ဘဝသည် ငွေကြေးမပြည့်မစုံနှင့် ကြီးပြင်းရသောဘဝ ဖြစ်သည်။ သာမန်လက်လုပ်လက်စား ဆင်းရဲသားဘဝတွင် ကျွန်မ ကြီးပြင်း လူလားမြောက်လာခဲ့၏။ သို့သော် ဘဝတွင် ငွေသည် အဓိကမဟုတ်။ ငွေသည် အစစအရာရာ ပြီးမြောက်စေနိုင်ခြင်းမရှိဟု ရဲရဲဝံ့ဝံ့ ယုံယုံကြည်ကြည် ပြောနိုင်လောက်အောင်ပင် ဆင်းရဲသည့်ဘဝမှာ ကျွန်မ ပျော်ရွှင်ချမ်းမြေ့ခဲ့ဖူးလေသည်။ မျှော်လင့် ယုံကြည်ချက်တို့ဖြင့် အနာဂတ်ကို ပုံဖော်ကြိုးစားနိုင်စွမ်းရှိခဲ့၏။ ဆင်းရဲမွဲတေ နွမ်းပါးမှုကြောင့် ဘဝသည် မျှော်လင့်ချက် ဆိတ်သုဉ်းမနေခဲ့ပါ။ ငွေသည် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး ... ကိစ္စအဝဝတွင် မရှိမဖြစ် အရေးပါသည်ကို ကလေးအရွယ်ကပင် ကျွန်မဘဝနှင့်ရင်း၍ သိခဲ့ပြီးဖြစ်သည်။ သို့သော် ပျော်ရွှင်မှု၊ မျှော်လင့်တက်ကြွမှု၊ ဘဝကို နှစ်လိုချိုမြိန်မှုတို့ကိုတော့ အရာရာမှာ အဓိကဖြစ်သည့် ငွေ ... ဆိုသည့်အရာ ချို့တဲ့နေသည့်ကြားကပင် တည်ဆောက်ယူ၍ ရခဲ့ပါသည်။

စိတ်သည် လောကကို ဖန်ဆင်းတတ်၏။

ချိုမြိန်လှပသော ဘဝကိုလည်း သူ ဖန်ဆင်းနိုင်သည်။ ညှိုးရော်ခြောက်ခန်း မရွှင်လန်းသော ဘဝအရှုံးကိုလည်း သူပင် ဖန်တီးနိုင်သည်။ ကျွန်မတို့ငယ်ဘဝတွေကို ချိုမြလှပနေအောင် ထိုစိတ်သတ္တိအစွမ်းကို မေမေကောင်းကောင်း အသုံးချခဲ့သည်ဟု ဆိုနိုင်သည်။ သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ထိုစိတ်ခွန်အားတို့ဖြင့် ကျွန်မတို့ဘဝကို မျှော်လင့်ချက်နှင့် ရှင်သန်တက်ကြွအောင် မေမေ ပြုနိုင်ခဲ့သည်။ ငွေကြေးမွဲတေလှသော်လည်း ပျော်ရွှင်စရာ အဖြစ်အပျက်များကို မေမေ ဖန်တီးပေးတတ်ခဲ့ပါသည်။

တကယ်တော့ မေမေသည် ပညာတတ်တစ်ယောက် မဟုတ်ပါ။

လူတစ်ယောက်၏ဘဝကို ပုံဖော်ပေးသော၊ အစောဆုံး စိတ်ဥပမိ

ရုပ်သွင် တည်ဆောက်နေသော လူ့ဘဝအစောပိုင်းနှစ်များကို မိခင် တစ်ယောက်ကသာ ပိုင်ဆိုင်လေသည်။ မည်မျှ မကောင်းသော ဗီဇစိတ် ပဋိသန္ဓေစိတ်တို့ ပါလာသည်ဖြစ်စေ ပညာဉာဏ်အမြော်အမြင် မြင့်မားမှုနှင့် အတူ စာနာစိတ်နှင့် မြတ်နိုးကြင်နာတတ်သော မိခင်၏ ပုံသွင်းပြုစု ယုယမှု အောက်တွင် လူတစ်ယောက်၏ ဘဝသည် တစ်စတစ်စနှင့် ကောင်းမွန်သော စိတ်နေစရိုက်များသာ ဖွံ့ဖြိုးရှင်သန်လာပေလိမ့်မည်။ အမေတစ်ယောက်၏ တာဝန်သည် အံ့မခန်းဖြစ်၏။ ဒါကြောင့်သာပင် ပုခက်လွှဲသော လက်သည် ကမ္ဘာကို ပြောင်းလဲပစ်နိုင်အောင် တန်ခိုးရှိနေခြင်း ဖြစ်သည်။ ဉာဏ်ပညာကြီးမြင့်၍ အကျင့်သီလ ကောင်းမွန်ပြီး မြင့်မြတ်သော နှလုံးသားနှင့် စာနာ သနားကြင်နာတတ်မှုများဖြင့် ပြည့်ဝသော ပုခက်လွှဲသော လက်များက ထုဆစ်ပုံသွင်း ဖန်တီးပေးခဲ့သော ကလေးတို့သည် တစ်နေ့သော အခါ အကြီးအမှူးပုဂ္ဂိုလ်များအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် ကမ္ဘာလောကကြီးသည် သာယာချမ်းမြေ့လျက် လုံခြုံမှု ရှိနေပေလိမ့်မည်။

အတန်းပညာမရှိပါပဲ နှလုံးရည်ပညာမြင့်မားသော မိခင်တစ်ဦး၏ စွမ်းရည်သည် ဘဝများစွာကို လှပအောင် ဖန်တီးနိုင်ပေ၏။ ပညာပြည့်ဝ နှလုံးလှပါမူ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။

ဘီအေမကြီး၊ ဘွဲ့ရပညာတတ်ကြီး၊ စွမ်းဆောင်ရည်မြင့် အမျိုးသမီးတစ်ဦး ဖြစ်လိုလှသော မေမေသည် အသက် ၁၀ နှစ်အရွယ် စတုတ္ထတန်းအောင် အဆင့်မှာပင် ပညာရေးဆုံးခန်းတိုင်ရရှာသူ ဖြစ်သည်။ ၁၉၃၅ ဝန်းကျင်၊ ထိုခေတ် ထိုအခါက ...

'သမီးမိန်းကလေး သေစာရှင်စာတတ်ရင် တော်ရောပေါ့' ဟူသော တောနေ လူကြီးမိဘ အယူအဆအောက်တွင် မေမေ့ မျှော်လင့်အိပ်မက်များ ပြိုကွဲခဲ့လေသည်။ ထိုခေတ်က ကုန်းဇောင်းမှာ မူလတန်းကျောင်း အထိသာ ရှိခဲ့သည်။ အလယ်တန်းဆင့်သို့ တက်လိုပါက ပွင့်ဖြူမြို့သို့ သွားရမည်။ အမေတစ်ခု သမီးတစ်ခုဘဝမို့ မေမေ့မိခင်က ပညာတော်ပြီး ပညာလိုလားသော သမီးကလေးကို ပညာသင်စေချင်သော်လည်း သူ့ရင်ခွင်မှခွဲ၍ အဝေးတစ်မြို့တစ်ရွာမှာ ကျောင်းမထားလိုသဖြင့် မေမေ တစ်ယောက် ကျောင်းဆက် ပြတ်ခဲ့ရပေသည်။

လိမ္မာသောသမီးမို့ မိဘစကားကို နားထောင်ခဲ့ရသော်လည်း ရင်ထဲမှာ သိုဝှက် ငုပ်လျှိုးထားလိုက်ရသော အတတ်ပညာ သင်ယူလေ့လာလိုစိတ်များကမူ အစဉ်ရှင်သန်နေမြဲ ဖြစ်ခဲ့၏။ ပညာကို ငတ်မွတ်တမ်းတတတ်သူတစ်ဦး၏ ပညာကို ရှာဖွေရယူလိုစိတ် ပြင်းပြမှုသည် သွေးနှလုံးသွေးထဲမှာ စီးဆင်းနေခဲ့၏။ ထို့ကြောင့်ပင် မေမေက သူဖြစ်ခွင့်မရခဲ့သော ပညာတတ်တစ်ယောက် ဘဝကို သူ့သားသမီးများ ရစေရန် သူ့အိပ်မက်ကို လက်ဆင့်ကမ်းခဲ့သည်။ ပညာကို မြတ်နိုးသူ၊ ပညာကို လိုလားနှစ်သက်သူ၊ ပညာကို တန်ဖိုးထားသူ မေမေ၏ အမြဲမပြတ် သွန်သင်ဆုံးမမှုများ၊ ညွှန်ကြားမှုများ၊ လှုံ့ဆော်တိုက်တွန်းမှုများကို နားရည်ဝခဲ့ရသော ကျွန်မတို့တစ်တွေမှာ ပညာကို တန်ဖိုးထား မက်မောစိတ်များ ပူးဝင်ကပ်ငြိလာခဲ့ရသည်။ ထို့ပြင် ဆင်းရဲသော ကျွန်မတို့ဘဝများစွာအတွက် ပညာသည်သာ မျှော်လင့်ချက်ဟု သိမြင်စေခဲ့သည်။ သည်ဘဝ သည်အခြေအနေက ရုန်းကန်ဖောက်ထွက်နိုင်စေမည့် စွမ်းအားအဖြစ် ပညာကို ယုံကြည်ခဲ့သည်။

ထိုမျှော်လင့်ချက် ယုံကြည်ချက်တို့ လက်တွေ့ အကောင်အထည်ဖော်ကာ အောင်မြင်မှုရရှိရန်အတွက် နှစ်ကာလ အချိန်များစွာကြာအောင် ကြိုးစားအားထုတ်မှု အဆင့်ဆင့်၊ ဇွဲလုံ့လဝီရိယနှင့် ခံနိုင်ရည်သတ္တိများကို ရင်း၍ယူမှသာ ရပေမည်။

မေမေ့ အားထုတ်ကြိုးပမ်းမှုများသာ မပါလျှင်၊ ကျွန်မ အစွမ်းအစချည်း သက်သက်မျှသာဆိုလျှင် ယခုလောက်ပင် ကျွန်မ ပညာတတ်ခဲ့မည်မဟုတ်ပါ။ အပျင်းကြီးသူ အပျင်းမဖက်အောင်၊ ဇွဲမရှိသူ ဇွဲလုံ့လရှိလာအောင်၊ ဉာဏ်ရည်မထူးချွန်သူ ဝီရိယကူ၍ ထူးချွန်ထက်မြက်လာအောင်၊ ဉာဏ်ရည်ထူးချွန်သူ ဉာဏ်အားကိုးနှင့် အပျင်းမထူဖြစ်အောင်၊ တော်နိုင်ချေရှိသူ တော်သင့်တော်ထိုက်သူ တော်လာအောင် ကြိုးစားပမ်းစား မမောနိုင် မပန်းနိုင်အောင် မေမေက ဖျောင်းဖျ သွန်သင်ဆုံးမတတ်သည်။ အားပေးစကား ဆိုတတ်သည်။

အတ္တကြီး၊ မာနကြီး၊ အလိုလောဘကြီးပြီး ဒေါသနှင့် ရန်လိုစိတ်ရှိသလောက် အားငယ်တတ်၊ စိတ်ပျော့ညံ့ တွေဝေတတ်သူ ကျွန်မ တစ်ယောက်ကိုဖြင့် မေမေ့မှာ အားအပေးရဆုံးဖြစ်မည် ထင်သည်။ မေမေက

သူ့သားသမီးတွေကို မျှော်လင့်ချက် မြင့်မြင့်မားမား ရှိစေချင်ခဲ့သည်။ မြင့်မြင့်မားမား ဘဝရပ်တည်မှု ရှိစေချင်ခဲ့သည်။ နှစ်စဉ် ကျောင်းမှာ ဆုတွေ တစ်ပွေ့တစ်ပိုက်ကြီး ရလေ့ရှိသော သားသမီးများ၏ ဘဝရှေ့ရေးကို သူ တတ်ကျွမ်းသော မဟာဘုတ်တိုင်ထူနည်းဖြင့် ရှေ့နိမိတ်ကို စူးစမ်းတတ်၏။ သူမျှော်မှန်းသလို ဖြစ်လာနိုင်ခြေ ရှိ မရှိ သေချာအောင် စစ်ကြည့်ချင်တတ်၏။ မျှော်မှန်းသလို ဖြစ်လာနိုင်သော ဇာတာခွင်ဆိုလျှင် မေမေ အမြဲ ပြုံးပျော် ကြည်နူးနေတတ်သည်။

မဟာဘုတ်တိုင်ထူပြီး 'စစ်-သူ-ကြီး-ပွဲ-အောင်-လံ-ထူ' ရယ် လို့ ရွတ်ရွတ်ပြီး မွေးသက္ကရာဇ်ကို နေ့ခုနစ်နေ့မှီ ၇ နှင့်စားကာ ရသော အကြွင်းကို မူတည်ကာ ဇယားကွက်ထဲမှာ နေရာချရ၏။ ကြွင်းသော ဂဏန်း၏ နေ့နံအလိုက် နေရာချသောအခါ ထိုစာလုံးအစဉ်အတိုင်း နေရာချရ၏။ မည်သည့် နေ့နံဂဏန်းသည် မည်သည့်အကွက်ထဲ ရောက်နေသည်ကို ကြည့်ကာ သူ့သားသမီးများ၏ 'အဖွား' တွေကို တွက်ကြည့်လေသည်။ အဓိပတိဖွား၊ မရဏဖွား၊ ဘင်္ဂဖွား၊ သိုက်ဖွား စသည်ဖြင့် တွက်ယူလေသည်။ ဇယားကွက်ထဲက နေ့နံအလိုက်ရှိလာသော ဂဏန်းတွေကို ကြည့်ကာ ဇာတာရှင်၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး စသည့် အခြေအနေများကို အကြမ်းဖျင်း ခန့်မှန်းကြည့်တတ်သည်။

ကိုယ်ဝန်ဆောင်ထားစဉ်ကပင် အိပ်မက်ထဲမှာ ကောင်းကင်က ကြယ်ကလေး နှစ်ပွင့်ကို မက်ခဲ့ရသောကြောင့် ရှားရှားပါးပါး သားယောကျ်ားလေးဖြစ်သူအပေါ် မေမေ မျှော်လင့်၏။ သောကြာသား သောကြာ အဓိပတိဖွား ဟူသော အဖြေကို မေမေ ပီတိတွေနှင့် ကျေနပ်နေတတ်၏။ သူ့အောက် သမီးကိုလည်း နောက်ထပ် မျှော်မှန်းထားသော ကြယ်တစ်ပွင့်မို့ စနေသမီး မရဏဖွားဟု အဖြေထွက်သည်ကို ငယ်စဉ်က ချူချာပေမဲ့ ကြီးရင် ကောင်းစားမှာ၊ ကျော်ကြားမှာဟု ကျေနပ်နေတတ်ပြန်သည်။ ထိုသို့ မဟာဘုတ်တိုင်ထူ၍ ရှေ့ဖြစ်ကို ဟောကိန်းထုတ်တတ်သော မေမေ့ကို ကျွန်မကတော့ ပျော်ရွှင်အောင် လုပ်မပေးနိုင်ခဲ့ပါ။

ကျွန်မက သိုက်ဖွားဆိုပေမဲ့ ပညာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး ဆိုင်ရာ ဂဏန်းနေ့နံများက ဇယားကွက်အောက်ဆုံးတန်းထဲမှာ ရှိနေသဖြင့်

မေမေက ဟောကိန်းထုတ်၏။ 'ပညာရေးလည်း အောက်ကျတယ်၊ ငွေလည်း မပေါနိုင်ဘူးတဲ့ အိမ်ထောင်ဖက်ကလည်း ကိုယ့်ထက် နိမ့်တဲ့သူကိုသာ ရမယ်'ဟု ပြောခဲ့ပါသည်။ ကျွန်မမျက်နှာ တော်တော်ပဲ ပျက်ခဲ့လေသလား မသိ။ စိတ်ပျက်လက်ပျက်ပုံစံကို မထိန်းနိုင်အောင် ရှိခဲ့လေသလား မသိ။ မေမေက ချက်ချင်း စကားဆက်၍ ပြောခဲ့သည်။

'ကြိုးစား သမီး။ ပညာဆိုတာ ကြိုးစားမှ ရတယ်။ ကိုယ်က သိပ်ကြိုးစားထားမှ သမီးထက် နိမ့်တဲ့သူဟာ တော်ရုံရှိမှာ ...' တဲ့။ 'ကိုယ်က နိမ့်ပြီးသားဆိုရင် ကိုယ့်ထက်နိမ့်တဲ့သူဆိုတော့ ပြောဖွယ်ရာမရှိဘူးပေါ့ ...' တဲ့လေ။ 'ကြိုးစားပေါ့ သမီးရယ်။ ဝီရိယအကျိုး ကံထက်ဝက်တဲ့။ ဝီရိယနဲ့ ကြိုးစားထားရင် ကံအကျိုးပေးကောင်းသူရဲ့ တစ်ဝက်တော့ ရနိုင်သေးတယ်'ဟု အားပေးခဲ့ပါသည်။

လောဘကြီးသလောက် စိတ်အပျက်ကြီးပျက်နေသူ ကျွန်မကြောင့် ဖေဖေလည်း မနေသာ။ ဝင်ပြောပေးခဲ့ပါသည်။ ဖေဖေကတော့ ...

'သမီးရယ် ... ဇာတာဆိုတာ ပုံသေ ဘယ်တွက်လို့ ရပ့်မလဲ။ လူပေါင်းအများကြီး ရှိတာ။ နေ့က ခုနစ်နေ့တည်း။ ဒီဇာတာခွင်အတိုင်း လူတွေအများကြီး ရှိကြတာပဲ။ ထပ်တူ ဘယ်ရှိမလဲ။ ဒီအတိုင်း ဖြစ်လာမယ်လို့ မဟုတ်ပါဘူး၊ မမှန်ပါဘူး။ ကုသိုလ်ကံ အကျိုးပေးက ရှိသေးတယ်။ ဘုရားဟောကလွဲရင် ဘယ်အရာမှ မှန်ပြီလို့ တထစ်ချ တွက်လို့မရဘူး။ ကံ၊ ဉာဏ်၊ ဝီရိယနဲ့ ကြိုးစားရင် ဘာမဆို ဖြစ်မှာပဲ။ ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ် မဟုတ်လား။ မကောင်းတဲ့ကံကိုလည်း အကျင့်သီလနဲ့ ဝိပဿနာဉာဏ်တွေနဲ့ အဟောသိကံဖြစ်အောင် ပယ်လို့ရတယ်။ ကောင်းတဲ့ကံ ဖြစ်အောင်လည်း ကြိုးစားအားထုတ်ပြီး ယူနိုင်တယ်။ ကံ ဆိုတာကိုက အားထုတ်မှုပဲ၊ အလုပ်ပဲ'ဟု လောကုတ္တရာနှင့် ဆက်နွယ်ပြီး ရှင်းရင်း အယုံလွန် စိတ်ညစ်မသွားစေရန် ဖြေသိမ့်ပေးခဲ့သည်။

မိဘဆိုတာကတော့ ကိုယ့်သားသမီးတွေကို အကောင်း အမွန်အမြတ်တွေသာ ရစေချင်မှာပေါ့လေ။ ရနိုင်အောင်လည်း ကြိုးစား တိုက်တွန်းတတ်ကြသည်။ မိဘရဲ့ အတ္တဟုပဲပြောပြော၊ သားသမီးအပေါ် ထားသည့် စေတနာ မေတ္တာဟုပဲဆိုဆို မိဘများက သားသမီးဘဝ ကောင်းစားရေးကို

အစဉ်ရှေးရှု၍ ကြံတွေး ပြုလုပ်တတ်ကြသည်သာ ဖြစ်၏။

သားသမီး ပညာရေးနှင့်ပတ်သက်လျှင် မေမေ့မှာ မဆုတ်မနစ်သော ဇွဲရှိသည်ဟု ကျွန်မ ထင်သည်။ တစ်သက်တာ အတိတ်က နေ့ရက်များကို ပြန်ကာ လှမ်းမျှော်ကြည့်လိုက်တော့ မေမေသည် သူ သိသမျှ တတ်သမျှသော ပညာနှင့် ဉာဏ်ရှိသမျှကို အသုံးချ၍ ကျွန်မတို့ဘဝအခြေ မြင့်မားရေးအတွက် တွန်းတင်ပေးတတ်ခဲ့တာ ပြန်မြင်ယောင်ပါသည်။

'ပခုံးနဲ့ထမ်း၊ ခေါင်းနဲ့ရွက်ပို့လို့ရရင် ပို့လိုက်စမ်းချင်တယ်' ဟု ရံခါ မေမေ ညည်းတတ်သည်မှာ ကာယကံရှင်ကိုယ်တိုင် ကြိုးစားယူမှ ရမည့်နေရာသို့ ရောက်စေချင်လွန်းသော မေမေ့မေတ္တာ စေတနာတွေပင် ဖြစ်ပါလိမ့်မည်။ ကိုယ်စီ တတ်စွမ်းသမျှ ပညာရယူနိုင်အောင် မေမေက လှံ့လထုတ်ကာ ကျွန်မတို့မောင်နှမတစ်စုကို ပျိုးထောင်ပေးခဲ့သည်။

ကျောင်းဝတ်စုံနှစ်စုံကိုပဲ အလဲအလှယ်လုပ်ကာ ကျောင်းကပြန်လာလာချင်း ဖွပ်လျှော်လှန်းခဲ့ရသော ကျွန်မတို့၏ ဘဝအခြေအနေသည် ရှက်စရာ မဟုတ်၊ ဂုဏ်ငယ်စရာ မဟုတ်။ သူတစ်ပါးပစ္စည်း အချောင်လိုချင်စိတ် ရှိမှု၊ မျှော်ကိုးမှု၊ ခိုးဝှက်ယူမှု၊ လိမ်လည်လှည့်ဖြားမှု၊ ကုန်းစကားညံ့ဖျင်းသောစကားတွေနှင့် အတင်းအဖျင်းဆိုတတ်မှု၊ ဝ မရှိဘဲ ဝိလုပ်ချင်မှု၊ နေရာတကာ ကိုယ့်ဂုဏ်ကိုဖော်၍ ကိုယ်ရည်သွေးမှု၊ ကြွားဝါမှု … စသည်တို့သာ ရှက်စရာအဖြစ်မျိုးဟု သွန်သင်ပါသည်။

ဆင်းရဲသည့်ဘဝကို ဂုဏ်မငယ်အောင် အားပေးနှစ်သိမ့်သည်။ လူ့တန်ဖိုးသည် ဂုဏ်ပကာသနပေါ်မှာ မတည်။ ကိုယ်ကျင့်တရားပေါ်မှာ တည်ကြောင်း၊ ငွေရှိတိုင်း ရာထူးဂုဏ်ရှိတိုင်း အထင်မကြီးထိုက်ကြောင်း၊ ငွေမရှိဆင်းရဲ ဂုဏ်မမြင့် မွဲသော်လည်း အထင်မသေးအပ်။ ကိုယ်ကျင့်သီလ ကောင်းမွန်လျက် ရိုးသားစွာ ကျင့်ကြံကြိုးစားသူ၏ စိတ်ထား၊ ကိုယ်ကျိုးအတွက် သူတစ်ပါးကို မနင်းချေဘဲ သူတစ်ပါး၏ အခွင့်အရေးကို လုမယူဘဲ၊ သာရာဘက်ကို ပြေးကပ်တတ်သူမဟုတ်ဘဲ ကိုယ်ကျင့်တရားနှင့်အညီ လောကတွင် ရိုးဂုဏ်နှင့်နေတတ်သူသည် ဆင်းရဲပင် ဆင်းရဲသော်ငြား လေးစားအပ် အထင်ကြီးအပ်ကြောင်း၊ ဂုဏ်ရှိသူအစစ် ဖြစ်ကြောင်း မေမေက ရှင်းပြတတ်ပါသည်။

ကြိုးစားက ဘုရားဖြစ်နိုင်တယ် ဆိုသော စကားကို ကိုးကားလျက် ဘဝတွင် ကြိုးစားဖို့ အပျင်းမဖက်ဖို့ အစဉ်အမြဲ တိုက်တွန်းတတ်၏။ မေမေ့ကြောင့် ကျွန်မတို့ ရှိရင်းစွဲထက် ဝီရိယ ပိုထားတတ်ခဲ့ခြင်း ဖြစ်သည်။ လဲလု တည်းတည်း ပြန်လည်ထူမတ်ကာ စိတ်ခွန်အားတို့ ပြန်လည်ဖြည့်တင်းနိုင်ခဲ့သည်သာ ဖြစ်သည်။ အတိုက်အခိုက် အကဲ့အရဲ့ သာမန်လူတို့ အထင်အမြင်များ အောက်တွင် ဘဝကို လက်လျှော့ချင်စိတ်နှင့် စိတ်အား လျော့ကျသွားရသည့် စိတ်အခြေအနေကို ထိန်းချုပ်ကာ ဖွဲထပ်မံတိုးလျက် ယုံကြည် မျှော်လင့်ချက်၊ မိမိကိုယ်ကို လေးစားစိတ်များ မွေးယူလျက် ... ခရီးလမ်းဆုံးသို့တိုင်အောင် ဆက်လျှောက်နိုင်သော သတ္တိကို ရရှိနိုင်ခဲ့သည်မှာလည်း မေမေ့ တွန်းအားများကသာ အဓိကဖြစ်ခဲ့သည်။

ထို့ပြင် ကိုယ့် မရှိဆင်းရဲစာ ထမင်းတစ်နပ်ကို ခွဲဝေ၍ ကိုယ့်ထက်နိမ့်ကျသူကို ပေးကမ်းစွန့်ကြဲတတ်သော၊ ကြင်နာသနားစိတ်နှင့်ယှဉ်သော သဒ္ဓါတရားစိတ် ကျွန်မတို့မှာ မွေးတတ်လာအောင်လည်း မေမေက ကျွန်မတို့ကို အလေ့အကျင့်လုပ်ပေးခဲ့သည်။ ကိုယ့်မှာ လုံခြုံပြည့်စုံအောင် အထည်များများ မရှိပါဘဲ သုံးစွဲလက်စ အဝတ်အထည်ဟောင်းအချို့ကို ကိုယ့်ထက် နွမ်းပါးသူများ၊ ဒုက္ခရောက်နေသူများအား စွန့်ကြဲပေးကမ်းတတ်သော အလေ့ကိုလည်း မေမေက သင်ပေးခဲ့သည်။ မွဲလို့၊ ငွေမရှိလို့ စည်ကြီးပြောကြီး တီး၍ မလှူနိုင်သော်လည်း ကိုယ့်ပိုင်ဆိုင်မှုကို အခြားသူအား ခွဲဝေပေးလိုက်နိုင်သော စေတနာအလှူကို တန်ဖိုးထားတတ်အောင် မေမေကပဲ သင်ပေးခဲ့သည်။

ထိုသို့ သွန်သင်နေသော်လည်း သူ ပညာမတတ်ရှာပါ။ သို့သော် သူ့အသိဉာဏ်နှင့် သူ့ပတ်ဝန်းကျင်မှ သားသမီး၊ တူ၊ တူမ၊ မိတ်ဆွေ၊ ဆွေမျိုး၊ ရဟန်းသံဃာ စသူတို့ထံမှ နေ့စဉ်ကြားသိရသမျှတွေကို လေ့လာမှတ်သားလျက် တိုးပွားလာသော အသိပညာ ဗဟုသုတ၊ ဖတ်မှတ်ရသော စာအုပ်စာပေမှ ပညာဗဟုသုတ အတွေ့အကြုံများကို သိမ်းပိုက်ကာ မေမေက ကျွန်မတို့ကို ကောင်းကောင်း လမ်းညွှန်ပေးခဲ့ခြင်း ဖြစ်ပါသည်။ မေမေသည် သင်ကြားပို့ချသူ ဖြစ်ရုံမက ကိုယ်တိုင်သင်ယူလေ့လာနေသူလည်း ဖြစ်သည်။ မေမေသည် တစ်သက်တာ ကျောင်းသားတစ်ဦးလည်း ဖြစ်ပါသည်။

ကိုယ်ကျင့်တရား၊ စိတ်ဓာတ်ရေးရာ အကျင့်စာရိတ္တ၊ ဘဝရပ်တည်ချက် ခံယူချက်များအတွက် မေမေက စံထားထိုက်သူများကို ညွှန်း၍ သွန်သင်တတ်သည်။ အားကျထိုက်သူကို အားကျစေရန် မေမေက သိုင်းဝိုင်းဖွဲ့နွဲ့ပြောတတ်ပါသည်။ အထင်အမြင်သေးဖွယ်ရာ ကဲ့ရဲ့ထိုက်သည်များကို ကဲ့ရဲ့ရင်း ထိုအဖြစ်မျိုးက လွတ်ကင်းအောင် ထိုသူ ရုန်းထွက်သင့်ကြောင်း၊ စိတ်ခွန်အား ဘဝသတ္တိရှိဖို့ လိုကြောင်းတွေကို ထိုသူ၏ ဘဝပေး အခြေအနေနှင့် ဘက်ပေါင်းစုံကို ရှုထောင့်များစွာနှင့် ကြည့်မြင်ပြီး နှိုင်းနှိုင်းဆဆ ပြောတတ်ပါသည်။ မေမေ ညွှန်းဆိုသူများသည် ကျွန်မတို့မြို့က ရပ်သူရပ်သားများလည်း ဖြစ်တတ်သည်။ မေမေ့ရွာက ရပ်ဆွေရပ်မျိုးများလည်း ဖြစ်တတ်သည်။ မေမေ လေ့လာဖတ်ရှုထားသော စာအုပ်စာပေ၊ ဝတ္ထုများထဲက ဇာတ်ကောင်များလည်း ဖြစ်တတ်ပါသည်။

လမ်းသွားရင်း၊ ဈေးဝယ်ရင်း၊ တရားနာရင်း၊ ဥပုသ်စောင့်ရင်း ... မည်သည့်အချိန်မျိုးမဆို ကြုံတွေ့ရသော လူ့သဘာဝ လူ့လောက လူ့စိတ်ဓာတ်များကို မေမေက ညွှန်ပြ ထောက်ပြတတ်သည်။ ကျွန်မတို့က ဆင်းရဲမွဲတေသူများ ဖြစ်ခြင်းကြောင့်၊ ရာထူးဂုဏ်သိမ်မဲ့သူများ ဖြစ်ခြင်းကြောင့်လည်း လူတွေရဲ့ စိတ်ရင်းအမှန်အတိုင်း မထောက်မညှာ မကွယ်မဝှက် ပြောဆိုဆက်ဆံတတ်ခြင်းကို ခံစားသိရှိခွင့်ရလေသည်။ စိတ်ရင်းအတိုင်း အထင်အမြင်သေးလျှင် သေးသည့်အတိုင်း နှိမ့်ချ၍ ဆင်းရဲသားကို ဆက်ဆံတတ်သူများသည် ရာထူးဂုဏ်သိမ်ရှိန်ဝါရှိသူများကိုတော့ မိမိ အတွင်းစိတ်ကို ကွယ်ဝှက်ကာ ဟန်ဆောင်၍ ချိုသာပြေပြစ်စွာ ကြည့်ကောင်း ကြားကောင်းရန် ပြောတတ်ကြသည် မဟုတ်ပါလား။

လောကမှာ လူဆိုသည်က မျက်နှာကြီးရာ ဟင်းဖတ်ပါတတ်သည့် သဘော ရှိကြ၏။ သာရာ စီးတတ်သူတွေ ပေါလှ၏။ ပိုက်ဆံရှိသူ၊ ရာထူးရှိသူကို ဖက်လှဲတကင်း အရေးတယူပြုတတ်၏။ ငွေမဲ့ဂုဏ်မဲ့ ဖြစ်လျှင်မူ ဝေးဝေးကပင် ရှောင်ချင်တတ်ကြပါသည်။

မေမေသည် လယ်ပိုင်ရှင့်သမီး၊ ကုမ္ပဏီပိုင်ရှင် ရေနံတွင်းပိုင် ကုန်သည်ပွဲစား၏ ဇနီးအဖြစ် လူချမ်းသာ ဘဝမှာ နေလာခဲ့သူဖြစ်၏။ ထိုမှ တစ်ဖန် အောက်ဆုံးအလွှာမှာ လက်လုပ်လက်စား ဆင်းရဲသား နာရီပြင်

ဆရာ၏ မိန်းမဘဝဖြင့် နေရသူဖြစ်ခြင်းတို့ကြောင့် မေမေ့ရှေ့က မျက်နှာတွေသည် အခြေအနေ အချိန်အခါမတူသဖြင့် 'ပြုံးရာက အို'သွားတတ်ကြသည်များ တွေ့ဖူးလှပြီဖြစ်ပါလိမ့်မည်။ ရွှန်းရွှန်းဝေဝေတတ်သော နှုတ်ခမ်းများဆီက တစ်ချိန်က 'ပွဲကတော်ရယ်' 'မမငြိမ်ရယ်'ဟု အစချီချီ ပြောလာသော စကားသံများ တိတ်ဆိတ်ကာ လမ်းမှာ မျက်နှာချင်းဆိုင် အတွေ့လူကို နှုတ်ဆက်ရမှာပင် စိုးသဖြင့် မျက်နှာကို တဘက်စနှင့် ကွယ်လိုကွယ်၊ မျက်နှာကို လက်ဖြင့် နေကာဟန်ပြုလျက် ကာလိုကာ စသည်တို့ကဲ့သို့ စိတ်ထားမမှန်သူများ၏ လူ့သဘော လူ့မနောအကြောင်းကိုလည်း မေမေပင် ပြောပြရင်း သင်ကြားပေးခဲ့သည်။

ထို့အတူ မေမေ ချမ်းသာစဉ်က မေမေက ကျေးဇူးပြုခဲ့ဖူးသူများထဲမှ တချို့နှင့် မေမေနိမ့်ပါးချိန် ပြန်လည်တွေ့ကြုံရသည့်အခါ ဖက်လဲတကင်း နှုတ်ဆက်၊ အခြေအနေနိမ့်ပါးမှုကို စိတ်မကောင်းတွေဖြစ်၊ သူတို့တတ်နိုင်သမျှ ပစ္စည်းကလေးတွေကို လက်ဆောင်အဖြစ်ပေးကာ တစ်ခါက မေမေ့ ကျေးဇူးတွေအကြောင်း လူသိရှင်ကြား တဖွဖွ ပြောတတ်ကြသူများလည်း ရှိ၏။ ထိုသူများနှင့် မေမေ တွေ့ကြုံလာရလျှင် ကျေနပ်ပီတိတွေ ဖြစ်ကာ ထိုသူကို ချီးမွမ်း၏။ ထိုသူ၏စိတ်ကို အလေးအမြတ်ပြု၏။ မိတ်ဆွေကောင်းဟုလည်း သတ်မှတ်တတ်ပါသည်။

ရာထူးဂုဏ်သိမ် အရှိန်အဝါနှင့် မနဥစ္စာချမ်းသာနေစဉ်က အနားမှာ ဝိုင်းလျက် ကပ်လျက် မြှောက်ပင့်ကာ ချစ်ခင်ဟန်ပြနေတတ်သူများသည် အဆောင်အယောင်မဲ့၊ ရာထူးဂုဏ်သိမ်မဲ့၊ ငွေကြေးဆုံးပါး နိမ့်ကျသွားချိန် မျိုးမှာတော့ သိဖူးကျွမ်းဖူးဟန်ပင် မပြ။ အဝေးသို့ ရှောင်ခွာပစ်ပယ်တတ်ကြသူများ ဖြစ်လာကြလျှင် ထိုသူများသည် မိတ်ဆွေမဟုတ်၊ သာပေါင်းညာစားတွေဟု မေမေက ဆိုပါသည်။

ဘဝတွင် အတိဒုက္ခရောက်သည့်တိုင် ဖယ်ခွာမသွားဘဲ ခင်မင်မြဲခင်မင်လျက်၊ လေးစားမြဲလေးစားလျက်၊ အကျိုးကို လိုလားမြဲ လိုလားလျက်ရှိကာ ကျန်ရစ်ခဲ့သူများသည်သာ မိတ်ဆွေစစ်ဟု မေမေက ညွှန်းဆိုပါသည်။ ထိုသူများသည်သာ ကောင်းတူဆိုးဖက်၊ ဒုက္ခခံစရာရှိ အတူခံ၊ စံစရာရှိ အတူစံကာ စိတ်ရင်းအမှန်နှင့် ခင်မင်သော မြတ်နိုးအပ်သော

မိတ်ဆွေစစ်ဟုလည်း မိတ်ဆွေတု၊ မိတ်ဆွေစစ်အကြောင်း သင်ပြပေးပြန်ပါသည်။

မေမေ့ အသင်အကြားတွေကို မေမေ့အနီးမှာ အနေရဆုံးမို့ ကျွန်မက နားအထောင်ရဆုံး ဖြစ်နိုင်သည်။ ကြုံလာရသမျှ လက်တွေ့အဖြစ်အပျက်များထဲမှ သင်ကြားဆုံးမစရာမြင်လျှင် မေမေက မဆုတ်မဆိုင်း သင်သည်။ အချို့သော မပြောသာသေးသည်များကို ထိုနေ့ည မိသားစုစကားဝိုင်းတွင် ပြန်လည်ကောက်ယူ ပြောပြလျက် သွန်သင်တတ်ပါသည်။

ကျွန်မက အငယ်ဆုံးမို့ မေမေ့လက်တိုလက်တောင်း အခိုင်းအခံရဆုံးသူ ဖြစ်သည်။ မေမေနှင့် ဈေးအတူ အလိုက်ရဆုံးသူ ဖြစ်၏။ ပြည်သူ့ဆိုင်မှာ တန်းစီတိုးရင်း ဆန်၊ ဆီ၊ ဆပ်ပြာ၊ ပိတ်စများ ထုတ်ခဲ့ရသူ ဖြစ်သည်။ မေမေ့အပြင် ဖေဖေ့လက်ထောက်လည်း ဖြစ်ပြန်၏။ ဖေဖေ ပြင်ပေးလိုက်သော စားပွဲတင်နာရီ၊ လက်ပတ်နာရီ၊ ရံခါ မျက်နှာပြင် ရှစ်မြှောင့်ပုံရှိသော မေးရှည် တိုင်ကပ်နာရီကြီးများကို အစ်မငယ် နွယ်နွယ်နှင့်အတူ သယ်ပိုးကာ ပိုင်ရှင်များထံ သွားပို့ရင်း ပြင်ခတောင်းခံသော အလုပ်ကို လုပ်ရ၏။ နာရီပိုင်ရှင်များသည် စေးနှဲသောသူဌေး လူပျိုကြီး၊ အပျိုကြီး၊ အဘိုးအဘွားအရွယ်များ ဖြစ်တတ်သည်။ တွင်းရိုးတွင်းစား ဂုဏ်မြင့်သူများ ဖြစ်တတ်သည်။ ကျွန်မတို့ရပ်ကွက်ထိပ်က ဆေးခန်းမှာထိုင်သော သိက္ခာသမာဓိ တည်ကြည်သော ဆရာဝန်ကြီး ဖြစ်တတ်သည်။ ကျောင်းဆရာကြီးများ ဖြစ်တတ်သည်။ အစိုးရရှေ့နေကြီး ဖြစ်တတ်သည်။ မြန်မာစကားမပီသော တရုတ်ကုန်သည်ကြီး ဖြစ်တတ်သည်။ ပွဲရုံလုပ်ငန်းများနှင့် အလုပ်များလှသော ပွဲစားကြီး ဖြစ်နေတတ်သည်။ ရံဖန်ရံခါ ဘုန်းတော်ကြီးကျောင်းမှ စာချ တိုက်အုပ်ဆရာတော်ကြီး ဖြစ်နေပြန်ပါသည်။ ထို့ပြင် ဖေဖေ စေခိုင်းတတ်သော အလုပ်တချို့ ရှိသေးသည်။

ရပ်ကွက်ထဲရှိ လမ်းမီးတိုင်၊ ရေဘုံပိုင် စသည်တို့၏ အပျက်အစီးကိစ္စများကို ဆိုင်ရာရုံးကို တင်ပြ၊ ပြုပြင်ရန် ခေါ်ယူဆောင်ရွက်ဖို့ ဖေဖေက ကြီးမှူးပြီး စီမံပေးသည့်အခါ အားလုံးပြီးစီး၍ ပစ္စည်းခ၊ လက်ခ စသည့် စုပေါင်းကုန်ကျစရိတ်များကို အချိုးကျထည့်နိုင်ရန် စာရင်းနှင့်တကွ တင်ပြထားသော ဖေဖေ့ ငွေစာရင်းရှင်းတမ်းနှင့် ငွေကောက်ခံစာကို ကိုင်လျက်

တစ်အိမ်ဝင် တစ်အိမ်ထွက် လိုက်လံရှင်းပြ ငွေကောက်ခံရသည့်အလုပ်ကို လည်း ကျွန်မပင် လုပ်ရလေသည်။ ထိုအဖြစ်များကြောင့် လူအမျိုးမျိုး စိတ်အထွေထွေကို ကလေးဘဝကပင် ကျွန်မ သိရှိခဲ့ရပေသည်။

နေ့အခါ တွေ့ကြုံလာခဲ့ကြရသော အဖြစ်အပျက် အခက်အခဲ ပြဿနာကိစ္စရပ်များကို ညဦးအချိန် ကျွန်မတို့ မိသားတစ်စု၏ စကားဝိုင်း၌ ပြန်လည်တင်ပြ ပြောပြရင်း ဆွေးနွေးအဖြေရှာခြင်း၊ ကောက်ချက်ချခြင်း များ ပြုလေ့ရှိပါသည်။ လူ့စိတ်သဘာဝများကို ရှုမြင်သုံးသပ်တတ်သော အလေ့အထကို ငယ်စဉ်ကပင် ကျွန်မ ရခဲ့သည်ဟု ဆိုရပေတော့မည်။

အတွေ့အကြုံ ခါးသီးခြင်းတွေမှ သင်ခန်းစာတွေ ရခဲ့သည်။ ရယ်မောဖွယ်ရာတွေ တွေ့ခဲ့ရသည်။ မခံချင်စိတ်နှင့် မာနတွေ တလူလူ ထကာ အမြင့်အဖျားသို့ ရောက်အောင် ကြိုးစားချင်စိတ်၊ ကိုယ်က တစ်ဖန် ပြန်လည် ငုံ့ကြည့်လိုစိတ်တွေ ပေါ်ခဲ့ရသည်။ မေမေ ဖေဖေတို့က စိတ်ဒဏ်ရာများ ကို ဖြေဖျောက်ပေးကာ လောကသဘာဝ လူ့သဘာဝများကို သိနားလည် အောင် ရှင်းပြပေးခဲ့ပါသည်။ အရှိတရားတွေကြားမှာ နေလျက် အရှိတရား အတိုင်း လက်ခံလျက် မျှော်လင့်ရာ ဘဝအခြေသို့ရောက်အောင် ကြိုးစား တည်ဆောက်ဖို့ စိတ်ထားတတ်ဖို့များကို သင်ပြညွှန်ကြားပေးခဲ့ပါသည်။

ဤနည်းဖြင့် ကျွန်မမှာ ဘဝနေနည်းပညာကို မေမေ့ထံက လေ့လာ သင်ယူနေမှန်း မသိ သင်ယူနေခဲ့ရပေသည်။

အလေ့အထတစ်ခုပမာ နေ့စဉ်ပြုခဲ့ကြသည့် ထိုမိသားစုစကားဝိုင်း ကို မေမေက စတင်ခဲ့ခြင်း ဖြစ်ပါသည်။ ကျွန်မ ကြီးပြင်းချိန်၌ ကျွန်မတို့ အိမ်ကလေးမှာ လျှပ်စစ်မီး မရှိတော့ပါ။ ရေနံဆီ ဖန်မီးအိမ်ကလေးသာ ရှိ၏။ ညအချိန် အရေးပေါ်နှင့် စာကျက်ရန်၊ အလုပ်လုပ်ရန်တို့အတွက်သာ ဖန်မီးအိမ်ကလေးကို အသုံးပြုရ၏။ ရေနံဆီဖိုးကို ချွေတာရ၏။ ထိုသို့ သော ဘဝအခြေအနေတွင် ညချမ်းအချိန်များ၌ မီးအိမ်မထွန်းဘဲ ကြယ် ရောင် လရောင် မှိန်ပျပျ လမ်းမီးတိုင်အလင်း ခပ်မှုန်မှုန်ဖြင့်ပင် မိသားစု ပျော်စရာစကားဝိုင်းကို မေမေ ဖန်တီး၏။ နွေညများတွင် အိမ်ရှေ့ကွက် လပ်က သံခုတင်ကြီးမှာ ဝိုင်းဖွဲ့စုဝေး၏။ ဆောင်းညများဖြစ်လျှင်တော့ သံဒယ်အိုးအဟောင်းကြီးကို အဖြူရောင်ရွှံ့မြေများဖြင့် မွမ်းမံပြုပြင်ထား

သော ပြာထူထူခင်းထားသည့် မီးလင်းဖိုကြီးနံဘေးမှာ ဝိုင်း၍ ထိုင်တတ်ကြသည်။ ထိုညချမ်းအချိန်များသည် အလင်းရောင် မလိုအပ်သော ပုံပြောချိန်၊ စုဝေးစကားပြောချိန်၊ သက်ကြီးစကား သက်ငယ်ကြားနာချိန် ဖြစ်ခဲ့သည်။

မိသားစု လူတကယ်စုံသည့်အချိန်မှာ ညစာစားပြီးချိန်သာ ဖြစ်သည်။ ဖေဖေလည်း အလုပ်စားပွဲ သိမ်းပြီ။ မေမေလည်း ချက်မှုပြုတ်မှု၊ ဖွပ်မှုလျှော်မှု၊ လှည်းကျင်းဆေးကြောမှုတွေ ပြီးပြီ။ ကျွန်မတို့ ကလေးများလည်း စာကျက်မှတ်ပြီးပြီ။ အတန်းကြီးသူတချို့ လေ့လာကျက်မှတ်မှုခဏအနားပေးချိန် အားလုံး မိသားစုစကားဝိုင်းသို့ ရောက်လာကြသည်။ ရေနံဆီဖိုး ငဲ့ညှာသောအားဖြင့် နေ့အလင်းရောင်အောက်မှာ ညနေကျောင်းပြန်ချိန်ကတိုင် စာပေကျက်မှတ်ကာ အိမ်စာအလုပ်များ လုပ်ခဲ့ကြသည်မို့ ညစာစားပြီးချိန်မှာတော့ ခဏနားကြသည်။ ဆက်လက်ကျက်မှတ်ရန် အရေးကြီးသူများကမူ စာကြည့်စားပွဲမှ မထနိုင်။ တာဝန်ပြီးမှသာ မီးအိမ်ကို ငြိမ်း၍ စကားဝိုင်းသို့ ဝင်ထိုင်တတ်ပါသည်။ ကျွန်မကတော့ ကျောင်းစာမပြီးသေးလျှင်ပင် စာကျက်ပျင်းသည်နှင့် ရောကာ မီးအိမ်ဘေးမှ ဖယ်ခွာခဲ့လျက် မေမေတို့စကားဝိုင်းသို့ အပြေးလာတတ်ခဲ့သည်။ စာကျက်ပျင်းခြင်းတစ်ခုတည်းကြောင့်မူ မဟုတ်ပါ။ ကျွန်မသည် မေမေတို့ ပြောပြသည့် လူ့ဘဝတွေအကြောင်း စိတ်ဝင်စားသူ ဖြစ်၏။ ဘဝ၏အလှည့်အပြောင်းအချိုးအကွေ့များ၊ အချို့သော လူ့စိတ်သဘာဝများ၊ လူ့ခံစားချက်များ၊ ဘဝဒဏ်ကို ရုန်းကန်အားတင်းရင်း ကြံ့ကြံ့ခံရပ်တည်နိုင်ခဲ့ခြင်းများ၊ အချို့မှာ နာလံမထူနိုင်အောင် အရှုံးကြီးရှုံးကာ ဘဝပျက်သွားရသူများ စသည်ဖြင့် လူတွေအကြောင်းကို ပုံပြောသလို ပြောပြတာ ကြားချင်သည်။ စိတ်ဝင်စားသည်။

သည်လိုနှင့် ကျွန်မသည် စာအုပ်ထဲက လူ့ဘဝ လူ့အကြောင်းတွေ မဖတ်တတ်သေးခင် စာအုပ်စာပေတွေကို ဖတ်ရှုမွေ့လျော်မည့်သူတစ်ဦးဘဝသို့ ရောက်စေမည့် အဓိကစေ့ဆော်ချက်ဖြစ်သော မေမေ့ပုံပြင်များကို စွဲမက်သူတစ်ယောက် ဖြစ်လာခဲ့ပါသည်။

ဆောင်းညများတွင် မီးလင်းဖိုဘေးမှာ စု၍ ဝိုင်း၍ မီးလှုံရင်း၊

ထန်းမြစ်ဖုတ်၊ ပြောင်းဖူးဖုတ် စားကြရင်း၊ ရေနွေးကြမ်းသောက်ရင်း ထွေရာလေးပါး စကားစုဝေးပြောကြ၏။ မီးလင်းဖိုသည် ဖေဖေ့အလုပ်စားပွဲရှေ့က အိမ်၏ဧည့်ခန်းအစွန်ဆုံး ထောင့်ချိုးမှာ ရှိသည်။ မိသားစု ဝိုင်းဖွဲ့ရာ ညချမ်းအချိန်လေးသည် သက်ကြီးစကား သက်ငယ်ကြားရသောအချိန် ဖြစ်သည်။ ပုံဝတ္ထုများပြောချိန် ဖြစ်သည်။ ထွေရာလေးပါး ပြောစကားတွေထဲမှာ ရှေးဟောင်းနှောင်းဖြစ်တွေ ပါသည်။ ရှေးခေတ်ဟောင်း အောက်မေ့ဖွယ်တွေ ပါသည်။' ဟိုစဉ်ကာလက ဖေဖေတို့ မေမေတို့ ရွှေထီးဆောင်းကာလဟု ခေါ်ရမည့် လူချမ်းသာဘဝက နေထိုင်ကြုံတွေ့ခဲ့သည့် အမှတ်တရ အဖြစ်များ ပါသည်။ ပြည်သူပိုင်သိမ်းသည့်နေ့ အတွေ့အကြုံများ ပါသည်။ ထိုနေရာလေးသည် ဗဟုသုတဖြန့်ဝေရာ၊ တပျော်တပါး စကားထာ ဝှက်ရာ၊ တစ်ဦးနှင့်တစ်ဦး တိုင်ပင်ဆွေးနွေးရာ၊ မကျေနပ်သည်တို့ ရင်ဖွင့်ရာ၊ မိသားစုမေတ္တာ ဖလှယ်ရာ ... နွေးထွေးသောနေရာကလေးလည်း ဖြစ်သည်။ ရံခါတော့လည်း သက်ငယ်ပြဿနာ သက်ကြီး အဖြေရှာပေးရချိန်လည်း ဖြစ်တတ်ပြန်သည်။ သားသမီးတို့၏ ကိစ္စအဝဝ၊ ပြဿနာအဖုံဖုံကို တင်ပြတောင်းခံသည့်အခါ ကူညီစဉ်းစား အဖြေရှာ အဆုံးအဖြတ်ပြုပေးတတ်ပါသည်။ ထုံးစံအတိုင်း အမေးအမြန်းအထူဆုံး၊ အတွန့်အတက်ဆုံးက ကျွန်မဖြစ်သည်။ အငယ်ဆုံးဆိုတော့လည်း အညာတာခံရစမြဲ၊ အရေးပေးခံရစမြဲဖြစ်ကာ ကြီးသူများက ဗွေမယူတတ်ကြသည်မို့ ကျွန်မက ပေါက်ပေါက်ရှာရှာတွေ မေးတတ်၏။

ကျောင်းသင် ပထဝီဝင်ဖတ်စာထဲက သင်ခန်းစာတွေ ကျက်မှတ်ရင်း နားမလည်နိုင်သည်များကို ထိုစကားဝိုင်းမှာ ဝင်မေးတတ်၏။ နေ့နှင့်ည ဖြစ်ပေါ်ပုံ၊ ကမ္ဘာကြီး ၂၃ ½ ဒီဂရီ တိမ်းစောင်းနေပုံတို့နှင့် ရာသီဥတုဖြစ်ပေါ်ပုံတွေ ကျွန်မမှာ မရှင်းလင်းပါ။ စိတ်ထဲမှာ မရှင်းလင်းသမျှ စာကိုသည်အတိုင်း အာဂုံဆောင်မကျက်တတ်သူမို့ ကျွန်မတွက် အဓိပ္ပာယ်ရှင်းလင်းစွာ သိရဖို့သည် အရေးကြီးလှ၏။ ကျောင်းသင်ခန်းစာနှင့် တိုက်ရိုက်မသက်ဆိုင်သော်လည်း ကျွန်မ သိလိုသည်များ ရှိလေတိုင်း မေးတတ်၏။ 'ကောင်းကင်ထဲက ကြယ်တချို့ဟာ လင်းလက်ရှံသာရှိပြီး၊ တချို့ကြယ်က တဖျပ်ဖျပ် တောက်ပနေတာ ဘာကြောင့်လဲ'၊ 'ကြယ်ကလေးတွေ ကြွေတော့

ဘယ်ရောက်သွားလဲ၊ 'ကြယ်တံခွန်ဆိုတာ ဘာလဲ'၊ 'ဥက္ကာပျံဆိုတာ ဘာလဲ'၊ 'ကမ္ဘာကြီးက စောင်းလည်း စောင်းသေး၊ လည်လည်း လည်သေး၊ ဘာလို့ လူတွေက မလဲဘဲ၊ မမူးဘဲ သည်အတိုင်း ရပ်လို့ ရနေတာလဲ'၊ 'ပိုးစုန်းကြူး လေးတွေ ဘာလို့ လင်းရသလဲ' အစရှိသော သည့်ထက်မက များပြားလှစွာ သော ပေါ့လီလှသော မေးခွန်းများကို ကျွန်မက ကလေးမို့ ကလေးတွေး နှင့် မေးတတ်သည်။ လူကြီးတွေအဖို့ ရယ်ပင် ရယ်စရာကောင်းမည့် မေးခွန်း တွေလည်း ပါတတ်ပါသည်။ အတန်းထဲမှာ ဆရာ့ကို မမေးဝံ့ မမေးရဲသော မေးခွန်းများ၊ မေးချင်စိတ်ပေါ်ခဲ့သည်များကို ည မိသားစုစကားဝိုင်းကျမှ မေးမိခြင်း ဖြစ်သည်။

ပထဝီနှင့် သိပ္ပံဆိုင်ရာ မေးခွန်းမျိုးကို အစ်ကို အစ်မများကလည်း ရှင်းပြပေးတတ်သည်။ သဘာဝသိပ္ပံပညာ၊ အာကာသသိပ္ပံပညာများ စိတ်ဝင်စားသော ဖေဖေကလည်း နေ လ ဂြိုဟ်များနှင့် စကြဝဠာအကြောင်း ပါရှိသည့် သမာမိတ္တမြေပုံစာအုပ်နှင့် လူထုသိပ္ပံကျမ်းစာအုပ်များကို သွား ယူပြီး ပုံများနှင့်တကွ ရှင်းပြပါသည်။ ကျွန်မ အမေးအမြန်း ထူသည့်အတွက် မိဘ အစ်ကို အစ်မများက 'ဟာ ... ဒီကောင်မလေး၊ တယ် အမေးအမြန်း ထူတာပဲ၊ ဒီတိုင်း မှတ်ထားလိုက်၊ ပြီးနေတဲ့ဟာ'ဟု တစ်ကြိမ် တစ်ခါမျှ မအော်မငေါက် အပြစ်မဆိုခဲ့ဖူးပါ။ တစ်ခုတော့ ရှိသည်။ အရေးကြီးသည့် အကြောင်းအရာများ သူတို့ပြောဆိုနေကြခိုက် ကျွန်မက ကိုယ် မေးချင် သည့် မေးခွန်းလေး မေ့မသွားခင် အလိုက်မသိ ကြားဖြတ်ဝင်မေးလိုက် သည့်အခါ ကျွန်မကို ပြုံးစိစိနှင့်ကြည့်ကာ 'ဩော် ... ဒီဆေးရိုးသည်က တစ်မှောင့်'ဟု အစ်ကိုက စတတ်ပါသည်။

'စိန်ကောင်းကျောက်ကောင်း ရောင်းဝယ်သည့်နေရာ ဆေးရိုးသည် က ကန့်လန့် ကန့်လန့် ...' ဆိုသောစကားကို ရည်ညွှန်း စလိုက်မှန်း ကျွန်မ သိပေမဲ့ ကျွန်မ သိလိုသမျှ မေးလိုက်ရလျှင် ကျေနပ်နေသည်သာ ဖြစ်၏။ လက်ရှိ ကျွန်မ၏ အတန်းပညာ သုံးတန်းလေးတန်းစာမကသော ဗဟုသုတ များကို ကျွန်မ မြည်းစမ်းခွင့်ရသည်ကိုလည်း ပျော်နေသည်။ စာမေးပွဲပြန်ဖြေ စရာ မလိုဘဲ သိလိုသမျှ အကြောင်းအရာတွေကို ရှာဖွေလေ့လာ ဖတ်ရှုရ ခြင်းကို နှစ်သက်နေမိသည်။ ကမ္ဘာ့မြေပုံစာအုပ်မျိုး၊ လူထုသိပ္ပံကျမ်း၊ စွယ်စုံ

ကျမ်းလို စာအုပ်များကို ကိုယ်တိုင် ရှာဖွေဖတ်ရှုဖို့ စိတ်ဝင်စားလာတော့သည်။ တစ်နည်းအားဖြင့်တော့ မိသားစုစကားဝိုင်းလေးသည် ကျွန်မ၏ သိလိုစိတ်တွေကို နှိုးဆွပေးနိုင်သောနေရာ၊ ပညာရှာမှီးလိုစိတ်တွေ ပေါက်ဖွားစေသော နေရာဟု ဆိုနိုင်ပါသည်။

ဖေဖေကလည်း ပညာကို အားပေးသူသာ ဖြစ်သည်မို့ လောကီသိပ္ပံကျမ်းစာများ၊ လောကုတ္တရာစာအုပ်စာပေများကို ဖတ်ရှုသိရှိထားသမျှ အသိဖြန့်ဝေတတ်ပါသည်။ ဖေဖေက ငါးရာငါးဆယ်ဇာတ်၊ ဗုဒ္ဓဝင်၊ မင်းဘူးဦးသြဘာသ၏ ဇာတ်ကြီးဆယ်ဘွဲ့မှ အချို့ဇာတ်တော်များ၊ ကာလီဒါသလျှောက်ထုံး၊ အမတ်ကြီး ဦးပေါ်ဦး လျှောက်ထုံး၊ အယူတော်မင်္ဂလာလျှောက်ထုံး စသည်များ၊ စကားတောင်စားဝတ္ထု၊ ချီပါသားနှင့် ပခန်းသား၊ လုတောသားစကား စသည်များကို ဗဟုသုတရစေရန်လည်း ပြောပြတတ်၏။ စကားစစ်ထိုးခန်းများမှ နှုတ်မှုကြွယ်ဝစေသောပညာ ရစေရန်လည်း အတုယူခိုင်း၏။ နှစ်သက်ပျော်ရွှင်ဖွယ် ရယ်မောဖွယ်ဖြစ်စေရန်လည်း ပြောပြ၏။

ပညာရှိကို လေးစားတန်ဖိုးထားတတ်သူ၊ ပညာရှိကို ချီးမြှောက်တတ်သူ ဘုရင် ဘိုးတော်ဦးဝိုင်းနှင့် အသက်ကို မငဲ့ဘဲ မှန်ရာကို လျှောက်တင်ဝံ့သော ရဲဝံ့သည့် ပညာရှိအမတ်ကြီး ဦးပေါ်ဦးတို့အကြောင်းကို ပြန်ပြောတိုင်း ဘုရင်ကို အနိုင်ယူရန် ကတ်သီးကတ်သတ် အပြောအဆို ပညာပါပါ သက်သေပြချက်များဖြင့် အမတ်ကြီး၏ အပြုအမူ အပြောအဆိုများကို ဖေဖေက ပြောလည်း ပြော၊ သဘောတကျနှင့် ရယ်လည်း ရယ်ကာ နားထောင်နေသူ ကျွန်မတို့သည်လည်း ဖေဖေနှင့်အတူ ရယ်မောပျော်ရွှင်ခဲ့ရပါသည်။

လက်တွေ့ဘဝထဲမှ အတွေ့အကြုံများဖြစ်သော စစ်အတွင်းက စက်သေနတ်သံများကြားမှ အောက်ပြည်အောက်ရွာသို့ လှေကြီးတစ်စင်းဖြင့် ကုန်ရောင်းကုန်ဝယ်သွားခဲ့စဉ်က အတွေ့အကြုံအဖြစ်အပျက်များ၊ ရေနံတွင်းတူးခဲ့စဉ်က အဖြစ်အပျက်များ၊ ဝန်ကြီးများရုံးသို့ ရောင်းဝယ်ခွင့် ပါမစ်လိုင်စင်လျှောက်ထားစဉ်က အခက်အခဲများ အတွေ့အကြုံများ၊ ဖဆပလခေတ် အတွေ့အကြုံများ၊ နိုင်ငံရေးအပြောင်းအလဲများ စသည်တို့ကိုလည်း

ဘဝနှင့်ရင်းကာ သိလာသမျှ ဖေဖေက ပြန်ပြောင်းပြောပြတတ်သည်။

ကျွန်မတို့ မသိမမီလိုက်သည့် ခေတ်က အကြောင်းအရာများကို စိတ်ဝင်တစားရှိလှသည်မို့ ကြားဖူးသော်လည်း မရိုးနိုင်ဘဲ မကြာခဏ မေမေ့ကို ကျွန်မက ပွဲတောင်းတတ်သည်။

'မေမေ ... မေမေတို့ ငယ်ငယ်တုန်းက လှည်းတွေ အများကြီးနဲ့ ရွှေစက်တော်ဘုရားဖူး သွားတဲ့အကြောင်း ပြောပြ'

'မေမေ ... ဟို ကျွဲညီနောင် ဗုံးကြဲတဲ့အကြောင်းလေ မေမေ၊ အဲဒါ ပြောပြ ...'

ရှင်မဟာရဋ္ဌသာရ၏ ရွှေစက်တော်သွား တောလားကို သင်ခွင့်မရသေးမီ ကာလကတိုင် ကျွန်မသည် မေမေ့ရဲ့ ရွှေစက်တော်သွား တောလားကို ညစဉ် နားအရသာခံရင်း တောရိပ်တောင်ရိပ်ကို ချစ်တတ်ခဲ့ပြီ။ နောင်အခါ စစ်အတွင်း အတွေ့အကြုံများ ပါဝင်သော သမိုင်းစာအုပ်၊ ဝတ္ထု၊ အတ္ထုပ္ပတ္တိစာပေများကို စိတ်ဝင်တစား ဖတ်တတ်လာစေဖို့ ဖေဖေမေမေတို့ ပြောသော စစ်ကာလ အတွေ့အကြုံများက ကျွန်မကို ဆွဲဆောင်ခဲ့ပါသည်။

ဂျပန်ခေတ်တွင် နာမည်ကြီး ဗုံးကြဲလေယာဉ်နှစ်စီးကို အရုပ်ဆိုးဆိုး မည်းမည်းသည်းသည်းကြီးတွေမို့ ကျွဲညီနောင်ဟု ခေါ်ကြကြောင်း မေမေက ပြောပြပါသည်။ စက်သေနတ်သံ၊ ဗုံးသံ၊ ဗုံးခိုကျင်းထဲဝင်ရန် အချက်ပေး ဥသြသံများ၊ အန္တရာယ်ကင်းရှင်းကြောင်း အချက်ပေးသံများကို နေ့စဉ်ကြားရပြီး ပြေးပြေးလွှားလွှား လုပ်ကိုင် စားသောက်ခဲ့ကြရပုံများကို မေမေက ပြန်ပြောသည့်အခါ ရင်တထိတ်ထိတ် စိုးလန့်စိတ်များဖြင့် နားထောင်ခဲ့ရသည်။ အစိုးရရုံးစိုက်ရာ မြို့ဖြစ်သည့် ရေနံချောင်းဘက်မှာ မနေဝံ့၍ မြစ်အနောက်ဘက်ကမ်းရှိ မေမေ့ဇာတိရွာ ကုန်းဇောင်းဆီသို့ စစ်ပြေးလာကြသူ မိတ်ဆွေများ မြို့သူမြို့သားများအကြောင်းလည်း မေမေ ပြောပြ၏။

'အရှေ့ဘက်ကမ်းက ခွေးတအူအူ ... အနောက်ဘက်ကမ်းက မီးခိုးတလူလူ ...'ဟုပင် ပြောစမှတ်တွင်ခဲ့ရပုံ၊ အရှေ့ဘက်ကမ်းတွင် လူတွေ မနေနိုင် စွန့်ခွာပြေးကြရသဖြင့် ညညမှာ ပိုင်ရှင်မဲ့ခွေးများ၏ အူသံသာ ကြားနေရကြောင်း၊ အနောက်ဘက်ကမ်းမှာတော့ လူများ နေထိုင် ချက်ပြုတ်

စားသောက်ကြသဖြင့် ရွာတွင် မီးခိုးတလူလူရှိနေပုံများ ပြောပြတတ်၏။ ကျွန်မ စိတ်အာရုံတွင် ခြောက်သွေ့တိတ်ဆိတ်လျက် စစ်ဒဏ်ကြောင့် အပျက်အစီးများ၊ ဒဏ်ရာဒဏ်ချက်များနှင့် အင်္ဂလိပ် အစိုးရရုံးစိုက်ရာ ရေနံချောင်းမြို့လေး၏ ချောက်ချားဖွယ် မြို့ပျက်ဘဝကို မြင်ယောင်မိ၏။

မြစ်အနောက်ဘက်ကမ်းက ရွာစဉ်တွေကိုပါ ဗုံးလာကြဲ၊ စက်သေနတ်နှင့် ပစ်သွားပြန်တော့ မရှုမလှ သေသွားရှာသူ သူ့ရွာက သူ့အသိအကျွမ်း အိမ်နီးချင်းများ၊ လယ်ကိုင်း၊ ကျွဲဒိ၊ ဝဲဒေါင့် စသော သူ့မိခင်ပိုင်လယ်မြေတွေရှိသော ရွာတွေက မိတ်ဆွေများအကြောင်းတွေကို မေမေက ပြောပြခဲ့သည်။ ကံဆိုးစွာ အိမ်ခြံလေးထောင့်မှာ ဗုံးလေးလုံးကျပြီး တစ်အိမ်လုံး ပျောက်ကွယ်သွားကြရသူတွေအကြောင်းလည်း စုတ်တသတ်သတ်ဖြင့် နားထောင်ခဲ့ရ၏။ အချက်ပေးသံကြားကြားချင်း မပြေးသာ၊ လုပ်လက်စအလုပ်တွေ ခုံမင်နေသူများ ပြေးရင်းလွှားရင်းက စက်သေနတ်စာမိသူ၊ ဗုံးထိကာ ဆုံးပါးသွားကြရသူများအကြောင်းကိုလည်း မေမေက ပြောပြတတ်၏။ ဗုံးကြဲလေယာဉ်ပျံသွားမှ အိမ်က မိသားစုတွေ ပြန်စုကြရင်း ဘယ်ရောက်မှန်း မသိသူကို တကြော်ကြော်ခေါ် … တချို့မှာလည်း ပြေးရင်းလွှားရင်း ဗုံးခိုကျင်းမရောက်မီ သေနတ်စာမိပြီး သေဆုံးသွားတာ မြင်ရ တွေ့ကြရမှ စီခနဲ ညံခနဲ ငိုကြယိုကြနှင့် … ရှိသည်ဟု မေမေက ပြောသည်။ 'ကမ္ဘာပျက်သလိုပါပဲ …'ဟု မေမေက ဆိုတတ်ပါသည်။

အိမ်ခြံဝင်းထဲမှာ ဗုံးခိုကျင်းတွေ တူးထားကြရ၏။ ကိုယ့်အိမ်မှာ မရှိလျှင် အနီးဆုံးခြံက ဗုံးခိုကျင်းသို့ အပြေးဝင်ရ၏။ မြွေမကြောက်၊ ကင်းမကြောက် ပြေးဝင်ရပုံများ၊ ချွေးချေးပုံ၊ နောက်ချေးပုံ တက်နင်းမိသော်မှ မသုတ်သင်အားပဲ ကျင်းထဲအရောက်ဝင်ကြရသဖြင့် ကျင်းထဲမှာ မှောင်ကမှောင်၊ လေလုံလုံနှင့် အနံ့တွေက ဟောင်ကာ အသက်ရှူမဝကြောင်းတွေ ရယ်မော ပြောပြပြန်သေးသည်။

စစ်ကို နဖူးတွေ့ ဒူးတွေ့ ဘာမသိ ညာမသိ တွေ့ကြစဉ်မှာ လေယာဉ်ပေါ်က တော်လှန်ရေးတပ်သားများ လေထီးနှင့် ဆင်းလာကြသည်ကို မြင်ရသည့်အခါ မေမေငယ်ငယ်က ပြေးကာကြည့်ရင်း မိခင်ကို …

'အမေရေ … မှိုပွင့်ကြီးတွေတော့၊ မိုးပေါ်က ကျလာတာ'ဟု အထူး

တဆန်း ပြောခဲ့ဖူးကြောင်း ရယ်လျက် ပြောပြပါသည်။ တော်လှန်ရေးရဲဘော်များကို ကူညီစောင့်ရှောက်လျက် ပုန်းအောင်းရန် ဝှက်သိုပေးခဲ့ကြကြောင်း၊ ဂျပန်ခေတ်မှာ ဂျပန်အလိုတော်ရိ ညွှန်သမျှ ရွာသားတွေ အဖမ်းခံရ နှိပ်စက်ခံရကြောင်း၊ နှိပ်စက်သည့်အခါ လှံစွပ်နှင့်ထိုး၊ ပါးတွေ နားတွေ ဘယ်ပြန်ညာပြန် ရိုက်ကြကြောင်း ဂျပန်ကင်ပေတိုင်ရုံးမှာ ချုပ်နှောင်ဖမ်းဆီးခံရသူများ စစ်မေးခံရသည့်အခါ အရိုက်ခံရခြင်းများအပြင် လက်သည်းခွံကို အစိမ်းလိုက်ခွာ၍ စစ်ဆေးမေးမြန်း မရမချင်း နည်းမျိုးစုံနှင့် နှိပ်စက်တတ်ကြောင်း၊ ကင်ပေတိုင်ရုံးက အရှင်ပြန်ထွက်လာကာ လွတ်မြောက်ရိုး ထုံးစံမရှိကြောင်းတွေ စသည့် ဂျပန်စစ်ဖိနပ်အောက်က ချောက်ချား ထိတ်လန့်ဖွယ်ဘဝများကို မေမေက ပြောပြခဲ့သည်။ သူ ကြားဖူး သိဖူးသမျှအပြင် စာအုပ်တွေမှာပါသော ဂျပန်ခေတ်ကာလ အကြောင်းတွေထဲကလည်း ထုတ်နုတ်၍ ပြောပြခဲ့ပါသည်။

သွား နှေးနှေး၊ စား နှေးနှေး၊ အလုပ်လုပ်တာ နှေးနှေးနှင့် မပြီးနိုင်ကြသော ကျွန်မတစ်တွေကို စားတာ သောက်တာ အလုပ်လုပ်တာတွေ စိတ်တိုင်းမကျလေတိုင်း မေမေက ပြောတတ်သည်မှာ ...

'ဒီပုံစံ စတိုင်အတိုင်းသာဆိုရင် စစ်ဖြစ်လို့ကတော့ ညည်းတို့ အခက်ပဲနော ... ထမင်းငတ်မယ်' ဟု ပြောတတ်၏။ ဟိုစဉ်က နေဝင်မီးငြိမ်းအမိန့်နှင့် စောစောစီးစီး တက်သုတ်နှင် အလုပ်လုပ်ကြရပြီး ချက်ကြပြုတ်ကြ စောစော စားထားကြရပုံများ၊ ဗုံးကြဲလေယာဉ်လာလျှင် စားလက်စ ထမင်းပွဲကို မသိမ်းနိုင်ဘဲ ထပြေးကြရပုံများ၊ အန္တရာယ်ကင်း ဥဩဆွဲသံ ကြား၍ အိမ်ပြန်လာတော့ ခွေးက စားသွား၍ ထမင်းငတ်ကြရသူများ ရှိဖူးကြောင်း မေမေက ပြောပြတတ်၏။ မေမေက မြန်ဆန်သွက်လက်စွာ အချိန်မဆိုင်းဘဲ အလုပ်လုပ်တတ်ရန် စစ်ကို နမူနာထား၍ သင်တတ်ပြန်သည်။

'အရေးကြီးကိစ္စဆိုတာ ပေါ်မယ်၊ မပေါ်ဘူး မပြောနိုင်ဘူး။ ကိုယ်က တင်ကြိုပြီးစီးအောင်သာ အလုပ်ကို လုပ်ထား။ ဝီရိယဆိုတာ ပိုတယ် မရှိဘူး' ဟုလည်း ဆုံးမတတ်ပြန်သည်။

ဘေးပတ်ဝန်းကျင်ကို သတိနှင့် လေ့လာကြည့်ရှုပြီး အန္တရာယ်ကို ရှောင်ကြရသော စစ်ကာလ မိန်းမသားတို့ဘဝ လုံခြုံမှုမရှိပုံများကိုလည်း

မေမေက ပြောပြခဲ့ပါသည်။ ဂျပန်စစ်သားအရိုင်းများက ရွာဝင်လာလျှင် ကြက်တွေဆွဲ၊ မိန်းမတွေဆွဲနှင့် ရုတ်ရုတ်သဲသဲ ဖြစ်ကြပုံများလည်း ပြောပြ၏။ ရွာထိပ် ရွာအဝင်တွင် လူမသိအောင် ကင်းချထားရပြီး ဂျပန်တွေလာပြီဆိုလျှင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အချက်ပေးကြသည်။ ထိုအခါ ရွာရှိ အမျိုးသမီး အရွယ်ကောင်းတွေ ကလေးအမေပါမကျန် တောထဲသို့ ပြေးပုန်းကြရသည်။ ကလေးအမေကို ဘယ်သူမှ ကိုယ်နှင့်အတူ မခေါ်ချင်ကြကြောင်းလည်း မေမေက ပြောပါသည်။ ကလေးကငိုလျှင် ပါးစပ်ကို ဝိုင်းပိတ်ကာ ချော့ရခြောက်ရနှင့် အလုပ်ရှုပ်လွန်းလို့ဟု ဆိုပါသည်။ ပုန်းနေတာ ပေါ်သွားမည် စိုးရိမ်ရသဖြင့် 'ကလေးအမေများဆိုရင် စစ်အတွင်းမှာ မျက်နှာငယ်တယ်'ဟု ပြောပါသည်။

ရွာထိပ်က မုန့်ဆီကြော် ကြော်ရင်း ဂျပန်တွေ ရွာထဲအဝင်နောက်ကျအောင် အချိန်ဆွဲပေးနေသော အမေအိုက မုန့်နှစ်ကို နည်းနည်းချင်းစီ ထည့်ကြော်ကာ ဂျပန်စစ်သားတွေကို ကျွေးမွေးပုံ၊ မြန်မြန် မကျက်အောင် မီးကို မသိမသာ လျှော့ထားပုံ၊ မီးထိုး မီးဆိုင်သလိုလိုနှင့် ထိပ်က မီးကျီးခဲတွေကို ပြာထဲ ထိုးချေပစ်ပြီး မီးလျှော့အောင်လုပ်ပုံတွေ ... မေမေက ကြားဖူးခဲ့သမျှ ရယ်မောပြောပြခဲ့၏။ ကုန်လွန်ခဲ့သောကာလက အန္တရာယ်အတွေ့အကြုံများ၊ အဖြစ်ဆိုးများ၊ ထိတ်လန့်စရာများသည် ပြန်လည် ပြောပြနိုင်သည့် ကာလတွင်မတော့ ခါးသည်းနာကျင် ထိတ်လန့်မှုတွေ လျော့ပါးသွားကာ ဝေဖန်သုံးသပ်ခြင်းများနှင့် တစ်ဖန် ပြန်လည်ကြည့်ရှုနိုင်ခဲ့ပြီဖြစ်သည်။ အတွေ့အကြုံများမှ သင်ခန်းစာယူရင်း နောင် တွေ့လာနိုင်သည့် အခြားသောအဖြစ်အပျက်များအတွက် အမှားတွေ ရှောင်နိုင်မည်။ ကြိုတင်ကာကွယ်မှုတွေ ဖြည့်ဆည်းမှုတွေ ပြုနိုင်လိမ့်မည် ဖြစ်သည်။

ဤနည်းဖြင့်သာ လူတို့သည် ဘဝအတွေ့အကြုံတွေကို တစ်ဦးထံမှ တစ်ဦး၊ ခေတ်တစ်ခေတ်ထံမှ နောက်တစ်ခေတ်က ရယူရင်း သင်ယူရင်း သင်ခန်းစာယူကြရင်း ဘဝကို အခက်အခဲနည်းပါးအောင် ကြံဆ၍ လျှောက်လှမ်းကြရပေသည်။

ကျွန်မတို့သည် မေမေတို့ ပြောပြသော လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတစ်လျှောက်ရှိ တကယ့်ဖြစ်ရပ် ပုံဝတ္ထုများစွာ၊ ဘဝများစွာ၊ အင်္ဂလိပ်

လက်အောက် ဂျပန်လက်အောက် ကျရောက်စဉ်ကာလ ခေတ်အခြေအနေများ၊ ဂျပန်ကင်ပေတိုင်စခန်း၏ ပြန်လမ်းမရှိ ရက်စက်မှုများ၊ တော်လှန်ရေး ရဲဘော်များနှင့် ကူညီသူ ရပ်သူရွာသားများ၏အသက်သည် အတိမ်းအစောင်းမခံ တည်းတည်းကလေးသာ ရှိပုံများ၊ မြန်မာလူမျိုးတို့၏ သနားကြင်နာတတ်မှုများ၊ စစ်ရှုံး၍ တပ်ဆုတ်သွားသော စစ်ပြေး အင်္ဂလိပ်စစ်သား၊ ဂျပန်ခေတ်မှာ ဂျပန်စစ်ပြေး စစ်သားများကိုပင် စစ်အတွင်းမှာ ပေးကမ်းကူညီတတ်သော မြန်မာလူမျိုးတို့၏ ရန်သူမိတ်ဆွေ မခွဲခြားဘဲ လူလူချင်း စာနာကူညီတတ်မှုများ၊ ဂျပန်အလိုတော်ရိ အင်္ဂလိပ်အလိုတော်ရိများ၏ စိတ်ထားယုတ်မာ ကိုယ်ကျိုးရှာမှုများ၊ သာရာဘက်သို့ ဘက်ပြောင်းတတ်သော သစ္စာမဲ့သူများ၊ ဖောက်ပြန်တတ်သူများ စသည်ဖြင့် တကယ့်ဘဝအခြေအနေများထဲမှ ပုံဝတ္ထုများအကြောင်းကို ထိတ်ထိတ်လန့်လန့် စိုးရွံ့စိတ်များနှင့်ပင် ကျွန်မတို့သည် စွဲစွဲလမ်းလမ်း စိတ်ဝင်တစား နားထောင်ချင်တတ်ကြပါသည်။

ထို့ကြောင့်ပင် သမိုင်းစာအုပ်၊ တော်လှန်ရေးကာလ အတွေ့အကြုံများနှင့် စစ်အတွင်း သမိုင်းမှတ်တမ်း၊ ကမ္ဘာစစ်အကြောင်း၊ တော်လှန်ရေးခေါင်းဆောင် နိုင်ငံ့ခေါင်းဆောင်များ၏ အတ္ထုပ္ပတ္တိများ၊ စစ်အတွင်း အဖြစ်အပျက် အတွေ့အကြုံမှတ်တမ်းများ၊ နယ်ချဲ့ဆန့်ကျင်ရေးနောက်ခံ ရာဇဝင်သမိုင်းနောက်ခံဝတ္ထုများ ... စသော စာအုပ်များကို ရသသဘောပါအောင် ရေးထားသည်ဖြစ်စေ၊ သမိုင်းအချက်အလက် အထောက်အထားသက်သက် ရေးထားသည်ဖြစ်စေ ကျွန်မတို့ သိလို ဖတ်လိုကြခြင်း ဖြစ်သည်။ သည်လိုနှင့် ကျွန်မတို့သည် ဝတ္ထုမဟုတ်သော စာအုပ်စာပေများကိုပါ ဖတ်ရကောင်းမှန်း သိလာသည်ဟု ဆိုနိုင်ပါသည်။

မေမေက ပုံပြင်များ၊ ဝတ္ထုဇာတ်လမ်းများနှင့် အစပျိုးပေးလိုက်သောကြောင့် ကျွန်မတို့မှာ စာဖတ်ဝါသနာပါလာခဲ့သည်။ ပုံနားထောင်တတ်သောအရွယ်မှ ကိုယ်တိုင် ဖတ်ရှုတတ်လာသည်။ ညတွင်သာမက နေ့အခါ စပါးလုံးရွေးရင်း၊ ဟင်းရွက်သင်ရင်း၊ ငရုတ်သီးထောင်းရင်း မေမေနှင့် အစ်မများထံမှာ ကျွန်မက ပုံဝတ္ထုများ နားထောင်ရတတ်သည်။ ကျွန်မ နားထောင်ချင်သမျှ ပြောပြပေးနိုင်အောင် အားလပ်ခြင်း မရှိကြ

သည့်အခါ ကျွန်မကို စာအုပ်ကိုညွှန်း၍ ကိုယ်တိုင်ဖတ်စေပါသည်။ စာများများ စာရွက်ထူထူ စာအုပ်များကို မဖတ်ချင်သော်လည်း သိလိုစိတ်ကို မချိုးနှိမ်နိုင်သဖြင့် သူများ အပြောကို စောင့်မနေသာတော့ဘဲ ကိုယ်တိုင်ကြိုးစားဖတ်ရပါသည်။ ကာတွန်းများ၊ လူထုဦးလှ၏ ပုံပြင်စာအုပ်များ၊ နုယဉ်၏ ပုံပြင်စာအုပ်များ၊ အခြားသော စာရေးဆရာများစွာ၏ ပုံပြင်များ၊ တက္ကသိုလ်မောင်အောင်ဆွေ၏ ပေတိုးဇာတ်ကောင်ပါ ကလေးဝတ္ထုလေးများကို ဖတ်ဖူးနေသော်လည်း မေမေတို့ မမတို့ ဖတ်ကြသည့် ဝတ္ထုစာအုပ်များကိုမူ ကျွန်မ ရှောင်နေခဲ့ရာ ဖတ်ပြမည့်သူ ပြောပြမည့်သူ အလုပ်မအားနိုင်လွန်းသဖြင့် ကိုယ်တိုင်ဖတ်ကြည့်ဖို့ တိုက်တွန်းလွန်းမှ ကျွန်မ ဝတ္ထုစာအုပ် စတင်ဖတ်ခဲ့သည်။ ဖတ်မယ့် ဖတ်ဖြစ်တော့လည်း လူကြီးလက်လေးငါးလုံးစာမျှ ထူလှသော မှဝံ၏ မာလာ စာအုပ်ဖြစ်ပါသည်။ အစ်မဖြစ်သူက သူ ဆယ်နှစ်သမီးမှာ မေမေက ပေးဖတ်ခဲ့သော ထိုစာအုပ်ကို ကျွန်မ ဆယ်နှစ်သမီးမှာ သူနှင့်ထပ်တူ ပေးဖတ်စေခဲ့သည်။ သည်လိုနှင့် စာအုပ်တွေကို ကိုယ်တိုင်ဖတ်ရင်း စာဖတ်ဝါသနာ စွဲလာတော့သည်။

ဝတ္ထုသမား မေမေက အားလပ်သည့် ညချမ်းအခါ ဝိုင်းဖွဲ့စကားပြောချိန်များတွင် သူ ဖတ်ခဲ့ဖူးသော ဝတ္ထုဇာတ်လမ်းများကို ပုံပြောသလို ပြောပြတတ်သည်။ တစ်နေ့တည်း တစ်ထိုင်တည်း ပြီးအောင် ပြောနိုင်သည်တော့ မဟုတ်ပေ။ တစ်ခါတစ်ရံ ဇာတ်ကြောင်းလေးပြောပြီး ညွှန်းရုံညွှန်းတတ်၏။ တစ်ခါတစ်ရံ ဇာတ်ကောင်၏ စိတ်နေစိတ်ထား အရည်အချင်းကောင်းများကို စံပြုညွှန်းဆိုရင်း ဇာတ်လမ်းအနည်းအကျဉ်း ပြောပြတတ်သည်။ သိလိုစိတ်တွေ တဖွားဖွား ဖြစ်လာသည့်အခါ မေမေ့ထံ စာအုပ်တောင်း၍ အစ်ကို အစ်မများက ကိုယ်တိုင်ဖတ်ကြသည်။ နေခင်းကျောင်းအားရက်များမှာသာ စာဖတ်နိုင်ကြ၏။ သည်ကြားထဲ မေမေ ထုံ့ပိုင်းထုံ့ပိုင်း ပြောပြပေးနေသည်ကို နားထောင်ကြရသည်။ အလုပ်လည်း မပျက်၊ စာကျက်လည်း မပျက်စေရအောင် မေမေက ဝတ္ထုဇာတ်လမ်းများကို ပြောပြခဲ့ပါသည်။

မေမေ ဝတ္ထုဇာတ်လမ်းများ ပြောပြခဲ့သည်မှာ ပုံပြောရုံသက်သက်၊ ဇာတ်ကြောင်းသိရုံသက်သက် မဟုတ်ပါ။ စာအုပ်ပါ အကြောင်းအရာများ

ထဲမှ မှတ်သားသင့်သော အချက်များ၊ ဇာတ်လမ်းမှတစ်ဆင့် စာရေးဆရာက သိစေလိုသော တင်ပြလိုသောအချက်၊ တစ်နည်းအားဖြင့် ရည်ရွယ်ချက်၊ ဇာတ်ဆောင်တို့၏ စိတ်နေသဘာဝ၊ ဇာတ်ကောင်စရိုက်သဘာဝ စသည်တို့ကို ဆွဲထုတ်ပြရင်း အပြင်လူ့လောကထဲမှ လူတွေ၏အဖြစ်အပျက်နှင့် ထင်ဟပ်ပြကာ ဆုံးမစရာရှိက ဆုံးမသွား၏။ နှိုင်းယှဉ်ပြစရာရှိက နှိုင်းယှဉ်ပြောပြပေးသွား၏။ သည်လိုနှင့် လူ့ဘဝအကြောင်း၊ လူ့လောကအကြောင်းတွေကို စာအုပ်မှတစ်ဆင့် ခွဲခြမ်းစိတ်ဖြာ လေ့လာပြလေသည်။ ကျွန်မတို့ကို လူ့လောက လူ့ဘဝ၏ အကောင်းအဆိုး အကြောင်းအကျိုးတို့ကို သိနားလည်စေခဲ့ပါသည်။

သည်လိုညမျိုးမှာပဲ ကိုယ်ကျိုးမငဲ့ခဲ့သူ၊ အခွင့်အရေးမယူတတ်သူ၊ ကိုယ်ကျင့်သိက္ခာမြင့်မြတ်သူ၊ စိတ်နှလုံးကောင်းရှိသူ ဆရာဝန်ကိုမြင့်မောင်ကို လေးစားအထင်ကြီးတတ်အောင် မေမေ ပြောခဲ့သည်။ 'ကိုယ်ကျင့်တရားအတွက် စိတ်ဓာတ်ပြုပြင်ရေးဝတ္ထုကြီး ရေးပေးရန် လက်မထပ်ခင် ချစ်သူက တောင်းပန်သည့်အတိုင်း ဂျာနယ်ကျော် ဦးချစ်မောင် ရေးခဲ့သည့် ချစ်သူတင်မက တိုင်းပြည်ကပါ အသည်းစွဲသွားရသော 'သူ' ဝတ္ထုမှ ဇာတ်လိုက်ဆရာဝန် ကိုမြင့်မောင်ကို အားကျအတုယူသူ လူငယ်များ ပေါ်ပေါက်လာခြင်းသည် တိုင်းပြည်အတွက် လူကောင်းလူတော်များ မွေးထုတ်ပေးခြင်းပင် ဖြစ်သည်'ဟု ရွှေလင်းယုန်၏ 'သူ' ဝတ္ထုကို ရည်ညွှန်းထားသော စာကိုလည်း နောင်အခါ ဖတ်ခဲ့ရသည်။

သည်လိုညမျိုးမှာပဲ မိမိတစ်ကိုယ်ရေကောင်းစားရေး ပုဂ္ဂိုလ်ရေးကို မစဉ်းစားဘဲ မိမိလက်အောက်ငယ်သားများအတွက် အသက်ကိုစွန့် ကယ်တင်ခြင်းပြုဝံ့သော ခေါင်းဆောင်ကောင်းပီသသူ၊ ပေးထားသော ကတိကို မဖျက်ဘဲ ကတိအတိုင်း အသက်ကို အပ်နှင်းရန် ဝန်မလေးသူ၊ စိတ်ထားမွန်မြတ်တည်ကြည်သူ သူရဲကောင်း သူပုန်ဗိုလ် ဗိုလ်နန္ဒ တစ်ဖြစ်လဲ ဘုရင့်သားတော် မောင်ရှုပအကြောင်းကို မေမေ အပြောကောင်းလွန်း၍ နှစ်သက်အားရစွာ ကြည်ကြည်နူးနူး နားထောင်ခဲ့ရ၏။ ထိုမူဝံ၏ မာလာ ဝတ္ထုကြီးသည် လူကြီးလက်ဝါးစာ အထူရှိ၏။ စံပြဟီးရိုးဇာတ်လိုက်ကို နှစ်သက်ခြင်းနှင့်အတူ ကောင်းမြတ်သောစိတ်ထားတို့ကိုပါ နှစ်သက်စေတတ်သည့်

ရသစာပေဖတ်ခြင်း အကျိုးကို ရစေနိုင်၏။ ဘာမှ မသိတတ်သေးသည့် ကလေးအရွယ် ကျွန်မအတွက်တော့ အထင်ရှားဆုံးသော အကျိုးကျေးဇူး တစ်ခုမှာ ကျွန်မဘဝ၏ ပထမဆုံးဝတ္ထုစာအုပ်ကို အစမှ အဆုံးတိုင် ကိုယ်တိုင် အပြီးဖတ်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။ ထိုအချိန်က ကျွန်မသည် အသက် ကိုးနှစ်အရွယ် စတုတ္ထတန်းကျောင်းသူ ဖြစ်သည်။ အားချိန်ရတိုင်း ထိုစာအုပ်ကို ဖတ်ခဲ့ရပြီး ရက်ပေါင်းအတော်ကြာအောင် စွဲစွဲလမ်းလမ်း တစိုက်မတ်မတ် ဖတ်ယူခဲ့ပါသည်။ ထို့နောက်တော့ စာအုပ် ထူသည်၊ စာများသည်နှင့် စာဖတ်ရန် ပျင်းကြောက်မနေတော့ဘဲ ထူထူ၊ ပါးပါး စာအုပ်များကို ကျွန်မ စွဲလမ်းစွာ စိတ်ဝင်တစား ဖတ်တတ်လာပါတော့သည်။ ကျွန်မ၏ စာဖတ်ဝါသနာ ရှင်သန်စွဲမြဲလာသည်မှာ မေမေ အပြောကောင်းစွာ ညွှန်းဆို ဆွဲဆောင်တတ်ခဲ့မှုက အဓိကဖြစ်နိုင်ပါသည်။

သည်လိုညမျိုးတွေမှာပဲ မေမေက သူဖတ်ခဲ့ဖူးသော ဝတ္ထုစာအုပ်တွေ၊ သူ ကြားဖူးမှတ်ဖူးသော ဆုံးမသွန်သင်စကားတွေ၊ သူ ကြည့်ဖူး ကြားဖူးသော ရုပ်ရှင်ဇာတ်လမ်းပါ ဘဝအဖြစ်တွေကို ပြန်လည်ပြောပြတတ်သည်။ 'စကားပြောသော အသည်းနှလုံး'တို့၊ 'သီတာရေစင်'တို့ စသော ရုပ်ရှင်များကို ပြောပြပြီးလျှင် မိဘမေတ္တာတရား ကြီးမားပုံတွေကို စွဲမှတ်အောင် ပြောတတ်ခဲ့ပါသည်။ ဆရာဇော်ဂျီ၏ ပန်းပန်လျက်ပဲ ဗေဒါလမ်း ကဗျာ၊ ခင်နှင်းယု၏ ပန်းပန်လျက်ပါ ဝတ္ထု၊ ကောလိပ်ဂျင်နေဝင်း၊ ကြည်ကြည်ဌေး၊ မြတ်လေးတို့၏ ပန်းပန်လျက်ပါ ရုပ်ရှင်၊ အဆိုတော် ရုပ်ရှင်မင်းသမီး ကြည်ကြည်ဌေး၏ ပန်းပန်လျက်ပါသီချင်းတို့ကို ကျွန်မတို့ အားလုံး ခံစားနှစ်သက်ခဲ့ကြရသည်။

ဟိုစဉ်တုန်းကတိုင် မေမေ ဝယ်ယူစုဆောင်းလာခဲ့သော စာအုပ်များသည် ကျွန်မ လက်ထက်ထိအောင် ထင်းရှူးသေတ္တာကြီးတစ်လုံးစာမျှ ကျန်ရစ် သေး၏။ ငှားပြီး ပြန်မရ၊ ပျောက်ဆုံး၊ မီးလောင်သည့်အထဲ ပါသွားသော စာအုပ်တွေလည်း အများကြီး ဆုံးရှုံးခဲ့ရပြီးပြီ။ ကျွန်မတို့ကို ပြန်လည်ပြောပြနေသော ဝတ္ထုများသည် မေမေ့မှာ ပျောက်ဆုံးခဲ့ရသော စာအုပ်များထဲမှလည်း ဖြစ်တတ်ပါသည်။ ကိုယ်တိုင်ဖတ်ခွင့်မရတော့သဖြင့် မေမေ့ မှတ်ဉာဏ်ကိုသာ အားကိုး၍ နားထောင်ကြရ၏။ မေမေက ထိုထိုစာအုပ်

များကို နောင် ရှာတွေ့သည့်အခါ ဖတ်ကြဖို့ တိုက်တွန်းတတ်ပါသည်။ သည်လိုနှင့် မေမေ သိရှိပြီး ကျွန်မတို့ကို ပေးဖတ်ချင်သော စာအုပ်များ နောင်တွင် ရှာဖွေဖတ်ရှုရန် စာအုပ်များအဖြစ် စာအုပ်စာရင်းတစ်ခုကို ရင်ထဲမှာ စွဲမှတ်ထားခဲ့ကြပါသည်။ ထိုစာရင်းထဲမှာ ဂျာနယ်ကျော်မမလေး၏ 'သူလိုလူ' ပါသည်။ ရွှေလင်းယုန်၏ 'သူ' ပါသည်။ မှဝံ၏ 'ကိုးသချိုင်းသံမား' ပါသည်။ ဇေယျ၏ 'မြတ်လေးရွှေမားဗိုလ်'ပါသည်။ သိန်းဖေမြင့်၏ 'သပိတ်မှောက်ကျောင်းသား'၊ 'အရှေ့က နေဝန်းထွက်သည့်ပမာ' စာအုပ်များ ပါပါသည်။

မေမေ မကြာခဏပြောပြ၍ ဖတ်ရန် ညွှန်းသော စာအုပ်များတွင် အမျိုးသားပညာဝန် ဦးဖိုးကျား၏ စာအုပ်များ ပါဝင်သည်။ ဦးဖိုးကျား၏ ကိုယ်တွေ့ဝတ္ထုများ၊ အလောင်းတော်ကဿပ၊ သိပ္ပံမောင်ဝ၏ ဝတ္ထုဆောင်းပါးများ၊ ဦးပုည၏ ရေသည်ပြဇာတ်၊ ဆဒ္ဒန်ဆင်မင်းဝတ္ထု အပါအဝင် ဦးပုည၏ ဝတ္ထုလေးပုဒ် စသည်တို့လည်း ပါသည်။ ယင်းစာအုပ်များမှာ မေမေ့သားသမီး အကြီးများ၏ ကျောင်းသင်ခန်းစာ ပြဋ္ဌာန်းချက်၊ ကောက်နုတ်ချက်များလည်းဖြစ်ကာ ကျွန်မတို့ကို မေမေက သူ ဖတ်အပြီးမှာ ပြန်လည်ပြောပြတတ်ခဲ့ပါသည်။

မဟာဆွေ၏ စစ်ထွက်သူ၊ သူပုန်ကြီး၊ တို့မေမေ စသည်များ၊ ဇဝန၏ ကောလိပ်ကျောင်းသား၊ မောင်ထင်၏ ကိုဒေါင်း၊ ငဘ၊ ဗမာ့နိုင်ငံရေးသုခမိန်၊ ဦးနု၏ မိတ္တဗလင်္ဂီကာ၊ ဦးလတ်၏ ရွှေပြည်စိုးနှင့် စပယ်ပင်၊ ဒဂုန်ခင်လေး၏ ရွှေစွန်ညို၊ စာဆိုတော် ဝတ္ထုများ၊ အောင်လင်း၏ ငြိမ်းနှင့်ဗေဒါ၊ အရိုင်းစပယ်၊ မော်ဘီဆရာသိန်း၏ ယျလေးလုံးပုံပြင်၊ အရူးလွယ်အိတ် စသည်များ၊ ဗန်းမော်တင်အောင်၏ မြိုင်၊ မြစ်ရေပေါ်ဝယ်နှင့် မြန်မာပြန် 'သေလျှင် မြေကြီး' အစရှိသည်များ၊ မှဝံ၏ဝတ္ထုများ၊ နန္ဒ၏ ရာဇဝင်ဝတ္ထုများ၊ ရွှေဥဒေါင်း၏ ဇော်ဟိတ်၊ ဂျမဒါကိုကိုကြီး၊ စုံထောက်မောင်စံရှား အစရှိသည်များ မေမေ့ စာအုပ်သေတ္တာထဲမှာ ရှိ၏။ ထို့ပြင် မဝင်းမြင့်၊ မလေးလုံ၊ ဂျာနယ်ကျော် မမလေး၊ ခင်နှင်းယု၊ ခင်ဆွေဦး၊ တက္ကသိုလ်ဘုန်းနိုင် စသည့် စာရေးဆရာတို့၏ ဝတ္ထုများစွာလည်း ဝယ်ယူစုဆောင်းခဲ့ပါသည်။ မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ ရှုမဝ စသောမဂ္ဂဇင်းများလည်း ရှိသည်။ လင်းယုန်သစ်လွင်၊ ကြယ်နီတို့၏ ဘဝသရုပ်

ဖော် ဝတ္ထုများလည်း ရှိခဲ့သည်။

မေမေသည် သူ ဖတ်ရှု သိရှိထားသော စာအုပ်များကို ကိုးကား သာဓကပြု၍လည်း မေမေ သွန်သင်ဆုံးမချင်သည့်အရာ၊ ပြောလိုသည့် စကားများကို စာအုပ်ကြားခံ၍ ပြောတတ်ခဲ့ပြန်သည်။ အရွယ်ရောက်စ သမီးပျိုတွေအတွက် တက္ကသိုလ်ဘုန်းနိုင်၏ 'ညီမလေးရယ် စိုးရိမ်မိတယ်'၊ ဒဂုန်တာရာ၏ 'မေ' တို့ကို ပြောပြကာ ဖတ်စေခဲ့သည်။ သိန်းဖေမြင့်၏ 'တက်ခေတ်နတ်ဆိုး' ကို သားလူပျိုအတွက် တင်ကြိုပြောပြကာ ကိုယ်တိုင် ဖတ်ရှုစေသည်။

ဤလိုညများမှာပင် မမနွယ်နှင့် ကိုသက်ခိုင်တို့ မောင်နှမ၏ မစား အပ်သော သစ်သီးအကြောင်း မေမေက သမီးတွေကို ပြောပြခဲ့သည်။ ကျွန်မတို့ ရင်းနှီးကျွမ်းဝင်ရာ မွေးရပ်မြေ ရေနံချောင်းမြေကို နောက်ခံပြု ထားသော ထို 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' ဝတ္ထုသည် ကျွန်မတို့ တစ် မိသားစုလုံး နှစ်ခြိုက်စွဲလမ်းသောစာအုပ် ဖြစ်ခဲ့သည်။ ကျွန်မတို့က သီချင်း ကိုပါ သံစဉ်အတိအကျ တူအောင် သီဆိုကျက်မှတ်ခဲ့ကြပါသည်။

ဆင်းရဲ၍ ပညာတော်သော ဇာတ်လိုက်ကို အားကျခဲ့သည်။ ရိုးသား သိမ်မွေ့စိတ်နှင့် ကိုယ်ကျင့်သိက္ခာ တည်ကြည်ဖြောင့်မှန်မှုကို နှစ်ခြိုက်ခဲ့ သည်။ မမနွယ်တို့အိမ်က ကားကို အလကားမစီးချင်သူ သက်ခိုင်က ကားခ ငွေတစ်မတ်ကို ကားဒရိုင်ဘာကြီးထံ အမြဲပေးစီးခဲ့တာဖတ်ရင်း ဆင်းရဲသား မာနကို လေးစားခဲ့ရသည်။ ကျွန်မအတွက် ကလေးဘဝက အစွဲလမ်းဆုံး စာအုပ်များကို ပြပါဆိုလျှင် မူဝံ၏ 'မာလာ'နှင့် တက္ကသိုလ် ဘုန်းနိုင်၏ 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်'၊ 'နွေကန္တာဦး'၊ 'ဝသန်လေ ချိန်မှန်ကူး'၊ 'သူငယ် ချင်းလို့ပဲ ဆက်၍ခေါ်မည်ခိုင်' တို့ကို ညွှန်ပြရပါမည်။ ပန်းချီသန်းအောင်၏ အရိပ်ပန်းချီများသည်ပင် လွမ်းမောဖွယ် စွဲမက်ဖွယ်ကောင်းနေခဲ့ပေသည်။

မေမေက ဆရာဘုန်းနိုင်၏ ဇာတ်လိုက်များ၏ ဆင်းရဲသော်လည်း ပညာကြိုးစားသင်ယူရင်း ပညာတော်သော ကျောင်းသားမှ ပညာတတ်ကြီး အဖြစ် ရာထူးဂုဏ်ရှိန်မြင့်မားသော အခြေမြင့်မားသောဘဝကို ရရှိပိုင်ဆိုင် သွားကြသည့်အဖြစ်များကို ညွှန်ပြပါသည်။ အားကိုးခြင်းပြု၍လည်း သွန် သင်ခဲ့ပါသည်။ ကျွန်မတို့ကို ထိုဇာတ်လိုက်များအား အားကျ အတုယူ

ကြိုးစားရန်လည်း တိုက်တွန်းခြင်းပြုပါသည်။ ဆရာတက္ကသိုလ်ဘုန်းနိုင်၏ ဝတ္ထုစာအုပ်များသည် မေမေက နှစ်သက် အကိုးကားဆုံးဖြစ်သလို ကျွန်မကို အလွှမ်းမိုးဆုံးလည်း ဖြစ်ခဲ့ပါသည်။

'... ... ... အကြိုက်ဆုံးစာအုပ်များ ရှိသလို ဘဝကို လွှမ်းမိုးသော စာအုပ်များလည်း ရှိနိုင်ကြောင်း၊ အကြိုက်သည် အသက်နှင့်အမျှ ပြောင်းလဲနိုင်သကဲ့သို့ 'ဘဝကို လွှမ်းမိုးမှု'သည်လည်း အသက်အရွယ် နုပျိုမှုနှင့် ဆက်စပ်နေကြောင်း တွေ့ရသည်'

'အလွှမ်းမိုးခံလွယ်၊ တိမ်းညွှတ်လွယ်သော ဆယ်ကျော်သက်အရွယ်တွင် စွဲမက်စွာ နှစ်သက်သဘောကျခဲ့သော စာအုပ်တို့သည် ဘဝကို လွှမ်းမိုးတတ်သည်။ လွှမ်းမိုးသည်ဆိုရာ၌ အပြင်ဗဟိဒ္ဓအပြုအမူ၊ ဟန်အမူအရာတို့ကိုသာမက အဇ္ဈတ္တအတွင်းစိတ်ပိုင်းကိုပါ လွှမ်းမိုးနိုင်စွမ်းသောသဘော ရှိကြောင်း တွေ့ရပေသည်'ဟု စိတ်ပညာနှင့် ဆောင်းပါးအထွေထွေ စာအုပ်တွင် ဒေါက်တာကျော်စိန်၏ ရေးသားချက်ကို ဖတ်ရပါသည်။ ထိုအခါမှ ကျွန်မတို့၏ ငယ်ဘဝတွင် စာအုပ်စာပေကို ချစ်မြတ်နိုးလာအောင် လှုံ့လစိုက်ထုတ်၍ စာကောင်းပေမွန်တွေနှင့် မိတ်ဆက်ပေးခဲ့ကာ၊ စာကောင်းပေမွန်တွေကို နှလုံးသားနှင့်၊ ရင်နှင့်ရင်း၍ ဖတ်တတ်အောင် လေ့ကျင့်ပျိုးထောင်ပေးခဲ့သော မေမေ့ကို အံ့ဩချီးကျူးမိသည်။

မေမေက အစပြု၍ မိသားစုကို လူစုံအောင် စုစည်း ဆွဲဆောင်ထားသော ထိုမိသားစုစကားဝိုင်းကလေးကို အသိပညာတွေ ရှာဖွေလေ့လာချင်စိတ် တိုးပွားများပြားစေသည့်နေရာမို့ 'ကျောင်း' ဟုသာ ကျွန်မ တင်စားချင်ပါသည်။ ကျွန်မသည် ညစဉ် ညစဉ် ထိုကျောင်းကို မပျက်မကွက် တက်ရခြင်း၌ စိတ်ပျော်ရွှင်လှပါသည်။ ဗဟုသုတဖြစ်ဖွယ် စိတ်ဝင်စားဖွယ် အကြောင်းအရာမျိုးစုံတို့ကို စီကာပတ်ကုံး ပြောပြနေသမျှကို မုန့်စားရင်း၊ ဆောင်းအခါ မီးလှုံရင်း၊ နွေမှာ လေညင်းခံရင်း မိဘတို့ရင်ခွင်မှာနေ၍ နားထောင်ကြရသည်မှာ ဘယ်မှာ မပျော်ဘဲ ရှိနိုင်ပါမည်နည်း။ တကယ့်ကျောင်းလို စည်းကမ်းတွေလည်း မတင်းကျပ်၊ စိတ်ကျဉ်းကျပ်ခြင်းလည်း မရှိ၊ စာကျက်လိုသူ သွားကျက်နိုင်ပြီး နားထောင်လိုသူ နားထောင်နိုင်၊ ဆွေးနွေးနိုင်ကြကာ အိပ်ငိုက်ချင်သူတို့ မိဘပေါင်ပေါ် ခေါင်းတင်ရင်း မှေး

စက်နိုင်ခွင့် ရကြသေးသည်။ သည်နေရာ သည်ကျောင်းမှာ စည်းကမ်းရယ်လို့ မရှိ။ ကြီးသူကို ရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနားညှာတာကြသော အသိစိတ်ဓာတ်နှင့် လူ့ကျင့်ဝတ်သာ ရှိ၏။ အသိဖလှယ်ရ၊ နားထောင်မှတ်သားရ၊ ဖွင့်ဟတိုင်ပင် ဆွေးနွေးရ၊ မေးမြန်းရခြင်းတို့တွင် စိတ်ပျော်ရွှင်မှုကိုသာ ရစေ၏။ ကျေနပ်နှစ်သက်မှုကိုသာ ရစေခဲ့၏။

'လောကမှာ ပြဿနာရယ်လို့ရှိရင် အဖြေ အမြဲရှိတယ်။ အဖြေမတွေ့သေးတာ မသိသေးတာပဲရှိမယ်'ဆိုသော သဘောကိုလည်း အဲသည်မှာပဲ ကျွန်မ သင်ယူတတ်မြောက်ခဲ့သည်။ ကြီးသူ ဗဟုသုတ ပြည့်စုံကြွယ်ဝသူထံမှာ တိုင်ပင်ဆွေးနွေး အဖြေရှာနိုင်ကြောင်း လက်တွေ့ သိမှတ်ခဲ့ရသည်။ ထို့ပြင် ဆရာတစ်ဦး၏ သင်ကြားမှုကို အားလုံးက နာယူ မှတ်သားရခြင်းမျိုးလည်း မရှိ။ မေမေ အစပျိုးခဲ့သော ညစဉ် ဆွေးနွေးပွဲ သင်တန်းကျောင်းကလေးမှာ ရံခါ မေမေသည်ပင် နာယူမှတ်သားသူ ဖြစ်တတ်သည်။ သားကြီးသမီးကြီးတို့က အသိပညာများ ဖြန့်ဝေသူ ဖြစ်ချင်ဖြစ်တတ်ပြန်၏။ ရံခါ ဖေဖေနှင့်တကွ သားသမီးများက မေမေ့ ပုံတိုပတ်စ ဝတ္ထုဇာတ်ကြောင်းများကို စိတ်ဝင်တစား နားထောင်ကြရသော ပုံနားထောင်သူများ ဖြစ်ကြပြန်၏။ မေမေသည် ပုံပြောသူ၊ လူ့ဘဝ လူ့လောက သဘာဝတရားတို့ကို ဖွင့်ဆိုရှင်းပြသူ၊ စာအုပ်စာပေတို့ကို ဝေဖန်အကဲဖြတ်သူ သင်တန်းဆရာကြီး ဖြစ်နေပြန်သည်။ စိတ် စေတသိက်၊ ရုပ် နာမ်၊ ကုသိုလ် အကုသိုလ်၊ အတ္တ အနတ္တ၊ မဂ္ဂင်ရှစ်ပါး၊ ပဋိစ္စသမုပ္ပါဒ်တရား စသည့် ဗုဒ္ဓတရားတော်များကို ဆွေးနွေးရှင်းပြနေချိန်တွင်မူ ဖေဖေသည် တရားဟော ဓမ္မကထိကသင်တန်းဆရာ ဖြစ်သွားလေသည်။ ရှိတ်စပီးယား၏ Macbeth မက်ကဘက်တို့၊ ဗင်းနစ်မြို့က ကုန်သည်တို့၊ ဟမ်းမလက်တို့၊ လီယာဘုရင်တို့အကြောင်း ပြောနေချိန်မှာတော့ အစ်ကိုက ပုံပြောဆရာကြီး ဖြစ်နေပြန်သည်။ ဖေဖေ၊ မေမေတို့က ပုံနားထောင်ရင်း လောကသဘာဝတရားကို အနှစ်ထုတ်ကောက်ချက်ချတတ်သူ ပရိသတ် ဖြစ်သွားပြန်သည်။

ဖေဖေ၊ မေမေတို့က သူတို့၏ ငယ်ဘဝအဖြစ်သနစ်များ၊ ဘဝတစ်သက်တာ အထင်ကရ အတွေ့အကြုံများ၊ ဆင်းရဲချမ်းသာ စသော လောကဓံတရားများအား ရင်ဆိုင်ခဲ့ရပုံများ၊ ဘဝ၏အောင်မြင်မှုများ ကျရှုံးမှုများ၊

ဘဝကို ပြန်လည်ထူမတ် ကြိုးစားခဲ့ရပုံများကိုလည်း ပြောပြခဲ့ကြ၏။ ထို့ကြောင့် မိဘများကို စာနာနားလည်စိတ်၊ လေးစားအားကျစိတ်များ ရရှိခဲ့ရသည်။ ထိုအဖြစ်အပျက်များက လောကဓံဆိုသည်ကို နားလည်လာစေသည်။ ဘဝတွင် အမြဲတမ်း အောင်မြင်၍ချည်းလည်း မနေ။ အမြဲတမ်း ရှုံး၍ချည်းလည်း မရှိ။ အနိုင်မခံ အရှုံးမပေးစိတ်ဖြင့် ဘဝကို ကြံ့ကြံ့ခံကာ အခက်အခဲများကို ကြိုးစားတွန်းလှန် ရင်ဆိုင်သွားရမည်ဟု နားလည်လာရသည်။ အရှုံးတွေထဲက သင်ခန်းစာယူခဲ့ပြီး ရှေ့ဆက်လျှောက်လှမ်းခဲ့ကြပုံတွေကို ဖေဖေ မေမေတို့က အမြဲပြောပြခဲ့သဖြင့် ကျွန်မ နားလည်လာသည်မှာ အရှုံးဆိုတာ ရှက်ဖို့မဟုတ်။ သင်ယူဖို့သာ။ လူမှန်လျှင် အရှုံးကို တွေ့ဖူးကြစမြဲ၊ ထို့နောက် ကျော်လွှား လွှန်မြောက်သွားရစမြဲဟု လောကသဘာဝကို သိမြင်သဘောပေါက်ခဲ့ရပါသည်။

တကယ်ဆိုတော့ ထိုညများသည် ကျွန်မတို့အတွက် ဘဝအကြောင်း သင်ကြားပေးသော ညများဖြစ်ခဲ့ပါသည်။

ထိုညများတွင် မိဘများ၏ အတွေ့အကြုံ၊ သားသမီးများ၏ နေ့စဉ်လူမှုဘဝထဲမှ တွေ့ကြုံလာရသော အဖြစ်အပျက်များ၊ စာအုပ်စာပေ ရုပ်ရှင်ဇာတ်သဘင်တို့မှ လူတို့၏ အဖြစ်သနစ်များ အစရှိသည်တို့ကို ဆင်ခြင်သုံးသပ်၍ ဝေဖန်ပိုင်းခြားကာ အတွေ့အကြုံ သင်ခန်းစာများ ထုတ်ယူပြသပေးခဲ့သည်မို့ ဘဝအတွေ့အကြုံ အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းနည်း သင်ကြားပေးခြင်း ဖြစ်နေပြန်သည်။ စိတ်ဓာတ်ရေးရာ ကြံ့ခိုင်တည်ကြည်အောင် လေ့ကျင့်ပုံသွင်းပေးခြင်းမျိုးလည်း ဖြစ်နေပြန်သည်။

နွေညများတွင် အိမ်ရှေ့အလံတိုင်ဘေးကွက်လပ်ရှိ သံခုတင်ကြီးတွင် စုဝေးခဲ့ကြ၏။ တချို့လည်း လဲလျောင်းကာ ကောင်းကင်ပြာပြာထဲက ကြယ်တို့ကို ရှာဖွေ၍ တရွေ့ရွေ့ သွားနေသော ဂြိုဟ်တုများကို ရှာဖွေ၏။ ကြယ်ကြွေသည်ကို ကြည့်မြင်၏။ အလင်းအလျင်၊ ကြယ်တို့၏ သက်တမ်း၊ ဥက္ကာပျံ၊ ကြယ်တံခွန်၊ ဂြိုဟ်များ အစရှိသော စကြဝဠာ အကြောင်းကို တစ်ဦးမှ တစ်ဦးသို့ အသိဖြန့်ဝေ၏။ စကားပုံတွေ မေးကြ ၏။ စကားထာတွေဝှက်ကြ၏။ ပန်းမပေးဘဲ၊ အရှုံးမပေးဘဲ အဖြေ မမှန်မချင်း ထင်ရာ စွတ်ရွတ်ဖြေတတ်သူ ကျွန်မကြောင့် အကြီးတွေက ရယ်ကြမောကြ၊ စကြနောက်ကြ

နှင့် စကားဝိုင်းသည် စီမြိုင်သွားသည့်အခါ ဖေဖေပါ ကုလားထိုင်တစ်လုံးနှင့် စကားဝိုင်းသို့ ဝင်ရောက်လာတတ်သည်။ မေမေက လက်ဖက် ပဲကြော်နှင့် ရေနွေးကြမ်း ချပေးတတ်၏။ ဝါဆိုဝါခေါင် ညများ ဖြစ်လျှင်တော့ ခြံထောင့်က မေမေ စိုက်ထားသည့် မြတ်လေးပန်းရုံထံမှ မွှေးပျံ့လန်းဆန်းသော မြတ်လေးပန်းရနံ့များကို ရတတ်လေသည်။ မနက်အရုဏ်တွင် သီကုံးနိုင်ရန်အတွက် ညဥ့်ဦးကတည်းက အပ်အချောင်းပေါင်း လေးငါးဆယ်တွင် အပ်ချည်ထိုးကာ ထားရသည့်အလုပ်ကို ကျွန်မတို့က စကားပြောရင်း၊ ပုံနားထောင်ရင်း အလုပ်လုပ်ကြရသည်။

ပန်းလှိုင်လှိုင်ပွင့်သည့် ဝါခေါင်လများတွင် အရုဏ်မတက်မီ မနက်နှစ်နာရီ၊ သုံးနာရီခန့်ကတည်းက မွှေးကြူစ ပွင့်အာစ မြတ်လေးပန်းပွင့်များကို စင်ပေါ်တက်၍ ခူးကြရသည်။ ကျွန်မတို့ အငယ်တွေကိုတော့ မေမေက မနက်လေးနာရီခန့်လောက်မှ နှိုးတတ်ပါသည်။ လမ်းဓာတ်မီးတိုင် အလင်းရောင် မှုန်မှုန်အောက်မှာ ဖွေးဆွတ်နေသော မြတ်လေးပန်းပွင့်များကို အသာအယာ ခူးဆွတ်ကာ ရေဖလားကြီးများတွင် ထည့်ယူလာလျက် ကွပ်ပျစ်ပေါ်ရှိ အဝတ်ဖြူဖြူသန့်သန့်ပေါ်မှာ ဖွဖွလေး လောင်းသွန်၍ ပုံထားရ၏။ ပန်းလှိုင်လှိုင်ပွင့်သည့်ရက်များတွင် ဖေဖေကပါ မေမေ့ကို ကူညီကာ ပန်းခူးပေးတတ်ပါသည်။ မနက်မလင်းမီက မမြင်သာခဲ့သော အရွက်စိမ်းအုပ်အုပ်များအောက် အကြိုအကြားက ပန်းပွင့်များကို အလင်းရောင်လာမှ မြင်ရသည့်အခါ ကျွန်မတို့ကပါ ဝိုင်းကူ၍ ရှာဖွေခူးပေးကြပါသည်။

မြတ်လေးရုံအပေါ်ဘက်သို့ အညွန့်ဖျားများ ထောင်ထွက်ကာ ပွင့်နေသော ပန်းခက်များကိုမူ မေမေနှင့် ဖေဖေက ဘယ်တော့မှ မခူးဆွတ်ကြပါ။ ဘုရားကို အပင်လိုက် ကပ်လှူထားတတ်ကြသည်။ ထိုအပွင့်များသည် အပွင့်ကြီးလည်း ကြီး၊ လှလည်း လှပေသည်။

သီကုံးပြီးသော ပန်းများကို ကျွန်မနှင့် နွယ်နွယ်က မနက်လင်းလျှင် ဈေးသို့သွားကာ ပန်းသည်များထံ ဖောက်သည်ပေးရ၏။ အချို့ကို နေ့စဉ်ဝယ်ယူနေကျ ဈေးသည်များထံ ရောင်းရသည်။ ကျန်သည့် ပန်းကုံးများကို ဈေးနှင့် ဈေးအနီး ရပ်ကွက်ထဲမှာ လှည့်ကာရောင်းရသည်။ နေမထွက်ခင်၊

နေမပူခင် ပြီးအောင် ရောင်းရသည်မို့ ညစဉ် အိပ်ရေးပျက်ကြရသည်။ သို့သော် ထိုအလုပ်သည် ဖေဖေ နာရီပြင်သော ဝင်ငွေနှင့် မလောက်ငသော ကျွန်မတို့အိမ်ထောင်စုအတွက် အိမ်စရိတ်ကို ကောင်းကောင်းကာမိတတ်ပါသည်။ ထိုမြတ်လေးပင်ကြီးသည် ညစဉ် ဆွတ်ပျံ့သော မွှေးရနံ့များဖြင့် ကျွန်မတို့ကို ချမ်းမြေ့စွာ အိပ်စက်စေခဲ့ပါသည်။ ထိုမြတ်လေးစင်နံဘေးက သံခုတင်ကြီးမှာ နွေညများတွင် ကျွန်မတို့သည် လပြည့်ညအလှကို ခံစားရင်း၊ စကားထာဝှက်ရင်း၊ ဂစ်တာတီးရင်း၊ သီချင်းဆိုရင်း မောင်နှမ သားအမိ တစ်တွေ ပျော်ပျော်ပါးပါး ဝိုင်းဖွဲ့စကားပြောရင်း ညများစွာ မွေ့မြူလှပခဲ့ဖူးပါသည်။

မပြည့်စုံသောဘဝမှာ ကြိုးစား အားထုတ်လိုစိတ်၊ ရုန်းကန် အန်တုလိုစိတ်၊ အနာဂတ်ကို မျှော်လင့်နိုင်စိတ်များ မွေးမြူတတ်အောင် မေမေ သွန်သင်ခဲ့သည်။ လူတန်ဖိုးစစ်စစ်အဖြစ် ကိုယ်ကျင့်တရားမြင့်မြတ်မှုကို တည်ဆောက်လိုစိတ်ရှိရန် မေမေ ဆုံးမခဲ့သည်။ ဆင်းရဲသည့်အဖြစ်၍ အားမငယ်တတ်ဖို့နှင့် ပညာတတ်အောင် သင်ပြီး ပညာနှင့် ဘဝကို မြှင့်တင်ယူတတ်ဖို့ မေမေ အားပေးတတ်ခဲ့သည်။ လောကဓံကို မတုန်မလှုပ်သော၊ စိတ်ဓာတ်ကြံ့ခိုင် တည်ကြည်ပြီး ခံနိုင်ရည်ရှိသည့် စိတ်အခြေအနေကို ရရှိအောင် မေမေက လူ့ဘဝ လူ့လောက ဖြစ်ရပ်အထွေထွေကို ပြောပြရင်း နှလုံးသွင်းတတ်စေသည်။

မဖြစ်မနေ ကြိုးစားအားထုတ်ရင်း၊ ရုန်းကန်ရင်ဆိုင်ရင်း၊ ဇွတ်တွန်း၍ သတ္တိမွေးယူကာ ပြုလုပ်ဆောင်ရွက်ခဲ့ရသမျှ ဘဝကို ရင်ဆိုင်ဖို့ အရည်အသွေးတွေ ရလာခဲ့၏။ ကိုယ်ကိုယ်တိုင် စိတ်ခွန်အားကို မွေးယူ ဖြည့်ယူခဲ့ရသည်။ ဤသို့သော စိတ်အခြေအနေကို ရရှိခဲ့ခြင်းမှာ မပြည့်မစုံနှင့် ဆင်းရဲသော ဘဝအတွေ့အကြုံများ၏ ကောင်းကွက်များသာ ဖြစ်သည်ဟု သိမြင်လာသည်နှင့်အမျှ လေ့ကျင့်ပေးသလို ဖြစ်စေခဲ့သော မေမေ့ အားထုတ်မှုတွေကို ကျေးဇူးတင်ရကောင်းမှန်း သိလာရ၏။

စံထားအပ်သည့် ကောင်းမြတ်ခြင်းတွေကို နှစ်သက်တတ်လာအောင် ကျွန်မတို့စိတ်နှလုံးကို မေမေက ထုဆစ်ပုံသွင်းခဲ့သည်။ ဘဝကို ရဲဝံ့ကြံ့ခိုင်စွာ ဖြတ်သန်းနိုင်အောင်၊ စိတ်ခွန်အားနှင့် ဇွဲမာန်ထက်သန်အောင် မေမေက

စံပြ ပြုမူနေထိုင်ခဲ့သည်။ အဆိုးလောကဓံကို မပြုံးမပျက် အန်တုရင်ဆိုင်၍ ခံနိုင်ရည်မွေးလျက် သည်းခံတတ်ခဲ့သူ မေမေသည် ဘဝသတ္တိ မြင့်မားသူ ဖြစ်သည်။ နှလုံးသားနူးညံ့၍ စိတ်ဓာတ်မာသူ ဖြစ်သည်။

'မိမိကိုယ်ပိုင် စိတ်လှုပ်ရှားမှုများကို နားလည်ခြင်း၊ အခြားသူတို့၏ ခံစားမှုကို စာနာတတ်ခြင်း၊ ဘဝတွင် အဆင်ပြေအောင် စိတ်လှုပ်ရှားမှုတို့ကို ထိန်းချုပ်တတ်ခြင်း စသောစွမ်းရည်' တို့ ပါဝင်သည့် စိတ်လှုပ်ရှားမှု ဉာဏ်ရည် Emotional Intelligence (EQ) တန်ဖိုး မြင့်မားမှုဖြစ်သော စိတ်ထား နှလုံးထား ကောင်းခြင်းတွေ မေမေ့မှာရှိသည်ဟု ကျွန်မ ဆင်ခြင်မိသည်။

ထိုစိတ်ထား နှလုံးထားကောင်းရှိသော နှလုံးရည်နှင့် ဘဝအမြင်၊ လောကအမြင်တွေ ရလာအောင် စာအုပ်စာပေ၊ စာကောင်းပေမွန်တွေက ပြုပေးနိုင်သည်ဟုလည်း ကျွန်မ ယုံကြည်သည်။ ရသစာပေကောင်းတို့၏ ဂုဏ်အင်ကြောင့် ဖတ်ရှုရသော ကျွန်မတို့သည် ထိုဇာတ်လမ်း ဇာတ်ကောင်၏နေရာတွင် ထပ်တူပူးဝင်ခံစားခြင်း Empathy ဆိုသော စိတ်အခြေအနေကို ရရှိလာသည်။ ကိုယ်ချင်းစာနာစိတ် Sympathy မြင့်လာသည်။ ဘဝအဖြစ်အပျက်များစွာကို ရှုမြင်သုံးသပ်ခွင့်ရကြ၍ ဘဝအမြင်၊ လောကအမြင်များ သိမြင်ခွင့်ရလာကာ မျှော်လင့်ချက်ထားနိုင်လာသည်။ မျှော်လင့်ချက်ရှိရာအရပ်သို့ ဦးလည်မသုန် သွားကြဖို့ရန်အတွက်လည်း အတွင်းစိတ်ခွန်အားကို ယုံကြည်မှုတည်ဆောက်ကာ မွေးယူနိုင်လေသည်။ စာဖတ်ခြင်း၏ အကျိုးကျေးဇူးကို ကျွန်မတို့၏ နေ့စဉ်ဘဝမှာပင် လက်တွေ့ ခံစားခဲ့ရသည်။ စာဖတ်သူသည် လောကအကြောင်း၊ ဘဝအကြောင်းက စ၍ ပညာဗဟုသုတ အကြားအမြင် များကာ အသိဉာဏ်အရာမှာ သူတစ်ပါးထက် ခေါင်းတစ်လုံး ပိုမြင့်သည်ဟူသော စကားကို လက်ကိုင်ပြုလျက် ပညာကို ရှာမှီးခဲ့ရသည်။ ပညာကို အားကိုးအားထားပြု၍ မိမိစိတ်အခြေအနေကို နှစ်သက်ကျေနပ်နိုင်သော၊ မိမိကိုယ်ကို လေးစားတန်ဖိုးထားတတ်သောစိတ် Self-esteem ကို တည်ဆောက်ယူရသည်။ မိမိကိုယ်ကို အလေးအမြတ်ပြုနိုင်စိတ်ဖြင့် ရုပ်ပိုင်းဘဝ မပြည့်စုံခြင်း၊ ဆင်းရဲခြင်း စသော ဘဝအခြေအနေကို ဘေးဖယ်ကာ မေ့ထားနိုင်စွမ်း ရှိလာလေသည်။

မေမေ့ရဲ့ကျောင်းက အစပျိုး စုစည်းပေးလိုက်သော ထိုအလေ့အကျင့်၊ ထိုစိတ်အခြေအနေ၊ အထုံဝါသနာတို့ကြောင့် ကျွန်မတို့ဘဝ တစ်လျှောက်လုံးအတွက် အရေးကြီးသော အခြေခံ စိတ်နေစိတ်ထားနှင့် ဘဝနေနည်းပညာကို ရရှိခဲ့သည်ဟု ဆိုရပါမည်။

နေ့စဉ် ပညာတွေ ရနေသည်ဟု မသိခဲ့ဘဲ အပျော်တွေအဖြစ်သာ သိမှတ်နေခဲ့သော ထိုထိုသော ညစဉ် ညစဉ် ပုံပြောရင်း သင်ပေးခဲ့သော မေမေ့ကျေးဇူးတွေကို ခုအခါမှ ပြန်လည်ဆင်ခြင် သုံးသပ်မိရင်း တန်ဖိုးကြီးမြင့်မှုန်း သိတတ်ခဲ့သည်။

ခုတော့ မေမေ့အရိပ်နှင့် ဝေးခဲ့ပြီ။ မေမေ့ စကားသံတို့လည်း ဆိတ်ခဲ့ချေပြီ။

ခုချိန်မှာ ကြယ်စုံသော၊ လရောင်ရွှန်းပသော ကောင်းကင်ပြာပြာကြီးကို ငေးမောမိလျှင် ကြယ်တွေကို ရှာဖွေလျက် အမည်ဖော်ပြတမ်းကစားခဲ့ကြသော တစ်ခါက ငယ်ဘဝ ညတွေကို ကျွန်မ သတိရနေတတ်သည်။ အေးစက်စက် ဆောင်းညတွေမှာ ငယ်ငယ်က သံဒယ်အိုးဟောင်းမီးလင်းဖိုကြီးဘေးမှာ မီးလှုံရင်း ပုံနားထောင်ခဲ့ရသော ပုံရိပ်တွေကို လွမ်းမိသည်။ မေမေ့ကို လွမ်းရ၍ အကြိမ်ကြိမ် ပျိုးပင်တွေ ဝယ်စိုက်ပါသော်လည်း မြတ်လေးပင်ကိုမျှ ရှင်အောင် မစိုက်နိုင်သူ ကျွန်မသည် ကျွန်မတို့ဘဝ၏ မမေ့နိုင်သော မေမေ့မြတ်လေးရုံကြီးကိုသာ လွမ်းမိပါသည်။

မေမေကိုယ်တိုင်စိုက်ပျိုး၍ အုပ်အုပ်ခဲခဲ အရွက်စိမ်းများဖြင့် တစ်ခန်းစာမျှ ကြီးထွားလာသော မေမေ့ မြတ်လေးပင်ကြီးသည် မီးဖိုချောင်စရိတ်ကို ကာမိအောင် ရှာဖွေပေးနိုင်ခဲ့သော မေမေ့ရဲဘော်ရဲဘက်ကြီး ဖြစ်သည်။ အာရုံထဲမှာတော့ မြတ်လေးစင်ပေါ်မှာ ပန်းခူးနေသော မေမေ့ကို မြင်ယောင်နေသည်။ အနားမနေ၊ အားချိန်ရတိုင်း မြတ်လေးကိုင်းခြောက်၊ အရွက်ခြောက်ကလေးများကို ဖယ်ရှားခြင်း၊ မြေကို ဆွပေးခြင်း၊ မြေဆွေးချပေးခြင်း၊ ရေလောင်းခြင်းတွေ ပြုနေသော မေမေ့အရိပ်တွေကို မြင်ယောင်မိပါသည်။

ထို့ပြင် သားသမီးများ ဘဝနောင်ရေးအတွက် ဖွံ့ခတ်လွန်းလှသော မေမေ့စေတနာ မေတ္တာများကို တစိမ့်စိမ့် သတိရမိပါသည်။ မိဘများသည်

မိမိ၏ သားသမီးများကို မိမိတို့လမ်းညွှန်တိုက်တွန်းသလို ဖြစ်စေချင်၊ လုပ်ကိုင်စေချင်ကြသည်ဆိုရာတွင် ယင်းသည် သူတို့ကိုယ်သူတို့ အမှန်ဟု စွဲမြဲယုံကြည်သော အတ္တစိတ်လွှန်ကဲမှုကြောင့်ဟု ကျွန်မ ထင်မြင်နိုင်စရာ အကြောင်းမရှိပါ။ မိဘဆိုသည်မှာ သူ သိသော၊ သူ ခံစားဖူးသော၊ သူ နှစ်သက်မြတ်နိုးသော၊ သူက ကောင်းမြတ်သည်ဟု သိရှိယုံကြည်ထားသော အရာတို့ကို သူ မြတ်နိုးချစ်ခင်သော သားသမီးများအား ရယူ ပိုင်ဆိုင်စေချင်သည့် စိတ်သည် စင်စစ်မတော့ စေတနာသာလျှင် ဖြစ်ပေသည်။

ထိုစိတ်စေတနာနှင့်သာ မေမေနှင့်တကွသော မိခင်တိုင်းသည် ဤသို့သော ကျောင်းကလေးကို ညစဉ်ညတိုင်း ဝတ္တရားမပျက် မေတ္တာနှင့် ပြုကြစမြဲ ဖြစ်ပေသည်။

မေမေ့မေတ္တာ စေတနာနှင့် ဖွဲ့တို့ကို မမီနိုင်သော်လည်း ကျွန်မသည်လည်း မေမေ့ညကျောင်းကို လက်ဆင့်ကမ်း ဖွင့်လှစ်ခဲ့ပါပြီ။ ကျွန်မ၏ အိပ်ရာဝင်ချိန်များတွင် ဖတ်စရာအကိုးအကား စာအုပ်တစ်ပွေ့တစ်ပိုက်နှင့် အတူ ကလေးတို့ကို ပုံပြောတတ်ခဲ့ပြီ။ ပုံပြောရင်း သိစေချင် တတ်စေချင်သမျှ ဆုံးမပဲ့ပြင် သင်ကြားတတ်ခဲ့ပြီ။ လေ့လာမှတ်သား ဖတ်ထားသမျှ ဗဟုသုတတွေကိုလည်း အသိဖြန့်ဝေဖို့ စာအံခြင်းတွေ ပြုနေခဲ့ရပါပြီ။

ခုချိန်မှာ တမလွန်ကနေ မေမေသာ မြင်နိုင်လိမ့်မည် ဆိုလျှင်ဖြင့် ညစဉ်ညစဉ် ပုံပြောရင်း ကလေးတို့၏အနာဂတ်ဘဝအတွက် မျှော်လင့်ခြင်းတွေ စိုက်ပျိုးနေသည့် ကျွန်မအပေါ် မေမေ ကျေနပ်နိုင်ကောင်းပါရဲ့။

**ဝိုင်**

## လွမ်းရိပ်

ဘဝကိုနောက်ကြောင်း ပြန်လှည့်လို့ရလျှင် အတိတ်က ငယ်ဘဝဆီသို့ အပြေးတစ်ပိုင်း ပြန်သွားလိုက်ချင်ပါသည်။ ဘယ်လောက်ပဲ စားဝတ်နေရေး ချို့တဲ့သောဘဝ ဖြစ်နေပါစေ၊ ဘယ်လောက်ပဲ ဆင်းရဲနုံချာလှပါစေ၊ အဲသည် လွန်ခဲ့သော အနှစ်လေးဆယ်ကျော် ကာလဆီကို သွားလို့ရလျှင် သွားလိုက်ချင်စမ်းလှပါသည်။

အဲသည်မှာ မေမေ ရှိသည်။ အဲသည် အတိတ်ကာလတွေဆီမှာ မေမေနှင့်အတူ နေ့စဉ် သွားလာလှုပ်ရှားခွင့်တွေ ရှိသည်။ မေမေ့အသံကို ကြားရမည်။ မေမေ့ကို ကိုယ်တိုင်တွေ့မြင်နိုင်သည်။ မေမေ့ကို ထိတွေ့လို့ရသည်။ မေမေ့ ဆုံးမစကားတွေကို နားပူအောင်လည်း ကြားနိုင်ပါသေးသည်။

ထိုဘဝကို လွမ်းဖို့ကောင်းမှန်း ခုခါ ကျွန်မ သိပြီ။ သိလာရသည့် အသိထဲမှာ နာကျင်ကြေကွဲရခြင်းတို့က ရောလျက် ပါလာသည်။ နောင်တတွေလည်း ရလှပြီ။

လွမ်းရသမျှ မိသားစု မောင်နှမတစ်တွေနှင့်အတူ ပြန်လည်ပြောပြ

အောက်မေ့နိုင်ခြင်း မရှိသည့် တစ်မြို့တစ်ရွာမှာ နေနေရသူမို့ ကျွန်မကို စာနာနားလည်နိုင်သူ အနီးအနားမှာ မရှိသူမို့ စိတ်ဖြေရာသည် မှတ်တမ်း စာအုပ်သာ ဖြစ်ခဲ့၏။ မေမေ့ကိုလွမ်းတိုင်း ငယ်ဘဝပုံရိပ်တွေထဲက မေမေ့ ကို သတိတရရှိမိတိုင်း ကျွန်မ မှတ်တမ်းတွေ ရေးရပါသည်။ ငယ်စဉ်က တည်းက မှတ်တမ်းရေးကျင့် ရှိခဲ့သူမို့ ကြေကွဲဝမ်းနည်းမှုတွေ လွမ်းဆွတ် အောက်မေ့မှုတွေကို ရေးချရင်း လောက၏ နာကျင်မှုတွေကို ဖြေသိမ့်ခဲ့ရ သည်။ မှတ်တမ်းမျှ မတင်နိုင်တော့လောက်အောင် စိတ်နွမ်းလျ လွန်းသည့် နေ့ရက်များစွာကိုလည်း ဖြတ်သန်းခဲ့ရ၏။ သို့သော်လည်း စာရွက်ပေါ်မှာ ချမရေးနိုင်ခဲ့သည်တို့သည် နှလုံးသားထဲမှာ နက်ရှိုင်းစွာ စွဲထင်ကျန်နေခဲ့ ပေသည်။

ဒဏ်ရာ အသားမာတက်သကဲ့သို့ နာကျင်မှုတို့ ထုံထိုင်းသွားခဲ့သော် လည်း ပြင်ပတစ်စုံတစ်ရာက ထိရှလိုက်သည့်အခါ အနာဟောင်းက ပွင့်ထွက်လာတတ်သည်။

ပြင်ပက နှီးဆွမှုတွေကြောင့် မေ့နေခဲ့သော အဖြစ်အပျက်များ၊ မေ့ထားခဲ့သော အဖြစ်အပျက်များ၊ မေ့ချင်ခဲ့သော အဖြစ်အပျက်များသည် အသစ်တစ်ဖန် ပြန်လည်၍ အာရုံမှာ မြင်ရကြားရပြန်သည်။

မေမေ့ အသိမိတ်ဆွေ ငယ်သူငယ်ချင်းများနှင့် မေမေ့ရပ်ရွာ အကြောင်း ကြားရ သိရခြင်းတွေသည်လည်း မေမေ့ကို အသစ်တစ်ဖန် လွမ်းဆွတ်စေဖို့ အကြောင်းများ ဖြစ်လေသည်။

မြစ်ရေကြီးမှု၊ မိုးရွာသွန်းမှု သတင်းတွေထဲမှာ ပွင့်ဖြူမြို့နယ် ရေနစ် မြုပ် သတင်းပါလာသည်။ မေမေ့ မွေးရပ်မြေသည် ပွင့်ဖြူမြို့နယ်ထဲက ကုန်းဇောင်းမြို့ကလေး ဖြစ်သည်။ ရွှေစက်တော်၊ စေတုတ္တရာ၊ ငဖဲ၊ ပေ တောရွာ ... စသည့် နာမည်တွေ ဖတ်ရမြင်ရ ကြားလာရတော့ မေမေ ပြောလေ့ရှိသည့် စကားတွေထဲမှာ ပေတော ပင်းတုံး ဆိုသော ရွာစဉ်အမည် တွေ ပါခဲ့တာ သတိရ၏။ မေမေက တစ်ကောင်ကြွက်၊ ဆွေမျိုးရင်းချာ မရှိ သော်လည်း ဝမ်းကွဲတွေ ဆွေနီးမျိုးစပ်တွေ ပွင့်ဖြူနယ်က ရွာတွေမှာ ရှိနေ နိုင်သည်။ အဲသည်ဒေသမှာ ရေနစ်မြုပ်လို့ ဒုက္ခရောက်ကြတာတွေ ကြား ရသည့်အခါ မေမေ့ရပ်ရွာမို့ စိတ်မကောင်းဖြစ်ရမှုတွေထဲမှာ အောက်မေ့မှု

တွေလည်း ပါလာသည်။

မုန်းချောင်း၊ မုန်းရေလျှောင်တမံ ဆိုသော စကားသံတွေကို သဘာဝ ဘေးအန္တရာယ်အတွက် ကြားရစဉ်မှာ ငယ်ငယ်က အဖြစ်တွေ သတိရ၏။

ငယ်ငယ်က မေမေ့ကို စချင်လျှင် ရေနံ့သာဝင်းမောင်၏ သီချင်း 'အတူတွဲကာ'ကို အော်ဆိုတတ်၏။ အဆုံးပိုဒ်နားလောက်ဆီက 'မုန်းချောင်းကို ကျော်တဲ့အခါ ရောက်ပါတော့မယ် ကျွန်မတို့ ကုန်းဇောင်းရွာ ...' ဆိုတာလေးကို ဆိုဆိုပြီး စသည်။ ထိုသီချင်းကို မေမေက နှစ်နှစ်သက်သက်ရှိသည်။ မေမေ့သမီးကြီး မမပိုက်ကတော့ အဆိုပိုင်နိုင်စွာ ထိုသီချင်းကို သီဆိုညည်းလေ့ ရှိသည်။

'... ... ဒီနှစ်အညာ နွေဦးမှာ နှစ်ယောက်တွဲကာ အတူသွားမှာ ... မင်းဘူးက ရွှေစက်တော် ဖူးချင်ပါတယ် မောင် လိုက်ပို့ပါ ... တန်ခူးလရဲ့ ဒီပွဲတော် ... ပျော်စရာကောင်းတယ် မောင် လိုက်ပို့မှာ ... မကွေးမြသလွန် ကျောင်းတော်ရာ သွားရောက်ကာ ဖူးမြော်မြင်မှာ ...

မုန်းချောင်းကို ကျော်တဲ့အခါ ရောက်ပါတော့မယ် ... ကျွန်မတို့ ကုန်းဇောင်းရွာ ...'

မွေးကင်းစ နှစ်လသမီးမှ သူငယ်တန်းကလေး အောင်သည်အထိ ကုန်းဇောင်းမှာ နေခဲ့ရသည်မို့ ကျွန်မ၏ ငယ်ဘဝအစ တစ်ပိုင်းသည် ကုန်းဇောင်းမြေမှာ ရှိလေသည်။ ရေနံချောင်း ပြန်ပြောင်းချိန်မှာ သူငယ်တန်းကြီးသို့ တက်စရာမလိုတော့ဘဲ ပထမတန်းသို့ အတန်းတက်ရသည်။ ကျွန်မ၏ ငယ်ဘဝနှောင်းပိုင်းသည် ရေနံချောင်းမြေမှာ ရှိလေသည်။

ကလေးငယ်တစ်ယောက်၏ အမှတ်ရမှု အပိုင်းအစများတွင် ပုံရိပ်တွေ၊ အဖြစ်အပျက်တွေသည် စွဲလမ်းရသည့် အတိုင်းအာတာအရ ထင်ရှားပီပြင်စွာ မှတ်မိနေတတ်သည်။

ရေရှားသော နွေမှာ ကုန်းဇောင်းမှာနေစဉ်က မြောင်းပေါင်ကို သွားကာ အဝတ်လျှော်ကြ၊ ရေချိုးကြတာ သတိရသည်။ ကုန်းဇောင်းအိမ်နှင့် မျက်နှာချင်းဆိုင်အိမ်မှာ ဖေဖေ့ ညီအစ်ကိုဝမ်းကွဲ ဦးလေးကိုဖိုးဦးနှင့် အရီးအေးမေတို့ မိသားစုရှိသည်။ ကျွန်မက လမ်းကူးကာ အိမ်လည်သွားလျှင် ဦးလေးကိုဖိုးဦး မြင်းစာစင်းနေတာ တွေ့ရတတ်သည်။ မြင်းလှည်းစီးရတာ

ကျွန်မက ပျော်သည်။ မြင်းစာတွေကို ခြင်းကြားကြီးထဲမှာ ထည့်ပြီး မြင်းလှည်းပေါ် တင်ကာ မြောင်းပေါင်သို့ မြင်းစာရေဆေး၊ မြင်းတွေ ရေချိုးသွားလျှင် ကျွန်မကို ခေါ် သွားတတ်သည်။ ကျွန်မက မြောင်းပေါင်ပေါ် က ထိုင်ကြည့်နေတတ်သည်။

နီညိုရောင်မြင်းကြီး၏ ကျောပြင်သည် ရေချိုးသန့်စင်ပေးသောအခါ မည်းပြောင်နေတတ်သည်။ မြင်းစာတောင်းကို ရေနှစ်၍ လှုပ်ခါ ဆေးသည့်အခါ ဝါးခြင်းကြီးထဲမှ မြင်းစာဖတ်ကလေး တချို့သည် ထွက်ကျလာသည်။ မြောင်းရေစီးမှာမျောပါသွားသော မြင်းစာဖြုတ်စကလေးများကို ကျွန်မစိတ်အာရုံမှာ မြင်ယောင်တတ်ဆဲ ရှိလေသည်။

ညနေတိုင်ကျလျှင် မြောင်းပေါင်မှာ လမ်းလျှောက်ထွက်သူ လေညင်းခံ ထွက်လာသူ၊ လူပျိုကာလသားတစ်သိုက်၊ မိန်းမပျိုတစ်စု၊ မိသားစုအလိုက် ... လူတွေ စုစု စုစုနှင့် စည်ကားနေတတ်ပါသည်။

မေမေသည် သူငယ်ငယ်က ရွှေစက်တော် ဘုရားဖူးသွားရသည့် အကြောင်း လွမ်းဆွတ်တမ်းတစွာ ပုံပြောသလို ပြောပြလေ့ ရှိသည်။ ရွာထဲက လူတွေ စုပေါင်းပြီး လှည်းအစီးပေါင်းများစွာနှင့် တပျော်တပါး တစုတဝေးကြီး ခရီးရှည်ထွက်ကာ ဘုရားဖူးသွားခဲ့ရသည့် ခရီးစဉ်ကို မေမေက ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြတတ်ပါသည်။ ကျွန်မအတွက် မရိုးနိုင်သော မေမေ့ပုံပြင်တစ်ပုဒ်ဖြစ်ခဲ့ရပါသည်။ ကျွန်မက နှစ်သက်လွန်းလှ၍ မကြာခဏပင် ထပ်မံကြားချင်တတ်သဖြင့် မေမေ့ကို ပြောပြဖို့ ခဏခဏ တောင်းဆိုလေ့ရှိသည်။

ပြောရသူ မေမေ့အတွက်လည်း ပြောပြဖို့ ဘယ်တော့မှ မရိုးနိုင်သော၊ အလွမ်းမပြေနိုင်သော အတိတ်ဘဝပုံရိပ်လေး ဖြစ်ပေသည်။ ခရီးဝေးမို့ အန္တရာယ်ကင်းအောင် အုပ်စုဖွဲ့ကာ သွားကြသည်။ ကလေးတွေ သက်ကြီးရွယ်အိုတွေကို လှည်းပေါ် တင်စီးစေသည်။ လူရွယ်တွေ သန်မြန်ကြံ့ခိုင်သူ လူကြီးတွေက ခြေကျင် လှည်းရှေ့က သွားတတ်သည်။ တချို့က လှည်းနောက်က စောင့်ရှောက်ရင်း လိုက်လာကြသည်။ ရှေ့က သွားနှင့်ရသူများသည် လက်ထဲမှာ တုတ်၊ သစ်ကိုင်းများ၊ ဓားများ ကိုင်ထားသည်။ ပိုးကောင်မွှားကောင်များ လမ်းပေါ် တက်မလာအောင် ခြောက်လှန့်ပေးရသည်။ ဘေးဘီဝဲယာက သစ်ပင်ချုံပင်များကို ရိုက်ပုတ်ကာ ခြောက်လှန့်

ကြသည်။ လမ်းမရှင်းလျှင် ပါလာသောဓားဖြင့် ခုတ်ထွင်ရှင်းလင်းပြီး ခရီးဆက်ကြရသည်။

အပျိုတွေ၊ လူပျိုကာလသားတွေ လမ်းခရီးမှာ အတူသွားကြလာကြရင်း စကြနောက်ကြသည်လည်း ရှိ၊ ကာကွယ် စောင့်ရှောက်ပေးရသည်လည်း ရှိ၊ ကြည်နူးစရာ အဖြစ်ကလေးများလည်း ရှိတတ်ပြန်သတဲ့။ မေမေက ကလေးသာသာအရွယ်ပေမဲ့ မေမေ့မိခင်နှင့်အတူ လမ်းလျှောက်လိုက်သည့်အခါများလည်း ရှိသည်ဟု ဆိုသည်။

လမ်းမှာတွေ့သော သစ်ပင်တွေထဲက ဟင်းစားရအောင် ခူးကြ၊ ဆွတ်ကြနှင့် ပျော်စရာကောင်းလှပါသတဲ့။ တောပန်းတွေကိုလည်း ခူးကြ ချိုးကြ ... ကျေးငှက်ကလေးတွေကို သစ်ပင်ချုံကြားမှာ တွေ့တော့လည်း ငေးရမောရနှင့် လမ်းခရီးသည် ပျော်ရွှင်စရာကောင်းလှပါသတဲ့။ လူကြီးများကလည်း ငှက်အမည်နှင့်တကွ ညွှန်ပြပေးကြသည် ... တဲ့။ ကြက်တူရွေး စိမ်း၊ သပိတ်လွယ်၊ ဘွတ်ကလုံ၊ ငှက်ခါး၊ ချိုး၊ ဆက်ရက် ... စသည်တို့ မြင်တွေ့ရသည်တဲ့။ ဥဩကိုတော့ အသံသာ ကြားရမြဲ။ လွမ်းစရာ အသံလေးနှင့် တောအုပ်နက်နက်ထဲက အော်မြည်နေသံသည် ဝေး၍ဝေး၍ သွားသည့်တိုင် ကြားရတတ်သည် ... တဲ့။

စခန်းချ တစ်ထောက်နားလျှင် နွားတွေကို သစ်ပင်မှာချည်၊ အစာ ကျွေး ရေတိုက်၊ လှည်းအောက်မှာသိပ်ထား၏။ ကလေးလူငယ်တွေက ထင်းခြောက် ရှာကြသည်။ ကျောက်တုံးကျောက်ခဲတွေ ရှာပြီး ဖိုခနောက်ဆိုင်ကာ မီးဖိုရသည်။ ပါလာသော ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်တို့ကို ချက်ကြသည့်အခါ လမ်းခရီးက ခူးဆွတ်လာသော ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်များကိုပါ အတူထည့် ချက်ပြုတ်ကြ၏။ ထို့နောက် ဝိုင်းဖွဲ့ကာ တပျော်တပါး စုဝေးစားကြသည် ... တဲ့။ စားလို့ သိပ်ကောင်းတာ ... ဟု မေမေက ကလေးဘဝ ဘုရားဖူးထွက်ခဲ့ရပုံတွေကို လွမ်းတသသ ပြောတတ်ပါသည်။

ဘုရားကိုရောက်တော့ လှည်းတွေကို ဝိုင်းစုလိုက်ပြီး လှည်းထောက်ချ၍ နားသည်။ နွားတွေကိုတော့ လှည်းဝိုင်းကြီး၏ အတွင်းမှာ ထားကြရသည်။ လာရာလမ်းခရီးတစ်လျှောက်မှာ ရွာစဉ်တစ်လျှောက်က အသိ ခရီး

ဖော် လှည်းတွေပါ တွေ့လာကြရသဖြင့် လှည်းတန်းကြီးက တစ်မျှော် တစ်ခေါ်ကြီး ဖြစ်သွားတတ်သည်ဟု ဆိုသည်။ လှည်းအစီး သုံးလေးဆယ် ပင် ရှိတတ်သတဲ့။ ကျွန်မသည် မေမေ ပြောသော ရွှေစက်တော်သွား တော လားကို မျက်မိထဲ မြင်ယောင်ယောင်၊ ကြားယောင်ယောင်ဖြစ်ကာ နားထောင် ၍ အရသာတွေ့နေတတ်သည်။ မေမေပြောသည့် ရွှေစက်တော် ဘုရားဖူး ခရီးသည် ကြီးလာမှ ကျောင်းမှာသင်ရသော ရှင်မဟာရဋ္ဌသာရ၏ ရွှေစက် တော်သွား တောလားကို ပို၍ ပီပြင်အောင် ခံစားတတ်စေခဲ့ပါသည်။

ကျွန်မက စွဲစွဲလမ်းလမ်း တောင့်တောင့်တတ ရှိတတ်လွန်း၊ နားထောင် တတ်လွန်း၍ ထင်သည်။ တစ်ကြိမ်မှာတော့ ဖေဖေမေမေတို့သည် လှည်းနှင့် ခရီးဝေး ဘုရားဖူးထွက်ကြဖို့ စီမံပေးခဲ့ပါသည်။ ဝေးသော မင်းဘူးက ရွှေစက်တော်ဘုရားတော့ မဟုတ်။ ကုန်းဇောင်းနှင့်နီးသော ကျောင်းတော် ရာဘုရားပွဲသို့ လှည်းများဖြင့် ဘုရားဖူးထွက်ခဲ့ရပါသည်။

သုံးလေးနှစ်သမီးအရွယ် ပထမဆုံး ရွာပြင် ခရီးရှည်ထွက်ရခြင်းနှင့် မိသားစုလိုက် ပျော်ပျော်ပါးပါး သွားလာရခြင်းများကြောင့် ထင်သည်။ ထိုခရီးကို နှစ်ငါးဆယ်နီးပါး ကြာမြင့်သည့် ယခုကာလထိတိုင် လန်းလန်း ဆတ်ဆတ် ခံစား ပျော်ရွှင်နေဆဲ ဖြစ်သည်။

မိသားစုတွေ၏ ပျော်စရာဘဝကို ဖန်တီးရယူနိုင်ဖို့ရာ တပျော်တပါး မိသားစုလိုက် ခရီးအတူထွက်ကြခြင်းတွေ ရှိဖို့ လိုအပ်သည်ဟု ခုခါ ကျွန်မ တွေးတတ်လာသည်။ ထို့ပြင် ကျွန်မကို တစ်သက်တာလုံး အမှတ်တရ ပျော် စရာများ ပေးအပ်ခဲ့သည့် ဖေဖေ၊ မေမေတို့ကို အထူးပင် ကျေးဇူးတင် မဆုံး ရှိတော့သည်။ ဖေဖေ၊ မေမေတို့မှာ ထိုအချိန်က နေ့စဉ် စားရေး သောက်ရေးအတွက်ပင် အနိုင်နိုင် ကြိုးစားရှာဖွေနေရသူများ ဖြစ်ရာ သည်လိုခရီးထွက်ဖို့ စီစဉ်ရခြင်းသည် ငွေကြေးစွန့်စားမှုကြီး ဖြစ်ပေမည်။ ကိုယ်ပိုင်လှည်း မရှိ၍ လှည်းငှားစရိတ်လည်း လိုအပ်ပေမည်။ ဘာပဲဖြစ် ဖြစ် ရောက်ဖူးအောင် ပို့မည်ဟု စိတ်ပိုင်းဖြတ်ကာ ဘုရားဖူးခရီးထွက်ဖို့ စီမံပေးခဲ့ကြသော မိဘတို့၏ ကြီးမားသော မေတ္တာ စေတနာကို ခုခါမှ ကျွန်မက နားလည်ခံစား သိရှိနိုင်ပါသည်။

ထိုခရီးစဉ်သည် ကျွန်မဘဝ၏ အစောဆုံးနှင့် အမှတ်တရ အရှိဆုံး

ခရီးတစ်ခု ဖြစ်ခဲ့သည်။

ပြန်စဉ်းစားလိုက်တိုင်း၊ သတိရလိုက်တိုင်းပင် ထိုစဉ်က ခံစားခဲ့ရသော ကြည်နူးမှု၊ ငြိမ်းချမ်းမှု၊ အေးမြတည်ငြိမ်မှုတို့ကို ပြန်လည်ခံစားရဆဲ ဖြစ်သည်။

ကျောင်းတော်ရာဘုရားမှာ အရှက်ဆွမ်းကပ်ကြတာတွေ သတိမရ။ ဘုရားရှင်လက်ထက်က သိပ်မွေးခဲ့သည့် စန္ဒကူးနံ့သာတိုင်လုံးကြီးတွေ ရှိခဲ့ကြောင်းလည်း ကျွန်မ စိတ်မဝင်စားတတ်။ ကျွန်းတိုင်လုံးကြီးတွေ ရှိသောစောင်းတန်းဇရပ်တွေပေါ်မှာ နားကြသည်။ သစ်ရိပ်အောက်မှာ သစ်ပင်မှာ ကြိုးချည်ထားသော နွားတွေကို အစာကျွေးသည်။ လှည်းတွေကို လှည်းဒေါက်ခွနှင့် ထောက်ထားသည်တို့ကို ခပ်ရေးရေး မြင်ယောင်၏။ ကျွန်မ အစွဲမက်ဆုံး မခွဲနိုင် မခွာရက် အဖြစ်ဆုံးနေရာမှာ အကြွေစေ့ထည့်ပေးသည့်အခါ ဂျောက်ခနဲ မောင်းခလုတ်သံ ကြားရပြီး အရုပ်ကလေးများ သက်ဝင်လှုပ်ရှား ကခုန်နေကြသည်ကို မြင်ခွင့်ရသော အလှူခံပုံး အရုပ်စုံသေတ္တာများပင် ဖြစ်ပါသည်။ ပုံးတစ်ခုမှာ ပြကွက်တစ်မျိုးစီ ရှိကြသည်။ မြင်းပေါ်က ရွှေထီးဆောင်းထားသော မောင်ရင်လောင်းနှင့် သပိတ်ဆွမ်းအုပ် ကိုယ်စီနှင့် မိဘများ၊ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်များ စီတန်းလှည့်လည်သော ရှင်ပြုအလှူပွဲ၊ တီးမှုတ်ကခုန်နေကြသော အရုပ်ကလေးများ၏ အိုးစည်ဗိုးပတ်ဝိုင်း၊ စာဥကို ကျားချီခန်း သရုပ်ဖော်ပြကွက် ... စသည်တို့ ဖြစ်သည်။

အရုပ်မှန်သေတ္တာ၏ ကျောဘက်အပိတ်နံရံတွင် ဘေးအစွန်းနားဆီမှာ ဘယ်တစ်ပေါက် ညာတစ်ပေါက်၊ တံခါးနှစ်ပေါက်ရှိပါသည်။ အကြွေစေ့ကျ၍ ချောက်ခနဲ ခလုတ်ပွင့်သွားလျှင် ဘယ်ဘက်တံခါးက တံခါးရွက်ကလေးပွင့်လာကာ အရုပ်ကလေးများ တန်းစီထွက်လာကြသည်။ သက်ဆိုင်ရာ နောက်ခံ တီးသံမှုတ်သံများလည်း တစ်ပါတည်း ကြားရသည်။ စက်ဝိုင်းခြမ်းပုံ ဖော်ထားသော လမ်းကြောင်းအတိုင်း တရွေ့ရွေ့ နှင့် သွားလာနေသော အရုပ်ကလေးတွေသည် ညာဘက်တံခါးနားသို့ ရောက်သောအခါ ထိုတံခါးက တံခါးရွက်ကလေး ပွင့်လာကာ အရုပ်ကလေးများ တီးမှုတ်ကခုန်ရင်း တန်းစီလျက် ဝင်သွားတော့၏။ အရုပ်ကုန်လျှင် တံခါးလည်း

ပိတ်၊ အသံလည်း တိတ်လေသည်။ သုံးနှစ်သမီး ကျွန်မမှာ အနက်နှင့် အဝါ အစင်းကျား ကျားရုပ်ကလေး ထွက်လာပြီး 'စာဉ' ဟုခေါ်သော မိန်းကလေးရုပ်ကလေးကို ပါးစပ်ဖြင့် တကယ်ပင် ကိုက်ချီကာ ဝင်သွားသည်လို့ပင် ခံစားရလေသည်။ အထူးတဆန်း အံ့မခန်းတွေဖြစ်ကာ အနားမှ မခွာနိုင်အောင် ဖြစ်ခဲ့ရသည်။

ကိုယ့်အကြွေစေ့ ကုန်သောအခါ အခြားသူများ လာထည့်လျှင် အတူ ဝိုင်းကာ ရောၡ ထပ်မံကြည့်ပြန်၏။ တောသူတောင်သား ကလေးတို့အဖို့ စွဲမက်စရာ သံစုံအရုပ်သေတ္တာများ ဖြစ်ပါသည်။ မိဘချမ်းသာသည်ကို ခံစားခဲ့ဖူးသော အစ်ကို၊ အစ်မများကဲ့သို့ သံပတ်နှင့် ဘက်ထရီနှင့် သွားလာကခုန်လှုပ်ရှားတတ်သော အရုပ်ကလေးများနှင့် ကစားခဲ့ဖူးသူ မဟုတ်၍ ကျွန်မမှာ အံ့ဩထူးဆန်းစွာ စွဲလမ်းခဲ့ရပါသည်။ တိုးတက်ခေတ်မီလာသော ယနေ့ခေတ်တွင် အဲသည် သံစုံအရုပ်သေတ္တာလေးများ ကျောင်းတော်ရာတွင် ရှိနေပါသေးရဲ့လား ... ကျွန်မ မသိပါ။ နှစ်ပေါင်းများစွာ ကြာလာခဲ့သော ဒီဘက်နှစ်များတွင် မန္တလေး မဟာမြတ်မုနိဘုရားကြီး၏ တောင်ဘက်က ငါးကြီးအာနန္ဒာဘုရားတွင် ရှိသည်ကြား၍ သမီးနှင့် သားကလေးကို လက်ဆွဲခေါ်ကာ တကူးတက သွားကာ ပြခဲ့ဖူးသည်အထိ ကျွန်မအာရုံမှာ ထိုသံစုံအရုပ်သေတ္တာကို အစွဲအလမ်း ကြီးခဲ့ရပါသည်။

ထိုခရီးသည် ကျွန်မဘဝ၏ အမှတ်တရ အရှိဆုံးနှင့် အပျော်ရွှင်ဆုံးခရီး ဖြစ်ခဲ့သည်။ မနက်ခင်း အရုဏ်ဦး၏ ငြိမ်းချမ်းတည်ငြိမ်သည့် အလှကိုလည်း ပထမဆုံး နှစ်သက်စွာ ခံစားခဲ့ရပါသည်။ အောက်မေ့သတိရတိုင်း ပေါ်လာတတ်သော ထိုနေ့က မြင်ကွင်းသည် ကျွန်မအာရုံမှာ ပြတ်ပြတ်သားသား ရှိဆဲ ... ခံစားရဆဲ ဖြစ်သည်။

ကုန်းဇောင်းအိမ်မှ မနက်ဝေလီဝေလင်းမှာ ပေါင်းမိုးပါသော နွားလှည်းဖြင့် ကျောင်းတော်ရာသို့ ထွက်လာခဲ့သော မြင်ကွင်းတွင် မုန်းချောင်းရေပြင်သည် ကလေး၏ မျက်စိတစ်ဆုံး ရေပြင်ကျယ်ကြီး ဖြစ်နေသည်။ ချောင်းရေစိုစိုမှာ တစ်ခါတစ်ရံ လှည်းသည် သဲနစ်နေတတ်သည်။ လူကြီးတွေက လှည်းပေါ်ကဆင်း၍ လမ်းလျှောက်ကြသည်။ မေမေသည် လှည်းပေါ်က ဆင်းသွားသော်လည်း လှည်းအနီးမှာ ကျွန်မတို့ မြင်သာအောင်

အတူလိုက်ပေးခဲ့ပါသည်။ အလင်းရောင် မရသေး။ မှိန်ပျပျ အမှောင်ကြီးစိုး နေဆဲဖြစ်၍ ဖန်မီးအိမ်ကလေးကို ထွန်း၍ လှည်းပေါင်းမိုးထဲမှာ ချိတ်ဆွဲပေးထားပါသည်။ တကျွီကျွီ တအီအီနှင့် စည်းဝါးကိုက် မြည်နေသော လှည်းဝင်ရိုးသံကို လေးတွဲ့တွဲ့ ကြားနေရ၏။ လှည်း၏ ဘယ်ယိမ်းညာနွဲ့ အလှုပ်အယမ်းမှာ မီးအိမ်ကလေးကလည်း ယိမ်းနွဲ့လျက် ရှိလေသည်။

တဖြည်းဖြည်းနှင့် လှည်းရှေ့မြင်ကွင်းသည် မှောင်ရာက ဖျော့၍ဖျော့၍ သွားသည်။ ရေပြင်ကျယ်ကြီးကို အလင်းရောင် မှိန်ပျပျအောက်တွင် မြင်လာရသည်။ လှိုင်းအိကလေးများက လေးတဖြူးဖြူးအောက်မှာ လှုပ်ခတ်၍ နေသည်။ အရှေ့ဆီမှာ အရုဏ်တက်စအချိန် နေဝန်းက နီနီရဲရဲ ခပ်မှုန်မှုန်ရှိနေကာ ရေပြင်အောက်ထဲမှ တရွေ့ရွေ့ ထိုးထွက်လာသည်။ ရေပြင်ပေါ်မှာ နီစွေးစွေးနေရောင်က ရောင်ပြန်ဟပ်၍နေသည်။ ထို့နောက်တော့ အရှေ့ဆီမှ နီဝါရောင်သမ်းနေသော အလင်းရောင်တို့သည် တဖြည်းဖြည်း လင်း၍လင်း၍ လာကာ ရောင်နီဦးကို မြင်ရ၏။ အမှောင်တို့ ပါးလျပျောက်ကွယ်သွားတော့သည်။ ရေပြင်ကျယ်တဆုံးမှာ ထွက်ပြူစ နေ၏ အလင်းအရုဏ်ဦးရောင်ခြည်သည် ရေဂယက်များပေါ်တွင် ဝါလဲ့လဲ့ နီတျာတျာကလေး လင်းဖြာလျက် ရေလှိုင်းဂယက်နှင့်အတူ လှုပ်ခတ်၍နေလေသည်။

ကျားစိန်ဟုခေါ်သော ဒေါ်လေး မကျင်လှတို့အိမ်က ခွေးကြီးသည် လှည်း၏ဝမ်းဗိုက်အောက်က ထွက်၍ လှည်းရှေ့တည့်တည့်မှာ လှည်းကို လမ်းပြလျက် သွားနေလေသည်။ သဲရေစိုစိုကို လှည်းဘီးပွတ်တိုက် ရွေ့လျားသံ၊ နွားများ၏ တစွက်စွက် နင်းကာ ရုန်းနေသံတို့ ထွက်ပေါ်လျက် ရှိသည်။ ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက် အေးချမ်းလျက် ရှိလေသည်။

လင်းလာသောအခါ မေမေသည် လမ်းပေါ်က မြင်ကွင်းများ အကြောင်းကို ပြောပြပေးရင်း လိုက်ပါလာသည်။

မေမေအပါအဝင် အမျိုးသမီးတွေသည် လမ်းဘေးသစ်ပင်များကို ကြည့်၍ စားစရာအပင်များကို တွေ့လျှင် ဟင်းရွက်ခူးကြ၏။ ဘုရားရောက်လျှင် ဟင်းချက်စရာ ဝယ်ရန်မလိုဘဲ အသင့်ချက်စားနိုင်အောင် ခူးခြင်း

ပေလား ... အပျော်ခူးခြင်းပေလား ... မသိ။ မေမေကတော့ အလွမ်းပြေခူးခြင်း ဖြစ်မည်ထင်သည်။ မေမေသည် ညဦးကတိုင် ဟင်းတွေချက်ပြုတ်ထားပြီး မနက် ကျွန်မတို့ကို မနိုးမီကတိုင် ထမင်းချက်နှင့်ပြီး ဖြစ်သည်။ လှည်းဦးမှာ ဟင်းချိုင့်နှင့် ထမင်းအိုးလိုက်ကို ပုဆိုးဖြင့် ထုပ်ပြီး ယူလာသည်။

မေမေသည် သူငယ်စဉ်က သူ့မိခင်နှင့်အတူသွားခဲ့ရသော ခရီးကို လွမ်းနေမိပေလိမ့်မည်။

မေမေသည် လမ်းဘေးဝဲယာက သစ်ပင်နွယ်ပင်များအကြောင်း ညွှန်ပြကာ ပြောပြပေးရင်း လိုက်ပါလာသည်။ မစားအပ်၊ မထိအပ်သည့် ပဒိုင်းသီး၊ ပဒိုင်းရွက်များကို ပြ၏။ အမြင်လှ၍ နီရဲနေသော အသီးကို ပြပြီး 'အဲဒါပေါ့ အပေါ်ယံ အမြင်လှပြီး သုံးစားလို့မရတဲ့ ကျီးအာသီး'ဟု သူ့ဂုဏ်ပုဒ်ကိုဖွင့်ကာ ကျီးအာသီးကို ပြပါသည်။ ချုံတစ်ခုပေါ်မှာ နွယ်တက်နေသော ရွှေပင်ကလေးဆီက ရွှေစေ့ကလေးများ ပြူတစ်ပြူတစ် ကွဲထွက်စ အသီးတောင့်ကလေးကို ဆွတ်ယူကာ ခွာပြ၏။ ရွှေချိန်ရာတွင် သုံးသော ရွှေစေ့ငယ်လေးများသည် အနီရဲရဲတွင် အနက်စက်လေးတစ်စက်စီ ထိပ်မှာ ပါလျက် ချစ်စဖွယ်ကောင်းလှသည်။ ရွာက ဆင်းရဲသား ကလေးသူငယ်များအဖို့ ကြိုးနှင့်သီထားသော ရွှေစေ့ကုံးကလေးသည် လည်ဆွဲ ရတနာပင် ဖြစ်သည်။

ကိုယ်တိုင်ကြည့်ရှု ဆွတ်ခူးရင်း ရှင်းပြရင်း ပျော်ရွှင်ကြည်နူးနေသော မေမေသည် သစ်ပင်ပန်းပင်များကို ချစ်တတ်သူ ဖြစ်သည်။

ကုန်းဇောင်းအိမ် မျက်နှာစာစည်းရိုးတွင် လူကြီးတစ်ဖက်စာမက တုတ်ခိုင်သော မန်ကျည်းပင်များ ရှိသည်။ ခြံ၏ ခြေရင်းဘက်နားမှာ ဒန့်သလွန်ပင် ရှိသည်။ မေမေစိုက်ထားသော သံပရာပင်နှင့် စံပယ်ပင်၊ ဇွန်ပင်များသည် အရှေ့ဘက်ခြံစည်းရိုးနားမှာ ရှိသည်။ အနောက်တောင်ထောင့်မှာ စပါးသိုလှောင်ရာ စပါးကျီကြီး ရှိသည်။ တူပုန်းတမ်း ကစားလျှင် ကျွန်မသည် ထိုစပါးကျီထဲက ကျွန်မထက်မြင့်သော ပုတ်ကြီးတွေထဲ ဝင်ပုန်းတတ်သည်။ ထိုအခါ နွယ်နွယ်သည် ကျွန်မကို ရှာ၍မတွေ့တော့ပါ။ သူက ထိုစပါးကျီ ခပ်မှောင်မှောင်ကို အလွန်ကြောက်သူ ဖြစ်သည်။

နောက်တော့ အန္တရာယ်ဖြစ်မည်စိုး၍ ကျွန်မကို ဝင်မဆော့ရအောင် စပါးကျီကို တံခါးသော့ခတ် ပိတ်ထားကြပါသည်။

ကုန်းဖောင်းအိမ်၏ပတ်လည် ခြံစည်းရိုးများတွင် ပဲသီးပင်၊ ကင်းပုံပင်၊ ခွေးတောက်ပင်တွေ နွယ်တက်လျက် ရှိသည်။ တောင်ဘက်ခြံစည်းရိုးနားမှာ သဘော်ပင် တစ်ပင်၊ နှစ်ပင်နှင့် ချင်ပေါင်လက်ခြား စိုက်ခင်းတစ်ခုလည်း ရှိသည်။ မကြာခဏ ဆော့ရင်း၊ အပွင့်ခူးရင်း ချဉ်ပေါင်ဆူးတွေ ကျွန်မကို စူးစေသောနေရာလည်း ဖြစ်သည်။

မေမေသည် မြေလွတ်ရှိလျှင် စားပင်သီးပင်များကို စိုက်ပျိုးတတ်သည်။ ရေနံချောင်းအိမ်မှာတော့ မြေနေရာလွတ် မကျန်။ အိမ်နှင့် ခြံစည်းရိုးကြားတွင် သုံးပေပတ်လည်သာ နေရာရှိပြီး ကျင်တွယ်ပုံထောင့်ချိုးဆောက်ထားသော အိမ်ရှေ့မျက်နှာစာ အလံတိုင်အနီးတွင် ကျယ်ပြန့်သောနေရာလွတ် ရှိသည်။ သို့သော် ထိုနေရာလွတ် အားလုံးသည် သမံတလင်းအပြည့် ခင်းထားသည်သာ ဖြစ်သည်။ ထိုအခါ မေမေသည် ပန်းစိုက်အိုးတွေနှင့် ပန်းပင် စိုက်ပါသည်။

နှင်းဆီ၊ စံပယ်၊ ဇွန်၊ မယ်တော်ကြီးဂမုန်း၊ ခိုင်ရွှေဝါပန်းပင်များ ပန်းအိုးနှင့် စိုက်ပါသည်။ ခိုင်ရွှေဝါနွယ်ပင်ကလေးသည် ခြံစည်းရိုးသံဆန်ခါကို နွယ်တက်ကာ ပွင့်တတ်သည်။ ပန်းအိုးနှင့် စိုက်ခဲ့သော မြတ်လေးပင်ကလေး ကြီးထွားလာသည့်အခါမှာတော့ မေမေသည် အိမ်ရှေ့အုတ်ရေကန်နံဘေး ခြံဝင်းတံခါး ညာဘက်ဘေးတွင် သမံတလင်းကို ဖောက်၍ မြေချ စိုက်ခဲ့ပါသည်။ မီးဖိုတန်းလျား အမိုးစွန်းနှင့် အိမ်ရှေ့ခြံစည်းရိုး၊ အိမ်အနောက်ဘက် အုတ်တံတိုင်းတို့ကို ထောက်မှီကာ စင်ကြီးကြီး ဆောက်ပေးရလောက်အောင် မေမေ့ မြတ်လေးပင်သည် ကြီးထွားရှင်သန်လာခဲ့ပါသည်။ ပန်းခူးချိန်တွင် လူပါ စင်ပေါ် သို့တက်၍ ခူးဆွတ်နိုင်ရန် သစ်မာများ၊ ဝါးလုံးများဖြင့် ခိုင်မြဲအောင် တုပ်နှောင်၍ စင်ဆောက်ရပါသည်။ အမြဲတမ်းပင် ဆွေးလာသော ဝါးများ၊ သစ်များကို အသစ်နှင့်လဲလှယ်၍ စင်ကို ပြုပြင်ပေးရသည်။ ထိုသို့ စင်ကိုပြုပြင်ရတိုင်း အစ်ကိုက ကျွန်မကို ပါဝင် ကူခိုင်းတတ်ပါသည်။ ကျွန်မက ပေါ့ပေါ့ပါးပါးနှင့် သစ်ပင်တက်ဖို့လည်း မကြောက်သူမို့ စင်ပေါ် တက်ခိုင်းပြီး မြဲအောင် သူ ချည်နှောင်နိုင်ဖို့ရာ

ကျွန်မကို ကူညီခိုင်းတတ်ပါသည်။

အိမ်ငှားအိမ် မြေနီခင်အိမ်သို့ ပြောင်းကြရပြန်တော့ ထိုအိမ်မှာ ရှိသော မာလကာပင်ပေါ် မာလကာသီးခူးရသော အလုပ်၊ မန်ကျည်းပင်ပေါ် လွယ်အိတ်လွယ်ကာ မန်ကျည်းရွက်ခူးရသော အလုပ်များကို မေမေနှင့်အတူ၊ အစ်ကိုနှင့်အတူ ကျွန်မက ဝင်လုပ်ပေးရတတ်သည်။ ထိုအိမ်မှာ ဩဇာပင်၊ အုန်းပင်၊ တလည်းပင်၊ အစိမ်းပွင့်ကလေးတွေ ပွင့်သည့် ဒေါင့်တလိပ် ပန်းနွယ်ပင်၊ ခပ်ငယ်ငယ် မြတ်လေးရုံတို့ ရှိသည်။ ထိုအိမ်မှာ နေရင်းကပင် တဖြည်းဖြည်း မေမေ နေမကောင်းဖြစ်လာသည်။ စိတ်ထောင်း၍ ကိုယ် ကြေလေသလား ... ရောဂါကြောင့် စိတ်နွမ်းရသည်လား။ မေမေသည် အင်မတန် စိတ်မာသူသာ ဖြစ်သည်။ မေမေ့ရောဂါကို မသိခင်က စိတ်ကြောင့် မေမေ ပိန်တာဟု ထင်ခဲ့သည်။ မေမေသည် ချောင်းတွေ ခဏ ခဏ ဆိုးတတ်လာသည်။ နောက်ကျောတက်သည် ကိုက်ခဲသည်ဟု ပြောခဲ့သည်။ အလွန်လည်း ပိန်လာခဲ့ပါသည်။ ဆေးလိပ်ကလည်း သောက်ဆဲ ဖြစ်သည်။ တစ်မြို့တစ်ရွာ မကွေးမှာ အဆောင်သူဘဝဖြင့် ကျောင်းတက်နေသော တတိယနှစ်ကျောင်းသူ ကျွန်မက ... 'မေမေနော် ဆေးလိပ်သောက်နေရင် ကျွန်တော် ရည်းစားထားပစ်မယ်'ဟု ခြိမ်းခြောက်ကြည့်ပါသည်။

မေမေကတော့ 'မမှုရေးချ လုံးဝ မမှု' ပုံနှင့် အရေးမလုပ်၊ ရယ်ပြုံးနေခဲ့လေသည်။ ထိုနှစ်တွင်ပင် မေမေ့မှာ အဆုတ်ကင်ဆာရနေပြီ ဖြစ်ကြောင်း ဓာတ်မှန်က အဖြေပေးခဲ့ပါသည်။

စိုးရိမ်စိတ်ကြောင့် စိတ်နွမ်းပါး၍ မက်ခဲ့သည်ထင်သော ကျွန်မ၏ အိပ်မက်တို့သည် မေမေ့အတွက် ရှေ့ပြေးနိမိတ်တွေ ပြပေးနေခဲ့သလို ရှိသည်။ အိမ်ကို လွမ်းစိတ်၊ မေမေ့ကို ပူပင်သောစိတ်၊ မပြည့်မစုံဘဲ ကျောင်းလာတက်ရခြင်း၏ သောက ဒုက္ခများကြောင့် ကျွန်မသည် နေ့စဉ်မဟုတ်သော၊ ရေးလိုချင်ပါမှ ရေးတတ်သော မှတ်တမ်းတွေရေးခြင်းဖြင့် စိတ်ပြေရန် ဖြေလျှော့ခဲ့ရသည်။

နှစ်တွေကြာပြီးမှ မှတ်တမ်းဟောင်းများကို အမှတ်မထင် ပြန်ဖတ်မိသည့်အခါ ကြောက်စရာကောင်းအောင် ခံစားခဲ့ရသော အိပ်မက်အချို့၏ ရက်စွဲကို သတိထားမိသွားသည်။ မေမေ့ကို ဆုံးရှုံးရတော့မည်ဟု ကြိုတင်

သိစေခဲ့သော တိုက်ဆိုင်လှသော အိပ်မက်များ ဖြစ်နေသည်။ ထို့နောက် တော့ ဆေးစစ် ဓာတ်မှန်ရိုက်ကြည့်ရာက အဖြေအတိအကျ သိလိုက်ရ သည့် ရက်စွဲများ ...။ ထိုကာလတစ်လျှောက်လုံး၏ မှတ်တမ်းထဲက ခံစားမှု တွေကို ကျွန်မ မေ့ပစ်လိုက်ချင်ပါသည်။ ထိုသို့ဆိုလျှင် ရင်ထဲမှာ ဆို့နင့်ရ သော၊ ကြေကွဲရသော သောကတွေကိုများ သက်သာရာရစေမည်လား။ တကယ်တော့ မေ့ထားချင်ခဲ့သော၊ မေ့ပစ်ချင်ခဲ့သော အဖြစ်အပျက်တွေ သည် နာနာကျင်ကျင်နှင့်ပင် တစ်သက်လုံး အမှတ်ရနေမည်သာ ဖြစ်သည်။ ပျော်စရာတွေကိုသာ ကျွန်မ အမှတ်ရလိုပါသည်။

ရှားပါးသော်လည်း အတူနေခွင့်ရခဲ့သော အနှစ် ၂၀။ သိတတ်စ အရွယ်မှ ရေတွက်လျှင် ထို့ထက် ပို၍တိုတောင်းမည်ဖြစ်သော မေမေနှင့် အတူနေခဲ့ရသည့် နှစ်ကာလအတွင်းမှာ ဆင်းရဲသော မေမေသည် ကျွန်မကို သူ တတ်စွမ်းသမျှ ပျော်ရွှင်မှုတွေ ပေးခဲ့ပါသည်။

နေ့စဉ် ချက်စရာဆန် အသင့်မရှိတတ်သည့် နေ့ရက်များ ရှိခဲ့သည် ဆိုသည့်တိုင် ကျွန်မဖျားနာ နေမကောင်းဖြစ်လျှင် စိတ်ပူပင်စွာနှင့် ဆရာဝန် ထံ ဆေးကုခံယူစေခဲ့ပါသည်။ အိမ်မှာမရှိသော ကော်ဖီတွေ၊ မုန့်တွေကို ဆိုင်က ဝယ်ကျွေးပါသည်။ ဖျားရာက နာလန်ထတိုင်း မေမေ စားနေကျ စာတိုက်ဈေးအတွင်းက ဒေါ်ခင်ညွှန့်၏ မုန့်ဟင်းခါးလက်သုပ်နှင့် ဟင်းခါး ရည်ကို မေမေ့ကဲ့သို့ပင် စားချင်သူ ကျွန်မကို ဝယ်ကျွေးတတ်ပါသည်။ ပြေးလွှားမဆော့နိုင်သော ဖျားနေသူ ကျွန်မကို မေမေက ဈေးသွားရာတွင် ခါးထစ်ခွင်ချီ ခေါ်ပေးတတ်ပါသည်။ ဈေးအပြင်ဘက် အိုးတန်း၊ နှီးဖျာ တန်းမှ တောင်းပလုံးတွေရောင်းသောဆိုင်တွင် ကလေးဆော့စရာ နှီးချိန် ခွင်လေးမြင်၍ ကျွန်မက မပူဆာစဖူး ပူဆာရာ မေမေက မဆိုင်းမတွ ဝယ် ပေးခဲ့ပါသည်။ ကိုယ့်ငွေ့ ငွေ့ငွေ့ပူနေဆဲ၊ အဖျားသွေးရှိဆဲ အရိပ်ထဲမှာပဲ နှီးချိန်ခွင်တစ်လက်နှင့် သစ်ရွက်၊ ဟင်းချက်ရာက စွန့်ပစ်သော အရွက် အရိုးများနှင့် ကျွန်မက ဈေးရောင်းတမ်း ကစားပါသည်။

မေမေ ဈေးရောင်းခဲ့ဖူးတာ ကျွန်မ ကလေးအရွယ်က မြင်ခဲ့ဖူးပါ သည်။ မေမေက လွှမ်းတသသ ပြောတတ်သလို ကျွန်မ အစ်ကို၊ အစ်မတွေ ငယ်စဉ်က ကုန်စုံဆိုင်ကြီးနှင့် မေမေ ဈေးရောင်းခဲ့ပုံများအကြောင်း ပြန်

ပြောတိုင်း ကျွန်မကတော့ ကုန်းဇောင်းမှာ ဆင်းဆင်းရဲရဲရှိစဉ် မေမေ ဈေး ရောင်းသည့် ပုံရိပ်ကိုသာ မျက်စိထဲက မထွက်နိုင်အောင် ရှိနေတတ်သည်။

ကုန်းဇောင်းမှာရှိစဉ် ကျောင်းလည်း မနေရသေးခင်မို့ ထိုအချိန်သည် ကျွန်မ သုံးနှစ်၊ လေးနှစ် သမီးခန့်ပင် ဖြစ်နိုင်သည်။ တစ်ခါမှာတော့ မေမေ သည် ကျွန်မကို ဈေးခေါ်သွားဖူးလေသည်။ မေမေ့ဈေးဆိုင်ကို ကျွန်မ လိုက်ရတာ ပျော်သည်။ ဆောင်းရက်ဖြစ်၍ မေမေ့ပခုံးထက်မှာ အဝါနှင့် အစိမ်းကန့်လန့်အစင်းကျား သိုးမွေးတဘက်စောင်ကို သိုင်းပတ်၍ ခြုံ ထားသည်။ တဘက်အဖျားရှိ အမြိတ်စကလေးတွင် ထုံးချည်ထားသော အထုံးကလေးတွေ ပါသည်။ မေမေ လက်လှုပ်လိုက်တိုင်း တလှုပ်လှုပ် ရှိနေ သည့် တဘက်အမြိတ်ကလေးတွေကို ကျွန်မက လိုက်ဆော့နေသည်။ ထို စောင်ကလေးတွင် မီးလောင်ပေါက်ရာကလေး တစ်ခု၊ နှစ်ခုလည်း ရှိသည်။ မေမေ့နောက်ကျောဘက်ဆီမှ ထွက်ခါစ နေရောင်ခြည်နွေးနွေးလေးသည် မေမေ့ပခုံးစွန်းက တဘက်စောင်ပေါ်သို့ ဖြာကျလျက် ရှိသည်။

မေမေ့ဆိုင်သည် သေးသေးလေး ဖြစ်သည်။ ဈေးဦးအနည်းငယ် စပေါက်သောအခါ မေမေသည် ပိုက်ဆံသေတ္တာထဲက ငွေအကြွေစေ့လေး ကိုယူပြီး ဈေးပေါက်ထိပ်ဝက ထမနဲသည် အမေကြီးထံ သွားပါသည်။ ကျွန်မကိုပါ ခေါ်သွားပါသည်။ ဒယ်အိုးကြီးနှင့် ထည့်ရောင်းသော ထမနဲ ကို ဝယ်သောအခါ ငှက်ပျောဖက်နှင့် ထုပ်ပေးလိုက်ပါသည်။ မေမေက မစားပါ။ ကျွန်မအတွက်သာ ဝယ်ကျွေးခဲ့သည်။ ထိုစဉ်က မေမေ မစားဘဲ ကျွန်မ တစ်ယောက်သာ စားကောင်းကောင်းနှင့် စားခဲ့တာကို အမှတ်ရ သည်။ မေမေ့ ပိုက်ဆံသေတ္တာထဲမှာ ပိုက်ဆံမရှိတာကိုလည်း ကျွန်မက မှတ်မိနေခဲ့သည်။ ပြီးတော့ ဝမ်းကွဲအဒေါ်၏ဆိုင်ခန်း အကြီးကြီးပေါ်မှာ ပစ္စည်းတွေ၊ ဗန်းတွေ အများကြီးကြားထဲ လူနေစရာ ကျဉ်းကျဉ်းမှာ ထိုင် နေရင်း ဈေးသိမ်းအပြန် ဝင်ခေါ်မည့် မေမေ့အလာကို စောင့်ရသည်။ ထို အခါ ဈေးရောင်းကောင်းပုံ၊ လက်မလည်အောင် အလုပ်များနေပုံကို ကြည့်နေရင်း အဒေါ်၏ပိုက်ဆံသေတ္တာထဲကို ငွေတွေ အများကြီး ရောက် ရောက်လာသည်ကို မြင်ရကာ ကျွန်မဘဝတွင် ပထမဦးဆုံးသော မနာလို စိတ်များ စတင် မွေးဖွားလာခဲ့ပါသည်။

သူ့ဆိုင်ကလေး ဘယ်လောက်သေးသေး ထိုဆိုင်ကလေးမှာပဲ မေမေ ဈေးရောင်းသည်။ ချမ်းချမ်းသာသာ နေခဲ့ဖူးပြီးမှ ဆင်းရဲသွားရသည့် ဘဝမှာ သူတစ်ပါးထံက လက်ဖြန့်တောင်းခံရမှာ မေမေ အလွန်စိုးရွံ့ပါသည်။ မေမေသည် ဆင်းရဲသောဘဝမှာပင် မာနကြီးပါသည်။ သူတစ်ပါးထံမှ ပစ္စည်းဥစ္စာတို့ကိုလည်း ရပါစေကြောင်း မမျှော်ကိုး၊ ပေးကမ်းစွန့်ကြဲသည်တို့ ရကောင်းစေ့ ဟူ၍လည်း မလိုချင် မတပ်မက်။ မေမေက သူ့လက်ကို သူ ယုံသည်။ သူ့ခြေသူ့လက်ကိုသာ အားကိုးသည်။ မေမေက မကြာခဏ ကြွေးကြော်တတ်ခဲ့သည်။

'ချိန်ခွင်တစ်လက်ရှိရင် မိငြိမ်တို့ ထမင်းမငတ်ဘူး ...'တဲ့။

သူတစ်ပါးထံက မမျှော်ကိုး၊ သူတစ်ပါးကို မမှီခို၊ သူတစ်ပါးကို အားမကိုးလိုသူ မေမေက 'ဟင်း မရှိရင် ငါးပိဖုတ်နဲ့ စားမယ်။ သူများဆီက လက်ဖြန့်မတောင်းဘူး ...'ဟု သူ့စိတ်ဓာတ်ကို ဖွင့်ပြောလေ့ ရှိသည်။ ကျွန်မတို့ကိုလည်း ထိုစိတ်မျိုးထားစေရန် ကြုံတိုင်း တိုက်တွန်းကာ သင်ပါသည်။

ကုန်သည်တွေ အဝယ်တော်တွေလုပ်၊ အစိုးရထံ ဝယ်ယူရောင်းချခွင့် ခွင့်ပြုမိန့် ပါမစ်လိုင်စင်တွေ လျှောက်ကာ အရောင်းအဝယ်တွေ ပြုလုပ်စဉ်က ဖေဖေသည် မေမေ့ဘေးမှ အမြဲရှိမနေတတ်ပါ။ သူ့တူ တူမ အဖော်များကို အိမ်မှာခေါ်ထားကာ အတူနေစေခဲ့ပြီး ဖေဖေကတော့ ခရီးတွေ သွားနေတတ်ပါသည်။

ရောက်ရာအရပ်က သံကြိုးစာတွေ အကျိုးအကြောင်းစာတွေ ရေးပို့တတ်သည်။ ငွေလွှဲပေးတတ်သည် ဆိုသော်လည်း တစ်လကိုးသီတင်း ကြာအောင် သွားတတ်သည်ဟု ဆို၏။ အကြာဆုံးတစ်ခေါက်ကို မေမေ့ အပြောကတော့ 'သမီးလေး လေးဖက်တွားက အလုပ်လုပ်ဖို့ဆိုပြီး ခရီးထွက်သွားလိုက်တာ ကလေးကျောင်းနေချိန်မှ ပြန်ရောက်လာတယ်'ဟု ဆိုပါသည်။ ဖေဖေ ပြန်လာတော့ အိမ်ရှေ့မှာ သမီးဖြစ်သူကို တွေ့ပါသည်။ 'သမီးလား၊ ပိုက်ပိုက်လား' ဟု ပြောကာ ပွေ့ဖက်တော့ ရုန်းကန်ပြေးချလာပြီး အိမ်၏ နောက်ဘက်ထဲရောက်နေသော မေမေ့ကို အော်ပြောပါသတဲ့။ 'မေမေ ... မေမေ ... အိမ်ရှေ့မှာ ဘယ်ကလူကြီးလဲ မသိဘူး ရောက်နေတယ်။ သမီးကိုလည်း ဖက်ထားတယ် ...'တဲ့။ 'ဘယ်သူလဲ ... ငါ့သမီးကိုဖက်တာ ...'

ဟု မေမေစိတ်တိုစွာ ဒေါသထွက်ထွက်နှင့် အိမ်ရှေ့ထွက်လာမှ ဖေဖေ့ကို တွေ့ပါသတဲ့။ ထိုအကြောင်းတွေကို ပြန်ပြောသော မေမေ့စကားသံမှာ ဒေါသသံတော့ မပါ။

တစ်ပတ်တစ်ခါ သံကြိုးစာတွေ ရောက်၏။ ဖုန်းဆက်သည့်အခါ ဆက်၏။ ထိုသို့အမြဲ အဆက်အသွယ်ပြုနေသော်လည်း ရပ်ကွက်က ဖေဖေ့ကို မမြင်ရသည်မှာ ကြာလွန်းလာသည်မို့ မေမေ့ကို ဖေဖေနှင့်ကွဲ နေသည်ဟုပင် အထင်ခံရပါသတဲ့။ မကျေနပ်သည်လည်း မဟုတ်၊ ကျေနပ်သည်လည်း မဟုတ်သော လေသံနှင့် မေမေက ထိုအကြောင်းတွေကို ပြန်ကာ ပြောတတ်လေတိုင်း ဖေဖေက ခပ်ပြုံးပြုံးနှင့် 'သီလမြဲပြီး တစ်ယောက်ကို တစ်ယောက် သစ္စာရှိကြတာ သူတို့မှ မသိဘဲ ... သူတစ်ပါး အထင်ကို အရေးလုပ်စရာ မလိုပါဘူး ...' ဟုသာ ပြောတတ်ပါသည်။

မိန်းမသားဘဝ မေမေ ဖေဖေ့ကို ဘယ်လောက်များ မျှော်ခဲ့လေမလဲ။ ကျွန်မ တွေးကြည့်ခဲ့မိပါသည်။ မေမေကတော့ မာနနှင့် 'သူတောင် နေနိုင်သေးတာ ... ငါက ဘာလို့ မနေနိုင်ရမှာလဲ ...'ဟု တွေးကာ အလုပ်တွေ လုပ်သည်တဲ့။ မေမေ့ ကုန်စုံဆိုင်က အလွန်ရောင်းရသည်။ အိမ်မှာ ကူဖော်လောင်ဖက်အဖြစ် ဖေဖေ့ဘက်က တူ၊ တူမများကို ခေါ်ထားသည်မို့ ဆိုင်အလုပ်၊ အိမ်အလုပ်တွေကို ကလေးတစ်ဖက်နှင့် နိုင်နင်းအောင် လုပ်နိုင်ခဲ့သည်။ ဖေဖေ့တူကို ကျောင်းထားပေးသည်။ ဖေဖေ့ တူ၊ တူမများသည် မေမေ့ကို အဒေါ်အရင်းကဲ့သို့ ချစ်ကြသည်။ မေမေကလည်း သွေးသားရင်းနှင့်မခြား စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် နေသည်။ မေမေ့ကို ရိုသေလေးစား ချစ်ခင်ကြသည်။ ဒေါ်လေးငြိမ်ဟု ခေါ်ကြသည်။ မေမေ့ဆိုင်သည် ဈေးသွားရာ လမ်းမပေါ်မှာရှိပြီး ရေနံချောင်းမြို့အနောက်ဘက် ကျွန်းတစ်တန်းက ကျွန်းထဲကိုင်းထဲ ရွာတွေကလာသော ဈေးသည်၊ ဖောက်သည်တွေသည် မေမေ့ဆိုင်မှာ နားရင်း ဝယ်ကြခြမ်းကြသည်။ ငွေရွှင်ပြီး စီးပွားဖြစ်နေသော ကာလလည်း ဖြစ်သည်။ တစ်ခါတစ်ခါ အလုပ်များပြီး ထမင်းဟင်းစားဖို့ပင် မေ့နေတတ်သည်တဲ့။

'မေမေ ... ဖေဖေ့ကို မလွမ်းဘူးလား'ဟု သမီးအကြီးတွေက မေးတတ်ကြလျှင်တော့ 'လွမ်းချိန်မရပေါင်တော် ... အလုပ်က လှိုင်နေတော့

တစ်နေ့ တစ်နေ့ ပိုက်ဆံတွေရေပြီး ပျော်နေတာပဲ'ဟုသာ ဖြေပါသည်။ မေမေ့အဖြေ ဘယ်မျှမှန်သည်ကိုမူ ကျွန်မတို့ မသိနိုင်ပါ။

ဈေးဆိုင်မှာ မေမေထိုင်မှ ဈေးဝယ်က ဝင်လာသည်။ ခဏတစ်ဖြုတ် တူမတွေကို ဆိုင်စောင့်ထားခဲ့လျှင် မပြောတတ် မဆိုတတ်မို့ ဈေးဝယ်က မေမေ့ကိုသာ အခေါ်ခိုင်းကြသည်တဲ့။ သူတို့ကလည်း မေမေ့ကိုသာ ဆိုင် အထိုင်ခိုင်းပြီး ကျန်ကလေးကိစ္စ အိမ်မှုကိစ္စများကို သူတို့သာ လုပ်ကိုင် ပေးကြတော့သည်ဟု ဆိုပါသည်။

ပွဲလမ်းသဘင်ကို သွားလျှင်လည်း အတူတူ သွားကြည့်ကြ၏။ အလုပ် အားချိန်များတွင် တူအရီးတစ်တွေ စည်းစည်းလုံးလုံး ပျော်ပျော်ပါးပါး ရယ်ရယ်မောမော စကားစမြည် ပြောကြ၏။ ရုပ်ရှင်ပြစရာရှိလျှင် ပြတတ် ၏။ စာအုပ်တွေ မေမေ ဝယ်ဖတ်ပြီး ပြန်ပြောသမျှ နားထောင်ကြ၏။ ထို အစ်ကိုနှင့် အစ်မများသည် မေမေ့အိမ်မှာ အလွန်ပျော်ကြသည်ဟု ဆိုပါ သည်။ သူတို့တစ်တွေ အိမ်ထောင်ကျပြီး တစ်မြို့တစ်ရွာ ရောက်သူ ရောက် သွားသော်လည်း မြို့ကို အလည်ပြန်လာသည့်အခါ မေမေတို့ ဖေဖေတို့ထံ အရင်ဝင်တွေ့ပြီးမှ မိဘထံသို့ သွားလေ့ရှိသည်။ အတူနေခဲ့ဖူးသော ထို အစ်ကိုသည် စစ်သားဘဝမှာ အိမ်အလည်ပြန်လာစဉ် သူ့မိခင်ထံမှ ထဘီစ ကို တောင်းယူသလို မေမေ့ထံမှလည်း တောင်းယူကာ လည်ပင်းမှာ ဆွဲထား သည့် ကြုတ်ကလေးထဲ ထည့်သွားပါသည်။ အဆောင်အဖြစ် အန္တရာယ် ကင်းအောင် မိခင်ထံမှ တောင်းယူကြတတ်သည့် ထုံးစံတွင် သူသည် မေမေ့ ကို မိခင်အရာ ထားခဲ့ပါသည်။ မေမေ့မေတ္တာကို ကြီးသည်အထိ သူတို့ ခံယူကြဆဲ။ ဘာမှ မကျွေး၊ မပေးကမ်းနိုင်တော့သည့် ဆင်းရဲသား မေမေ့ အပေါ် မွဲသည့်ကာလတိုင်အောင် အချစ်မပြယ်ဆဲ ရှိကြလေသည်။

ကျွန်းထဲ ကိုင်းထဲမှာနေသော ထိုတူမများက အသီးအနှံတွေ မနက် ခင်း ဈေးကိုလာရောင်းသည့်အခါ ဈေးထဲမှာ မေမေနှင့်တွေ့လျှင် သူတို့ ရောင်းသည့် ဟင်းသီးဟင်းရွက်တွေကို မေမေ့ဈေးခြင်းထဲ ဇွတ်ထည့်ပေး တတ်သည်။ ကျွန်မတို့ ဈေးသွားချိန်တွေ့လျှင်လည်း ဇွတ်ပေးလွှတ်တတ် ပါသည်။ တစ်ခါတစ်ခါ ဈေးရောင်းအပြန် မေမေ့အိမ် ဝင်လာကာ 'မရောက် တာကြာလို့ ...' ဟု နှုတ်ဆက်ကာ သူတို့ခြံထွက်ပစ္စည်းတွေ လာပေးတတ်

ပြန်သည်။ အမောပြေ မေမေ့ရေအိုးစင်က ရေတစ်ခွက် ခပ်သောက်ရင်း စကားပြော၏။ မေမေက မရှိ ရှိတာလေးနှင့် ထမင်း ဇွတ်ကျွေးတတ်သည်။ ထိုအခါ ထိုအစ်မက အားနာစွာ မျှိုမကျဟန်ဖြင့် စားနေလျှင် မေမေက ဟင်းမကောင်းလို့ဟု ထင်မှတ်ပြီး လက်ဖက်ကလေး ကပျာကသီ သုပ်ကာ လာချပေး၏။ ကြောင်အိမ်ထဲ ဟိုရှာသည်ရှာ လုပ်လေလျှင် ထိုအစ်မက

'ဒေါ်လေးငြိမ် ... တော်ပါပြီ၊ ကျွန်မ ရင်ခံနေလို့ပါ၊ မဆာလို့ပါ' ဟု ပြောတတ်၏။

'ဟိုတုန်းက အကြောင်းတွေ သတိရလို့ ...'ဟု ဆိုကာ ဖျင်ချော တဘက်စနှင့် မျက်ရည်စို့စို့ကို တို့သုတ်လေသည်။ မေမေက ရိပ်မိလေသည် ထင်ပါရဲ့။

'ဘာမှ စိတ်မကောင်းမဖြစ်နဲ့ ခင်လှိုင်ရဲ့။ လူမသေ ငွေမရှားပါဘူး အေ။ ဒီလိုပဲ ဘဝဆိုတာ မှန်ကင်းတစ်လှည့် ... ထင်းတစ်လှည့်'ဟု သူက ပြန်တရားပြရလေသည်။ ပြီးတော့ သူ့တူမကို စေ့စေ့ကြည့်ကာ ...

'ညည်း ရုပ်ကျလိုက်တာအေ ... ခင်လှိုင်ဟာ ဟိုတုန်းက အင်မတန် ချောတဲ့မိန်းမ ...'ဟု ကျွန်မတို့ကို လှည့်ပြောလေသည်။

'အလုပ်က တော်တော်ပင်ပန်းသလား ခင်လှိုင်' ဟူသော အမေးကို မမခင်လှိုင်က ...

'ယာအလုပ် ကိုင်းအလုပ်ဆိုတော့ အနားမနေရဘူးပေါ့ ... ဒီလိုပါပဲ ဒေါ်လေးငြိမ်ရယ် ...' ဟု ဖြေပါသည်။

မေမေသည် သူ့ဘဝကို ဘယ်တော့မျှ မညည်း။ ကျရာကျိုးရာ ဘဝမှာ အလိုက်သင့် မာန်တင်း၍ လောကဓံကို ရင်ဆိုင်ခဲ့မြဲ ဖြစ်သည်။

သူဌေးကတော် ပွဲကတော် ကုန်သည်ဘဝကလို ခမ်းခမ်းနားနား ပွဲကြည့်မထွက်နိုင်ရှာသူ မေမေသည် ဆင်းရဲသားဘဝမှာ ကျွန်မတို့ကို ဇာတ်ပွဲကောင်းကောင်း လာသည့်အခါ ကြည့်ဖူးအောင် ငွေကုန်ခံ၍ ပြရှာပါသည်။ ဖျာဝယ်၍ပြသည့်အခါ သမီးတွေကို အလယ်မှာထားပြီး ရပ်ကွက်ထဲက စွာသောအပျိုကြီး မညွန့်နှင့်အတူ ဘေးကထိုင်ကာ စောင့်ရှောက်ပါသည်။ ငွေမတတ်နိုင်သည့်အခါများတွင် မေမေသည် ဂုဏ်မသိမ် ပွဲရုံမှာနေသည့် ထိုအပျိုကြီး မညွန့်ကို အဖော်စပ်က ကျွန်မတို့ကို ခေါ်၍

ပွဲ ရှုံခါချိန်တွင် သွားကြည့်ကြရပါသည်။ ညနာရီပြန် နှစ်ချက်တီးခန့်တွင် ဖျာလက်မှတ်ရောင်း၍ ရုံသွင်းပြသော ပွဲသည် ရုံခါတတ်သည်။ ထိုအချိန်တွင် အလကား ဝင်ကြည့်ခွင့်ပေးတတ်သည်။ ရုံဝင်ခပေးရန် မလို၊ ဖျာလက်မှတ်ပြရန် မလိုပါ။ ပြန်သွားသူများရှိလျှင် ထိုနေရာ ဝင်ထိုင်ကြည့်နိုင်သည်။ နေရာမရှိလျှင် မတ်တတ်ရပ်ကာ နောက်နားက ကြည့်နိုင်သည်။ ပြီးအောင်လည်း မကြည့်ပါ။ နှစ်ပါးသွားအပြီး နောက်ပိုင်းဇာတ်ထုပ်ကြီး ကပြလျှင် ခဏတာ ကြည့်ပြီးနောက် မိုးမလင်းမီ ပြန်ကြရလေသည်။ ထိုအချိန်သည် ညမှောင်နေဆဲ ဖြစ်၏။ အရုဏ်လာခါနီး ကိုင်းထဲကျွန်းထဲက ဈေးရောင်းလာကြသူများ ရေနံချောင်းဈေးသည်များထံ ဖောက်သည်ပေးရန် လာတတ်သည့်အချိန် ဖြစ်သည်။ ကျွန်မတို့သည် မြစ်ဆိပ်သောင်ခုံပေါ်ရှိ ပွဲခင်းထဲက ထွက်လာရင်း ထိုဈေးသည်များနှင့် ရောနှော၍ မြို့တွင်းသို့ ဝင်လာကာ အိမ်သို့ ပြန်ခဲ့ကြပါသည်။ မေမေနှင့်အတူ ပွဲကြည့်ထွက်ခဲ့ရသည့် ညများကို ငယ်ငယ်တုန်းကလို ပျော်ရွှင်စွာ အမှတ်ရတတ် အောက်မေ့တတ်ခြင်းများ ရှိသလို၊ ဘဝကို သိတတ်ခဲ့ပြီဖြစ်သော ကျွန်မသည် ဆင်းရဲနွမ်းပါးရရှာသော မေမေ့ နောက်ပိုင်းဘဝတစ်လျှောက် တွေ့ကြုံသွားရသော လောကဓံတရားတွေကို တွေးကာ စိတ်မကောင်းဖြစ်စွာနှင့် ရင်နာစွာ အမှတ်ရနေရသည်များလည်း ရှိပေသည်။

မေမေ့ ရင်ဖုံးအင်္ကျီမှာတပ်သည့် ကြယ်သီးကလေးတွေသည် ချမ်းသာခဲ့စဉ်က ရွှေကြယ်သီးတွေ အပါအဝင် အင်္ကျီအရောင်နှင့် လိုက်ဖက်စွာ ငွေကွင်းတပ် ကြယ်သီးမျိုးစုံကို တပ်ခဲ့၏။ ဆင်းရဲသွားသည့်ဘဝမှာ မေမေ့ကြယ်သီးတွေသည် ဟောင်းနွမ်းကာ အရောင်မှိန်ခဲ့ချေပြီ။ အနည်းငယ်သာ အစုံလိုက် ကျန်နိုင်တော့သည့် ထိုကြယ်သီးတွေကို ပို၍ အရောင်မှေးမှိန်အောင် ဆော့တတ်သူမှာ ကျွန်မ ဖြစ်သည်။ မေမေ့ကြယ်သီးရောင်စုံတွေကို ဘူးထဲမှ ထုတ်ကစားတတ်ပြီး ညအခါ မီးလင်းနေတတ်သည့် အဏုမြူပါသော ကြယ်သီးတစ်စုံကို ကျွန်မက ညညမှာ အပ်ချိတ်မှာတွဲလျက် ခြင်ထောင်အမိုးမှာ ချိတ်ဆွဲထားတတ်ပါသည်။ ညအခါ မီးမထွန်းနိုင်ဘဲ အမှောင်ထဲမှာ အိပ်ရသည့် ကျွန်မသည် မီးရောင်လို မလင်းသော်လည်း စိမ်းလဲ့လဲ့ အလင်းရောင်ကလေး တောက်နေသည့် ထိုကြယ်သီးကလေး

တွေကို ညညမှာ မေမေ့ထံက ယူထားတတ်သည်။ မနက် မေမေ ထိုကြယ်သီးကို အလိုရှိသည့်အခါ ခြင်ထောင်အမိုးထဲ ပြန်ရှာကာ ယူရလေ့ရှိပါသည်။

ငယ်စဉ်ကလေးဘဝက သူ့မေမေက တံတောင်ဆစ်အထိ လက်ကောက်တွေ ဆင်ပေးစဉ်တုန်းက 'ဒါတွေ မဝတ်ချင်ပါဘူး ... ကျဉ်းကျပ်လွန်းလို့ပါ အမေရယ် ...'ဟု ပြောယူခဲ့ရသော မေမေသည် ကျွန်မ လူဖြစ်လာသည့် အချိန်မှာတော့ အမေကြီး၏ နောက်ဆုံးအမွေကျန် ပစ္စည်းကလေးဖြစ်သော နားက နားတောင်းကိုပင် စွန့်ခဲ့ရရှာပါသည်။

ချမ်းသာစဉ်က ချမ်းသာသလို နေထိုင်ခဲ့သော်လည်း ဆင်းရဲသားဘဝမှာလည်း မေမေသည် ဒေါင်ကျကျ ပြားကျကျ ကျသလို ကြုံသလို အလိုက်သင့် နေတတ်ခဲ့ရှာပါသည်။ ဘဝကို အလိုက်သင့် သည်းခံရင်း နေတတ်အောင် နေလျက်က ကြိုးစားရုန်းကန်ရင်း ဆင်းရဲတွင်းက ထွက်နိုင်ဖို့ မျှော်လင့်ချက် အမြဲထားခဲ့တတ်သူလည်း ဖြစ်သည်။ ထိုသို့ စိတ်ထားမျိုး ထားကြရန်လည်း မေမေက အမြဲ သွန်သင်ဆုံးမတတ်သည်။ အားမလျှော့ဘဲ ဇွဲခတ်ရန် အစဉ်အမြဲ မေမေက တွန်းအားပေးခဲ့ပါသည်။ ကျရာကြုံရာ မိသားစုတာဝန်တွေကို ယူတတ်ကြရန်လည်း ဆိုဆုံးမတတ်သည်။

ပေါ့ပေါ့ပါးပါး သွက်လက်ပြီး ကလေးပီပီ သွားရဲလာရဲရှိသော ကျွန်မကို မေမေက အမျိုးစုံခိုင်းခဲ့သည်။ တွက်ကတ်တတ်သူမို့ ငြူငြူစူစူတွေ ကျွန်မက ပြောခဲ့လွန်းလှသူ ဖြစ်သည်။ မေမေခိုင်းသည်ကို ဖြစ်အောင် လုပ်လာလိမ့်မည်ဟု ယုံကြည်မှုဖြင့် ကျွန်မကို စိတ်ချလက်ချ ခိုင်းခဲ့ခြင်း ဖြစ်သည်ဟု ခုခါမှ ပြန်တွေးမိပါသည်။ တကယ်တော့ မေမေ လေ့ကျင့်ပေးခဲ့လို့ ကျွန်မတစ်ယောက် မြို့စိစိ ကုပ်ချောင်းချောင်း၊ ချောင်မှာကပ် စာဖတ်နေသည့် ဘဝမှ လောကအမြင်၊ ဘဝအမြင်တွေ ကျယ်ပြန့်ကာ လူတောတိုးဝံ့သည့် သတ္တိတွေ အတွေ့အကြုံတွေ ရလာခြင်းဖြစ်သည်။ ဦးမဆောင်ချင်ပါဘဲ ဦးဆောင်ရရင်း၊ လူတောသူတော မတိုးဝံ့ဝံ့ တိုးရင်း အလုပ်တာဝန်တွေကို ပြီးမြောက်အောင် လုပ်ကိုင်နိုင်စွမ်းတွေ ရှိလာခဲ့ရခြင်း ဖြစ်သည်။ အငယ်ဆုံးမို့ အပါးခိုကာ ရေပေါ်ဆီလို မနေခဲ့ရခြင်းကို ခုခါမှ မေမေ့ကို ကျေးဇူးတင်မိပါသည်။

ကျွန်မတို့ကို အလေ့အကျင့်ကောင်းတွေ ပေးရင်း စိတ်ဓာတ်ကောင်း

တွေ့ရလာအောင် မွေးမြူပေးခဲ့သော မေမေ့ကို ကျေးဇူးတင်ခြင်းနှင့်အတူ မေမေ့ကိုလည်း ပျော်ရွှင်မှုတွေ ပေးချင်မိသည်။ ငယ်တုန်းက ပြောမှား ဆိုမှား၊ ပြုစုမိမှားတွေအတွက် ကိုယ်တိုင်ကိုယ်ကျ ဖွင့်ဟ ဝန်ချတောင်းပန် ချင်သည်။ အစဉ်အမြဲ မေမေက ခွင့်လွှတ်နေခဲ့သည်ကို သိပါသော်လည်း ကျွန်မက ကာယကံမြောက် တောင်းပန်ချင်သည်။ ကျေးဇူးဆပ်ချင်မိသည်။

စိတ်ဝမ်းအနည်းရဆုံးအဖြစ်က သည်မျှဘဝ၏ ရိုက်ပုတ်မှု အထု အထောင်း အနှိပ်အစက်ဒဏ်ကို ကြံ့ကြံ့ခံ မာန်တင်းကာ ရင်ဆိုင်နိုင်စွမ်း ရှိခဲ့သော မေမေ့ကို ဘဝ၏နောက်ဆုံးအချိန်တွေမှာ ဘာကြောင့်များ 'ပျော် ရွှင်စွာ နေထိုင်ကြလေသတည်း ...' လို့ အဆုံးသတ်ခွင့် မပေးခဲ့ပါသလဲဟု ကံကြမ္မာကို နာကျင်ရခြင်းပင် ဖြစ်သည်။

မေမေ့ တစ်သက်တာလုံး မျှော်လင့်စောင့်စားခဲ့သော မျှော်လင့်ခြင်း တွေ ပြည့်စုံဖို့ ပျော်ရွှင်ခြင်းတွေ ရယူခံစားဖို့ လက်တစ်ကမ်းအလိုသာ လိုတော့သည်။ မေမေ့ကြယ်ကလေးဖြစ်သူ သမီး ဆရာဝန်စာရေးဆရာ၏ အောင်မြင်မှုတွေနှင့်အတူ၊ ဖေဖေနှင့်အတူ ချမ်းသာစွာ အေးငြိမ်းစွာ အိုဇာတာကောင်းစွာ စံစားဖို့ နှစ်အနည်းငယ်သာ လိုတော့သည်။ မေမေ့ ကံကြမ္မာကား ရက်စက်လှချေသည်။ မေမေသည် အသက် ၆၁ နှစ်မှာပဲ အဆုတ်ကင်ဆာနှင့် ဆုံးခဲ့ရရှာသည်။

စာကျက်ရင်း ငိုက်မျဉ်းလာသော သူ့သမီးတွေကို သနပ်ခါးတွေ ထသွေးပေးပြီး 'စိတ်ကြည်အောင် လူးလိုက် ... သမီး' လို့ ဂရုစိုက်တတ်ခဲ့ သူ မေမေ။ တက္ကသိုလ်ကောလိပ် သွားတိုင်း သူ့သားသမီးတွေအတွက် အဖြူရောင် ပိတ်သားစထဲမှ အချို့ချည်မျှင်လေးတွေ ဖောက်ထုတ်ပြီး အပ်ချည်အဖြူရောင်များနှင့် ပင့်ကူအိမ်လေးများသဖွယ် အပွင့်ဖော်ကာ အလွန်လှပပြီး လက်ရာမြောက်သော ခေါင်းအုံးစွပ်ကလေးတွေ ချုပ်လုပ် ပေးတတ်လေ့ရှိသူ မေမေ ...။ ညဉ့်နက်အောင် စာကျက်နေသူ သမီးအနား မှာ မီးအိမ်အလင်းနှင့် အဝတ်တွေ ချုပ်လုပ်နေရင်း စာကျက်သူကို အဖော် လုပ်ကာ စောင့်ပေးတတ်သူ မေမေ ...။ ငိုက်နေလျှင် မသိမသာ စကား လှမ်းပြောပေးပြီး ခြံထဲကပွင့်သော ပန်းတွေ ခူးလာကာ စာကြည့်စားပွဲမှာ ပန်းကန်ပြားငယ်လေးနှင့် ထည့်ကာပေးရင်း စိတ်ကြည်နူးစေရန် ဖန်တီး

ပေးတတ်သူ မေမေ ...။ မေမေ့ကို လွမ်းစရာနေရာ များလွန်းလှပါသည်။

ပျော်ပျော်ရွှင်ရွှင် အောက်မေ့ရသည်မဟုတ်ဘဲ လွမ်းရရင်းက မေမေ့အတွက် ရင်နာနေရသည်။

ကိုယ်တိုင် ကင်ဆာဖြစ်ပြီးမှ ကိုယ့်ကိုယ်ကိုယ် ကုသရ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်မှုတွေ၊ ရှောင်ကြဉ်မှုတွေ လုပ်နေရသည့်အခါ မေမေ့ကို ပိုလို့ပင် သတိရသည်။ ဝမ်းပမ်းတနည်းပင် သတိရပါသည်။ မေမေ့ကို ကင်ဆာသမားနဲ့ သင့်လျော်တဲ့ ဓာတ်စာကိုမျှ ကောင်းကောင်း စီမံမပေးခဲ့ရပါလား ...။ ကင်ဆာသမား လူမမာတစ်ယောက် သက်သောင့်သက်သာ စိတ်ချမ်းချမ်းသာသာနှင့် ထားနိုင်သည့် အခြေအနေမျိုး မရှိခဲ့ပါကလား။

ဆင်းရဲမှုကြောင့်ချည်းသာ မဟုတ်။ မသိနားမလည်မှုတွေကြောင့်၊ အတွေ့အကြုံ နုနယ်မှုတွေကြောင့်လည်း ပါခဲ့သည်။ မေတ္တာ အကြင်နာနှင့် ပို၍ယုယုယယပြုစုပေးသင့်သလောက် မပြုစုပေးနိုင်ခဲ့။ သည့်ထက်ပိုကာ စိတ်ပိုင်းဆိုင်ရာအရ ဖေးမကြင်နာစွာ ပြုစုပေးနိုင်ခဲ့ဖို့ ကောင်းတာပါလား ... ဟု မေမေ့ရောဂါ၏ အတိမ်အနက်၊ ခံစားရသည့် ဝေဒနာ အနုအရင့်၏ ဒုက္ခကို ကောင်းစွာ သဘောပေါက်လာသည့် သည်အရွယ်မှာ တစ်ခါတစ်ခါ တွေးမိလျှင် တွေးမိတိုင်း တစ်ယောက်တည်း တိတ်တဆိတ် ငိုရသည်ချည်း ဖြစ်၏။

စားရေးသောက်တာ မပူမပင် နေနိုင်ပြီဖြစ်သော ကျွန်မသည်ပင် ဆေးစစ် ဆေးကုသစရိတ်၊ နေ့စဉ်စားရသော ဆေးဝါးစရိတ်တွေ၊ ငွေကြေးအကြောင်းတွေ စဉ်းစားကာ ရင်ပူတတ်လျှင် ... ဟိုတုန်းက မေမေ ဘယ်လောက်များ ပူပင်ခဲ့လေမလဲ ... မေမေ့ကို ပြုစုကုသရင်း ကျွန်မကို ကောလိပ်ကျောင်းစရိတ် ထောက်ပံ့ပေးရင်း အိမ်ထောင်တစ်ခုလုံးကို ရှာကျွေးခဲ့သော ဆရာဝန်ဖြစ်ခါစ အစ်မတစ်ယောက် ဘယ်လောက်များ စိတ်ထိခိုက် စိတ်ဒဏ်ရာရ ပူပင်နာကျင်ခဲ့ရှာလေမလဲ ... ဟု ခုခါမှာ ကိုယ်ချင်း စာနာတတ်ခဲ့ပြီ။ ရင်ထဲမှာလည်း နာကျင်ရပါသည်။

ခုနေမှာ မေမေ အသက်ရှင်နေသေးလျှင် အဆုတ်ကင်ဆာနှင့်ပဲ ရှိစေဦးတော့ မေတ္တာတွေ၊ ကရုဏာတွေ၊ နားလည်မှုတွေ၊ ယုယမှုတွေ ပုံပေးချင်သည်။ မိသားစု၏ နွေးထွေးသော ချစ်ခြင်းမေတ္တာနှင့် ဂရုစိုက်မှု

တွေကို ပြည့်ပြည့်ဝဝ ပေးလိုက်ချင်ပါသည်။

ထို့ထက်တော့ အတိတ်ဘဝကို သည့်ထက် နှစ်များစွာ နောက်ဆုတ်သွားလို့ရလျှင်ဖြင့် ကျွန်မ မေမေ့ကို မရရတဲ့နည်းနှင့် ဆေးလိပ်ဖြတ်ခိုင်းမိမှာ အမှန်ပါပဲ။ ငယ်စဉ်ကတည်းက စွဲစွဲမြဲမြဲ မေမေ သောက်လာခဲ့သောဆေးလိပ်က မေမေ့ကို တိတိကျကျ အဆုတ်ကင်ဆာ ဖြစ်စေခဲ့ပြီ။ နေ့စဉ်စားသောက်မှု ဘဝပုံစံကလည်း ကင်ဆာအားပေး အစာများချည်း နှစ်ကာလရှည်ကြာစွာ စားသောက်ခဲ့သည်။

ဗဟုသုတ အကြားအမြင် နည်းပါးခြင်းသည် အသက်ကို တိုစေသည်။

ဆင်းရဲမွဲတေခြင်းသည် အသက်ကို တိုစေသည်။

ကျန်းမာရေးအတွက် မသင့်လျော်ဟု သိထားပြီးသော အရာများကို ဆက်လက်ဖက်တွယ် ကျင့်သုံးနေခြင်းသည်လည်း အသက်ကို တိုစေသည်။

မည်သို့ပင်ဆိုစေ တင်းတင်းကျပ်ကျပ် တားမြစ်ခြင်းတွေနှင့်အတူ ဆေးလိပ်၏ ဆိုးကျိုးကို တိတိပပ ခိုင်ခိုင်မာမာ သည့်ထက်ပို၍ ပြောပေးနိုင်ခဲ့လျှင် မေမေတစ်ယောက် ဆေးလိပ်ဖြတ်ခဲ့မည်လား ... အဆုတ်ကင်ဆာရောဂါမရဘဲ အသက်ရှည်ရှည် နေသွားနိုင်မည်လား ... မသေချာ။ သို့ပေမဲ့ အသက်ရှင်ကျန်ခဲ့သူများအဖို့တော့ နောင်တတွေ များစွာနှင့် နှမြောတသစွာ မေမေ့ကို လွမ်းနေရမည်က တစ်သက်တာလုံးပင် ဖြစ်ပေလိမ့်မည်။

ဝိုင်

# ငြိမ်

လူဆိုတာ ဘဝထဲကို ကံပစ်ချရာ ရောက်လာကြသည် ဆိုပါစို့။

ကံပစ်ချရာ ရောက်လာရသော်လည်း ကျရာဘဝမှာ ဘယ်လိုအသက်ရှင်သန် နေထိုင်သွားခဲ့သလဲ ... ဆိုတာတော့ လူတွေမှာ ကွဲပြားကြစမြဲဖြစ်သည်။

ကျရာဘဝမှာ ဖြစ်မြဲဓမ္မတာ လောကဓံလှိုင်းကို တည်တည်ငြိမ်ငြိမ်နှင့် အလိုက်သင့် စီးရင်း ဘဝကို စွမ်းအားရှိသမျှ ရဲဝံ့စွာ ရင်ဆိုင်သွားတတ်ကြသူများသည် ဘဝကိုတန်ဖိုးရှိစွာ နေတတ်သူများ ဖြစ်သည်။ ကြမ်းရှသောဘဝထဲမှာ ချိုမြိန်သောရသကို ဣန္ဒြေမပျက် ရယူနိုင်စွမ်းရှိကြသူများလည်း ဖြစ်သည်။ ဘဝသတ္တိကောင်းသူများဟုလည်း ဆိုနိုင်လိမ့်မည် ထင်ပါသည်။ ထိုသို့ သတ္တိကောင်းသူများထဲမှာ မေမေလည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

မေမေ့နာမည်က 'ငြိမ်' တဲ့။

တည်ငြိမ်အေးချမ်းသော ဘဝကို ရစေချင်သည့် စေတနာနှင့် မေမေ့မိခင်က 'ငြိမ်'ဟု နာမည်မှည့်ခဲ့လေသည် ထင်၏။ လူတချို့ကတော့ မေမေ့နာမည်ကို အမြဲ မှားယွင်းတတ်ကြပါသည်။ ကျောင်းစာရေး၊ ရုံးစာရေး၊

လဝက စာရေး၊ အလျူခံဌာနစာရေး စသည်တို့က 'ငြိမ်'ဟု ပြောလိုက်သော မေမေ့နာမည်ကို 'ငြိမ်း'ဟု ရေးလိုက်တတ်ကြသည်။ စာရွက်ထဲမှာ 'ငြိမ်'ကို တွေ့ရသော်လည်း သူတို့နှုတ်က 'ငြိမ်း'ဟု ဖတ်တတ်ကြသည်။ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုသည် အဓိပ္ပာယ်ချင်းလည်း နီးကပ်ပါသည်။

တကယ်တော့ မေမေ့ဘဝသည် ငြိမ်လည်း မငြိမ်၊ ငြိမ်းလည်း မငြိမ်းပါ။

'ဘဝဆိုတာ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်'ဟု ကျွန်မတို့ကို ရှင်းပြရင်း သူ့ဘဝသူ အားတင်းတတ်သည်။ ဘဝ၏ အနိမ့်အမြင့်ရှိပုံတွေကို နှလုံးသွင်းထားသည်။ သူ့ဘဝဖြစ်စဉ်တွေနှင့် ယှဉ်ပြီးလည်း သားသမီးတွေကို သိမြင်အောင် ရှင်းပြတတ်သည်။ ကျွန်မ လူဖြစ်လာချိန်က စပြီး မေမေ့ကို တွေ့မြင်ခဲ့သမျှမှာတော့ မေမေဟာ လက်လုပ်လက်စား ဆင်းရဲသားပဲ ဖြစ်သည်။

မေမေ့ရဲ့ လယ်ကွက်များစွာပိုင်သော လယ်ပိုင်ရှင့်သမီး ဘဝကို ကျွန်မ မတွေ့နိုင်ခဲ့ပါ။ ဖေဖေနှင့် အိမ်ထောင်ကျပြီး ပွဲရုံပိုင်ရှင်၊ ကုမ္ပဏီပိုင်ရှင်၊ ရေနံတွင်းမန်နေဂျာ၊ ရေနံတွင်းပိုင်၊ ကုန်သည်ပွဲစားကြီး၏ ဇနီးသည် စသည့် မေမေ့ဘဝများကိုလည်း ကျွန်မ မမြင်ခဲ့ဖူးပါ။ ကျွန်မ သိတတ်စအချိန်မှာတော့ မေမေသည်လည်း အလုပ်မလုပ်တော့ပါ။ အိမ်ထောင်ထိန်း တာဝန်များနှင့်သာ မေမေ့ကို အချိန်ပြည့် တွေ့ရတတ်ပါသည်။ လွမ်းတသသ ပြောတတ်သော မေမေ့ရဲ့ကုန်စုံဆိုင်ကြီးမှာ မေမေ ဈေးရောင်းခဲ့သည်တို့ကိုလည်း မေမေ ပြန်လည်ပြောပြမှ စိတ်မှန်းဖြင့်သာ မြင်ယောင်ခဲ့ဖူးပါသည်။ ကျွန်မ သိခွင့်ရခဲ့သော မေမေကတော့ နာရီပြင်ဆရာ၏ မိန်းမဘဝ ဖြစ်ပါသည်။ ပြီးတော့ လောကဓံတရား၏ အဆိုးဘက် ၄ ပါးကို ခံစားနေရချိန်လည်း ဖြစ်သည်။

မေမေ ဘဝကို ဘယ်လောက်များ ခါးသီးနာကြည်းလိုက်လေမလဲ။

မေမေ့ မျက်နှာပေါ်မှာတော့ ထိုနာကြည်းမှုများကို မာနအဖြစ်သာ ကျွန်မ တွေ့ခဲ့ရပါသည်။ အခက်အခဲတွေကို ကြိုးစားရုန်းကန် ရင်ဆိုင်သော သတ္တိတွေကို ကျွန်မ တွေ့ခဲ့ရသည်။ ဘဝအမောတွေကို စာကောင်းပေမွန်တွေ ဖတ်ရင်း မျှော်လင့်ချက် ခိုင်ခိုင်စိုက်ကာ ဖြေသိမ့်တတ်တာတွေ ကျွန်မ

တွေ့ခဲ့ပါသည်။

သားဦး သမီးကလေး တစ်ယောက်၊ သားဦးအောက် သားကလေး တစ်ယောက် ဆုံးပါးခဲ့ရစဉ်က အဖြစ်များကို မေမေပြန်ပြောပြစဉ်က မေမေ လူးလှိမ့်ပြီး ငိုခဲ့သည်ဟု ကြားခဲ့ရသည်။ ကျွန်မမျက်စိနှင့် မေမေ ငိုသည်ကို မြင်ဖူးသည်က ကျွန်မ ဘဝမှာ နှစ်ကြိမ်သာ ရှိပါသည်။

ကျွန်မဘဝမှာ မေမေ သည်းထန်စွာ ငိုတာကို ပထမဆုံးအကြိမ် မြင်တွေ့ခဲ့စဉ်က ကျွန်မအသက်က သုံးနှစ်ခန့် ဖြစ်သည်။ ထိုနေ့က အဖြစ် အပျက် မြင်ကွင်းသည် ယနေ့ထက်ထိတိုင် ကျွန်မအာရုံထဲမှာ မြင်နေဆဲ ရှိသေးသည်။ ဘာကြောင့်များ မှတ်မိနေသလဲဟု ပြန်စဉ်းစားကြည့်မိတော့ မေမေ့ရဲ့ ကျွန်မ မသိတဲ့ ဟန်ပန်တွေကြောင့်ဟု ထင်မိပါသည်။ မေမေဟာ အမြဲတမ်း တည်ငြိမ်အေးဆေးစွာ နေလေ့ရှိပြီး စကားပြောသည့်အခါလည်း အသံမှန်မှန်နှင့် အေးအေးလူလူ ပြောတတ်သည်။ ထိုနေ့ကတော့ မေမေ သည် ကျွန်မသိသော မေမေ မဟုတ်ခဲ့ပါ။

ပထမဆုံးပေါ်လာသော မြင်ကွင်းက ကျွန်မ ရပ်နေသော အိမ်အရှေ့ ဘက် ခေါင်းရင်းခန်းက ပြတင်းပေါက်နားကို မေမေ ကသုတ်ကရက် ရောက် လာပြီး ကျွန်မကို မြင်ဟန်မရှိဘဲ ဟိုးအောက်ဘက် အိမ်၏အရှေ့ဘက် ခြံစည်းရိုးနားက ရေပေပါမှာ ရေချိုးနေသည့် ဖေဖေ့ကို အော်ခေါ်လိုက် သည့် မြင်ကွင်းဖြစ်သည်။

'ကိုသောင်းရေ ... ကိုသောင်း ... အမေ့ကို ခေါ်လို့ မရတော့ဘူး တော့ ... လုပ်ပါဦး ... လှုပ်လည်းမလှုပ်ဘူး'

'ဟင် ... ဟုတ်လား၊ အိပ်ပျော်နေတာဖြစ်မှာပါကွာ ... မှန်းစမ်းပါဦး'

ဖေဖေက ရေစိုအဝတ်ကြီးနှင့် အပေါ်ထပ်သို့ ချက်ချင်းရောက်လာ သည်။ အမေကြီးတို့ ညီအစ်မ အိပ်သည့် အိပ်ခန်းထဲ ဝင်သွားသည်။ နိုးချိန် တန် မနိုးသေးသော မိခင်ကို 'မနက်စာ ဘာစားမလဲ' ဟု မေမေ ဝင်မေးရင်း မေမေ့ရဲ့ ထိတ်လန့်တကြားအသံ ပေါ်ထွက်ခဲ့ရခြင်း ဖြစ်သည်။ မေမေ့ ကမ္ဘာ ပျက်ခဲ့ချေပြီ။ အမေတစ်ခု သမီးတစ်ခု ဘဝမို့ အတွယ်တာဆုံး အား အကိုးဆုံး မိခင် ရုတ်တရက် ဆုံးသွားတော့ မေမေ ယူကျုံးမရ ငိုပါသည်။ ကျွန်မ မြင်ကွင်းထဲမှာ အိမ်ရှေ့ခန်းမှာ အလောင်းစင် ပြင်ထားပြီး၊ အလောင်း

စင်နံဘေးမှာ လူတွေ ထိုင်နေကြတာ တွေ့နေရသည်။ အလောင်းစင်ရဲ့ ဘယ်ဘက် ခေါင်းရင်းနားမှာ အမေကြီးရဲ့ညီမ ဘွားလေး ဒေါ်လှပွင့်က အမေကြီးအောက်က ခင်းထားသည့် အခင်းစကို ဆွဲဆွဲပြီး 'အစ်မရေ ... အစ်မ ... အစ်မ'ဟု တ,ကာ ငိုနေ၏။ မေမေကတော့ အလောင်းစင်ရဲ့ ခြေရင်းပိုင်းလောက်မှာ ရှိသည်။ အလောင်းစင်ပေါ်က အမေကြီးမျက်နှာ ရှိရာဘက်သို့ ကိုယ်ကို ခပ်စောင်းစောင်းလှည့်ကာ ထိုင်ရင်း လုံချည် လွှမ်းထားသော အမေကြီး၏ ခြေသလုံးအစုံကို ဖက်ကာ မျက်နှာအပ်၍ ရှိုက်ကာ ငိုနေသည်။ မေမေ့နောက်ကျောဘက် ခပ်လှမ်းလှမ်းမှာ ကျွန်မ ရှိနေသည်။

မေမေ့အနား ကပ်ဖို့ကြံရင်း ကလေး၏ အသိစိတ်ထဲမှာ သွားလို့မဖြစ်မှန်းလည်း သိနေကာ တွေတွေလေး ကျွန်မ ရပ်ကြည့်နေခဲ့သည်။ မေမေ ငိုတာကို ပထမဆုံး မြင်ဖူးရခြင်းဖြစ်လို့ တအံ့တဩလည်း ဖြစ်ရသည်။ ဝမ်းနည်းတုန်လှုပ်ခြင်းလည်း ဖြစ်ရသည်။ မေမေက ကျွန်မကို အရေးမလုပ်၊ မသိမမြင် ဖြစ်နေ၍လည်း ကျွန်မ ဝမ်းနည်းနေခဲ့သည်။ မိခင်သေဆုံးခြင်းကြောင့် ဖြစ်ရသော ပရိဒေဝ သောကမီးကြောင့် ညှိုးငယ်နေသော၊ ပူဆွေးနေသော၊ ဝမ်းနည်းကြေကွဲနေသော၊ ပတ်ဝန်းကျင်ကို သတိကင်းလွတ်နေသော ထိုမျက်နှာပိုင်ရှင်သည် ကျွန်မသိသော ကျွန်မ၏မေမေ မဟုတ်ပါ။ မေမေ့ထံ ကျွန်မ သွားချင်သည်။ သွားလည်း မသွားရဲ။ ထိုအံ့ဩထူးဆန်းသောအဖြစ်က ကျွန်မကို ဝမ်းနည်းစေပါသည်။ စိတ်ဝမ်းနည်းလျက် မေမေ့ကျောပြင်ကိုသာ ခပ်လှမ်းလှမ်းက ရပ်ကာ ငေး၍ကြည့်နေခဲ့သည်။ အိမ်နီးချင်း ဒေါ်လေး မကျင်လှက ...

'ယုယု ... ပြောင်းဖူးစားရအောင်၊ လာ ... ဒေါ်လေးဆီကို လာ ...'

ကျွန်မကို သူက ခါးထစ်ခွင်ချီ၍ ခေါ်သွားပါသည်။ ထိုနေ့က ပြောင်းဖူး တကယ်စားရသည်၊ မစားရသည်ကို ကျွန်မ မမှတ်မိပါ။ ကျွန်မ ခုချိန်ထိတိုင် အာရုံမှာ စွဲထင်နေဆဲ ပုံရိပ်တစ်ခုကတော့ အိမ်ရှေ့ခြံစည်းရိုးနားက အရိပ်ကောင်းသော မန်ကျည်းပင်ကြီးအောက်မှာ ယောကျ်ားကြီးသုံးလေးယောက် ဝိုင်းစုထိုင်ရင်း တီးမှုတ်နေကြပုံ ဖြစ်သည်။

ထိုသူများက မြေကြီးပေါ်မှာပဲ ထိုင်နေကြ၏။ သူတို့ရှေ့မှာ ဗုံတိုတွေ၊

ကြေးနောင်ဝိုင်းတွေ ရှိနေသည်။ တီးသံမှုတ်သံတွေ ကြားနေရပြီး ကိုယ့်ခြံဝင်းထဲမှာ လာတီးနေသည်ကို ပထမဆုံး မြင်ဖူးရသည်မို့ ကျွန်မက ကလေးပီပီ သွားရပ်ကာကြည့်ရင်း နားထောင်နေခဲ့သည်။ ဆိုင်းတွေ ဗုံတွေကိုအနီးကပ် မမြင်ဖူးသူမို့ ထူးလည်း ထူးဆန်းနေကာ အိမ်မှာ သူတို့တစ်တွေလာရောက် တီးမှုတ်နေကြသည်ကို အံ့ဩကာနေမိသည်။ တိုးတိုးညင်းညင်းနှင့် နိမ့်လိုက်မြင့်လိုက်ရှိသော အသံစဉ်လှိုင်းသည် စိတ်နှလုံး ညွတ်နူးဖွယ် အသံသာပါသည်။ ကြည်နူးလွမ်းဆွတ်ဖွယ်လည်း ကောင်းပါသည်။ တကယ်တော့ ထိုသူများသည် အသုဘဆိုင်းတီးသူများ ဖြစ်ကြသည်။ ထိုစဉ်က ကျွန်မ မသိခဲ့ပါ။ မေမေက အမေကြီး၏ဆန္ဒကို ဖြည့်ဆည်းပေးခြင်းသာ ဖြစ်သည်။

အမေကြီးက သူအသက်ရှင်နေစဉ် နေကောင်းလျက်သား ရှိနေစဉ်အခါများကတိုင် မေမေ့ကို မှာထားခဲ့ဖူးသည်တဲ့။

'ငါ သေရင် ဗျိုင်းတောင်တီးလုံးကလေးနဲ့ သွားချင်စမ်းသအေ'

ထိုအခါ မေမေက ရုတ်တရက် လန့်ကာ ...

'အို ... အမေကလည်း မပြောကောင်း မဆိုကောင်းတွေ၊ ကြံကြံစည်စည် အမေရယ်'လို့ ပြန်ပြောခဲ့ဖူးသည်တဲ့။

မေမေ ထိုစကားတွေကို ပြန်အမှတ်ရဟန် တူပါသည်။ သူ့မေမေကို ဗျိုင်းတောင်တီး၍ အသုဘချလေသည်။

ထိုနေ့က အသုဘချအပြီး မေမေတို့ တိတ်ဆိတ်စွာ အိမ်ပြန်အလာမှာ ကျွန်မ၏ ကလေးစိတ်ထဲမှာ ချက်ချင်း သတိပြုမိခဲ့သည်။ အမေကြီးပြန်ပါမလာခဲ့ပါ။ အမေကြီးကို မတွေ့မမြင်ရ။ သုံးနှစ်အရွယ်ကလေးသည်လည်း အဖြစ်အပျက်တွေကို ဆက်စပ်စဉ်းစားနိုင်စွမ်း ရှိပုံရသည်။ အမေကြီးကို သူတို့သေတ္တာထဲထည့်ပြီး ထမ်းခေါ်သွားကြတာ ကျွန်မ သိလိုက်သည်။ ထိုခပ်ရှည်ရှည်သေတ္တာကြီးပေါ်မှာ အမေကြီးထဘီ အင်္ကျီတွေ ဝတ်ထားသည်ဟု ကျွန်မ မြင်သည်။ ထိုအရာကို ခေါင်းဟု ခေါ်သည်၊ အလောင်းစင်ဟု ခေါ်သည်၊ အဝတ်တွေ လွှမ်းထားသည် ဆိုတာတွေ ကျွန်မက မသိတတ်သေးသောအရွယ် ဖြစ်သည်။ လူအုပ်ထဲမှာ ရှေ့နားမှာ မေမေငိုရင်း လိုက်သွားတာ မြင်လိုက်သည်။ တကယ်တော့ သည်အရာတွေကို မမြင်ဖြစ်အောင်

လူကြီးတွေက စီမံပေးထားပါလိမ့်မည်။ ကျွန်မကို ထိန်းနေသော မကျင်လှ၏ သားသမီးများနှင့်အတူ သူတို့အိမ်ထဲရှိနေရာမှ ကျွန်မတို့ အိမ်ဝိုင်းဘက်က စီခနဲ ညံခနဲ လူသံတွေ ရုတ်တရက် ဆူဆူ ဆူဆူ ကြားလိုက်ရသည့်အခါ ကျွန်မ အိမ်ဘက်သို့ ပြေးထွက်ခဲ့သည်။ လူအုပ်ထဲမှာ အမေကြီးကို ဆွဲဖက်ထားသော အော်ဟစ်ငိုနေသော အမေပွင့်နှင့် အမေကြီးကို ခေါင်းထဲထည့်နေသော ယောကျ်ားကြီးများ၊ ကြည့်သူ ဆွဲထိန်းထားသူများနှင့် ရှုပ်နေသောမြင်ကွင်းကို ကျွန်မ အံ့အားတသင့် ကြည့်မိနေသည်။ ထိုအခိုက် ကျွန်မကို သူ့အိမ်မှာ စိတ်ချလက်ချထားပြီး အသုဘအိမ်ကို ကူညီဖို့ ရောက်နေသူ ဒေါ်လေးမကျင်လှတစ်ယောက် ကျွန်မကို မြင်သွားပါသည်။ လူအုပ်ထဲမှ အပြေးကလေး ထွက်လာကာ ကျွန်မကိုပွေ့ချီပြီး သူ့အိမ်ဘက်သို့ ခေါ်ထုတ်သွားခဲ့ပါသည်။ သို့ပေမဲ့ ကျွန်မ အားလုံးကို တွေ့မြင်ခဲ့ပြီးလေပြီ။

ထိုအကြောင်းအချက်များသည် သုံးနှစ်အရွယ် ကလေးတစ်ယောက်ကို တစ်စုံတစ်ရာ သိမြင်လာအောင် ဆက်စပ်ပေးနိုင်ခဲ့သည်။ ထိုအဖြစ်အပျက်များသည် ကလေးတစ်ယောက်ကို စိတ်တွေ ရှုပ်ထွေးစေသည်။ မရွှင်ပျသော အိမ်သားတွေကြောင့်လည်း အလိုလို အနေရခက်စေသည်။ ကစားချင်စိတ်လည်း မရှိ။ ငြိမ်ငြိမ်ဆိမ်ဆိမ်လည်း မနေနိုင်။ ထိုအခါ အပေါ်ထပ်က အိပ်ခန်းထဲ အမေကြီး ပြန်ရောက်ချင်ရောက်နေမှာဟု ကလေးတွေးနှင့် တွေးကာ အဖြေရှာပြန်သည်။ အဖြေရှာချင်မှုသက်သက်သာ ဖြစ်သည်။ ကျွန်မမှာ အမေကြီးဒေါ်ငွေနိုင်ကို ချစ်ခင်စိတ် ရှိမနေခဲ့ပါ။ အမေကြီးက အငယ်ဆုံးကလေး ကျွန်မနှင့်လည်း တရင်းတနှီး အရောတဝင်နေတတ်ခြင်း မရှိ။ အမေကြီးကို ကျွန်မအသိ အာရုံမှာ စိမ်းလှပါသည်။ ကျွန်မ ရင်းနှီးသည်က အမေပွင့် ဖြစ်သည်။ ကျွန်မကို သီချင်းတွေ၊ ကဗျာတွေ သီဆိုကာ ချော့သိပ်တတ်သူ၊ အလိုလိုက် ချစ်ခင်ယုယသူ၊ အတူကစားပေးသူ၊ မုန့်တွေကျွေး၊ မုန့်ဖိုးတွေပေးလေ့ရှိသူက အမေပွင့် ဖြစ်သည်။ အမေကြီးက အေးအေးလူလူ ဆိတ်ဆိတ်ငြိမ်ငြိမ် နေတတ်သည်။ အခန်းထဲမှာ ရှိနေသော်လည်း အသံမထွက်တတ်။

အမေကြီးနှင့် အမေပွင့်တို့ အတူနေကြသော အပေါ်ထပ် အခန်းဝသို့ သွားကာ အခန်းထဲသို့ ခေါင်းပြူကြည့်လိုက်လျှင် အမေပွင့်ကို တွေ့ရသည်။

'အမေကြီးရော …'ဟု ကျွန်မက သူ့ကို မေးလိုက်သည်။

ထိုအခါအမေပွင့်က အမေကြီးအိပ်ရာ ခုတင်ဘေး အောက်ကြမ်းပြင်မှာ ထိုင်ရင်း၊ အမေကြီး ကျောခင်းရာ အိပ်ရာသင်ဖျူးစကို ပွတ်သပ်နေရင်းက … 'အစ်မရေ … အစ်မ … အစ်မ …'ဟု ထ,ငိုပါတော့သည်။

'အစ်မ မရှိတော့ဘူး … အစ်မ သေပြီ ယုယုရဲ့ …' ဟု ကျွန်မကို တိုင်တည် ငိုပါသည်။ ထို့နောက် တတွတ်တွတ်နှင့် အမေကြီး ရှိနေသကဲ့သို့ စကားတွေပြောကာ ငိုနေပါသည်။ အမေပွင့်ကြောင့် ကျွန်မလည်း ငိုချင်လာသည်။ ဝမ်းနည်းလာသည်။ စိတ်ရှုပ်လာသည်။ အိမ်မှာ အံ့ဩစရာ၊ ထိတ်လန့်တုန်လှုပ်စရာတွေ ဖြစ်ပျက်နေသည်။ အမေကြီးကို ခေါ်သွားကြတာ ကျွန်မ မြင်သည်။ ပြန်ပါမလာတာ သိသည်။ အခန်းထဲမှာလည်း ရှိမနေတာ မြင်ပြီ။ အမေပွင့် ငိုသလို မငိုပေမဲ့ မေမေ တဘက်စနှင့် မျက်ရည် တို့သုတ်တာ မြင်သည်။ ချစ်သူခင်သူများ၏ စိတ်ဝမ်းနည်းမှုသည် ကျွန်မကို အံ့ဩတုန်လှုပ်စေသည်။ ဝမ်းနည်းစေသည်။ နားမလည်မှုတွေ ဖြစ်စေပါသည်။

အမေကြီး ဘယ်မှာလဲ …။ ထိုမေးခွန်းသည် ကျွန်မခေါင်းထဲ အလိုလို ဝင်ရောက်လာခဲ့တော့သည်။ ဘဝနှင့် ပတ်သက်သည့် အခြေခံ အကြောင်းတရားကြီးကို ၃ နှစ်သမီးအရွယ်မှာပင် ကျွန်မ သိခွင့်ရသွားခဲ့ပါသည်။ ခုလိုအသက်အရွယ် ရောက်လာသည့်တိုင် ထိုနေ့က မြင်ကွင်းတချို့ကို ကျွန်မအာရုံမှာ ပြတ်ပြတ်သားသား ပြန်မြင်နေဆဲဖြစ်သည်။ မေမေသည် မိခင်ကြီး သေဆုံးခြင်းကိစ္စကို တငိုငို တရယ်ရယ် လုပ်နေသူ မဟုတ်ပါ။ အထူးသဖြင့် ကျွန်မတို့သားသမီးတွေ သိမြင်လောက်အောင် မေမေ နောက်ထပ် ငိုသည်ကို မမြင်ရပါ။ မေမေ ဘယ်မျှ ဝမ်းနည်းပူဆွေးနေရှာသည်ကိုလည်း ကျွန်မ မသိနိုင်ပါ။ မေမေသည် စိတ်ခံစားချက်တွေကို ထိန်းချုပ်ထားတတ်သူ ဖြစ်သည်။

တစ်ဦးတည်း၏ ခံစားချက်ကို မေမေ ထိန်းချုပ်ထားနိုင်သော်လည်း သားသမီးနှင့် ပတ်သက်လျှင်မူ မေမေသည် ခံစားထိရှလွယ်သူ ဖြစ်သည်။ အမေကြီးအတွက် ရည်စူး၍ ဘုန်းကြီးကျောင်းမှာ အလှူဒါနပြု ရေစက်ချအမျှအတန်းဝေ ကုသိုလ်ပြုသော နေ့တစ်နေ့၏ အဖြစ်အပျက်ကိုလည်း

ကျွန်မ မှတ်မိနေသည်။ ရေစက်ချပြီးသည့်တိုင် အေးအေးလူလူ စကား ကောင်းနေသော ဘုန်းကြီးရှေ့မှာ ကြာကြာမနေနိုင်။ ပျင်းနေသော ကျွန်မ ကို အမေပွင့်က ကျောင်းအောက်သို့ ခေါ်သွားပါသည်။ ဘုန်းကြီးကျောင်း ဝင်းထဲ ကျွန်မကို လှည့်လည်ပြပါသည်။ သစ်ပင်တွေ၊ စားပင်တွေ၊ ပန်းပင် တွေနှင့် သာသာယာယာရှိသော နေရာတွေ လျှောက်သွားကြသည်။ ထို့ နောက် တရားထိုင်သည့် ရိပ်သာဇရပ်တွေရှေ့ ရောက်သွားသည်။ ညို့ညို့ မှိုင်းမှိုင်းနှင့် ဆိတ်ငြိမ်လှသော သေးသေးငယ်ငယ် လုံးချင်းအိမ်ခန်းကလေး တွေထဲတွင် စကားလည်း မပြောဘဲ ငြိမ်ငြိမ်ကြီး ငုတ်တုတ်ထိုင်နေသော လူတွေ တွေ့လာရသဖြင့် ကျွန်မက ...

'အဲဒါ ဘာလဲ ...'ဟု မေးသည်။

'အဲဒါ ရိပ်သာဇရပ်'ဟု ဖြေသည်။

'သူတို့က ဘာလုပ်နေတာလဲ ... စကားလည်း မပြောဘူး'

'တရားထိုင်နေတာ'

ကျွန်မအတွက်တော့ ထိုရိပ်သာအဆောင်များသည် ချောက်ချား စရာ ကောင်းသည်။

'အမေပွင့်လည်း နောင် ဒီမှာ ရိပ်သာဝင်မှာ'

'အမေကြီးရော ... ဘယ်မှာလဲ'

ရုတ်တရက် ရိပ်သာမှာ အမေကြီး ရောက်နေတာဟု ထင်လာပြီး မေးမိသည်။

'သင်္ချိုင်းကုန်းမှာ'

ထိုစကားကို ကျွန်မက နားမလည်။ အမေကြီး ရှိတဲ့ နေရာဟုတော့ သိသွားပြီ။

'ဘယ်မှာလဲ ... သင်္ချိုင်းကုန်း'ဟု ကျွန်မကမေးတော့ သူက လက်ဆွဲ ခေါ်သွားပါသည်။

ကျွန်မအသိမှာ ဝေဝေဝါးဝါး မှတ်မိနေသည်က တိတ်ဆိတ် ခြောက် သွေ့သော ကမ္ဘဋ္ဌာန်းကျောင်းဆောင်တွေကို ကျော်ဖြတ်သွားရပြီး ဘယ်နေ ရာမှန်း မသိသည့် တောစပ်တစ်နေရာရာဟု ထင်ရသော နေရာတစ်ခုသို့ ရောက်တော့ ...

'အဲဟို ဘက်မှာ ...'ဟု အမေပွင့်က လက်ညှိုးညွှန်ပြပါသည်။

ကျွန်မ လှမ်းကြည့်သည့်အခါ အတော်လေး မော့ကြည့်ရသည်။ ချုံနွယ်တွေ တောထနေသည့် ကုန်းကမူအမြင့် ဖုန်းဆိုးတောတစ်ခုသည် မှိုင်းမှောင်ပိတ်ဆီး၍ နေသည်။

'ဘယ်မှာလဲ ... ရှိပါဘူး၊ မေကြီးက'

'ရှိတယ်၊ အဲဒီသင်္ချိုင်းကုန်းမှာ မြေမြှုပ်ထားသယ်'

ကျွန်မ လန့်သွားပါသည်။

'ဘာလို့ မေကြီးကို မြေကြီးထဲ မြှုပ်တာလဲ'

'ဒီလိုပဲ လူတွေသေရင် သင်္ချိုင်းမှာ မြေမြှုပ်ရသယ်အေ့။ အင်း ... အနိစ္စ၊ ဒုက္ခ၊ အနတ္တ ... အစ်မရေ ... အမျှ အမျှ အမျှ ...'ဟု အမေပွင့်က ငိုသံနှင့်ရွတ်တော့ အမေပွင့် လက်ကို ကျွန်မ တင်းတင်းဆုပ်ထားမိသည်။

ထိုနေရာက ဘယ်လိုပြန်လာကြသည်ကို မမှတ်မိ။ ထိုနေ့က အဖြစ်အပျက်တွေသည် တစ်ပိုင်းတစ်စစီသာ ကျွန်မမှတ်ဉာဏ်ထဲမှာ မှတ်မိနေခဲ့သည်။ ကျွန်မ မှတ်ဉာဏ်ထဲမှာ ဆွမ်းစားဆောင်မှာလူတွေ ဆွမ်းအုပ်တွေကိုယ်စီနှင့် အလုပ်များနေဆဲ အမေပွင့်ကို ပျောက်သွားတာသာ မှတ်မိသည်။

ယုယု ... ဒီနား ခဏနေခဲ့ဦးဟု ထားခဲ့ကောင်း ထားခဲ့ပါလိမ့်မည်။ မိတ်ဆွေတွေနှင့် ဆွမ်းဟင်းကိစ္စများ သွားကာ လုပ်ကိုင်လေသည်လား မပြောတတ်။ ပြီးတော့ ပြန်ပေါ်မလာ။ ကျွန်မကို သူ မေ့သွားခဲ့ပါသည်။ မေမေနှင့်တွေ့တော့ မေမေက မေးပါသတဲ့။

'အစ်မပွင့် ... ကလေးကော၊ ကလေး ဘယ်မှာလဲ ...'

'အင် ... ကလေးလား'

အမေပွင့် မသိပြီ ...။ ဘယ်ကျန်ခဲ့မှန်း မမှတ်မိပြီ။ မေ့တတ်လွန်းသူ အမေပွင့်ကို မေးမရသဖြင့်

'အစ်မပွင့်ရယ် ... ကလေးကို ဘယ်ထားခဲ့တာတုံး ...'

မေမေက တဖျစ်တောက်တောက် ပြောရင်း ကျွန်မကို ကျောင်းဝင်းအနှံ့ လိုက်ရှာရသည်တဲ့။

ကျွန်မ မှတ်ဉာဏ်ထဲမှာ မေမေနှင့် ဘယ်လို ပြန်တွေ့သည်ကိုပင်

မမှတ်မိပါ။ အမေပွင့် ထားခဲ့သည့် ဆွမ်းစားကျောင်းဘေးက ဇရပ်ထဲမှာပဲ ဆွမ်း၊ ဆွမ်းဟင်း ပြုပြင်ထားသိုနေကြသူ အဒေါ်ကြီးများ အနားမှာပဲ ရှိနေခဲ့ပုံရပါသည်။ ထိုအကြောင်းကို လုံးလုံးလျားလျားပင် မေ့နေပါသည်။ ကျွန်မမှတ်ဉာဏ်မှာ စွဲစွဲမြဲမြဲ မှတ်မိနေသည်က ထိုနေ့ည ဖြစ်သည်။ ညမှာ အိပ်ပျော်နေရာက ထငိုပြီး လန့်နိုးခဲ့ရသည့်အဖြစ်ကိုတော့ ကောင်းကောင်း မှတ်မိ၏။ ပြီးတော့ မေမေတစ်ယောက် ငိုသံပါအောင် တုန်ယင်ပြီး ဒေါသ ထွက်လျက် သူ့အဒေါ် ဒေါ်လှပွင့်ကို အော်ငေါက်ဆူပူနေသည်ကိုပါ ကျွန်မ မှတ်မိလေသည်။

တစ်ရေးနိုး လန့်၍ငိုစဉ် မေမေက ချော့မြူပါသည်။ ဖေဖေက ဘုရားစာရွတ်၍ ရေမန်းတိုက်သည်။ ပြီးတော့ စကားတွေ မေးရင်းမေးရင်းနှင့် ပြန်ဖြေသော ကျွန်မ စကားတွေထဲမှာ ပါလာသမျှကို ဆက်စပ်တွေးရင်း မေမေ သိသွားပါတော့သည်။ ထိုအခါ သူ့အဒေါ်ကို စိတ်ဆိုးလွန်း၍ ရန်တွေ့ပါတော့သည်။ ကလေးကို မပြောသင့်တာတွေ ပြောရပါမလား၊ ပြရပါမလားဟု အပြစ်တင်သည်။ အခန်းထဲက အမေပွင့်က ပြန်ပြောလိုက်၊ မေမေက ဒေါသထွက်ပြီး ဆူလိုက်နှင့် ရန်ဖြစ်ကြတာ ကျွန်မမှတ်မိသည်။

'ကလေးက အငယ်လေးရှိသေးတယ်။ ကလေး မသိအပ်တာတွေကို ဘာလို့ ပြောရသလဲ၊ ပြရသလဲ။ လူကြီးဖြစ်ပြီး ဒီလောက်ကလေးမှ အသိတတ်တရား မရှိဘူး။ မသွားအပ်တဲ့နေရာတွေ လျှောက်ခေါ်သွားတယ်။ ပြီးတော့ ကလေးကို တစ်ယောက်တည်း ထားပစ်ခဲ့တယ်။ အစ်မပွင့် လုပ်တာတွေ ပြန်စဉ်းစားကြည့်ပါ ... ကျွန်မ ပြောတာ လွန်သလားလို့။ လူလို သိတတ်ရင် ဒါမျိုး ဘယ်တော့မှ မလုပ်ဘူး'

'ဟဲ့ ... ငါက မှန်သာ ပြောတာ။ ငါ့အစ်မ အဲသည်မှာ ရှိနေတာကိုး။ ငါလည်း ငါ့အစ်မကို လွမ်းလို့ပေါ့ ... အစ်မရေ ... အစ်မရဲ့ ... အဲ့ဟဲ့ ...'

'မှန်တိုင်း ကလေးကို ပြောရသလား အစ်မပွင့်ရဲ့။ ကျွန်မလည်း ကျွန်မ အမေကို လွမ်းတာပါပဲ။ ဒါတွေ ကလေး မသိစေရပါဘူး ...'

'ညည်းသမီးကိုက အမေးအမြန်း ထူတာကိုးအေ့။ ငါလည်း ပြမိတာပေါ့ ... ပြရုံ ပြတာပါအေ ...'

'အမယ်လေး ... ပြရုံမို့သာပေါ့။ ဒီ့ထက်များ ပိုလို့ကတော့ ကလေး

တစ်ခုခုသာ ဖြစ်ကြည့်စမ်း ... မိငြိမ်နဲ့ တွေ့သွားမှာပေါ့။ ဟင်း ... မပြောလိုက် ချင်ဘူး'

'အစ်မရေ ... အစ်မ ... အစ်မ ... ကျုပ်ကို မငြိမ်က ဆူငေါက်နေသတော့။ အစ်မ မရှိလို့ ကျုပ် အပြောခံရသတော့ ... အီးဟီး ...'

'အမေ့ကို ဆွဲမထည့်ပါနဲ့ အစ်မပွင့်ရဲ့။ အမေရှိလည်း ဒီလို အဖြစ်မျိုးကို လုပ်လို့ကတော့ အမေ့ရှေ့လည်း ပြောရမှာပဲ။ ဘယ့်နှယ်တော် ... ကလေးပေါက်စနကို သချိုင်းကုန်း ခေါ်ပြရတယ်လို့၊ ဖုန်းဆိုးတော ခေါ်သွားရတယ်လို့ ... ရှေ့နောက်မှ မဆင်မခြင်'

'မရောက်သေးပါဘူးအေ ... အဝေးက လှမ်းပြရုံ ပြတာပါ'

'အဝေးကလည်း မပြရဘူး၊ အနီးကိုလည်း မသွားရဘူး။ နောက်ကို ဘယ်မှ ကလေးကို ခေါ်မသွားနဲ့တော့။ အစ်မပွင့်နဲ့ ဘယ်မှ မထည့်ဝံ့တော့ဘူး။ တကတည်း ... မေ့တတ်လိုက်တာလည်း လွန်ရော။ ကလေးပျောက်သွား ဘယ့်နှယ်လုပ်မလဲ ... အကြောက်လွန် မေ့သွား တက်ချက်သွားရင် ဘယ့်နှယ်လုပ်မလဲ ...'

တစ်ယောက်နှင့်တစ်ယောက် အချေအတင် ပြောကြဆိုကြရာတွင် အမေပွင့်က သူ့အစ်မကို တ,၍ တ,၍ ပြောလေလေ ... မေမေက ဒေါသတွေ ထွက်လာလေလေ။ ဖေဖေကတော့ နှစ်ဖက်ကြားမှ တရားချ ဖျန်ဖြေသူ ပင် ဖြစ်သည်။ ဘယ်ကိစ္စတွင်မဆို ပြဿနာဖြစ်ကြပါက ဖေဖေ့ကို လေးစားကြသည်မို့ ဖေဖေ့စကားကို နားထောင်လေ့ ရှိကြသည်။ သို့သော် ထိုနေ့ကတော့ မေမေက နားမထောင်။ သားသမီးဇော ကပ်ကာ ရန်မတွေ့စဖူး အဒေါ်ဖြစ်သူကို ရန်တွေ့ပါသည်။ စကားအစုံအလင် ကျွန်မ မမှတ်မိနိုင်ပါ။ အချိန်အတော်ကြာအောင် စကားအချေအတင် ပြောနေကြသည်ကိုသာ သတိရပါသည်။ စိတ်ရှုပ်စိတ်ညစ် စိတ်ဝမ်းနည်းလာသည့် ကျွန်မက တမြဲမြဲ ထငိုလိုက်သည်။ ထိုအခါမှ မေမေ့ဒေါသတွေ တိခနဲရပ်သွားကာ ကျွန်မကိုပဲ ချော့မြူနေပါတော့သည်။

'ဦးတည့်ဦးစောက်တွေ မလုပ်စမ်းပါနဲ့ အစ်မပွင့်ရယ်'

သူ့အဒေါ် စိတ်ကို သိနေသူမို့ စိတ်ကိုလျှော့ပြီး ညည်းတွားရှာပါသည်။

ရှိုးယုံမက 'အ'သည်ဟုပင် ဆိုရမည်လား မသိ။ အမေပွင့်သည် အကင်းမပါး၊ အဖြစ်အပျက်တွေကို မှန်မှန်ကန်ကန် ဆင်ခြင်တွေးယူနိုင်စွမ်း မရှိ။ နှုတ်ချိုချိုပြောလျှင် ထိုသူ ပြောရာ ပါသွားတတ်သူလည်း ဖြစ်သည်။ အကြောင်းတွေ အကျိုးတွေ မန္တိုင်းဆတတ်ပေ။ ဖြူဖြူဖိုင့်ဖိုင့် လှလှဝဝ ရုပ်ရည်ရှိသူ အမေပွင့်သည် သဘောကောင်း၍ ချစ်စရာကောင်းသလောက် ကြောက်စရာကောင်းအောင် ပြဿနာတက်စေသူ ဖြစ်သည်။

သူတစ်ပါး အလိမ်လည်း မကြာခဏ ခံရသူ ဖြစ်၏။ ဈေးဆိုင်ထွက်တော့လည်း ပိတ်စအထည်စတွေ ဖြတ်ရာမှာ ကိုက်တွေ တောင်တွေ ထွာတွေ တန်ဖိုးတွက်တာ မှားတာ တစ်မျိုး၊ ပြန်အမ်းငွေမှားသွားတာ တစ်ဖုံနှင့် ရိုးသားသူက ပြန်လည်တွက်ပြ၊ ပိုငွေတွေ ပြန်ပေးတတ်သော်လည်း အဆုံးမတော့ သူ့မှာ အရှုံးသာပေါ်တော့သည်။

ငါးပိငါးခြောက် ရောင်းပြန်တော့လည်း ဈေးဝယ်က ဇွတ်အဆစ်တွေ ယူသွားတာ ခံရ၊ ဈေးဝယ်သူက ကြိုတင်ကြံစည် စိတ်ကူးနှင့် ယူလာသော မူမမှန်သော အလေးနှင့် ချိန်ပေးလို့ပေး၊ နောက်မှ ငွေယူပါဟု ကြိုတင် မပြောမဆိုနှင့် အကြွေးချသွားသူများက ရှိတတ်ပြန်ရာ ... အမေပွင့်ဆိုင်မှာ မကြာခဏ အရင်းပြုတ်ရလေသည်။ ငြိမ်ငြိမ်နေပါ ပြောလည်း မရ။ ဈေးမရောင်းရလျှင် မနေနိုင်။ တစ်မျိုးပြီးတစ်မျိုး ထဈေးရောင်း၏။ သည်လိုနှင့် သူ့တစ်ယောက်တည်း ဈေးဆိုင်မှာ မထားဝံ့။ မေမေနှင့် ဆိုင်ခန်းကပ်လျက် တစ်မျိုး၊ ဝမ်းကွဲညီမနှင့် ဆိုင်ခန်းကပ်လျက်တစ်ဖုံ ထားကာ စောင့်ရှောက်ရလေသည်။ မေမေ့မှာ သူ့ဈေးသူ ဖြောင့်ဖြောင့် မရောင်းနိုင်ရှာ။ အမေပွင့်သည် မေမေ့အတွက် ဝဋ်ကြွေးသက်သက်မျှဟုပင် ဆိုရမည်လား မသိ။

မပြောစေ့ချင်သောစကားမို့ တစ်ဖက်လူ မသိအောင် အမေပွင့်ကို အသာအယာ တို့လျှင် ဆိတ်လိုက်လျှင် ...

'မငြိမ်နှယ် ... တို့နိုင်ရန်ကော၊ ဆိတ်ဆိတ်နိုင်လွန်းသအေ ...' နှင့် အော်တတ်၍ မေမေ့မှာ မျက်နှာပျက်ရပေါင်း များလှကြောင်းကို မေမေက ရယ်မော ပြောပြတတ်ခဲ့ပါသည်။ သူ့အဒေါ်ကို သနားလည်း သနား၊ ချစ်လည်း ချစ်၊ ကရုဏာလည်း သက်၊ စိတ်အပျက်ကြီးလည်း ပျက်ရတတ်ပေ

သည်။

အမေကြီးဒေါ်ငွေနိုင် တစ်ယောက် သူ့လိုမုဆိုးမ၊ တစ်ဦးတည်းသော သမီးကလည်း ဆုံးသွားရှာသူ၊ ရိုးအလွန်းသူ သူ့ညီမကို စိတ်မချနိုင်ရှာ။ လောကမှာ သည်ညီအစ်မ နှစ်ယောက်သာ မွေးချင်းအရင်းအချာ ရှိသည်။ လင်သေ သားဆုံး မုဆိုးမဘဝရောက်သော် အမေပွင့်ကို တစ်အိမ်တည်း အတူနေရန် အမေကြီးက ခေါ်ထားသည်။ အိုးခွဲချက်စားသော်လည်း ဟင်းခွက် မျှကြသည်။ မေမေက အစ်မပွင့်ဖို့ဟု ဟင်းသီးသန့်ခွဲကာ ပေးထားတတ်သည်။ အမေပွင့်ကလည်း အစ်မဖို့ဟု ဟင်းခွက်တစ်ခွက် လာပေးထားတတ်သည်။ ကျွန်မက အမေပွင့် ဟင်းအိုးကို သွားနှိုက်တတ်မြဲ။ အမေပွင့် ချက်သော ဝက်သားနီချက်တို့၊ ခရမ်းတဆော့သီးချက်၊ ခရမ်းသီးနှပ်တို့ကို ကျွန်မ စားမြိန်လှသည်။ မေမေချက်သော ဝက်သားဟင်းက အမေပွင့် လက်ရာကို မမီပါ။ ထိုသို့စားလျှင် မေမေက ကျွန်မကို ဟန့်တတ်သည်။ အမေပွင့်က ခွင့်ပြုထားသော်လည်း မေမေက မစားစေချင်ခဲ့ပါ။

'အမေပွင့်ဟင်းက မေမေ့ဟင်းထက် ကောင်းတယ်' ဆိုမိလျှင်ဖြင့် သူ့ဟင်းကိုစားတာ မဆူသည့်ပြင် ထပ်ယူဦး၊ ထပ်ထည့်ဦးနှင့် ကျေကျေနပ်နပ်ကြီး ချကျွေးလေသည်။ အမေပွင့်ထံမှ မုန့်ဖိုးယူသည်ကိုလည်း မေမေ မကြိုက်ပါ။ တားမြစ်သည်။ အမေပွင့်ကိုယ်တိုင်က 'ငါကိုယ်တိုင် ပေးသာပါအေ ... ယူပါ့စေ ကလေးကို။ ငါ့ကိုကူလို့ ဆုချတာပါအေ့ ...'ဟု ပြောလျှင် မေမေ နှုတ်ဆိတ်သွားသည်။

အမေပွင့် ဈေးထွက်လျှင် မနက်မလင်းမီ အလင်းရောင်ကောင်းကောင်း မလာတတ်သေးခင်မှာ ဈေးဆိုင်ခင်းကျင်းဖို့သွားတိုင်း ကျွန်မကို ခေါ်သွားသည်။ ကျွန်မကို ဆိုင်မှာ အစောင့်ထားခဲ့ပြီး အမေပွင့်က ပစ္စည်း အချို့ ပြန်သယ်သည်။ ထို့ကြောင့် မနက်ခင်း တော်တော်များများမှာ အမေပွင့်နှင့်အတူ ဈေးဆိုင်ခင်းဖို့ ကျွန်မ လိုက်တတ်သည်။

အမေပွင့်က သူ့အခန်းထောင့်က ယွန်းသေတ္တာပေါ် တင်ထားသော ယွန်းဆွမ်းအုပ်ကြီးအောက်ခြေက လင်ပန်းပေါ်မှာ ငွေအကြွေစေ့တွေ ထည့်ထားတတ်သည်။ အဲဒီထဲက ငွေအကြွေစေ့ သွားယူတာမျိုး မေမေ မကြိုက်ပါ။ အမေပွင့် လက်နှင့်မပေးဘဲ မယူရဘူး ... ဟု အမြဲပြောတတ်ခဲ့သည်။

တကယ်တော့ အမေပွင့်နှင့် ကျွန်မ၏ဆက်ဆံရေးသည် မြေးအဖွား အရင်းအတိုင်းပင် ဖြစ်သည်။

ကျွန်မကို သူ တွယ်တာသည်။ အားလည်း ကိုးသည်။ အမေပွင့်သည် အမြဲတမ်းလိုလို ပစ္စည်းတွေ အထားမှားကာ ရှာမတွေ့တတ်သူတစ်ယောက်ဖြစ်သည်။ သူ့ပစ္စည်းတွေ ရှာမတွေ့လျှင် တခြားကလေးတွေထက် ကျွန်မကိုသာ အရှာခိုင်းတတ်သည်။ အမေပွင့်သည့် သူ့အစွဲနှင့်သူ သူ့ယောက်ျားသေ၍ ဝင်စားသည်ဟု ယုံထားပြီး ကျွန်မကို အလွန်ချစ်သည်။ ညအိပ်ရာဝင် သားချော့တေးတွေ ဆိုပြတတ်သည်။ ပုံတွေ ပြောပြတတ်သည်။

'ကလေးလေးရယ် အိပ်ပါ့ကွယ် ... နင့်အဖေ ရေနံချောင်းက မုန့်ပေါင်း ဝယ်ခဲ့မယ် ...'ဟုလည်း ပေါက်တရ တေးသီချင်းတွေ စပ်ဆိုကာ ချော့တတ်ပြန်သည်။ သူ့ပေါင်မှာရှိသော ကွမ်းသီးလုံးခန့် အသားပိုလုံး ပျော့ပျော့လေးကို ကိုင်ဆော့ရင်း အိပ်စေတတ်သည်။ မေမေကတော့ ကျွန်မ အိပ်ပျော်လျှင် လာ၍ ပွေ့ချီခေါ်သွားတတ်မြဲ။ မနက်လင်းလျှင် မေမေ့ အိပ်ရာမှာ ကျွန်မ အမြဲပြန်ရောက်နေလေ့ ရှိသည်။ မေမေသည် အမေပွင့်လက်ထဲမှာ ကျွန်မကို ကြီးပြင်းခွင့်မပေးခဲ့ပါ။ ကျွန်မ နိုးလာလျှင်လည်း အိပ်ရာထဲမှာ မေမေ့ကို မတွေ့ရတတ်ပါ။ မေမေသည် မီးဖိုထဲမှာ ထင်းမီးဖိုမှာ မီးခိုးတလူလူဖြင့် ချက်ပြုတ်နေလေပြီ။ တစ်ခါတစ်ရံ ကျွန်မက ကလေးလုပ်၍ အသံပေးလိုက်လျှင် မေမေရောက်လာပြီး ခြင်ထောင်ထဲ ဝင်လာကာ ...

'အမေ့သမီးလေး ... နိုးပြီလား ...'ဟု ချိုသာသောအသံဖြင့် မေးတတ်သည်။ ထိုအသံမျိုး အမြဲကြားလိုလှသော်လည်း ကျွန်မ အလိုဆန္ဒ မပြည့်နိုင်ပါ။ မေမေ့မှာ အိမ်မှုကိစ္စတွေက မိုးမလင်းမီကတိုင် ဆီးကြိုနှင့်သည်ချည်းဖြစ်၏။ တစ်နေကုန်လည်း အလုပ်နှင့် လက် ပြတ်သည်မရှိ။ ချက်ပြုတ်တာ ပြီးလျှင်လည်း ဖွပ်တာလျှော်တာ၊ အခြားအိမ်မှုကိစ္စတွေနှင့် မေမေ ရှုပ်နေတတ်သည်။ နေ့ခင်းပိုင်း ခဏတစ်ဖြုတ် နားချိန်မှာပင် လက်ဖက်အုပ်ရေနွေးကြမ်းနှင့် ငြိမ်းငြိမ်းမနား။ အဝတ်ဟောင်း အစုတ်အပြဲများကို ပြုပြင်ဖာထေး ချုပ်လုပ်နေလေ့ရှိသည်။ အဲဒါဟာ မေမေ အနားယူတာပါပဲ။ ကျွန်မ တစ်သက် မေမေကျောခင်း၊ ခြေဆင်း လဲလျောင်းနေသည်ကို တစ်ခါ

ဖူးမျှပင် မတွေ့ခဲ့ရပါ။ မေမေ့ကို ကျွန်မ မပိုင်။ မေမေ့ကို အိမ်အလုပ်တွေကသာ ပိုင်နေပေသည်။

မေမေ အမြဲ ပြောခဲ့ဖူးသည်။ ကလေးတွေ ငယ်စဉ် နေထိုင်မကောင်းတာတွေ၊ ပြုစုယုယရတာတွေ၊ အလုပ်တွေ များလှတာတွေကြောင့်၊ ညစဉ်ကောင်းကောင်းမအိပ်ရဘူးဟု ဆိုသည်။ ထို့ကြောင့် မေမေက ကလေးတွေကြီးလာမှ ကောင်းကောင်း အိပ်ရေးဝဝ အိပ်လိုက်မဟဲ့ ... ဟု ကြုံးဝါးပါသတဲ့။ ထိုအပြောကို ကြားသွားသော ဖေဖေ့မန်နေဂျာ ဦးဘအေးက ...

'မငြိမ် ... ငါ့နှမ၊ မထင်လေနဲ့။ ကလေးတွေ ကြီးလာတော့လည်း ကြီးဒုက္ခနဲ့ဟ။ ငါ့နှမ အိပ်နိုင်မှာ မဟုတ်ပါဘူး'ဟု အမြဲ ပြောတတ်ခဲ့ပါသတဲ့။ 'ကိုဘအေးပြောတာ ဟုတ်လိုက်လေ' ဟု မေမေက ပြန်ပြန် ရည်ညွှန်းစကား ဆိုတတ်ပါသည်။ ကျွန်မတို့ စာမေးပွဲတွေဖြေလေတိုင်း၊ ညဉ့်နက်အောင် စာကျက်လေတိုင်း မေမေက မအိပ်ဘဲ ထိုင်စောင့်ပေးတတ်သည်။

ငါ့သား၊ ငါ့သမီး၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ ... အစွဲအလမ်းတွေက မေမေ့ကို ပူပန်သောက ရောက်စေပါသည်။ ထိုပူပန်မှုတွေ သားဇော၊ သမီးဇောတွေကြောင့်လည်း မေမေသည် ဘဝ၏ လောကဓံတွေကို ခါးစည်းခံနိုင်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။ မာနကြီးပြီး သတ္တိရှိရှိ ဘဝကို ရင်ဆိုင်တတ်သူ မေမေ့ကို စိတ်နွမ်းမောလျစေသူမှာ အမေပွင့် ဖြစ်သည်။ အမေပွင့်ကို ပြုစုစောင့်ရှောက်ရခြင်းသည် မေမေ့အတွက် သည်းခံစိတ်အစွမ်းကုန် ထုတ်သုံးဖို့ ခန္တီပါရမီဖြည့်ရန် အကြောင်းဖြစ်လေသည်။

အမေပွင့် သည်းညည်းကို ဘယ်သူမှလည်း မခံနိုင်ပေ။ မုဆိုးမချင်း ဘဝတူ အမေကြီးနှင့် အမေပွင့်တို့ ညီအစ်မ ချစ်လည်း အလွန်ချစ်ကြပါလျက် စိတ်ချင်းမတူကြသဖြင့် အမြဲကတောက်ကဆ ဖြစ်ကြသည်ဟု သိမီသူ မှတ်မိသူ အစ်မတွေက ပြန်ပြောပြပါသည်။ သူတို့ညီအစ်မ တစ်ခန်းတည်း အတူအိပ်ကြရာ အမေကြီးက ခုတင်ပေါ်၊ အမေပွင့်က အောက်ကြမ်းပြင်မှာ အိပ်သည်။ မိုးလင်း၍ အိပ်ရာက ထကြလျှင် ညီအစ်မနှစ်ယောက်သား အစ်မရေ ... ညီမရေ ... လှပွင့်ရေ ... နှင့် ချစ်ချစ်ခင်ခင်ခေါ် ရင်း စကားစမြည် ပြောနေကြရာက အလုပ်အကြောင်း စကားရောက်သွားလျှင် ဘယ်

နေ့က ဘယ်သို့ဘယ်ပုံ ဖြစ်ပျက်ခဲ့တာ ... ဘယ်ကုန်ပစ္စည်းကိုတော့ ဘယ်သို့ ဘယ်ညာ စီမံရမှာ ... ဘယ်သူ့ကို ဘယ်လိုဆက်ဆံ၊ ဘယ်သူ့ထံက ကုန်ကြွေး ကိုတော့ ဘယ်လို ... ဆိုတာမျိုးတွေ ဆွေးနွေးကြရင်း ညီမရနိုင်းမရ၊ တစ် ယောက် အကြံအစည် တစ်ယောက်က လက်မခံနိုင်ကြဘဲ တစ်ယောက် တစ်ခွန်း ကတောက်ကဆ စကားများကြပါသတဲ့။

'တော် ... တော် ... လှပွင့် ... တော်အေ ... ညည်း ထင်ရာမြင်ရာ တွေ ပြောမနေနဲ့၊ စိတ်ရှုပ်လှသယ်၊ ငါ အေးအေး နေစမ်းပါရစေ ...'

အမေကြီးက တော်ရာနေရာထွက်ကာ နှုတ်ဆိတ်နေတတ်သည် ... တဲ့။

လူကို အယုံလွယ်လွန်းပြီး အလိမ်အညာခံရပေါင်း များလှသော်လည်း အမှတ်မရှိသူ၊ နားလည်သဘောပေါက်သူက ရှင်းပြ တားမြစ်လျှင်လည်း မကြိုက်၊ သူ့သဘောနှင့်သူ အမှားတွေ လုပ်လေ့ရှိသူ၊ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်စွမ်း မရှိသူ၊ အမြဲတမ်းပင် မှန်မှန်ကန်ကန် မဆုံးဖြတ်နိုင်ရှာသူ ... ထိုညီမကို အမေကြီး စိတ်မချနိုင်ရှာ။ တစ်ဦးတည်းသော သမီးကလေးဖြစ်သူ မေမေ့ကို သူ စိတ်မချမဖြစ်။ မေမေ့မှာ ဖေဖေ တစ်ယောက်လုံး မားမားမတ်မတ်ရှိနေသည်လေ။ ဖေဖေဆိုသူကလည်း အမေကြီး ဒေါ်ငွေနိုင်ကိုယ်တိုင် သမီးကို လာစပ်ဟပ် တောင်းရမ်းသူပေါင်း များစွာထဲက I.C.S အရာရှိကိုပင် ပယ်ကာ အိုဇာတာ အလွန်ကောင်းလွန်းလို့ စိတ်ထားတည်ကြည်ကြံ့ခိုင် မွန်မြတ်သူမို့၊ သောကြာသား သောကြာအဓိပတိဖွား လောကုတ္တရာ စာတတ်ပေတတ် အနေအထိုင် သိမ်မွေ့သူ၊ သိက္ခာသမာဓိရှိသူ၊ ရိုးဖြောင့်သူ၊ ကြိုးစားလုံ့လဝီရိယရှိသူ ... ဟူ၍ ဖေဖေ့ကို အမေကြီးကိုယ်တိုင် ဇာတာစစ်ဆေး၊ လူချင်း တွေ့ဆုံမေးမြန်း စုံစမ်းပြီးနောက် သူကိုယ်တိုင် ရွေးချယ်ကာ သမီးကို အပ်နှံထိမ်းမြားပေးခဲ့သူ ဖြစ်လေသည်။

'ငါ မရှိတော့ရင် မောင်သောင်းရယ် ... လှပွင့်တစ်ယောက်ကို မင်းတာဝန်ယူပါနော်'

'ငါ သူ့ကို စိတ်မချဘူး၊ သူ့ကို စောင့်ရှောက်ပေးပါကွယ်'

'စိတ်ချပါ အဒေါ်၊ အစ်မပွင့်ကို ကျုပ်ရော မငြိမ်ရော စောင့်ရှောက်မှာပါ။ မပူနဲ့ အဒေါ်'

ဖေဖေ၊ မေမေတို့ မွေးထားသော ကျွန်မတို့ သားသမီးငါးယောက်က မိဘစကားအတိုင်း ထားရာနေ စေရာသွားကြပေမဲ့ ကလေးမဟုတ်သော အဒေါ်ဖြစ်သူ ဒေါ်လှပွင့်ကတော့ သူ့စိတ်ရှိသလို ဘယ်သူမှ မသိလိုက်ရဘဲ ကိစ္စများစွာ ပြုမူဆောင်ရွက်တတ်သောကြောင့် လွန်မှလိုက်၍ ဖြေရှင်းကြရသည်က များပေသည်။ ရွာခံ မိတ်ဆွေတချို့က သတင်းပေးပို့ ပြောလာမှ ဖြေရှင်းစရာ ကိစ္စများကို သိရှိကာ အဆောတလျင် ဖြေရှင်းရ၏။ အချို့ကိုလည်း တောင်းပန်ရ၏။ အချို့လည်း နားမလည် ပါးမလည် နုံအသူအပေါ် အခွင့်ကောင်းယူရက်ပါပေ့ဟု ရန်တွေ့ရ ဒေါသဖြစ် ဖြေရှင်းရနှင့် မေမေနှင့် ဖေဖေမှာ မောနေရသည်ချည်း ဖြစ်၏။

အမေပွင့်သည် မေ့တတ်၏။ မြှောက်ပြောလျှင် အဟုတ်ထင်၏။ ချော့မော့ပေါင်းလျှင် အကောင်းထင်တတ်သူ ဖြစ်သည်။ အမှားအမှန်၊ အကောင်းအဆိုး ဝေဖန်နိုင်စွမ်း ဆင်ခြင်နိုင်စွမ်းမရှိသူ ဖြစ်သည်။ လွယ်လွယ်နှင့် အလိမ်ခံရတတ်သူ ဖြစ်သည်။ မျက်စိအောက်က အပျောက်ခံ၍ မရအောင် ပြဿနာတက်လေ့ရှိသူ အမေပွင့်သည် ကလေးပေါက်စလေး မဟုတ်သဖြင့် ထိန်းသိမ်းရန် အလွန်ခက်ပါသည်။

အမေပွင့်သည် ပွဲလမ်းသဘင်ကိုလည်း အလွန်နှစ်ခြိုက်၏။ မေမေ ပြောတတ်သော စကားတစ်ခွန်း ရှိ၏။ 'ဗေထိ ... ဆို၊ အစ်မပွင့်တို့က ရောက်ပြီးသား ...'တဲ့။ ဘယ်နားပွဲလမ်းရှိရှိ ရောက်အောင်သွား၏။ ပွဲဈေးတန်း လျှောက်၏။ မုန့်ပဲသရေစာ ဝယ်စားပြီး ပြန်လာသည့်အခါ ရှိသလို ပွဲကြည့်သည့်အခါများလည်း ရှိ၏။ ခဏတစ်ဖြုတ် မိုးတိုးမတ်တတ် ရပ်ကြည့်ပြီး ပြန်ခေါ်လို့ရလျှင် ကံကောင်းသည်ပင်။ ဆက်၍ကြည့်ချင်ပါသေးသည် ဆိုလျှင် တစ်ယောက်တည်း ပွဲခင်းထဲထားခဲ့လို့ မရ။ အဖော်တစ်ယောက်ကို သူနှင့်အတူ ထားပေးခဲ့ရသည်။ သူ့ကိုအနီးမှာ အတူကပ်ကာ လက်ဆွဲထားရသည်။ ခဏတစ်ဖြုတ် ဈေးလှည့်ဝယ်နေခိုက်မှာလည်း သူ့ကို စိတ်မချရ။ သူက ဟိုနား ခဏကြည့်နှင့်မည်၊ သည်နား ခဏသွားနှင့်မည် ပြော၍ ယုံစားကာ လွှတ်မိပါက ပြောသည့်နေရာ ဘယ်တော့မှမရှိ။ ဟိုရှာ သည်ရှာနှင့် ပွဲဈေးတန်းတစ်ခုလုံး မောနေအောင် လှည့်ပတ်ကာ လူစုခွဲရှာမှ တစ်နေရာရာမှာ ဘယ်က သူစိမ်းတွေမှန်း မသိသူများနှင့် စကား

ကောင်းနေတာမျိုး တွေ့ရတတ်သည်။

'ရှာလိုက်ရတာ အစ်မပွင့်ရယ် ... လာ ... လာ'

'ဒီမှာ စကားကောင်းနေသာအေ့၊ သူတို့က အောက်ပြည်က တဲ့။ ကုန်မှာချင်ရင် ပို့ပေးမတဲ့ ... မှာလိုက်မလားလို့ ...'

သူ့ ခွေးခံအင်္ကျီခါးရှည်၏ အိတ်ကို နှိုက်ယူဖို့ ပြင်နေ၏။

'အို ... ပေါက်ပေါက်ရှာရှာ၊ ကိုယ့်စိတ်ကြိုက် ရွေးဝယ်လို့ ရနေတာပဲ၊ ကိုယ့်အသိ ပွဲရုံတွေမှ အများကြီး။ လာပါ ... အစ်မပွင့်ရယ်၊ ဟိုမှာ ကလေးတွေ စောင့်နေတယ်။ မုန့်ရေတွေ အေးကုန်မယ်'

'ဟေ ... ဟုတ်လား၊ အေး ... အေး ...'

ချောချောမွေ့မွေ့ ပြန်တွေ့ရတတ်သည်များ ရှိသလို နားက 'နားတောင်း' ပါသွားတာမျိုး၊ လက်ဝတ်လက်စားတစ်ခုခုကို လိမ်လည်လှည့်ဖြားပြီး ယူသွားတာ ခံရတာမျိုးလည်း ရှိတတ်သည်။ အတွေ့အကြုံ ရင့်လာတော့ မေမေသည် ထိုသူများရှေ့မှာပင် အမေပွင့်၏ နားက 'နားတောင်း'၊ ဆွဲကြိုးက စလို့ ခွေးခံအင်္ကျီအိတ်ထဲက ပိုက်ဆံများကို ချက်ချင်း စစ်တော့သည်။ ရုံခါ ပစ္စည်းက ရှိဆဲ၊ ပေးတော့မည့်ဆဲဆဲမှာ အုပ်မိ၏။ 'ခဏပြလို့ ယူကြည့်နေသာပါ'ဟု ပြောပြီး ပြန်ရလျှင် အင်မတန် ကံကောင်းပေပြီ။ ရုံခါ ပစ္စည်းပျောက်နေလျှင် လှည့်ပတ်မေးရ၏။ မေမေသည် ကိုယ့်အဒေါ် အကြောင်းကို သိသဖြင့် ချော့တစ်ခါ ခြောက်တစ်လှည့်နှင့် တစ်ဖက်လူ သနားအောင် တစ်မျိုး၊ လှည့်ဖြား၍ မယူဝံ့အောင် တစ်ဖုံ ခြောက်လုံး၊ မြှောက်လုံးများဖြင့် နည်းမျိုးစုံသုံး၍ ပြောကာ သူတစ်ပါးလက်ထဲ ရောက်နေသော အမေပွင့်ပစ္စည်းကို ပြန်ရလာခဲ့သည်များလည်း ရှိ၏။ ကျွန်မကတော့ အံ့သြနေရသည်သာ များ၏။ သူတစ်ပါးပစ္စည်းကို မလိမ့်တစ်ပတ်လုပ်ကာ ယူတတ်သော ထိုသူများ၏စိတ်ကို အံ့သြ၏။ မိမိပစ္စည်းကို အလွယ်ထုတ်ပေးပြီး ယုံလွယ်တတ်သော၊ ခဏခဏ အမှတ်မရှိ ပစ္စည်းဆုံးရလေ့ရှိသော အမေပွင့်ကိုလည်း အံ့သြ၏။

မိခင်ကို ပေးထားသော ကတိကို တည်ရသည်ထက် မတရားမှုကို ငုံ့မခံတတ်သော၊ မခံချင်သော မေမေ့စိတ်ကြောင့် အဒေါ်ကို ထိန်းသိမ်းစောင့်ရှောက်ရသည်မှာ မေမေ့အဖို့ ဝန်ထုပ်ဝန်ပိုးပမာ စိတ်ဒုက္ခရောက်ရ

ရှာပါသည်။

သို့ပေမဲ့ မေမေ့ကို သူ အကောင်းမမြင်ပါ။ တူမအရင်းကို စိတ်မချ မယုံကြည် သံသယဝင်ကာ အကောင်းမမြင်တတ်သော်လည်း ဘေး သူစိမ်းက နှုတ်ချိုစကားချိုနှင့် ချော့မော့မြှောက်ပင့်ပေါင်းပြီး အကြိုက်လိုက်၍ ပြောတတ်လျှင် ထိုသို့ပြောတတ်သူများကို ယုံစား၏။ ယုံလွယ်၏။ မေမေ့ ဝေဖန်မှုကို မကြိုက်။ မေမေ့ တားမြစ်မှုများကို သူ့အကျိုးအတွက်ဟု မသိရှာသူမို့ မေမေ့ကို မကြိုက်ခြင်း ဖြစ်မည်။ ယုံလွယ်သူ အမေပွင့်သည် မေ့တတ်လွန်းသူလည်း ဖြစ်ပြန်သည်။ မေမေ့မှာ အမေပွင့်ကို အရိပ်တကြည့်ကြည့် နေရတော့သည်။

'အစ်မပွင့်၊ အစ်မပွင့် လည်ပင်းက ဆွဲကြိုးရော ... ဘယ်ထားလဲ။ မမြင်တာ ကြာပြီ'

ထိုသို့ မေမေက သတိထားမိ၍မေးပါလျှင် အမေပွင့်မှာ တစ်ခါတစ်ခါ အင် ... အင် ... အာ ... အာ ... နှင့် တကယ်ပင် မေ့နေ၏။ ဟိုနေရာ သိမ်းမိသလို၊ သည်နေရာ ထားမိသလိုနှင့် တစ်အိမ်လုံး အငယ်ဆုံး ကျွန်မပါ မကျန်အောင် ပစ္စည်းပျောက်ရှာကြရ၏။ သူ ပြောသောနေရာတွေမှာလည်း သူ့ပစ္စည်းက အမြဲပင် မရှိတတ်။ 'ထန်းခေါက်ဖာထဲ ထင်ပါ့ ...' ပြောသဖြင့် သွားကြည့်၍မတွေ့လျှင် ကျွန်မက ...

'တွေ့လည်း တွေ့ဘူး မေပွင့်ရဲ့'

ထိုအခါကျ ...

'ဩော် ... မေ့လို့ဟဲ့၊ နောက်ထပ်နေရာ ငါ ပြောင်းမိသယ်'

'ဟုတ်လား ... ဘယ်နေရာမှာလဲ ... အမေပွင့်'

'အေး ... ဘယ်နေရာလဲ ... ငါလည်း သိပေါင်'

သည်လိုနှင့် မူးချာနောက်အောင် ရှာရပေါင်း များလှပြီ။ ကွမ်းညှပ်အထားမှားလို့၊ ဖြီးလက်စ ဘီး ဘယ်ချလိုက်မိမှန်း မသိလို့ ဆိုတာမျိုးက နေ့စဉ်ကြုံရ၏။ ပစ္စည်းကလည်း ခဏခဏ ပျောက်၏။ အဖိုးတန်ပစ္စည်း ရွှေထည် ငွေထည် ပျောက်လို့ ရှာမရလျှင်တော့ တစ်မျိုး စိတ်ဆင်းရဲရ၏။ ဟိုရှာသည်ရှာနှင့် မှတ်ဉာဏ်မှာလည်း မပေါ်ပဲ ဘာမှစဉ်းစားမရဘဲ မတွေ့တော့လျှင် သူ့ပစ္စည်းကို မေမေ ယူသည် ထင်ပါလေရော။ မေမေက မခံနိုင်။

ဒေါသလည်း ထွက်လာသည်။ စေတနာကို စော်ကားသည်ဟု မြင်၏။ ဖေဖေက 'မင်းအဒေါ်စိတ် သိသားနဲ့ မငြိမ်ရာ ... မယူဘူးဆို ပြီးတာပဲ ... ရန်မဖြစ်စမ်းပါနဲ့ ...'ဟု ဖျောင်းဖျလျှင်လည်း မရ။ 'မိငြိမ်တို့က မဟုတ်ရင် မခံတတ်ဘူး။ ဒီလိုအပြောခံရတာ အသားထဲက ဆတ်ဆတ်ခါ နာတယ်' ဟုဆိုကာ ခွန်းတုံ့ပြန် ပြောတတ်လေသည်။ သို့ပေမဲ့ အမေပွင့် ပစ္စည်းများကို လိမ်လည်လှည့်ဖြားသူလက်ထဲ မပါအောင် မေမေ့မှာ စောင့်ရှောက်ရလေ့ ရှိပါသည်။

ရံဖန်ရံခါ အမေပွင့်ပစ္စည်းကို အခြားသူထံမှာ ဝတ်စားထားတာ တွေ့လို့မှ ရန်တွေ့ ပြန်တောင်း၍ မရ။ 'သူ ရောင်းလို့ ဝယ်လိုက်တာပါ' ဟု ဆိုတတ်လျှင် 'အစ်မပွင့် ... ဟုတ်သလား' မေးတော့ ကိုယ့်လူကလည်း ဟုတ်နိုးနိုး မှတ်မိတော့ပုံမရ။ ဝါခေါင်လဆန်း ဘယ်နှရက်နေ့က ဘယ်ရွှေ ဘယ်မျှနဲ့ ရောင်းလို့ဝယ်လိုက်တာလေ ... ဟု အတည်အတံ့ ပြောလေလျှင် ဟုတ်ပဲ ဟုတ်တော့သလိုလို၊ မှတ်မိပုံလည်းမရ ကြောင်တောင်တောင် ဖြစ်၍ နေလေ၏။ မေမေ့မှာသာ 'နောင် ... သူ ရောင်းမယ်ပြောရင် မဝယ်ပါနဲ့နော်။ ကျွန်မမျက်ကွယ်မှာ အရောင်းအဝယ်မလုပ်ပါနဲ့။ ကျွန်မကို လာပြောပါ'ဟုသာ အချိုသတ်ခဲ့ရ၏။ အပြန်လမ်းကျ တူအရီး နှစ်ယောက် တကြိတ်ကြိတ်နှင့် ငြင်းခုံ ရန်ဖြစ်၏။ အိမ်ကျမှ 'ငါ ခဏအပ်ထားမိတာနဲ့ တူတယ် ...'ဟုပြောတတ်၏။ မေ့တတ်လွန်းသူ အမေပွင့်နှင့် မေမေတို့ကြားမှာ မကြာခဏ စကားအချေအတင် နွှဲရလေ့ရှိသည်။

ကာကွယ် စောင့်ရှောက်လိုပါသော်လည်း ကာကွယ်စောင့်ရှောက်မခံ၊ ထင်ရာမြင်ရာ ပြုတတ်သူကြောင့် အများအလယ်မှာ မေမေ အရှက်ရပေါင်း များခဲ့ပေလိမ့်မည်။

'ရှင့်ပစ္စည်းတွေ ရှင့်တူမ အပိုင်စီးသွားမှာပေါ့။ မသေခင် လှူဒါန်းသွားရအောင် ရောင်းပါလား'

သူများက အရောင်းခိုင်းလို့ပဲဖြစ်ဖြစ်၊ အမေပွင့်ကိုယ်တိုင်က ရောင်းချင်လို့ပဲဖြစ်ဖြစ် ရောင်းခဲ့ပြီဆိုလျှင် ပစ္စည်းတန်ရာတန်ကြေးအောက် အဆမတန် နည်းသော ငွေကြေးသာ ရတတ်၏။ ရောင်းပြီးမှ အိမ်က သိ၍ လိုက်ပြောရပြန်တော့ 'အမွေလိုချင်၍'ဟု ထင်မြင်ခံရသောအခါ အင်မတန်

ငြိမ်သက်အေးဆေးသော မေမေ ရန်ဖြစ်တတ်လာလေသည်။

အမေပွင့်အကြောင်း သိသူ၊ အကြံသမားမဟုတ်သူ၊ ရိုးသားသူ မိတ်ဆွေများက သူတို့ထံလာရောက် စပ်ဟပ်ရောင်းနေလျှင် မေမေ့ထံ သတင်းပို့တတ်သည်။ မေမေ့မိတ်ဆွေများက တော်အောင်လျှော်အောင် ကြည့်ပြောပြီး မဝယ်လိုက်သော်လည်း အမေပွင့်က တခြားတစ်ယောက်ထံ ဆက်လက်ရောင်းဖို့ သွားတတ်လေသည်။ ထိုအဖြစ်များကြောင့် သတင်း ရလျှင်ရချင်း မေမေ့မှာ လုပ်လက်စအလုပ်တွေ ပစ်ချခဲ့ပြီး အမေပွင့် နောက်သို့ အပြေးလိုက်ရတတ်သည်။

မေမေ့ အဘိုးအဘွားများလက်ထက်ကတိုင် နေလာခဲ့သော ကုန်းဖောင်း အိမ်ကြီးသည် အဘွားဒေါ်အိမ်စောင့် ဆုံးပြီးနောက် မေမေ့အမေ ဒေါ်ငွေနိုင် နှင့် သူ့ညီမ မေမေ့အဒေါ် ဒေါ်လှပွင့်တို့ အမွေဆိုင်ပိုင်လေသည်။ အမေကြီးဒေါ်ငွေနိုင် ကွယ်လွန်သော် ထိုအိမ်သည် ဒေါ်လှပွင့်နှင့် မေမေ တို့နှစ်ဦး အမွေဆိုင်သည်။ သွေးသားရင်းထက် သူတစိမ်းကို ပိုယုံကြည် လေ့ရှိသော အမေပွင့်သည် မေမေ မသိအောင် ကြိတ်၍ ကုန်းဖောင်းအိမ် ဝိုင်း၏ တစ်ဝက်ကို ရောင်းလေသည်။ ထိုနေရာမှာဖြင့် အတူနေ တူမဖြစ်သူ ပင် မသိအောင် အမေပွင့်က သိုသိုသိပ်သိပ် ပြုလုပ်သည်။ ပါးနပ်သည်ဟု ဆိုရမှာလည်း အခက်။ အံ့ဩစရာ ဖြစ်၏။ သူတစ်ပါးပြောသမျှ နာခံပြီး ပြုလုပ်ထားသည့် သည်ကိစ္စကို ရေငုံနှုတ်ပိတ်။ ဘာမှ ဖွင့်ဟမပြော။ ပိုင်ဆိုင်မှု အိမ်ခြံစည်းရိုးတိုင် လာစိုက်မှ မေမေတို့က သိရတော့သည်။ အိမ်မှာ အကြီးအကျယ် ပွက်လောညံသွားတော့သည်။ ပို၍ဆိုးသည်က ခြံခတ်ရန် မလွတ်သော အိမ်၏ခေါင်းရင်းပိုင်းက အဖီကို ဆွဲမယ် ဖျက်မယ် ပြုရာ ... ဖေဖေနှင့် မေမေ ဒေါသထွက်ရတော့သည်။

အမွေဆိုင် အိမ်ဝိုင်းကို မတိုင်ပင် မညှိနှိုင်း၊ အသိမပေးဘဲ တစ်ဦး တည်း သဘောဖြင့် အရောင်းအဝယ်ပြု၍ မရကြောင်း ဝယ်သူကို ဖေဖေက ရှင်းပြ၏။ အမေပွင့်ကတော့ တောင်ဘက်ခြမ်းက ဝိုင်းလွတ်ကိုသာ ရောင်း သည် အိမ်မပါဘူးဟုဆိုသော်လည်း ဝယ်သူများက ဝိုင်းတစ်ဝက် အတိကို ပေတိုင်း၍ ခြံစည်းရိုးခတ်ရန် မြေကျင်းတူးရန် ပြင်သည်။ ဝိုင်း၏ တစ်ဝက် ထဲမှာ ပါနေသော အဖီကို ဖျက်မည်ပြုမည်ဟန် ပြင်သည်။ ဖေဖေက ...

'အစ်မပွင့် ကျုပ်တို့ကို အသိမပေးဘူး။ ဒီအရောင်းအဝယ်ကို ကျုပ်တို့ သိမထားဘူး။ အမွေဆိုင်အိမ်ကို တစ်ဦးတည်းသဘောနဲ့ ရောင်းခွင့်မရှိဘူး။ ခု ကျုပ်တို့ သဘောမတူဘူး၊ ကန့်ကွက်တယ်။ ရုံးကိုသွား ကန့်ကွက်စာ တင်မယ်။ ဒါဆို အရောင်းအဝယ် အလိုလို ပျက်တယ်၊ အမှုဖြစ်မယ်ဆိုရင် ခင်ဗျားတို့ စရန်ချထားပြီးသား ဆုံးမယ်။ ဒီတော့ ခု ရပ်တန်းက ရပ်ပါ။ ခြစည်းရိုးကာတာ၊ မြေတူးတာတွေလည်း ခွင့်မရှိဘူး။ ကျုပ် တရားစွဲလို့ ရတယ်'

ဖေဖေက ပြတ်ပြတ်သားသား ပြောလိုက်သဖြင့် ထိုသူတွေ ပြန်သွားရ၏။ အိမ်နီးချင်းတွေ ရွာလူကြီးတွေသည်လည်း အကျိုးအကြောင်း မေးပြီး ခဏနေတော့ ပြန်သွားကြ၏။ ထိုသူတွေ ပြန်သွားပြီးနောက် ဖေဖေနှင့် မေမေ ခေါင်းချင်းရိုက်ကာ ဆွေးနွေးရတော့သည်။ အမေပွင့်ကတော့ ဘုန်းကြီးကို ကျောင်းထဲမှာ ဇရပ်ဆောက်လှူချင်လို့၊ သူ ဇရပ်ဆောက်ပြီး အဲဒီဇရပ်၊ အဲဒီတရားရိပ်သာမှာပဲနေဖို့ ရောင်းခြင်းဖြစ်ကြောင်းတွေ မေမေ့ကို ပြော၏။ မေမေ သူ့အဒေါ်ကို စိတ်အနာကြီး နာလေပြီ။ စကားပင် မပြောချင်၊ ရန်ပင်မတွေ့ချင်တော့လောက်အောင် စိတ်အပျက်ကြီး ပျက်လေ၏။ မေမေ့ဒေါ်သကို သူ မြင်တော့ သူလည်း ဝမ်းနည်းပမ်းနည်း ငိုသည်။ သူလည်း ဆိုင်သည့်အမွေကို သူ့ဘာသာသူ ရောင်းလိုက်တာ ပြဿနာတွေ တက်ကုန်သည်ကို သူ နားမလည်။ သည်တစ်ခါ အမေပွင့်၏ မသိနားမလည်မှုသည် မေမေ့ဘဝကို အထိနာစေခဲ့သည်။

မေမေသည် သူ့မိခင် ခေါင်းချရာ အိမ်နှင့် ဝိုင်းကို မတို့မထိရက်။ ငွေကြေးကျပ်တည်းလှသည်ကိုပင် သည်အတိုင်း ကြံကြံဖန်ဖန် လုပ်ကိုင်စားသောက်ခဲ့၏။ မေမေ့အိမ်နှင့် ကုန်စုံဆိုင် မီးလောင်ခံရသော်လည်း ရေနံချောင်းမှာ ထပ်မံ၍ ဘဝကို အသစ်ပြန်စခဲ့သည်။ ရေနံတွင်းစား၏ မန်နေဂျာအဖြစ် ရေနံတွင်းတွေ တူးပေးနေရာက မေမေ့အတွင်းပစ္စည်း အားလုံး တောင်းယူကာ ပုံအော၍ တွင်းပိုင်အဖြစ် ဝယ်ယူလုပ်ကိုင်ခြင်းကို ပြုစဉ် ထိုတွင်းသစ်က ပိုက်ချလို့ပင် မပြီးသေး။ စိန်လွန်နှင့်တူးဆဲ၊ ပစ္စည်းကောင်းတွေ အများအပြား ရေနံမြေမှာ ဝယ်ယူချထားဆဲ၊ ရေနံပင် မထွက်နိုင်သေးခင် ရေနံတွင်းတွေ ပြည်သူပိုင် သိမ်းလိုက်လေသည်။ ထိုစဉ်က ဖေဖေသည်

ရှိသမျှငွေကုန်ခဲ့ပြီး ရေနံတွင်းမှ အိမ်သို့ လက်ချည်းသက်သက် ပြန်ခဲ့ရသည်။ ဖေဖေ စုဆောင်းထားသော စာချုပ်တံဆိပ်ခေါင်းများကို လမ်းစရိတ်ရအောင် ရောင်းချပြီး ခက်ခက်ခဲခဲ အိမ်ပြန်ခဲ့ရသည်အထိ ဖေဖေ အထိနာခဲ့သည်။ အစိုးရထံ ခွင့်ပြုပါမစ် လေလံယူကာ၊ ကန်ထရိုက်ဆွဲကာ ရေနံချောင်းမြို့ ပါဝါစတေရှင်ကြီးကို ဖျက်ရာမှ ထွက်သော ပစ္စည်းသံထည်များကို တင်ပို့ရောင်းချခြင်းအလုပ်များ အပါအဝင် ကုန်သည်ပွဲစား၊ အဝယ်တော်စသည်ဖြင့် အလုပ်မျိုးစုံအောင် လုပ်ခဲ့၏။ ဆပ်ပြာချက်၏။ ဆပ်ပြာချက်ရာတွင် သုံးသော ကော့စတစ်ဆိုဒါကို ကိုယ်တိုင်ပြုလုပ်၍ရောင်း၏။ မီးလောင်ခံရခြင်း၊ ပြည်သူပိုင် သိမ်းခံရခြင်း၊ စီးပွားပျက်ခြင်းတွေ မည်သို့ပင်ရှိစေ လောကဓံကို ကြံ့ကြံ့ခံ အန်တုကာ ဇနီးနှင့် သားသမီးများရှေ့က မားမားမတ်မတ်ရပ်ကာ အလုပ်စုံအောင် လုပ်၍ ရှာဖွေကျွေးမွေးခဲ့သည်။ ဖေဖေ၏ နောက်ဆုံးအလုပ်မှာ နာရီပြင်ခြင်း ဖြစ်၏။ ဘယ်လောက်ပဲ စီးပွားကျပ်တည်း ကျပ်တည်း၊ ဖေဖေသည်လည်း မေမေ့မိဘအမွေ အိမ်နှင့် ဝိုင်းကို မထိ။

ပြည်သူပိုင် သိမ်းပြီးနောက် စားဝတ်နေရေး ကျပ်တည်းလာချိန်မှာ ဖေဖေနှင့် မေမေတို့ အမေကြီးဒေါ်ငွေနိုင်ရှိရာ မေမေ့ဇာတိ ကုန်းဇောင်းအိမ်ကို ပြန်နေကြရသည်။ ထိုစဉ်က သားသမီးငါးယောက်မှာ အငယ်ဆုံးသမီး ကျွန်မက နှစ်လသမီးသာ ရှိသေးသည်ဟု မေမေ ပြောပြခဲ့ဖူးသည်။ ဆန်တစ်ပြည် ငွေခုနစ်ကျပ်ဖြစ်ပြီး ဆန်ဈေးတွေကြီးလွန်းလို့ ကုန်းဇောင်းပြန်နေကြဖို့ အမေကြီးက ခေါ်ခဲ့သည်။ လယ်လုပ်သူသာ လယ်ပိုင်ရမည့် ဥပဒေအောက်မှာ အမေကြီး လယ်တွေလည်း ဆုံးခဲ့သည်။ ဖေဖေက ရေနံချောင်းနှင့် ကုန်းဇောင်း ကူးကာ အရောင်းအဝယ်ပြု၍ မိသားစုကို ကျွေးခဲ့သည်။

အမေကြီး ဒေါ်ငွေနိုင် ရှိစဉ်ကလည်း မိဘအမွေကို မထိခဲ့။ မိခင်ဆုံးပြီးနောက် မိခင်ခေါင်းချရာ သည်မြေကို မထုခွဲရက်။ ကိုယ့်မွေးရပ်မြေမှာ ကိုယ့်မိဘနှင့်အတူ နေထိုင်ခဲ့ရာ ကိုယ့်ငယ်ဘဝကို ကုန်ဆုံးခဲ့ရာ 'အိမ်' ဆိုသောအရာသည် လူတစ်ယောက်အတွက် ချစ်ခင်စွဲလမ်းရဆုံး နေရာတစ်ခု ဖြစ်သည်။ အိပ်မက်တွေထဲမှာ မကြာခဏ မက်ပေလိမ့်မည်။ အိပ်မက်

မက်သောအခါ မြင်ရကြုံရ သွားရလာရသောနေရာသည် လက်ရှိ မည်သည့် အိမ်မှာပဲနေနေ လက်ရှိနေအိမ်ကို မမြင်မက်ဘဲ ဟိုးငယ်စဉ်ကတိုင် နေထိုင်ခဲ့ရသော ဇာတိမွေးရပ်မြေက ကုန်းဇောင်းအိမ်သာ ဖြစ်နေပေလိမ့်မည်။ မေမေသည် သူ ချက်မြှုပ်ရာ သည်မြေကို တွယ်တာ နှမြောပေလိမ့်မည်။

အဒေါ်ဖြစ်သူ လှူချင်တန်းချင်တိုင်း မပေးနိုင်သော မေမေမှာ အဒေါ်က အိမ်ဝိုင်းတစ်ဝက် ရောင်းသည်ကို တားရမှာလည်း အခက်။ အမွေဆိုင်မို့ အသိမပေးဘဲ ရောင်းချမှုကို ကန့်ကွက်တားမြစ်ကာ တရားစွဲယူမှသာလျှင် အရောင်းအဝယ်ကို ဟန့်တားနိုင်မည်။ အဒေါ်ကို တရားစွဲရမည့် အလုပ်သည် မေမေ့ ကိုယ်ကျင့်သီလကို ထိခိုက်စေလိမ့်မည်။ ရောင်းရက်သူက ရောင်းလိုက်သော်လည်း မေမေ့မှာ ငွေစိုက်၍ ပြန်အမ်းကာ မဝယ်နိုင်။ မိခင်ခေါင်းချရာ၊ မိမိကြီးပြင်းခဲ့ရာ၊ အိမ်ထောင်သည်ဘဝထိ သားသမီးများနှင့် အတူတကွ နေထိုင်ခဲ့ရာ အိမ်နှင့်ဝိုင်းကို သူစိမ်းလက်သို့ အရောက်မခံချင်သည့် စိတ်များနှင့် မေမေ နာကျင်ခါးသီးပေလိမ့်မည်။

စိတ်မာသောမေမေက နောက်ဆုံးမှာ ဆုံးဖြတ်ချက်ချရတော့သည်။

'အစ်မပွင့်ကို တရားစွဲလို့လည်း ဒီကိစ္စက ပြီးသွားမှာ မဟုတ်ဘူး။ ကုန်မှ အေးမှာပါ ကိုသောင်းရယ်။ ကျွန်မတော့ ရန်လည်း မတွေ့ချင်တော့ဘူး။ ကိုယ့်ခြံဝင်းထဲ သူစိမ်းတွေလာနေတာ ထရံတစ်ချပ်စာသာ ခြားပြီး အတူနေရမှာတွေလည်း မတွေ့ချင်၊ မမြင်ချင်၊ မကြားချင်ဘူး။ သင့်သလိုသာ စီမံလိုက်ပါတော့'ဟု ဖေဖေ့ကို အာဏာကုန်လွှဲအပ်လိုက်ကာ အိမ်ကိစ္စကို လှည့်မကြည့်ချင်လောက်အောင် မေမေ စိတ်အပျက်ကြီး ပျက်ခဲ့လေသည်။

မိတ္ထီလာ ဆရာအတတ်သင်ကောလိပ်မှ ကျောင်းပိတ်လို့ အိမ်ပြန်လာမည့် သမီးကြီး ပိုက်ပိုက်ကို ကုန်းဇောင်းကို မလာခဲ့နဲ့တော့။ ရေနံချောင်းကိုပဲ ပြန်ဟု စီမံကြသည်။ ခြေရင်းအိမ်က ဦးကျင်စိမ်းတို့ထံ မေတ္တာရပ်ခံပြောဆိုတိုက်တွန်း၍ မေမေ့ဘက်ခြမ်း အိမ်နှင့် မြေကို ဝယ်ယူလိုက်ရန် ဆွေးနွေးကာ အပြီးအပြတ် ရောင်းချလျက် ရေနံချောင်းအိမ်သို့ ပြန်ပြောင်းခဲ့တော့သည်။

သူစိမ်းတွေ အားကိုးလှတာ ... နေစမ်းသပ ... ဟု မေမေ သူ့အဒေါ်

ကို အိမ်နှင့်အတူ စွန့်ခဲ့သည်။ သို့သော် သွေးသားရင်းကို ဖြတ်သည် ဆိုသည်မှာ ရေကို ဓားနှင့်ပိုင်းဖြတ်သလိုသာ ရှိပေတော့သည်။

ရေနံချောင်းအိမ် ဆိုသည်က မြေပိုင်အိမ်ပိုင် မဟုတ်ပေ။ မီးလောင်ခံရပြီးချိန်မှာ နေစရာမရှိချိန် ဖေဖေ့ ဝမ်းကွဲအစ်ကို ဦးသိစွန်းက ဝိုင်းလွတ်ကို မြေပေး၍နေစေသည်။ ဖေဖေက ကိုယ့်ငွေနှင့် အိမ်ဆောက်၍နေသည်။ ဖေဖေ ပွဲရုံမန်နေဂျာ၊ အင်္ဂလိပ်စာတတ် လူပျိုကြီး ဦးဘအေးက ပုံစံထုတ်၍ စနစ်တကျ ဆောက်ပေးခဲ့သော ဂုဏ်မသိမ်လမ်း အိမ်သည် ကိုယ်ပိုင်အိမ် မဟုတ်သော်လည်း ကိုယ်ပိုင်အိမ်ကဲ့သို့ နေနိုင်သောအိမ် ဖြစ်ခဲ့သည်။ ပြည်သူပိုင် သိမ်းအပြီး ကုန်းဖောင်းသို့အပြောင်းမှာ အိမ်ငှားထားခဲ့ကြသော ထိုအိမ်ကို ပြန်နေနိုင်ရန် ကိစ္စများ စီမံကြရသည်။ ရေနံချောင်းသို့ မိသားစု ပြန်ပြောင်းကြသည့်အခါမှာတော့ မေမေသည် သူ့အဒေါ်ကို အတူနေဖို့ ခေါ်ပါသည်။ အမေပွင့်က မလိုက်လိုပါ။ မိခင်ကိုပေးခဲ့သော ကတိကြောင့် ဖြစ်စေ၊ အဒေါ်ကို စိတ်မချနိုင်သောကြောင့်ဖြစ်စေ မေမေက အတူနေ၍ စောင့်ရှောက်ရန် ခေါ်ပါသော်လည်း သူက မနေနိုင်ပါ။

မြို့မှာ ပျင်းသတဲ့။ ကိုယ့်ရပ်ကိုယ့်ရွာမှာပဲ နေချင်ပါသတဲ့ ...။ သည်လိုနှင့် ဝမ်းကွဲဆွေမျိုးများ၊ မိတ်ဆွေများနှင့် ဘုန်းတော်ကြီးထံ အပ်နှံရင်းထားခဲ့သည်။ သို့ပေမဲ့ သူ မကြာမကြာ ရေနံချောင်းအိမ်သို့ အလည်လာတတ်ပါသည်။ ကုန်ဝယ်လာသော ကုန်သည်မိတ်ဆွေများ ရေနံချောင်းလာသည့်အခါ လူကြုံလိုက်လာတတ်သည်။ ထိုလူကြုံများနှင့်ပင် အတူပြန်ပါသွားသည့်အခါလည်း ရှိ၏။ ခဏတစ်ဖြုတ် နေဦးမည်ဆိုကာ ရက်အတန်ကြာ နေထိုင်သည်လည်း ရှိ၏။ အေးအေးလူလူ အတူနေနေရာက မပြောမဆို အထုပ်ကလေးဆွဲကာ 'ငါ ပြန်လိုက်ဦးမယ်အေ ...'ဟုဆိုရင်း အိမ်ကထွက်သွားတော့ ကျွန်မမှာ ဈေးသွားနေသော မေမေ့ထံ အပြေးသွားကာ ရှာဖွေ၍ ပြောပြရသည်။

မြို့မလက်ဖက်ရည်ဆိုင်ဘေး လမ်းထောင့်တွင် စီတန်းရပ်ထားသည့် မြစ်ဆိပ်ရောက်သည့် ညောင်လှလိုင်း ဘတ်စ်ကားပေါ်မှာ အမေပွင့်က အထုပ်ကလေးပိုက်ကာ ထိုင်နေသည်ကို ကျွန်မနှင့် မေမေ တွေ့ရ၏။

'အစ်မပွင့် ... ဒါ ဘာလုပ်တာတုံး'

'ငါ အနောက်ဘက်ကမ်း ပြန်မလို့'

'ဒီနေ့ မပြန်ပါနဲ့ဦး ... ကျွန်မ လိုက်ပို့ဖို့ မအားသေးလို့ပါ။ နောက်နေ့ လိုက်ပို့ပါ့မယ်။ ရွာက သိတဲ့လူကြုံလည်း ကားပေါ်မှာ မမြင်ဘူး။ အစ်မ ပွင့် ကြိုက်တဲ့ ဆိတ်ကလီစာ ဝယ်လာတယ်လေ။ လာ ... လာ ... ချက်စား ကြရအောင်'

အမေပွင့်သည် ကလေးလိုပင် အချော့ကြိုက် ဖြစ်၏။ သူ နှစ်သက်ရာ အစားအသောက်၊ မုန့်ပဲသရေစာ၊ ပွဲလမ်းသဘင်များအကြောင်း ပြော၍ ခေါ်ရသည်။ ထိုအမေပွင့်သည် ရေနံချောင်း အလည်လာချင်ကြောင်း၊ လူကြုံနှင့် သတင်းစကား ပါးတတ်သည်။ မေမေ အားနိုင်သည့်ရက် ကိုယ်တိုင် သွားခေါ် ရသည်။ ပွဲတော်ရက်များဆိုလျှင် အမေပွင့် အလည်ရောက်လာတတ်သည်။ ကျွန်မတို့ ကလေးတစ်သိုက်နှင့်အတူ ပွဲဈေးလျှောက်ရတာ သူ ပျော်သည်။ သီတင်းကျွတ်၊ တန်ဆောင်တိုင် မီးထွန်းပွဲများကို အတူလျှောက်လည်ကြသည်။ အရပ်ဇာတ်ပွဲများကို ခဏတစ်ဖြုတ် ဝင်ကြည့်ကြသည်။

မိဘနှင့်အတူနေချိန် မရရှာသော မေမေ့သမီးကြီး မမပိုက်သည် မေမေတို့ ကုန်းဇောင်းပြောင်းစဉ်က ပညာရေးကြောင့် လိုက်မသွားနိုင်ဘဲ ဖေဖေ့ အစ်မကြီးအိမ်မှာ နေရစ်ရင်း ကျောင်းတက်ခဲ့ရသည်။ မေမေတို့ ကုန်းဇောင်းကနေ ရေနံချောင်းသို့ အပြီးပြန်ပြောင်းလာသောအခါ မမပိုက်၏ ကျောင်းဆရာမ အလုပ်ခန့်စာမှာ ကုန်းဇောင်းမြို့သို့ တာဝန်ကျပါလေသည်။ ကျောင်းပိတ်ရက် အိမ်ပြန်ဖြစ်တိုင်း မမပိုက်၏အလုပ်မှာ သူ့ဘွား လေး ဒေါ်လှပွင့် လိုက်ချင်လျှင် စောင့်ရှောက်၍ ခေါ်လာခဲ့ရခြင်း ဖြစ်သည်။ ဘုန်းကြီးကျောင်း ကိုယ်ပိုင်ယောဂီဇရပ်မှာနေသော အမေပွင့်ထံ မကြာမကြာ သွား၍ ကြည့်ရှုစောင့်ရှောက်ရသည်။ မမပိုက်သည် ကုန်းဇောင်း အိမ်ခြေရင်း ဓားလွယ်ခုတ်က ဝမ်းကွဲအဒေါ်၏အိမ်မှာ အိမ်လခ ပေး၍ အတူနေရင်း ကျောင်းတက်ရသည်။ နှစ်ကြာ၍ ရေနံချောင်းသို့ ကျောင်းပြောင်းလျှောက်ခွင့်ရချိန် ပြန်ပြောင်းလာသော သမီးအတွက် အတူ နေခွင့်ရ၍ ဝမ်းသာပျော်ရွှင်ရသော်လည်း အဒေါ်ဖြစ်သူ အိုကြီးအိုမအတွက် မေမေ့မှာ စိတ်ပူရပြန်သည်။

ထုံးစံအတိုင်း အမေပွင့်ကတော့ လူကြုံနှင့်ဖြစ်စေ၊ မေမေနှင့်ဖြစ်စေ၊ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို 'သဘော်လေး' စီး၍ ကူးချည် သန်းချည် လုပ်ကာ ပျော်မြူးနေလေ၏။

မေမေ့မှာတော့ မိမိအိမ်ထောင်၏အလုပ်ဝတ္တရားများကိုပင် ဖြောင့် ဖြောင့် မလုပ်ရရှာ။ အလုပ်ရှုပ် စိတ်ရှုပ် ဖြစ်ရရှာပါသည်။

အသက်ကြီးလာသော အမေပွင့်သည် စိတ်က မူမမှန်ချင်။ သတိ တွေ ပို၍ပင် လျော့ပါးလာသည်။ သူ စားချင်သည့်အရာကိုမျှ မှန်အောင်ပင် အမည်မခေါ်တတ်ပြန်ပေ။

'မငြိမ် ... အကွက်အကွက်နဲ့ဟာ ... ငါ စားချင်တယ်'

'မုန့်လား ... အစ်မပွင့်'

မေမေက ဟိုမုန့်သည်မုန့် နာမည်တွေ ပြော၏။ မေး၏။ အကွက် ဆိုတော့ 'ဝေဖာလား' ... မေးတော့ မဟုတ်ပြန်။ နောက်တော့ 'မင်းကုသ မုန့်လား' ... ဆိုမှ 'အေး ... ဟုတ်သယ်'ဟု ဖြေ၏။ ထိုမုန့်မှာ ကုန်းဇောင်း ဘုရားပွဲဈေးမှာသာ ရှိလေ၏။ ရေနံချောင်းမှာ မရှိချေ။ မုန့်နှစ်ကို ထန်းလျက် ရည် ဖောက်ထားပြီး လေးထောင့်အကွက်ကလေးတွေပါသော မုန့်ဖုတ် အိုးကင်းမှာ လောင်းချ၍ အရေပါးပါး ရေမုန့်ကဲ့သို့ ပြုလုပ်ထားသောမုန့် ဖြစ်သည်။ ဖောင်းကြွနေသော လေးထောင့်အကွက်ပုံလေးတွေ ပေါ်၍ နေသောမုန့်ကို ဘာကြောင့်မှန်း မသိ၊ မုန့်၏ အချိုင့်အခွက်လေးတွေ ကြောင့်ပဲလား မသိ မင်းကုသမုန့်ဟု ခေါ်ကြသည်။

နောက်တစ်ခါမှာလည်း 'အပွင့် အပွင့်နဲ့ဟာ ...' တဲ့။ မုန့်ကိုပဲ ပြောသည်မို့ မေမေက ပန်းပွင့်ပုံ အနားရစ်ကလေးတွေနှင့် ဟိုစဉ်က သူ စားနေကျ ပဲမုန့်ကို ဝယ်ကျွေး၏။ ဒါလည်း မဟုတ်တဲ့။ 'တွန့်တွန့် တွန့်တွန့် နဲ့ဟာ ...'ဟု ထပ်ဖြည့်ပြောပါသည်။ နောက်တော့မှ စက္ကူလှလှ အတွန့် ကလေးတွေနှင့် ထည့်ထားသော ပန်းကိတ် ဖြစ်နေလေသည်။

တစ်ခါတော့ 'အကွက် အကွက်နဲ့ ဖြူဖြူ ဖြူဖြူ'ဟု ဆိုပြန်သည်။ မေမေ နားမလည်သည့်အဆုံး သူ့အဒေါ်ကို လက်ဆွဲ၍ ဈေးထဲ ခေါ်သွား သည်။ မုန့်ဆိုင်တန်းတွေ ကြည့်ပြီးသွားသည့်တိုင် သူ့မုန့်ကို သူ မတွေ့ပါ။ မေမေ အသားဝယ်ရန် အသားတန်းသို့ သွားကြသည်။ အမဲသားရုံထဲ

ရောက်သွားတော့မှ 'တွေ့ပြီ ... တွေ့ပြီ' အော်လေသည်။ ကြည့်လိုက်တော့ အမဲဆောင်းထပ်တွေ ပုံချကာ ရောင်းနေသော ဆိုင်ရှေ့မှာ ရပ်လျက် လက်ညှိုး ထိုးပြ၏။ မေမေ့မှာ ဝယ်လာပြီး ရေနွေးတွေနှင့်ပြုတ်ကာ ခပ်ဝါဝါ ညစ်ထပ်ထပ် ဆောင်းထပ်အသားတွေကို ဖြူဖွေးသွားအောင် တိုက်ချွတ်ပစ်ရ၏။ အညှီနံ့ပျောက်အောင် ချင်း၊ ကြက်သွန်ဖြူများနှင့် နူးအောင် အရည်နှင့် ချက်၍ သံပရာသီး၊ ငရုတ်ပ်သီး၊ နံနံပင်များထည့်ကာ ကျွေးရ၏။ သူ ပြောတာလည်း အဟုတ်သား ...။ လေးထောင့်အကွက်ငယ်လေးတွေနှင့် ဖြူဖြူဖွေးဖွေး ဖြစ်လေ၏။ ကျွန်မကတော့ ထိုအရာကို ထိုအခါမှပင် မြင်ဖူးပါသည်။ အိမ်မှာ ထိုဟင်းကို ချက်မစားကြပေ။ ရယ်လည်း ရယ်ရ၊ မောလည်း မောရ၊ စိတ်ရှုပ်ထွေးစရာ အမေပွင့် အဖြစ်များကြောင့် အတူနေစဉ်လည်း ပူရ၊ အဝေးမှာ နေပြန်တော့လည်း ပူရနှင့်။

'အစ်မပွင့်နဲ့ နေရတာ စိတ်ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေရတယ်ကို မရှိဘူး ...'ဟု မေမေက ညည်းတွားခဲ့ရှာသည်။

မေမေ့ဘဝတွင် စိတ်နှလုံးပူပန်စရာတွေ၊ ဆုံးရှုံးခြင်းတွေသည် များလွန်းလှပေသည်။ လောကဓံကို ခံနိုင်ရည်ရှိအောင် မာန်တင်း၍ ကြိုးစားရင်ဆိုင်ခဲ့ရသော မေမေသည် ဆုံးရှုံးခြင်းများကြောင့် အရွယ်ထက်ပင် ပိုရင့်ကျက်လာရသည်။

သားနှောင်း စနေသမီးကလေးကို အမေကြီး ဒေါ်ငွေနိုင်က ဘဝတည်ငြိမ် အေးချမ်းအောင် နိမိတ်နှင့် 'မငြိမ်'ဟု အမည်ပေးခဲ့ဟန် တူပါသော်လည်း မေမေ့ဘဝမှာ လောကဓံလှိုင်းကို နိမ့်ချည်မြင့်ချည်နှင့် အတော်ပင် စီးခဲ့ရပေသည်။

မေမေ့အမေ ဒေါ်ငွေနိုင်သည် တစ်ဧကကို စပါးတစ်ရာထွက်သော အထွက်ကောင်းသည့် လယ်ကွက်များအပါအဝင် လယ်မြေဧကများစွာကို ပိုင်ဆိုင်သော လယ်ပိုင်ရှင် ဖြစ်သည်။ ကုန်းဖောင်းမှာသာမက လယ်ကိုင်း၊ ကွဲဒိ၊ ကပြည့်၊ ရွာခိုင်၊ ပေတောပင်းတုံး၊ အနောက်ကိုင်း ... စသောရွာများမှာ သူပိုင်လယ်တွေ လက်ညှိုးထိုးမလွဲ ရှိသည်ဟု မေမေက ဆိုတတ်သည်။ ဧရာဝတီမြစ်ကိုဖြတ်၍ ရေနံချောင်းနှင့် ကုန်းဖောင်းကို ကူးချည်သန်းချည်နှင့် ကုန်ရောင်းကုန်ဝယ်ပြုလေ့ရှိသူ ကုန်စုံဆိုင်ပိုင်ရှင်လည်း ဖြစ်သည်။

ကွဲကွာသွားသော ခင်ပွန်းသည်အကြောင်း စကားအစပ်မခံတတ်သူ မိခင်ကြောင့် မေမေ ဒေါ်ငြိမ်သည် သူ့ဖခင်အကြောင်းကို အောက်ပြည်သား၊ အမည် ဦးငွေနှင်း ဆိုတာအပြင် ဘာမှမသိ။ ဆွေမျိုးတွေ လူကြီးသူမတွေ ထံကလည်း မေး၍မရ။ ဒေါ်ငွေနိုင်ကို ကြောက်ကြသဖြင့် မပြောဝံ့ကြဟု ဆိုသည်။ မေမေသည် သူ့ဖခင်အကြောင်းကို အမေ့စိတ်တိုင်းကျ ဘဝမှာ မေ့ထားခဲ့ရသည်။ မေမေ့အထက် သားလတ်ကလေးမှာ ငယ်စဉ်ကပင် ဆုံးပါးသွားခဲ့၍ သားကြီး ကိုလူမောင်နှင့် အငယ်ဆုံးသမီးကလေး ဖြစ်သော မေမေတို့သာ ဒေါ်ငွေနိုင်၏ ဘဝတွယ်တာရာ ဖြစ်တော့သည်။ လိမ္မာရေးခြားလည်း ရှိ အမေကိုလည်း အလွန်ချစ်သော သားကြီးကို ဒေါ်ငွေနိုင် အားကိုးသည်။ သို့သော် အားကိုးအားထား ရနေပြီဖြစ်သော သားကြီး ကိုလူမောင်သည် အသက် ၂၀ အရွယ်မှာ ပလိပ်ကပ်ရောဂါထဲ ပါကာ ဆုံးပါးသွားခဲ့သည်။

ထိုစဉ်က ဒေါ်ငွေနိုင်တစ်ယောက် ရေနံချောင်းမှာ ကုန်ဝယ်သွားနေခိုက် ဖြစ်သည်။ ရက်ပိုင်းမျှကြာပြီး ပြန်လာတော့ သံကိုင်းသင်္ဘောဆိပ်မှာ ကြိုနေကျသားကြီးကို ဒေါ်ငွေနိုင် မျှော်လေသည်။ မျှော်သော်လည်း ပေါ်မလာ။ ခါတိုင်းလာကြိုနေကျ လာမကြိုတော့ စိတ်တထင့်ထင့်နှင့် ပြန်လာသည်။ လမ်းမှာတွေ့သော အသိမိတ်ဆွေတွေကို မေးပြန်တော့ မဖြေကြ။ မျက်နှာလွှဲသူလွှဲ တော်သလို လျော်သလို ကြည့်ကောင်းအောင် ဖြေကြနှင့် သို့လော ... သို့လော ... စိုးရိမ်စိတ်တို့နှင့် သောကအပူကို ရင်မှာ ပွေ့ကာ အိမ်ရှေ့သို့ ရောက်လာသည်။ အိမ်ဝရောက်တော့လည်း ဆီးကြိုမည့် သားကို မတွေ့။ အိမ်မှာတင်မက ဒေါ်ငွေနိုင် ဘဝမှာ သားကြီးကို ဘယ်မှာ ဘယ်မှ မတွေ့နိုင်တော့ချေ။

အကြောင်းစုံ သိရတော့ မြင်းလှည်းပေါ်က ကုန်စည်စလယ်တွေ အိတ်တွေ တောင်းတွေကို အိမ်ဝမှာပစ်ချထားခဲ့ပြီး တဘက်ကလေး ပခုံးပေါ်ပစ်တင်ကာ ဒေါ်ငွေနိုင်သည် သူ့သားရှိရာ သင်္ချိုင်းကုန်းသို့ သွားကာ သား၏မြေပုံကို ဖက်၍ငိုလေသည်။ တစ်နေကုန် ငိုနေ၍ အိမ်နီးချင်း ဆွေမျိုးများက ညနေစောင်းမှ ချော့မော့ကာ ခေါ်လာခဲ့ရသည်ဟု မေမေ ပြန်ပြောပြခဲ့သည်။ တစ်ဦးတည်းသာ ကျန်ရစ်သည့် သမီးကလေးကို စိတ်မချ

နိုင်အောင် ချစ်ရှာလွန်းသည့် ဒေါ်ငွေနိုင်သည် သမီး မငြိမ်ကလေးကို လေးတန်း အောင်ပြီးနောက် ကျောင်းနုတ်လိုက်လေသည်။ ကုန်းဇောင်းမှာ မူလတန်းကျောင်းသာရှိသဖြင့် မုန်းချောင်းကိုကျော် ပွင့်ဖြူသို့ ကျောင်းဆက်ထားရမှာကို စိုးရိမ်ရှာသည်။ သူ့အနားမှာ နေစေသည်။ ကုန်ရောင်းကုန်ဝယ် သင်ပေးသည်။ လယ်တွေကို သူနှင့်အတူ စီမံအုပ်ချုပ်စေသည်။ မငြိမ်ကလေးသည် သူ့ဖခင်ကို မိခင်စိတ်တိုင်းကျ ဘဝမှာ မေ့ထားခဲ့ရသလို ပညာတတ် ဘီအေမကြီး ဖြစ်ချင်သော သူ့ဆန္ဒကိုလည်း စွန့်လွှတ်လိုက်ရလေသည်။

မိခင်ကို သနားချစ်ခင်ကြင်နာသူ သမီးမို့ အမေ့မျက်နှာသာ သူ့ဘဝ ဖြစ်ခဲ့သည်။ ဒေါ်ငွေနိုင်တစ်ယောက် သူ့သမီး မငြိမ်ကလေးကို ကျောင်းဝေးဝေးကိုပင် မထားနိုင်လောက်အောင် မျက်စိအောက်က အပျောက်မခံနိုင်တော့တာ ခွင့်လွှတ် နားလည်နိုင်ပါလိမ့်မည်။ သို့ပေမဲ့ မေမေ့ စိတ်ထဲမှာတော့ ပညာကို အလွန်အမင်း သင်ယူတတ်မြောက်လိုစိတ်၊ ဘီအေမကြီး ဖြစ်ချင်စိတ်တို့ ပြင်းပြလွန်းစွာ ရှိနေသည်ကို မျိုသိပ်ထားခဲ့ရသည်။ မိခင်ကို သနားညှာတာရင်း သည်စိတ်ကို ငုပ်လျှိုး ချုပ်တည်းထားရသော်လည်း တစ်သက်တာလုံး ပညာမက်မောသူ ပညာမြတ်နိုးသူ တစ်ယောက်အဖြစ် ပညာကို ငတ်မွတ်နေခဲ့သည်သာ ဖြစ်သည်။

ထိုစိတ်နှင့် ပညာတတ် အိုင်စီအက်(စ်) တစ်ယောက်က မေမေ့ကို လာရောက်တောင်းရမ်းသည်ကို ဂုဏ်ယူ မက်မောလှပါသော်လည်း မိခင်ကြီးက ထိုသူ၏ဇာတာကို ကြည့်ပြီး ငြင်းပယ်ခဲ့သည်ကို လက်ခံခဲ့ရသည်။ အတန်းပညာ မတတ်သော်လည်း လောကုတ္တရာစာပေ တတ်ကျွမ်းသူ၊ လောကီ သိပ္ပံပညာများကို လေ့လာဆည်းပူးတတ်သူ၊ အလုပ်ကြိုးစားသူ၊ ဗဟုသုတ အတွေ့အကြုံများသူ၊ စိတ်ထား ရိုးဖြောင့်စင်ကြယ်သူ၊ သိက္ခာကြီးသူ၊ စိတ်နှလုံးသိမ်မွေ့သူ၊ ဥပဓိရုပ် ခံ့ညားတည်ကြည်သူ ... ဖေဖေ့ကို သူ့မေမေ ဒေါ်ငွေနိုင်အကြိုက် လက်ထပ်ခဲ့သည်။

အမေကြီး ဒေါ်ငွေနိုင်က ဖေဖေ့ကို ချစ်သည်။ ယုံကြည်အားကိုးသည်။ သားတစ်ယောက်ပမာ သဘောထားသည်။ 'သား'ဟုလည်း ခေါ်တတ်သည်။ သူ့ဘဝမှာ သားကဲ့သို့သော သားယောက်ျား အစားရပေပြီ။

ဇာတာခွင် စစ်ကြည့်ပြီးကတည်းက အမေကြီးဒေါ်ငွေနိုင်က သူ့သမီးကို နားချခဲ့သည်။ ဖေဖေ့ရဲ့ဇာတာက သောကြာသား သောကြာ အဓိပတိဖွား၊ အိုဇာတာကလည်း အလွန်ကောင်းသတဲ့။

သားမက်လောင်းရဲ့ ဇာတာကိုကြည့်ပြီး သူ့သမီးအတွက် စိတ်ချ ချင်လွန်းလို့ ရွေးချယ်ခဲ့သော မိခင်မေတ္တာကို မှားသည် မှန်သည် ပြော၍ ရနိုင်ပါမည်လား။ ဖေဖေ အိုဇာတာကောင်းတာလည်း အမှန်ပင်။ အသက် တစ်ရာပြည့်လုနီးနီး အသက်ရှည်၏။ ကိုယ်တစ်ခြမ်း လေဖြတ်၍ အိပ်ရာထဲ လဲခဲ့သော နာတာရှည် လူမမာဘဝမှာပင် သမီးဆရာဝန်က ဆရာဝန်ကြီး များနှင့် ကုသရင်း နေ့ဆရာမ၊ ညဆရာမများနှင့် စနစ်တကျ ပြုစုစောင့် ရှောက်ခြင်းကို ခံရ၏။ ဓာတ်စာ ဆေးဝါးအစုံအလင်နှင့် သားသမီး မြေး များ ဝိုင်းဝန်းပြုစုကြတာ ခံစားရ၏။ တကယ်ပင် ဖေဖေ အိုဇာတာ ကောင်း ပါသည်။ သို့ပေမဲ့ ဖေဖေ့ အိုကံကောင်းမှုကို မေမေပါ ရော၍ မခံစားနိုင် ခဲ့ပါ။ မေမေ ဒေါ်ငြိမ်သည် ဖေဖေ့ထက် အနှစ် ၃၀ စော၍ ကွယ်လွန်ခဲ့ရှာ သည်။

သီလ သမာဓိနှင့် ပညာရှိသော ယောကျ်ားကောင်း ယောကျ်ားမြတ် ကို လင်ယောကျ်ား တော်ခဲ့ရသဖြင့် မေမေ ကံကောင်းတာတွေ အများကြီး ရှိခဲ့ပါသည်။ မွေးနေ့ မွေးရက် တစ်ရက်တည်း ဖွားပြီး ဆယ်နှစ်တိတိ အသက်ကြီးသူလည်းဖြစ်၍ လေးစားအားကိုးထိုက်သော လင်ယောကျ်ား ကို မေမေ ရခဲ့သည်။ သေတစ်ပန် သက်တစ်ဆုံး သစ္စာရှိစွာ ပေါင်းဖက်ခဲ့ ကြသည့် ဘဝတစ်လျှောက်လုံး ဖေဖေက မေမေ့ကို ငေါက်ငမ်း ပြစ်တင် မောင်းမဲခြင်းမျိုးပင် တစ်ခါမျှ မရှိခဲ့ပေ။ အခြားဇနီးမောင်နှံများလို ရိုက် မောင်းပုတ်မောင်း လုပ်ဖို့တော့ ဝေးရော ဒေါသဖြင့် ဆူခြင်းပူခြင်းပင် မရှိခဲ့။

အနေတည်ကြည်သော်လည်း ညှာတာယောက်ထားစွာ ချစ်ခင် ကြင်နာတတ်သည့် ဖေဖေ့ကိုရတာ မေမေ့အတွက် အိမ်ထောင်သည်ဘဝ မှာ ကံကောင်းသည်ဟု ဆိုနိုင်ပါသည်။ ဆေးလိပ်၊ ကွမ်း၊ အရက်၊ လောင်း ကစား၊ မိန်းမ ... ဘာကိုမှ မလိုက်စား မသုံးစွဲတတ်သူမို့လည်း မေမေ ကံကောင်းပါသည်။ အလုပ်ကြိုးစားပြီး ဝီရိယရှိသူ ဖေဖေသည် မေမေ့ကို တင့်တောင့်တင့်တယ် ထားနိုင်ခဲ့သည်မှာ နှစ်ကာလတစ်ခုအထိ ဆိုပါတော့။

မီးလောင်ခံရခြင်း၊ ပြည်သူပိုင်သိမ်းခံရခြင်းတွေနှင့် ဒုက္ခအမျိုးမျိုး ရောက်ခဲ့ကြသော်လည်း မေမေ့ကို ဖေဖေ ကာကွယ်စောင့်ရှောက်ခဲ့ပါသည်။

အလုပ်ကိစ္စဖြင့် ဖေဖေခရီးထွက်နေစဉ် ရေနံချောင်းမြို့မှာ နာမည်ကြီး စလေကုန်းမီး လောင်သည်။ မေမေတို့အိမ် မီးထဲပါသွားသည်။ အိမ်မှာပဲ ဈေးဆိုင်ဖွင့်ထားသည်မို့ မေမေ့ ကုန်စုံဆိုင်လည်း မီးလောင်ရာတွင် ပါသွားသည်။ သိုလှောင်ထားသော ကုန်ပစ္စည်းတွေလည်း ကျွမ်းလောင်သွားသည်။ သားငယ်လေး ပွေ့ချီ၊ သမီးကလေး လက်ဆွဲကာ အတွင်းပစ္စည်းအိတ်ကလေးသာ ယူနိုင်လျက် မေမေ ကိုယ်လွတ်ပြေးခဲ့ရသည်။ ဖေဖေ့အစ်မကြီးတို့ မိသားစုလည်း မီးပြေးကြရသည်။ သူတို့ခိုလှုံရာ မိတ်ဆွေရွာသစ်သူကြီး ဦးဘခင်နှင့် ဇနီးဒေါ်စောရင်တို့ အိမ်သို့ မေမေ့ကို အတူနေရန် ခေါ်သဖြင့် မေမေ လိုက်သွားရ၏။ ထိုနေ့ညက ညစာထမင်းကို အိမ်ရှင်များက ဖွယ်ဖွယ်ရာရာ ချက်ပြုတ်၍ ထမင်းစားပွဲကြီး တည်ခင်းကာ ကျွေးမွေးသည်ကို မေမေ့မှာ မစားနိုင်။ ထမင်းစားပွဲ ကြည့်ကာ ဘယ်ကမှန်းမသိ မျက်ရည်များ ပိုးပိုးပေါက်ပေါက် လိမ့်ဆင်းလာတော့သည်။ သူတစ်ပါးကျွေးသော ထမင်းကို စားရလေခြင်းဟု ဝမ်းနည်းလျက် မျက်ရည်ကျရသည်ဟု ဆိုပါသည်။ မိတ်ဆွေများ စုံစမ်းမေးမြန်းကာ မီးမေးရင်း ရောက်လာကြပြီး မေမေ့ကို ပေးသွားသော ဆီပုံးတွေ၊ ဆန်အိတ်တွေ၊ ပစ္စည်းပစ္စယတွေကြည့်၍လည်း မေမေ့မှာ မျက်ရည်များကျရသည်ဟု ပစ္စည်းဥစ္စာအားလုံးဆုံးရှုံးလျက် အိမ်မီးလောင်ခံရခြင်း ဒုက္ခတွေကို မေမေ ခံစားရခဲ့ရပုံ ပြန်လည်ပြောပြတတ်ပါ သည်။

မီးလောင်သည့်သတင်း ကြား၍ ရောက်ရာအရပ်က ဖေဖေ လှည့်ပြန်လာကာ ခိုကိုးရာမဲ့ မေမေတို့ သားအမိတစ်တွေကို ရှာသည်။ ဖေဖေ့မိတ်ဆွေ အိမ်နီးချင်း ဒေါက်တာဦးစိန်သန့်၏ ဂျစ်ကားနှင့် ဖေဖေ ရောက်လာသည်။ ရွာသစ်အိမ်မှာ မှီခိုသူ ဦးရေများနေသဖြင့် မေမေတို့ကို ဖေဖေ့မိတ်ဆွေက သူ့အိမ်သို့ ပြောင်းရွှေ့နေထိုင်ကြရန် ပြောဆိုကာ ခေါ်ယူသည်။

'ဘာမှ အားမငယ်နဲ့ မငြိမ်။ ကိုယ့်အိမ်လို သဘောထား၊ ကြိုက်သလောက်နေ ...' ဟု အားပေးစကားနှင့်အတူ ဆွေမျိုးပမာ စောင့်ရှောက်ခဲ့သော ထိုမိတ်ဆွေ ဒေါက်တာဦးစိန်သန့်နှင့် ဇနီးသည် ဒေါ်မမကြီးတို့၏

ကျေးဇူးကို မေမေက တဖွဖွ ပြောပြလေ့ရှိပါသည်။ ဂုဏ်မသိမ်လမ်းက အိမ်ကို ဆောက်ပြီးသည်အထိ ထိုအိမ်မှာပင် နေခဲ့ကာ ခွန်အားတွေ မွေး လျက် ဘဝကို တစ်က ပြန်စခဲ့ကြသည်။

ဒေါက်တာဦးစိန်သန့်တို့တိုက်မှာ အေးအေးချမ်းချမ်း၊ ပျော်ပျော်ရွှင် ရွှင်နှင့် မွေးချင်းအရင်းအချာများပမာ နေခဲ့ကြရသည်ကို မေမေသည် ကြည် ကြည်နူးနူး ပြန်ပြောပြလေ့ ရှိသည်။ ကျေးဇူးရှင်တွေဟု တဖွဖွ ပြောတတ် သည်။ အိမ်မီးလောင်ခံရခြင်းကြောင့် ထိခိုက်ခဲ့ရသော စိတ်ဒဏ်ရာ သောက များသည် စိတ်ကောင်းနှလုံးကောင်းရှိသူ မိတ်ဆွေလင်မယား၏ ဖော်ရွေ ပျူငှာသော ဖေးမကူညီမှုများကြောင့် ပြေပျောက်ခဲ့ရသည်။ စိတ်ခွန်အား အသစ်ကို ပြန်လည်မွေးယူနိုင်ခဲ့သည်။

ထိုအချိန်မှ နောင်နှစ်ပေါင်း ၂၀ ခန့် ကြာမြင့်သည့် ကာလတွင်မူ သားသမီး မမွေးဖွားသော ထိုမိတ်ဆွေ ဇနီးမောင်နှံတွင် ခင်ပွန်းသည် ဒေါက်တာဦးစိန်သန့် ကွယ်လွန်ခဲ့ပြီး ကျန်ရစ်သူဇနီးသည် ဒေါ်မမကြီးမှာ တဖြည်းဖြည်းနှင့် စိတ်မတည်မငြိမ်ဖြစ်ကာ စိတ်ကစဉ့်ကလျား ဖြစ်လာ သည်။ တစ်ဦးတည်း တိုက်အိုကြီးထဲမှာ နေထိုင်သည်။ ဆွေမျိုးမကင်းသူ များ လာရောက် စောင့်ရှောက်သည့်အခါလည်း ရှိ၏။ သူတစ်ဦးတည်း နေရသည်က များပြီး အထီးကျန်ဘဝနှင့် စိတ်ဖောက်ပြန်လာသည်။

သူ့ကို စိတ်ဖောက်နေသူလို့ ခဏကြည့်ရုံမြင်ရုံနှင့် မည်သူမှ မသိနိုင် ပါ။ ဒေါ်မမကြီးသည် ပိန်ပိန်ပါးပါး၊ အသားဖြူဖြူ လူပုံ ကန့်ကလျနှင့် စကားတိုးတိုးညင်သာ ပြောတတ်သည်။ အသံက ပြာအက်အက်။ စူးစူးရှရှ မရှိ။ ဆံထုံးကို ကျကျနန ထုံးဖွဲ့၏။ သနပ်ခါး ခြေဆုံးခေါင်းဆုံး ဖွေးနေ အောင် လိမ်းတတ်၏။ အဝတ်အစားကို သန့်ပြန့်နေအောင် ဝတ်တတ်၏။ နဂိုနေစဉ်ကလိုပင် အထက်တန်းကျကျ ကျော့ကျော့ရှင်းရှင်း နေတတ်မြဲ ဖြစ်၏။ ထိုသို့ စိတ်နောက်နေတာတောင် သန့်သန့်ရှင်းရှင်း ကျော့ကျော့ မော့မော့လေး ဖြီးလိမ်းပြင်ဆင်နေတတ်သော ဒေါ်မမကြီးသည် သူ စီးလာ သော မြင်းလှည်းပေါ်မှာ မြင်းလှည်းအမိုး သံကိုင်းထောက်များကို သနပ်ခါး တုံးနှင့် တဒေါက်ဒေါင်ခေါက်ရင်း ပေါက်တီးပေါက်ရှာ သီချင်းတွေ အော်ဟစ် သီဆိုကာ မြို့အနှံ့ လျှောက်လည်တတ်သူ ဖြစ်၏။

မေမေသည် ထိုဒေါ်မမကြီးကို သနားညှာတာ၏။ ချော့မော့ကာ အိမ်ပြန်ပို့ပေးတတ်၏။ စားစရာများ ကျွေးမွေး၏။ တတ်နိုင်သမျှ စောင့်ရှောက်၏။ မေမေသည် သူ့ကျေးဇူးရှင်ထံသို့ ထမင်းချိုင့် ဟင်းချိုင့်နှင့် စားစရာများ ပို့ပေးတတ်၏။ ရံခါ ထမင်းဟင်း ချက်ပြုတ်ပေးခဲ့တတ်၏။ မီးဖိုမီးကို ပြန်ငြိမ်းထားခဲ့တတ်၏။ ကျွန်မက နားမလည်၍ မေမေ့ကို မေးသည်တွင် စိတ်မထင်လျှင် မထင်သလို ပြုတတ်သူ၊ ပေါ့ပေါ့ဆဆ သတိမရှိသူဖြစ်၍ မီးမလောင်အောင် အန္တရာယ်မဖြစ်အောင်လို့ ငြိမ်းပေးခဲ့ရကြောင်း မေမေက ရှင်းပြပါသည်။

မြင်းလှည်းစီး၍ မြို့အနှံ့ လျှောက်လည်သည့်နေ့ဆို ဒေါ်မမကြီးသည် မေမေ့အိမ်ကို ဝင်လာလေ့ရှိသည်။ မေမေက ထမင်းဟင်းကျွေးသည့်အခါ စားချင်သည့်နေ့ စားတတ်၏။ သူ စိတ်ကောင်းဝင်လျှင် စကားကောင်းတွေ ပြောတတ်သေး၏။

တစ်ခါတစ်ရံ အိမ်အလုပ်တွေနှင့် အလုပ်များလှသော မေမေ့မျက်နှာပြောင်ထင်းထင်းကို ကြည့်ကာ သူကပင် ...

'မငြိမ် ... မျက်နှာကြီးက မည်းလို့၊ သနပ်ခါးလေး လူးစမ်းပါအေ။ သွားသွား ... ကျောက်ပြင်ယူချေ။ ငါ့မှာ သနပ်ခါးတုံး ပါတယ်'

'နေပါ မမကြီးရယ် ... ကျွန်မ မအားလို့ပါ။ ရေချိုးပြီးရင် လိမ်းပါ့မယ်'

မေမေက ကြည့်ကောင်းအောင် ပြော၏။

'ညည်းတို့အမေက ဟိုတုန်းက မိန်းမချင်း ငေးယူရအောင် အင်မတန်ချော အင်မတန် လှတာအေ့ ...'

စကားကောင်းတွေ ကောင်းကောင်းမွန်မွန် ပြောနေရာက ရုတ်တရက် သီချင်းတွေ ထဆိုတတ်ပြန်သည်။ သူ့သီချင်းက အဓိပ္ပာယ်မဲ့လှ၏။ ကလေးတွေ ပေါက်ကရဆိုသည်နှင့်ပင် မတူပေ။ အဓိပ္ပာယ်မရှိသော စကားလုံးတွေ တွဲစပ်ကာ ရွတ်နေသည်။

'မမကြီး ... ဘာတွေဆိုနေတာလဲ'ဟု မေမေက စိတ်ရှုပ်ရှုပ်နှင့် ဟန့်သလို သတိပေးလိုက်လျှင် သူ့မှာ အမြဲပါတတ်သော နံ့သာခေါက်ယပ်တောင်ကလေးကို ဖြန့်၍ မျက်နှာကိုကွယ်ကာ 'ဟိဟိ'ဟု ရယ်တတ်

ပြန်သည်။

သူ အိမ်သို့လာလျှင် မြင်းလှည်းနှင့် လာသည်။ မြင်းလှည်းပေါ်မှာ မြင်းလှည်းဆရာနှင့် သူ နှစ်ယောက်တည်း။ သူသည် မြင်းလှည်းဘေး အမိုးကိုင်းများဘက် ဘေးတိုက်လှည့်ကာ ဆောင့်ကြောင့်ထိုင်ပြီး ထောက်ထားသော အမိုးကိုင်းတိုင်များကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ထားကာ သီချင်း တကြော်ကြော် အော်ဆိုရင်း လိုက်တတ်သည်။ တစ်ခါတစ်ရံ လက်တစ်ဖက်က သနပ်ခါးတုံး သေးသေးသွယ်သွယ်လေးနှင့် မြင်းလှည်း အိမ်၏ သံတိုင်ကြေးဝါလုံးတိုင်များကို တစ်ဒေါင်ဒေါင် ခေါက်ရင်း သီချင်းဆိုသည်။ သူ့သီချင်းက ပြောချင်ရာပြော ရွတ်ချင်ရာ ရွတ်နေသည့် ပေါက်တီးပေါက်ရှာတွေ ဖြစ်၏။ အဓိပ္ပာယ်လည်း မရှိ။ ထိုဒေါ်မမကြီး စီးသော မြင်းလှည်းပေါ်သို့ ကျွန်မနှင့် နွယ်နွယ်ကို အဖော်အဖြစ် မေမေက ထည့်ပေးတတ်သည်။ အမှန်တော့ သူက မေမေ့ကိုသာ ဖွတ်ခေါ်သည်။ မေမေ့ကိုယ်စား ကျွန်မတို့ အငယ်နှစ်ယောက်က လိုက်ပေးရသည်။ မြင်းလှည်းဆရာက သူ့ကို လှည့်မထိန်းအားပေ။ မတော်မတည့်တွေဖြစ်မှာ၊ ဒုက္ခရောက်မှာ စိုးကာ သူ့အိမ် ပြန်ရောက်သည်အထိ လိုက်ပို့ရလေသည်။

သူစပ်ဆိုသော သီချင်းစာသားထဲမှာ မောင်သောင်း မငြိမ် ... ဟု နာမည်တွေထည့်ကာ ရွတ်ဆိုလျှင် ကျွန်မတို့မျက်နှာတွေ ဘယ်ထားရမှန်း မသိအောင် အရှက်ရသည်။ သူနှင့်အတူ သူ့ဘေးမှာ လိုက်ပါလျက် မြို့လယ်ကောင် လမ်းမတွေပေါ်မှာ မြင်းလှည်းလိုက်စီးရသည်ကို စိတ်အညစ်ကြီး ညစ်မိသည်။ မေမေ လိုက်လို့ မဖြစ်ပါဘူး၊ ကျွန်မတို့က ကလေးတွေဆိုတော့ မေမေ့လောက်လည်း အရှက်မကွဲ။ မေမေ့ကိုလည်း အလုပ်လည်း မပျက်သည်ကို နားလည်၍သာ မေမေ့ကို ဖွတ်ခေါ်နေသည်ကို 'မေမေ မအားဘူး။ မေမေ့အစား ကျွန်တော် လိုက်ခဲ့မယ်'ဟုဆိုကာ အရှုးစီးသော မြင်းလှည်းပေါ်မှာ မျက်နှာပူပူ၊ မျက်နှာအပျက်ပျက်နှင့် မကြာခဏ ကျွန်မတို့ လိုက်ခဲ့ရသည်။ နောက်ပိုင်းမှာ မေမေက ကျွန်မတို့ကို သူ့မြင်းလှည်းပေါ် မထည့်တော့ပေ။

မြင်းလှည်းဆရာက ဦးလေးကိုထွေးမောင် ဆိုလျှင်တော့ မေမေက စိတ်ချလက်ချရှိ၏။ ကျွန်မတို့ သွားလာစရာရှိလျှင် စီးနေကျ။ ပွဲရုံက ဖေဖေ့

အလုပ်သမားယောင်း၊ သဘော အင်မတန်ကောင်း၍ စိတ်ရှည်သူ ဖြစ်၏။ လိုအပ်ပါက ယောက်ျားချင်း ကိုင်ပေါက်နိုင်လောက်အောင် အားခွန်ဗလ ကြံခိုင်သူ ဖြစ်၏။ ဖေဖေနှင့် မေမေ့ကို လေးစားချစ်ခင်သူ ဖြစ်၏။ သူသည် လည်း ဒေါ်မမကြီး၏ ကျေးဇူးမကင်းသူ ဖြစ်သည်။

'ကိုထွေးမောင်ရေ ... ကြည့်ထိန်းသွားနော်။ ကျွန်မ မလိုက်တော့ဘူး'

'စိတ်ချ ... အစ်မငြိမ်၊ ကျုပ် ဂရုစိုက်မှာပါ ... မပူနဲ့'

'အေးအေး'

မေမေ့မှာ သူ့ကျေးဇူးရှင်အတွက် စိတ်မချမ်းမသာရှာ။ သူ စိတ်ဖောက် ချိန်က သူ့ဘာသာ ပေးပစ်တတ်ခဲ့သော သူ့ပစ္စည်းတွေကို သတိရလာလျှင် မေမေ့ကို လာပြောတတ်၏။ မေမေတို့က သွားမေးလျှင် တလွဲ ထင်ခံရ၏။ စွပ်စွဲရကောင်းလားဟု ရန်တွေ့တာ ခံရ၏။ အရှူးစကား ယုံရကောင်းလား ဟု မေးငေါ့တတ်၏။ မေမေကတော့ စိတ်မမှန်တဲ့သူ သနားစရာ ဒုက္ခရောက် နေရှာသူ၏ ပစ္စည်းကို လိမ်ညာပြီး ယူရက်သူ၊ လုယူခိုးဝှက်ထားသူတွေ ငရဲကျမှာ မကြောက်ကြဘူး ယူရက်ကြပါပေ့တော်ဟု စိတ်မကောင်း ဖြစ်နေတတ်သည်။

သို့သော် ဒေါ်မမကြီးသည် တစ်ခါတစ်ခါ ...

'ရော့ ... မငြိမ်၊ သုံးဖို့ ပိုက်ဆံတွေယူ'ဟု သူ့လက်ပွေ့အိတ်ယောင်း ထဲက စက္ကူဖြတ်စတွေကို ထုတ်ပေးတတ်၏။ မေမေက ... 'မမကြီးရယ်၊ ဒါက စက္ကူစုတ်တွေပဲ ...'ဟုဆိုလျှင် ခပ်ကြောင်ကြောင် ဖြစ်သွားကာ မျက်နှာအိုလာပြီး ...

'ငါ့ပိုက်ဆံတွေ သူတို့ ခိုးသွားကြတယ်'ဆိုကာ တအီအီနှင့် မဆုံး နိုင်အောင် ငိုတော့သည်။ မေမေ့မှာ စိတ်ရှည်ရှည်နှင့် ချော့ရသည်။ စကား လွှဲပြော၍ အာရုံဖျောက်ပေးရ၏။ တစ်ခါတစ်ခါမှာတော့ ဘာမှ မမှတ်မိ သလိုရှိသော ထိုဒေါ်မမကြီးသည် အိမ်မှာထိုင်နေရင်း တတွတ်တွတ် ရွတ် ဆိုလက်စ စကားသံ သီချင်းသံ ရပ်သွားကာ 'အထုပ် ... အထုပ်၊ လာတုန်း က အထုပ်ပါတယ် ... ဘယ်ရောက်သွားပါလိမ့်'ဟု ရှာ၏။

'ဘာအထုပ်လဲ ... မမကြီး'

'ငါ့ပစ္စည်းတွေပေါ့အေ့ ... ရွှေတွေ လက်ဝတ်လက်စားတွေ ...' ဟု

ဆိုလျှင် မေမေ့မှာ ယုံမှတ်ကာ အလာတုန်းက ဘယ်အိမ် ဝင်ခဲ့သေးတာလဲ၊ ဘယ်တွေ သွားသေးလဲဟု မေမေက မေး၏။ သူက မဖြေနိုင်။ မြင်းလှည်း ဆရာကို မေးကာ ထိုနေရာတွေကို လိုက်မေးပေးရပြန်လျှင် မေးရသူပါ အရှူး ဖြစ်၏။ ဖြစ်ရုံမက မေမေ့စေတနာကိုပါ တလွဲထင်တတ်သူများ ရှိ၏။

သူမလာသည့်ရက်များမှာ မေမေက သူစားဖို့ ထမင်းဟင်းတွေကို ချိုင့်နှင့်ထည့်၍ ပေးခိုင်းတတ်သည်။ သူ့တိုက်ရှေ့ အုတ်လှေခါးထစ် သုံးထစ်ခန့်ကို တက်သွားပြီး တိုက်၏ ဘာဂျာသံဆွဲတံခါးနားက အထဲသို့ လှမ်းကြည့်လျှင် မှောင်နေသော တိုက်အတွင်းပိုင်းကို ကောင်းစွာမမြင်ရပါ။ အော်ခေါ်မှ သူ ထွက်လာကာ တံခါးသော့ဖွင့်ပေး၏။ တစ်ခါတစ်ခါတော့လည်း သော့ခတ်မထား၊ တံခါးကို စေ့ထားသည်။ 'အမေက ထမင်းချိုင့် ပေးခိုင်းလိုက်လို့ ...'ဆိုလျှင်၊ 'ပန်းကန်တွေထဲ လှယ်ထည့်ထားခဲ့နော်'တဲ့။ သူက ပြော၍ လှယ်ထည့်ခဲ့ရန် ရှာသည့်အခါ အိုးခွက်ပန်းကန်တွေ သူ့မှာ ဘာတစ်ခုမှ အကောင်းမရှိတော့ပေ။ အိုးပိန်အိုးရွဲ့၊ ပန်းကန်အအက်အကွဲ၊ အဟောင်း အမြင်းတွေသာ သူ့မှာရှိတော့၏။ ဆေးကြောကာ ကြံဖန်၍ ဖြစ်အောင် ထည့်ပေးခဲ့ရ၏။

သူက ပြတင်းပေါက်ရှိရာ ခုတင်ခေါင်းရင်းတိုင်နား သွားရပ်ကာ ခြံထဲသို့ ငေးနေရင်း ညည်းညည်းညူညူနှင့် သီချင်းလိုလို ဘာလိုလိုကို ဆိုညည်းနေသည်။ တစ်အိမ်လုံးလည်း မြေတွေ ပွအောင် တူးထား၏။ ခြံထဲမှာလည်း ကျင်းတွေချိုင့်တွေ ဖြစ်၍နေသည်။ တိုက်အိုတိုက်ဟောင်း အနံ့က လှိုင်နေသည်။ အလင်းရောင်သိပ်မရှိဘဲ ခပ်မှောင်မှောင်အခန်း သည် အေးစိမ့်စိမ့်ရှိ၏။ အပြင်က လမ်းပေါ်က အသံတွေလည်း သိပ်မကြား ရ။ ထုကောင်းသော တိုက်မို့လည်း မီးလောင်တုန်းက ပါမသွားတာ ဖြစ်မှာ ဟု ကျွန်မ တွေးမိသည်။ ဆိတ်ငြိမ်လွန်းပြီး ချောက်ချားစရာ ကောင်း၏။ သူ့ရွှေတွေ၊ ငွေတွေကို မြှုပ်နှံထားခဲ့လို့ သူ ပြန်ရှာတူးနေလေသလား အခြား သူတွေကပဲ တိတ်တဆိတ် ဝင်ရောက်တူးဆွ ယူငင်သွားကြသည်လား ... မသိနိုင်ပြီ။ သူ့ပစ္စည်းတွေကို သူ အမှတ်ရလာပြီး ပြန်ရှာ၍မတွေ့၊ သူ့မှာ မရှိတော့တာ သူ သတိရသွားလျှင် ထ၍ ကြမ်းတတ်ရမ်းတတ်သည်။ ဟိုဟာ ပေါက်ခွဲ၊ သည်ဟာ ပေါက်ခွဲ၊ ယူသွားသူများကို ကျိန်ဆဲနေတတ်သည်။

တစ်ခါတစ်ရံတော့ ညတွေမှာ ငိုညည်းသံနှင့် အော်နေတတ်သည်ဟု ဘေးချင်းကပ်အိမ်က လူတွေက ပြောပြသည်။

ရှစ်နှစ် ကိုးနှစ်အရွယ် ကျွန်မအတွက်တော့ ဒေါ်မမကြီးကို သနားဖို့ထက် ကြောက်ရသည်က ပိုများပါသည်။ အုတ်ခဲကျိုးတွေ ထိုးထိုးထောင်ထောင်၊ ကျင်းတွေချိုင့်ခွက်တွေ ပွထနေသော မြေစာပုံတွေအပေါ် ဂရုစိုက်နင်းသွားရင်း သူ့တိုက်အိုကြီးထဲမှာ သူ့ကို ကျောခိုင်းရင်း ဟင်းချိုင့်တွေလှယ်ပေးနေရသည်ကို ကျောမလုံသလို ခံစားရ၏။ ကျောချမ်းသည်နှင့် ကိစ္စအမြန်ပြီးအောင်လုပ်၍ ကျွန်မ အိမ်သို့ပြန်ပြေးတတ်ခဲ့သည်။

မေမေ့ကို ပြန်ပြောပြသည့်အခါ သူ နေခဲ့စဉ်ကာလတုန်းက ချမ်းသာကြွယ်ဝသော ဒေါ်မမကြီး၏တိုက်ကို မြင်ယောင်သွားရင်း ...

'ဟိုတုန်းက တိုက်ပန်းကန်တွေ၊ ကြွေပန်းကန်တွေ အစုံလိုက် အထပ်လိုက် ရှိခဲ့တာပါအေ ...'ဟု စိတ်မကောင်းသံနှင့် မျက်နှာညှိုးလျှစွာ ပြောတတ်သည်။

ဘယ်သူတွေ ဘာထင်ထင် တစ်ချိန်က ခင်ခင်မင်မင်ရှိခဲ့သော ကျေးဇူးရှင်ကို ရှုနေပါသော်လည်း အခေါ်အပြော မပျက်၊ တတ်အားသမျှ စောင့်ရှောက် ကာကွယ်ပေးခဲ့သော သနားကြင်နာတတ်သော မေမေ့စိတ်ဓာတ် မေမေ့သတ္တိတို့ကို ကျွန်မ ကြီးလာမှ လေးစားရကောင်းမှန်း သိလာသည်။

'အမေတို့ စည်ကြီးဗြောကြီး တီးပြီး လှူနိုင်ခဲ့တုန်းက လှူခဲ့ပြီးပြီ။ အခု အဲသလို မလှူနိုင်ဘူး။ စားဖို့မှ အနိုင်နိုင်။ ဒီကြားထဲက ကိုယ့်ထက်အခြေအနေဆိုးတဲ့သူတွေ ခိုကိုးရာမဲ့နေသူတွေကို ကိုယ် တတ်နိုင်သလောက် မျှဝေပေးရတာ ကုသိုလ်ရတယ်။ စည်ကြီးဗြောကြီး တီးလှူမှ အလှူ မဟုတ်ပါဘူး ...'ဟု ဆိုတတ်သူ မေမေ ...။

လမ်းအစွန်က အကြော်သည့်သားလေး စာတော်ပါလျက် မအေကို ကူညီအလုပ်လုပ်ကာ ဝမ်းကျောင်းနေရသူမို့ ကျောင်းမှန်မှန် မတက်နိုင်၊ ကျောင်းဆက်မထားနိုင်တော့သဖြင့် ကျောင်းထုတ်တော့မည်ဟု မေမေကြားတော့ ငြိမ်ကြည့်မနေနိုင်ဘဲ ကျောင်းဆက်ထားဖို့ ရပ်ကွက်က ဝိုင်းဝန်း ထောက်ပံ့ပေးဖို့တွေ ကြံစည်ခဲ့သည်။ သူ့သားအကျ အင်္ကျီပုဆိုးလေး

တွေ သွားပေးတတ်သည်။ သို့သော် မေမေ ဖြစ်စေချင်သလို ဖြစ်မလာခဲ့ပါ။ ထိုကလေး ကျောင်းထွက်ပြီး အကြော်လည်ရောင်းနေတာ၊ ပွဲရုံမှာ အလုပ်သမားအဖြစ် ဝင်လုပ်နေတာ တွေ့တိုင်း မေမေက အမြဲ ချီးကျူးသည်။ အားပေးစကားတွေ ပြောတတ်သည်။

'မိဘကို ကူညီတဲ့သား ဘယ်တော့မှ ထမင်းမငတ်ဘူး။ လိမ္မာရေးခြား ရှိလှတယ်။ ကြိုးစား ... လူလေး'

မေမေသည် စာနာစိတ်၊ ကရုဏာစိတ်နှင့် သူ့ထက် နိမ့်ပါးသူများကို ပေးကမ်းစွန့်ကြဲလေ့ရှိသူ ဖြစ်သည်။ မေမေကိုယ်တိုင်က လူဆင်းရဲ လက်လုပ်လက်စား ဘဝသာဖြစ်၍ မေမေ့ထက် နိမ့်ပါးဆင်းရဲသူများမှာ အောက်ဆုံးအလွှာသာ ရှိတော့သည်။

ကျိုးပဲ့သွားလို့ သူတစ်ပါးက လွှင့်ပစ်ထားသော ကျောက်သင်ပုန်းအပဲ့အရွဲ့ပေါ်မှာ ကျောက်တံတို တစ်ခြမ်းပဲ့နှင့် စာသင်နေသော အတန်းထဲက ကောင်မလေးအကြောင်း ကျွန်မပြောမိ၍ အနာအဆာ သေးသေးမွှားမွှားသာပါသော ပေါင်မရှိတော့သည့် အိမ်က ကျောက်သင်ပုန်းအဟောင်းများ၊ ကျောက်တံအကောင်းများ၊ လျှော်ဖွပ်ပြီးသား အဝတ်အစား တစ်ပတ်ရစ် အဟောင်းကလေးများကို အထုပ်ကြီးထုပ်၍ ထိုသူငယ်ချင်းကို ပေးခိုင်းပါသည်။ ကျောင်းကို ယူသွားပြီး ကျွန်မက ပေးလိုက်တော့ သူ ဝမ်းသာအားရယူပြီး ပြန်သွားသည်။ သို့သော် နောက်တစ်နေ့ သူ့လက်ထဲမှာ အထုပ်က ပြန်ပါလာသည်။ သူ့အမေက ပြန်ပေးခိုင်းလို့ ... တဲ့၊ သူများပေးတာ မယူရဘူး ... ဆိုပြီး ပြန်ပေးခိုင်းသည်ဟုဆို၏။ ကျွန်မ လက်မှာ အထုပ် ပြန်ပါလာပြီး မေမေ့ကို အကြောင်းစုံ ပြောပြလိုက်သောအခါ နောက်တစ်နေ့မှာ မေမေကိုယ်တိုင် ကျောင်းအဆင်းမှာ သူနှင့်အတူ သူ့အိမ်သို့ လိုက်၍ သူ့မေမေကို ကိုယ်တိုင်သွားပေးပါသည်။

ကျွန်မ၏ မှတ်ဉာဏ်ထဲတွင် မြင်ယောင်နေဆဲ ပုံရိပ်မှာ သပြေတန်းကျောင်း၏ မြောက်ဘက် ကျောင်းကုန်းရပ်ကွက် အစွန်းနားမှာရှိသော တဲငယ်ငယ်ကလေး ...။ အတွင်းမှာ မည်းမှောင်လို့။ ကျွန်မပင် ငုံ့ဝင်ရလောက်အောင် အဝင်ဝက ကျဉ်းလှသောတဲကလေး ...။ ထိုကောင်မလေးက ခပ်ရွံ့ရွံ့နှင့် သူ့အမေကို အော်ခေါ်ပြီး ကျွန်မတို့ကို ပြပါသည်။ သူ့မေမေ

သည် တဲတွင်းမှာ ထိုင်နေသည်။ နေကောင်းဟန် မတူပါ။ သူ့သမီးကို ငေါက်ပြီး ပြောပါသည်။

'ယူလာပြန်ပြီလား၊ သူများ ပေးတဲ့ကမ်းတဲ့ပစ္စည်း မယူရဘူး ပြောထားလျက်နဲ့ ...'

'ပစ္စည်းတွေ ပြန်ယူသွားပါ၊ နောင်လည်း ဘယ်တော့မှ မပေးပါနဲ့။ သူများ ပေးစာကမ်းစာ မျှော်ကိုးတဲ့အစား မဟုတ်ဘူး'ဟုလည်း ကျွန်မတို့ကို အသံမာတင်းတင်းနှင့် ပြောပါသည်။ မေမေက သူ့အနားမှာ ဝင်ထိုင်ပြီး ဖျောင်းဖျောင်းဖျဖျ ပြောသည်။ သူလည်း မချမ်းသာ၊ မွဲတဲ့သူဖြစ်ကြောင်း လည်း ပါသည်။ သူတစ်ပါးဆီကို တစ်ပြားတစ်ချပ်မှ လက်ဖြန့်တောင်းချင် စိတ် မရှိတာလည်း ပါသည်။ မရှိဆင်းရဲ ဖြစ်လျက်နဲ့ ကလေးကို ကျောင်းထား ပေးလို့ ဝမ်းသာဂုဏ်ယူသည် ဆိုတာလည်း ပါသည်။ စာသင်နေတဲ့ကလေး စာဖြောင့်ဖြောင့် သင်နိုင်ဖို့ မျှဝေကူညီတာပါလို့လည်း ပြောသည်။ သည်လို ယူရတဲ့အတွက် ဂုဏ်မငယ်ပါဘူးဟုလည်း ချော့မော့သည်။ တို့အမေတွေ မှာ ကိုယ့်သားသမီးအတွက် မာနဆိုတာ လျှော့သင့်ရင် လျှော့ရတာပဲ ... ဟု ပြောတော့ ထိုမိန်းမ ငိုပါသည်။ မေမေ ပေးသော ပစ္စည်းများကို လက်ခံ ထားလိုက်ပါသည်။

မေမေသည် သူ့ဘဝနှင့် စာနာ၍ ဘဝကံအလှည့်အပြောင်းကြောင့် အနေအထိုင် ဆင်းရဲနွမ်းပါးသွားရသူများကို စာနာသနားတတ်သည်။ ညစဉ် ကျွန်မတို့ရပ်ကွက်ထဲ လာရောက်တောင်းရမ်းတတ်သော သားအမိ သုံး ယောက်ကိုလည်း မေမေ သနားတတ်သည်။ သမီးကလေးက အကြီး၊ သားက အငယ် ကျွန်မနှင့်ရွယ်တူခန့် ဖြစ်၏။ မိန်းမကြီးသည် လမ်းလည်း ကောင်းစွာ မလျှောက်နိုင်၊ စကားလည်း ပီသအောင် မပြောနိုင်။ ခြေတစ် ဖက် ဆွဲကာ မီးယပ်ချဲ့ ချဲ့နေသူ ဖြစ်၏။ ကောင်လေးပခုံးကို ဆုပ်ကိုင် မှီတွယ်ရင်း လက်တစ်ဖက်က တုတ်ချောင်းတောင်ဝှေးကို ဆွဲကာ အိမ်တကာ လှည့်၍ တောင်းရမ်းကြသည်။ ကောင်ကလေးက ငိုသံပေါက်နေသော အသံလေးဖြင့် တောင်းတတ်သည်။

'ထမင်းလေးကျန် သနားပါ ...' တဲ့။ တကယ်ကြားရသော သူ့အသံ အမှန်မှာ 'ထမင်းလေးကျန်း တနားပါး' ဟူ၍ဖြစ်၏။ ပထမတော့ မေမေ

သည် ကျန်သည့်နေ့သာ ပေးဖြစ်သည်။ စောင်စုတ် ပုဆိုးစုတ်ကို ခေါင်းမှာ ခြုံအုပ်၍ ညမှောင်မှ လူခြေတိတ်မှ လာတောင်းတတ်သော ထိုသားအမိကို သနားပိုကာ မေမေက စပ်စပ်စုစု မေးကြည့်ခဲ့သည်။ ထိုအခါ သူတို့ဘဝ ဇာတ်ကြောင်းကို မေမေ သိရလေသည်။ လင်ယောကျ်ားက ဆုံးသွား၊ အိမ်ကို မီးလောင်ခံရ၊ မီးတွင်းထဲမှာ ပြေးရလွှား၊ မိုးထဲရေထဲမရှောင် အလုပ်လုပ်ရနှင့် သွက်ချာပါဒလိုက်ပြီး ခြေလက်များ မသန်စွမ်းတော့ဘဲ မီးယပ်ချဲ့ချဲ့သွားတာ သိရသည်။ လမ်းဘေးဓာတ်မီးတိုင်က ဖြာကျနေသော မှိန်ပျပျ အလင်းအောက်မှာ ကောင်ကလေးက သူစားလက်စ အထုပ်ကို ထုပ်ထားသည့် သတင်းစာ အပိုင်းအစကိုကြည့်ကာ စာကြောင်းများ၊ စာလုံးများကို တစ်လုံးချင်း ဖြည်းလေးစွာ ပေါင်းဖတ်နေတာ မေမေတွေ့တော့ မေးကြည့်၏။ သည်လိုနှင့် ထိုကလေး ကျောင်းနေဖူးတာ မေမေ သိသွားပြန်သည်။

မေမေက သိရသမျှ စိတ်မကောင်းဖြစ်ကာ သူတို့သားအမိကို စေတနာပိုသည်။ ညစဉ် ထိုကောင်လေးအသံ မကြားရလျှင် မေမေ စိတ်မဖြောင့်။ သူတို့ဖို့ မေမေက ထမင်းသတ်သတ်၊ ဟင်းသတ်သတ် မုန့်ပဲသရေစာတို့ကို ကျန်အောင် ချန်သည်။ အဝတ်ဟောင်းတွေ လျှော်ဖွပ် ဖာထေးပြီး သူတို့ကို ပေးသည်။ ကိုယ့် ရှိစုမဲ့စု စားစရာကလေးတွေထဲက ခွဲချန်ကာ သူတို့ကို မေမေ ညစဉ်ပေးကမ်းခဲ့ပါသည်။

တစ်ည မလာလျှင် နောက်ညမှာ ဘာဖြစ်လို့ မလာသလဲ မေမေက မေးကြည့်တတ်သည်။ သူ့မေမေ နေမကောင်း၍ မလာနိုင်လို့ဟု သိရပြန်တော့ နောင်အခါ သူ့မေမေ နေမကောင်းသည့်အခါ သူ့မေမေ မပါဘဲ လာခဲ့ဖို့ မေမေ တိုက်တွန်းသည်။ ထိုအခါ သူတို့မောင်နှမ အတူလာကြသည်။ ရံဖန်ရံခါ သူတစ်ယောက်တည်း လာတတ်လာပါသည်။

တစ်ခါမှာတော့ မိုးထဲလေထဲမှာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်အောင် မိုးရေရွှဲလျက် အဝတ်စိုတွေ ခြုံထားပြီး လာတောင်းနေသော သူ့ကို မေမေက ရေနွေးပူပူတိုက်၏။ အခိုးပွင့်ဆေးတွေ အိမ်ကျသောက်ဖို့ ပေးလိုက်ပါသည်။ မေမေ့မှာ သူတစ်ပါးကို ပေးစရာ ထီးအပိုမရှိပါ။ အိမ်မှာ လူအများကြီး ရှိနေသော်လည်း ဖေဖေ့အတွက် ထီးတစ်လက်၊ မေမေနှင့် ကလေးများအတွက် ကြက်ဆင် ဖဲထီးဟောင်းတစ်လက်သာ ရှိပါသည်။

သူ့ကို အိမ်မှာ ပစ္စည်းထည့်သိမ်းဖို့ သုံးနေကျ ပလတ်စတစ် ခါတ်မြေဩဇာ အိတ်ခွံကို ခြုံဖို့ ပေးလိုက်ပါသည်။

ထိုသို့ သဘောမနောကောင်း၊ သူတစ်ပါးကို ကူညီတတ်သူ မေမေသည် တောင်းသည့်သူတိုင်းကိုမူ သဒ္ဓါမပေါက်။ မျက်စိ မမြင်မကန်းနှင့် တောင်းစားနေသူများကို ပေးကမ်းအပြီး အတော်ဝေးဝေး တစ်နေရာမှာ အကွယ်တစ်ခုမှာ ခွက်ထဲက ပိုက်ဆံကို ရေတွက်နေတာမျိုး၊ ခြေကျိုး ဟန်ဆောင် တောင်းရမ်းပြီး မမြင်ကွယ်ရာ အရပ်မှာ သွက်သွက်လျှောက်နေတာမျိုး ကြုံကြုံဖန်ဖန် မေမေနှင့်မှ မိတတ်ပလေဟုသာ ဆိုရမည်။ ထိုသူများကို နောက်တစ်ခါ လာတောင်းလျှင် မေမေ မပေးကမ်းတော့ချေ။

'ခြေလက်အကောင်းကြီးနဲ့ လိမ်ညာ တောင်းစားရသလားရှင်။ အလုပ်လုပ်စားပေါ့ ...'ဟုလည်း ပြောလွှတ်တတ်သည်။

တစ်နေ့မှာ မျက်နှာချင်းဆိုင်အိမ်ဘက်သို့ ကျွန်မကို တိုးတိုးတိတ်တိတ် ခေါ်ပြပါသည်။ 'နားထောင်စမ်း ... သမီး'ဟုလည်း ခိုင်းသည်။ ထိုအိမ်သည် ကျွန်မသူငယ်ချင်း သန်းသန်းတို့အိမ် ဖြစ်သည်။ ရှမ်းပြည်ထွက်ကုန်များ ရောင်းဝယ်သည့် ပွဲရုံလည်း ဖြစ်သည်။ ကုန်တင်ကားကြီးတွေ ဝင်လိုက်ထွက်လိုက်၊ ကာယအလုပ်သမားကြီးတွေ ကျောနှင့်ခေါင်းမှ ပုဆိုးပိုကိုခြုံကာ အာလူးအိတ်တွေ ၊သစ်တော့သီးတောင်းတွေ၊ ဂေါ်ဖီထုပ်တောင်းတွေကို ထမ်းပိုး သယ်ယူကြသည်။ အလုပ်နားခိုက် နေ့လယ်ပိုင်း အချိန်များတွင် ပွဲရုံရှေ့အမိုးစွန်းလေးအောက်ရှိ အုတ်နှင့်ပြုလုပ်ထားသော သောက်ရေအိုးစင်အနီး သစ်သားခုံတန်းလျားမှာ နားနားနေနေ နေတတ်ကြသည်။ မေမေ ခေါ်ပြချိန်မှာ ထိုတန်းလျားပေါ်၌ ဝမ်းလျားမှောက်ရင်း စာကျက်နေသော လူတစ်ယောက် ရှိနေသည်။

'အလှူရေစက် လက်နဲ့မကွာ လှူနိုင်တန်းနိုင် ပေးနိုင်ကမ်းနိုင်ကြပါစေ ... ပဒုမ္မာရွှေကြာပန်းကဲ့သို့ လန်းဆန်းနိုင်ကြပါစေ ခင်ဗျား ...'

'အလှူခံမဏ္ဍပ်မှာ ရွတ်မလို့ ထင်တယ် မေမေ'

'ဘယ်ကလာ ... ဆက်နားထောင်'

နောက်တော့ ထပ်ကျော့ ထပ်ကျော့ ရွတ်လိုက်သောအခါ ရှေ့ကစကားအဆက်တွေ ကျွန်မကြားရပေသည်။

'အစ်ကိုကြီး ... အစ်မကြီးတို့ရယ် ... ထမင်းဖိုးလေးများ သနားကြပါခင်ဗျာ ... အစ်ကိုကြီးတို့ ... အစ်မကြီးတို့ ... ပေးမှကမ်းမှ စားရ သောက်ရမယ့် ဘဝပါခင်ဗျာ ...'

အလိုလေး ... သူတောင်းစားအသံနဲ့ ရွတ်နေတာပါလား။ ကျားကျားလျားလျား ထိုအလုပ်သမားကြီးကို ကြည့်ရင်း ...

'ဟုတ်နိုင်ပါဘူး ... ဝတ္ထုထဲက စာတွေ ဖတ်နေတာဖြစ်မှာပါ မေမေရဲ့။ လူက အကောင်းကြီးပဲဟာ ... အလုပ်သမား မေမေ'

မေမေကတော့ 'ဘယ်ပြောနိုင်ပါ့မလဲ သမီးရယ် ...'ဟုသာ ဆိုပါသည်။ ညဘက်မှာ တောင်းစားမလို့လားမှ မသိတာ ... ဟု ကျွန်မ တွေးကြည့်မိသည်။ ခြေလက်အကောင်း၊ မျက်စိလည်း မြင်ပါလျက်နှင့် လိမ်ညာဟန်ဆောင်ကာ တောင်းစားတတ်သူများကို မေမေ စေတနာဆုတ်ယုတ်သွားတတ်သည်။

ဖေဖေ့ သဒ္ဓါတရားကတော့ စေတနာ သုံးတန် ပြတ်ပါပေသည်။

'အစ်ကိုလေးရယ် ... ကျွန်တော့်မှာ အကျီဝတ်စရာ မရှိလို့ပါဗျာ ... အကျီဟောင်းလေး၊ စွပ်ကျယ်စုတ်လေးများ ရှိရင် တစ်ထည်လောက် ပေးပါဗျာ'

ထိုအခါ ဖေဖေတ နောက်နေ့ အိမ်လာယူဖို့လည်း မမှာ။ သူ့မှာ ဝတ်လာသော ရှပ်အကျီအကောင်းကို ချွတ်ပေးခဲ့လေသည်။ ဖေဖေသည် အိမ်ပြင်ထွက်လျှင် ဘယ်တော့မှ စွပ်ကျယ်လက်တိုဖြင့် မထွက်တတ်၊ ရှပ်အကျီအဖြူ လက်ရှည်ကို လက်ကြယ်သီးတပ်၍ ဝတ်ပြီးမှ ထွက်သည်။ အလုပ်ကိစ္စနှင့် အပြင်သွားရလျှင် တိုက်ပုံအကျီကိုပါ ဝတ်လေ့ရှိသည်။ ထိုနေ့က သွားပြီး ဘာမှမကြာခင် စွပ်ကျယ်လက်တိုနှင့် ဖေဖေ အိမ်သို့ပြန်လာသည့်အခါ ...

'ဟောတော့ ... ကိုသောင်း၊ ရှင့်အကျီကော ...'

မေမေက တအံ့တသြ မေးလျှင် ...

'သနားလို့ကွာ။ ဟိုကောင် သာမောင် ... အကျီကိုယ်ကျွတ်နဲ့ တောင်းနေလို့ ငါ ပေးလိုက်ပြီ'

'အမယ်လေး ... ကိုသောင်းရယ်၊ တောင်းတိုင်း ပေးရသလားတော့။

ခု ကိုယ့်စွပ်ကျယ်နဲ့ ပြန်လာရသမို့လား ...'

'သူက စွပ်ကျယ်လောက် တောင်းတာပါ။ တောင်းတဲ့သူကို ပေးချင်စိတ် ပေါ်လာတာနဲ့ ငါလည်း ပါလာတာ ချွတ်ပေးခဲ့တာပဲကွာ ... စွပ်ကျယ်က ဟောင်းလှပြီမို့ သူများပေးလို့ မတော်တာနဲ့ပဲ ...'

'ကောင်းပါလေရဲ့တော် ... စိတ်ရှိတိုင်း ပေးပါကမ်းပါ၊ စွန့်ကြဲပါတော်။ ရှင်ကတော့ ဝေဿန္တရာလောင်းဆိုတော့ သေရင် နတ်ပြည်ရောက်မှာ။ ကျွန်မကတော့ တွန့်တိုရ ပိတ်ပင်ရနဲ့မို့ ငရဲကျရမှာပါ ...' ဟု ငေါ့တတ်ပါသည်။

'မငြိမ်ရာ ... မပြောနဲ့တော့၊ သဒ္ဓါပျက်ပါ့မယ်'ဟု ဖေဖေက ပြောသည်။ ထိုအခါ ထသွားလာသွား ဝတ်နေသော ဖေဖေ့အကျီကောင်းကို နှမြောသော မေမေသည် ငေါ့သောစကားလည်း ထပ်မပြော။ စိတ်ဆိုး၍လည်း အပိုပဲမို့ တော်ရာမှာ အလုပ်တွေလုပ်ကာ စိတ်ဖြေနေတတ်၏။ ဖေဖေနှင့် မေမေသည် ခွန်းကြီးခွန်းငယ် စကားများ ရန်ဖြစ်ခြင်း မရှိတတ်။ စိတ်ဆိုးဒေါသနှင့် အော်ကြဟစ်ကြခြင်းမျိုးလည်း မရှိတတ်ကြသဖြင့် အသွင်တူသူများဟုလည်း ထင်မြင်စရာမရှိပါ။ တစ်ဦးကို တစ်ဦး အပြစ်မတင်ဘဲ ခွင့်လွှတ် နားလည်ပေးကြသည်သာမို့ ရန်မဖြစ်ခြင်းသာ ဖြစ်ပေသည်။ ဖေဖေနှင့် မေမေသည် စိတ်ကောင်းနှလုံးကောင်း ရှိကြတာချင်း တူသော်လည်း ဖေဖေ့ သဒ္ဓါတရားက အယုတ်အလတ် အမြတ်မရွေး။ မေမေက လူလိမ်လူညာ၊ လက်ကြောမတင်း၊ သူတစ်ပါးကို ကပ်ရပ် မှီခိုစားသူများကို သဒ္ဓါစိတ် မရှိ။ လိမ်ညာပြောလျှင် ဖေဖေက ယုံလွယ်သည်။ သနားတတ်သည်။ သို့သော် မေမေကတော့ သူတစ်ပါး၏ စကားသွား စကားလာ၊ စကားရိပ် စကားခြည်၊ မျက်နှာအရိပ်အကဲတို့ကို ကြည့်၍ မေးမြန်းစိစစ်ပြီး ယုံသင့်မှ ယုံတတ်သူ ဖြစ်သည်။

ဝါသနာချင်းလည်း မတူကြပါ။ ဖေဖေက တီထွင်ကြံဆ ပြုလုပ်ရခြင်း၊ တွေးတော၍ ဖန်တီးရခြင်းကို နှစ်သက်သည်။ အရာဝတ္ထုတွေကို ပြုလုပ်ရခြင်းကို နှစ်သက်သည်။ ဖေဖေသည် နာရီထဲမှာ ပါမလာသည့် စက်ပစ္စည်းတစ်ခုကို ကြံဆပြီး တွက်ချက်ကြည့်ပြီးမှ မမြင်ခဲ့ဖူးဘူးသည့် ပစ္စည်းအသစ်ကို ထွင်လုပ်ကာ နာရီကို စက်သွားအောင်ပြုနိုင်ခဲ့သည်။ ပုံဆွဲသည်။ ဖယောင်း

ရုပ်ကလေးတွေ လုပ်သည်။ သစ်ကိုထွင်းထု ပန်းပုရုပ် လုပ်သည်။ မေမေက ပန်းထိုး ဝါသနာပါသည်။ အချုပ်အလုပ် ဝါသနာပါသည်။ သစ်ပင်စိုက် ဝါသနာပါသည်။ စာဖတ်ဝါသနာပါသည်။ သီချင်းတွေ ဆိုညည်းတတ်သည်။ စာဖတ်ဝါသနာပါသည်ဟု ဖေဖေ့ကို ပြော၍မရပါ။ ဖေဖေ့ စာဖတ်ခြင်းက သူ သိလိုသမျှ လေ့လာနိုင်ဖို့ ဖြစ်သည်။ သိပ္ပံဆိုင်ရာနှင့် တရားဓမ္မစာများ အဖတ်များသည်။ မေမေက ရသစာပေကို ပိုနှစ်ခြိုက်သူဖြစ်သည်။ သူ ဖတ်လိုသော စာအုပ်စာပေကို ဖတ်ခွင့်ရမည်ဆိုလျှင်၊ အလင်းရောင်လည်း ရှိပါလျှင် ည ညဉ့်နက်သန်းခေါင်ကျော်အောင် မေမေ ဖတ်နိုင်သည်။ ထိုစာမျိုးကို ဖေဖေကတော့ ပျင်းသတဲ့။ ဖေဖေက တရားဓမ္မအကြောင်းသာ ပြောရဟောရ ဆွေးနွေးရမည်ဆိုလျှင် ညလုံးပေါက် ရွှတ်ဖတ်ပြောဆိုနေနိုင်သူ ဖြစ်သည်။

ဖေဖေနှင့် မေမေသည် အကြိုက်ချင်း မတူသော်လည်း တစ်ဦးသဘောကို တစ်ဦး နားလည်ခွင့်လွှတ်၍ လိုက်လျောညီထွေ အေးအေးချမ်းချမ်း နေနိုင်ခဲ့ကြသည်ဟု ဆိုရမည်။

သီချင်းတွေ ဆိုညည်းလေ့ရှိသူ မေမေသည် သီချင်းစာသားအဓိပ္ပာယ်ကိုလည်း သားသမီးများအား ရှင်းပြရင် ဆုံးမ သွန်သင်တတ်ပါသေးသည်။ မေရှင်၏ ချစ်လွန်းတင် ထဲက 'ဆူးကျလည်း ဖက်၊ ဖက်ကျလည်း ဖက်နာဘက်ကမို့ ...' ဆိုသော စကားအဓိပ္ပာယ်ကို သိစေရန် ဖွင့်ဆိုရှင်းပြတတ်ရင်း မိန်းကလေးတို့ သဘာဝ အားနည်းချက်များကို ညွှန်ပြဆုံးမတတ်ပါသေးသည်။ သီချင်းတွေ ဆိုညည်းပြရင်း သီချင်းစာသားထဲက လူ့စိတ် လူ့သဘောသဘာဝတွေကိုလည်း သင်သွားတတ်ပါသေးသည်။ မေရှင်၏ ချစ်ရေစင်ကို မေရှင့်အသံလေးလို အေးအေးနွဲ့နွဲ့လေးနှင့် တူအောင် တုဆိုပြခဲ့သည့်အပြင် 'မွေးတုန်းတော့ကွယ် ပန်ဆင်ချင်တယ် ... နံရင် ပစ်ပယ် ...'ဆိုသော ယောကျ်ားသားတို့ သဘာဝ၊ လူ့သဘာဝ ဖြစ်တတ်ပုံများကို သီချင်းကို ရှင်းပြသလိုလိုနှင့် သမီးတွေ သတိထားဖြစ်အောင် သင်ပြသွားတတ်ပါသေးသည်။

မေမေ မြတ်နိုးသော စာအုပ်တွေ၊ မေမေ သီဆိုပြခဲ့ဖူးသော သီချင်းတွေ၊ မေမေ နှစ်သက်ခဲ့သော သီချင်းတွေကို မြင်ရကြားရတိုင်း မေမေ့

အရိပ်တွေကို မြင်ယောင်နေရသည်။ မေမေ့အသံတွေ ဟန်တွေကို ကြားယောင်နေမိသည်။ မေမေ့ကို မေမေ ချစ်မြတ်နိုးသော၊ မေမေ မွေ့လျော်လိုလှသော စာအုပ်စာပေနှင့် ဂီတအရိပ်မှာ အေးအေးလူလူ စိတ်ချမ်းချမ်းသာသာ၊ ကြည်ကြည်မွေ့မွေ့နှင့် ဘဝမှာ မပူပင် မကြောင့်ကြရဘဲ ငြိမ်းငြိမ်းချမ်းချမ်း နေစေချင်လှပါသည်။ မေမေ ဖတ်၍ ပြန်ပြောပြခဲ့ဖူးသော စာအုပ်တွေ ကိုယ်တိုင်ဝယ်ယူ သိမ်းဆည်းဖတ်မိလေတိုင်း မေမေ့ကို အောက်မေ့၏။ မေမေ ဆိုပြနေကျသီချင်းတွေ ဝယ်ယူစုဆောင်း နားထောင်မိတိုင်းလည်း မေမေ့အသံတွေ ပြန်ကြားယောင်ရင်း မေမေ့ကို လွမ်းရ၏။

'မကွေးမြသလွန် ကျောင်းတော်ရာ သွားရောက်ကာ ဖူးမြော်မြင်မှာ မုန်းချောင်းကို ကျော်တဲ့အခါ ရောက်ပါတော့မယ် ကျွန်မတို့ ကုန်းဇောင်းရွာ ...'

သည်သီချင်းကလေးကို ကြားမိလျှင်တော့ မေမေ့ကို အလွမ်းတွေ ပြေစေမည်လား၊ အလွမ်းတွေ ဝေစေလေမည်လား ... မသိနိုင်တော့ပြီ။

လောကထဲက အတွေ့အကြုံ၊ စာအုပ်စာပေတွေထဲက ဘဝအတွေ့အကြုံတွေကို နားလည်သင်ယူရင်း သူ့ဘဝ၏ လောကဓံတရားကို အားတင်းရင်ဆိုင်တတ်ခဲ့သူ မေမေသည် သားသမီးတွေကို ပညာတတ်တွေဖြစ်အောင် သင်ပေးရင်း မျှော်လင့်ချက်ထားကာ အားတင်းခဲ့သူလည်း ဖြစ်သည်။ ဆင်းရဲတွင်း၏ ထွက်ပေါက်အဖြစ် မေမေ့မျှော်လင့်ချက်သည် သားသမီးများ၏ ပညာရေး ဖြစ်ခဲ့သည်။

'ငွေကြေးအမွေ မေမေတို့ မပေးနိုင်ဘူး။ ပညာအမွေသာ ပေးနိုင်တယ် ကြိုးစားသင်ကြ။ ပညာတတ်ကြီးတွေဖြစ်မှ ဆင်းရဲတွင်းမနက်မှာ ...' ဟု ပညာရေးကို အားပေးခဲ့သည်။

လောကဓံ အနိမ့်အမြင့်ကို လှိုင်းပမာစီးခဲ့ရသော ဘဝမတည်ငြိမ်ခဲ့ရရှာသည့် မေမေ့ကို အဆုပ်ကင်ဆာကသာ ဝင်မနှိပ်စက်ခဲ့လျှင် ... လောကဓံကို ခါးစောင်းတင်ကာ မာန်တင်း၍ ရုန်းကန်တတ်သည့် ဘဝသတ္တိ မြင့်မားသူ မေမေ့ဘဝသည် နာမည်နှင့်လိုက်အောင် တည်ငြိမ် အေးချမ်းမှုကို ရနိုင်မှာ အမှန် ဖြစ်သည်။ ဖေဖေနှင့်အတူ အိုဇာတာ ကောင်းမှာလည်း အမှန် ဖြစ်သည်။ သူ အမျှော်လင့်ဆုံး သမီးလတ် ဆရာဝန်ရဲ့ နိုင်ငံ

ကျော်အောင် အောင်မြင်မှုတွေကိုလည်း နှစ်ထောင်းအားရ ကျေနပ်ဝမ်းမြောက်စွာ တွေ့မြင်နိုင်ခွင့် ရမည်မှာလည်း သေချာသည်။

သားသမီးများ၏ ပညာဂုဏ်ကို ပျော်ရွှင်စွာ မျက်နှာဝှံ့ထည် မော်ကြွားဂုဏ်ယူလိုလှပါသော မေမေသည် သည်အရာတွေကို ခံစား စံစားဖို့ နှစ်အနည်းငယ်မျှ မစောင့်ခဲ့နိုင်သည်ကို ခုခါ ကျွန်မ ဝမ်းနည်းလှပါသည်။ ခုတော့ ခက်ခဲပင်ပန်းဆဲ ... ဘဝကိုရုန်းကန်ရင်း မောလျရဆဲ ... မတည်ငြိမ် မအေးချမ်းနိုင်သေးခင်မှာပဲ 'ငြိမ်' ဆိုသော မေမေတစ်ယောက် ဘဝမီးကို ငြိမ်းခဲ့လိုက်ရရှာချေပြီ။

**ဝိုင်**

၁၆၊ ၈၊ ၂၀၁၈။

# ချစ်သော မေမေ

'လူတစ်ယောက်၏ဘဝကို ပုံဖော်ပေးမည့် စိတ်ဥပမိရုပ်ကို ဖွဲ့စည်းတည်ဆောက်နေသော လူ့ဘဝ အစောဆုံးနှစ်များကို မိခင်တစ်ယောက်ကသာ ပိုင်ဆိုင်လေသည်။ မည်မျှ မကောင်းသော ဗီဇစိတ်၊ ပဋိသန္ဓေစိတ်တို့ ပါလာသည်ဖြစ်စေ၊ ဉာဏ်အမြော်အမြင်ရှိခြင်းနှင့်အတူ မြတ်နိုးကြင်နာတတ်သော မိခင်ကောင်း၏ ပုံသွင်းပြုပြင်မှုအောက်တွင် ကောင်းသော စိတ်နေစရိုက်များသာ ဖွံ့ဖြိုးရှင်သန်လာကြရသည်။'

အမေတစ်ယောက်၏ တာဝန်သည် အံ့မခန်း ကြီးကျယ်လွန်းလှပါ၏။ ကြောက်မက်ဖွယ်လည်း ကောင်းလွန်းလှပါ၏။ အမေတစ်ယောက်၏ တာဝန်ယူမှုသည် သေတစ်ပန် သက်တစ်ဆုံး၊ သူ အသက်ရှင်နေသမျှ ကာလပတ်လုံးတိုင်အောင်ပင် ဖြစ်၏။

မိခင်၏ မေတ္တာ စေတနာ၊ မိခင်၏ ကျေးဇူးတရားတွေကို စာတွေ့ဖြင့် ကျွန်မ များစွာသိခဲ့ပါသည်။ သို့သော် ရင်မှာ မထိခိုက်။ ရင်နှင့်အမျှ ခံစားနားလည်၍ သိရှိခြင်းမျိုး မဟုတ်ခဲ့။ ငယ်စဉ်ကဖြင့် ကျွန်မက မေမေ့ကို ချစ်ရကောင်းမှန်းပင် မသိ။ သမီးတစ်ယောက်သည် အမေကို ချစ်သည်။

ထိုအချက်သည် ယထာဘူတ ကျသည်။ အမေကို သမီးက မချစ်လျှင် ထိုအချက်သည် လွဲချော်မှုတစ်ခု၊ အမှားအယွင်းတစ်ခုသာ ဖြစ်ရမည်။ မည်သည့်အကြောင်းက ဤသို့ဖြစ်စေသနည်း။ အကျိုးအကြောင်း ရှာဖွေ၍ စဉ်းစားခဲ့သော ကျွန်မက အဖြေမရသဖြင့် မန္တလေး ဆေးတက္ကသိုလ်မှာ ကျောင်းတက်နေသော အစ်မထံ စာရေး၍ မေးခဲ့ဖူးသည်။ ထိုအစ်မက မေမေ့ကို သိပ်ချစ်တတ်လွန်းပြီး ကျွန်မအထင် အမေ၏ အချစ်ဆုံးသမီးဟု ထင်နေမိသူလည်း ဖြစ်သည်။

ကျွန်မ ၆ တန်းလောက်မှာ သူက ပထမနှစ်ကျောင်းသူ ဖြစ်နေပြီ။ အိမ်နှင့်လည်း ခွဲနေရပြီ။ ရပ်ဝေးတစ်မြို့တစ်ရွာ သူစိမ်းတွေအလယ်မှာ မပြည့်မစုံဘဝဖြင့် ပညာသင်ကြားနေရသူလည်း ဖြစ်သည်။

'အစ်မ ... ငါ နင့်လို အမေ့ကို ချစ်တတ်ချင်လိုက်တာ။ ငါ ဘာလို့ အဲဒီလို မချစ်တာလဲ ...'

သူကတော့ စကားတစ်ခွန်းနှင့်သာ ပြန်ဖြေခဲ့သည်။

'နင် အိမ်နဲ့ ခွဲမနေဘူးသေးလို့ပါ ယုရယ် ...'တဲ့။ 'နောက်တော့ နင် အမေ့ကို ချစ်လာမှာပါ ...'တဲ့။

ကျွန်မတွင် မကောင်းသော စိတ်နေစရိုက်အဖြစ် အတ္တကြီးတတ်ခြင်း အပြင် ခေါင်းမာတတ်သော ဉာဉ်ကလေးလည်း ရှိလေ၏။ အစ်မ၏ ပြောစကားကို မယုံဝံ့ပဲ သံသယဖြင့်သာ ကိုယ့်ကိုယ်ကိုယ် စောင့်ကြည့်တတ်ခဲ့သည်။

ကျွန်မသည် ငယ်စဉ်ကတည်းကပင် အရာရာကို တတ်သိနားလည်လိုသည်။ သိချင်စိတ် ပြင်းပြလွန်းသည်။ အသိပညာ လောဘကြီးတတ်သည်။ သို့သော် အခြားအရာများကို ကိုယ်ကိုယ်တိုင်ထက်လည်း အားမကိုး။ သံသယအားကြီးသူတစ်ယောက်ဟု ဆိုနိုင်သည်။ ထိုအခါ မည်သည့်အရာဖြစ်စေ၊ ကျွန်မဆီသို့ ရောက်ရှိရန် ထိုသံသယထုကြီးကို ထွင်းဖောက်၍ တရွေ့ရွေ့ ဖြတ်သန်းလာရစမြဲ ဖြစ်သည်။ ထို့ပြင် ကျွန်မထံမှလည်း တစ်စုံတစ်ယောက်ဆီသို့ မည်သည့်အရာပင်ဖြစ်စေ ထိုသံသယထုကို ထိုးဖောက်ထွက်ရစမြဲသာ ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် သိလိုစိတ် ပြင်းပြလျက် ကိုယ့်စိတ်ကို ပြန်လည်သုံးသပ် ရှာဖွေလေ့ရှိသော စိတ်အကျင့်ရှိသူ ကျွန်မသည်

ကိုယ့်စိတ်ကို အတော်အတန် နားလည်သည်ဟု ထင်မိလေသည်။ ယင်းသည် အင်မတန်မှ မှားယွင်းသော ထင်မြင်မှု ဖြစ်၏။

ကိုယ့်စိတ်ကို စစ်တမ်းဝင်ခြင်းအမှုတွင် စိတ်ဝင်စားတတ်သော ကျွန်မသည် အတ္တကြီးသူ၊ အခြားသူများကို ချစ်ခင်မှု နည်းပါးသူ၊ အမေ့ကိုမှုပင် ချစ်မြတ်နိုးစိတ် ပြင်းထန်မှု မရှိသူဖြစ်ကြောင်း တဖြည်းဖြည်း ယုံကြည်နေမိလေသည်။ ထိုသို့ တွေးမိသွားတိုင်းလည်း ကိုယ့်ကိုယ်ကိုယ် အဇာတသတ်မင်းသားနှင့် နှိုင်းယှဉ်တင်စား ထင်မြင်မိကာ နှလုံးနာကျင်မှုကို ခံစားရလေသည်။ မိမိကိုယ်မိမိ နာကျင်ခြင်းတို့သည် ထိုအချိန်မှ စတင်ခဲ့သည်။

တကယ်တော့ ကျွန်မဟာ ထုံထုံထိုင်းထိုင်း မိန်းမတစ်ယောက်ပါပဲ။ ခံစားချက်တို့ ထုံထိုင်းနေတတ်သူ တစ်ယောက်မျှသာပါပဲ။ အချိန်လွန်မှ တစိမ့်စိမ့် တိုးဝင်လာသော ထိုခံစားချက်များ၏ ထိုးနှက်ချက်ကို တမြည့်မြည့် လူးလှိမ့် ခံစားရတတ်သူတစ်ယောက်သာ ဖြစ်လေသည်။ ကျွန်မသည် အသိနောက်ကျတတ်သူ တစ်ယောက်ပမာ ဖြစ်နေလေသည်။ ကျွန်မ အဖို့ရာ ရင်နှင့်အမျှ ရင်း၍ သိခွင့်ကြုံလာရသောအခါမှ ဟိုစဉ်အခါများကစာသိ၊ တစ်ဆင့်အသိဖြင့် ကျွန်မ သိသည်ထင်ခဲ့သမျှတို့သည် တကယ်တော့ ဘာမျှ မသိခဲ့ပါကလား ... ဟု ပင့်သက်ရှိုက်ရစမြဲ ဖြစ်၏။ အမေနှင့် ပတ်သက်လျှင်လည်း ဤအတိုင်းသာ ဖြစ်သည်။

ကျွန်မ မေမေ့ကို ချစ်သည်။

ဤစကားကို ဤသို့ ဖြောင့်ဖြောင့်တန်းတန်း ယုံယုံကြည်ကြည် စိတ်လက်ပေါ့ပါးစွာ ထုတ်ဖော်ပြောနိုင်ဖို့အတွက်မူ ဆယ်နှစ်ကျော်မျှ ကျွန်မ အချိန်ယူခဲ့ရပေသည်။ ထိုဆယ်နှစ်မှာ မေမေ ဆုံးပါးပြီးနောက် ကြာမြင့်သောကာလသာ ဖြစ်သည်။ ထိုအချိန်ကစ၍ ရလာခဲ့သော ကျွန်မ၏ နောင်တတို့သည်လည်း ကျွန်မကို တရိရိ လိုက်စားနေတတ်တော့သည်။ ကျွန်မဘဝမှာ 'အမေ' ဆိုတဲ့ လူတစ်ယောက်ကို ဘယ်လောက်အထိ အရေးတကြီးလိုအပ်နေခဲ့သည်ဆိုတာကို သိလိုက်ရသည့်အချိန်မှာ ... ကျွန်မ ဘေးမှာ မေမေ ရှိမနေနိုင်ခဲ့တော့ပါ။ လူတွေဟာ တစ်စုံတစ်ရာကို မရနိုင်တော့သည့် အခြေအနေမျိုးကျမှ ပို၍တန်ဖိုးထားတတ်၊ ပို၍မြတ်နိုးတတ်၊ ပို၍တောင့်တတတ်ကြတာပါလား ... ဟု ကျွန်မ နာနာကျင်ကျင် တွေးမိပါသည်။

ကျွန်မအသက် ၂၁ နှစ်မှာ မေမေ ဆုံးသည်မို့ အနှစ်နှစ်ဆယ်ကျော် မေမေနှင့်အတူ နေခွင့်ရခဲ့သည်ဟု ဆိုနိုင်ပါသည်။ သို့သော် မေမေ့အကြောင်းကို ကျွန်မ ဘာမျှ မသိလိုက်ရပေ။ မေမေ့ကို နားလည်ခွင့် မရခဲ့။ မေမေ့ကို စာနာသနားစိတ် ရင်ထဲ အသည်းထဲက မပေါ်ဘူးခဲ့။ သိတတ်မှုများသာ ကျွန်မမှာ ရှိခဲ့သည်။ မိဘများ အဆင်းရဲဆုံးအချိန်ကျမှ လူဖြစ်ခွင့်ရခဲ့သော ကျွန်မသည် အရွယ်နှင့်မမျှ သိတတ်မှုများ ရှိခဲ့ရသူ ဖြစ်၏။ ကလေးပီပီ ပူဆာတတ်ခြင်းမျိုး မရှိသလောက်ပင် ကျွန်မ ဘဝကို သိနားလည်ခဲ့ရသည်။ မိဘ မနှစ်သက်သည်ကိုလည်း ဘာမျှမလုပ်။ မိဘ စေခိုင်းတာ မှန်သမျှ ပြုဖွယ်ကိစ္စမှန်သမျှ၊ အိမ်မှုကိစ္စမှန်သမျှ ဖြစ်မြောက်အောင် ကျွန်မ လုပ်ပေးခဲ့သည်။ ပညာကိုလည်း ကြိုးစားသင်ယူခဲ့သည်။ မေမေ့စိတ်တိုင်းကျ အဆင့်သို့ မရောက်သော်လည်း အတန်းထဲမှ အတော်ဆုံးတွေထဲမှာ ပါခဲ့သည်။ ခြုံ၍ကြည့်လျှင် ကျွန်မသည် လိမ္မာသောသမီးဟု ဆိုကြမည်သာ။ သို့သော် ထိုသို့ ကျွန်မက မခံစားရပါ။ ကျွန်မ၏ အတွင်းစိတ်ကို ကျွန်မ သိနေမြင်နေသောကြောင့် ကျွန်မမှာ အပြစ်ရှိသူပမာ ခံစားရတတ်လေသည်။

ကျွန်မသည် ကြေးနိုင်းတတ်သူ၊ နှုတ်လှန်ထိုးတတ်သူ၊ ဆင်ခြေကန်လေ့ရှိသူ ဖြစ်သည်။ မေမေ့ကို စိတ်ရှုပ်စိတ်ညစ်အောင် စိတ်အနှောင့်အယှက်ပေးတတ်သူ ဖြစ်သည်။

မေမေ့မှာ မျှော်လင့်ယုံကြည်ချက်များနှင့်အတူ တသသ ပြန်လည်ပြောပြတတ်သော အိပ်မက်တစ်ခု ရှိသည်။ ဒုတိယမြောက်ကလေး ဖြစ်သော သားကို ကိုယ်ဝန်ရှိစဉ်က မက်ခဲ့သော ကြယ်ကလေးနှစ်ပွင့် အိပ်မက်ဖြစ်သည်။ ထိုအိပ်မက်ကို ဖေဖေက နိမိတ်ကောက်ယူပေးခဲ့သည်က ပညာထူးချွန်ထင်ရှားမယ့် ကလေးနှစ်ယောက် မွေးရလိမ့်မည် ... တဲ့။ ဉာဏ်အလွန်ကောင်းပြီး မွေးဖွားသောဇာတာကလည်း ထူးထူးခြားခြား ကောင်းလှသော သူ့သားကို မေမေက ပထမ ကြယ်ကလေးဟု သတ်မှတ်ထားသည်။ နောက် မွေးလာမည့်ကလေးတို့အတွက် အိပ်မက်ပင် မက်ယူရသည်မို့ နောက်ထပ် ကြယ်ကလေးသည် တတိယမြောက်ကလေး ... ဟု ယုံမှတ်သည်။ မွေးလာပြီး ကျောင်းမနေရသေးခင်မှာပင် ပညာထူးချွန်မည့် အရိပ်

အယောင်ကို ပြနေခဲ့သည်မို့ တတိယမြောက် သမီးကိုလည်း မေမေက မျှော်လင့်ယုံကြည်ခဲ့သည်။

မျှော်လင့်ချက်တွေနှင့် ကြည်ကြည်နူးနူး ပြောပြလေ့ရှိသော ထိုအိပ်မက်အကြောင်းကို ကျွန်မက ထပ်ကာထပ်ကာ ကြားလိုလှသဖြင့် မေမေ့ကို 'မေမေ့ အိပ်မက်ထဲက ကြယ်ကလေးတွေအကြောင်း ပြောပြပါ ...'ဟု ပွဲတောင်းတတ်သည်။ မေမေက အစ်ကိုနှင့် အစ်မကို ရည်ရွယ်ပြီး မျှော်လင့်တကြီး ဂုဏ်ယူစွာ ကြယ်ကလေးတွေအကြောင်း ပြောပြနေတဲ့အခါတိုင်း ထိုကြယ်ကလေးတွေ ဖြစ်ချင်စိတ်၊ မေမေ့ရဲ့ အထင်ကြီး ချစ်ခင်မှုကို ရလိုစိတ်များနှင့် ကျွန်မ တိတ်တဆိတ် မနာလိုဖြစ်နေတတ်သည်။ မေမေက မသိခဲ့ပါ။ ကျွန်မ၏ မနာလိုစိတ်၊ မကျေနပ်စိတ်၊ အားငယ်စိတ်များကို မေမေ မသိအောင် ဖုံးထားခဲ့သည်။ ပြီးတော့ 'ကျွန်တော်ကော ကြယ်ကလေး တစ်ပွင့် ဖြစ်မလာဘူးလို့ ပြောနိုင်လို့လား ... မေမေ ဂုဏ်တင့်ရမယ့် သမီး ဖြစ်အောင် ကျွန်တော် လုပ်ပြမှာ ...'လို့ အတွင်းစိတ်မှာ ကြိတ်ပြီး အသံတိတ် ကြိုးဝါးနေခဲ့သည်။ ထိုမနာလိုစိတ်ကို ကျွန်မကိုယ်တိုင် အပြစ်ရှိသူပမာ ခံစားရင်း မေမေနှင့် အစ်ကိုအစ်မများကို အားနာနေခဲ့ဖူးသည်။

ငယ်ငယ်ကတော့ ငယ်စိတ်နှင့် အငယ်ဆုံးမို့ ဦးစားပေးခံချင်သည်။ မေမေ့အချစ်ကို ရယူချင်သည်။ ဆိုးနွဲ့ အနိုင်ယူချင်သည်။ မေမေ့ကို အမြဲပင် နှုတ်လှန်ထိုးကာ ပြုပြုစူစူတွေ လုပ်တတ်သည်။ ကျွန်မ ကျောင်းပင် မနေရသေးခင်အရွယ်က ဆုပေးပွဲမှာ ဆုအမြဲရလေ့ရှိသူ အစ်ကို အစ်မတွေနှင့်အတူ ဆုပေးပွဲသွားမည့် မေမေ့နောက်သို့ ကျွန်မက လိုက်ချင်၍ ဂျီကျသည်။ ငိုယိုသည်။ အိမ်ကအထွက်မှာ စိတ်အနှောင့်အယှက်ပေးနေသူ ကျွန်မကို မေမေ တော်တော်စိတ်ညစ် စိတ်တိုခဲ့ပါလိမ့်မည်။ လိုက်လို့ မဖြစ်လို့ မခေါ်သည့်အကြောင်း ချော့ပြောတာ မရသည်မို့ မျက်နှာထားနှင့် ဆူငေါက်ရင်း မေမေ ကိုင်ထားသော ထီးကောက်၏ ထိပ်ဖျားနှင့် ကျွန်မကို အသာထိုးပါသည်။ အသားကို မနာကျင်စေခဲ့ပါ။ မေမေ့အချစ် မေမေ့ဂရုစိုက်မှုကို လောဘကြီးစွာ အလုံးစုံရယူလိုသော ကျွန်မ၏ အတ္တကြောင့်သာ ကျွန်မ၏ စိတ်ထဲမှာ စွဲနစ်အောင် နာကျင်ခဲ့သည်။ မေမေဟာ အစ်ကိုအစ်မတွေကို ချစ်သလို ကျွန်မကို မချစ်ပါဘူးဟု တစ်ဖက်သတ် ထင်မြင်ခဲ့

ပါသည်။

သိတတ်မှု မရှိသေးသည့် ကလေးအရွယ်မှာ ကျွန်မစိတ်ထဲမှာ ထိုသို့သာ ယုံမှတ်နေခဲ့သည်။ တကယ်တော့ အတ္တလောဘကြီးသော ကျွန်မသည် မေမေ့မေတ္တာနှင့် မထိုက်တန်သူပါ။ ကျွန်မ နှုတ်လှန်ထိုးကာ ပြောလေသမျှ မေမေ ဘယ်လောက် စိတ်မကောင်းဖြစ်လိုက်မလဲ၊ ဘယ်လောက် ရင်နာခဲ့လေမလဲ ...။ နောင်နှစ်ပေါင်းများစွာ ကြာမှ ကျွန်မက ကိုယ်ချင်းစာစိတ်နှင့် မေမေ့ကို တောင်းပန်ချင်လာသည်။

မကြာခဏ စိတ်ကောက်တတ်၊ အလိုမကျဖြစ်တတ်၊ ငိုတတ်သော အတ္တကြီးစွာ ဆိုးနွဲ့လွန်းသော ကျွန်မသည် မေမေ့ကို နားမလည်ခဲ့ပါ။ မေမေနှင့် ကျွန်မကြားမှ နားမလည်မှုတွေ တစ်ထပ်ပြီး တစ်ထပ် ခြားခဲ့သည်။ ကျွန်မဘက်က သက်သက်မျှသာ ဖြစ်ပါသည်။ မေမေသည် သားသမီးကို အလိုလိုက်ပြီး ချစ်ခင်ခဲ့ပါသည်။ အနစ်နာခံပြီးလည်း ချစ်ခဲ့သည်။ သို့သော် နှုတ်ချိုချိုဖြင့် အေးအေးနွဲ့နွဲ့ကလေး မပြောတတ်ရှာသော မေမေ့စကားသံ မာဆတ်ဆတ်များကို ထိုစဉ်က မိုက်မဲလွန်းလှသော ကျွန်မ စိတ်မှာ ချိုမြမနေနိုင်ခဲ့ပါ။ မေမေ့ကို နားမလည်ခဲ့သော ကျွန်မမှာ ရင်ထဲမှာ ဒဏ်ရာ ထပ်ကာထပ်ကာ ရခဲ့ပါသည်။

အိမ်မှာ အငယ်ဆုံးလည်းဖြစ်ပြီး လောဘကြီးလွန်းသူ၊ အတ္တကြီးလွန်းသူ ကျွန်မသည် ဗိုလ်ကျချင်စိတ်၊ ဦးစားပေးခံချင်စိတ်တွေနှင့် ဆိုးနွဲ့လွန်းသည်။ ခေါင်းမာတတ်သည့်ဉာဉ် ရှိပြန်သဖြင့် စိတ်ကောက်တတ် ငိုတတ် အလိုမကျဖြစ်တတ်သည်။ လိုချင်သောအရာကို မရနိုင်မှန်း သိနေသည့်တိုင် ဘာကြောင့် မရနိုင်ရတာလဲ ... ဟု လောကကြီးကို မကျေမနပ်နှင့် ခံပြင်းနေတတ်သူ ဖြစ်၏။ ငယ်စဉ်က ငိုသည်။ ကြီးတော့ အလိုမကျမှုတွေကို ရင်ထဲမှာ ထည့်သိမ်းရင်း တစ်ခါတစ်ရံ စကားလုံးတွေအဖြစ် အန်ကျလာတတ်သည်။

ကျွန်မ ပြုမူပြောဆိုခဲ့သမျှသည် မေမေ့ကို စိတ်ညစ်စိတ်ဆင်းရဲစေသည်ဟု သိနေပြန်သောကြောင့် ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိသူပမာ ဝမ်းနည်းနေရတတ်ပြန်သည်။

ကျွန်မ စိတ်ကောက်စိတ်ဆိုး အလိုမကျဖြစ်လေတိုင်း၊ ငိုလေတိုင်း၊

မေမေက ဘယ်တော့မှ မချော့တတ်။ မေမေ့ရဲ့ တစ်ခုတည်းသော နှစ်သိမ့်နည်းမှာ ကျွန်မအနီး မနီးမဝေးမှာ မလှရှင် သနပ်ဖက်ဆေးလိပ်ကို ဖွာရင်း ဒူးတစ်ဖက်လှဲ၊ တစ်ဖက်ထောင်ကာ တွေတွေငေးငေး ထိုင်နေရာက ကျွန်မကို ရှည်ရှည်ဝေးဝေး ဆိုဆုံးမနေတတ်ခြင်းမျိုးသာ ဖြစ်သည်။ မေမေ့ရဲ့ ကြောင်းကျိုးပြ ဆင်ခြင်တုံတရား၊ ကိုယ်ချင်းစာတရားများ ပါဝင်သော ဆုံးမစကားများသည် ကျွန်မ ဦးနှောက်ထဲသို့ အသိတရားများအဖြစ် နားဝင်စေသော်လည်း ကျွန်မ၏ အလိုဆန္ဒများနှင့်တော့ ဆန့်ကျင်ဖီလာ ဖြစ်သည်။ ကျွန်မ မစွန့်လွှတ်နိုင်ခဲ့။ ကျွန်မ ဆုပ်ကိုင်ထားသော ထိုစိတ်အခြေအနေကြောင့် ကျွန်မ ခံစားနေရမှန်း သိနေသည့်တိုင် ကျွန်မက ကိုယ့်ဘက်ရှုထောင့်တစ်ခုတည်းကသာ ကြည့်၍ စိတ်ဒဏ်ရာတွေကို ရင်မှာ ထပ်ကာထပ်ကာ ပွေ့ဖက်ထားလေသည်။

ခေါင်းမာလွန်းသူ ကျွန်မက မိမိကိုယ်မိမိ မှန်ကန်သည်ဟု ထင်မြင်ခဲ့၏။ ပြီးတော့ အခြား ဘယ်သူ့ဘက်ကိုမှ စစ်မှန်သောနားလည်မှု၊ ကိုယ်ချင်းစာမှုတို့ဖြင့် ဝင်မကြည့်ခဲ့၊ ငဲ့မတွက်ခဲ့။ မေမေ့ ဆုံးမစကားတွေကို နားလျှံတတ်ခဲ့သူ၊ မေမေ့ကို စိတ်နွမ်းပါးအောင် ပြုခဲ့သူ ကျွန်မသည် ခုခါမှာ ရင်ကို ဆုပ်ညှစ်ထားသော တင်းကျပ်မှုများအောက်မှာ နှလုံးသားတို့ နာကျင်ကြေကွဲနေရလေတော့သည်။ သို့သော်လည်း သည်အဖြစ်ဟာ သင့်လျော်သော ဒဏ်ခတ်မှုသာ ဖြစ်၏။

မေမေကတော့ 'ညည်းတို့ ရှေ့လျှောက် လူလုပ်ဖို့ အများကြီး ရှိသေးတယ်'ဟု မသိမလိမ္မာသေးသူ ကျွန်မကို ဆုံးမမြဲဖြစ်ခဲ့သည်။

အငယ်ဆုံးကျွန်မက အမြဲပဲ မေမေရဲ့ လက်တိုလက်တောင်း အခိုင်းခံရဆုံး ဖြစ်သည်။ ဈေးကို တစ်ခါတည်း လိုသမျှ မဝယ်နိုင်သူများမို့ ငွေစလေး ရလာလိုက်၊ လိုတာ ပြေးဝယ်ပေးလိုက်နှင့် အခေါက်ခေါက်အခါခါ ဝယ်ရသည်။ ငွေအမ်းတာ မှားလာလျှင် ပြန်ပြောပြီး တောင်းခိုင်းသည်။ ပစ္စည်းအရေအတွက် လျော့ပါးလာလျှင် ပြန်ပြောပြီး အမှန်အကန်ယူစေသည်။ ဖေဖေ ပြင်ထားသော နာရီများကိုလည်း ပိုင်ရှင်ထံသွားပေး၍ ပြင်ခရအောင် တောင်းရသည်။ နှုတ်ကလည်း ရှင်းပြရသေးသည်။

'ပြင်ခ ရအောင် တစ်ခါတည်း တောင်းယူခဲ့။ သမီးတို့အမေ ချက်စရာ

ဆန်ဖိုး မရှိသေးဘူး'

ထိုသို့ ဖေဖေက မှာလွှတ်တတ်သည့်နေ့များတွင် ကျွန်မမှာ တာဝန်ကြီးလေးလွန်းနေတော့သည်။

မေမေ ခိုင်းတတ်သော အလုပ်များက အမျိုးစုံဖြစ်သော်လည်း စိတ်ပင်ပန်းစေသည့် အလုပ်များ မဟုတ်ပါ။ ပြည်သူ့ဆိုင်မှာ တန်းစီ၍ ဆန်ထုတ်ရသည်။ ဆီထုတ်ရသည်။ ဓာတ်ဘူး၊ ပိတ်စ၊ ဆပ်ပြာ ... စသည်များ အိမ်တိုင်းအတွက် မပေးနိုင်သည့်အခါ မဲနှိုက်ယူရသည်။ မလိုသည်များ ပြန်ရောင်း၍ အမြတ်ငွေကို ယူခဲ့ရသည်။ သုံးအိမ်ကျော်က အစိုးရ ရေဘုံပိုင်မှာ အလှည့်ကျ တန်းစီ၍ ရေခပ်ရသည်။ ကျွန်မအထက်က အစ်မဖြစ်သူ နွယ်နွယ်နှင့်အတူ ရေပုံးကို နှစ်ယောက်ဆွဲကြရသည်။ အိမ်ရှိ ရင်စို့ခန့်အမြင့် အုတ်ကန်သုံးလုံးထဲသို့ စက်ရေကိုထည့်ရသလို အဝီစိရေကို ဝယ်၍လည်း ရေဖြည့်ရသည်။ မနက်လင်းစမှာ သီကုံးပြီးသား မေမေ့ မြတ်လေးပန်းများကို ဖောက်သည်ပေးခြင်း၊ ဈေးထဲရပ်ကွက်ထဲ လှည့်လည်ရောင်းခြင်းများ လုပ်ရသည်။ ထိုအလုပ်ကို ကျွန်မဆယ်တန်း အောင်ပြီးသည့်နောက် ကောလိပ်တက်ခါစအချိန်ထိ လုပ်ခဲ့သည်။ နောက်ပိုင်းမှာ ပိတ်ရက်က လွဲလျှင် ကျွန်မ ထိုအလုပ်ကို မလုပ်နိုင်တော့ပါ။ နွယ်နွယ် တစ်ယောက်တည်းသာ လုပ်ရတော့သည်။ ကလေးဘဝတွေတုန်းက လူပျို့အစ်ကို အစ်မအပျိုတွေကို မလွှတ်ချင်၊ မခိုင်းချင်သည့်နေရာ မှန်သမျှကိုလည်း မေမေက ကျွန်မကို ခိုင်းတတ်သည်။ 'သမီးက ကလေးပဲ၊ သွားလိုက်စမ်းပါဦး ...'၊ 'ကလေးပီပီ သွားချည်ပါဦး'နှင့် မေမေ စေလွှတ်သမျှ ကျွန်မ ဒိုင်ခံသွားခဲ့ပါသည်။ ကျွန်မနှင့်အတူ နွယ်နွယ့်ကို မေမေက အဖော်အဖြစ် အတူလိုက်စေခဲ့ပါသည်။ သူက ကြောက်တတ်သည်။ အေးသည်။ လူကြီးတွေက သင်ကြားပေးလိုက်သော၊ ပြောခိုင်းလိုက်သော စကားတို့ကိုလည်း သူက မေ့သွားတတ်သည်။ ထို့ကြောင့် ကျွန်မကိုချည်း ရှေ့တန်းတင်သည်။ သူက နောက်ကလိုက်ရုံသာ။ ဘာပဲဖြစ်ဖြစ် သူနှင့်ကျွန်မသည် ရဲဘော်ရဲဘက်များ ဖြစ်၏။ ကျွန်မတို့ မသွားချင်၊ မလုပ်ချင်၊ မပြောချင်သည့် အလုပ်များကို အတူတွဲကာ သွားကြရင်း ပြဿနာကိစ္စတွေ ဆောင်ရွက်ခဲ့ကြရပါသည်။

သူက ချစ်စရာကောင်းပုံမှာ ဘာမှ ပြန်မပြောတတ်ဘဲ သူ လုပ်တတ်

သလောက် လုပ်ပေးပြီး အေးအေးနေတတ်ခြင်း ဖြစ်၏။ ကျွန်မကတော့ ထိုသို့ မဟုတ်။ ခိုင်းသမျှကို မလုပ်ဘဲတော့ မနေ။ ပြီးစီးအောင်၊ တာဝန်ကျေအောင်တော့ လုပ်ပါသည်။ သို့ပေမဲ့ မေမေ့ကို စူစူဆောင့်ဆောင့်တွေ လုပ်တတ်၏။ ကြေးနိုင်းတတ်၏။

'မေမေက ကျွန်တော့်ကို မချစ်လို့ မဟုတ်လား ... ကျွန်တော့်ကိုပဲ အမြဲ ခိုင်းနေတာပဲ ...'ဟု တွက်ကတ်တတ်သေးသည်။ မေမေကတော့ ...

'သူ့အရွယ်နဲ့သူ တန်ရာသင့်ရာ ခိုင်းရတာပဲ။ ညည်းအစ်မတွေက အပျိုလေးတွေ။ အဲဒီနေရာတွေ သွားဖို့မသင့်ဘူး ...'ဟု ပြောတတ်၏။

နောက် သုံးလေးငါးနှစ် ကြာတော့လည်း ထိုအလုပ် ထိုနေရာများသို့ သွားမြဲသွားရ၊ လုပ်မြဲလုပ်နေရသော ကျွန်မက မေမေ့ကို ထပ်၍ စောဒကတက်ကာ ခွတိုက်၍ မေးတတ်ခဲ့ပြန်ပါသည်။

'မေမေက ကျွန်တော့်ကို မချစ်ပါဘူး။ မမဝင်းလို စာမတော်လို့ မချစ်တာ မဟုတ်လား ... မေမေ မချစ်လို့ ခိုင်းနေတာ မဟုတ်လား ... အမေ့သမီးတွေ အပျိုလေးတွေမို့ဆိုပြီး မခိုင်းခဲ့တဲ့နေရာတွေ ... ခု ကျွန်တော့်ကို ကျ ဘာလို့ ခိုင်းလဲ ...'

အပျိုဖော်ဝင်စ စပ်ကူးမပ်ကူးကာလ၊ အပျိုပေါက်ကာလတွေမှာ နှုတ်ခမ်းတစူစူနှင့် မေမေ့ကို စိတ်ညစ်ညူးအောင် ကျွန်မက မေးခဲ့ပါသည်။ မေမေကတော့ ထုံးစံအတိုင်း ဒူးတစ်ဖက်လှဲ တစ်ဖက်ကိုထောင်ကာ ထိုင်ရင်း ထောင်ထားသော ဒူးပေါ် တံတောင်ကွေးတင်ကာ မလှရှင် သနပ်ဖက်ဆေးလိပ်ကို တဖြည်းဖြည်း ဖွာရှိုက်ရင်း ... ကျွန်မကို မကြည့်ဘဲ ဖြေပါသည်။

'ခိုင်းစရာ ညည်းတို့ပဲ ရှိတာကိုးအေ့ ...'

ထိုစကားသည်လည်း အမှန်ပင် ဖြစ်သည်။ မေမေ လူချမ်းသာဘဝတုန်းက အိမ်မှာ အတူနေ၊ အတူစား၊ အတူဝိုင်းကူ၍ အလုပ်လုပ်ပေးသူ ဆွေမျိုးများနှင့် အလုပ်သမားများ ရှိသည်။ ဆင်းရဲသားဘဝ မေမေ့မှာတော့ မခိုင်းရက်လည်း ခိုင်းစရာ ကျွန်မတို့သားသမီးများသာ ရှိပေသည်။ မေမေ ကိုယ်တိုင်ကလည်း အလုပ်ကို မပျင်းမရိ မညည်းမညူ လုပ်တတ်သူ ဖြစ်သည်။ အိမ်မှုကိစ္စများနှင့် နားရသည် မရှိ။ ခဏတစ်ဖြုတ် အမောဖြေရင်း ဆေးလိပ်တစ်ရှိုက် နှစ်ရှိုက် ဖွာချိန်တွင်ပင် ရှေ့မှာ ချုပ်စရာ အဝတ်တစ်ပုံ

ရှိတတ်၏။ လက်ဖက်တစ်အုပ်နှင့် လုပ်လက်စ အလုပ်များ လုပ်နေသည် ကပင် မေမေ့အဖို့ရာ ဇိမ်ခံခြင်း မည်ပေသည်။

ကျွန်မတို့မိသားစုသည် အဝတ်ကို လက်ဖြင့် ကိုယ်တိုင် လျှော်ကြရသည်။ အဝတ်ဖွပ်သမားကို မငှား။ ကြီးမားသော စောင်တွေ၊ ခြင်ထောင်တွေဆိုလျှင် သားအမိတစ်တွေ ဝိုင်းထိုင်ကာ အတူလျှော်ဖွပ်ပြီး ဝိုင်းကူညစ်ကာ လှန်းပေးရသည်။ မေမေ့ကို ကျွန်မတို့ မကူနိုင်ခင်မှာတော့ မေမေတစ်ယောက်တည်းသာ အိမ်အလုပ်များ လုပ်ရစမြဲ ဖြစ်သည်။ မေမေတို့များ တတ်နိုင်ပါပေရဲ့။ အင်မတန် ချေးထူသော၊ တွက်ကတ်တတ်သော ကျွန်မကို အလုပ်လုပ်ရာတွင် ပျော်အောင် စီမံတတ်ပါသေးသည်။

နွေရာသီ ရေအလွန်ရှားပါးလှချိန် မေမေက အဝတ်လျှော်စရာများကို အိမ်မှာမလျှော်။ ရပ်ကွက်ထဲက မိန်းမဖော်တွေနှင့် ညှိပြီး အိမ်နှင့် အတော်လှမ်းသော မြစ်ဆိပ်သို့ အဝတ်လျှော်ထွက်တတ်သည်။ ရေတိမ်မြစ်လက်တက်သည် ဒူးဆစ်သာသာ ရင်စို့ခန့် ရေအနက် ရှိတတ်သည်။ ကျွန်မတို့သည် အဝတ်လှန်းဖို့ သဲသောင်ဖြူဖြူရှိရာ ရေစပ်ကို ရွေးရသည်။ ကျောက်တုံး အဝတ်ဖွပ်ခုံများ ချခင်းကာ ဖွပ်၍ကောင်းမည့်နေရာ ရွေးရသည်။ ရေဇလုံတွေ၊ စားစရာတွေပါသော ခြင်းတွေနှင့် ပစ္စည်းအစုံယူကာ အဝတ်လျှော်သွားရခြင်းကို မေမေက ပျော်ပွဲစားထွက်ခြင်းပမာ ခံစားရအောင် ပြုတတ်ပါပေသည်။

အဝတ်လျှော်သွားမည့်နေ့ဆို မေမေက တင်ကြို၍ စောစီးစွာ ထမင်းဟင်းကို ချက်ပြုတ်ထားသည်။ နေမပူခင် မြစ်ဆိပ်မှာ လျှော်နိုင်ဖွပ်နိုင်မှ သဲသောင်၏ အပူဒဏ်က သက်သာနိုင်မည် ဖြစ်သည်။ ထမင်းချိုင့်၊ လက်ဖက်အုပ်၊ ကော်ဖီချိုင့်၊ ရေချိုင့်၊ စားစရာမုန့်များ ယူသွားကြသည်။ တချို့ကို ဆွဲခြင်းမှာ ထည့်ဆွဲ၏။ တချို့ကို လက်က ဆွဲသွားကြရ၏။ အဝတ်တွေ ထည့်ထားသော ဒန်ဇလုံကြီးကို မေမေကရွက်ရ၏။ ခြင်းတွေ၊ ချိုင့်တွေ၊ အဝတ်ပုတ် တုတ်တွေကို ကျွန်မတို့က ဆွဲရသည်။ ရေချိုးအပြီး လဲလှယ်ဝတ်ဖို့ရန် အဝတ်တစ်ထုပ်လည်း ပါရ၏။ နေက ပူသည့်အတွက် အရိပ်ခိုရန် ထီးကိုလည်း ယူရ၏။ မေမေ အဝတ်ဇလုံရွက်ရာတွင် ခံသော ခေါင်းဖုလုပ်သော ပုဆိုးဟောင်းသန့်သန့်ကို သဲပြင်မှာ ဖြန့်ခင်းလိုက်သည့်

အခါ ပျော်ပွဲစားအခင်း အဖြစ်သွားလေ၏။ ဤသို့ဖြင့် ကျွန်မတို့ တခမ်းတနား အဝတ်ဖွပ်သွားကြပါသည်။

သဲသောင်ပြင်သန့်သန့်မှာ စားစရာခြင်းကို ချ၏။ ထီးကို လေမလွင့်အောင် ကျောက်တုံး၊ အုတ်ခဲတို့နှင့် ချည်နှောင်ကာ ဖိထားရ၏။ လေလာရာ တောင်ဘက်သို့ လှည့်မထား ဘေးတိုက်ထားတာတောင် အကာအကွယ်မရှိ လေသာလွန်းလှသဖြင့် ထီးက လွင့်ပါသွားတတ်သေး၏။ အဝတ်ကို ရေနှူး ဆပ်ပြာတိုက်ထားသူ၊ ကူညီဖွပ်ပေးသူ၊ ရေနက်ရာ ရေသန့်ရာမှာ အဝတ်ကို ရေလျှော်ပေးသူနှင့် မေမေရယ်၊ ကျွန်မရယ်၊ နွယ်နွယ်ရယ်၊ သားအမိတစ်တွေ တပျော်တပါး အဝတ်လျှော်သွားကြပါသည်။ တစ်ခါတစ်ရံ အစ်ကို ပါသည်။ မမဝင်း ပါသည်။ သူ့ကျတော့ အရွယ်ရောက်နေပြီမို့ ကျွန်မတို့ ကလေးတွေလို လူကြားသူကြား သောင်ပြင်လွင်တီးခေါင်မှာ အဝတ်လဲလှယ်ဖို့ အဆင်မပြေ။ ကျွန်မတို့ ကလေးတွေက ပုဆိုးတို့၊ စောင်တို့ကို လိုက်ကာသဖွယ် ကာပေးထားလျှင်တောင် လေကတဝူးဝူး တိုက်နေလေတော့ ကာပေးသော အဝတ်က လူကို သွားကာကပ်နေသည်။ ထို့ကြောင့် သူက အလုပ်ကူလုပ်ရန် လိုက်လာသောအခါများတွင် မြစ်ဆိပ်မှာ ရေမချိုးပါ။

ကျွန်မတို့က အားချိန် အချိန်ပိုင်းကလေးများမှာ ရေထဲမှာ ဆော့သည်။ လူကြီးပုဆိုး ထဘီများကို ခါးမှာစည်း၍ ပူဖောင်းလုပ်ကာ ရေပေါ်ပေါ်အောင် စီးသည်။ သဲစိုစိုမှာ ဗိုလ်အိမ်လေးတွေ ဆောက်သည်။ အစ်ကိုက သဲရေစိုစိုကို စေတီပုံပေါ်အောင် ပုံစံလောင်းကာ ဘုရားတည်သည်။ အလုပ်လုပ်ရတာ မောသွားလျှင် ထီးရိပ်ရှိရာ ခြင်းရှိရာသို့သွားကာ အခင်းပေါ် စားစရာချပြီး စားကြသောက်ကြသည်။ ပြီးလျှင် လုံအောင် ပြန်ထည့်ရ၏။ နို့မို့လို့ကဖြင့် လေဆောင့်အတိုက်မှာ စားစရာတွေပေါ် သဲဖြူးပြီးသား ဖြစ်သွားနိုင်လေသည်။

သောင်ခုံပေါ် လှန်းထားသည့် အဝတ်တွေက အခြောက်မြန်သည်။ ခြောက်သွားသည့် အဝတ်ကို အမြန် သဲတွေခါပြီး ခေါက်ကာ အထုပ်ထဲမှာ ထည့်ရသည်။ လေတိုက်လို့ ပေါ့ပါးနေသော အဝတ်က လွင့်ပါသွားတတ်လျှင် အပြေး လိုက်ကောက်ရတာ၊ သဲပြင်ပူပူမှာ ရုန်းပြီး ပြေးရတာ မလွယ်

လှပါ။ ရေလျှော်သည့်အဝတ်ကို များများယူလျှော်မိလျှင် မနိုင်သည့်အခါ အချို့မှာ လက်ကလွတ်ကျပြီး ရေစီးမှာ မျောပါသွားလျှင် အမြန်ပြေးကာ ဆယ်ယူရ၏။ နို့မို့ မမီတော့ပါ။

အပျော်ဆုံးက အလုပ်တွေပြီးသည့်အခါ သောင်ခုံကိုကျော်၊ ရေတိမ်ကိုဖြတ်ကာ မြစ်အနောက်ဘက် ကျွန်းစုတန်းထဲက အနီးဆုံး ဗူးကျွန်းရွာကို အလည်သွားကြခြင်း ဖြစ်သည်။ ပစ္စည်းတွေသိမ်းထုပ်ပြီး အနီးမှာ အတူရှိသော အသိမိတ်ဆွေထံ အပ်ထားခဲ့သည်လည်း ရှိသည်။ မေမေ မလိုက်ဘဲ ပစ္စည်းတွေသိမ်းကာ အမောဖြေရင်း စောင့်နေခဲ့လျှင် ကျွန်မတို့ချည်း သွားကြသည်။

အဲသည်မှာ ယာခင်းတွေ ရှိသည်။ ပြောင်းခင်းတွေရှိသည်။ ယာခင်းစောင့်ထံမှာ ပြောင်းဖူးတို့၊ ဘူးသီး၊ ခရမ်းသီးတို့၊ ပဲရွက်၊ ပဲသီးတို့ကို ဝယ်ကြသည်။ ရှေ့မှာတင် လတ်လတ်ဆတ်ဆတ် ခူးဆွတ်ပေးလိုက်ကြသည်။ ပိုပိုသာသာလည်း ရ၏။ လတ်လတ်ဆတ်ဆတ်လည်း စားရ၏။ ဈေးမှ ဝယ်ရသည်ထက် ဈေးပိုချိုတတ်၏။ ရွာထဲက မေမေ့အသိမိတ်ဆွေ ဦးထွန်းတင် ဒေါ်မြတင်တို့အိမ်သို့ မေမေပါလျှင် သွားလည်ကြ၏။ ခြံထွက်ပစ္စည်း ကြက်ဥ၊ ပြောင်းဖူး၊ ကြက်သွန်တို့ကို အကြော်ကြော်ပြီး ရေနွေးကြမ်း၊ ထန်းလျက်၊ ဆီးယိုများဖြင့် ဧည့်ခံကျွေးမွေးကြ၏။ ဆီးသီးပေါ်ချိန် ဆီးသီးတွေ ဝယ်ကြ၏။ ဆီးချိုသီးဝယ်လျှင် အပိုကလည်း အများကြီး ပေးလွှတ်တတ်သေးသည်။ ဆီးချဉ်သီးကြိုက်သည့် ကျွန်မကို အပင်တွေရှိရာ လွှတ်ကာ ကြိုက်သလောက် ဆွတ်ယူ၊ ကြိုက်သလောက် ကောက်ချေဟု ပြောတတ်သည်။ အဲဒီအိမ်မှာ ကျွန်မတို့နှင့် ကျောင်းက အတန်းတူအဖော်များလည်း ရှိရာ ခြံထဲလှည့်လည်ရင်း အသီးအနှံတွေ ခူးဆွတ်ရတာ၊ စိုက်ခင်းတွေ ကြည့်ရ တာ ပျော်စရာကောင်းလှသည်။ အချိန်ကုန်သော်လည်း ရေမကုန်ဘဲ ပျော်လည်း ပျော်ရသော အဝတ်လျှော်ထွက်ခြင်းကို ကျွန်မသည် အလုပ်လုပ်နေရသည်ဟုပင် မထင်ခဲ့ပါ။ ကျွန်မကို ပျော်အောင် ခိုင်းတတ်ပါပေသည်။

မေမေက သစ်ပင်စိုက်တာ ဝါသနာပါသည်။

ကုန်းဖောင်းအိမ်မှာ ခြံဝင်းကျယ်ကျယ်နှင့်မို့ စားပင်သီးပင်တွေ၊ ပန်းပင်တွေ၊ အရိပ်ကောင်းကောင်းရသော မန်ကျည်းပင်တွေနှင့် တစ်ဝင်းလုံး

ပြည့်နေသည်။ ရေနံချောင်းအိမ်မှာ ခြံစည်းရိုးနှင့် အိမ်ကြားမှာ သုံးပေ ပတ်လည်သာ နေရာလွတ် ကျန်သည်။ အားလုံးကလည်း အုတ်သမံတလင်း အပြည့် အခင်းထားသည်။ မေမေ သစ်ပင်စိုက်စရာ မြေမရှိပါ။ ထို့ကြောင့် မေမေသည် ပန်းအိုးနှင့် စိုက်ပါသည်။ နှင်းဆီပင်၊ စံပယ်ပင်၊ ဇွန်ပင်၊ ကြက်မောက်ပန်းပင်၊ ခိုင်ရွှေဝါ၊ ဂမုန်းပင်များ စိုက်လေသည်။ မေမေ စိုက်သော ခိုင်ရွှေဝါနွယ်ပင်ကလေးသည် သံလျက်ပုံ သံဆန်ခါကွက် ခြံစည်းရိုးမှာ နွယ်တက်ပြီး အပွင့်ဝါဝါလေးတွေ အဆုပ်လိုက်ပွင့်၏။ ငွေးချိုသီးပင် ကလေးကို အသီးတင်လာတော့ အိမ်ရှေ့အလံတိုင်နံဘေးမှာ မြေကို ဖောက် ချ၍ စိုက်ရသည်။ ညအခါ စာကျက်ရင်း အိပ်ချင်ပြေစားရန် အပင်က အသီးကို ဆွတ်ခူး၍ စားသည်။ ရံခါ အသီးအစိမ်းကို ဆားဖုတ်ခဲ အမှုန့်၊ သကြား၊ ငရုတ်သီးမှုန့်၊ မဆလာများနှင့် နယ်ကာ သုပ်စားသည်။ ဈေးက မေမေ ဝယ်လာသော မြတ်လေးပန်းပျိုးပင်ကလေးကို ပထမတော့ ပန်းအိုး နှင့် စိုက်သည်။ နောင် ကြီးလာတော့ မြေဖောက်ချ၍ စိုက်ပေးခဲ့သည်။

မေမေသည် ရှေးစာပေတွေထဲမှ မုလေးပန်းဟုခေါ်သော မြတ်လေး ပန်းကို စာတွေ့ဖတ်ပြီး ပို၍မြတ်နိုးစွဲလမ်းခဲ့သည် ထင်သည်။ ပန်းရနံ့ အား လုံးထဲမှာ သူ့ရနံ့က အလွှမ်းမိုးဆုံး၊ မွှေးပျံ့ သင်းထုံနေတတ်ကြောင်းတွေ ပြောပြတတ်သည်။ မေမေ စွဲလမ်းသော ဝတ္ထုတစ်ပုဒ်ကြောင့်လည်း မြတ် လေးပန်းကို မေမေ စိတ်ဝင်စားခြင်း ဖြစ်ပေလိမ့်မည်။ ဆရာကြီး ဇေယျ မိုး၍ ရေးသည်ဆိုသော ရာဇဝင်စွန့်စားခန်းဝတ္ထု 'မြတ်လေး ရွှေဓားဗိုလ်' ထဲမှာ ထိုသူရဲကောင်းသည် ရန်သူ့လက်မှာ ကျရောက်နေသူများကို ဘေး လွတ်ရာသို့ စွန့်စားကယ်တင်ခြင်းတွေ ပြုသည့်အခါ သူ၏ စွန့်စားကယ်တင် မှုကို အသိပေးထားတတ်သေးသည်။ ကတ္တီပါအိတ်ရှုံ့ကလေးထဲမှာ မြတ် လေးပန်းပွင့်ကလေး ထည့်ပြီး သူ့အောင်မြင်မှုအတွက် အမှတ်အသားပြု ထားရစ်ခဲ့တတ်သည်။ ဘာကြောင့်ပဲဖြစ်ဖြစ် မေမေ တယုတယ စိုက်ခဲ့သော မြတ်လေးပင်ကလေးသည် မြေဖောက်ကာ ချစိုက်၍ စင်ခံပေးရလောက် အောင် ကြီးထွားရှင်သန်ခဲ့သည်။

မြတ်လေးပွင့်များ ဖွေးဆွတ်နေအောင် လှိုင်လှိုင်ပွင့်သော ဝါဆို ဝါခေါင်လများတွင် ကျွန်မတို့ မိသားစုတစ်စုလုံး ညစဉ် နာရီပြန်နှစ်ချက်တီး

ကျော်စကတိုင် ပန်းခူးရသည်။ လူတစ်ရပ်ကျော်မြင့်သော စင်ပေါ် သို့ တက်၍ ခူးရသည်။ သာသာစွန့်စွန့်ကလေး ဆွတ်ခူးရသည်။ အဝတ်ဖြူသန့်သန့်မှာ ခူးလာသော ပန်းတွေကို ရေဖလားထဲမှ သွန်ချပေးပြီးလျှင် တချို့က ပန်းကို သီကုံးရသည်။ ပန်းကုံးတွေအားလုံး သီကုံးပြီးသောအခါ မိုးလင်းစပြုလျှင် နွယ်နွယ်နှင့် ကျွန်မက ဈေးနှင့် အနီးရပ်ကွက်ထဲသို့ ပန်းတွေဖောက်သည် ပေးရင်း ပန်းရောင်းထွက်ကြသည်။ ပန်းအကုံး ငါးရာ ခြောက်ရာ ရအောင် ပွင့်သည်မို့ အိမ်စားရိတ်ကို ကောင်းကောင်း ထောက်ပံ့ပေးနိုင်ခဲ့သည်။ မေမေနှင့် ကျွန်မတို့၏ငယ်ဘဝမှာ မြတ်လေးရုံသည် မမေ့စကောင်းသော ရဲဘော်ကြီး ဖြစ်ခဲ့ပါသည်။

ဘဝကို ကျရာကြုံရာမှာ နေတတ်အောင်နေရင်း လောကဓံကို ရင်ဆိုင်ခဲ့သော မေမေသည် ဘဝသတ္တိကောင်းသူ ဖြစ်သည်။ လောကဓံ အလှည့်အပြောင်းမှာ ဆင်းရဲသား၊ လက်လုပ်လက်စား ဘဝကို မေမေတို့ ဖေဖေတို့ ဘဝပြောင်းသွားခဲ့ရသည်။ သို့သော် ရိုးသားဖြောင့်မတ်ခြင်း၊ သူတစ်ပါးကို ကူညီတတ်ခြင်း၊ ချမ်းသာစဉ်ကတိုင် ဂုဏ်မနကြောင့် မောက်မာမှုမရှိခဲ့ခြင်း၊ သဘောကောင်းခြင်း၊ စာနာတတ်ခြင်း၊ သီလဖြူစင်ခြင်းတွေကြောင့် အနေဆင်းရဲသွားသော်လည်း ဖေဖေနှင့် မေမေကို လူတွေ လေးစားကြမြဲ ဖြစ်သည်။

ကျွန်မ လူဖြစ်ရသော ဘဝသည် ဖေဖေနှင့်မေမေတို့ ချွတ်ခြုံကျ ဆင်းရဲသွားပြီး လောကဓံ အဆိုးဘက်ကို ခံစားရသောအချိန် ဖြစ်သည်။ ဆင်းရဲမွဲတေသည့်ဘဝတွင် လူဖြစ်လာရသော ကျွန်မကို အစ်ကို အစ်မတွေ တုန်းကကဲ့သို့ ကောင်းပေ့ ဈေးကြီးပေ့ဆိုသော ကလေးကစားစရာများ စုံစုံလင်လင် ဝယ်မပေးနိုင်ခဲ့ပါ။ အဝတ်အစား အကောင်းအမွန် လှလှပပတွေလည်း မဆင်နိုင်ခဲ့ပါ။ အစ်ကို အစ်မတွေအကျ အဝတ်အစားတွေကို ဝတ်ရ၏။ အစ်ကို အစ်မတွေ ငယ်စဉ်က ဆော့ကစားခဲ့ပြီး ကျွန်မလက်ထက်မှာ ဟောင်းနွမ်း ပျက်စီးနေတတ်သော ကစားစရာအရုပ်များကိုသာ အဖော်ပြု ကစားခဲ့ရသည်။

ဘတ်ထရီနှင့် မောင်းနှင်သော မီးသတ်ကား နီနီရဲရဲကလေးသည် ဟိုတုန်းက ခေါင်းလောင်းတီးသံကလေးနှင့် သွားနေရာက တစ်ခုခုနှင့် ထိမိ

တိုက်မိတိုးမိလျှင် သူ့အလိုလို နောက်ပြန်ဆုတ်ကာ ကွေ့၍ မောင်းသွားတတ်သည်ဆိုသော ကားကလေးကို ကိုင်ရင်း လက်နှင့်တွန်း၊ ကိုယ့်ပါးစပ်နှင့်ကိုယ် အော်ကာ ဆော့ခဲ့သည်။ သံပတ်ပေးလိုက်လျှင် ဖန်ခွက်ကလေးကို ကိုင်ကာ မော့သောက်တတ်ပြီး ချာချာလည်လှည့်၍ ကတတ်သော ဘိုမရုပ်ကလေး၊ တုတ်ကောက်နှင့် လမ်းလျှောက်တတ်သော အဘိုးကြီး ... စသော အရုပ်များအကြောင်း အစ်ကို အစ်မတွေ ပြန်ပြောပြသည်ကို တမေ့တမော နားထောင်ရ၏။ ကျွန်မလက်ထက်မှာတော့ တုတ်တုတ်မျှ မလှုပ်၊ ကျိုးပဲ့ပျက်စီး ... အသက်မဝင်တော့သော အရုပ်ကလေးတွေကို ဟိုယခင် သူတို့လှုပ်ရှားခဲ့စဉ်က ပုံရိပ်တွေကို စိတ်အာရုံမှာ မြင်ယောင်ရင်း စိတ်ကူးဉာဏ်တွေ ဝင်ကာ ဆော့တတ်သည်။

ခြေနှင့်နင်း၍ မောင်းရသော ကလေးစီး မော်တော်ကားလေးသည် အစ်ကိုနှင့်အတူ ရိုက်ထားခဲ့သော ဓာတ်ပုံဟောင်းထဲကလို မလှတော့ပါ။ ပိန်သည့်နေရာ ပိန်၊ ဆေးပျက် သံချေးတက်။ စတီရာရင် လက်ကိုင်ဘီးက လှည့်လို့မကောင်း။ ခြေနင်းက ကပ်၊ ဘီးတွေက တည့်တည့်မတ်မတ်မရှိ။ ဘေးကို ယိုင်စောင်းနေကြ၏။ ထို တည့်တည့်မသွားသော ကားလေးကို ပင်ပင်ပန်းပန်း နင်းကာ နွယ်နွယ်နှင့် ကျွန်မက ဆော့ကြရ၏။ ကျောင်းမနေသေးခင် ကလေးဘဝမှာ ကုန်းဇောင်းအိမ်မှာ အိမ်နီးချင်း ကလေးဆီသွားလည်ရင်း သုံးဘီးစက်ဘီးဟောင်းလေးကို အလှည့်ကျစီးဖို့ အချိန်ကုန်အောင် မျှော်ကိုးကာ စောင့်စီးတတ်ခဲ့သည်။ စိတ်ရှည်ရှည် မျှော်မောမော၍ စောင့်စားရင်း၊ သူများစက်ဘီးကို မျှော်နေတတ်ခြင်းကို မေမေက လုံးဝမကြိုက်ပါ။ ထိုအချိန်က မိသားစုစားဖို့မှ အနိုင်နိုင် ရှာဖွေနေရသောအချိန်ဖြစ်၏။ ထို မရှိဆင်းရဲသည့်ကြားထဲက မေမေက တောင်းဆိုခဲ့သည် ထင်၏။ ဖေဖေက ကျွန်မအတွက် ဗိုလ်အုန်းသီး သုံးဘီးစက်ဘီးသစ်လေး ဝယ်ပေးခဲ့ပါသည်။

ကျွန်မ အလွန် ပျော်ခဲ့ရပါသည်။ မေမေက နွယ်နွယ်နှင့် နှစ်ယောက်အတူစီးဖို့ တောင်းဆိုသည်။ အိမ်လည်ပြီး သူတစ်ပါးအိမ်မှာ စက်ဘီးသွားမစီးဖို့ မေမေက တောင်းဆိုခဲ့ပါသည်။ အတူဆော့ဖော်ဆော့ဖက်မို့ နွယ်နွယ်နှင့် အတူစီးပါသည်။ သို့သော် ကျွန်မက စက်ဘီးမှာ နာမည်ရေးခိုင်းသည်။

ဖေဖေက ကျွန်မအလိုကျ ရေးပေးရသည်။

'ယုယု စက်ဘီး'

အစိမ်းရောင် စက်ဘီးကလေးပေါ်မှာ အဖြူစာလုံးနှင့် ကိုယ့်နာမည်ကို ရေးပေးထားသော ထိုသုံးဘီးစက်ဘီးကလေးသည် ကျွန်မ၏ ပထမဆုံး ကိုယ်ပိုင်ပစ္စည်း ဖြစ်လေသည်။ သူငယ်ချင်း၏ ကစားစရာကို သူနှင့်အတူတူ ကစားကြရတာသည် ကိုယ့်ပစ္စည်းကို သူငယ်ချင်းနှင့်အတူတူ ကစားရသော အရသာနှင့် အရသာချင်း မတူကြောင်း ထိုကတည်းက ကျွန်မ နားလည်သွားခဲ့သည်။ မော်တော်ကား အဟောင်းကလေးကို နွယ်နွယ်နှင့် ကျွန်မ အလှည့်ကျ တွန်းလိုက်၊ စီးလိုက်လုပ်ကာ ကစားရတာထက် စက်ဘီးကလေးကို စီးရသော အရသာကို ပို၍ခုံမင်ခဲ့လေသည်။

မရှိဆင်းရဲသည့် ဘဝမှာတောင် ကျွန်မ၏ ငယ်ဘဝသည် ချိုမြသည်၊ ပျော်စရာကောင်းသည်ဟု ခံစားခဲ့ရသည်။ ငွေကြေးမပြည့်မစုံ ဆိုသော်လည်း သားသမီးကို စာနာနားလည်တတ်၊ ချစ်တတ်မြတ်နိုးတတ်၊ အလိုက်သိတတ်သော မိဘနှစ်ပါးကြောင့် ငယ်ဘဝသည် ချမ်းမြေ့ကြည်နူးစရာ ဖြစ်ခဲ့သည်။

နှုတ်ချိုချို ဝေဝေဆာဆာ စကားတွေနှင့် မေမေက ဖွဲ့နွဲ့ ချစ်မပြတတ်ခဲ့သော်လည်း သူ့နည်းသူ့ဟန်ဖြင့် ကျွန်မကို ချစ်တတ်ခဲ့ပါသည်။

ငယ်စဉ်က အင်မတန် ချူချာလွန်းသူ ကျွန်မကို ဆေးတိုက် ဆေးခန်းသို့ ပြရလေ့ရှိသည်။ ကျောင်းမနေရသေးခင် ၄ နှစ်သမီးလောက်က နမိုးနီးယားဖြစ်တော့ မေမေသည် ကုန်းဇောင်းမှာတင် ဆေးမကုဘဲ ငွေကုန်ခံ၍ ကျွန်မကိုခေါ်ကာ ရေနံချောင်းသို့ ဆေးကုသွားပါသည်။ ဖေဖေ့ အစ်မကြီး အိမ်မှာ တည်းရသည်။ ဆုံတိုက်ရပ်က လမ်းပြဆေးတိုက်မှာ ဒေါက်တာဦးကျော်စိန်ထံ ပြရသည်။ ချောင်းဆိုးရင်ကျပ် ဖျားနာရခြင်း ဒုက္ခကို ကျွန်မကိုယ်တိုင် ခံစားသိနေသည်မို့ မေမေက ဒါတွေပျောက်အောင် ဆရာဝန်နှင့် ပြရကြောင်း၊ ဆေးတွေသောက်ရမည့် အကြောင်းတွေ ရှင်းပြထားခဲ့သည်ကို ကျွန်မ နားလည်သည်။ မေမေက အကျိုးအကြောင်းတွေနှင့် ပြောပြထားသည်ဖြစ်၍ ကျွန်မ ဆေးခန်းကို မကြောက်ခဲ့ပါ။ ဆရာဝန်ကို မကြောက်ခဲ့ပါ။ ငိုလည်း မငိုခဲ့ပါ။ အကြောဆေး ထိုးရမည်ဟု ပြောတော့

မေမေက ကျွန်မဘေးမှာရပ်၍ လက်ကလေးကို ကိုင်ထားပေးပါသည်။ အကြောထဲ အပ်သွင်းတာကိုပင် ကျွန်မက အထူးတဆန်းမို့ ကြည့်ဖြစ်အောင် ကြည့်သည်။

'ကလေးက သိပ်သတ္တိကောင်းတာပဲ၊ လိမ္မာတယ်'ဟု ချီးမွမ်းလိုက်တာကို ကျွန်မက ကျေနပ်နေခဲ့သည်။ တစ်ချက်ကလေးမှ မငိုဘူး၊ သိပ်သတ္တိကောင်းတာဟု မေမေ ဂုဏ်ယူချီးကျူးတာကိုလည်း ကျွန်မက ကျေနပ်မဆုံး ဖြစ်ရသည်။

ဆေးခန်းအကူ ကွန်ပေါင်ဒါ ဦးကြည်လှိုင်က မေမေ့အသိ ဖြစ်၏။ သူက 'ကလေး ... ပါးစပ်ဟစမ်းပါဦး'ဆိုတော့ ဘာမသိ ညာမသိ ပါးစပ်ဟပြ၏။ 'ကျယ်ကျယ်ဟ' ဆိုတော့ ကျယ်ကျယ်ဟ၏။ ဇွတ်ခနဲ အာခေါင်အရင်းထဲသို့ ဆေးတောင့်ကို ထိုးသွင်းလိုက်သည်။ 'မျိုချလိုက်'ဟု ပြောသည်။ 'မငြိမ် ... ကလေးကို ရေတိုက်လိုက်'ဟု ဆိုသည်။ ပထမဆုံးအကြိမ် ဆေးအတောင့်ကို ကျွန်မ သောက်ဖူးခြင်းဖြစ်သည်။ နောက်ထပ်သောက်ရန် ဆေးတွေပေးလိုက်ပြီး အိမ်သို့ပြန်လာခဲ့သည်။ ဆေးကိုကြည့်ပြီး မေမေက ကျွန်မ မျိုနိုင်အောင် နှစ်ပိုင်းခွဲ၍ တိုက်ပါသည်။

ဆေးခဲ မဟုတ်၍ ချိုးဖဲ့တိုက်၍ မရ။ မေမေသည် စက္ကူဖြူဖြူခံပြီး ဆေးအတောင့်ကို တေ့စွပ်ထားသော အစွပ်နှစ်ဖက်ကို အသာဆွဲချွတ်သည်။ ဆေးနှစ်ပိုင်း ဖြစ်သွားသည်။ ဆေးမှုန့်အနည်းအများကို ညီအောင် ပြန်ညှိထည့်သည်။ ပြီးသည့်အခါ နှစ်ပိုင်းဖြစ်သွားသော ဆေးတောင့် တစ်ခြမ်းစီ၏ အပွင့်ဘက်တွေကို ထမင်းပျော့ပျော့ ချေ၍ ထည့်ကာ ပိတ်ပါသည်။ ရေစိုလျှင် ဆေးတောင့်အခွံပါးလေးက ပျော့ကာ ကော်လို စေးကပ်သွားသည်။ ထိုနည်းနှင့် ဆေးတောင့်ရှည်ကြီးအစား ဆေးကို နှစ်ပိုင်းခွဲ၍ ကျွန်မကို မေမေက တိုက်ပေးခဲ့ပါသည်။

ထိုစဉ်က အရီးစိန်တို့အိမ်မှာ အတူနေသော အရီးစိန့်တူမ၊ ဖေဖေ့တူမ မမကျန်က ကျွန်မအတွက် ကော်ဖီသွားဝယ်ပေးလေ့ ရှိသည်။ သွားတိုင်းလည်း ပျင်းနေသော ကျွန်မကို ခါးထစ်ခွင် ချီခေါ်၍ ဓာတ်ဘူးကို လက်တစ်ဖက်ကကိုင်ကာ ဈေးအရှေ့ဘက် လူထုလက်ဖက်ရည်ဆိုင်သို့ သွားဝယ်လေ့ ရှိသည်။ မမကျန်က သွားနေရင်း သီချင်းကလေးတအေးအေး

ဆိုညည်းသွားတတ်သေးသည်။ ကျွန်မ ခုထိ ကြားယောင်မှတ်မိဆဲ ထိုသီချင်းကလေးမှာ ကြွယ်ကြွယ်၏ 'လေချိုသွေး' သီချင်း ဖြစ်သည်။

'လေချိုသွေးကာ အပျော့ဆွဲ ဆွဲတယ် … အားနာတတ်ရင် အားပါလိမ့်မယ် … ကြောင်ကို ဝမ်းနုတ်ဆေး ကျွေးမိသလို ပျော့ပျော့လေးနဲ့ နံမယ့်ပုံပေါ်တယ် …

အဝင်ဆိုးသော ဆေးများကို ဖြစ်အောင် တိုက်ရလေ့ရှိတိုင်း မေမေသည် စိတ်မကောင်း ဖြစ်နေတတ်ပါသည်။ 'ဟိုတုန်းက ဆေးမျိုးရှိရင်ကောင်းမှာ'ဟု တ,သတတ်၏။ 'ဌေးဌေးတို့၊ ဝင်းဝင်းတို့ကို တိုက်တုန်းက ကလေးတွေ တိုက်ဖို့ဆေးက ချိုချိုလေးရယ်။ အရည်လေးတွေ၊ မွှေးကလည်း မွှေးသေး။ ဖွန်းကလေးလည်း ပါပြီးသား …'ဟု မေမေက တဖွဖွပြောတတ်၏။ မေမေ ပြောပြသည့် အင်္ဂလန်ဖြစ်၊ နိုင်ငံခြားဖြစ် ဆေးမွှေးမွှေး ချိုချိုကလေးအကြောင်း နားသာထောင်ရပြီး လက်တွေ့မှာတော့ ဆေးပြားအချို့ကို အမှုန့်ကြိတ်ပြီး ရေဖျော်၊ ဖွန်းထဲထည့်တိုက်တာကိုပဲ ကျွန်မက မညည်းမညူ သောက်ခဲ့ရင်း ရောဂါပျောက်ခဲ့ပါသည်။

ရေနံချောင်းအိမ် ပြန်ပြောင်းလာတော့ ကျွန်မက ကျောင်းနေစအရွယ် ရောက်ခဲ့ပြီ။ နေမကောင်းဖြစ်တိုင်း ဂုဏ်မသိမ်လမ်းထိပ်ဦးတိုက်၊ ဗိုလ်ချုပ်လမ်းပေါ်က 'မြသီတာ' ဆေးတိုက်မှာ ဒေါက်တာဦးဟန်သက်ထံ ဆေးခန်းပြရသည်။ ကျွန်မတို့၏ မိသားစု ဆရာဝန်ကြီး ထိုဦးဟန်သက်သည် ဖြူဖြူခန့်ခန့် ချောချော ဝဝဖိုင့်ဖိုင့် ဖြစ်သည်။ စိတ်နှလုံးဖြူစင်ပြီး သဘောလည်း ကောင်း၏။ ကြင်နာတတ်၏။ ဆေးကုတိုင်း ဆေးဖိုးငွေ ပေးနိုင်ခဲ့သည် မဟုတ်။ ဆရာသည် ဆေးဖိုးပေးစရာ မရှိသူ ကျွန်မတို့မိသားစုကို အကြွေးနှင့် ဆေးကုသပေးခဲ့ပါသည်။ ငွေရှိလာမှ ပြန်ပြန်ဆပ်ခဲ့ရသည်။

အစ်ကိုငယ်ငယ်က မုန့်သေတ္တာ မုန့်ပုံးများကို ပုံးလိုက်ချကာ ကျွေးနိုင်ခဲ့သည်ဟု လွမ်းလောက်အောင် ချမ်းသာစဉ်က အကြောင်းများကို မေမေက ပြောပြတတ်သည်။ အစ်ကိုက ခြေဆင်းထိုင်လျက် ခြေနှစ်ချောင်းကြား မုန့်ပုံးကိုချကာ မုန့်ပဲလျော်ပုံးထဲ လက်နှိုက်၍ 'အနီ … အဝါ …'ဟု အော်ကာ လက်ထဲပါလာသော မုန့်ကို အရောင်မှန် မမှန် ကြည့်၍ ဆော့ကစားရင်း စားတတ်ပုံကို မေမေက ပြန်ပြောပြပါသည်။ ထို့နောက် မှန်

သေတ္တာတွင် ထည့်ထားပြီး အလေးချိန်နှင့် ရောင်းသော မုန့်ဆိုင်က မုန့်ပဲ လှော် အနည်းငယ်ကို ဝယ်ယူလာပြီး ကျွန်မကို ကျွေးပါသည်။ ထိုမုန့် သေးသေးလေးရဲ့ ထိပ်မှာ သကြားအချိုနှင့်ရောကာ ညှစ်ချထားသည့် ရေခဲမုန့်ပေါ်က အရစ်ခွေကလေးလို အချိုအရောင်စုံ အခွေကလေးတွေ ပါသည်။ နေမကောင်းစဉ်မှာ ထိုအချိုတွေကို ဖယ်ရှားပြီး မေမေက ကျွန်မ ကို ကျွေးပါသည်။

မေမေသည် သူ့သားသမီးအကြီးတွေတုန်းက ရခဲ့သော အခွင့်အရေး မျိုးကို ကျွန်မကိုလည်း တန်းတူပေးချင်ရှာပါသည်။ သူ့ လက်ရှိအခြေအနေ နှင့် သူ တတ်နိုင်သမျှလေးနှင့် ကျွန်မတို့ အငယ်တွေကို ဖြည့် ဆည်းပေးခဲ့ ပါသည်။

လူချမ်းသာဖြစ်သူတိုင်းပင် ဝယ်မပေးတတ်သော ကလေးကစားစရာ များကို ဖေဖေက သူ့ကလေး အကြီးတွေတုန်းက ဝယ်ပေးပြီး ဆော့ကစား စေခဲ့သူဖြစ်၏။ ကျွန်မကတော့ ဗလာစာအုပ် ကတ်ထူဖုံးများနှင့် အိမ်တွေ ဆောက်သည်။ အဖုံးပျော့တွေနှင့် ခုတင်၊ စားပွဲ၊ ကုလားထိုင်ကလေးများ ပြုလုပ်ကာ အရုပ်အိမ်ထဲသို့ ထည့်သွင်းဆော့ကစားသည်။ မေမေက ပိတ်စ အဝတ်ဖြူဖြူမှာ အပ်ချည်အနီအနက်တို့ဖြင့် မျက်ခုံး မျက်လုံး ပါးစပ်များ ပြုလုပ်ပေးပြီး ဆံပင်များတပ်ကာ ခြေလက်ကလေးများပါသော လူရုပ်ကလေး တွေ လုပ်ပေးပါသည်။ စက်ဆိုင်ကစွန့်ပစ်သော အစပိုင်းများကို သွားဝယ် ကာ အရုပ်အတွက် အကျီလုံချည်များ ညှပ်ကြသည်။ ကွန်ပါဘူးဟောင်း တစ်ခြမ်းပဲ့ကို အဝတ်စ ခင်းပြီး မော်တော်ကားလုပ်ကာ အရုပ်တွေတင်ပြီး ဆော့ကြသည်။ မမဝင်းက ငွေရောင် စီးကရက်ဘူးခွံများဖြင့် အမိုးဖွင့် စက္ကူ ကားကလေး လုပ်ပေးခဲ့ပါသည်။

ပိုက်ဆံနည်းနည်း သုံးနိုင်လျှင် တစ်ထုပ်ကို တစ်ကျပ်တန် ဝေဖာ မုန့်ထုပ် ဝယ်သည်။ အချပ် အစိတ်ခန့် ပါသည်။ ထိုဝေဖာချပ်များကို ခဲတံ ချွန်ဓားနှင့် လိုသလို ဖြတ်တောက်ပြီး ရေဆွတ်၍ ဆက်ခြင်းအားဖြင့် ကျွန်မ က ကျွန်မတို့နေသော အိမ်နှင့် ပုံစံတူအိမ်ငယ်ကလေး ဆောက်ပါသည်။ အိမ်ကလေးဆောက်အပြီး ချစ်မိလေသောကြောင့် ဖြတ်မစားရက်တော့ဘဲ ဘုရားစင် မှန်ကျောင်းဆောင်ထဲတင်ကာ ထားခဲ့၏။ အလှကြည့်နေခဲ့တော့

၏။ ကျွန်မသည် မပြည့်စုံသောဘဝတွင် ရှိသမျှပစ္စည်းတွေနှင့် ကစားစရာတွေ ဖန်တီးပြုလုပ် ဆော့ကစားတတ်ခဲ့၏။ နောက်ဘက်ခြံထဲက ခရုအခွံလေးတွေ ကောက်ဆော့သည်။ တမာရွက်၊ စွယ်တော်ရွက် စသော သစ်ရွက်ခြောက်ကလေးများ ကောက်ကာ ဖယောင်းတိုက်၍သိမ်းကာ ဆော့သည်။ သစ်ရွက်စိမ်းတွေကို တဲစပ်နှင့်ထိုးသီကာ သစ်ခက်သရဖူ၊ သစ်ခက်စလွယ်၊ လက်ကောက်များလုပ်၍ ဆော့သည်။ တံမြက်စည်း ပြုလုပ်ရန် အရိုးတံဖယ်ထုတ်ပြီး ကျန်သော အုန်းလက်ဖတ်ကို နှစ်ရွက်တွဲ ထပ်ဆက်ကာ ဘယ်ညာ ချိုးခေါက်၍ ဘာဂျာအထပ်လို ကြိုး၊ မြွေတွေအဖြစ် လုပ်ကာ ဆော့သည်။ စက္ကူဟောင်းတွေကို ညှပ်၍ တစ်ခုနှင့်တစ်ခု သံကွင်းချိတ်ဆက်ပြီး အောက်ဆုံးကွင်းမှာ ကျောက်ခဲအလေးတင်ကာ ကြိုးဖြင့် အမြင့်မှာ ချိတ်ဆွဲ၏။ ထိုကွင်းလေးက လေအတိုးမှာ ချာလည်ချာလည် လည်နေတာကို ကြည်ကြည်နူးနူး ကြည့်၏။ စက္ကူစကြာလေးများ ပြုလုပ်ကာ လေလာသည့်ဘက် လှည့်ကာ ထားတတ်၏။ ဖေဖေက ဝါးအစိုတွေဝယ်ပြီး သင်္ဘောပုံ၊ ခြောက်ထောင့်ကြယ်၊ ယုန်ရုပ်မီးပုံးများ၊ မီးချာလည်များ ပြုလုပ်ပေးတတ်သည်။ လွယ်သော မီးပုံးများကို ကျွန်မကိုယ်တိုင် ပါဝင်ပြုလုပ်ခဲ့သည်။ မီးချာလည်မှာကပ်ဖို့ မှိုင်းခံစက္ကူပေါ်မှာ ပုံဆွဲလျှင် ကျွန်မ အမြဲဝင်ကူတတ်သည်။ ဖေဖေက ဗုဒ္ဓဝင် ရုပ်စုံစာအုပ်ထဲက သိဒ္ဓတ္ထမင်းသားတောထွက်ခန်း၊ လေးတော်တင်ခန်းတို့ကို ဆွဲတတ်သည်။ ဖြတ်ထုတ် ချိတ်ဆွဲဖို့ အရုပ်ကလေးတွေကသတ်သတ်၊ နောက်ခံ တောကားတောင်ကားက သတ်သတ် ဆွဲရသည်။

ထိုကဲ့သို့ တီထွင်ဆော့ကစားရခြင်းမျိုးကို ကျွန်မ ပို၍ နှစ်သက်ပျော်ရွှင်ခဲ့ပါသည်။ ကစားစရာအရုပ်ဆိုတာ ငွေရှိမှ၊ ဝယ်ယူမှ ရတာမျိုး မဟုတ်ကြောင်း ကျွန်မ သိသွားခဲ့ပါသည်။

စက္ကူတွေ၊ သစ်ရွက်တွေ၊ အဝတ်စတွေနှင့် ဆော့နေသော ကျွန်မက ကိုယ့်ဘာသာ ကျေနပ်ပျော်ရွှင်နေသည်ကို ကြည့်၍ မေမေ စိတ်ဆင်းရဲခဲ့လေသလား ... ကျွန်မ မသိနိုင်ပါ။ ထီးလုံလောက်အောင် မရှိ၍ မိုးရွာသောနေ့ ကျောင်းသွားကျောင်းပြန်တိုင်း ကျွန်မက လွယ်အိတ်ရင်ခွင်ထဲပွေ့၊ ပြေးပြေးလွှားလွှားနှင့် မိုးစိုစိုမှာ သွားလာတတ်လျှင် နမိုးနီးယားဖြစ်မှာ

စိုးရိမ်စိတ်နှင့် မေမေ စိတ်မကောင်းဖြစ်နေလေမလား ... ကျွန်မ မသိခဲ့ပါ။ အသားတွေ၊ ငါးတွေ အလျှံပယ် ချက်မကျွေးနိုင်လို့ အသားခါတ်ရသော ကုလားပဲ၊ မောင်မခေါ်ပဲ၊ ပဲကြီးတို့ကို ဆီပြန်နှပ်ချက်ကျွေးရခြင်းကို မေမေ ဝမ်းနည်းခဲ့လေမလား ... ဒါလည်း ကျွန်မ မသိနိုင်ခဲ့ပါ။ မေမေ့ ခံစားချက်များကို ကျွန်မ ဘာတစ်ခုမှ မသိနားမလည်ခဲ့ရပါ။ တစ်ခါမှလည်း မေမေ့နေရာက ဝင်၍ မေမေ့ကိုယ်စား ဝင်ရောက်ခံစားကြည့်ခဲ့ဖူးသည် မရှိပါ။

အိမ်အလုပ်တွေနှင့် အမြဲဝန်ပိကာ မေမေသည် ဖြိုးဖြိုးလိမ်းလိမ်း၊ ပြင်ပြင်ဆင်ဆင်၊ အဝတ်အစား သပ်သပ်ရပ်ရပ်နှင့် ကြော့ကြော့လေး မနေနိုင်ပါ။ သနပ်ခါး မှန်မှန်မလူးနိုင်။ ဆံပင်မှာ ဆီနှင့်လိမ်း၍ သပ်သပ်ရပ်ရပ် ထုံးဖွဲ့မထားနိုင်။ မေမေ့ ကြည့်ရသည်မှာ သူငယ်ချင်း၏ မိခင်များလို ကြော့ရှင်းလှပ မနေသည့်အတွက် မကြာခဏ ကျွန်မက ဝေဖန်မိသည်။ ထိုသို့နေဖို့ တောင်းဆိုတတ်သည်။ ထိုသို့ပြောတိုင်း မေမေကတော့ ဟိုတုန်းက ကြော့ကြော့လေး နေနိုင်ခဲ့ပုံများ၊ ခုခါ အိမ်မှုကိစ္စ၊ သားသမီး လင်သားတို့၏ တာဝန်များကြားမှာ ဗျာများကာ အလုပ်တွေများလှ၍ မပြင်နိုင် မဆင်နိုင်ပုံများ၊ စီးပွားရေး ကျပ်တည်းပုံများကို ပြောပြတတ်မြဲ ဖြစ်သည်။

ကျွန်မက မေမေ့ကို စာနာစိတ်နှင့် နားလည်နိုင်ခြင်း မရှိ။ မေမေ မလုပ်ချင်လို့ မလုပ်တာဟု ထင်သည်။ ကိုယ့် ကိုယ်ပိုင်ဘဝကို ဖျောက်ကာ သားသမီးနှင့် မိသားစုအတွက် သူ့အချိန်တွေကို လုံးလုံးလျားလျား အကုန်ခံနေတတ်သည့် မေမေ့စေတနာကို ကျွန်မ သဘောမပေါက်နိုင်ခဲ့ပါ။ စာနာသနားစိတ်မရှိဘဲ သူငယ်ချင်း မိခင်များလို လှလှပပ သပ်သပ်ရပ်ရပ်ကလေး နေဖို့ အဝတ်အစား ကပိုကရို မပြင်မဆင်နေသော မေမေ့ပုံစံကို ပြောင်းလဲပစ်ဖို့ ပြောလေတိုင်း ...

'ညည်းတို့ သားသမီးရမှ သိလိမ့်မနော ...'ဟုသာ မေမေ့ထံက ကြားရတတ်သည်။

ကျွန်မတို့ သွားတာလာတာ နေတာထိုင်တာ ပြောတာဆိုတာများ အချိုးမပြေလေတိုင်း မေမေက သွန်သင်ဆုံးမ စိုးရိမ်ပူပန်နေတတ်သည်ကိုလည်း ကျွန်မက ပြက်ရယ်ပြု ရယ်မောတတ်ခဲ့သည်။ ထိုသို့ ရယ်မောတတ်လျှင် မေမေ့ လက်သုံးစကားကတော့ 'ညည်းတို့ သားသမီးရလာမှ သိလိမ့်

မယ်' ဟူ၏။

မေမေ့စကား မှန်ကြောင်း ခုတော့ ကျွန်မ သိပေပြီ။ ကျွန်မလည်း မိခင်တစ်ဦး ဖြစ်ခဲ့ပေပြီ။ ကိုယ်တွေ့ကြုံမှ ရင်နှင့်အမျှ သိရပေပြီ။ လူ့ဘဝ တွင် တွေးတောကြံဆခြင်းဖြင့် ကြိုတင်သိနိုင်ခွင့်မရှိသော အရာတွေလည်း များစွာ ရှိနေပေသေးသည်တကား။

ကျွန်မသည် 'မေမေ့ကို ချစ်တယ်' ဆိုသည့်စကားကို မေမေ့အား တစ်ခါမျှပင် ပြောမပြဖြစ်ခဲ့ပေ။ မေမေ့ကို ချစ်သည်ဟုလည်း မခံစားမိပေ။ ကလေးအရွယ်မို့ မှီခိုအားကိုးတာ တွယ်တာတာလောက်သာပဲဟု ကျွန်မ က ထင်မြင်လေသည်။ ကျွန်မ၏ သိတတ်စိတ်ကြောင့် သနားညှာတာတတ် တာလောက်ပါပဲဟု ယူဆခဲ့ပြန်သည်။ ကျွန်မ၏ အဲသည် အထင်အမြင်တွေ၊ မိုက်မဲမှုတွေကို ကျွန်မကိုယ်တိုင် သိရှိပြီး မနှစ်မြို့နိုင်ဘဲ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိ ခံစားစိတ်များနှင့် အတွေးတွေက ကျွန်မကို တစ်ချိန်လုံး နှိပ်စက် တတ်လှပါသည်။

ခွဲခြမ်းစိတ်ဖြာလွန်းသောအခါ စိတ်ခံစားချက်များသည် မှေးမှိန် သွားတတ်သည်။ ရံဖန်ရံခါ ပျောက်ကွယ်နေတတ်သည်။ အချို့သော အရာ များသည် ကြောင်းကျိုးဆင်ခြင်မှုတို့မှ ကင်းလွတ်၍လည်း နေတတ်ပေသည်။

ကျွန်မဘဝမှာ မေမေ့ကို အစောဆုံး မှတ်မိရသော အဖြစ်သည် အဘွား၏ အလောင်းစင်နံဘေးမှာ ငိုနေသော မေမေ့ပုံရိပ် ဖြစ်သည်။ ဝမ်းနည်း တုန်လှုပ်ရခြင်းနှင့်အတူ ကြောက်လန့်ခဲ့ရသည့် ခံစားချက်များ ဖြင့် 'သေခြင်းတရား' ဆိုသည်ကို သိရှိခဲ့ရသည်။ ရင်ထဲမှာ ဖျောက်ဖျက် မရအောင် စွဲထင်မှတ်မိရသော ပုံရိပ်များဖြစ်သော်လည်း ခဏခဏ ပြန် တွေးချင်သည့် အဖြစ်အပျက် မဟုတ်ပါ။ မကြာခဏ ပြန်သတိရပြီး ကြည်နူး ပျော်ရွှင်မိသော မေမေ့ပုံရိပ်များ ကျွန်မ၏ငယ်ဘဝတွင် ရှိခဲ့ပါသည်။ ကျွန်မ စွဲမက်ပြီး မကြာခဏမှတ်မိသော ပုံရိပ်တစ်ခုကတော့ ကွင်းပြင်ကြီးတစ်ခု ထဲမှာ မေမေနှင့်အတူ ဖြတ်လျှောက်ခဲ့ရသည့်အချိန် ဖြစ်သည်။ အဲဒီတုန်းက သုံးနှစ်အရွယ် ကျွန်မကို မေမေက ချီထားခဲ့သည်။ ပြီးတော့ ကျွန်မထက် သုံးနှစ်လောက် အသက်ကြီးသော နို့ညှာအစ်မ နွယ်နွယ်ကို လက်တစ်ဖက် က ဆွဲထားသည်။ ကလေးတစ်ယောက်ရဲ့ အမြင်မှာ ထိုကွင်းပြင်ကြီးသည်

အင်မတန် ကျယ်ပြန့်ပြီး မဆုံးနိုင်အောင် ရှိနေလေသည်။ ပြီးတော့ ကျွန်မ မှတ်မိနေသည်က ငွေရောင်တောက်နေသည့် သဲပြင်ကြီး၏ စူးရှသော အလင်းရောင်ပြန်များ ဖြစ်သည်။

သဲပြင်မွမွပေါ်မှာ လမ်းလျှောက်နေရင်းက သူ့ကိုပါ ချီခေါ်ဖို့ရန် နွယ်နွယ်က ငိုယို၍ တောင်းဆိုသည်။ ထိုအခါ မေမေက ...

'ခဏလေးပါ သမီးရယ် ... ရောက်လုပါပြီ။ ဟိုကျ မုန့်တွေအများကြီး ဝယ်ကျွေးမှာပေါ့ ...'

သို့သော် အိမ်မှာ ငိုအားအသန်ဆုံး နွယ်နွယ်က ခြေနှစ်ဖက်ကို စုံရပ်ရင်း မျက်လုံးအစုံမှာ လက်ခုံနှစ်ဖက်ကို ပြိုင်တူပွတ်၍ မဆုံးနိုင်အောင် တအီအီ ငိုနေသည်။ သူ လမ်းဆက်မလျှောက်တော့ပါ။ ထိုအခါ မေမေက 'ခက်လိုက်တာ သမီးရယ် ...'ဟု သက်ပြင်းမောနှင့် ပြောလေသည်။

ရှေ့ဆက်မသွားသာဘဲ မေမေ ရပ်နေရစဉ်မှာ မေမေ့ကိုယ်ပေါ်မှ လျှောဆင်းရင်း ကျွန်မက ပြောလိုက်သည်။

'မမကို ချီလိုက် ... သမီး လမ်းလျှောက်မယ်'

မေမေ စိတ်ညစ်တာကို မကြည့်လို၍လား ... အစ်မဖြစ်သူကို သနားလို့လား ... မေမေ မချီနိုင်ဘဲ နှစ်ယောက်လုံး ချီရမှာကို သနားလို့လား ... မေမေ့ အချီခံထားရသည်ကို စိတ်မလုံမလဲ ရှိသွားလို့လား ... ဒါမှမဟုတ် သဲပြင်ပေါ်မှာ လမ်းလျှောက်ဖို့ စိတ်ဝင်စားသွားလို့လား ...။ ဘာကြောင့်မှန်း ယခုအချိန်ထိတိုင် မသိနိုင်အောင် ရှိသော်လည်း ထိုစဉ်က ကျွန်မသည် မေမေက တစ်လှည့် ဆင်းလျှောက်ဖို့ မပြောရပါဘဲနှင့် လမ်းဆင်းလျှောက်ဖို့ ဆုံးဖြတ်ခဲ့သည်။

ကျွန်မကို မေမေက အသာအယာချပေးရင်း သဲပြင်ပေါ် ရပ်နေသော ကျွန်မရှေ့မှာ ဒူးထောက်ထိုင်ချလျက်က ကျွန်မပခုံးကို ဖက်၍ ကျွန်မ ပါးကို အသာ နမ်းမွှေးပါသည်။ ပြီးတော့ ...

'အမေ့သမီးလေးက လိမ္မာလိုက်တာ ...'တဲ့။

အဲသည် မေမေ့စကားသံနှင့် အနမ်းလေးကို ခုံမင်စွဲမက်လှစွာ ကျွန်မ တစ်ယောက် ကျေနပ်ပျော်ရွှင်စွာပင် ခရီးဆုံးထိတိုင် မမောတမ်း လျှောက်ခဲ့ပါသည်။

ကလေးတိုင်း မိဘ၏ ပျော်ရွှင်တက်ကြွမှု၊ ချိုသာသိမ့်မွေ့မှု၊ စိတ်တည်ငြိမ် အေးဆေးမှုများကိုသာ မက်မောတတ်ကြပေသည်။ ညှိုးငယ်နွမ်းလျနေသော၊ မရွှင်မလန်း မောပန်းနေသော အမေ့မျက်နှာကို ကလေးက မလိုလားပေ။

မိဘ၏ စီးပွားရေး အကျပ်အတည်းဆုံး အချိန်များတွင် မွေးဖွားလာခဲ့ရသူ ကျွန်မအတွက် အတိတ်၏ပုံရိပ်ထဲက မေမေ့မျက်နှာသည် အစဉ်နွမ်းနယ်နေခဲ့သည်သာ ဖြစ်၏။ ဘဝကို ရုန်းကန်ရင်ဆိုင်ရင်း အရေးအကြောင်းများစွာ ပေါ်နေသော ခပ်ညှိုးညှိုး မျက်နှာပေါ်တွင် မာနကိုစွက်လိုက်သောအခါ … မေမေ့မျက်နှာသည် ရင့်ကျက်တည်ငြိမ်သွားလေသည်။ ကျွန်မ နှစ်လိုသောမျက်နှာက သည်လိုမျက်နှာမျိုး မဟုတ်ခဲ့ပေ။ အတ္တကြီးစွာပင် ကလေးတစ်ယောက်သည် သူ့မိခင်၏ ရယ်မြူးရိပ်၊ ပျော်ရွှင်မှု၊ ကလူကျီစယ်မှု၊ ကြည်စင်တောက်ပသော မျက်ဝန်းတွေ၊ အပြုံးတွေကိုသာ မက်မောနေတော့သည်။

ပြန်စဉ်းစားလိုက်တိုင်း ကျွန်မငယ်ဘဝတွင် မေမေ ရယ်မောတာ ပျော်ရွှင်တာကို ကျိုးတိုးကျဲတဲသာ မှတ်မိလေသည်။

တစ်ခါတစ်ခါ ကျွန်မအိပ်ရာက နိုးလာသံကြားလျှင် ခြင်ထောင်ထဲ ငုံ့ဝင်လာပြီး …

'အမေ့ သမီးလေး … နိုးပြီလား …'ဟု ချိုသာစွာ ပြောတတ်သော မေမေ့အသံကို ကျွန်မ အမြဲ ကြားလိုလှသည်။ မေမေရဲ့ နူးညံ့သိမ်မွေ့မှု မေမေရဲ့ ရယ်မြူး၊ ရွှင်ပျမှုများကို ကျွန်မ အမြဲနှစ်လိုခဲ့သည်။

ကျွန်မ၏မှတ်ဉာဏ်တွင် မေမေ့ ရယ်မောရိပ်တို့ ရှားပါးလှသည်။ မေမေ အားပါးတရ ရယ်မောသော ပုံရိပ်တစ်ခုကို ကျွန်မ သတိရနေသည်။ ကျွန်မသည် ကုန်းဈောင်းအိမ်အပေါ်ထပ်မှ လှေကားကို တစ်ထစ်ချင်း ဖင်ထိုင်လျက် ဆင်းလာပြီး လှေကားအလယ်လောက်မှာ ထိုင်နေသည်။ မေမေက လှေကားခြေရင်းက ခွေးကတက်ခုံရှေ့မှာ ကျွန်မနှင့်အိမ်ဘက်ကို ကျောခိုင်းကာ အသိမိတ်ဆွေ အဒေါ်ကြီးတစ်ယောက်နှင့် လက်ဟန်ခြေဟန်များဖြင့် စကားပြောရင်း အသံထွက်ကာ ရွှင်ရွှင်မြူးမြူး ရယ်မောနေပါသည်။ မေမေ အပြင်ကပြန်လာသည် ထင်၏။ မေမေ့ပခုံးမှာ ချည်ချော တဘက်

စောင်ကလေး ရှိနေသည်။

မေမေရယ်သံကို ကျွန်မ အမြဲ ကြားလိုလှပါသည်။ ပျော်ရွှင်ရယ်မြူး နေသော မေမေ့ကို မြင်ရလျှင် ကျွန်မလည်း ပျော်ပါသည်။ ပျော်ရွှင်ရယ်မောနေတတ်သော မျက်နှာကို မေမေ့ထံမှာ ကျွန်မ မြင်တွေ့ခွင့်ပဲ နည်းလေသလား ... ပူပန်သောကများနှင့် နေ့စဉ် စားဝတ်နေရေးအတွက် ရုန်းကန်နေရသောဘဝမို့ မေမေ့မျက်နှာ မပျော်မရွှင်ဘဲ နွမ်းလျနေလေသလား ... မေမေ့ ဝမ်းနည်းမှုတွေကိုပဲ ကျွန်မ ထိခိုက်ခံစားမိခဲ့လို့ပဲလား ... ကျွန်မ မှတ်မိသမျှ မေမေ့ပုံရိပ်များတွင် ပျော်ရွှင်မှု နည်းပါးလှသည်။

မေမေ ဝမ်းပမ်းတနည်း ငိုကြွေးခဲ့သည်ကိုတော့ နှစ်ကြိမ်မျှ ကျွန်မ မြင်တွေ့ခဲ့ရသည်။ မေမေ့မိခင် ဆုံးချိန် ကျွန်မ သုံးနှစ်အရွယ်က တစ်ကြိမ်၊ ကျွန်မ လေးတန်းကျောင်းသူအရွယ်က တစ်ကြိမ် ဖြစ်သည်။ ကျွန်မ လေးတန်း၊ အစ်မလတ် မမဝင်းက ကိုးတန်းမှာ ဖြစ်သည်။ မေမေ အားကိုးသော၊ စာအလွန်တော်ခဲ့သော မေမေ့သားသည် ဆေးတက္ကသိုလ်၏ နှစ်ခါကျစနစ်ဖြင့် စာမေးပွဲကျ၍ ကျောင်းထုတ်ခံရကာ အိမ်သို့ပြန်လာရသောည ဖြစ်သည်။ ထိုညက ကျွန်မတို့သားအမိတစ်တွေ အိပ်သော ခုတင်ထောင့်စွန်းမှာ ရေနံဆီမီးခွက်ကလေး၏ အလင်းမှုန်မှုန်အောက်၌ ရှိုက်ကြီးတငင် မေမေ ငိုနေသောပုံရိပ်၊ မမဝင်းက မေမေ့ကို နောက်ကနေ သိုင်းဖက်လျက် မေမေ့ကိုချော့မော့ကာ သူလည်း ငိုရင်း 'အစ်ကို ဆရာဝန် မဖြစ်ရပေမဲ့ အမေ့သမီး ဆရာဝန်ဖြစ်အောင် လုပ်ပါ့မယ်'ဟု ကတိတွေပေးနေသော ပုံရိပ်၊ အပြင်ဘက်အခန်းရှေ့ အမှောင်ရိပ်ထဲမှာ ကျောင်းသွားစဉ်က ပါသွားခဲ့သော အိပ်ရာလိပ်နှင့် သံသေတ္တာပေါ် ခေါင်းငိုက်စိုက်ကျကာ ထိုင်လျက် ဝမ်းနည်းနေသော အစ်ကို့ပုံရိပ်များကို ချောက်ချားဝမ်းနည်းစွာ အမှတ်ရ၏။

ညတွေ ညတွေမှာ မအိပ်နိုင်ဘဲ ရှိနေတတ်သော မေမေ့ကျောပြင်နှင့် ဘေးတစောင်းမျက်နှာကို အာရုံမှာ မကြာခဏ ပြန်ပြန်ပေါ်လာတတ်သည်။ ညလယ်လောက် ကျွန်မတစ်ရေးနိုးသည့်အခါ ခြင်ထောင်အပြင်ဘက်မှာ ရေနံဆီမီးခွက်၏ အလင်းမှိန်မှိန်ကလေးဖြင့် မုန့်ဘူးပောင်း သံသေတ္တာကလေးထဲက လယ်မြေပိုင်ဆိုင်မှု စာချုပ်တစ်ထပ်ကြီးကို ထုတ်ကြည့် ဖတ်ရှုနေရင်း တွေးတော စဉ်းစားနေတတ်သည်ကို တွေ့ရဖူးသည်။

တစ်ခါက သူ ပိုင်ဆိုင်ခဲ့သော လယ်မြေများမှာ သူ့လယ်သူရင်းငှား များက တစ်ဖန် လယ်ပိုင်ရှင်ဖြစ်နေသော ထိုလယ်တွေမှာ ရိတ်သိမ်းပြီး ကြွင်းကျန်နေခဲ့သော စပါးနှံများကို အလကား ကောက်ယူခွင့်ရှိသော 'ကောက်သင်းကောက်' ခြင်းအလုပ်ကို မေမေကိုယ်တိုင် ကလေးအကြီး တွေ ခေါ်လျက် လုပ်ခဲ့ရ၏။ ဘယ်လိုစိတ်မျိုးနဲ့ အားတင်းပြီး သည်အလုပ် ကို မေမေ လုပ်ခဲ့ပါလိမ့် ...။ ရင်နာစွာ နာကျင်ခံစားရင်း တစ်ခါက ကိုယ် ပိုင်ခဲ့သော ကိုယ့်လယ်မြေပေါ်မှာ သူဆင်းရဲဘဝဖြင့် ကောက်သင်းကောက် ဝံ့သော သတ္တိသည် မေမေ့နှလုံးကို မထိခိုက်မနာကျင်ဘဲ ရှိနိုင်ပါမည်လား။ ခုအခါ ကျွန်မသည် မေမေ့ကို သနားလှစွာနှင့် ရင်ထဲ ဆို့နင့်နာကျင်စွာပင် ခံစား စာနာနေမိတော့သည်။

လောကဓံကို မာန်တင်းကာ ရင်ဆိုင်တတ်သော မေမေသည် ပုံမှန် အားဖြင့် ခံစားချက်များကို ထိန်းချုပ်ထားတတ်သူ ဖြစ်သည်။ အခက်အခဲ များကို ညည်းတွားခြင်း၊ စိတ်လျှော့ခြင်း၊ အားငယ်ခြင်းမျိုး မရှိတတ်။ သေစေလောက်သော အဆုတ်ကင်ဆာ ရောဂါဝေဒနာကို ခံစားနေရချိန် တစ်လျှောက်လုံးမှာပင် မေမေသည် ညည်းတွားခြင်း၊ ညည်းညူ မြည်တွေး ခြင်းတွေ မပြုခဲ့။ ဝေဒနာကို သည်းမခံနိုင်လွန်းလှ၍ ဒေါသထွက် အော်ဟစ် ခြင်းမျိုးတွေ မရှိခဲ့။ မေမေ့ ခံနိုင်ရည်သတ္တိကို ကျွန်မ အံ့ဩလှပါသည်။

လပေါင်းများစွာ ခုတင်မှာ လဲလျောင်း၍ ပက်လက်အနေအထား ဖြင့် မအိပ်နိုင်ခဲ့ရရှာသော မေမေသည် ကျောအမှီဖြင့်သာ ငုတ်တုတ်ထိုင် လျက်နေခဲ့ရသည်။ ကျောဆန့်ကာလည်း လှဲမအိပ်ရ။ မှေးရုံသာ မှေးစက်ပြီး ကောင်းကောင်းမွန်မွန် နှစ်နှစ်ခြိုက်ခြိုက်လည်း မအိပ်နိုင်သောဒုက္ခ၊ အသက် ကို ခက်ခဲပင်ပန်းစွာ ရှူနေရသော ဒုက္ခ၊ အစာကို ပင်ပန်းစွာ မျိုချနေရ သော ဒုက္ခ၊ ခန္ဓာကိုယ်ထဲက ရောဂါ၏ နှိပ်စက်ခြင်းကြောင့် နာကျင် ကိုက်ခဲ လှသော ဒုက္ခ ... သည်ဒုက္ခတွေကြားမှာ မေမေ့မျက်နှာသည် ညှိုးလျသော် လည်း တည်ငြိမ်သည်။

ခဏခဏ ချောင်းဆိုးပြီး နောက်ကျောတွေတက် ကိုက်ခဲနေတတ် သည့် မေမေသည် တဖြည်းဖြည်း ပိန်လာပြီး အားအင်ယုတ်လျော့လာသည်။ မေမေ နေမကောင်းဖြစ်နေပုံကို စိတ်ပူသော အစ်မက ဆေးစစ်၊ ဓာတ်မှန်

ရိုက်ကြည့်ခဲ့ပါသည်။ တိုင်းဆေးရုံကြီးမှ မကွေးသို့ ခေါ်လာပြီး ဆေးစစ်သည်။ ထိုအချိန်က မကွေးကောလိပ်မှာ တတိယနှစ်ကျောင်းသူ ဖြစ်သော ကျွန်မကို ကျွန်မ၏အဆောင်သို့ အစ်မက လာတွေ့ပါသည်။ မေမေ့ကို ဆေးရုံမှာ ခဏထားခဲ့သည်။ မေမေ့သမီးကြီး၏ ခင်ပွန်း ... မေမေ့သမက်က စောင့်ပေးနေခဲ့သည်။ ကျွန်မ ဆေးရုံကိုလိုက်၍ မေမေ့ကို တွေ့ပါသည်။ ဆေးစစ်ပြီး မေမေတို့ ပြန်သွားကြရသည်။ နောက်တစ်ခေါက် မေမေ မပါဘဲ ဆေးစစ်အဖြေတွေ လာယူတော့ အစ်ကို့ကို အဖော်ခေါ်လာသည်။ 'ငါ တစ်ယောက်တည်း ဓာတ်မှန်အဖြေကို မကြည့်ရဲလို့ ဒွေးဒွေးကို ခေါ်လာတာ ...'တဲ့။

အစ်မတစ်ယောက် မကြည့်ဝံ့ရှာသော ဓာတ်မှန်အဖြေက သူ ကြောက်နေသော ရောဂါအမည်ပင် ဖြစ်၏။

မေမေ့မှာ အဆုတ်ကင်ဆာဖြစ်နေပြီဟု ဓာတ်မှန်က အဖြေပေးခဲ့ပါသည်။ အဆုတ်နှစ်ဖက်လုံးကို ကူးခဲ့ပြီ။

ကျွန်မကိုလည်း ထိုအဖြေကို အသိပေးခဲ့သည်။

'နင် သိထားသင့်တယ် ထင်လို့ ...'တဲ့။

'အဆုံးစွန်ထိ တွက်ထား၊ ခံနိုင်ရည်ရှိအောင် ကြိုးစား ...'

'မေမေ နောက် ၆ လလောက်ပဲ ခံတော့မယ် ...'တဲ့။

ကာကွယ်ခြင်း၊ ကုသခြင်းတွေ ဘာမှမပြုနိုင်တော့ဘဲ လက်လျှော့ထားရတော့မည့် နောက်ဆုံးအခြေအနေမှာ သမီးဖြစ်သူ ဆရာဝန် တစ်ယောက်ဖြစ်သူ အစ်မ၏ရင်ထဲက ခံစားမှုကို ထိုအရွယ်ကပင် ကျွန်မ စာနာနားလည်နိုင်ခဲ့သည်။ ထိုစဉ်က နားလည်နိုင်ခဲ့သည်ဟု ထင်လာသမျှ ယခု အရွယ်မှာ ပို၍ပင် နားလည်ကာ ကြေကြေကွဲကွဲ ခံစားနားလည်မိပြန်သည်။ မေမေ့အကြောင်းတွေ တွေးမိတိုင်း ဖြေမဆည်နိုင်အောင် ဖြစ်ရသည်။

မောင်နှမတစ်တွေ တိုင်ပင်ပြီး မေမေ့ရောဂါအကြောင်း မေမေ့ကို ဖွင့်မပြောဖို့ ဆုံးဖြတ်ခဲ့ကြသည်။ နွယ်နွယ့်ကိုလည်း ကလေးလို သဘောထားကာ မေမေ့ရောဂါအခြေအနေ ပြောမပြခဲ့ပါ။ ကျွန်မကိုတော့ အငယ်ဆုံးပေမဲ့ နားလည်နိုင်မယ့်သူဟု သူက ယူဆပြီး အလုံးစုံ ဖွင့်ဟ အသိပေးခဲ့သည်။ အိမ်နှင့်ခွဲကာ အဝေးမြို့မှာ ကျောင်းတက်နေသူ ဖြစ်တာကြောင့်

လည်း ပါပေမည်။ နားလည်သိတတ်လျှင် ပို၍ရင်နာရပေတော့သည်။ နွယ်နွယ့်လို ဘာမှမသိဘဲ နေခွင့်ရခဲ့လျှင် စိတ်သက်သာရာ ရလေမည်လားထင်မိ၏။

ကျွန်မတို့ သားအမိတစ်တွေကြားမှာ ဘယ်သူမှ ဘာမှမဖြစ်ကြပါဘဲ သည်လိုပဲ သေခြင်းတရားအကြောင်းကို ပြောရိုးပြောစဉ် ဆွေးနွေးခဲ့ကြဖူးပါသည်။ ထိုစဉ်က တစ်နေ့ မေမေ သေသွားခဲ့လျှင် ... ဟု ညမှာစိတ်ထဲ ခံစားကြည့်ရင်း ဝမ်းနည်းကာ မျက်ရည်ကျခဲ့ရဖူးပါသည်။ တကယ်တမ်း မေမေ့မှာ အဆုတ်ကင်ဆာဟု ရောဂါအမည် သိလိုက်ရပြီးသည့် အချိန်မှာတော့ ... ကျွန်မဘဝတွင် အရာရာ ပြောင်းလဲသွားတော့သည်။

မြင်နေကျ တွေ့နေကျ ပတ်ဝန်းကျင်လောကသည် အသစ်တစ်ခု ဖြစ်သွားသည်။ နာကျင်သော စိတ်ခံစားချက်ဖြင့် မြင်မိ ကြားမိ တွေ့ကြုံမိလာသည်။ ကျွန်မဘဝသည် ရုတ်တရက်ကြီးပင် ပြောင်းလဲသွားရတော့သည်။

အစ်မတို့ ပြန်သွားသည့်ညက စ၍ ကျွန်မ ငိုရတော့သည်။ အဆောင်မှာ စာကျက်ရင်းလည်း ငို ... မနက်ကျောင်းသွားဖို့ သနပ်ခါးသွေးနေရင်းလည်း ငို ... အိပ်ရာထဲမှာလည်း ငို ... မှတ်တမ်းရေးရင်းလည်း ငို ...။ အလိုလို မျက်ရည်များက ဒလဟော စီးကျနေတော့သည်။

ဘယ်လိုများ ခံနိုင်ရည်ရှိအောင် လုပ်နိုင်ပါမည်လဲ ...။

အခန်းဖော်တွေ သူငယ်ချင်းတွေနှင့် ရောနှောမနေသောအချိန်၊ ကျွန်မတစ်ဦးတည်း ဆိတ်ငြိမ်ရာမှာ ရှိနေတတ်ချိန်များတွင် အလိုလို မေမေ့ကို တွေးမိရင်း၊ မြင်ယောင်ကြားယောင်ရင်း မျက်ရည်တို့သည် ထိန်းမရအောင် ကျတော့သည်။ ရင်ဖွင့်စရာ၊ တိုင်တည်မြည်တမ်းရာ မှတ်တမ်းတွေ ရေးမိရင်း မျက်ရည်တွေတွေ စီးကျ၏။

လမ်းစရိတ်ကို ချွေတာသည့်အနေဖြင့် ကျောင်းရက်ရှည်ပိတ်မှ အိမ်ပြန်တတ်သော ကျွန်မသည် လမ်းခရီးစရိတ်ကို မချွေတာနိုင်တော့ဘဲ သောကြာနေ့ ညနေ လက်တွေ့ပြီးသည်နှင့် နောက်ဆုံးကား မီအောင် ပြေးရသည်။ စနေ၊ တနင်္ဂနွေ မေမေ့အနားမှာ ပြန်နေသည်။ တနင်္လာ မနက်မှ အစောဆုံး ၆ နာရီကားနှင့် မကွေးသို့ ကျောင်းချိန်အမီ ပြန်လာသည်။

တချို့ရက်တွေမှာ ပြန်ရောက်ပြီး စာသင်ခန်းဝင် လက်တွေ့ချိန်တွေ ဝင်လုပ်ပြီး အဆောင်မှာ ညပင်မအိပ်ဖြစ်တော့ဘဲ နေ့ချင်း အိမ်ပြန်တတ်လေသည်။ အဆောင်မှာ အတူနေ အခန်းဖော်များ မရှိခိုက်မို့ အခန်းရှေ့က စားပွဲမှာ အကျိုးအကြောင်း စာရေးထားခဲ့ကာ အဆောင်မှူးထံ ခွင့်ထပ်တင်ပေးဖို့ မှာခဲ့ရသည်။ အခန်းဖော် ရေနံချောင်းသူ မမတင်နွဲ့နှင့် တောင်တွင်းကြီးသူ မမို့ (မို့မို့ရည်) တို့က မေဂျာမတူသော်လည်း ကျွန်မကို စာနာစွာ အဆောင်နှင့် ကျောင်းကို ခွင့်တိုင်ပေးခဲ့ကြရသည်။

ရောဂါရပြီး မေမေ မဆုံးခင် နေမကောင်းစဉ်လများနှင့် ဆုံးပြီး တစ်နှစ် ... ထိုအချိန်ကာလများကို ကျွန်မဘဝထဲမှာ မရှိခဲ့ဖူးဘူးဟု ထင်မြင်ချင်ရလောက်အောင် ထိုအချိန်က အဖြစ်အပျက်များကို ဘဝထဲမှ ဆွဲထုတ်ပစ်ချင်သည်။ မခံစားချင်သော်လည်း ဝမ်းနည်းကြေကွဲမှုကို ခံစားရ၏။ တရိရိ ဆွေးစိတ်နှင့် နှလုံးကြေကွဲ နာကျင်ရ၏။ ခံနိုင်ရည်မရှိသော်လည်း ခါးဆီးခံရ၏။ လွှဲဖယ်၍မရ။ ပူဆွေးသောကများသည် ဖြေသိမ့်နိုင်စရာ မရှိ။ လှိမ့်၍သာ ခံရတော့သည်။

မေမေ့ရှေ့မှာတော့ ကျွန်မ ဘယ်တော့မှ မျက်ရည်မကျခဲ့ပါ။

'စာမေးပွဲကို အောင်အောင်ဖြေ။ နင် စာမေးပွဲကျမှာကို မေမေ မြင်ချင်မှာ မဟုတ်ဘူး ...'တဲ့။

စိတ်လွင့်ပါးလျက် စိတ်မပါဘဲနှင့် စာကျက်ရသည်။ စာမေးပွဲ ဖြေပြီးသည်နှင့် အိပ်ရာလိပ်နှင့် သေတ္တာဆွဲကာ ချက်ချင်း အိမ်အရောက် ပြန်လာသည်။

ငွေလည်း မတတ်နိုင်။ ဒီဘက်ခေတ်တွေလောက်လည်း အတွေ့အကြုံ ဗဟုသုတတွေ သိပ်မရှိသေးချိန်များမို့ လှဲမအိပ်နိုင်သော အဆုတ်ကင်ဆာရောဂါသည် မေမေ ထိုင်လျက် အိပ်ရသော အနေအထားမှာ လူမမာအတွက် သက်သောင့်သက်သာ ရှိမနေပါ။ ရိုးရိုးခုတင်မှာ စောင်တွေ၊ ခေါင်းအုံးတွေ ခု၍ မှီထိုင်ရသည်။ ခေါင်းကို ထောင်မတ်ထားနိုင်အောင် အမှီ မရှိပါ၊ အထိန်း မရှိပါ။ ခုတင်ခေါင်းရင်းပိုင်းကို သစ်သားပြားထပ်တင်ကာ အမှီမြင့်အောင် လုပ်ပေးထားရသည်။ အမှီစောင်တွေ၊ ခေါင်းအုံးတွေကို ဘေးတိုက်ကလေး မှီထိုင်နေသော မေမေသည် မိန်းမောနေဟန်

ရှိသည်။ ခုတင်ပေါ်က မေမေ့ဘေးမှာ ကျွန်မ ဝင်ထိုင်လိုက်သောအခါ အနားကို လူရောက်လာမှန်း သိသွားသော မေမေက မျက်ခွံမို့အစ် ဖောင်းနေသည့်ကြားက ကြိုးစား မျက်လုံးဖွင့်ကာ လေသံတိုးတိုးဖြင့် မေမေက မေးပါသည်။ စကားတွေ ပြောနေပါသည်။

'ရောက်ပြီလား ... ရောက်ပြီလား ...'

'ဒီနေ့ ဘယ်နှရက်လဲ ... ဘာနေ့လဲ ...'

ညစဉ် ဆေးခန်းအပြန် ညမိုးချုပ် ၉ နာရီလောက်မှ အိမ်ပြန်ရောက်မည့် ဆရာဝန်သမီးကို အနာသက်သာအောင် ဆေးထိုးပေးဖို့ မေမေ မျှော်လေသလား ... မကွေးမှာ စာမေးပွဲဖြေနေသူ ကျွန်မ ပြန်အလာကို စောင့်မျှော်နေခဲ့သလား ... ကျွန်မမသိနိုင်ပါ။ အစ်မကို မျှော်တာ ဖြစ်မှာဟုပဲ ကျွန်မ တွေးသည်။

'အစ်မ ရောက်တော့မှာ အမေ။ စောစောပြန်ခဲ့မယ်တဲ့ ... ပြောသွားတယ်။ ခဏနေ ရောက်တော့မှာပါ'

မေမေ မျက်လုံးပွင့်လာသည်။

'သမီးလား ... ရည်ရည်မွန်လား ...'တဲ့။

ကျွန်မ ပြန်ရောက်မှန်း သိသွားပါသည်။

ထိုညက မေမေ့ဘေးမှာ တစ်ညလုံး အတူထိုင်၍ မေမေ မေးခနဲ ငိုက်ကျသွားလျှင် ဘေးစောင်းမှီထားသော စောင်ထူထူ ပတ်ထားသည့် သစ်သားပြားနှင့် မထိမိအောင် မနာကျင်စေရန် မေမေ့နဖူးကို ကျွန်မ လက်ဖဝါးနှင့် အသာမ,၍ ထိန်းပေးထားခဲ့သည်။ နေ့စဉ် မေမေသည် စောင်ပတ်ထားသည့် သစ်သားပြားကလေးကို နဖူးမှေးတင် အိပ်နေရရှာသည်။ အသက်ကို ခက်ခဲစွာရှူရင်း မှိန်းနေသည့်ကြားက 'သမီး ... သွားအိပ်ချေ ... ပင်ပန်းလှရောပေါ့ ...'ဟု ပြောသေးသည်။ မနက်လင်းလုပေပြီ။

'ကျွန်တော် မအိပ်ချင်ပါဘူး ... အမေ အိပ်ပါ ...'

အိပ်နိုင်စိတ်ပင် မရှိအောင် မေမေ့ရဲ့ နောက်ဆုံး နေ့ရက်များမှာ ကျွန်မ အာရုံတွေ နိုးကြားနေမိသည်။

ရှေ့သို့ ငိုက်စင်းလာသော မေမေ့ဦးခေါင်းကို အသာထိန်းလျက်

မေမေ့ နဖူးပြင်ကို လက်ဖဝါးနှင့် ခံပေးကာ ထိန်း၍ထားသော ကျွန်မ လက်က အကြောတွေ တဆတ်ဆတ် တုန်လာသည်။ ထိုလက်ကို ကျန် လက်တစ်ဖက်ဖြင့် ဖေးမ ပင့်ထိန်းပေးရသည်။ နာနေသည့် လက်ကို ရုပ်ပြီး လက်ချင်း ပြောင်းလိုက်လျှင် မေမေနိုးသွားမှာ စိုးရိမ်မိသဖြင့် သည်အတိုင်း တစ်ညလုံး ဖေးမနေကာ အစ်မတွေ နိုးလာသည့်တိုင် မေမေ့ကို ပွေ့ထိန်း ထားခဲ့သည်။ နောင် ခုလို ပြုစုနိုင်ခွင့် ရတော့မှာမဟုတ်ဘူး ... ဆိုတာကို ကျွန်မ သိနေခဲ့သည်မို့ သည်ဒုက္ခတွေကို ကျေကျေနပ်နပ်ခံခဲ့ခြင်း ဖြစ်သည်။

ဆီးဝမ်းသွားဖို့ ပွေ့ထူပွေ့ချပြုတိုင်း ကျွန်မ ပွေ့တာ ညင်သာတယ်၊ မနာဘူးဟု မေမေက ပြောပေးရှာသည်။ မေမေ့ကိုယ်ကလေးသည် ပေါ့ ပေါ့လေးသာ ရှိတော့သည်။

နောက်နေ့မနက်မှာ မမဝင်း၏ မန္တလေးက သူငယ်ချင်း ဆရာဝန် ဒေါက်တာမဒွေးဝင်းနှင့် (မမဝင်း အပြင်ဆောင်နေစဉ်က အဆောင်ပိုင်ရှင် ၏သမီး၊ မမဝင်းနှင့် အမည်တူ) မတင်တင်ဝင်းတို့ ရောက်လာသည်။ မေမေ့ နောက်ဆုံးအချိန်အတွက် အစ်မတစ်ယောက်တည်း အားမငယ်အောင် လာရောက် ကူညီအားပေးခဲ့ခြင်း ဖြစ်သည်။

'အိပ်ချင်လိုက်တာ သမီးရယ် ...'ဟု မေမေ ရေရွတ်ရှာသည်။ လဲလျောင်း၍ ကျောခါးဆန့်ကာ မေမေ မအိပ်ရသည်မှာ ကြာလေပြီ ...။ အနာသက်သာအောင် ဆေးထိုးရချိန်များတွင် ယဲ့ယဲ့သာ ရှိတော့သော မေမေ့ကိုကြည့်ကာ ထိုအစ်မက ကျွန်မတို့ကို တိုးတိုးတိတ်တိတ် မှာသည်။ 'နင်တို့တွေ အစာလေးဝင်အောင် စားထားကြ။ နို့မို့ရင် စားနိုင်တော့မှာ မဟုတ်ဘူး ... ငါ စောင့်ပေးထားမယ် ...' ဟုပြောပါသည်။ အစ်မ ထိုးပေး မည့် ဆေးကိုလည်း သူက ထိုးခွင့်မပေး။

'နင် တော်ကြာ စိတ်ထိခိုက်နေမယ် ... ငါပဲ ထိုးပေးလိုက်မယ်'တဲ့။

သူငယ်ချင်းကို ဤမျှ ချစ်သော၊ စာနာတတ်သော ဆရာဝန် သူငယ် ချင်းတစ်ယောက် အစ်မအနားမှာ ရောက်လာပေးသည့်အတွက် ကျွန်မ မမေ့ပြနိုင်လောက်အောင် ကျေးဇူးတင်မိသည်။ ထိုအစ်မ၏ ထိုတစ်နေ့ က ကျေးဇူးသည် ကျွန်မတို့တစ်သက် ဘယ်တော့မှ ကျေအောင် ဆပ်နိုင် မည် မဟုတ်သော ကျေးဇူးတွေပဲ ... ဟု အမြဲအောက်မေ့နေမိပါသည်။

ဖေဖေက မေမေ့ခေါင်းရင်းဘက် အခန်းအပြင် ပြတင်းပေါက်ကနေ၍ ...

'မငြိမ် ... ဝေဒနာ သက်သာအောင် ရွတ်ဖတ်နေတယ်။ ဘုရားကို အာရုံပြုပြီး နားထောင်'ဟု အသိပေးပြီး ပရိတ်တော်များ ပဋ္ဌာန်းပါဠိများ ဆုတောင်းစာများ ရွတ်နေလေသည်။

မေမေသည် တစ်ချက်ကလေးမှ ညည်းတွားခြင်းမပြုဘဲ ဝေဒနာကို ကြိတ်မှိတ် သည်းခံသွားခဲ့ရှာသည်။ မေမေ့သတ္တိကို အံ့ဩမိပါသည်။ အိပ်ပျော်ရင်းကပဲ အသက်ကလေး မျှင်မျှင်လေး ရှူရင်း ရှူရင်း ... ဖျော့ဖျော့လာကာ အသက်ရှူရပ်သွားခဲ့ပါသည်။

မေမေသည် သူ့ရောဂါကို မတုန်မလှုပ် ခံယူသွားခဲ့သည်။ ကျွန်မတို့ထက် အမြဲတမ်း အသိရှေ့က ပြေးနှင့်လေသော မေမေတစ်ယောက် သူ့ရောဂါအခြေအနေကို ရိပ်မိ သိရှိသွားခဲ့လေသလားဟုပင် တွေးမိသည်။

လပေါင်းများစွာ မျက်ရည်တို့ ဒလဟော သွန်ချကာ ငိုခဲ့ရပြီးပြီမို့ထင်၏။ မေမေ ဆုံးတော့ ချမ်းချမ်းသာသာ အိုးပိုင်အိမ်ပိုင်မှာ စည်းစိမ်နှင့် နေမသွားရရှာတာကို တွေးရင်း မျက်ရည်ကျသည်ကလွဲလို့ နောက်ထပ် ကျွန်မ မငိုနိုင်တော့ပါ။ ကျွန်မထံမှာ မျက်ရည်များ ခန်းခြောက်သွားသကဲ့သို့ပင် ထင်ရ၏။ သို့သော် ရင်ထဲက အပူကတော့ တငွေ့ငွေ့ တမြည့်မြည့် ကျွမ်းလောင်နေတော့သည်။

သေသောသူ ကြာလျှင်မေ့ ... ဟု ဆိုရိုးရှိသော်လည်း ကျွန်မမှာတော့ မေမေ့ကို ပို၍ သတိရ အောက်မေ့နေတတ်သည်။

မေမေဆုံးခါစ နှစ်တွေမှာ ကျွန်မအသက် နှစ်ဆယ်ကျော်စအရွယ်မှာ လူ့လောကထဲ ရုန်းကန်ရင်ဆိုင်ရင်း အခက်အခဲတစ်စုံတစ်ရာ ပေါ်လေတိုင်း မေမေ့ကို အားကိုးတကြီး တ,ကာ တိုင်တည်တတ်ခဲ့သည်။ ကြုံတွေ့ရသော ကိစ္စမှန်သမျှကို ကျွန်မက ပြန်ပြောနေကျမို့ မေ့လျော့ကာ မေမေ အသက်ရှိနေသေးသလို ထင်မိကာ ပြောဖို့ ကြံနေတတ်သည်။ စိတ်ဒုက္ခ ရောက်တိုင်း မေမေ့ကို တ,တတ်သည်။ စိတ်ဝမ်းနည်းလျှင် မေမေ့ကို သတိရသည်။ ပျော်စရာ ဝမ်းမြောက်စရာတွေ့လျှင် ပြေးပြောဖို့ မေမေ့ကို သတိရသည်။ အတွေ့အကြုံအသစ်များ ကြုံရလျှင် မေမေ့ကိုပြောပြဖို့ သတိရ

သည်။ ဘဝမှာ အဆင်မပြေတာတွေ တွေ့ရလျှင် မေမေ့ကို တ,ဖို့ သတိရသည်။ သမီးပျို့ရွယ်တစ်ယောက် ဘဝမှာ အမေမရှိတော့တာ ဘဝမှာ နေရာအားလုံး လပ်ဟာသွားတာပါပဲ။

မေမေ သက်ရှိထင်ရှား ရှိမနေတော့တာကို မေ့လျော့ကာ မေမေ့ကို ပြောပြဖို့ ကြံမိသမျှ စကားတို့သည် လည်မျိုအပြင်သို့ ထွက်မလာနိုင်တော့ချေ။

ငါးအစိုကို ဆီလည်ရေလည်ချက်၍ ငရုတ်သီးစိမ်း နံနံပင်အုပ်ကာ ချက်စားမိတိုင်း မေမေ နှစ်သက်သော ဟင်းမို့ မေမေ့ကို သတိရသည်။ အရိုးမပါအောင် နွှာ၍ ငါးကျည်းခြောက်ကို ချက်စားဖြစ်တိုင်း မေမေ ကျွေးခဲ့ဖူးတာတွေ သတိရပြီး မေမေ့ကို လွမ်းသည်။ မေမေ့ကိုလွမ်းလို့ မြတ်လေးပန်းပျိုးပင်တွေ အကြိမ်ကြိမ် ဝယ်စိုက်လိုက် သေသွားလိုက်နှင့် နောက်ဆုံးမှာ ရှင်အောင် စိုက်နိုင်ခဲ့သည်။ ပန်းစိုက်အိုးထဲက မြတ်လေးပန်းပင်ကလေး အပွင့်တွေ ပွင့်လာသည့်အခါ ခူးဆွတ်ရသည့်အခါ၊ ဘုရားတင်သည့်အခါ၊ ပန်းရနံ့ကို ရလိုက်သည့်အခါ ... ထိုအခါတိုင်း များစွာမှာ မေမေ့ကို အောက်မေ့လှပါသည်။

ကျွန်မ ထင်မထားခဲ့ပါ။ ကျွန်မဘဝ၏ နေရာများစွာမှာ မေမေဟာ ရှိခဲ့တာပါလား ...။ မေမေ့ကို အသက်ရှင်စဉ်တုန်းက ကျွန်မက မချစ်တတ်ခဲ့ဘူးဟု ကျွန်မ ထင်ထားခဲ့ဖူးသည်တို့ အမှားကြီး မှားသွားခဲ့ပေပြီ။

မေမေ ဆုံးကာမှ ကျွန်မ မေမေ့ကို ချစ်တတ်နေတာပါလား ... ဟု နာကျင်ခြင်း ဖြစ်ရပြန်သည်။

အိမ်ထောင်သည်ဘဝ မိခင်ဘဝ ရောက်ခါစ ကျွန်မက မေမေနှင့် ဆွေးနွေးတိုင်ပင်စရာ၊ ပြောဆိုချင်စရာ ကိစ္စတို့ ပေါ်ပေါက်လာသောအခါ မေမေသည် ကျွန်မနှင့် ဘဝခြားခဲ့ချေပြီ။ ဘယ်မှာ ဘယ်မှ ရှာမရတော့ပေ။ မေမေသည် ကျွန်မဘဝမှာ ပျောက်ဆုံးခဲ့သောရတနာ ဖြစ်ခဲ့ပြီ။ ကံစီမံရာ ဆိုသော စကားသည် မျက်မုန်းကျိုးစရာ ကောင်း၏။ သို့သော် ဘာများတတ်နိုင်ပါမည်နည်း။ မေမေသည် ကျွန်မက တန်ဖိုးထား ချစ်ခင်တတ်လာသော အချိန်ထိတိုင် မစောင့်နိုင်ခဲ့ရှာပေ။ ကျွန်မတို့ ဘဝထဲမှ မေမေ ထွက်သွားခဲ့ရတာ အနှစ် ၃၀ တင်းတင်း ပြည့်ခဲ့ချေပြီ။ ကျွန်မ မေမေ့ကို ဘာ

ကျေးဇူးမှလည်း မဆပ်နိုင်ခဲ့။ ကျေးစွပ်ခြင်းတွေသာ ရှိကောင်း ရှိမည်။

ကျွန်မ အပြောအဆို အထင်အမြင်များကြောင့် မေမေ့ရင်မှာ ဘယ်မျှ နာကျင်ကြေကွဲခဲ့ရလေမလဲ ... ကျွန်မ မသိ။ ကျွန်မ မမှန်းဆတတ်ပြီ။ မေမေ့ရဲ့ အိပ်မပျော်တဲ့ညတွေကို ကျွန်မ တစ်ရေးနိုးမှာ တွေ့ရတတ်ချိန်က ဘာကြောင့် မေမေ မအိပ်နိုင်သလဲဟု မတွေးမိခဲ့။ မေမေ ဘာတွေများ ခံစားနာကျင်နေသလဲ ... မေမေ ဘာတွေများ ပူပန်သောက ရောက်နေရှာသလဲ ... ဟု မစာနာတတ်ခဲ့။ ယခုအခါမတော့ ကျွန်မသည်ပင် ညအတော်များများမှာ တစ်ရေးနိုးမှာ အတိတ်ကို သတိရရင်း မရေရာလှသော အနာဂတ်တွေကို စီမံဖို့ ကြိုးစားရင်း မေမေ့လို အိပ်မပျော်သော ဘဝတွေကို ပိုင်ဆိုင်ခဲ့ရချေပြီ။

တဖြည်းဖြည်းနှင့် သားလူပျို သမီးပျိုတို့၏ မိခင်ဘဝ ရောက်လာခဲ့သော သည်ဘက်နှစ်တွေမှာတော့ မိခင်တစ်ယောက်၏ ဘဝကို နားလည်စွာ ကရုဏာသက်စွာ သနားကြင်နာစွာနှင့် မေမေ့ကိုအောက်မေ့ လွမ်းဆွတ်တတ်လာပါသည်။ အားကိုးခြင်းတွေ၊ တိုင်တည်လိုခြင်းတွေ ဘာတစ်ခုမှ မပါတဲ့ သနားချစ်ခင်ခြင်းသက်သက်စိတ်ဖြင့် မေမေ့ကို လွမ်းတတ်ရပါသည်။

မေမေ့ကို အိမ်ဦးခန်းမှာထားကာ စားကောင်းသောက်ဖွယ်တွေ ကျွေးမွေးပြုစုလို့၊ မေမေ နှစ်သက်လှသော စာအုပ်တွေ ပေးဖတ်လို့၊ ဖတ်ပြလို့၊ မေမေ စွဲမက်သော သီချင်းဂီတသံတွေ လွှင့်ပျံ့လို့ သားအမိ မြေးအဘွားတစ်တွေ ပျော်ပျော်ပါးပါး နေချင်လှသည်။ မေမေ နွမ်းပါးခဲ့ရသမျှ ဖြည့်ဆည်းပေးချင်သည်။ ကျွန်မ အာရုံထဲမှာ မြင်နေကျ မေမေ ဆောင်းအခါခြုံနေကျ မီးလောင်ပေါက်ကလေး တစ်ခု နှစ်ခုလည်း ပါသော အစိမ်းနှင့်အဝါကြား ကန့်လန့်စင်း သိုးမွေးတဘက်စောင်ကို မြင်ယောင်ရင်း စိတ်မကောင်းဖြစ်ကာ ... မေမေ့ကို ခြုံစရာ တဘက်စောင်လှလှလေးတွေ ဝယ်ပေးလိုက်ချင်သည်။ မေမေ့ကို ဘယ်လိုမှ ကျေးဇူးဆပ်ခွင့် မကြုံနိုင်တော့သည့် သည်ဘဝကို ကြေကွဲတတ်လာသည်။

မေမေ့ မာဆတ်ဆတ် လေသံနှင့် ဆုံးမစကားတွေ ဟိုစဉ်က နားပူလှသည် ထင်ခဲ့သမျှတွေ ခုနေခါ ပြန်လည်ကြားချင်စမ်းလှသည်။ မေမေ့

မေတ္တာကို ကျွန်မက အထင်မှား အမြင်မှားနှင့် ပြောမှားဆိုမှား ရှိခဲ့သမျှ ဝန်ချ တောင်းပန်ချင်သည်။ ကျွန်မကြောင့် ဖြစ်ခဲ့ရသည့် စိတ်နှလုံး မသာယာမှုတွေကို အေးချမ်းသွားအောင် ပြေပျောက်သွားအောင် ဖြေလျှော့ပေးလိုက်နိုင်ချင်သည်။

မေမေ့ အပြစ်ဆို ဝေဖန်မှုများ၊ မေမေ့ ဆုံးမစကားများအောက်က မေမေ့ မေတ္တာ ကရုဏာအစစ်ကို ခုတော့ ကျွန်မ ရှာတွေ့ခဲ့ပါပြီ။ မေမေ့ကိုလည်း နားလည်ခဲ့ပြီ။ မေမေ့အချစ်ကိုလည်း သိပြီ။ မေမေ့ကိုလည်း ချစ်တတ်ခဲ့ပါပြီ ... ဆိုသည့်အကြောင်းတွေကို မေမေသိအောင် ပြောပြနိုင်ဖို့ အတွက်တော့ နှစ်ပေါင်းများစွာ နောက်ကျသွားခဲ့လေပြီ။

ဝိုင်း

၂၇၊ ၈၊ ၂၀၀၈။

# ပန်းထိုးအိပ်ရာခင်း

အသွင်သဏ္ဍာန်မျိုးစုံဖြင့် အပ်ချည်လုံး အရောင်မျိုးစုံသည် ကျွန်မ၏ စာရေးစားပွဲပေါ်မှာ ပြန့်ကျဲလျက် ရှိသည်။

တကယ်တော့ ကျွန်မနှင့် ဒီအပ်ချည်လုံးတွေက ဘာမှမဆိုင်။ ကျွန်မ အတွက် လိုအပ်သည်က ဖောင်တိန်ပင် သို့မဟုတ် ဘောလ်ပင်နှင့် စာရွက် သို့မဟုတ် စာအုပ်၊ သို့မဟုတ် ကွန်ပျူတာ၊ ဒါပဲ ဖြစ်သင့်သည် မဟုတ်လား။ အခုတော့ ကျွန်မက အပ်ချည်လုံးတွေနှင့် လုံးထွေးလျက် ရှိသည်။

ချုပ်လုပ်ခြင်းအတတ်ပညာကို ကျွန်မဘဝ၏ ပြီးခဲ့သမျှအချိန် အား လုံး၏ အပုံတစ်ရာပုံလျှင် တစ်ပုံတောင် အသုံးမချခဲ့မိပေ။ ဒါနှင့်များ ထို မိန်းမသည် အခုတော့ အပ်ချည်လုံးတွေနှင့် အလုပ်ရှုပ်တော့မလို့တဲ့။ ကျွန်မ ရှေ့မှာ အချုပ်အလုပ်နှင့်ဆိုင်သော လက်မှုပစ္စည်းတွေ ရောက်နေပြီ။ ကျွန်မ ရောက်သမျှ နေရာတိုင်းကနေ စိတ်တိုင်းကျ ရွေးချယ် ဝယ်ယူထားခဲ့ခြင်း ဖြစ်သည်။ မေမေသာ မြင်နိုင်ခဲ့မည်ဆိုလျှင် ကြည်နူးကျေနပ်ရှာလေမလား။ သို့မဟုတ် သရော်တော်တော် အပြုံးဖြင့်ပဲ ပြုံးလိုက်လေမလား။

အခုတော့ ညည်းက ပန်းထိုးတော့မလို့ပေါ့လေ။

ဟုတ်တယ် မေမေ။ သမီး ပန်းထိုးချင်နေပြီ။

ဘယ်တုန်းကစပြီး ကျွန်မ ပန်းထိုးဖို့ စိတ်အားထက်သန်သွားသလဲ ကျွန်မ အသေအချာ မသိပါ။ သေချာတာကတော့ ကျွန်မ အိပ်ရာခင်း တစ်ခုကို ပန်းထိုးချည်ရောင်စုံဖြင့် ပန်းထိုးအလှဆင်မလို့ပါ။

ကြည့်ပါဦး။ အပ်ချည်လုံးတွေ အပ်ချည်ခင်တွေကလည်း အဆင်သင့်။

တချို့အပ်ချည်လုံးက ဘဲဥသဖွယ် ခပ်လျားလျား အလယ်မှာ ဖောင်း ဖောင်း။ တချို့အပ်ချည်လုံးက စက်လုံးပုံစံနီးပါး လုံးဝန်းသည်။ တချို့က တော့ သာမန် မြင်နေကျ စက်ချုပ်အပ်ချည်လုံးတွေပါ။ တချို့ကျတော့ အပ်ချည်ကို လက်ညှိုးခန့် လုံးပတ်ဖြစ်သွားအောင် အခွေလိုက်လုပ်ထားပြီး အလယ်မှာမှ စက္ကူတံဆိပ်ဖြင့် ပတ်လည် ပြန်ချည်ကပ်ထားသော အပ်ချည် ခေါက် ချည်ခင်လေးတွေပါ။ စက်ရုံတံဆိပ် ပါသည်။ ဈေးနှုန်း ပါသည်။ ကွန်ပျူတာဖြင့် မှတ်ထားသည့် သင်္ကေတကုတ်တွေ ပါသည်။ ထုတ်လုပ် သည့် နိုင်ငံအမည် ပါသည်။ အပ်ချည်တစ်ချောင်းချင်းစီ၏ လုံးပတ်က လည်း တစ်ခုနှင့် တစ်ခု ကွဲပြားသေး၏။ သေးသေးမျှင်မျှင်၊ ခပ်တုတ်တုတ်၊ ချည်မျှင် နှစ်စပူးလိမ်၊ ခြောက်စပူးလိမ်။ ချည်အပ်ချည်၊ ပိုးအပ်ချည်၊ အရောင်အသွေး စုံလိုက်သမှ အပ်ချည်တစ်လုံးတည်းမှာကိုပဲ အပ်ချည် သည် အနုအရင့် အရောင်ပြေးဖြစ်နေသဖြင့် ကြည့်ရတာ သက်တံရောင်စုံ လိုလို၊ လှတောင် လှနေသေးတော့သည်။ တော်တော် ဉာဏ်ပြေးသည့် ကုန်ထုတ်လုပ်သူတွေပဲ။ သို့မဟုတ် အနုပညာရှင်တွေဟု ပြောရမလား။ ထိုအပ်ချည်ဖြင့် ပန်းထိုးလိုက်လျှင် ပန်းပွင့်ချပ်တစ်ခုသည် တစ်ရောင် တည်း ပိန်းမနေဘဲ ပန်းချီသဘောအရ အလင်းတင်ထားသလို အနုအရင့် အဖျော့ရယ်လို့ ခပ်ပြေပြေ အရောင်ပြောင်းလျက် သဘာဝကျကျ လှပ လာလေသည်။

ထိုအပ်ချည်များကို သုံးလျက် ကျွန်မ အိပ်ရာခင်းတစ်ခုကို အလှ ဆင်တော့မည်။ သို့သော် ရယ်စရာများ ကောင်းမလားတော့ မသိ။ ကျွန်မ မှာ အပ်ချုပ်စက် မရှိပါ။

ကိစ္စမရှိပါ။ စက်ဖြင့် ချုပ်ရိုးဖြောင့်အောင် မပေါက်တတ်ပေမဲ့ လက်ဖြင့် ဖြောင့်နေအောင် ကျွန်မ ချုပ်နိုင်ပါသည်။

မေမေက ကျွန်မတို့ကို လက်ချုပ်ချုပ်နည်း၊ လက်ကိုင်ပဝါ ပန်းထိုးနည်း၊ ခေါင်းအုံးစွပ်ချုပ်နည်း၊ ခေါင်းအုံးစွပ်အသားမှ အပ်ချည်မျှင်လေးတွေကို ဖောက်ယူပြီး ဇာသဖွယ်ဖြစ်အောင် ချိတ်ဆက် တွဲချုပ်နည်းတို့ကို သင်ပေးခဲ့သည်။ အပ်စောင်း၊ အပ်ပြန်၊ အသီကြီး၊ အသီလေးတဲ့။ အပ်ချုပ်နည်းတွေကို အမျိုးမျိုး ပြသပေးခဲ့သည်။ ကျောင်းမှာ ဖွံ့ဖြိုးချိန် ခေါ်သည့် အားလပ်ချိန်တွင် အိမ်တွင်းမှုနှင့် ပန်းချီ ဟူ၍ ကြိုက်ရာရွေးခွင့်ရှိသည့်အခါတုန်းက ပန်းချီကို ကျွန်မ ရွေးခဲ့၏။ ပန်းချီရေးဆွဲခြင်းဖြင့် ပျော်မွေ့နိုင်မည်ဟု ထင်ပြီး ကျွန်မဘဝ၏ သုံးပုံတစ်ပုံလောက်မှာ ပန်းချီတွေ ဆွဲဖို့ ကြိုးစားအားတက်နေခဲ့၏။ အခုတော့ ကျွန်မသည် ပန်းချီဆွဲခဲတံနှင့် စုတ်တံကို ပစ်ချခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ အခုအခါ ကျွန်မ အဝတ်စတွေနှင့် အပ်တွေ၊ အပ်ချည်တွေကို ပိုပြီး စိတ်ဝင်စားမိနေသည်။

မိန်းမတစ်ယောက်သည် မိမိ၏ အသက်မွေးဝမ်းကျောင်းအလုပ်ကို ပစ်ပယ်ထားပြီး တစ်သက်လုံး လှည့်မကြည့်ခဲ့သည့် အချုပ်အလုပ်ကို အခုမှ စိတ်ဝင်စားနေပြီ ဆိုလျှင် အဲဒါ သာမန်စိတ် မဟုတ်ဘူးတဲ့။ ညီမလေးက မှတ်ချက်ချပါသည်။ ကျွန်မ၏ညီမလေးကို ဖုန်းဆက်စဉ်က သူသည် စိတ်ရှုပ်သွားသည့် လေသံမျိုးဖြင့် ကျွန်မကို ပြောခဲ့တာပေါ့။

'အစ်မ ... နင် ဘာကြောင်နေတာလဲ။ ဘာတွေ ချုပ်မှာလဲ။ ကိုယ့်စာကိုယ် ရေးတာ မဟုတ်ဘူး'

သူ နားမလည်ပါ။ သူ နားမလည်တာ အထူးအဆန်း မဟုတ်။ ကျွန်မလည်း ကိုယ့်ကိုယ်ကိုယ် နားမလည်ဘူးလေ။

'ကဲပါဟာ ... ငါ့ဟာငါ ဘာပဲလုပ်လုပ် မေမေ့ ပန်းထိုးခွေ နင့်ဆီမှာလား။ အစ်မကတော့ သူ့ဆီ မရှိဘူးတဲ့။ နင့်ဆီမှာပဲ ဖြစ်မယ်။ နင် ငါ့ကို ကားဂိတ်ကနေ ပို့ပေးပါလား'

ပန်းထိုးတော့မည်ဆိုတော့ အရေးအကြီးဆုံး လက်မှုပစ္စည်းတစ်ခု ကျွန်မ လိုအပ်သည်။ ပန်းထိုးခွေပေါ့။

ပန်းထိုးခွေကို ကျွန်မ စမြင်ဖူးစဉ်ကတည်းက ချစ်စရာလေးဟု တွေးမိသည်။ သစ်သားအချောစားဖြင့် ပြုလုပ်ထားသည့် ကွင်းနှစ်ခု၊ တစ်ခုကို

တစ်ခုတွင် ကွက်တိ စွပ်လို့ရသည်ဆိုတော့ နှစ်ထပ်ကွင်းလေးပေါ့။ သစ်သားကို အဖြောင့်သာ ဖြတ်တောက်ကာ လက်သမားအလုပ် လုပ်တာတွေ တွေ့ဖူးသည့် ကျွန်မအတွက် သစ်သားကို ပါးပါးသေးသေးလေး စက်ဝိုင်းပုံကွင်းလုပ်ထားတာ မြင်ရတော့ အံ့ဩလို့ မဆုံးတော့ပေ။ စက်ဝိုင်းပုံကွင်း ဖြစ်အောင် ခွေထားသည့် ချောမွတ်နေသော သစ်သားကွင်း နှစ်ထပ်လေးကို ကျွန်မ ဟိုဘက်က ငဲ့စောင်းလိုက်၊ ဒီဘက်က ငဲ့စောင်းလိုက်နှင့် ဘယ်နေရာမှာများ ဆက်ရာတွေ့မလဲဟု လိုက်ရှာပြီး ဆက်ရာလည်း မတွေ့ရ။

'အဆန်းပဲနော် မေမေ'

အတွင်းကွင်းက အသေး၊ အပြင်ကွင်းက အရှင်။ အပြင်ကွင်း သစ်သားခွေ၏ အစွန်းနှစ်ခုက ဆွဲဟလို့ရသည်။ အပြင်ကွင်း၏အစွန်းနှစ်ဖက်ကို ဂစ်တာကြိုးညှိသလို ဝက်အူကြပ်ဖို့ ကိရိယာလေးတစ်ခု တပ်ထားသည်။ ဝက်အူလှည့်လေးဖြင့် ကျပ်အောင် လှည့်ယူလျှင် ကွင်း၏အစွန်းနှစ်ဖက်က ပိုပိုနီးပြီး ကွင်းက ကျပ်သွားသည်။ အတွင်းကွင်းပေါ်တွင် ပန်းထိုးမည့် အဝတ်စကို အသာအုပ်လိုက်၊ ပြီးတော့ အပေါ်ကွင်းဖြင့် အဝတ်စပေါ်ကနေ မူလကွင်းပေါ် ထပ်ကျအောင် စွပ်ချလိုက်။ ကွင်းတစ်ခုနှင့်တစ်ခု ထပ်သွားသည့်အချိန်တွင် အဝတ်စကို တင်းတင်းလေးဖြစ်အောင် ခွေ၏ဘေးဘက်မှ ဆွဲယူပြီး ညှိရသည်။ အဝတ်စလေးသည် ကွင်းထဲမှာ ခပ်တင်းတင်းလေး ဖြစ်နေပြီဆိုလျှင် ပန်းထိုးခွေသည် အသုံးပြုဖို့ အဆင်သင့်ဖြစ်ပြီ။ ကွင်းနှစ်ခု ထပ်သည့်အခါ အဝတ်စ တစ်လွှာစာသာ နေရာလွတ်ဖြစ်အောင် ထပ်နေရမည်။ အဲလို မဟုတ်ဘဲ ကြားမှာ ချောင်နေခဲ့လျှင် အပြင်ကွင်းကို ကျပ်ပေးရမည်။

ကျွန်မမှာ ပန်းထိုးခွေတစ်ခု လိုအပ်သည်မို့ ဝယ်ဖို့ ဟိုတစ်နေ့က ဈေးသို့သွားတော့ ဈေးမှာ ကျွန်မ လိုချင်သည့် သစ်သားပန်းထိုးခွေ မရှိ။ ပလတ်စတစ်ပန်းထိုးခွေပဲ ရှိသည်။ သစ်သားလိုချင်လျှင် ရက်အနည်းငယ် စောင့်ရမည်တဲ့။ ကျွန်မ စောင့်ပါမည်။ ပလတ်စတစ်ပန်းထိုးခွေကို ကျွန်မ မလိုချင်ပါ။ ပလတ်စတစ်ကို မုန်းသည့် အကြောင်းတစ်ခုတည်းကြောင့် မဟုတ်။ မေမေ တစ်ခါတုန်းက ကိုင်ခဲ့သည့် ပန်းထိုးခွေက သစ်သားလေ။ ကျွန်မဘဝတွင် ပထမဆုံးအကြိမ်အဖြစ် ပိတ်ဖြူစလေးကို ခွေနှစ်ခုကြား

ညှပ်၊ ခပ်တင်းတင်းဖြစ်နေအောင် အလျှော့အတင်းညှိပြီး ပန်းထိုးဖို့ သင်ယူစဉ်က ကျွန်မလက်နှင့် ထိလိုက်ရသည့် မေမေ့ ပန်းထိုးခွေလေး၏ အတွေ့ကို အခုထိ ပြန်သတိရနေဆဲ။

'နင်ကတော့ လုပ်ပြီ။ ငါ့ဆီကနေ နင်ပဲ ယူသွားတာလေ'

ညီမအသံက ရယ်ချင်သည့် အသံမျိုး။

'ဟင် ... ငါယူတယ်၊ ဟုတ်လား။ ဘယ်တုန်းကလဲ'

'ကြာလှပြီလေ။ ဆယ်နှစ်လောက်တောင် ရှိရောပေါ့'

'အို ... ဟုတ်လို့လား'

'ဟာ ... ဟုတ်ပါတယ် အစ်မရယ်။ ငါ မှတ်မိတာပေါ့။ နင် မန္တလေးကနေ အပြန်မှာ ယူသွားတာလေ'

ကျွန်မ အခုတလော တော်တော် သတိမေ့တတ်သည်ဟု ထင်သည်။ ကျွန်မဆီမှာဆိုလျှင် ရှာရဦးမှာပေါ့။ ကျွန်မ သိမ်းဆည်းထားသည့် ဖွင့်မကြည့်ဖြစ်တာ ကြာပြီဖြစ်သော အဝတ်သေတ္တာတွေထဲမှာ ရှိနိုင်မလား။ သံသေတ္တာတွေ၊ ခရီးဆောင် အဝတ်သေတ္တာတွေ။ အဝတ်ဗီရိုတွေ။

'ဒါပေမဲ့ အစ်မ ... နင့်ဟာက ဟုတ်ကော ဟုတ်သေးရဲ့လား။ စိတ်က ပုံမှန်ရော ဟုတ်ရဲ့လား'

'အို ... ဘာဖြစ်လို့လဲ'

'မသိဘူးလေ။ ဘယ်တုန်းကမှ အချုပ်အလုပ် စိတ်မဝင်စားဘဲနဲ့ အခုမှ ဝင်ငွေရှိတဲ့အလုပ်ကို ဘေးဖယ်ပြီး ဒါတွေ လုပ်ချင်နေတာဆိုတော့'

'အို ... ငါ စိတ်ဝင်စားပါတယ်။ အချိန်မပေးနိုင်ခဲ့လို့'

မေမေ ပန်းထိုးသည့်အချိန်များတွင် ကျွန်မက ဘေးကနေ စောင့်ကြည့်ခဲ့ဖူးတာ ခဏခဏပါ။ ဘာပန်းလေးတွေ ဖြစ်လာမှာလဲ။ ဘယ်လို ပုံစံလေး ထွက်လာမှာလဲ။ နောက်တော့ ပန်းပွင့်ရောင်စုံလေးတွေ ရုပ်လုံးပေါ်လာသည့်အခါ ကျွန်မ ပျော်လေသည်။

'အခု အချိန်ပေးနိုင်ပြီလား'

'အေး'

'စာမူအကြွေးတွေ မရှိတော့ဘူးလား'

ကျွန်မသည် ရက်ချိန်းမှန်မှန် စာမူပေးနိုင်အောင် စနစ်တကျ အလုပ်

လုပ်တတ်သူ မဟုတ်မှန်း ညီမက အသိဆုံးပေါ့။ ကျွန်မမှာ စာမူကြွေးတွေ အများကြီး ရှိနေမည်ဟု သူ သိနေမှာပါ။

ကျွန်မ မဖြေပါ။

'အေးလေ ... နင် စိတ်ချမ်းသာမယ်ဆိုရင် လုပ်ပါ။ စာမူကြွေးတွေ တော့ အရင်ဆပ်လိုက်ပါဦး။ ပြီးရင် ဘယ်သူ့ကိုမှ ဘာကတိမှ မပေးနဲ့တော့'

'အေး'

ကျွန်မ စိတ်ဓာတ်တက်ကြွသွားသည်။ ကျွန်မကို အစ်မက အားမပေး ပေမဲ့ ညီမက အားပေးနေပြီ မဟုတ်လား။ ပန်းထိုးတော့မည်။ စက်ချုပ် နည်း၊ ပန်းထိုးနည်း စာအုပ်ပေါင်းများစွာကို ရောက်လေရာရာမှ ဝယ်ယူ ထားခဲ့ပြီမို့ ကျွန်မဆီမှာ စုံနေပြီ။ လက်တွေ့ မချုပ်ရသေးတာပဲ ရှိသည်။

ကဲ ... လက်တွေ့ချုပ်လို့ အောင်မြင်ပါပြီတဲ့။ အဲဒီကနေ ဝင်ငွေ ရမှာလား။

ဘယ်ရမလဲ။ တစ်ပြားမှ မရနိုင်။ ဝင်ငွေလိုချင်ရင် ဘယ်စက်ချုပ် မလဲ။ စာရေးမှာပေါ့။ ကျွန်မ၏ အသက်မွေးဝမ်းကျောင်းအလုပ်က စာရေး ခြင်းပဲ။

ငွေလည်းမရ၊ ကိုယ်လည်း လုပ်နိုင်၊ မလုပ်နိုင် မသေချာသည့် ဒီ အလုပ်ကို ကျွန်မ ဘာဖြစ်လို့ လုပ်မှာလဲ။

လုပ်ချင်လို့ပေါ့။

ဘာဖြစ်လို့ လုပ်ချင်တာလဲ။ ဘယ်သူ့ကိုများ ပန်းထိုးလက်ရာကို လက်ဆောင်ပေးမှာမို့လဲ။

ထိုစကားကို ညီမက မမေးလိုက်သည့်အတွက် ကျွန်မ သူ့ကို ကျေးဇူး တင်ပါသည်။ ကျွန်မ ဖြေလျှင် သူ ယုံမှာမဟုတ်။

ကျွန်မမှာ ပေးစရာ ဘယ်သူမှ မရှိပါ။ ညီမလို အစ်မလို ကျွန်မမှာ သမီးလည်း မရှိ၊ သားလည်း မရှိ၊ သူငယ်ချင်းကိုလည်း ပေးစရာ မလို။ ချစ်သူဆိုတာလည်း မရှိ။ ထို့ကြောင့် ဘယ်သူ့ကိုမှ မပေးပါ။ ကိုယ့်ကိုယ်တိုင် ပန်းထိုးကြည့်ချင်တာပါပဲ။

ဘာဖြစ်လို့လဲ။

စိတ်ကြည်နူး ချမ်းမြေ့ရမည် ထင်လို့။

ဒါဖြင့် စာရေးရတာ စိတ်မချမ်းမြေ့ဘူးလား။

ကျွန်မ တွေဝေသွားသည်။ တစ်ခဏကြာတော့မှ အဖြေရသည်။

စိတ်ချမ်းမြေ့ခဲ့ဖူးပါသည်။

ဒါဖြင့် အခုရော။

ထိုအဖြေကိုလည်း ကျွန်မ တော်တော်ကြာကြာ စဉ်းစားနေရပြန်သည်။

ကိုယ့်ကိုယ်ကို မလိမ်ညာဘဲ အမှန်အတိုင်း ဖြေစမ်းပါ။ ဒီအဖြေကို ကျွန်မက မေးပြီး ကျွန်မကပဲ ဖြေနေတာ မဟုတ်ဘူးလား။ ကျွန်မ အဖြေကို ဘယ်သူမှ မကြားနိုင်။ ဖြေစမ်းပါ။ အမှန်အတိုင်း ဖြေလိုက်စမ်းပါ။

အင်းလေ၊ စာရေးဆရာတစ်ယောက်မှာ စာမရေးချင်သည့်အချိန်ဆိုတာလည်း ရှိမှာပဲ မဟုတ်လား။ ရှိလည်း ရှိသင့်တာပဲလေ။ ဟုတ်တယ်။ ကျွန်မ အခု စာမရေးချင်ဘူး။ စာရေးဖို့ ကြိုးစားတိုင်း ကျွန်မ အာရုံထဲမှာ စာကြောင်းလေးတွေ၊ စကားလုံးလေးတွေ မပေါ်လာဘဲ အရောင်တွေ အဝတ်စတွေပဲ ဘာဖြစ်လို့ ပေါ်လာနေတာလဲ ကျွန်မ မသိ။ စကားလုံးတွေ၊ စာကြောင်းတွေ စဉ်းစားရတာ ဦးနှောက်ခြောက်လှပြီမို့ ဖြစ်မှာပေါ့။ စိတ်ပင်ပန်းလှပြီမို့ ဖြစ်မှာပေါ့။ အထူးသဖြင့် စိတ်ထဲမှာ ရေးချင်စိတ်တွေ တားမရဆီးမရ ပေါ်နေသည့်အချိန် မဟုတ်ဘဲ၊ တာဝန်တစ်ခုအနေနှင့် ရေးရလျှင် ပင်ပန်းမှာပေါ့။

ဒါဖြင့် အပ်ချည်လုံးတွေ၊ အဝတ်စတွေ၊ ပန်းပွင့်ဒီဇိုင်းတွေ ပုံဖော်ဖို့ စဉ်းစားရတာကျတော့ရော။

အရောင်တွေကို ခြယ်မှုန်းပြီး အပွင့်တွေဖော်ရတာ စိတ်မပင်ပန်းပါဘူး။ အခုဆို တွေးနေရုံနှင့်ပင် စိတ်လှုပ်ရှားနေတာပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်မကို မတားပါနှင့်တော့။ ကျွန်မ ပန်းထိုးချင်သည်။ ကျွန်မ ပန်းထိုးခွေ တစ်ခုလောက် လိုချင်သည်။ သစ်သားပန်းထိုးခွေနော်။ ပလတ်စတစ် ပန်းထိုးခွေ မဟုတ်။ မေမေ့ ပန်းထိုးခွေလိုမျိုး။

မေမေ့ ပန်းထိုးခွေကို ကျွန်မ ရှာဖွေနေရင်း မေမေ ပန်းထိုးနေသည့် ပုံသဏ္ဍာန်ကို အာရုံထဲမှာ ပြန်မြင်ယောင်လာခဲ့သည်။ မေမေသည် နေ့လယ်ခင်းတွေမှာ ပန်းထိုးလေ့ရှိသည်။ ပြတင်းပေါက်ဘေးမှာ ကုလားထိုင်ဖြင့်

ထိုင်လျက် ပန်းထိုးနေသော မေမေ့ကိုကြည့်ပြီး မေမေ မပျင်းဘူးလားဟု ကျွန်မ မေးခဲ့ဖူးသည်။ မေမေက ပြုံးလျက် ခေါင်းယမ်းသည်။

'မပျင်းပါဘူး။ မေမေက ပန်းထိုးပြီးရင် ပေါ်လာမယ့် ပန်းချီလက်ရာလေးကို ကြိုပြီး မှန်းဆကြည့်နေတာ။ တဖြည်းဖြည်း နီးလာလေ ပုံပေါ်လာလေ ပိုပြီး ကြည်နူးလေပေါ့ သမီးရယ်။ သမီးလည်း နည်းနည်းလေးတော့ ထိုးကြည့်နော်'

'ဟင့်အင်း ... သမီးတော့ ပန်းမထိုးချင်ပါဘူး။ ညောင်းတယ်'

'စိတ်မပါချိန်မှာ ညောင်းမယ်။ စိတ်ပါတဲ့အချိန်ဆို မညောင်းပါဘူး။ အာရုံစိုက်မိနေရင် ညောင်းမှန်း မသိပါဘူး။ စာဖတ်လို့ ငြီးငွေ့သွားတဲ့အချိန်မှာ ပန်းထိုးပေါ့ သမီးရဲ့'

'မထိုးဘူး။ ဘယ်တော့မှ မထိုးဘူး။ စာဖတ်ရတာ ညောင်းရင် သမီးတော့ ရုပ်ရှင်ပဲ ကြည့်ပစ်လိုက်မယ်'

အဲသည်တုန်းက ကျွန်မ ရုပ်ရှင်သိပ်ကြိုက်ခဲ့တာကိုး။ ကျွန်မ နှစ်သက်သော ရုပ်ရှင်ဇာတ်ကားကို ကြည့်လို့ဖြင့် ဘယ်တော့မှ ငြီးငွေ့မှာ မဟုတ်ဟု ထင်ခဲ့တာကိုး။ အခုတော့ ကျွန်မသည် အလွန်နှစ်သက်သည့် မင်းသားပါဝင်သည့် ဇာတ်ကားကိုတောင် တစ်ကားဆုံးအောင် မကြည့်နိုင်တော့သည့် အဖြစ်။ ထိုအဖြစ်မျိုးကို ကျွန်မ ဘယ်တုန်းကမျှ မျှော်လင့်မထားခဲ့မိပါ။ ကျွန်မ အပျင်းကြီးသွားတာလား။ ပင်ပန်းလွန်းနေတာလား။ ဘာကိုမှ စိတ်မဝင်စားနိုင်လောက်အောင် အရာရာကို ငြီးငွေ့နေ ပြီလား။ ကျွန်မကို စိတ်ဝင်စားအောင် ဘယ်သူကမှ ဘယ်အရာကမှ မဆွဲဆောင်နိုင်တော့ဘူးလား။ ထိုအဖြစ်ကို ကျွန်မ တကယ်ပဲ ထိတ်လန့်လာခဲ့သည်။ ကျွန်မ ဘာဖြစ်နေတာလဲ။

အခုတော့ ကျွန်မအတွက် စိတ်ဝင်စားစရာတစ်ခု ရလာခဲ့ပြီ။ ပန်းထိုးခြင်း အနုပညာကို ကျွန်မ သဲသဲမဲမဲကို စိတ်ဝင်စားနေမိပြီ။ အခု ကျွန်မ မေမေ့ ပန်းထိုးခွေကို အသည်းအသန် ရှာဖွေနေမိပြီ။ ကျွန်မ အသိမ်းအဆည်း ကောင်းလွန်းလို့ ထင်ပါရဲ့။ အခုထိ ရှာမတွေ့သေးပါ။ နေပါဦး၊ ကျွန်မ အခုမှ သတိရသည်။

တစ်ခါတုန်းက မေမေက ကျွန်မအတွက် အိပ်ရာခင်းလေးတစ်ခု

ပန်းထိုးပေးခဲ့သည် မဟုတ်လား။ အိပ်ရာခင်း ပန်းနုဖျော့ဖျော့ပေါ်မှာ ပန်းရင့်ရောင်နှင့် မီးခိုးရောင် တွဲစပ်ထားသည့် သစ်ရွက်သစ်ခက် ပန်းပွင့်ပုံလေးများကို ပြန့်ကျဲနေအောင် ထိုးပေးခဲ့သည်။ ပန်းထိုးခွေလေးကို အိပ်ရာခင်းစပေါ်မှာ တစ်နေရာပြီးတစ်နေရာ နေရာရွှေ့လျက် မန္တလေး ဆေးတက္ကသိုလ်သို့ ကျောင်းသွားတက်ခါနီး သမီး အိပ်ဖို့တဲ့။ မေမေ ပန်းထိုးပေးခဲ့တာပါ။

'မေမေ ဘာပန်းလဲဟင် ...'

'နှင်းဆီပန်းလေးတွေ ထိုးမလားလို့။ သမီး ကြိုက်တယ် မဟုတ်လား'

'အင်း ... ဒါပေမဲ့ ပန်းအိလေးတွေ ထိုးပါလားလို့'

ကျွန်မတို့ခြံထဲမှာ ပန်းအိရောင်စုံ ပွင့်နေခဲ့ဖူးသည်။ ပန်းအိ အဖြူ၊ ပန်းအိ ပန်းရောင်။

'တကယ်လား။ ပန်းအိက ပိုတောင် လွယ်သေးတာ။ နှင်းဆီဆိုရင် အပွင့်က အထပ်တွေ ထည့်ရတာ'

'အင်း ... ပန်းအိပဲ။ ပြီးတော့ သမီးကို လိပ်ပြာလေးတစ်ကောင် ထည့်ပေးနော်'

'သမီး လိုချင်ရင် ထည့်ပေးမှာပေါ့'

'မေမေ ပုဇဉ်းလေးလည်း ထည့်ပေးနော်'

'သမီး လိုချင်လား။ လိုချင်ရင် ထည့်ထိုးပေးမယ်လေ။ ဒါပေမဲ့ စဉ်းစားဦးနော်။ ပုဇဉ်းရော၊ လိပ်ပြာရော နှစ်မျိုးလုံး သမီး တကယ်လိုချင်လားလို့'

ကျွန်မသည် စိတ်ကို ခိုင်ခိုင်မာမာ ဆုံးဖြတ်တတ်သူ မဟုတ်ဟု မေမေက အမြဲ သတိပေးရတတ်သည်။ သေချာလား။ အင်း ... သေချာတယ်။ သို့သော် နောက်တစ်နေ့မှာ မေမေ ပုံဆွဲခဲတံဖြင့် အိပ်ရာခင်းစပေါ် ပုံကြမ်းရေးတော့ ကျွန်မ စိတ်ပြောင်းသွားသည်။ ပုဇဉ်း မထည့်တော့ဘူး။ လိပ်ပြာလေးပဲ ထည့်မယ်။

ထိုကာလများဆီက ကျွန်မ ညတစ်ရေးနိုးတိုင်း အိပ်ရာဘေးမှာ မေမေ မရှိ။ ဧည့်ခန်းမှာ မျက်မှန်တစ်လက်နှင့် ပန်းထိုးနေခဲ့သော မေမေ့ကို မေမေ အိပ်ပါတော့၊ ပန်းတွေ ထိုးမပြီးလည်း ရပါတယ်ဟု ကျွန်မ ယုယစွာ

တားမြစ်ပေးခဲ့မိပါရဲ့လား။ ကျွန်မ မမှတ်မိတော့ပါ။ မေမေက သူ့ ညအိပ်ချိန်တွေထဲကနေ ဖဲ့ပြီး အချိန်ယူ ထိုးပေးခဲ့တာတောင် ကျွန်မ သွားမည့်ညနေမှာ လိပ်ပြာလေး မပြီးသေးလို့ လိပ်ပြာမပါဘဲ ပန်းတွေချည်း ပါခဲ့သည့် အိပ်ရာခင်းလေး။ တကယ်ဆို ကျွန်မက မေမေ မပြီးခဲ့သည့် လိပ်ပြာလေးကို မေမေ့ပုံကြမ်းပေါ်မှာ ပန်းထိုးချည်ဖြင့် ထိုးကြည့်ခဲ့မိလျှင် ဘယ်လောက်ကောင်းမလဲ။ သို့သော် မလုပ်ဖြစ်ခဲ့။ လိပ်ပြာနေရာမှာ ပုံကြမ်းလေးအတိုင်း ကွက်လပ်ဖြစ်နေသည့် အိပ်ရာခင်းပေါ်မှာ ကျွန်မ အိပ်ခဲ့သည်။ အဲဒီအိပ်ရာခင်းလေး အခုအခါ ကျွန်မမှာ မရှိတော့ပါ။ ဘယ်မှာ နေရစ်ခဲ့ပါလိမ့်။ ကျောင်းပြီးတော့ ရေနံချောင်းသို့ ပြန်တော့ ပါလာသေးသည်။ ဟိုအိမ်ဒီအိမ် အိမ်ငှားရတာ ဘယ်နှခါပါလိမ့်။ ရန်ကုန်ထိရော ပါလာရဲ့လား။ အိုဘာဖြစ်လို့ ကျွန်မ အခုမှ သတိရသွားတာလဲ။ ကျွန်မ နှစ်ပေါင်းများစွာ မေမေ့ ပန်းထိုးအိပ်ရာခင်းလေးကို သတိမရဖြစ်ခဲ့ပါ။

ထိုအိပ်ရာခင်းလေး ဘယ်အချိန်ကတည်းက ကျွန်မအနားကနေ ပျောက်ကွယ်သွားခဲ့ပါလိမ့်။ အထပ်ထပ် လျှော်ဖွပ်လို့ နွမ်းဖတ် ပါးလျကာ ယိနေသည့် အိပ်ရာခင်းလေးကို ကျွန်မ အဝတ်ဟောင်းပုံ တစ်ခုခုထဲမှာ ထိုးသိပ်ထည့်ရင်း မသိလိုက်မီမှာပင် လွှင့်ပစ်သည့်အထဲ ပါသွားလေသလား။

ပန်းထိုးခွေ ရှာတွေ့လျှင် ကျွန်မ ပန်းထိုးမည့် အိပ်ရာခင်း၏ဒီဇိုင်းမှာ မေမေ ထိုးပေးခဲ့သည့် ပန်းအိပန်းခက်နွယ်များဖြင့် အိပ်ရာခင်း ဖြစ်လေမလား။ အခုထိတော့ ပန်းထိုးချင်တာသာ သိပြီး ပန်းပွင့်ဒီဇိုင်းကို မရွေးချယ်ရသေးပါ။ မေမေက နှင်းဆီကြိုက်သည်။ ကျွန်မ မန္တလေးမှ ပြန်လာသည့်အခါ စိတ်လိုလက်ရရှိလျှင် နန်းရှေ့ နှင်းဆီခြံတစ်ခုမှ နှင်းဆီပျိုးပင်ပေါက်များကို ဝယ်ဝယ်လာသည်။ ပန်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ ကြက်သွေးရောင်၊ အဖြူရောင် ... အို ... အရောင်တွေ စုံလို့ပါပဲ။ မေမေ့လက်ဖြင့် ထိလိုက်သည့် ပန်းပင်များသည် ချက်ချင်းပင် လန်းဆန်းကြွားရွှားစွာ ကြီးပြင်း ဖူးပွင့်လေသည်။ ကျွန်မ၏ပန်းထိုးလက်ရာမှာ နှင်းဆီပွင့်တွေဖြစ်လျှင် ဘယ်လောက် လှမလဲ။

ဟုတ်ပါသည်။ နှင်းဆီပန်းခက်လေးတွေကို ကျွန်မ ပန်းထိုးတော့

မည်။ မေမေသာရှိလျှင် ကျွန်မ မေမေ့ကို ထိုအိပ်ရာခင်းလေးဖြင့် သိပ်လိုက်ချင်ပါရဲ့။ သို့သော် ကျွန်မတို့ဘဝမှ မေမေ ထွက်ခွာသွားခဲ့ရသည်မှာ နှစ်ပေါင်း တော်တော်ကြာခဲ့ပါပြီ။ ဒါဖြင့် ကျွန်မ အိပ်ရာခင်းကို ပန်းထိုးပြီးလျှင် ကျွန်မ အိပ်မှာလား။ အင် ... မေမေ့ကို သိပ်ခွင့်မရတော့သည့် အိပ်ရာခင်းလှလှလေးကို ကျွန်မက အိပ်ရမှာတဲ့လား။ မဖြစ်နိုင်ပါ။ ကျွန်မ အိပ်ရက်မှာ မဟုတ်ပါ။ ဒါဖြင့် ...

ကျွန်မ သိပြီ။ ပန်းထိုးထားသည့် အဝတ်စလေးကို ပန်းချီဆွဲထားသည့် ကင်းဗတ်စ်အစအဖြစ် သဘောထားပြီး ပေါင်လှလှလေး သွင်းလိုက်ပြီး နံရံမှာ ချိတ်ထားလိုက်မှာပေါ့။ ပန်းထိုး ပန်းချီလက်ရာလေးပေါ့။ မကောင်းဘူးလား။ ကျွန်မ ကိုယ့်ဟာကိုယ် ပြန်ကြည်နူးသွားသည်။

ကျွန်မ ပန်းထိုးမည်။ မေမေ့ နှင်းဆီတွေက ဘာရောင်တွေလဲ။ အဲဒီရောင်စုံနှင်းဆီတွေကို ထည့်ပြီး ထိုးမှာပေါ့။ နှင်းဆီပွင့်တစ်ပွင့်ကို ပုံကြမ်းဖော်ရတာ သိပ်ခက်မှာပဲဟု ကျွန်မ သိသည်။ သို့သော် ကျွန်မက နှင်းဆီကိုမှ ပန်းထိုးချင်နေတော့ ကြိုးစားရမှာပါပဲ။ ပန်းထိုးခွေ လိုက်ရှာရင်း တစ်ချိန်တည်းမှာပင် နှင်းဆီပန်း ရေးဆွဲနည်းတွေကို ကျွန်မ ရှာဖွေရပါဦးမည်။ မေမေ မထည့်ဖြစ်ခဲ့သည့် လိပ်ပြာလေးကို သတိရစွာဖြင့် လိပ်ပြာလေး တစ်ကောင်တော့ ကျွန်မ ထည့်လိုက်ချင်ပါသည်။

ဂျူး

# ပြတင်းပေါက်ကို ဖွင့်ချင်တယ်

'ဒီပြတင်းပေါက်ကို ဘယ်တော့မှ မဖွင့်ကြနဲ့တော့၊ ကြားလား။ အမြဲတမ်း ပိတ်ထားလိုက်တော့'

မေမေက ပြောပြီး ပြတင်းပေါက်ကို သူကိုယ်တိုင် ပိတ်ကာ ချက်ထိုးလိုက်သည်။

ကျွန်မတို့အိပ်ခန်း၏ တစ်ခုတည်းသော ပြတင်းပေါက်။ သူ့ကို နေ့ရော ညပါ ပိတ်ထားလိုက်သည့်အချိန်မှစ၍ ကျွန်မသည် စိတ်ကူးကမ္ဘာသို့ ညစဉ် အလည်သွားဖို့ အလွန်ခက်ခဲသွားပါသည်။

* * *

ကျွန်မတို့အိမ်သည် သစ်သားအိမ်ဖြစ်သဖြင့် တစ်ခုတည်းသော အိပ်ခန်း၏ ပြတင်းပေါက်သည် ဘာမှမထူးခြားပါ။ ရိုးရိုး ပြတင်းပေါက်တစ်ခုသာ ဖြစ်သည်။ ထိုပြတင်းပေါက်သည် ကျွန်မတို့ အိမ်သားများအတွက် အလွန်အသုံးဝင်ခဲ့၏။ နေ့လယ်အချိန်များတွင် အစ်ကိုက အကျီလာချိတ်ချင်သော ပြတင်းပေါက်။

'ဖယ်စမ်း၊ ငါ့အကျီချောက်အောင် နေရောင်လိုတယ်'

သူ့အကျီတွေက ချည်ထည် အထူစားတွေ။

အစ်မက ဟိုဘက်ခြံမှ အပင်ရိုင်းများကို လှမ်းငေးချင်သော ပြတင်းပေါက်။

'တွေ့လား၊ ဟိုမှာ အဲဒါ စပျစ်သီးပင်တွေပေါ့။ စပျစ်သီးတွေတောင် တော်တော်များနေပြီ။ လာလည်း မခူးကြဘူး။ ငါတို့ ခူးစားကြမလား'

ကျွန်မတို့အိမ်နှင့် ထိုခြံအကြားမှာ ဘာခြံစည်းရိုးအကာအရံမှ မရှိ။ ထိုခြံသည် ကျွန်မ အသက် ၁၂ နှစ်အရွယ် မနှစ်ကအထိ လူမနေသော ကွက်လပ်တစ်ခု ဖြစ်ခဲ့သည်။ ထို့ကြောင့် အိပ်ခန်းပြတင်းပေါက်ကို နေ့ရော ညပါ အမြဲ ဖွင့်ထားခွင့်ရခဲ့သည်။

မေမေက မိုးရွာနိုင်မလား၊ လေတိုက်နိုင်မလား ကောင်းကင်ကို ကြည့်ပြီး ခန့်မှန်းဖို့ လှမ်းလှမ်းကြည့်ရသော ပြတင်းပေါက်။

'သမီးတို့ရေ ... အဝတ်တွေ ရုတ်ကြစမ်း။ လေနီကြမ်း လာတော့မယ်။ ကောင်းကင်မှာ နီရဲလာနေလိုက်တာ'

ညီမလေးနှစ်ယောက် အဝတ်ရုပ်တလေးတွေနှင့် ခုတင်ပေါ်မှာ ဆော့ကစားသည့်အခါ ပြတင်းခန်းဆီးစကို ဇာတ်စင်ပိတ်ကားစအဖြစ် သုံးဖို့တဲ့။ ပေါင်ကိုမှီပြီး ဇိမ်နှင့် စာအုပ်ဖတ်နေဆဲ ကျွန်မထံမှ ခဏခဏ နေရာလုခံရသည့် ပြတင်းပေါက်။

ညရောက်လျှင်တော့ ထိုပြတင်းပေါက်ကို ဘယ်သူမှ စိတ်မဝင်စားကြတော့ပါ။ ကျွန်မ တစ်ယောက်တည်း ပိုင်ဆိုင်သည်ဟု ကျွန်မ ခံစားရသည်။

ညအချိန်ရောက်လျှင် ထိုပြတင်းပေါက်သည် ကျွန်မအတွက် မှော်အတတ်ဖြင့် ဖန်ဆင်းထားသော တခြားကမ္ဘာတစ်ခုသို့ အလည်သွားစရာ ယာဉ်တစ်စီး ဖြစ်လာတော့သည်။

ကြည့်ပါဦး။ ညအမှောင်တွင် ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်ရသော မြင်ကွင်းသည် ကျွန်မ ရင်းနှီးနေကျ နေ့ပိုင်းမြင်ကွင်းနှင့် လုံးဝ ခြားနားသွား၏။ ထိုခြားနားမှုကို ကျွန်မ စပြီး သတိထားမိသည့်အချိန်မှာ အဖျားသွေးဖြင့် ရီဝေမူးယစ်လျက် အိပ်ရာမှ လန့်နိုးလာသည့် ညတစ်ည ဖြစ်သည်။

ထိုနေ့ နေ့လယ်က ကျွန်မ ဖျားသည်။ ဖျားနေသည့်အချိန်မှာပင် ကျွန်မသည် ဖတ်ပြီးသား ဝတ္ထုဇာတ်လမ်းတစ်ခုကို မေမေ့အား ပြန်ပြော ခိုင်းကာ ပုံပြင်သဖွယ် နားထောင်နေမိသေးသည်။

'အဲဒါနဲ့ပဲ ငါကိုယ်တော်ရှင်မြတ်ကို စောင်းလားချိတ်လားနဲ့ ကဗျာ ရွတ်တဲ့ သူပုန်ဗိုလ် ငနန္ဒကို ရှေ့တော်မှောက် သွင်းစေလို့ သီဟရာဇာဘုရင် ကြီးက အမိန့်ပေးလိုက်တော့တယ်'

စာရေးဆရာဓူဝံ၏ 'မာလာ' ဝတ္ထုမှာ ရှင်ဘုရင်ခေတ်က ထီးနန်း ညီလာခံများ၊ အာဏာသိမ်းသည့် လူဆိုး စစ်သူကြီးနှင့် ဇာတ်လိုက် သူပုန် တို့၏ မြင်းပေါ်မှ တိုက်ပွဲမြင်ကွင်းများ၊ ညညမှာ စုန်းတောက်စားသည်၊ ဘီလူးစားသည်ဟူသော သည်းထိတ်ဖို မြင်ကွင်းများနှင့် နောက်ကွယ်က လျှို့ဝှက်ချက်များသည် ကျွန်မအတွက် အသက်ရှူမှားစေလောက်အောင် အံ့သြမိန်းမောစေမည့် ဇာတ်ကွက်များ ဖြစ်သည်။ ကျွန်မ ဖတ်ပြီးသား ဖြစ် သော်လည်း မေမေ ပြောပြသည့်အခါ ငေးမော နားထောင်နေမိသည်။

အို ... သိပ်ကောင်းတာပဲ။

ထိုဝတ္ထုကို အဖျားသွေးဖြင့် အိပ်ရာမှာလှဲကာ နားထောင်ရင်း အိပ် ပျော်သွားခဲ့သည်။

ထိုည ...၊ အိပ်ပျော်ရာမှ နိုးလာသည်။ အဖျားသွေးဖြင့် ကျွန်မ မျက်စိတို့ ပြာဝေလျက် ရှိသည်။ ကျွန်မ မျက်စိဖွင့်လျှင် ဖွင့်ချင်း ကျွန်မ သည် ထူးဆန်းသော နေရာတစ်ခုသို့ ရောက်နေသည်ဟု သိလိုက်သည်။

ကျွန်မ မြင်ရသည်က မြင်နေကျ ခြင်ထောင်အမိုး၊ တွဲလွဲကျနေသည့် အကျႌ ... အဲဒါတွေ မဟုတ်။ အမှောင်ကြောင့် မည်းနက်နေသည့် တောင် ကုန်းတောင်တန်း၏ ဘေးတိုက်မြင်ကွင်းတစ်ခု။ ဟင် ... ဘယ်လိုလုပ်ပြီး ကျွန်မက တောင်တန်းတစ်ခု အောက်ခြေမှာ ရောက်နေရတာလဲ။ တောင် တန်း ခပ်စောင်းစောင်းတွင် သစ်ပင်တွေ တန်းစီနေသည်။ ကျွန်မ မျက်စိ တွေက ကပ်စေးကပ်စေးဖြင့် မြင်ကွင်းကတော့ ဝါးနေ၏။ မျက်စိတွေကို လက်ဖြင့် ပွတ်သပ်ပြီးကြည့်တော့ မျက်တောင်တွေမှာ ကပ်နေသည့် မျက် ချေးတို့ ကင်းစင်သွားသဖြင့် နည်းနည်း ပိုကြည့်ကောင်းလာသည်။ နေပါဦး။ သစ်ပင်တွေဘေးမှာ မြင်းတွေရော၊ လူတွေရောပါလား။ ဟိုးအဝေး မြင်

ကွင်းနှင့် တူပါရဲ့။ ခပ်မှုန်မှုန် မသဲမကွဲ။ ရုပ်ပုံတွေက ခပ်သေးသေး။ ကျွန်မ ကြည့်ဖူးသည့် နိုင်ငံခြားရုပ်ရှင်တချို့၏ အဝေးပြကွက်နှင့် တူသည်။ ထို့နောက် ကျွန်မအာရုံထဲသို့ မြင်းခွာသံ တဖြောင်းဖြောင်း ဝင်လာတော့သည်။ အော်သံဟစ်သံများ၊ ဓားခုတ်သံများ၊ ညာသံပေး၍ လိုက်ကြသည့်အသံများ၊ မြင်းဟီသံများ၊ အို ... တကယ့်တိုက်ပွဲ အသံတွေပါပဲ။

အဲသည်တော့မှ ကျွန်မ သိလိုက်သည်။ ကျွန်မ မာလာ ဝတ္ထုထဲကို ရောက်သွားတာပေါ့နော်။

ကျွန်မ လှမ်းမြင်နေရသည့် သစ်ပင်တွေ လူတွေ၊ မြင်းတွေက လှုပ်နေသည်။ လှုပ်တာမှ ယိမ်းခါနေအောင် လှုပ်၏။

'မပြေးပါနဲ့ ဘုရင်မ၊ ဘုရင်မ စန္ဒာဒေဝီ'

မိုးသံတွေ ကြားရသည်။ မိုးစက်မိုးပေါက်များ လွင့်ခနဲ လွင့်ခနဲ ကြမ်းတမ်းစွာ ဖျန်းပက်နေသည့်အသံ။ စန္ဒာဒေဝီဘုရင်မနှင့် ဗိုလ်နန္ဒတို့ ပြေးရင်းလွှားရင်း ပုန်းအောင်းစရာနေရာကို ရှာနေသည်။

'ဟော ... ဟိုမှာ ဘုရားငုတ်တိုလေးတစ်ခု။ အဲဒီမှာ ကျွန်တော်တို့ ခဏ ခိုပုန်းနေရင်ကောင်းမယ် ဘုရင်မ'

'အို ... ပြန်တိုက်မှာပေါ့။ ရှင်နဲ့ ကျွန်မနဲ့ နှစ်ယောက်အတူ ရှိနေရင် ကျွန်မ ဘာကိုမှ မကြောက်ဘူး'

ဗိုလ်နန္ဒ ပြောသည့် ဘုရားငုတ်တို။ နေဦး၊ အဲဒါကို ကျွန်မ မမြင်ရသေးဘူး။

'လူအင်အား များတယ်။ ကျွန်တော်တို့က နှစ်ယောက်တည်း။ ခံသွားရမှာပေါ့'

'အို ... နှစ်ယောက်အတူ ရင်ဆိုင်မယ်။ သေတော့ကော ဘာဖြစ်သေးလဲ။ ရှင်နဲ့အတူသေရတာ ရဲရဲသေမယ်။ ဘာလဲ ... ရှင်က ဘုရင်မနဲ့အတူ လိုက်မသေရဲဘူးလား'

ဗိုလ်နန္ဒ ဘာမှမပြောမီ ကျွန်မ ရင်တလှပ်လှပ် ခုန်နေသည်။ အဲဒီ ဘုရင်မကလေ သိပ်မိုက်တာပဲ။ ဟိုက သူ့ကို မိန်းမအဖြစ် လိုချင်နေတာ သူ မသိဘူးလား။ ကျွန်မ အားမလို အားမရ တွေးမိသည်။

'ဘုရင်မကလည်း သိပ်ခက်တာပဲ။ ကျွန်တော်က သေရဲပါတယ်။

ဘုရင်မအတွက်ဆို အသက်တောင် စွန့်ဝံ့တယ်လို့ ကျွန်တော် ပြောပြီးပြီပဲ။ ဒါပေမဲ့ အခုဟာက နှစ်ယောက်လုံး သေမှာ မဟုတ်ဘူး။ ကျွန်တော့်ကို သတ်ပြီးတော့ ဘုရင်မကို ကြက်ကလေး ငှက်ကလေး ကောက်ယူသလို ဖမ်းယူသွားကြမှာ'

စန္ဒာဒေဝီဘုရင်မက ဗိုလ်နန္ဒကို ချစ်နေသည်။ သို့သော် ချစ်နေသည်ဟု ဖွင့်မပြော။ အို ... ဘာထူးလဲ။ ဗိုလ်နန္ဒကလည်း ချစ်နေတာပါပဲ။ ချစ်နေလို့သာ ဘုရင်မကို ဖမ်းပြီး သီဟရာဇာဘုရင်ကြီးလက်ထဲ ထည့်လို့ရရက်နဲ့ မထည့်ဘဲ ဘုရင်မရဲ့ ရန်တွေကိုတောင် ကာကွယ်ပေးနေတာ မဟုတ်လား။ ဒါပေမဲ့ သူ ပြောတာကတော့ အဲဒီလို မဟုတ်။ မိန်းမသား အုပ်ချုပ်တဲ့ နိုင်ငံကို အားလုံးက ဝိုင်းပြီး အနိုင်ကျင့်ချင်ကြတာမို့ အားနည်းသူကို အားတောင့်တင်းအောင် တည်ဆောက်ပေးမယ်တဲ့။ အဲဒီလို လုပ်ရင် ဗိုလ်နန္ဒအတွက် သေလမ်းပဲ။ ရန်သူတွေရဲ့ဓားချက်နဲ့ မသေရင်တောင် သီဟရာဇာဘုရင်ရဲ့ အပြစ်ဒဏ်နဲ့ သေမှာပဲ။ ဘာလို့ မကြောက်တာလဲ။

အချစ်။

အချစ်ဆိုတာ အသက်ကို စွန့်ရဲလောက်အောင် တွန်းအား ကြီးမားတယ်။ အဲဒီအချစ်ဆိုတာ ဘယ်လိုဟာမျိုးပါလိမ့်။

ကျွန်မသည် မမ၏ ရည်းစားစာတွေကို ခဏခဏ ခိုးဖတ်ဖူးသည်။ အဲဒီမှာ အချစ်ဆိုသော စကားလုံးတွေ ပါတတ်၏။

မကို ချစ်လွန်းလို့ ဒီကကောင်မှာ ရူးရတော့မယ် သိလား ...

ဟင် ... ချစ်တာနဲ့ ရူးရတတ်သလား။ ဘယ်လို ရူးမှာပါလိမ့်။ ကျွန်မသိသော မမ၏ရည်းစားကို စိတ်မနှံ့သည့်လူအသွင်ဖြင့် မြင်ယောင်ကြည့်မိတော့ ကျွန်မ ခစ်ခနဲ ရယ်မိသည်။ ပုဆိုးကွင်းသိုင်းနှင့်၊ ဆံပင်စုတ်ဖွားကြီးနှင့်လေ။

ခါချဉ်ကောင် မာန်ကြီးပေမဲ့ ခါးမသန်တဲ့ အဖြစ်တွေပါ မရယ်။ ခါးမသန်တဲ့ အဖြစ်တွေပါ။

အို ... ရည်းစားစာထဲမှာ ခါချဉ်ကောင်ကလည်း ပါသေးတယ်။ ပါတဲ့ ခါချဉ်ကောင်ကလည်း ခါးမသန်ဘူးတဲ့။ ကျွန်မသည် ညီမလေး နှစ်ယောက်ကို ပြန်ဖောက်သည်ချမိ၏။

'ခါချဉ်ကောင်က ခါးမသန်ဘူးတဲ့တော့'

အို ...

ကျွန်မတို့ အာရုံထဲမှာ ခါချဉ်ကောင်တစ်ကောင် ချည့်နဲ့နဲ့နှင့် ဝါးလုံးတန်းပေါ်က ပြုတ်ကျသွားပုံကို မြင်လာမိသည်။

'ဘာဖြစ်လို့ စာထဲမှာ ခါချဉ်ကောင်အကြောင်း ပါတာလဲ'

ညီမအလတ်က မေးသည်။

'မသိဘူးလေ'

ကျွန်မတို့ ညီအစ်မသုံးယောက် တစ်ယောက်ကိုတစ်ယောက် တွန်းထိုးပြီး ရယ်လိုက်ကြတာ မပြောပါနဲ့တော့။

'သမီး ဘာတွေသဘောကျပြီး ရယ်နေတာလဲ။ ဆေးသောက်ရအောင် ... ထ'

မေမေက ဆေးတောင့်လေးတစ်တောင့်နှင့်၊ ရေခွက်နှင့် ကျွန်မအနားသို့ ရောက်လာသည်။ ရေနံဆီမီးခွက်၏မီးတောက်က လှုပ်နေသဖြင့် အလင်းခပ်မှိန်မှိန်ကလည်း လှုပ်နေသည်။ မေမေ့ မျက်နှာပေါ်ရှိ အလင်းကလည်း လှုပ်နေပါသည်။ ညဆယ့်တစ်နာရီ သောက်ရမည့်ဆေး ဖြစ်သည်။ ကျွန်မ ပျင်းရိပျင်းတွဲ ထထိုင်လိုက်သည့်အချိန်တွင် ရေခွက်ထဲက အရည်မှာ ရေမဟုတ်ဘဲ အစိမ်းရောင်တွေ ဖြစ်နေသည်ကို မြင်ရသည်။ ကရင်ဆိုဒါ။ ကရင်ဆိုဒါဟု ခေါ်သည့် အချိုရည် ခပ်ရှရှကို ကျွန်မတို့ မောင်နှမတွေ ဖျားသည့်အခါမှာ သောက်ခွင့်ရသည်။ သောက်ရေအိုးစင်၏ အောက်မှာ အစိမ်းရောင်ဖန်ပုလင်းလေး နှစ်ခု၊ သုံးခု တန်းစီပြီး ချထားသည့်နေ့ဆိုလျှင် မောင်နှမထဲက တစ်ယောက်ယောက်တော့ ဖျားပြီဟု သိနိုင်ပါသည်။

အစိမ်းရောင်အရည်လေးထံမှ စူးရှရှ မွှေးရနံ့တစ်ခုကို ရသည့်အခါ ကျွန်မ၏ ကတုန်ကယင် အဖျားငွေ့တွေ လွင့်စဉ်သွားသည်။ မေမေ ပေးသည့် ဆေးတောင့်ကို အာခေါင်ထဲထည့်ပြီး ရေခွက်ထဲမှ ရေကို မော့ချလိုက်သည်။ ဆေးတောင့်လေးက တစ်ခါတည်း လည်ချောင်းထဲသို့ ကျမသွားဘဲ အာခေါင်အစွန်းမှာ ကပ်ပြီး တစ်နေ၏။

'မကျသေးဘူး'

မေမေ စိတ်ပူသွားသည်။

'ရော့ ... ရော့ ... ဒီအရည်လေးနဲ့ မျှောချကြည့်ပါဦး။ များများ ငုံသောက်လိုက်'

သည်တစ်ခါတော့ ကပ်နေသည့်ဆေးက အရည်ဖြင့် ကွာသွားကာ လည်ချောင်းထဲအထိ ဆင်းသွားသည်။ ဖန်ခွက်ထဲက အရည်တွေကို ကျွန်မ အကုန်သောက်ချလိုက်၏။ ကောင်းလိုက်တာ။

'ရပြီ'

'နောက်ထပ် သောက်ဦးမလား ... သမီး'

'တော်ပြီ'

ကျွန်မ ပြန်လှဲချလိုက်၏။ ကျွန်မ၏ပြတင်းပေါက်ကို ကျွန်မ ငေးရဦးမှာ မဟုတ်လား။

'အို ... တံခါးကြီးက ပွင့်လို့ပါလား။ လေစိမ်းတွေတိုက်လို့ မဖြစ်ဘူး။ မှန်းစမ်း ...'

မေမေက ကျွန်မအပေါ်မှ ကိုယ်ကိုကိုင်းကာ ပြတင်းပေါက်ကို ပိတ်ပစ်လိုက်သည်။

သွားပါပြီ။

အဲသည်နောက်မှာတော့ တစ်ညလုံး ပိတ်ထားသော ပြတင်းပေါက်ကိုသာ ကျွန်မ စူးစူးစိုက်စိုက် ငေးကြည့်ခဲ့ရ၏။ အရိပ်အယောင် မပါ၊ အတွေးသက်သက်။

နောက်တစ်နေ့ မိုးလင်းတော့ ကျွန်မ အဖျားပျောက်သွားခဲ့ပြီ။ မနက်မိုးလင်းလင်းချင်း 'မေမေ၊ ပြတင်းပေါက်ဖွင့်မယ်'ဟု ပူဆာမိသည်။ မေမေက နေရောင်လာသည့်အချိန်တွင် ဖွင့်ပေးပါသည်။

ပြတင်းပေါက်ပွင့်သွားသောအခါ ကျွန်မ သဲကြီးမဲကြီး စူးစိုက် ရှာဖွေမိ၏။ ကျွန်မ မြင်ရသမျှမှာ ကောင်းကင်တစ်ဝက်တစ်ပျက်၊ ခြံထောင့်က ငွေးသီးပင်ကြီး၏ အကိုင်းတချို့။ မဟုတ်သေးပါဘူး။ ညက ကျွန်မ မြင်ရသည့် တောင်တန်းတွေနှင့် သစ်ပင်တွေ၊ လူတွေ၊ မြင်းတွေက ဘယ်မှာလဲ။ ဟိုးဝေးဝေးမှာ လမ်း၏ဟိုဘက်က အိမ်တွေ၏ခေါင်မိုးစွန်းကို မြင်ရသည်။ ဟင့်အင်း ... အဲဒါတွေ မဟုတ်ဘူး။

ညက အိပ်မက် မက်နေခဲ့တာလား။ အို ... အဲဒါ အိပ်မက်မဟုတ်ဘူး။ ကျွန်မ သေချာသည်။ ဒါဖြင့် စိတ်ထဲက ထင်ရာမြင်ရာတွေ လျှောက်တွေးပြီး မြင်မိနေတာလား။ အဖြေမရ။ မတင်မကျနှင့်ပင် ကျွန်မ၏နာလန်ထနေ့က ကုန်ဆုံးသွားသည်။

ည ...။ ကျွန်မ မျှော်နေသည့်ည။ ပြတင်းပေါက်ကို ဖွင့်ထားသည်။ မေမေက ပိတ်ဖို့လာတော့ ခဏလေးပါ မေမေဟု တားမြစ်ခွင့် တောင်းလိုက်သည်။ ကျွန်မက ဘေးဆုံးမှာ အိပ်သည်။ ကျွန်မ၏ကပ်လျက်က ညီမလတ်၊ သူ့ဟိုဘက်က ညီမလေး။ သူ့ဟိုဘက်က မေမေ။ မေမေက ခုတင်အဖျားမှာ အိပ်သည်။ ခုတင်က မြင့်တော့ ကျွန်မတို့ညီအစ်မ သုံးယောက်ကို လိမ့်မကျအောင် မေမေက ကာပေးထားခြင်း ဖြစ်သည်။

အားလုံး တိတ်ဆိတ် အိပ်မောကျသွားသည့်အချိန်အထိ ကျွန်မငြိမ်သက်ကာ ပြတင်းကို လှမ်းကြည့်နေသည်။ မြင်ရသော မြင်ကွင်းမှာနေ့ခင်းတုန်းကနှင့် ဘာမှမထူးခြား။ အပင်ကိုင်းက အောက်စိုက်ကျနေသည်။ ကောင်းကင် နက်ပြာရောင်။ ခပ်ဝေးဝေးမှာ လျှပ်စစ်မီးတိုင် ဓာတ်ကြိုးတွေလား။ ခဏလေး။ ယိမ်းလှုပ်သွားသော

အရွက်တစ်ခု။

ကြွေကျသွားသည်။

ကျွန်မ မျက်တောင်တွေ စင်းလာသည်။

ထို့နောက် ကျွန်မ အိပ်ပျော်သွားပါသည်။

အိပ်မက်ထဲမှာ ကျွန်မသည် ကျောင်းကစာသင်ခန်းထဲသို့ ရောက်နေသည်။ အနက်ရောင် စာသင်သင်ပုန်းပေါ်မှာ ပုံတစ်ခု။ မြစ်တစ်စင်း။ ခါးလယ်ကနေ ပစောက်ပုံဖြစ်အောင် ကွေးပြီးမှ ဆက်လက်စီးဆင်းသွားသည်။ အဲဒီအကွေးနေရာက တဖြည်းဖြည်းနှင့် ဆက်သွားမှာ။ ပြီးရင်အလယ်မှာ ရေတွေက ကျန်ရစ်ခဲ့မှာ။ ပြီးရင် မြစ်က အစွန်းနှစ်ခုဆီကနေ ဖြတ်ပြီး စီးသွားမှာ။ အဲဒါကို ဘာခေါ်ပါလိမ့် ... ကျွန်မ သိပါသည်။ နင်ပထဝီ မတော်ပါဘူး။ တစ်ယောက်ယောက်က ပြောလိုက်သည်။ ကျွန်မငြင်းလိုက်သည်။ ကျွန်မ ပထဝီကို စိတ်မဝင်စားလို့ပါ။ မတော်တာ မဟုတ်ဘူး။ ထို့နောက် ဆရာမက ကျွန်မတို့ဆီသို့ ရောက်လာပြီး မှတ်စုစာအုပ်တွေ

ကို လိုက်ကြည့်သည်။ ကျွန်မ မှတ်စုစာအုပ်ကို ဆရာမ ငုံ့ကြည့်လိုက်၏။

ဘုရားရေ ... ကျွန်မစာအုပ်ထဲမှာ ကျွန်မ ဆွဲထားသောပုံမှာ မြစ်မဟုတ်။ ဘာပုံကြီးပါလိမ့်။ မြင်းနှစ်ကောင်နှင့် လူနှစ်ယောက်။ လူတစ်ယောက်က မြင်းပေါ်မှာ မတ်မတ်ထိုင်လျက်။ မြင်းတစ်ကောင်က အနားမှာ တုံးလုံးလဲလျက်။ ထို တုံးလုံးလဲနေသည့် မြင်း၏ ဘေးမှာ လူတစ်ယောက်က မြေပြင်ပေါ်မှာ ထိုင်တစ်ဝက် လဲတစ်ဝက်။

'ဒါ ဘာလဲ'

ဆရာမက မေးသည်။

မြစ်ပုံ မဟုတ်သဖြင့် စိတ်ဓာတ်ကျသွားခဲ့သော ကျွန်မသည် ချက်ချင်းပင် စိတ်လှုပ်ရှား တက်ကြွသွားလေသည်။

'မြင်းပေါ်က အဖေ။ ဟောဒါက သား'

ဆရာမ မျက်မှောင်ကြုတ်သွားသည်။

'သူတို့က ဘာဖြစ်လို့ ...'

'သားက သူတို့နိုင်ငံရဲ့ ရန်သူခေါင်းဆောင်ရဲ့သမီးကို ကြိုက်သွားလို့ အဲဒီရန်သူတွေနဲ့ ပူးပေါင်းလိုက်တာ။ ပြီးတော့ လျှို့ဝှက်လမ်းကနေ ရန်သူတပ်တွေကို ခေါ်လာတာ ဆရာမ'

ကျွန်မက ဆရာမကို လူတတ်ကြီးလုပ်ပြီး ရှင်းပြလိုက်သည့်အခါ ဆရာမက အံ့သြမှုဖြင့် ပါးစပ်ဟသွားသည်။

မြင်းပေါ်မှ လူက မြေပြင်ပေါ်မှ လူကို သေနတ်နှင့် ချိန်လိုက်သည်။ မြေပြင်ပေါ်မှလူက တောင်းပန်သောမျက်နှာထားဖြင့် မော့ကြည့်သည်။ မဟုတ်ဘူး။ တောင်းပန်တာ မဟုတ်ဘူး။ အဖေ က ငါ့ကို သတ်မှာ မဟုတ်ပါဘူးဟူသော မျှော်လင့်မှုဖြင့် ကြည့်ခြင်း ဖြစ်သည်။

မသတ်နဲ့။ အဲဒါ သားအရင်းလေ။ ကျွန်မ စိတ်ထဲက အော်ပြောလိုက်မိ၏။

သို့သော် မြင်းပေါ်ကလူက ဒိုင်းခနဲ ပစ်ချလိုက်သည်။

အမေ့။

ကျွန်မ ကြက်သီးဖျန်းခနဲ ထသွားသည်။

ထို့နောက် အိပ်ရာမှ နိုးလာခဲ့ပါသည်။

ကျွန်မရှေ့တွင် ပြတင်းပေါက်က ပွင့်လျက်သား။ လေတဖြူးဖြူး တိုက်ခတ်နေသည်။ ခုတင်ခြေရင်းတွင် ရေနံဆီမီးအိမ်က မီးစာတော်တော် ကုန်နေပြီ။ အားဖျော့တော့စွာ လင်းသည်ဆိုရုံလေး လင်းနေသည်။ အပြင်ဘက်မှာတော့ အမှောင်။ ကောင်းကင်က အလင်းသဲ့သဲ့တွင် ကျွန်မ မြင်နေရသည်မှာ ဟိုနေ့ကလိုပင် တောင်စောင်းလေး။ တောင်စောင်းမှာ ရှိနေသော ထိုးထိုးထောင်ထောင်အရာတွေ၊ ဘာတွေပါလိမ့်။ ရွက်ထည်တဲတွေလား။ မြင်းတွေလား။ အမည်းရောင်တွေက ငြိမ်သက်နေကြသည်။

သို့သော် ခဏအတွင်းတွင် သူတို့ လှုပ်လာသည်။ အို … တိရစ္ဆာန်လေးတွေပါလား။ ပြေးကြလွှားကြ ခုန်ပေါက်ကြနှင့် ပျော်စရာကောင်းလိုက်တာ။ နားရွက်ထောင်ထောင်နှင့် အကောင်လေးက ယုန်ကလေး မဟုတ်လား။ သူ့ရှေ့ကရော။ ကျားကြီးတစ်ကောင်။ အမှောင်ထဲမှာမို့ သူ့အစင်းကျားတွေကို မမြင်ရ။ သို့သော် ကျားကြီးပါပဲ။ သေချာပါသည်။ ဘာကြောင့်လဲဆိုတော့ ရွှေယုန်က သူ့ကျောပေါ်မှာ သက်ငယ်တွေကိုတင်ပြီး မီးရှို့ဖို့ လုပ်နေလို့ပဲ။ ကျွန်မ စိတ်အာရုံထဲမှ ကျားကြီးကို လှမ်းသတိပေးနေသည်။ ခါချလိုက်။ အခုနေ ခါချလိုက်။ မဟုတ်ရင် နင့်ကျောပေါ်မှာ မီးစွဲလောင်ပြီး နင် ပြေးရတော့မယ်။ ရွှေကျားသည် ကျွန်မ သတိပေးတာကို ကြားသွား၏။ သူ့ကျောကို ခါချပစ်လိုက်သည်။ ကျွန်မ မျက်စိအောက်က အရိပ်တွေက အပြင်းအထန် လှုပ်သွားသည်။ လေပြင်း တိုက်လိုက်သောကြောင့် ဖြစ်သည်။ လေပြင်းကြောင့် မြင်ကွင်းထဲက ထိုးထိုးထောင်ထောင် အရိပ်တွေ လှုပ်သွားသောအခါ ကျွန်မ မြင်နေရသော ရွှေယုန်နှင့် ရွှေကျားက ပျောက်သွားပြီး ဘာမှန်း မသဲကွဲသော အမည်းရိပ် အပြောက်များသာ ကျန်ရစ်ခဲ့သည်။

ဟင် … ကျွန်မ အနည်းငယ် မကျေမနပ်ဖြစ်သွား၏။ ကျွန်မ အာရုံပျက်သွားသောကြောင့် ဖြစ်သည်။ လေ သိပ်တိုက်လာသောအခါ ပြတင်းပေါက်ကို ပိတ်မှ ဖြစ်မည်ဟု သိလာ၏။ အရိပ်တွေ လှုပ်နေဆဲ။ ခါယမ်းအောင် လှုပ်နေသည်။ ရွှေယုန်လည်း မဟုတ်။ ရွှေကျားလည်း မဟုတ်။ စန္ဒာဒေဝီလည်း မဟုတ်။ ဗိုလ်နန္ဒလည်း မဟုတ်။ သူတို့ဆိုလျှင် အဲသည်လောက် ယိမ်းခါ လှုပ်ယမ်းနေမှာ မဟုတ်။

ယိမ်းခါနေသော အရာတို့သည် ကြည့်ရင်းကြည့်ရင်းမှာပင် သဲကွဲလာသည်။ ကျွန်မတို့ မီးဖိုဆောင်၏ခေါင်မိုးစွန်းမှာ တွယ်ကပ်ပေါက်နေသော နွယ်ပင်တို့၏ အရွက်အညွန့်အခက်များ ဖြစ်သည်။ ခေါင်မိုးစွန်းသွပ်တန်းက ခပ်စောင်းစောင်း။ သူ့အပေါ်က နွယ်ပင်တွေကလည်း ခပ်စောင်းစောင်း။ ဘာပင်တွေလဲ။ လေက တဝုန်းဝုန်း တိုက်လာသည်။

'သမီး ပြတင်းပေါက်ကို ဖွင့်ထားပြန်ပြီ။ ပြန်ဖျားနေဦးမယ်။ မှန်းစမ်း'

အိပ်ချင်မူးတူး မေမေ့အသံ။ မေမေက ကျွန်မကိုယ်ပေါ်မှ ကျော်ကာ ပြတင်းကို လှမ်းပိတ်ပေးသည်။ တံခါးရွက်နှစ်ခု ပိတ်မသွားမီ ကျွန်မ မြင်လိုက်ရသည့် ခေါင်မိုးစွန်းမှ အရွက်လေးတွေကို မှတ်မိသွားသည်။

လေဖြင့် ယိမ်းခါ လှုပ်ယမ်းနေသည့် အရုပ်လေးတွေမှာ ကင်းပုံပင်၏ အညွန့်အခက်အရွက်တွေ ဖြစ်လေသည်။

* * *

ကျွန်မသည် နေ့ခင်းတွေမှာတော့ စိတ်ကူးကမ္ဘာက မြင်ကွင်းကို သေသေချာချာ မမြင်နိုင်။ ခေါင်မိုးစွန်းကလည်း သိသာသည်။ ကင်းပုံရွက်နှင့် အညွန့်အကွေးတွေကလည်း ပုံစံစုံလှပေမဲ့ မြင်းတွေ၊ လူတွေ၊ ကျားတွေ ဖြစ်မလာ။ ညတွေမှာတော့ အမှောင်သည် ကျွန်မကို ကိုယ့်ကိုယ်ကိုယ် လှည့်စားဖို့ ကောင်းကောင်း ကူညီနိုင်လေသည်။

အိမ်က လျှပ်စစ်မီတာကို ရောင်းပစ်လိုက်သဖြင့် ရေနံဆီမီးအိမ်၊ မီးခွက်တို့၏ အလင်းမှိန်မှိန်သာ ရှိသည့်အပြင် ညဥ့်နက်လျှင် မီးစာကို လျှော့နိုင်သမျှ လျှော့ချထားလို့ အလင်းလျော့နေသည့် ညအခါ။ အိမ်နောက်ဘက်ပိုင်းမှာမို့ အိမ်ရှေ့လမ်းဆီက လမ်းမီးရောင် မရောက်လာသော မီးဖိုဆောင် ခေါင်မိုးစွန်း၏ ကင်းပုံပင်နွယ်တို့သည် တစ်ရေးနိုးလာသော ကျွန်မကို စိတ်ကူးဖြန့်ကြက်ဖို့ ကူညီခဲ့သည့် သူငယ်ချင်းများ ဖြစ်သည်။

ထိုပြတင်းပေါက်မှတစ်ဆင့် ကျွန်မသည် တောင်တန်းတောင်စောင်း တစ်ခုကို အကြိမ်ပေါင်းများစွာ တွေ့ရသည်။ ထိုတောင်တန်းတွင် ကျွန်မသည် ဇာတ်ကောင်ပေါင်းများစွာ၏ လှုပ်ရှားမှုကို မြင်တွေ့ခဲ့ရသည်။

တားရပ်စ်ဘူလ်ဘာ ဝတ္ထုထဲက ဇာတ်ကောင်များ၊ ပုံပြင်ထဲက ဇာတ်

ကောင်များ၊ ရှုပနန္ဒိဝတ္ထုထဲက ဇာတ်ကောင်များနှင့် ဇာတ်ကွက်များ၊ ပန်ထွာဘုရင်မနှင့် ရေတံခါးများမှ ရေလွှတ်ပြီး ရန်သူကို ရေလွှမ်းသွားစေသည့် နန်းမြင့်ဗဟိုရ်စည်။ ရုပ်ပုံများသည် ညစဉ် တစ်မျိုးပြီးတစ်မျိုး ကျွန်မကို ကိုယ်ထင်ပြနေခဲ့၏။

နောက်ပိုင်းမှာတော့ ဖတ်ထားသည့် ဝတ္ထုထဲက ဇာတ်ကောင်တွေအပြင် ကျွန်မ ဖတ်မထားဖူးဘဲ အာရုံထဲမှာပင် စီစဉ်နေဆဲ ဇာတ်ကောင်တွေ၊ မြင်ကွင်းတွေ ရောက်လာခဲ့သည်။

မီးဖိုဆောင် သွပ်တန်းစွန်းသည် တောင်စောင်း မဟုတ်တော့ဘဲ ရေတံခွန် ဖြစ်သွားခဲ့ဖူးသည်။ ရေတံခွန်သည် ကာတွန်းကားတွေထဲကလိုပင် သက်တံရောင်စုံဖြာနေအောင် ရေပန်းရေဖွားတွေဖြင့် အံ့မခန်း လှပလေသည်။ အိမ်တစ်အိမ်၏ လှေကားထစ်များ ဖြစ်သွားခဲ့ဖူးသည်။ ကျွန်မသူငယ်ချင်းတစ်ယောက်ကို ရည်းစားစာလိုက်ပေးသော အတန်းဖော် တစ်ယောက်၏ စက်ဘီး ဖြစ်သွားဖူးသည်။ ထိုစက်ဘီးလေး အရမ်းလှပါသည်။ ညီမလေး နှစ်ယောက်နှင့်အတူ ဝါဆိုပန်းခူးသွားဖို့ လှေကလေးလည်း ဖြစ်သွားခဲ့ဖူးသည်။ ကျွန်မတို့မြို့က ဝါဆိုပန်းခူးသွားခြင်းမှာ တောင်ကမ်းပါးယံတွေဆီမှာ လမ်းလျှောက်သွားရခြင်း ဖြစ်သော်လည်း ထိုညက ကျွန်မ၏ စိတ်ကူးကမ္ဘာထဲမှာတော့ ရေကန်ပြင်ကျယ်ကြီးမှာ လှေကလေးကို လှော်လျက် ပန်းခူးသွားရခြင်း ဖြစ်သည်။ ကျွန်မ လှေလည်း မလှော်တတ်။ ရေလည်း မကူးတတ်ပါ။

တချို့ညတွင် ကျွန်မသည် တစ်ခါမှ မမြင်ဖူးသောသူတွေကို တွေ့ရသည်။ အဘွားကြီးတွေ၊ အဘိုးကြီးတွေ၊ ကလေးလေးတွေ၊ ကုလားအုတ်တွေဖြင့် သဲကန္တာရကိုဖြတ်လျက် ခရီးသွားနေကြသည်။ အင်း ... ကုလားအုတ်လည်း ကျွန်မ နိုင်ငံခြားကားတွေထဲမှာပဲ မြင်ဖူးသည်။ ရန်ကုန် ရောက်လျှင်တော့ တိရစ္ဆာန်ရုံသို့ သွားကြည့်မည်ဟု အားခဲထားသည်။ ကျွန်မ ကုလားအုတ်ကို မြင်ဖူးချင်လေသည်။

သည်လိုနှင့် ညညမှာ ကင်းပုံပင်အရွက် အခက်အနွယ်တို့သည် ပုံသဏ္ဌာန်အမျိုးမျိုး ပြောင်းလျက် ဇာတ်ကောင်အမျိုးမျိုးအဖြစ် ကျွန်မဆီသို့ အလည်ရောက်ကြသည်။

တဖြည်းဖြည်းနှင့် ညတွေ များလာသည်။ တဖြည်းဖြည်းနှင့် ပြတင်းမှ တစ်ဆင့် မြင်တွေ့ရသော မှော်ကမ္ဘာသည် ကျယ်ပြန့်လာသည်။

တစ်ရက်မှာတော့ ကျွန်မတို့အိမ်ဘေးက ကွက်လပ်မှာ လူတွေ ရောက်လာကြသည်။ အပင်ရိုင်းတွေကို ခုတ်ထွင်ရှင်းလင်းသည်။

'မြေဝိုင်းကို ဝယ်လိုက်ကြတယ်'ဟု ဖေဖေက ထမင်းစားပွဲမှာ ပြော သည်။

နောက်နေ့တွေမှာ လူတွေက ပေကြိုးဖြင့် တိုင်းတာကြပြီးနောက် သစ်တွေ၊ ဝါးတွေ၊ အုတ်ခဲတွေ အပုံလိုက် ရောက်လာသည်။ မျက်စိအောက် မှာပင် ကွက်လပ်သည် အိမ်တစ်လုံး ဖြစ်သွား၏။ ကျွန်မတို့အိမ်က ဝင်း အပြည့် အုတ်သမံတလင်း စကြိုခင်းပြီးသားမို့ ကျွန်မတို့ဘက်ခြမ်းသည် အုတ်ရိုးကာထားသလို စည်းတားထားပြီးသား ဖြစ်သည်။ သူတို့အတွက် မြေစည်းရိုး မလို။ ကျွန်မတို့အိမ်နှင့်ကပ်လျက် နှစ်ပေလောက် ခွာပြီး အိမ် ဆောက်လာသည်။ ထိုအိမ်သည် ကျွန်မတို့လို တစ်ထပ်တည်း မဟုတ်၊ နှစ်ထပ် ဖြစ်သည်။ ထို့ကြောင့် ကျွန်မတို့အိမ်ထဲတွင် မူလထက် မှောင်သွား သည်။

ထိုအိမ်သစ်တွင် ယောကျ်ားလေးတွေ များလှသည်။ ကျွန်မတို့ အိပ်ခန်းပြတင်းမှ ခပ်ကွယ်ကွယ် စပ်စုကြည့်သမျှ အရွယ်စုံ အသက်စုံ ယောကျ်ားလေးတွေကို မြင်ရသည်။ အကြီးတွေ၊ အငယ်တွေ ကျွန်မတို့ ခွဲခြားလို့ မတတ်။ ဆံပင် နည်းနည်းတိုတာ။ ဆံပင် နည်းနည်းရှည်တာ။ ပိန်တာ။ နည်းနည်းဝတာ။ အို ... အများကြီးပဲ။ ငါးယောက်၊ ခြောက် ယောက်တော့ ရှိမှာဟု ညီအစ်မတစ်တွေ ပြောမိကြသည်။

ထိုအိမ်မှာလူသစ်တွေ ပြောင်းလာကတည်းက မေမေက ပြတင်း ပေါက်ကို ပိတ်ပစ်လိုက်တော့သည်။

'သမီးတို့ ဒီပြတင်းပေါက်ကို မဖွင့်နဲ့တော့ ... ကြားလား'

ကျွန်မသည် တစ်ခုခု ဆုံးရှုံးသွားသလို လှိုက်ခနဲ ဟာသွားသည်။

'ညတွေမှာရော'

'ညတွေမှာ ပိုတောင် မဖွင့်ရသေးတယ်'

မေမေက မျက်နှာထားဖြင့် ကျွန်မကို တားမြစ်သည်။

သွားပါပြီ။

ကျွန်မတို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး ဘာဆိုင်လဲ နော်ဟု စောဒကတတက်ဖို့ ကြံစည်ကြသေးသည်။ သို့သော် ဟိုဘက်အိမ်က ပြတင်းတွေက အမြဲဖွင့်ထားပြီး အသံမျိုးစုံကို ကြားရ၊ လူမျိုးစုံကိုလည်း မြင်ရသည့်အခါ ကျွန်မတို့ လက်လျှော့လိုက်သည်။ မေမေ့စကား နားထောင်တာ ကောင်းပါတယ်။

ထိုပြတင်းပေါက် မဖွင့်ရတော့သဖြင့် ကျွန်မတို့ မောင်နှမတွေမှာ အခွင့်အရေးတွေ တော်တော်ဆုံးရှုံးရ၏။ သို့သော် အဆုံးရှုံးရဆုံးသူမှာ ကျွန်မ ဖြစ်သည်ဟု ကျွန်မ ဝမ်းနည်းနေသည်။

ထိုပြတင်းပေါက် မဖွင့်ဘဲ ကျွန်မသည် ညစဉ် စိတ်ကူးကမ္ဘာသို့ ခရီးထွက်ရသည်။ သိပ်မနိပ်ပါဘူး။ ကျွန်မ မျက်စိရှေ့မှာက ပိတ်ထားသော ပျဉ်တံခါးချပ်ကြီးတွေ။ ရေနံရည်ဝပြီး ညိုမှောင်နေသော ထိုတံခါးရွက်ချပ်ကြီးတွေကို အမှောင်ထဲမှာ စိုက်ကြည့်နေရသည့် အရသာကို ကျွန်မ မကြိုက်ပါ။

ခဏခဏပါပဲ။ ညသန်းခေါင်တွေမှာ မမြင်ရတာ ကြာသော တောင်စောင်းလေးနှင့် တောတန်းလေးကို ကြည့်ချင်စိတ်ဖြင့် ပြတင်းကို ထဖွင့် ကြည့်ရလျှင်ကောင်းမှာပဲဟု တမ်းတမိသည်။ တစ်ခါလောက်တော့ ဖွင့်ကြည့်ဦးမှ။ သို့သော် မဖွင့်မိပါ။

ထိုအခါ အနက်ရောင်အမှောင်တွင် အကွင်းကွင်းလေးတွေ၊ ရောင်စုံ အပြောက်အစက်လေးတွေ မြင်လာသည်အထိ မျက်စိကို စုံမှိတ်ပစ်လိုက်ရတတ်သည်။ ထိုအစက်အပြောက်လေးတွေသည် တော်တော်ကြာအောင် အာရုံစူးစိုက်နေပြီးမှ ကျွန်မအား ပုံသဏ္ဌာန်တို့ဖြင့် ထင်ဟပ်ပြလာသည်။ သို့သော် ကျွန်မ၏ တောင်စောင်းတောတန်းလေးလောက် ပုံရိပ်မထင်ရှား၊ မပီပြင်ပေ။

မှိတ်ထားသော မျက်စိအောက်တွင် ကြေးဖလားနှစ်ခု အပြည့် အမောက် မြတ်လေးငုံလေးတွေက ဖွေးနေသည်။ မွှေးလိုက်တာ။ အဲဒါ ကျွန်မတို့အိမ်ရှေ့ မြတ်လေးရုံတွေဆီကပါ။ ပြတင်းကိုသာ ဖွင့်လိုက်ရလျှင်

တောင်စောင်းဆီမှာ မြတ်လေးပန်းခူးနေသော ဇာတ်လိုက်မင်းသမီးလေး နှင့် မြင်းပေါ်မှာ ထိုင်ပြီး ချစ်ရေးဆိုနေသော ဇာတ်လိုက်ကောင်လေးကို သဲသဲကွဲကွဲ မြင်ရမှာ။ အခုတော့ ...။

အို ... အခုလည်း မြင်ရတာပါပဲလေ။

ဒါပေမဲ့ အကောင်အထည်တော့ မဟုတ်ဘူး။

ထို့နောက် မှိတ်ထားသော မျက်စိထဲတွင် အနက်ရောင် နောက်ခံဖြင့် စိမ်းစိုနေသော စပါးခင်းလေးများကို တွေ့လာရ၏။ စပါးပင်တွေက ကျွန်မ ဒူးဆစ်လောက် မြင့်နေပြီ။ ယိမ်းနွဲ့နေသလား။ စပါးပင်တစ်ခု၏ အရွက် ချွန်ကလေး ထိပ်ဖျားကို ကျွန်မ မြင်ကြည့်ချင်သည်။ ဘယ်လိုပါလိမ့်။

ပြတင်းကိုသာ ဖွင့်လိုက်ရလျှင် နက်ပြာရောင် ကောင်းကင်နောက်ခံ ဖြင့် ကြယ်ရောင်၊ လရောင် တစ်ဝက်အလင်းတွင် စပါးရွက် အဖျားလေး သာမက တွဲလွဲခိုနေသော ရေစက်မှုန်မှုန်လေးကိုပင် မြင်ရမှာ။

ကျွန်မ ပြတင်းပေါက်ကို ဖွင့်ချင်သည်။ ဖွင့်ချင်လိုက်သည်မှ အသည်း အသန်။ သို့သော် ...။

ဒေါင်ခနဲ နာရီထိုးသံတစ်ခု ကြားလိုက်ရသည်။ ဖေဖေရှိရာ ဧည့်ခန်း ဆီက တိုင်ကပ်နာရီတစ်ခုခု၏အသံ ဖြစ်သည်။ ဒါက နာရီဝက်မို့ ထိုးလိုက် တဲ့ တစ်ကြိမ်တည်းသောအသံ ဖြစ်မလား။ ဆယ့်တစ်ခွဲတာလား။ ဆယ့် နှစ်နာရီ ခွဲတာလား။ သို့မဟုတ် တစ်နာရီထိုးသွားတာလည်း ဖြစ်နိုင်သည်။

ပြတင်းပေါက်ကို ကျောပေးလျက် ကျွန်မ သည်ဘက်သို့ စောင်း အိပ်လိုက်၏။

မှိတ်ထားသော ကျွန်မ မျက်စိထဲတွင် အရိပ်နှင့် အရုပ်တို့ လှုပ်ခုန် နေတုန်း ရှိသေးသည်။

ဂျူး

# မေမေ

ငြိမ် ဆိုသော နာမည်မှာ ရှားပါးလွန်းဟန်တူသည်။ ကျွန်မ၏မိခင်အမည်ကို ဒေါ်ငြိမ်ဟု ရေးသော်လည်း အများစုက ဒေါ်ငြိမ်းဟု မှားယွင်းစွာ ဝစ်ဆန်နှစ်လုံးပေါက် ထည့်ပြီး ကူးလေ့ရှိသည်။ မေမေက အသားညိုညက်စွာ ချောမောသည်။ မျက်လုံးနှင့်မျက်ခုံးသိပ်လှသည်။ နှာတံပေါ်ပေါ် နှုတ်ခမ်းပိပိသေသပ်သည်။ ဖေဖေက ကျွန်မတို့ခပ်ငယ်ငယ်က စိတ်လိုလက်ရရှိလျှင် သမီးတွေက အမေ့အလှကို မမီဘူးဟု ပြုံးလျက် မှတ်ချက်ချလေ့ရှိသည်။ မေမေ့ဓာတ်ပုံတွေက သိပ်မများလှသောကြောင့် အလွမ်းပြေကြည့်စရာ ဓာတ်ပုံက နည်းနည်းသာ ရှိသည်။ ထိုဓာတ်ပုံတို့မှာ ဖေဖေက ရိုက်ကူးပေးခဲ့သော ဓာတ်ပုံများ ဖြစ်သည်။

ကျွန်မ မေမေ့ကို အစောဆုံး ဘယ်အရွယ်က စပြီး မှတ်မိခဲ့ပါလိမ့်ဟု စိတ်လိုလက်ရ တွေးမိသည်မှာ မေမေကွယ်လွန်ပြီးမှ ဖြစ်ပါသည်။ အတိအကျပြောရလျှင်တော့ သိန်းဖေမြင့်၏အမေ ဟူသော ဝတ္ထုတိုကို ဖတ်ပြီးနောက်မှ ဖြစ်ပါသည်။သိန်းဖေမြင့်၏ အမေ ဝတ္ထုတို အဖွင့်တွင် 'အမေ့ကို ကျနော် အစောဆုံးမှတ်မိသည်မှာ ကျနော် နို့ဖြတ်စဉ်ကာလက ဖြစ်ပါသည်' ဟု

ရေးခဲ့တာကိုး။ အလွန်ဖတ်လို့ကောင်းသော ထိုဝတ္ထုတွင် သိန်းဖေမြင့်အမေ၏ ပုံရိပ်မှာ ပီပြင်စွာ ရုပ်လုံးကြွနေသည်။ သိန်းဖေမြင့်သည် အသက်အရွယ် လေးငါးနှစ်အထိ နို့စို့ခဲ့ပုံရသည်။ သူ့အောက်မှာ အငယ်မရှိပေ။ သူ့အမေက သူ့ကို နို့ဖြတ်တော့မည် ဆိုတော့ သွားပိုးနှင့် ပြင်ပြင်သာသာလေး ခြိမ်းခြောက် ထားမြစ်ခဲ့သည်။ တစ်ညနေတွင် သူ့အမေက သူ့ကို နှမ်းလုံးလေးများ ကျွေး သည်။ ထို့နောက် ညရောက်သည့်အခါ သား ပါးစပ်ဟစမ်းဟု ခိုင်းပြီး သွားကြိုသွားကြားထဲမှ အမဲစေ့လေးကို ဆွဲထုတ်ယူပြီး လက်ဝါးပေါ်တင်ပြ သည်။ ဒီမှာ ကြည့်စမ်း။ အဲဒါ သွားပိုးပေါ့။ သားက အသက်ကြီးတဲ့အထိ နို့စို့နေတော့ သွားပိုးတောင် စားနေပြီ။ တွေ့လား နောက် နို့မစို့နဲ့တော့နော် ဟု ပြောသတဲ့။ ကျနော်က ထိုအရာမှာ သွားပိုးမဟုတ်ဘဲ နှမ်းစေ့ကလေးမှန်း သိပါသည်။ သို့သော် ထိုနေ့မှစပြီး ကျနော် နို့မစို့တော့ပါ တဲ့။

ကျွန်မကရော မေမေ့ကို ဘယ်အရွယ်မှာ စပြီး မှတ်မိပါလိမ့်။ တွေး ကြည့်တော့ ပုံရိပ်နှစ်ခု သုံးခုလောက် ပေါ်လာသည်။ ပထမဆုံးပေါ်လာသည့် ပုံရိပ်ကတော့ မေမေ ကျွန်မကို ပွေ့ချီပြီး ဆေးခန်းလိုက်ပြသည့် ပုံရိပ်တွေပါပဲ။ ကျွန်မ ငယ်ငယ်က ချူချာသည်။ ကျွန်မ၏မဟာဘုတ်အဖွားနှင့် ပတ်သက်ပြီး မေမေ ခဏခဏ ပြောသောစကားက ကျွန်မသည် မရဏဖွားဖြစ်သတဲ့။ မရဏဖွား ဆိုသည်မှာ ငယ်ငယ်က သေရင်သေ မသေရင် ကြီးလာတဲ့အခါ ကျော်ဇောတတ်သတဲ့။ တကယ်လည်း ကျွန်မသည် တစ်အိမ်လုံးတွင် အချူ ချာဆုံး ဖြစ်နိုင်သည်။ ကျွန်မ မှတ်မိသလောက်တော့ ခံစားရသောဝေဒနာက နှာခေါင်းသွေးလျှံခြင်းပါပဲ။ နှာခေါင်းသွေးလျှံလျှင် ရှူလို့ရအောင် မေမေက အိမ်မှာ ဇီးဖြူသီးခြောက်တွေ ဆောင်ထားလေ့ရှိသည်။ သို့သော် သွေးမတိတ် လျှင်တော့ ဆေးခန်းသို့ ပြေးရပါတော့သည်။ ဆေးခန်းကို မေမေကချည်း လိုက်ပို့သည်ဟု စိတ်တွင် မှတ်မိနေသည်။ ဆေးခန်းသည် ကျွန်မတို့အိမ်ရှိရာ ဂုဏ်မသိမ်လမ်း၏ ထိပ်စွန်းတည့်တည့် ကန့်လန့်ဖြတ်နေသော ဗိုလ်ချုပ် လမ်းပေါ်မှာ ရှိသည်။ မြသီတာဆေးတိုက် ဟု ဆိုင်းဘုတ်ရေးထားသည့် ထိုဆေးခန်းသို့ သွားရာမှာ လမ်းဘေး ပြောင်းဖူးဖုတ်ရောင်းသည့် ဆိုင်လေး တစ်ဆိုင်နှစ်ဆိုင် ရှိနေသည်ဟု မှတ်မိသည်။ ဆေးခန်းသို့သွားရချိန်တွင် ပြောင်းဖူးဖုတ်၏မွှေးရနံ့က ကျွန်မကို မြူဆွယ်နေခဲ့သည်။ ကျွန်မ ပူဆာလျှင်

မေမေက ဆရာ့ကို မေးပေးမယ်ဟု ပြန်ပြောလေ့ရှိသည်။ ဆေးတိုက်သို့ အဝင်က အုတ်လှေကားထစ် သုံးလေးထစ် တက်ရသည်။ ဆေးတိုက်သည် မျက်နှာကျက်မြင့်ပြီး ကျယ်ဝန်းသည်။ သို့သော် မျက်နှာကျက်မှာ တွဲလွဲဆွဲထားသည့် ဝါကြွင်ကြွင် မီးလုံးအလင်းအောက်တွင် အနည်းငယ် မှောင်သလို ခံစားရသည်။ ပြန်စဉ်းစားကြည့်တော့ ပြတင်းတွေတော့ ရှိဟန်တူသည်။ သို့သော် သံဇကာကွက်သေးသေးတွေ ကာဆီးထားလို့လားမသိ။ ခပ်မှောင်မှောင် ခံစားချက်ကို အမြဲရလေသည်။

ဆရာဝန်က ထောင်ထောင်မောင်းမောင်း ချောမောခန့်ညားသည့် ရုပ်ရည်ရှိသည်။ သဘောလည်း အလွန်ကောင်းသည်။ ဆရာ့အမည်မှာ ဦးဟန်သက်ဖြစ်ပါသည်။ ဆရာက ကျွန်မတို့ကို ခပ်ကျဉ်းကျဉ်း စမ်းသပ်ခန်းထဲသို့ ခေါ်သွားသည်။ တစ်ခါတစ်ခါ ဆေးထိုးခံရသည်။ နှာခေါင်းသွေးလျှံလျှင် ထိုးရသည့်ဆေးမှာ အလွန်နာပြီး ဖျားလို့ ဆေးထိုးရလျှင်တော့ သိပ်မနာဘူးဟု ကျွန်မ မှတ်မိနေခဲ့ပါသည်။ ကျွန်မငိုလျှင် မေမေက ချော့နေကျ။ မှတ်မိသလောက်တော့ ဆေးခန်းအပြန်မှာ ပြောင်းဖူးဖုတ် မစားရပါ။ မေမေက ဆရာဝန်အား တည့်မတည့်ပင် မမေးလောက်ဘူး ထင်ပါသည်။

ဝင်ဝင်ချင်း ညာဘက်ဘေးက ဆေးစပ်သည့်ကောင်တာ မြင့်မြင့်ဖြစ်သည်။ ထိုကောင်တာတွင် ဆေးပုလင်းများ စီတန်းလျက် ရှိသည်။ ဆေးကြိတ်သည့် ကြွေထည်ထူထူ ဆုံလေးထဲတွင် ကွန်ပေါင်းဒါးဟု ကျွန်မတို့သိသော ဆရာ့လက်ထောက်က ဆရာညွှန်လိုက်သော ဆေးများကို ကြိတ်ပြီး ဆေးအရည်နှင့်ရောစပ် ဖျော်ပေးလေ့ရှိသည်။ ချောင်းဆိုးပျောက်ဆေးရည် ဖြစ်မှာပေါ့။ အများအားဖြင့် ဆေးက နံလည်းနံ ခါးလည်းခါးသဖြင့် အဝင်ဆိုးလှပါသည်။ နေမကောင်းလျှင် ကျွန်မတို့ ကိတ်မုန့်စားရသည်။ ဖန်ပုလင်းလေးတွေဖြင့် လာသော ဘိလပ်ရည်ဟုခေါ်သော အချိုရည်ကို သောက်ရသည်။ ကော်ဖီသောက်ရသည်။ ကော်ဖီကို သုံးလေးအိမ်မြောက် လမ်းသွယ်ထိပ်က ရွှေပြည်စိုး လက်ဖက်ရည်ဆိုင်မှ လက်ဆွဲဒန်ချိုင့်ဖြင့် ဝယ်တာလည်းရှိ၊ အိမ်မှာ နို့ဆီရှိလျှင် အိမ်မှာ ဖျော်ပေးတာလည်း သောက်ရပါသည်။ ကျွန်မတို့ ငယ်ငယ်က ပပက ဟုခေါ်သော ပြည်သူ့ဆိုင်မှာ နို့ဆီဘူးတွေ ခွဲတမ်းဖြင့်ပေးတာမို့ ရှားပါးသည်ဟု မှတ်မိသည်။

အသေအချာ ပြန်စဉ်းစားကြည့်တော့ ဆေးခန်းသွားသည့်ပုံရိပ်က ကျွန်မ မေမေ့ကို အစောဆုံးမှတ်မိသည့်ပုံရိပ် မဖြစ်နိုင်။ ဒီလောက် စုံစုံလင်လင် မှတ်မိနေတာမို့ ကျွန်မ လေးငါးနှစ်အရွယ်ပဲ ဖြစ်မည်။ သည့်ထက်စောသည့် ပုံရိပ်တစ်ခုကို ကျွန်မ ခပ်ရေးရေး မှတ်မိသေးသည်။ အဲဒါကတော့ ကျွန်မ ညီမ နွယ်နွယ်ကို မွေးသည့် နံနက်ခင်းပါ။ ထိုညက ကျွန်မ မေမေ့ အခန်းထဲ မအိပ်ရပါ။ အိမ်ရှေ့ဧည့်ခန်းမှာ ကျွန်မတို့က အစ်ကိုကြီးကျောက်ခဲဟု ခေါ်သော အစ်ကိုဝမ်းကွဲ ကိုစိုးမြင့်နှင့်အတူ အိပ်သည်။ နံနက်လင်းအားကြီးမှာ ကျွန်မနိုးတာလား အစ်ကိုကြီးက နှိုးတာလားမသိ။ မေမေ့အခန်းသို့ ကျွန်မကို အစ်ကိုကြီးက ပွေ့ချီပြီး သွားခဲ့ကြတာ မှတ်မိသည်။ အခန်းထဲရောက်တော့ ခုတင်ပေါ်မှာ မေမေက ဘေးစောင်းလှဲနေပြီး မေမေ့ရင်ခွင်ဘေးမှာ အူဝဲကလေးလေးကို မြင်ရသည်။ မေမေက ကျွန်မကို အပြုံးဖြင့် သမီး လာလေဟု ခေါ်လိုက်သည်ထင်ပါရဲ့။ ဒါ သမီးညီမလေးလေ ဟု မေမေပြောသလား။ ကျွန်မက မေးလိုက်လို့ မေမေက ဖြေတာလား မသဲကွဲပါ။ ညီမလေးရပြီဟု သိလိုက်တာတော့ မှတ်မိပါသည်။ အဲဒါက အစောဆုံး မေမေ့ပုံရိပ်ဖြစ်နိုင်ပါသည်။ ကျွန်မ ညီမ နွယ်နွယ်ကို ပထမဆုံးမြင်တွေ့ရသည့် ထိုနံနက်ခင်းကို ပြန်တွေးမိတော့ ငယ်စဉ်က ဘဝကိုရော မေမေ့ကိုရော လွမ်းသည့်စိတ်ဖြင့် ကြည်နူးရသလို ပြန်မရနိုင်တော့သည့်ကာလတို့ကို တမ်းတစိတ်ဖြင့် နာကျင်ရပါသည်။

မေမေက ဘဝ၏ပထမပိုင်းမှာ မတောင့်မတ နေခဲ့ရသည့် မိန်းကလေးတစ်ဦးဖြစ်သည်။ အစ်ကိုတစ်ယောက် ရှိသော်လည်း မေမေ ငယ်စဉ်ကပင် ကွယ်လွန်သွားခဲ့သဖြင့် မေမေက တစ်ဦးတည်းသောသမီး ဖြစ်သွားခဲ့သည်။ ပညာတတ် ဖြစ်ချင်ပါလျက် မေမေ့မိခင်က မေမေ့ကို ဈေးထဲမှာ ဆိုင်ထွက်ဖို့ ကျောင်းမှ နှုတ်လိုက်သည်။ မေမေသည် ရောင်းတတ်ဝယ်တတ်ပြီး ပိုက်ဆံကို ရှာတတ် စုဆောင်းတတ်သူ ဖြစ်လာသော်လည်း ပညာနှင့်ပတ်သက်သည့် မေမေ့အိပ်မက်တို့သည် ငယ်ငယ်ကတည်းက ပြိုကွဲခဲ့ရသည်။ ထိုအခါ မေမေသည် သူ့သားသမီးတွေအတွက် အိပ်မက် ထပ်မက်တော့သည်။ သားသမီးတွေကို ပညာတတ်ဖြစ်စေချင်သည့် စိတ်နှင့် မျှော်လင့်ချက်ကြောင့် မေမေက ကျွန်မတို့ပညာရေးကို အဓိက အားပေးသူ ဖြစ်ခဲ့ပါသည်။ ကျွန်မကို

မွေးဖွားစဉ်က ဖေဖေက ရေနံတွင်းမန်နေဂျာ ဖြစ်သည်။ ဖေဖေက ရေနံတွင်း ပိုင်ရှင်ဖြစ်ဖို့ ကြိုးစားသည်။ ညီမလေးနွယ်နွယ့်ကို မွေးဖွားပြီးသည့်အခါ ရေနံတွင်းတွေ ပြည်သူပိုင်သိမ်းလိုက်တော့ ဖေဖေ ရေနံတွင်းတစ်တွင်း ဝယ်ထားတာ ခြောက်လလောက်ပဲ ရှိသေးသည်ထင်ပါရဲ့။ မေမေ့လက်ဝတ် လက်စားတွေ အကုန်လုံး ဖေဖေ့အရင်းအနှီးထဲ ထည့်လိုက်ရသည့်အတွက် လက်မဲ့ဖြစ်သွားတော့သည်။ ထိုအချိန် မှစပြီး ကျွန်မတို့မိသားစု နိမ့်ပါးသွား ခဲ့ခြင်း ဖြစ်လိမ့်မည်။ မမပိုက်နှင့်အစ်ကိုက ခေတ်ကောင်းမီလိုက်သည်။ ကျွန်မက မမီတမီ၊ နွယ်နွယ်နှင့် နွယ်နွယ့်နောက်မှ မွေးသော ယုယုကတော့ နွမ်းပါးစဉ်မှာ လူလားမြောက်ရသူများ ဖြစ်သည်။

မေမေက ငယ်စဉ်က ပညာကို သင်ချင်သော်လည်း သင်ခွင့်မရခဲ့သည့် အကြောင်း တဖွဖွ ပြောရင်း ကျွန်မတို့ကို ပညာတတ်ဖြစ်အောင် ကြိုးစားဖို့ တိုက်တွန်းလေ့ရှိသည်။ မေမေ အမြဲပြောလေ့ရှိသည့်စကားက ပညာဆိုတာ ဆင်းရဲခြင်းရဲ့ ထွက်ပေါက်ပဲ ဟူသည့် အဓိပ္ပာယ် ဖြစ်သည်။

ထိုယုံကြည်မျှော်လင့်မှုကြောင့် ဖြစ်မှာပေါ့၊ ကျွန်မတို့ကို စာကျက်ခိုင်း သူက ဖေဖေမဟုတ်ဘဲ မေမေသာ ဖြစ်တတ်သည်။ ဖေဖေက ကျွန်မတို့ကို အိပ်ရေးပျက် မခံစေလို။ မေမေကတော့ စာတော်စေချင်သဖြင့် တာဝန် ကျေသည်အထိ တွန်းအားပေးတတ်သူ ဖြစ်သည်။ စာကိုသာကြိုးစားခိုင်းသော် လည်း ကျောင်းသို့ မုန့်ဖိုးပေးသည့်အကျင့်ကို မေမေ ပြုလုပ်မပေးခဲ့ပါ။ သူငယ်ချင်းတွေ ကျောင်းတက်သည့်အခါ မုန့်ဖိုးရပြီး မုန့်ဝယ်စားနိုင်ကြသည်။ ကျွန်မကတော့ မုန့်ဖိုးရခဲ့သည်ကို မမှတ်မိပါ။ သူငယ်တန်းအရွယ် ငယ်စဉ်က ကျတော့လည်း ငယ်သေးလို့ အစ်မတွေ အစ်ကိုတွေဆီမှာသာ မုန့်ဖိုးပေး လိုက်သလား။ မုန့်စားကျောင်းဆင်းလျှင် အစ်မတွေ အစ်ကိုတွေနှင့်အတူ မုန့်စားရသည်ကို ခပ်ရေးရေး မှတ်မိသည်။ မုန့်ဖိုးပိုက်ဆံမပေးပေမယ့် မေမေက ကျွန်မတို့အတွက် ကျောင်းသို့ ယူသွားရန် ပဲကြော် ပဲလှော် မြေပဲ ဆားလှော် စားစရာ တစ်ခုမဟုတ်တစ်ခုကို စက္ကူကန်တော့ဖြင့် ထုပ်ပေးလိုက် တာ မှတ်မိသည်။ သူများတွေ မုန့်ဝယ်စားချိန်မှာ ကျွန်မတို့ ပါးစပ်အဟောင်း သားမဖြစ်ဘဲ တစ်ခုခုစားနေဖို့ပေါ့။ မေမေက မုန့်ဖိုးမပေးပေမယ့် ကျွန်မ ကံကောင်းတာလားမသိ။ ကျွန်မက ပန်းချီရေးဆွဲခြင်းကို ဝါသနာပါသည်။

ထိုစဉ်က ရုပ်ရှင်မင်းသမီး ဝါဝါဝင်းရွှေ ခေတ်စားချိန်၊ ဝါဝါ၏ဓာတ်ပုံလေးများ ဇီးပေါင်းထုပ်မှာ ပါလာလျှင် ကျွန်မတို့က သိမ်းထားလေ့ရှိသည်။ ထိုပုံလေးများ၏ ကိုယ်ဟန်အတိုင်း ကျွန်မက ပုံရေးသည်။ ကျွန်မသူငယ်ချင်းတွေက ကျွန်မကို ပုံရေးခိုင်းသည့်အခါ ကျွန်မက ပိုက်ဆံငါးပြား ဆယ်ပြားကို ဆွဲခအဖြစ် ရသည်။ ထိုပန်းချီရေးခဖြင့် ကျွန်မက နွယ်နွယ်တို့ယုယုတို့ကို မုန့်ဖိုးပြန်ပေးတာကို မှတ်မိပါသည်။

မေမေနှင့်အတူ အလုပ်သွားလုပ်ရသည့် အချိန်တွေ ရှိခဲ့သည်။ တတိယတန်း စတုတ္ထတန်းလောက်မှာ ကုန်းစောင်းမှာ မေမေနှင့်အတူ ကောက်သင်းကောက်လိုက်သွားခဲ့ရသည့် အတွေ့အကြုံက ကျွန်မအတွက် ထူးခြားပြီး မမေ့နိုင်စရာဖြစ်သည်။

မေမေ၏မိခင် ဒေါ်ငွေနိုင်က လယ်ပိုင်ရှင်ဖြစ်သည်။ ယောကျ်ားသားမရှိ မိန်းမသားနှစ်ယောက်တည်းမို့ လယ်ကို ကိုယ်တိုင် မလုပ်နိုင်ဘဲ သီးစားချထားခဲ့ရသည်။ နောက်ပိုင်းတွင် လယ်လုပ်သူသာ လယ်ပိုင်ခွင့်ရှိသည်ဟူသော ဥပဒေ ထွက်လာပြီးနောက် မေမေတို့လယ်တွေ အငှားလုပ်သူလက်ထဲမှာ ဆုံးရှုံးသွားခဲ့သည်။ ထိုနှစ်ကာလများဆီက ဆန်ဈေးတက်သဖြင့် ဆန်ချည်းသက်သက် မစားနိုင်သော တချို့အိမ်တို့တွင် ပြောင်းဖူးစေ့တို့ ပဲတို့ဖြင့် ထမင်းကို ရောပြီး ချက်စားရသည်ဟု သိရပါသည်။ ထိုကာလမှာပေါ့ မေမေက သူ့အသိ လယ်ပိုင်ရှင်တို့၏လယ်ကွက်မှာ စပါးရိတ်ချိန် ကောက်သင်းကောက်လိုက်ဖို့ ဆုံးဖြတ်ချက်ချခဲ့တာ။

နံနက်စောစော ထပြီး အိမ်မှထွက်သည်။ ထမင်းချိုင့်လေးထည့်ရသည်။ ရေဗူးထည့်ရသည်။ သားအမိနှစ်ယောက် မြို့ပြင် လယ်ကွက်များဆီသို့ ခြေလျင်လျှောက်သွားရသည်။

ကောက်ရိတ်သူတွေက ဝင်းမှည့်နေသော စပါးနှံတွေကို လက်ဖြင့်ပွေ့ကာ တံဇဉ်ဖြင့် ရိတ်ယူသွားသည့်အခါ စပါးပင်တို့သည် အောက်ခြေမှ ပြတ်လျက် ကျန်ရစ်သည်။ ထိုရိုးပြတ်တို့၏အောက်ခြေတွင် စပါးနှံ တစ်ခက်တလေ ကျကျန်ရစ်တတ်သည်။ စပါးပင်မှာ မပြတ်ဘဲ ကျန်ရစ်သည့် စပါးခက်လေးတွေလည်း ရှားရှားပါးပါး တွေ့ရတတ်သည်။ ထိုစပါးခက်လေးများကို ကျွန်မတို့ ယူခွင့်ရှိသည်။ နံနက်မိုးလင်း စပါးရိတ်ကတည်းက လိုက်ပြီး

ကောက်လိုက်တာ သူတို့ နေ့လယ်ထမင်းစားနားချိန် ကိုယ်လည်း ထမင်းချိုင့်လေးဖြုတ်ပြီး စား၊ ပြီးလျှင် နည်းနည်းနေအေးသည်နှင့် တစ်ခါ ထပ်ရိတ်ထပ်ကောက်၊ သည်လိုနှင့် ညနေစောင်းသည့်အခါ စပါးနှံတော်တော်လေးရသည်။ ရသမျှကို ပုဆိုးဟောင်းထဲ ထည့်ပြီး ထုပ်ပိုးချည်နှောင်ကာ သားအမိ နှစ်ယောက် ခေါင်းပေါ်ရွက်ပြီး ပြန်ကြရပါသည်။ ထိုအကြောင်းကို ကျွန်မ သူရင်းငှား ဟူသော ဝတ္ထုတွင် ဖော်ပြခဲ့ဖူးပါသည်။

ထိုကာလများဆီက ဖေဖေသည် ဆပ်ပြာချက်သည့်လုပ်ငန်းကို လုပ်ကိုင်ခဲ့သေးသော်လည်း အရင်းကြီးပြီး အရှုံးပေါ်သည် ထင်ပါရဲ့။ နာရီပြင်ခြင်းတစ်ခုတည်းဖြင့်လည်း မိသားစုစားသောက်စရိတ် မလောက်ငတော့ မေမေက ကြံဖန်ပြီး စားစရာဆန် ရအောင် လုပ်ခဲ့ခြင်းဖြစ်ပါလိမ့်မည်။ ကုန်းဇောင်းဈေးထဲမှာ မေမေ ဆိုင်ထွက်တာကို ကျွန်မ မှတ်မိနေသေးသည်။ မေမေ့ဆိုင်က အမိုးအောက်က ဈေးရုံလေးထဲမှာ ဖြစ်သည်။ ဆိုင်က ကွပ်ပျစ်အမြင့်နှင့် ထွက်ရသည်မဟုတ်ဘဲ သည်အတိုင်းမြေကြီးပေါ်မှာ တန်းစီပြီး ရောင်းနေသည့် ဆိုင်တန်းဟု ထင်ပါသည်။ ကျွန်မတို့က သစ်သားထိုင်ခုံပုလေးနှင့် ထိုင်ရသည်။ ဆိုင်ခင်းတာကတော့ ရှေ့မှာ ဝါးကွပ်ပျစ်အနိမ့်စားလေးပေါ် ကုန်ခြောက်တောင်းတွေ တင်ထားပြီး ဆိုင်ဖွင့်ခြင်းဟု ထင်သည်။ ကျွန်မ ခဏခဏရောက် ဖြစ်သည့်မေမေ့ဆိုင်လေးက သိပ်တော့ မရောင်းရပေ။ မှတ်မိသလောက်တော့ ငရုတ်သီး ကြက်သွန်ရောင်းသည့် ကုန်ခြောက်ဆိုင်ဖြစ်သည်။ အိမ်စားရိတ်အတွက် မေမေ ဈေးရောင်းတာက အခုမှမဟုတ်။ ကျွန်မ မမွေးမီကာလတုန်းကလည်း အဲသည်လိုပဲ ဆိုင်ရောင်းခဲ့ဖူးသည်။ အဲသည်တုန်းကတော့ မေမေက အိမ်ဆိုင်လေးဖွင့်တာ ဟု သိရသည်။ သမီးအကြီးဆုံး မမပိုက် ငယ်ရွယ်စဉ်မှာ ဖေဖေက ရန်ကုန်သို့ အလုပ်ရှာသွားရင်း ပွဲရုံတစ်ခု၏မန်နေဂျာအဖြစ် အလုပ်လုပ်နေခဲ့သည်ဟု သိရသည်။ မေမေက ခဏခဏ ပြန်ပြောလို့သိရသလောက်တော့ ဖေဖေသည် မေမေ့ထံ ငွေပြန်မပို့နိုင်သည့်ကာလများတွင် မေမေသည် ရှိသည့်လက်ဝတ်လက်စားလေး ထုခွဲပြီး အိမ်ဆိုင်လေးတစ်ခု ဖွင့်ခဲ့ရသည် တဲ့။ အိမ်ဆိုင်က အလွန်ရောင်းရသည်။ မေမေ့အိမ်က မြို့မမြောက်ရပ်ကွက် ဈေးအထွက်မှာ ရှိသည်ဟု ပြောသည်။ ကျွန်းထဲကိုင်းထဲက ပေါ်သည့် အသီးအနှံတွေ ရောင်းချပြီး

ရွာသို့ပြန်ကြသည့်လမ်းပေါ်မှာ ရှိသည်။ ဈေးထဲမှာ ဝယ်ဖို့မေ့ကျန်ခဲ့သော စားသောက်ကုန် ကုန်ခြောက်တို့ကို မေမေ့ဆိုင်မှာ ဝင်ဝယ်ရင်း မေမေနှင့် မိတ်ဆွေဖြစ် ကုန်ကြသည့် တောသူတောင်သားတို့သည် အပြန်တွင် မေမေ့ ဆိုင်သို့ ဝင်နေကျ ဖောက်သည်တွေ ဖြစ်ကုန်သည်ဟု သိရပါသည်။

ရောင်းကောင်းလိုက်တာသမီးရယ် မနက်စာတောင် စားဖို့အချိန် မရှိဘူး။ သမီးအစ်မကို အမေ လက်ကောက်တွေ ဆွဲကြိုးတွေ အများကြီး ဆင်ထားနိုင်တာ ဒီမှာကြည့်။

မေမေက မမပိုက်ငယ်ငယ်က ရိုက်ထားသည့်ဓာတ်ပုံကို ကျွန်မတို့ အား ပြသည်။ ရှေးရှေးခေတ်က ဓာတ်ပုံမို့ ဓာတ်ပုံ စက္ကူကလည်းကောင်း ဆေးသားကလည်းကောင်း၊ မမပိုက်က ဆံပင် ဘေးအကောက်လေးတွေနှင့် ပြုံးရယ်နေလို့ လှလိုက်တာ။ ဂါဝန်က အနားဇာတွန့်ကားကားလေးတွေ အထပ်လိုက်နှင့်၊ မမပိုက်၏လက်မှာ ရွှေလက်ကောက်တွေတန်းစီဆင့်လို့ ပေါ့။ အော် မမပိုက်က ကံကောင်းလိုက်တာ ဟု ကျွန်မ တွေးမိသည်။ ထိုစဉ်က ကျွန်မကို ဖေဖေရိုက်ပေးသည့် ဓာတ်ပုံထဲမှာ ကျွန်မက နည်းနည်းမှ မပြုံးဘဲ ခပ်စူစူဖြင့် ကင်မရာကို မကြည့်သလို ကြည့်သလို မျက်မှောင်ပင် ကြုတ်ထားသေးသည်ထင်ပါရဲ့။ ကျွန်မ မှတ်မိသမျှကတော့ ထိုဓာတ်ပုံထဲမှာ ကျွန်မ ဝတ်ထားသည့် လက်ကောက်က ဖန်လက်ကောက်ပါ။ ထိုလက် ကောက်သည် အဖြူအမဲ ဓာတ်ပုံထဲမှာ အရောင်မပါပေမယ့် အပြင်မှာ အစိမ်းရောင်ဖြစ်သည်ဟု ကျွန်မ မှတ်မိသည်။ ကျွန်မကတော့ ထို ဖန် လက်ကောက် အစိမ်းရောင်လေးကိုပဲ ပြန်တွေးလျှင် ရင်ခုန်ရအောင် နှစ်သက်ခဲ့ပါသည်။

ရေနံချောင်းမှာတုန်းက အစ်ကို မမွေးခင်အထိ ဈေးဆိုင်က အလုပ် ဖြစ်သော်လည်း ကုန်းစောင်းသို့ ရောက်လာပြီး အခုလို ဈေးထဲမှာ ဆိုင် ထွက်သည့်အခါ သိပ်အလုပ်မဖြစ်တော့ပေ။ အိမ်စရိတ်က ကြီးတာလည်း ပါလိမ့်မည်။ သားသမီးက ငါးယောက်ဖြစ်သွားပြီကိုး။ သည်တော့ နေ့စဉ် အရင်းအနှီးထဲသို့ ငွေပြန်ထည့်နိုင်ပါ့မလားဟု ကျွန်မ တွေးကြည့်မိသည်။ ဖေဖေ့ အမြဲတမ်းအလုပ်က နာရီပြင်ဆရာဖြစ်သည်။ နာရီဆိုသည်က တစ်ခါ ပြင်ပြီးလျှင် နှစ်ချီပြီး ကောင်းနေတတ်သည်မို့ ခဏခဏတော့ မပြင်ရဘူး

ထင်ပါရဲ့။ ထိုစဉ်က ခေတ်စားသောနာရီမှန်သမျှ စက်ဖြင့်သွားသည့် နာရီတွေချည်းပါပဲ။ ဓာတ်ခဲနာရီ မပေါ်သေးဘူးဟု ထင်ပါသည်။ နာရီပြင်အလုပ်က သိပ်ဝင်ငွေမရသည့်အခါ မေမေက ကောက်သင်းကောက်သည့်အလုပ် လုပ်ပြီးအိမ်အတွက် ဆန်စုဆောင်းရသည်ဟု ကျွန်မ နားလည်သည်။ ကောက်သင်းကောက်သည်က မေမေ့ဈေးဆိုင်လေး ပြုတ်သွားပြီးမှလားသို့ မဟုတ် ဈေးဆိုင်မဖွင့်မီကလား ကျွန်မ အသေအချာမမှတ်မိပါ။ မေမေသည် အိမ်စားရိတ်အတွက် သူ တတ်နိုင်သမျှ ဖေဖေ့ကို ကူညီ ရှာဖွေခဲ့တာတော့ သေချာပါသည်။

ရလာသည့်စပါးနှံတွေကို အိမ်နောက်ဘက် ခြံဝန်းထဲက တလင်းညီညီမှာ ဖျာကြမ်းခင်း၊ သစ်တုံးကြီးခံပြီး စပါးပုတ် ရသည့်အလုပ်ကို ကျွန်မတို့မောင်နှမတွေ မမောမပန်းလုပ်ကြသည်။ စပါးစေ့လေးတွေက အညှာမှ ကြွေပြီး ခင်းထားသည့် ဖျာကြမ်း (သို့မဟုတ် ယိုင်ဟု ခေါ်သလားမသိ) ပေါ် ပြန့်ကြသွားသည်။ အညှာမှာ စပါးစေ့တွေ မကျန်တော့လျှင်ထို ကောက်လှိုင်းများကို ဘေးသို့ဖယ်ပြီး နောက်ထပ် စပါးနှံများ ထပ်ဆွဲယူထပ်ပုတ်ကြရသည်။ စပါးအတော်များများ ရပြီဆိုလျှင် ထိုစပါးတို့ကိုဆန်ဖြစ်အောင် မောင်းထောင်းရသည်။ ကျွန်မတို့အိမ်ဝိုင်းထဲမှာ စပါးထောင်းသည့် မောင်းတံ မရှိဘူးဟု ထင်သည်။ ရွာထဲမှာ စပါးထောင်းသည့် သစ်သားမောင်းတံတွေ ရှိသည့်အိမ်မှာ ငှားပြီး ထောင်းရပါသည်။ စပါးမောင်းတံမှာအရင်းနှင့်အဖျား နှစ်နေရာ ရှိလေရာ အရင်းမှာ လူက ခြေဖြင့်တက်ပြီးဖိကာ မောင်းတံကြွအောင် ဝန်ရိုးဖြင့် နိမ့်မြင့်ဖြစ်အောင် လုပ်ထားပြီးမောင်းတံအဖျား တစ်ဖက်မှာတော့ မြေပြင်မှာ တွင်းခပ်သေးသေး တူးပြီးသစ်သား ဆုံတစ်ခုကို ထွင်းကာ ထည့်ထားသည်။ မောင်းတံအဖျားမှာငရုတ်ကျည်ပွေ့လို သစ်သား ကျည်ပွေ့အဖြစ် သစ်သားချောင်းကို အောက်သို့စိုက်ကာ တပ်ဆင်ထားသည်။ သစ်သားမောင်းတံ အရင်းကို ကျွန်မတို့ကခြေဖြင့်နင်းလိုက်လျှင် ဆီးဆောလိုပင် မောင်းတံအဖျားက ကြွလာသည်။ ခြေကို လွှတ်ချလိုက်လျှင် မောင်းတံအဖျားက ငရုတ်ကျည်ပွေ့သစ်သားတုံးကဆုံထဲသို့ အရှိန်ဖြင့်ကျသည်။ အဲသည်နည်းဖြင့် ကျွန်မတို့ စပါးမှ ဆန်ဖြစ်အောင် အခွံချွတ်သည်ကို ဆန်ဖွတ်သည်ဟု ခေါ်ကြပါသည်။

ဆန်ဖွတ်သည့်အခါ မောင်းတံကို အရင်းဖက်မှ နင်းဖို့ ကျွန်မတို့ကို ခိုင်းပြီး အဖျားမှာ မောင်းတံကျည်ပွေ့အကျနှင့် အတက်ကြား စပါးများ ဆန်များကို လက်ဖြင့် ဖွသည့်အလုပ်ကို မေမေကပဲ လုပ်ပါသည်။ အဲဒါက လက်သွက်မှ ရသည်။ မောင်းတံပြန်အတက် ပြန်မကျခင်မှာ ဆုံထဲမှာ ရှိနေသည့် အခွံကျွတ်ပြီးသားနှင့် မကျွတ်ရသေးသည့်စပါးများကို သမအောင် မွှေရသူသည် အချိန်ကိုက် လုပ်တတ်ဖို့လိုသည်။ မောင်းတံပြန်အကျတွင် လက်ကို ဆုံထဲမှ မနုတ်ယူနိုင်လျှင် ကျည်ပွေ့သစ်သား ကြီးက လက်ပေါ် ကျပြီး လက်ကွဲပြသွားနိုင်သည်။

မေမေငယ်ငယ်က အဲဒီလို ဆန်ဖွတ်သည့်အချိန်တွင် မောင်းတံ ကျည်ပွေ့ပြန်အကျ လက်ကိုအချိန်မီ မရုတ်သိမ်းလိုက်နိုင်သဖြင့် လက်ညှိုး ထိပ်ဖျားလေး သစ်သားကျည်ပွေ့ဖြင့် ကြိတ်မိပြီး လက်သဲကြေသွားသည်ဟု သိရပါသည်။ မေမေ့လက်ညှိုးမှ လက်သည်းကွဲသွားသည့် ဒဏ်ရာသည် နောက်ထပ် နှစ်ပေါင်းများစွာ ကြာချိန်တိုင်အောင် အကောင်းမဖြစ်တော့ဘဲ နောက်ထပ်ထွက်သမျှ လက်သည်းသည် အကွဲအထပ်အတိုင်း ထွက်လာ သည်။ မေမေ့လက်ညှိုးလက်သဲက အလယ်မှာ ကျိုးပြီး နှစ်ထပ်အဖြစ် စုချွန် နေတာ ကွယ်လွန်သည့်တိုင်အောင်ပါပဲ။ ဒါကြောင့် ကျွန်မတို့ကလေးတွေကို မေမေက ဆုံမှာ လက်ထည့်ပြီး စပါးသမသည့်အလုပ် မလုပ်စေခဲ့ပါ။ ကျွန်မ တို့ကိုလည်း မောင်းတံနင်းသည့်အခါ ဟန်ချက်ညီညီ မနှေးမမြန် လုပ်တတ် အောင် သင်ပေးခဲ့သည်။ တချို့သော မောင်းတံပိုင်ရှင်တို့က စပါးဖွတ်သည့် အခကို မယူဘဲ မေတ္တာသက်သက်ဖြင့် မျှဝေသည်။ အချို့ကိုတော့ ကျွန်မတို့ ကျသင့်သည့်ငွေပေးခြင်း သို့မဟုတ် ဆန်ကို အချိုးကျ ပေးခြင်းဖြင့် ငှားရမ်းခ ပေးကြရပါသည်။

ကျွန်မတို့ ကောက်သင်းကောက်သည့်သတင်းက ပြန့်နှံ့သွားသဖြင့် မေမေ့လယ်တွေကို သီးစားအဖြစ် လယ်လုပ်နေရာက လယ်ပိုင်ဖြစ်သွားသည့် မိတ်ဆွေတို့သည် စပါးတောင်းများကို မေမေ့အား လာပေးသည်ကို ကြုံတွေ့ရ ဖူးသည်။ မေမေက ပထမပိုင်းတွင် ငြင်းဆန်သော်လည်း သူတို့က ဇွတ်အတင်း ပေးနေတော့ မေမေ ယူလိုက်သည်ထင်ပါသည်။ ထိုကာလတွင် ကျွန်မတို့ အိမ်မှာ ဆန်တွေ လောက်ငရုံမက ပိုပင်ပိုလျှံနေသေးသည်ဟု မှတ်မိသည်။

ကျွန်မတို့ ကုန်းစောင်းအိမ်မှာက ခြံဝန်းပတ်လည် မန်ကျည်းပင်တွေ ရှိသဖြင့် မန်ကျည်းရွက်နုသည့်အချိန်မှာ အိမ်စားဖို့ မေမေက မန်ကျည်းပင်ပေါ် တက်ကာ အရွက်နုလေးတွေ ခူးသည်။ မန်ကျည်းရွက်ခူးသည့်အချိန်တွင် ကျွန်မက အပင်ပေါ်လည်း မတက်ရဲ မေမေ့ကိုလည်း စိတ်မချသဖြင့် မန်ကျည်းပင်အောက်မှာ ခုန်ပေါက်ကာ မြန်မြန်ပြန်ဆင်းလာဖို့ မေမေ့ကို တကျည်ကျည် ပူဆာ တောင်းဆိုနေမိတော့သည်။ မေမေက အေးပါ အေးပါနှင့် တော်တော်နှင့်ဆင်းမလာဘဲ အဝတ်လွယ်အိတ်လေးထဲ ဖောင်းလာသည်အထိ မန်ကျည်းရွက်တွေ အပြည့်ရတော့မှ ဆင်းလာသည်။ မေမေဆင်းလာမှ ကျွန်မ ရင်ပူတာတွေ သက်သာသွားတော့သည်။ မေမေ့ကိုယ်စား မန်ကျည်းပင်တက်ဖို့တော့ ကျွန်မ သတ္တိမရှိပြန်ပါ။ မေမေချက်ကျွေးသည့် မန်ကျည်းရွက်ချဉ်စပ်ဟင်းသည် အလွန်ကောင်းသည်။ ပုဇွန်ခြောက်ကိုထိုစဉ်က အများကြီးမဝယ်နိုင်ဘဲ ငါးကျပ်သားတို့ နှစ်ကျပ်ခွဲသားတို့ ဝယ်ရသော်လည်း ဟင်းထဲမှာ ပုဇွန်ခြောက်တွေ နိုင်နိုင်ထည့်ပြီးချက်သဖြင့် သိပ်ကောင်းပါသည်။ မန်ကျည်းရွက်ချဉ်စပ် ဆီလည် ရေလည်ဟင်းနှင့် တို့စရာက သခွားသီးပေါ့။ မန်ကျည်းရွက်ပေါ်ချိန်မှာ မန်ကျည်းရွက်ကို အိမ်နီးချင်းများသို့ ပေးဝေပြီး ပိုသည့်မန်ကျည်းရွက်တို့ကို မေမေက မန်ကျည်းရွက်သနပ် လုပ်ပြီး သိမ်းထားသည်။ မေမေ့ မန်ကျည်းရွက်သနပ်လုပ်နည်းက မေမေ ပြောပြတော့ လွယ်လွယ်လေးပါ။ မန်ကျည်းရွက်လေးတွေကို နုဖတ်နေသည့်အရွက်နုလေးများကို ရွေးသင်။ ပြီးတော့ ဆားလေး နည်းနည်းနှင့်နယ်၊ ပြီးတော့ မြေအိုးထဲ ကျပ်သိပ်နေအောင် ထည့်သိပ်၊ အပေါ်ကနေ ဆီလေးဆမ်း၊ ပြီးလျှင် အဖုံးကို လုံလုံပိတ် အဝတ်ဖြင့် ပြန်အုပ်ပြီး မြေကြီးတွင် တွင်းတူးကာ မြှုပ်ထားလိုက်နှစ်ပေါက်အောင် ခံသတဲ့။ မေမေ့မန်ကျည်းရွက်သနပ်သည် စားဖို့အနေတော်ဖြစ်ပြီဟု ဖွင့်လိုက်ချိန်တွင် အရောင်က မစိမ်းတော့ဘဲ ဝါဝါလေးဖြစ်နေပြီး မန်ကျည်းရွက်တို့သည် စိုစိုအိအိ ထွေးထွေးလေးဖြစ်နေသည်။ သည်အတိုင်းစားလျှင်တောင် အလွန်ကောင်းသည်။ ဒီနည်းကို မေမေ ဘယ်ကရတာလဲဟု မေးလျှင် မေမေက ဝတ္ထုစာအုပ်ထဲက ရတာဟု ပြောသည်။ မူဝံ၏စာအုပ်ထဲမှာ ဖတ်ရတာဟု ပြောခဲ့သည်ထင်ပါရဲ့။

မန်ကျည်းသီးမှည့်သည့်ကာလတွင်လည်း မေမေရော ဖေဖေရော

ဝါးလုံးရှည်ဖြင့် မန်ကျည်းသီး အခိုင်တွေကို ပုတ်ကာ လှုပ်ကာ ချွေတတ်သည်။ လေတိုက်လျှင် အသီးတွေ ကြွေတတ်သည်မို့ မန်ကျည်းသီးတွေ မြေပြင်မှာ ပြန့်ကျဲနေသော်လည်း ဝါးလုံးဖြင့်ပုတ်ကာ ချွေလျှင် အစုလိုက်အပြုံလိုက် ကြွေကျလာလေသည်။ ထိုမန်ကျည်းသီးတို့ကို ကောက်ယူ စုဆောင်းပြီးအခွံ ချွတ်ဖို့ ထုရသည်။ အခွံမာက အက်ကွဲကြေသွားသည့်အခါ အတွင်းက မန်ကျည်းသီးတို့ကို ကျွန်မတို့က လက်သန့်သန့်ဖြင့် ထုတ်ယူ စကောထဲထည့် ရသည်။ မန်ကျည်းပင် လေးငါးဆယ်ပင်ထဲမှာ မန်ကျည်းအချိုပင်တစ်ပင် ပါသည်ထင်ပါရဲ့။ ထိုမန်ကျည်းသီးသည် ယောင်ယောင်လေးသာချဉ်ပြီး အလွန်ချိုသည်။ ချိုသည့်မန်ကျည်းကို သီးသန့်ဖယ်ပြီး စုသည်။ မန်ကျည်း အချဉ်တွေကို သီးသန့်စုသည်။ မန်ကျည်းသီးကို နှစ်ပေါက်အောင် ထားလို့ ရသဖြင့် ကျွန်မတို့အိမ်မှာ မန်ကျည်းသီး ဝယ်စားရသည်ဟု မရှိခဲ့ပါ။ ဟိုတုန်းက ပလပ်စတစ်သိပ်မပေါ်သေးသဖြင့် မန်ကျည်းသီးတို့ကို စဉ့်အိုးလေးထဲ ထည့်သိပ်ထားလေ့ရှိသည်။

မန်ကျည်းသီးသာမက ကျွန်မတို့အိမ်မှာ ဇောင်ချမ်းပင်လည်း ရှိသဖြင့် ဇောင်ချမ်းသီးတွေခူးပြီး ဇောင်ချမ်းချဉ်လုပ်ဖို့လည်း မေမေကပဲ ဦးဆောင်ပြီး အားပေးသည်။ ဇောင်ချမ်းပင်၏အသီးတို့မှာ အခွံမာဖြင့် ဖုံးအုပ်ထားသဖြင့် ထိုအသီးကို ဓားဖြင့် ထက်ခြမ်းခွဲရသည်။ အလယ်အနှစ်ကို ဇွန်းဖြင့်ခြစ်ပြီး ကော်ထုတ်ယူရသည်။ ထို ဇောင်ချမ်းသီးအနှစ်တို့ကို အချဉ်တည်တာတော့ ကျွန်မ မလုပ်တတ်။ မေမေနှင့်မမပိုက်ကပဲ လုပ်ခြင်းဖြစ်သည်။ ကျွန်မတို့ တာဝန်က ခူးပြီး ထက်ခြမ်းခွဲထားသော ဇောင်ခြမ်းသီးများ၏အလယ်ပိုင်း အနှစ်ကို ဇွန်းဖြင့် အခြမ်းမပျက် ကော်ယူပြီး ဇလုံထဲ ထည့်ပေးရသည့် အလုပ်ပါ။ ထမင်းဖြင့် အချဉ်တည်တာ ဖြစ်နိုင်သည်ဟု တွေးကြည့်မိသည်။ ဇောင်ချမ်းသီးအနှစ်ထဲတွင် အစေ့လားဘာလား ဖြူဖွေးနေသည့် ခရုလို အကွေးအညှောင့် သေးသေးလေးတွေပါသည်။ စားလျှင် ဖောက်ခနဲ ဖောက်ခနဲ အလွန်အရသာရှိသည်။ ကုန်းစောင်းဈေးထဲ ရေနံချောင်းဈေးထဲ တွင် ရံဖန်ရံခါ ဇောင်ချမ်းချဉ်ရတတ်၏။ ကျွန်မ ရေနံချောင်းပြန်ချိန် ဇောင်ချမ်းချဉ်ကို ဈေးမှာတွေ့လျှင် ငယ်ဘဝကို လွမ်းစိတ်ဖြင့် ဝယ်ပြီး ကြော်စားဖြစ်ပါသည်။ ထမင်းသိပ်များလျှင် ပုဇွန်ချဉ် မကောင်းသလိုပင်

ဇောင်ချမ်းချဉ်လည်း အရသာ သိပ်မရှိတတ်ပါ။

ပညာဆိုတာ ဆင်းရဲခြင်းထွက်ပေါက် ဟု မေမေ ပြောခဲ့သည်က အနာဂတ်ကာလ ပညာဖြင့် အသက်မွေးဝမ်းကျောင်းဖို့ဟု အဓိပ္ပါယ်ရှိသော်လည်း ချက်ချင်းလက်ငင်း ပညာကြောင့် ထမင်းဝခဲ့သည့်အတွေ့အကြုံကိုလည်း ကျွန်မ မှတ်မိသည်။ ဆန်အိုးထဲမှာ ဆန်မရှိလျှင် ဖေဖေက နောက်မှ သိရမည်၊ မေမေက အရင်သိရသည်ဖြစ်၏။ တစ်နေ့တွင် ကျွန်မတို့မောင်နှမ ကျွန်မနှင့်အစ်ကို ကျောင်းဆုပေးပွဲမှအပြန် ဆုတွေ အများကြီးရလာတာကို မှတ်မိသည်။ အစ်ကိုက ဉာဏ်ကောင်းပြီး စာတော်သည်။ ဘယ်သူက အများဆုံး ဆုရသလဲ မသိသော်လည်း ကျွန်မတို့မောင်နှမ၏ဆုအဖြစ် အဝတ်အထည်တွေ ဗလာစာအုပ်တွေ ခဲတံတွေ ကွန်ပါဘူးတွေ ရလာသည်ကို မှတ်မိသည်။ နောက်တစ်နေ့လား အဲသည် ညနေပဲလားမသိ။ မေမေက ကျွန်မတို့ဆီမှ ထိုဆုတွေကို ခဏယူမယ်ဟု ပြောသည်။ ဆန်မရှိဘူး ဒါတွေကို ဆန်အဖြစ် သွားလဲရမှာ ဟု ပြောသည်ထင်ပါရဲ့။ ကျွန်မတို့နှင့်အပေါင်ဆိုင် ဟူသော စကားလုံး မစိမ်းလှပါ။ ကျွန်မတို့ကလည်း ထမင်းချက်ဖို့အရေးကြီးမှန်းသိသဖြင့် မေမေ ဘာလုပ်လုပ် ဝန်တိုခြင်းမရှိ။ အဆော့မပျက်။ ကစားမပျက်။ မေမေက တက်ထရွန်စအဖြူတို့ ကျောင်းစိမ်းစတို့ ပေါင်နှံလို့ ကောင်းမည့်အစများကို ယူသွားပြီး အပြန်မှာ ပိုက်ဆံပါလာသည်။ ထိုအချိန်တွင် ကျွန်မက စိတ်ထဲ ကြည်နူးသလိုပင် ဖြစ်မိသည်။ ကျွန်မတို့ရသည့်ဆုတွေက ငွေကြေးအဖြစ် ထမင်းအဖြစ် အကျိုးပြုနိုင်သည်ဟူသောအတွေးဖြင့် ဖြစ်နိုင်ပါသည်။ ဖေဖေ့နာရီပြင်ခ ရလျှင် ကျွန်မတို့၏ဆုတွေကို မေမေပဲ ပြန်သွားရွေးပေးမှာဟု ကျွန်မ သိနေသည်။ ကျွန်မတို့ငယ်ဘဝသည် နွမ်းပါးသော်လည်း အလွန်ချမ်းမြေ့ခဲ့ရပါသည်။

မေမေက သစ်ပင်ပန်းပင်စိုက်တာ ဝါသနာပါသဖြင့် ကုန်းဇောင်းအိမ်ခြံဝိုင်းကျယ်ကျယ်တွင် ဇွန်ပန်းပင်များ စိုက်ပျိုးထားသည်။ မြေဖူးပင်ဟု ခေါ်သော လေးနာရီပန်းပင်များလည်း ရှိသည်။ ယုဇနပန်းချုံလည်း ရှိသည်။ ညမွှေးပန်းဟု ခေါ်သည့် ခုနစ်နာရီပန်းပင်လည်း ရှိသည်။ တစ်ပင်နှင့်တစ်ပင် ပွင့်သည့်ရာသီ မတူညီသဖြင့် ကျွန်မတို့အိမ်က ရာသီမရွေး ပန်းပေါင်းစုံဖြင့် လေသင့်ရာ မွှေးနေခဲ့လေသည်။

အလှူတွေ မင်္ဂလာဆောင်တွေသို့ မေမေ သိပ်မသွားသည်ကို သတိပြုမိသည်။ အများအားဖြင့်တော့ ကျွန်မသည် အမေဘွင့် (မေမေ့အဒေါ်) နှင့် လိုက်လျှင်လိုက်၊ မဟုတ်လျှင် ကြီးကြီးအေး(မေမေ့ယောင်းမ ဝမ်းကွဲ) နှင့် လိုက်ရသည်က များပါသည်။ ကြီးကြီးအေးက ရွာနီးချုပ်စပ်အထိ အနောက်ကိုင်းတို့ ပေတော ပင်းတုန်းတို့အထိ သွားတတ်ပြီး တစ်ခါတစ်ခါ ကျွန်မကို အဖော်ခေါ်တတ်သည်။ ကြီးကြီးအေးသည် ထိုရွာ ဘုရားပွဲတွေမှ အပြန်တွင် လက်ဆောင်ရလာသော မုန့်ဖက်ထုပ်များကို ကျွန်မတို့အိမ်အတွက် အများကြီး ထည့်ပေးလိုက်တတ်သည်။ အမေဘွင့်ကတော့ ကုန်းဇောင်းရွာထဲမှာသာ အလှုပွဲတွေ ရှင်ပြုနားသ ပွဲတွေကို သွားခြင်း ဖြစ်သည်။ အမေဘွင့် သွားနေကျက ဥပုသ်နေ့တွင် မြောင်းဘောင်ကျောင်းဟု ထင်ပါသည်။ ဖေဖေ၊ မေမေတို့နှင့်အတူ လိုက်ပါခဲ့သည့် အမှတ်တရတွေက ကုန်းဇောင်း မြစေတီဘုရားပွဲနှင့် ကျောင်းတော်ရာ ဘုရားဖူးအတွေ့အကြုံတို့ ဖြစ်သည်။ ရွှေကျောင်းဘုရားပွဲညမှာလည်း ပွဲကြည့်ရန် မေမေလိုက်ပို့ပေးခဲ့တာများလားဟု ပြန်တွေး ကြည့်မိသည်။ ကုန်းဇောင်းမပြောင်းခင် ရေနံချောင်းမှာတုန်းကလည်း ရုပ်ရှင်ဆိုတာကို မေမေကပဲ ကျွန်မတို့ကို လိုက်ပြပေးတာ မဟုတ်ဘူးလား။ ရုပ်ရှင်ကို ညပွဲတွေ ကြည့်တာများသည်။ ရုပ်ရှင်ရုံက ချောင်းနိမ့်ထဲမှ ဘုရင့်ရုံထင်ပါရဲ့။ ကျွန်မအသက် နည်းနည်းကြီးလာတော့ ထိုရုပ်ရှင်ရုံနှစ်ခု ဘုရင့်ရုံနှင့် ဘုရင်မရုံ မရှိတော့ပေ။ ချောင်းနိမ့်ထဲက ရုပ်ရှင်ရုံသို့အသွားတွင် လမ်းဘေးမှာ စောင်ကို ခေါင်းမြီးခြုံလျက် တောင်းစားသည့် သူတောင်းစား တစ်ယောက်နှစ်ယောက်တွေ့လျှင် ကျွန်မက ရင်တထိတ်ထိတ်နှင့် လန့်နေတတ်သည်။

ကုန်းဇောင်းသို့ ပြောင်းသွားချိန်မှာတော့ ကုန်းဇောင်းမှာ ပွဲအလွန်ရှားသည်။ ဘုရားပွဲမှာ ဆိုင်းတို့ အငြိမ့်တို့ ပါတော့မှ သို့မဟုတ် အလှူပွဲမှာ ဆိုင်းပါတော့မှ ကျွန်မတို့ ကြည့်ရတတ်သည်။ ကျွန်မတို့ကုန်းဇောင်းကျောင်းရှေ့က ကျယ်ပြန့်သော ဘောလုံးကွင်းပြင်ကြီးတွင် အငြိမ့်တွေလည်းကပြီး ဗဟိုရုပ်ရှင်နှင့် ရုပ်ရှင်ဇာတ်ကားတွေလည်း ပြသည်။ တစ်ခါတစ်ခါမှ ရောက်လာသည့် အငြိမ့်ပွဲနှင့် ရုပ်ရှင်ပွဲတို့ကို မေမေက ကျွန်မတို့အား လိုက်ပြပေးတတ်ပါသည်။

မေမေက အဆိုလည်းကောင်းသည်။ သီချင်းတစ်ပုဒ်ကို အစအဆုံး ဆိုပြသည်ကို သိပ်မမှတ်မိသော်လည်း ဟိုတစ်စ သည်တစ်စ မေမေ ဆိုညည်းပြတတ်သည်။ မအေးမိသီချင်းများ ဖြစ်သည်။ မအေးမိတို့ လေဘာတီမမြရင်တို့ကို အသံမကြားဖူး ခင်က မေမေ့အပြောဖြင့် ကျွန်မ သိခဲ့ရခြင်းဖြစ်သည်။ စိတ်အေးလက်အေး မေမေသီချင်းဆိုနိုင်ချိန်က တော်တော်နည်းပါသည်။ မေမေသည် အလုပ်နှင့်လက် ပြတ်သည်ဟု မရှိ။ အလုပ်နည်းနည်းပါးလျှင် သနပ်ဖက်ဆေးလိပ်ကို ငုံပြီး တစ်ဖွာနှစ်ဖွာ ရှိုက်ဖွာပြီး ဆေးလိပ်ခံခွက်တွင် အသာတင်ထားလေ့ရှိသည်။ အဝတ် လျှော်လျှင်လည်း မေမေပဲ၊ သုံးရေ ချိုးရေအတွက် ရေခပ်လျှင်လည်း မေမေက အဓိက။ ဖေဖေက ငွေရှာရသူမို့ မေမေက တော်ရုံအလုပ်ကို ကိုယ်စားပြုလုပ်ပေးတာ ဖြစ်နိုင်ပါသည်။ မေမေ့ကို ကူညီပြီး ရေဆွဲပေးရ သည်က ကျွန်မတို့ မောင်နှမတွေပေါ့။ ကျွန်မတို့ ညံဂံ ရပ်ကွက်မှာ ကျွန်မ တို့နှင့် တစ်ဝိုင်းကျော်မှာ ရေတွင်း သန့်သန့်ရှိသည်။ တစ်ဝိုင်းကျော်ဟု ပြောရသော်လည်း ခြံဝိုင်းတွေက အလွန်ကျယ်သဖြင့် ကျွန်မတို့ကလေး ခြေလှမ်းဖြင့် အတော် လှမ်းသည်ဟု ထင်ရပါသည်။ ထိုရေတွင်းမှ ရေကို ဆွဲပြီး သုံးဖို့ရေဖြည့်ရသည်။ အများအားဖြင့် မြေအိုးတွေထဲ၊ ဘဲဥအိုးတွေထဲ ထည့်ရခြင်းဖြစ်သည်။ ပီပါဟု ကျွန်မတို့ခေါ်သော ရေတိုင်ကီကတော့ ချိုးရေပေါ့။ သီးသီးပင်၏အောက်မှာ ချိုးရေအတွက် ရေတိုင်ကီ ရှိသည်။ ကျွန်မတို့အတွက် ရေခပ်အလုပ် သက်သာသည့်အချိန်တစ်ခု ရှိသည်။ ဆည်မှ ရေလွှတ်ပေးသည့်အချိန် ဖြစ်၏။ ကျွန်မတို့အိမ်ရှေ့မှာ ကျွန်မတို့ ပေါင်လည်လောက်နက်သည့် မြေကြီးသက်သက် ရေမြောင်းရှိသည်။ ဆည်မှ ရေလွှတ်သည့် အချိန်တွင် ထိုရေမြောင်းမှ ရေအပြည့် လျင်မြန်စွာ စီးဆင်း လေသည်။ ရေမြောင်းအထက်မှာ ကျွန်မတို့အိမ်အဝင် တံတားတိုတိုလေး တစ်ခု ရှိသည်။ ထိုတံတားပေါ်မှာ ထိုင်ပြီး ရေချိုးလို့ရ အဝတ်လျှော်လို့ရ။ ရေကို ပုံးဖြင့်ခပ်ယူပြီး အိမ်ထဲသိုလှောင်ထားလို့ရသည်။ ထိုရေမြောင်း ရေလာချိန်တွင် စက္ကူလှေလေး လွှတ်လို့လည်း ရသည်။ အိမ်တိုင်းအိမ်တိုင်း ရှိ ကလေးတို့သည် ထိုရေလွှတ်ချိန်တွင် ကျွန်မလိုပဲ ပျော်ရွှင်ကြလိမ့်မည် ထင်ပါသည်။

မေမေက အဝတ်လျှော် ဝါသနာပါသည်ဟု ပြောရမည်။ အဝတ်ကို ညစ်ပေမှာ နည်းနည်းမှ မကြိုက်။ ဆပ်ပြာသိပ်ရှားချိန်တွင် ဆပ်ပြာကြမ်း မြေမှုန့်များကို ရေဖျော် အနည်ထိုင်အောင်လုပ်ပြီး ထိုအပေါ်ရေဖြင့် အဝတ်အကြမ်းတို့ကို အရင်လျှော်ပြီးမှ ဆပ်ပြာဖြင့် လျှော်လေ့ရှိသည်။ ကျွန်မတို့အကျီအဖြူတွေကိုတော့ ဆပ်ပြာအကောင်းဖြင့်ပဲ လျှော်လေသည်။ မေမေသည် အဝတ်လျှော်ရာတွင် အိမ်မှ ရေအကုန်နည်းအောင် ရေခပ် သက်သာအောင် ရေများများ ရှိသည့်နေရာ သွားလျှော်ဖို့ မပျင်းသူ ဖြစ်သည်။ ကုန်းဇောင်းမှာ နေတုန်းက မြောင်းဘောင် ပေါင်းတံတားအနီးတွင် အဝတ် သွား လျှော်ခဲ့ဖူးသည်။ ကျွန်မတို့ ကလေးတွေက လိုက်သွားတာပေါ့။ မေမေကတော့ ဇလုံထဲ အဝတ်တွေ ထည့်ယူလာပြီး ကျွန်မတို့အကူအညီ ဖြင့် ရေပေါပေါများများမှာ အားရပါးရ လျှော်နေစဉ် ကျွန်မတို့ကတော့ ကုလားပဲတွေ အသီးပေါ်သည့်အချိန် မြောင်းဘောင်ဘေးက ပဲခင်းအစပ်မှာ ကုလားပဲပင်လေးတပင်နှစ်ပင်ကို နှုတ်ယူပြီး ကလေးသဘာဝ ဆော့ကစား နေခဲ့ကြဖူးသည်။ ကုလားပဲအသီးလေးတွေကို မီးနှင့်မြှိုက်ပြီး အတွင်းက ကုလားပဲကို နပ်လားမနပ်လားမသိသည့် စိမ်းဆတ်ဆတ်ကိုပင် ကျွန်မတို့ စားလို့အရသာခံခဲ့ကြဖူးသည်။

ရေနံချောင်းပြန်ရောက်တော့ ကျွန်မက ခြောက်တန်းကျောင်းသူ ဖြစ်နေပြီ။ ရေနံချောင်းမှာလည်း ရေက ရှားပါသည်။ ရေရှားသည့်ဒဏ်ကို ခံနိုင်ရည်ရှိဖို့ ဖေဖေက ကျွန်မတို့အိမ်မှာ အုတ်ကန်အကြီး သုံးခု တည် ဆောက်ထားခဲ့သည်။ ပထမအုတ်ကန်ဖြစ်သော အိမ်ရှေ့အုတ်ကန်သည် ရေခပ်ဖို့ ရေကန်လှယ်ဖို့ နေရာကွက်ကွက်လေးသာ ချန်ပြီး အပိတ် ပြုလုပ် ထားသည့်ကန်။ ထို အုတ်ကန်ပေါ်တွင် ကျွန်မတို့တက်ပြီး ပန်းခူးလို့ရသည်။ ထိုအုတ်ကန်ပေါ်မှ မီးဖိုခေါင်မိုး ပေါ်အထိ လှမ်းတက်လို့ရသည်။ ထိုအုတ် ကန်က အကြီးဆုံး။ ထိုအုတ်ကန်ကို ရေဖြည့်ပြီးလျှင် ဒုတိယအုတ်ကန်က မီးဖိုခန်းမှာ ရှိသည်။ အလျားရှည်ရှည် အုတ်ကန်ဖြစ်သည်။ ထိုအုတ်ကန် ကတော့ အဖုံးမပါ။ တတိယအုတ်ကန်သည် မီးဖိုနှင့်ကပ်လျက် ရေချိုးခန်း တွင် ရှိသည်။ ကျွန်မတို့မိန်းကလေးတွေ ရေချိုး အဝတ်လျှော်လျှင် ထိုရေချိုး ခန်းကို အသုံးပြုရသည်။ ဝင်ပေါက်တံခါးကို ပိတ်လိုက်လျှင် အလင်းဆိုလို့

ဘေးနံရံအထက်မှ အပေါက်ကျဉ်းကျဉ်းရှည်ရှည်လေးသာ ရှိသည်မို့ ထိုအခန်းသည် မီးမဖွင့်လျှင် မှောင်နေတတ်သည်။ ထို့ကြောင့် ကျွန်မ ထိုအခန်းကို မကြိုက်ပါ။ မေမေသည် နွေရောက်လို့ ရေရှားပြီး စက်ရေ ဘုံဘိုင်ရေမလာလျှင် ထိုအုတ်ကန်သုံးခုထဲက ရေကို ခွေတာပြီး သုံးသူ ဖြစ်သည်။ အဝတ်ကိုလည်း အများကြီးလျှော်ချင်သူဖြစ်ရာ မေမေ့ အဝတ်လျှော်စခန်းသည် ရောဝတီမြစ်ကမ်းသောင်ပြင်ဘေး ဖြစ်သွားတော့သည်။ အစ်ကိုနှင့်ကျွန်မက တက္ကသိုလ် သွားတက်နေသည့်အချိန်ဆိုလျှင် ထိုနွေရာသီရက်တို့မှာ ကျွန်မ ညီမနှစ်ယောက်က မေမေနှင့်အတူ အဝတ်လျှော်ဖို့ ဒိုင်ခံ လိုက်ပါရသူ ဖြစ်သည်။ တစ်ခါတလေ ကျွန်မ ကျောင်းပိတ်လို့ အိမ်ပြန်ရောက်ချိန်နှင့်ကြုံလျှင် ကျွန်မပါ အတူလိုက်ပါပြီး အဝတ်လျှော်ကြသည်။ ပင်ပန်းသော်လည်း အလွန်ကြည်နူးဖို့ ကောင်းသည်။ မေမေက လက်ဖက်သုပ် ကြိုက်သည်။ ကျွန်မတို့အလုပ်လုပ်ရင်းမပျင်းအောင် လက်ဖက်သုပ်တို့ ပြောင်းဖူးပြုတ်တို့ကို ရေချိုးဆိပ်သို့ သယ်ယူလာတတ်သည်။ ရေနွေးကြမ်းဟု ခေါ်သော အဖန်ရည်အိုးလည်းပါသည်။ ခြင်းတောင်းထဲ အစုံထည့်ပြီး ပျော်ပွဲစားထွက်သလို အဝတ်လျှော်ထွက်တတ်သည်။ အဝတ်တွေကို သဲသောင်ပြင်သန့်သန့် ဖြူလွလွပေါ်မှာ အသာဖြန့်ခင်းလှန်းရသည်။ ခြောက်သွေ့မသွားခင်တော့ ကျွန်မတို့ ရေချိုးလိုက် ထီးလို အမိုးအရိပ်တစ်ခုခုအောက်မှာ ထိုင်ကာ မုန့်စားလိုက်ပေါ့။ နေကပူသဖြင့် အဝတ်က မကြာမီပင် ခြောက်သွားသည်။ အဝတ်ခြောက်သည့်အခါ နေလည်း ကျပြီ ဆိုလျှင် ကျွန်မတို့ တပွေ့တပိုက်ပိုက်ပြီး ပြန်လာကြလေ့ရှိသည်။ မြစ်ကမ်းနှင့် ကျွန်မတို့အိမ်က အတော်အတန်ဝေးသော်လည်း ညီအစ်မတွေ သားအမိတွေ တစ်စုတဝေးတည်းမို့ စကားတွေ ပြောလာကြသည့်အခါ မောရပန်းရမှန်းမသိတော့ပေ။

အဝတ်လျှော်ဝါသနာကို ကျွန်မက မေမေ့ထံမှ အမွေရလိုက်သည်ဟု ထင်ပါသည်။ ကျွန်မသည် အားအားနေလျှင် အဝတ်ပဲ လျှော်ချင်နေတတ်သည်။ နေပူပူကို မြင်လျှင် ဒီနေနဲ့ အဝတ်လျှော်ပြီး လှန်းလိုက်ရလျှင်တော့ ဟု တွေးတတ်သူ။ သွားရင်းလာရင်း အုတ်ရေကန်တို့ ရေတွင်းတို့မှာ ဘေးက သမံတလင်းပြောင်ပြောင်နေရာကို မြင်လျှင် ဟား ဒီနေရာမှာ အဝတ်လျှော်လိုက်ရလျှင်တော့ ကောင်းမှကောင်းဟု တွေးတတ်သူ ဖြစ်သည်။

ကျွန်မအတွက် အဝတ်လျှော်ခြင်းသည် စိတ်အပန်းဖြေခြင်းတစ်မျိုးပင် ဖြစ်နေသလား မသိ။ စာရေးဖို့ ဦးနှောက်က အတွေးကို မတွေးနိုင်သည့် အခါ စိတ်ပြေလက်ပျောက်ဟု ကျွန်မ အဝတ်လျှော်သည်။ တစ်ထည်လျှော်ဖို့ အားလပ်လျှင် တစ်ထည်လျှော်သည်။ မေမေ့ထက်ပိုသည်က ကျွန်မသည် မီးပူလည်း တိုက်ချင်သူ ဖြစ်သည်။ မေမေ့ခေတ်ကတော့ ကျွန်မတို့အိမ်မှာ လျှပ်စစ်မီးပူမရှိ ကြေးမီးပူသာ ရှိသည်မို့ မီးပူတိုက်ရတာ အချိန်ကုန် လူပန်း ဖြစ်သည်။ မေမေက ထသွားလာသွား အဝတ်အတွက် အရေးမကြီးလျှင် လျှော်ပြီးသားကို ခေါက်ရုံပဲ ခေါက်သည်။ မီးပူ သိပ်မတိုက်ပေ။ ကျွန်မ တကသိုလ်ရောက်တော့လည်း ကျွန်မမှာ လျှပ်စစ်မီးပူ မပါပေ။ သူငယ်ချင်း တွေက လျှပ်စစ်မီးပူတွေ ယူလာပြီး အဝတ်ကို မီးပူတိုက်တော့ ပထမတော့ ကျွန်မ မသုံးရဲဘဲ လန့်နေသည်။ ဓာတ်လိုက်မှာစိုးလို့တဲ့။ သူငယ်ချင်း မဒွေးဝင်းတ ရယ်မောပြီး မလိုက်ပါဘူးဟယ် ရော့ တိုက် ဘာမှ မဖြစ်ဘူးဟု အားပေးသည်။ သူ့မီးပူ ပျက်သွားမှာလည်းစိုး၊ ကျွန်မကို ကြိုးမှ တစ်ဆင့် ဓာတ်လိုက်မှာလည်းစိုး ထိုအချိန်ကာလ တကယ်ကို ရှိခဲ့ဖူးပါသည်။

မေမေသည် အိုဇာတာ မကောင်းဘူးဟု ပြောရမည်လား။ သမီးတွေ အလုပ်အကိုင်တွေနှင့် တင့်တင့်တယ်တယ် နေနိုင်သည့်အရွယ်ထိ အသက် မရှည်ခဲ့ပေ။ မေမေဆေးလိပ်တွေသိပ်သောက်တာကို ကျွန်မ မကြိုက်ပါ။ အထူးသဖြင့်တော့ ကျွန်မ ဆေးကျောင်းသူ ဖြစ်လာချိန်တွင် ဆေးလိပ်၏ ဆိုးကျိုးကို ထဲထဲဝင်ဝင်သိလာချိန်တွင် မေမေ့ကို ဆေးလိပ်ဖြတ်စေချင်ပါ သည်။ ကျောင်းမှ မေမေ့ထံ ရေးသည့် စာထဲမှာ မေမေ ဆေးလိပ်ဖြတ်ဖို့ တိုက်တွန်းဖူးသည်။ မေမေက မဖြတ်နိုင် တဲ့။ အိမ်ပြန်ရောက်သည့်အခါ မေမေ့ကို ဆေးလိပ်ဖြတ်ခိုင်းသည်။ မေမေက မဖြတ်နိုင်တဲ့။ ဆေးလိပ်၏ ဆိုးကျိုးတွေပြောပြီး အဆုတ်ရောဂါ ဖြစ်တတ်သည့်အကြောင်း ခြိမ်းခြောက် တော့လည်း မေမေက အေးအေးပါပဲ။ အများကြီး မသောက်ပါဘူး တစ်နေ့ သုံးလေးလိပ်ပါပဲအေ တဲ့။ နောက်ဆုံး ကျွန်မက မေမေ့ကို အကြပ်ကိုင်ခဲ့ဖူး သည်။ မေမေ ဆေးလိပ်ဆက်သောက်နေလျှင် သမီး ကျောင်းထွက်လိုက် တော့မယ် ဆရာဝန်လည်း မလုပ်တော့ဘူးဟု ပြောကြည့်သည်။ အံမာလေး ကျွန်မ မေမေက အေးအေးပဲ။ ဆေးလိပ်အသောက် မပျက်။ အေးလေ

ဒါတော့ ညည်းဘဝအတွက် ညည်းဟာညည်း စဉ်းစားဆုံးဖြတ်ပေါ့ တဲ့။ မေမေ့ကို လက်လျှော့လိုက်ရသည်။ ထိုအကြောင်းကို ကျွန်မနှင့်ဆေးလိပ်ဟူသော ဆောင်းပါးတွင် ကျွန်မ ရေးခဲ့ဖူးပါသည်။ တစ်နေ့ သုံးလေးလိပ်ကနေ တဖြည်းဖြည်း လျှော့သောက်ဖို့တော့ ကျွန်မ ဗျူဟာပြောင်းပြီး မတိုက်တွန်းခဲ့မိဘူးထင်ပါရဲ့။ မေမေ့ကို အဆုတ်ကင်ဆာရောဂါထံသို့ အရှုံးပေး ဆုံးရှုံးလိုက်ရပါသည်။ စီးကရက်မဟုတ်ဘဲ သနပ်ဖက်ဆေးလိပ်မို့ ကင်ဆာအထိဖြစ်လိမ့်မည်ဟုလည်း ကျွန်မ မမှန်းဆခဲ့မိပေ။

မန္တလေးသို့ မေမေ လိုက်လာသည့် ကျောင်းပိတ်ခါနီး ရက်တို့တွင် မေမေ့အား ဓာတ်မှန်ရိုက်ဖို့ ကျွန်မ ကြိုးစားပေးခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် ဓာတ်မှန်တွေ သိပ်ရှားပါးသည့်ခေတ်ပေါ့။ ကျွန်မကို သူငယ်ချင်းတင်မောင်ညွန့်က ကူညီပြီး မေမေနှင့်အတူ ဓာတ်မှန်ဌာနသို့ သွားရိုက်ကြသည်။ ကျွန်မတူမလေး ကြည်သာကလည်း အဆုတ်သိပ်မကောင်းလှသူမို့ နှစ်ယောက်လုံးကို ဓာတ်မှန်ရိုက်ဖြစ်သွားသည်။ အဲသည်တုန်းက ဓာတ်မှန်က အခုခေတ်လို အရွယ်အစားအကြီးကြီး မဟုတ်။ သုံးလက်မ လေးလက်မ ဓာတ်ပုံအရွယ်လောက်သာ ဖြစ်သည်။ ဓာတ်မှန်ဆရာဝန်က အဖြေကြည့်တော့ အငယ်မလေး၏ဓာတ်မှန်က အဖြေ ကောင်းသည်။ မေမေ့ဓာတ်မှန်မှာ အဆုတ်က သိပ်မကောင်း။ သလိပ်စစ်ရမည်ဟူ၏။ ထို့ကြောင့် ရေနံချောင်းသို့ မပြန်မီ သုံးရက် နံနက်စောစော မေမေ့ သလိပ်ယူပြီး စစ်ခဲ့သည်။ အဖြေက တီဘီပိုးမတွေ့ဟူ၏။ ကျွန်မတို့ စိတ်ချလက်ချ ရေနံချောင်းသို့ ပြန်ခဲ့ကြပါသည်။

ထိုအချိန်ကသာ လူတိုင်း ဓာတ်မှန်အကြီးကြီး ရိုက်လို့ရခဲ့သည့်ခေတ်အခြေအနေ ဖြစ်လျှင်၊ သို့မဟုတ် အဘဖြစ်ဖြစ် မာမီကြီးဖြစ်ဖြစ် သမားတော်တစ်ဦးဦးနှင့်ပြဖြစ်ခဲ့လျှင် မေမေ့ရောဂါကို ကျွန်မ ဖြစ်စမှာ စောစောစီးစီး သိခွင့်ရလေမလား။ မေမေ သည်လောက်စောစောစီးစီး လူ့ဘဝမှ ထွက်ခွာရပ့်မလားဟု နှောင်းနောင်တဖြင့် ကျွန်မ မကြာခဏ တွေးမိပါသည်။ ချောင်းဆိုးတတ်တာပဲ ရှိလေတော့ အဆုတ်ကင်ဆာဆိုသည်ကို ကျွန်မ တစ်ခါမှ မေမေနှင့်တွဲပြီး မတွေးကြည့်မိခဲ့ပေ။

အခုတော့ မေမေသည် အခု ကျွန်မ၏ လက်ရှိအသက်ထက်ပင် ငယ်ရွယ်သေးသည့်အသက်မှာ ကွယ်လွန်ခဲ့ရပြီ ဖြစ်သည်။ မေမေ့အမှတ်တရ

အဖြစ် မေမေ့ ကြောင်အိမ် ဘီဒိုတစ်ခု ကျန်ရစ်သည်။ ခေါက်ထားပြီး အလျားလိုက် သယ်ယူ၊ လိုရာရောက်မှ ပြန်ဆန့်ယူ ပြန်ဆင်ယူလို့ရသည့် ကျွန်းသားကြောင်အိမ် ဖြစ်သည်။ တော်တော်ကို ဟောင်းနွမ်းနေပြီဖြစ်သော်လည်း အစွဲအလမ်းကြီးသည့် ကျွန်မသည် ဘယ်မြို့ ဘယ်အိမ်ပဲ ပြောင်းပြောင်း သွားလေရာသို့ သယ်ယူလာခဲ့သည်။ မေမေ့ ခပ်သော့သော့ လက်ရေးလေးတွေ ကျွန်မမှာ ကျန်ရစ်ခဲ့သည်။ နှစ်ပေါင်းများစွာ ကြာသည့်နောက် မေမေသည် အခြားသော လူတစ်ယောက်အဖြစ် ပြန်လည်မွေးဖွားလာပြီးပြီဆိုလျှင် အသက်သုံးဆယ့်ခုနစ်နှစ်အရွယ် အမျိုးသမီး သို့မဟုတ် အမျိုးသားပင် ဖြစ်နေလောက်ပြီ ဆိုသော်လည်း ကျွန်မ ဘုရားရှိခိုးပြီးတိုင်း မေမေ့ကို တသပြီး အမျှဝေနေဆဲဖြစ်ပါသည်။ မေမေ ကောင်းမြတ်တဲ့ဘုံဌာနမှာ ငြိမ်းချမ်းပါစေကြောင်း ဆုတောင်းမြဲ ဖြစ်ပါသည်။

ချူး

## ပထမဆုံး အမှတ်တရများ

မနေ့က ဖေဖေကွယ်လွန်သည်မှာ တစ်နှစ်မြောက်ခဲ့ပြီ။

'မြတ်စွာဘုရားကို ဘယ်တော့မှ မမေ့နဲ့သမီးတို့' ကျွန်မတို့ ညီအစ်မတတွေကို မကြာခဏ သတိပေးခဲ့သည့်ဖေဖေကို ကျွန်မ ဆွမ်းတော်ကပ်တိုင်း ရေချမ်းလဲတိုင်း ပန်းအိုးပြင်ဆင်တိုင်း ဖယောင်းတိုင် အမွှေးတိုင် ထွန်းတိုင်း သတိရနေမိသည်။ ဖေဖေက အမွှေးတိုင်ကိုတော့ မကြိုက်ပေ။ ဘုရားရှေ့မှာ ရှုပ်တယ်။ အနံ့လည်း စူးတယ်ဟု ယူဆသူဖြစ်သည်။ ဒါတောင် အမွှေးတိုင် လုပ်ရာတွင် ခုတ်လှဲခံခဲ့ရသည့် မြောက်မြားလှစွာသော မန်ကျည်းပင်ကြီးများ အကြောင်း ဖေဖေ သတိတရ ရှိချင်မှ ရှိခဲ့မည်။ အရင်က သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးကို ဦးစားပေးသူမို့တစ်ကြောင်း အမွှေးတိုင်မှာ သုတ်လိမ်း ထားသည့်အနံ့တို့ကို မနှစ်သက်သဖြင့်တစ်ကြောင်း ကျွန်မသည် ဖေဖေလိုပင် အမွှေးတိုင်ကို မကြိုက်သဖြင့် မထွန်းခဲ့။ အင်း အခုတော့ အိမ်မှာ ခြင်တွေ များလာသဖြင့် ခြင်ဆေးကိုလည်း သိပ်အားမကိုးချင်သဖြင့် အမွှေးတိုင်ကို ထွန်းမိသည့် အကြိမ်တွေ များများလာသည်။ ဖေဖေ မကြိုက်သည့်အမွှေးတိုင် ကို ထွန်းမိတော့ လိပ်ပြာမလုံဘဲ ဖေဖေ့ကို ပိုသတိရမိသည်။

ဖေဖေ့ကို အာရုံမျက်မြင် သတိရမိတိုင်း ဖေဖေ့အကြောင်းကို ဆက်စဉ်းစားမိတိုင်း မျက်ရည်တွေတွေ ကျနေမိဆဲ။ သတိရမိတိုင်းလည်း ကျေးဇူးတင်စိတ် ချစ်မြတ်နိုးစိတ် အားကိုးယုံကြည်စိတ်တို့က ပြန်လည် ပုံပေါ်လာလေသည်။ မိခင်ဖခင် ဆိုတာ လူတစ်ယောက် သက်ရှိထင်ရှား ရှင်သန်နေသရွေ့ အလွမ်းမပြယ်စွာ တမ်းတ မှန်းဆနေမိတော့မည့် ပုဂ္ဂိုလ်တွေလေ။ ကိုယ့်ကို လောကအလယ်တွင် ဖြစ်တည်ရှင်သန်လာအောင် ပုံဖော် ထုဆစ်ခဲ့သူများတွင် အဓိက ကျေးဇူးရှိသည့် လက်ဦးဆရာ မည်ထိုက်စွာသော မိဘနှစ်ပါးကို ဘယ်လိုများ မေ့မေ့ပျောက်ပျောက် ရှိနိုင်ပါမလဲ။

ဖေဖေ့အသံကို မကြားရသည်မှာ နှစ်နှစ်ကျော်ခဲ့ပြီ။ ဖေဖေသည် အသက်ထင်ရှားရှိနေသည့် နောက်ဆုံးလများတွင် စကားမပြောသလောက်ပဲ ဖြစ်သည်။ ဖေဖေ့အသံကို အခုအခါ ပြန်တွေးမိလျှင် ပြန်ကြားယောင်ဆဲဖြစ်၏။ သို့သော် အာရုံမှာ ကြားရုံမက နားဖြင့်ကြားချင်နေမိသည်။ အော် ဖေဖေ စကားပြောသည့်အချိန်တုန်းက ဖေဖေ့အသံကို အသံဖမ်းစက်ဖြင့် သွင်းယူမထားလိုက်မိလေခြင်း။ ဖေဖေ ပရိတ်ရွတ်သည့်အခါ ဗြဟ္မဇာလသုတ် ရွတ်သည့်အခါ ကျွန်မတို့ ဘေးကနေ အကြာကြီး နာယူမနေခဲ့မိပေ။ မိတ်ဆွေတစ်ဦးကတော့ ဖေဖေ ရန်ကုန်သို့ရောက်ခါစက ဘုရားစာရွတ်သည်ကို အသံသွင်းထားခဲ့သဖြင့် သူ့ဆီမှာ ဖေဖေ့အသံ ရှိသည်။ ဒါက ဖေဖေ ရွတ်ဖတ်ခဲ့သည့်အသံသက်သက်ပဲ။ ဖေဖေ့စိတ်ထဲက ခံယူချက် ခံစားချက်တို့ကို ထုတ်ဖော်ပြောခဲ့သည့်အသံမဟုတ်။ သားသမီး ငယ်ရွယ်သူတို့ကို အမှာပါးခဲ့သည့်စကားတို့ မဟုတ်။ သို့သော် အနည်းဆုံး ဖေဖေ့အသံကိုတော့ ကျွန်မနားနှင့် ပီပီပြင်ပြင် ကြားနိုင်မည့် အခွင့်အရေးတော့ ဖြစ်လေသည်။

ဖေဖေက ကျွန်မတို့ကို သီချင်းဆိုပြီး သိပ်ခဲ့ဖူးတာကို မကြာခဏ သတိရနေသည်။ ထိုစဉ်က ဖေဖေသီဆိုသည့် သီချင်းကို ကျွန်မ ဘယ်လိုလုပ်ပြီး သိနိုင်ပါ့မလဲ။ ဖေဖေ့အသံက ဝါသည် အောင်သည်။ အဆိုလည်း ပိုင်နိုင်သည်။ နားထောင်လို့ အလွန်ကောင်းသည်ဟုတော့ ကျွန်မ သိခဲ့တာပေါ့။ ကျွန်မကို ပခုံးပေါ် တင်ပြီး လမ်းလျှောက်ကာ သီချင်းဆိုသည့် ဖေဖေ့အသံကို အခု ကြားယောင်ကြည့်ပေမယ့် တကယ်ကို ဘာသီချင်းမှန်း မသိပေ။ မမပိုက်ကတော့ သူသိသည် တဲ့။ မမပိုက်က ကျွန်မထက် ရှစ်နှစ်

ကြီးသည်မို့ သူ ကောင်းကောင်းမှတ်မိနိုင်သည်။ ကလေးဘဝမှတ်ဉာဏ်တွေက မှားယွင်းတတ်သည်ဟု စာထဲတွင် ဖတ်ဖူးထားတာ တကယ်ပဲလားမသိ။ ကျွန်မက ဖေဖေသီဆိုသည့်သီချင်းကို မှားယွင်းစွာ မှတ်မိနေခဲ့သည်ကို မမပိုက် ပြောပြမှ သိသည်။ မေဆံရစ်ကညာ ဖေချစ်တာရယ်လေ ရွှေမေတ္တာက ကြီး ကြီး ကြီးလှပါသဗျ ဟူသည့် စုံတွဲသီချင်းကို ဖေဖေဆိုပြခဲ့တာမဟုတ်လား ဟု မမပိုက်နှင့်စကားစပ်မိတော့ မမပိုက်က မဟုတ်ဘဲနဲ့ ဖေဖေလား အဲဒီလို ဖေတော့မောင်တော့သီချင်းတွေ ဆိုမှာ ဟု ကျွန်မကို ပြန်ပြောသည်။ ဖေဖေ ဆိုခဲ့တာက မဟာဇနက္ကတို့ တောသားကြီးတို့ပါ တဲ့။ အင်း အဲဒါတော့လည်း ဟုတ်သားပဲဟု ကျွန်မ ပြုံးမိရင်း 'ခင်မောင်ရင်ပြောကြားတဲ့ တောသားလည်း ဟုတ်နိုင်ပေါင်ခင်ရယ်' ဆိုသည့်အသံကို ကြားယောင်မိသလိုလို။ ဒါဖြင့် စောစောကသီချင်းက ဦးဘအေး ဆိုပြခဲ့တာဖြစ် ချင်ဖြစ်မှာပေါ့ဟု ကျွန်မ ပြန်တွေးမိသည်။ ဖေဖေ့ မန်နေဂျာက ဦးဘအေး ဖြစ်သည်ကို ကျွန်မ ကောင်းကောင်းမှတ်မိနေသည်။ အံမယ် နွယ်နွယ်က ကျွန်မထက်ပိုပြီး မှတ်ဉာဏ်ကောင်း၏။ ဖေဖေ ငါ့ကို ပခုံးပေါ်တင်ပြီးဆိုတဲ့သီချင်းက ဆွဲဆွဲ ငင်ငင် ဆိုရတဲ့ သီချင်းပဲ ဟု ကျွန်မကို ပြောသည်။ မမပိုက်က ယမုန်နာ ဟု ထောက်ပေးသည်။

ကျွန်မကိုပုံဖော်ထုဆစ်သည့်အရာတွေထဲတွင် ဖေဖေနှင့်မေမေ သီဆိုပေးခဲ့သည့်သီချင်းတွေကလည်း အဓိက နေရာတွင် ပါဝင်နေမှာပဲ ဟု ကျွန်မ စဉ်းစားကြည့်မိသည်။ တေးဘုမ္မာ သီချင်း၊ ယမုန်နာသီချင်းကြီး တို့ကို ဖေဖေ နှစ်သက်သည်။ ဖေဖေ၏နောက်ဆုံးနှစ်များတွင် ကျွန်မသည် ဖေဖေ့ကို ယမုန်နာသီချင်းနားထောင်မလားဖေဖေဟု မေးပြီး ဖေဖေက အေးဟု ခွင့်ပေးလျှင် တင်တင်မြ၏ ယမုန်နာ သီချင်းကို ကွန်ပျူတာဖြင့် ဖွင့်ပေးသည်။ ဖေဖေက စူးစူးစိုက်စိုက် နားထောင်သည်။ ဖေဖေသည် နားထောင်ရင်းက သင်းသင်းမြတ်တို့ပါဝင်သီဆိုထားသော ယမုန်နာ တေးသရုပ်ဖော်ကို အာရုံထဲတွင် ပြန်လည်ပုံဖော်ကာ ကြားယောင်ကြည့်နေ လိမ့်မည်ဟု ကျွန်မ သိသည်။ ကျွန်မတို့ငယ်ငယ် ကုန်းစောင်းမှာ ရှိနေစဉ်က ယမုန်နာ တေးသရုပ်ဖော်ဇာတ် ဓာတ်ပြားကို မကြာခဏ ကြားရလေ့ရှိသည်။ ထိုဇာတ်ထဲတွင် ယမုန်နာကို သီချင်းရေးသူ အမျိုးသားအနေနှင့်လည်း

အမျိုးသားအသံဖြင့် ကြားရသည်။ မေမေကတော့ မအေးမိ၏ သီချင်းများ မေရှင်၏သီချင်းများကို သီဆိုပြတတ်သည်။

အမေ မွေးတုန်းကပင် စိန်ပါတီရုပ်ရည်မလှသရှင် ပုပ္ပေစ ကတ ပုညာထင်

ထိုသီချင်းပိုဒ်ကို ကျွန်မ ခဏခဏ ပြန်ကြားယောင်မိပါသည်။ တကယ်တော့ မေမေက လှပါသည်။ ဖေဖေက မေမေ့ကို မမီလိုက်သည့် ဧည့်သည်တွေကို အမြဲပြောလေ့ရှိသည့်စကားက သူတို့အမေရဲ့ ရုပ်ရည်ကို မီတဲ့သမီး တစ်ယောက်မှ မပါဘူး ဟူ၏။ ကျွန်မတို့ သဘောကျစွာ ပြုံးရယ်မိကြသည်။ ကျွန်မတို့က မေမေ့ဆီက အမွေကို သိပ်မရလိုက်ဘဲ ဖေဖေ့ဆီက အမွေကို ပိုပြီးရလိုက်သူတွေ ဖြစ်မလား။

လူတစ်ယောက်ရယ်ဟု ဖြစ်တည်လာအောင် ပုံဖော်ပေးသည့် အကြောင်းအရာနှင့် အချက်အလက်ပေါင်းများစွာ ရှိနိုင်သည်။ မိဘ၊ ဆရာ၊ သူ မွေးဖွားခဲ့ရာ ဒေသ၊ သူမွေးဖွားရာအိမ်နှင့်ပတ်ဝန်းကျင်၊ သူတက်ခဲ့ရသည့် ကျောင်း၊ သူ စာသင်ကြားခဲ့ရသည့် ပညာရေး၊ သူ ငယ်ရွယ်စဉ်ဘဝက သူ့ကျန်းမာရေး၊ သူနှင့်တွဲဖက်ခဲ့ကြသည့် သူငယ်ချင်းများ၊ သူ နားထောင်ခဲ့ရသည့်သီချင်းများ၊ သူ ဖတ်ခဲ့ရသည့်စာအုပ်များ၊ သူ တွေ့ကြုံခဲ့ရသည့် အကောင်းအဆိုး အဖြစ်အပျက်များ၊ သူ ခံစားခဲ့ရသည့် ခံစားချက်များ၊ ဒို သူ ကြုံသမျှအရာအားလုံးသည် တစ်နည်းမဟုတ်တစ်နည်းဖြင့် သူ့ဘဝကို ပြုပြင် ဖန်တီးပေးသည့်အရာများ ဖြစ်နိုင်သည်။

ဖေဖေနှင့်အတူ သွားခဲ့ရဖူးသည့် အစောဆုံးခရီးတစ်ခုကို ကျွန်မ မှတ်မိနေသည်မှာ သင်္ဘောကြီးတစ်စင်းပေါ် သို့ တက်ကြည့်ကြခြင်း ဖြစ်သည်။ ရေနံချောင်းမြို့၏ သစ်တပွေ ဆိပ်ကမ်း (ဟုထင်သည်) မှာ ဆိုက်ကပ်ထားသည့် သင်္ဘောပေါ် သို့ နံနက်ကိုးနာရီဆယ်နာရီခန့်မှာ သားအဖနှစ်ယောက် တက်သွားကြသည့်အဖြစ်ကို ကျွန်မ မှတ်မိနေသည်။ ဖေဖေကတော့ မိတ်ဆွေတွေနှင့်စကားပြောတာလည်း ရှိတာပေါ့။ ကျွန်မကတော့ ဖေဖေ့ ပုဆိုးစကို မလွှတ်တမ်းဆွဲကာ ဟိုကြည့် ဒီကြည့် အံ့သြနေခဲ့သည်။ ကျွန်မ အသက် သုံးနှစ်လောက်ရှိမလား။ လေးနှစ်လောက် ရှိမလား။ သေချာသည်ကတော့ ခြောက်နှစ်မပြည့်သေးနိုင်။ ခြောက်နှစ်အရွယ်မှာ ကျွန်မက ကုန်းစောင်းသို့

ပြောင်းရွှေ့ရပြီလေ။ ဖေဖေသည် ကျွန်မတို့ အား ပြင်ပဗဟုသုတရအောင် အမြဲ လူရာသွင်းခဲ့သူပါလားဟု ယခုအခါ ပြန်စဉ်းစားကြည့်မိသည်။

ဖေဖေခရီးထွက်ရာမှ ပြန်လာလျှင် ရန်ကုန် မန္တလေးမှာသာ ရနိုင်သော မုန့်အသစ်အဆန်းတွေကို ကျွန်မတို့ စားရအောင် ဝယ်လာလေ့ရှိသည်။ ကျွဲကောသီးကို ဖေဖေက ရှောက်ပန်းသီးဟု ခေါ်သည်။ ဒူးရင်းယိုကို ဖေဖေ သိပ်ကြိုက်ပြီး ကျွန်မတို့စားဖို့ ဝယ်ဝယ်လာသည်။ ပန်းသီးဆိုတာကို ဖေဖေ ဝယ်လာတော့မှ စားဖြစ်ကြသည်။ မှတ်မှတ်ရရ ဖေဖေကလား မေမေကလား ကျွန်မနှင့်အစ်ကိုကို ယောကျ်ားလေးဝတ်စုံဆင်တူ ချုပ်ပေးသည်မို့ အတူတူ ဝတ်ခဲ့ရဖူးသည်။ စစ်ဝတ်စုံလို ယူနီဖောင်းပုံစံ ဘောင်းဘီနှင့်အကျႌဖြစ်သည်။ ထိုယောကျ်ားလေးဝတ်စုံကို ဝတ်ခါစက မနေတတ်သလို ဖြစ်နေသေးလား ကျွန်မ မမှတ်မိ။ ကျွန်မမှတ်မိသည့်အဖြစ်ကတော့ ထိုဝတ်စုံနှင့် ကျွန်မကိုယ် ကျွန်မ စမတ်ကျသည်ဟု ယုံကြည်မိသည့်အဖြစ် ကိုပါပဲ။ ဝတ်စုံက သေသပ်ပြီး တကယ်လှပတာကိုး။ ရေနံချောင်းမှာ ရှိနေခဲ့သည့် ကျွန်မ၏ငယ်ဘဝသည် ကိုယ့်ကိုယ်ကို ယုံကြည်မှုတွေဖြင့် လုံခြုံနေခဲ့သည်။

သူငယ်တန်းဖတ်စာကို ကျောင်းမတက်မီကတည်းက အစ်ကိုသင်ရသည့် စာအုပ်မှတစ်ဆင့် မေမေ ဖတ်ပြသည့် မောင်ရေခဲနှင့် မရွှေဖဲကဗျာ တို့မှ တစ်ဆင့် ကျွန်မအနည်းငယ်သိနေခဲ့ပြီ။ ကျောင်းမှာ မသင်ရသေးမီ ကတည်းက မေမေ သင်ပေးခဲ့သည့် ကကြီးခခွေးတို့ကို ကျွန်မ ကောင်းကောင်း ရေးတတ်ခဲ့ပြီ။ တခြားသူအတွက် ကနဦးလက်လှည့်ဆရာသည် ကျောင်းမှ ဆရာ ဆရာမတွေ ဖြစ်ချင်ဖြစ်မည်။ ကျွန်မအတွက်တော့ မေမေ ဖြစ်သည်။ မေမေက ကျွန်မလက်ပေါ်မှ သူ့ လက်ကို ဖွဖွလေး အုပ်ကိုင်ပြီး အရေးကျင့် ပေးခဲ့သောကြောင့်တည်း။

အိမ်မှာရှိသည့် သမ္မတဆယ်စောင်တွဲလား သမာဓိ ဆယ်စောင်တွဲ လား ဆယ်စောင်တွဲတွေကို ထပ်ခါထပ်ခါ ဖတ်ပြီးခဲ့သော်လည်း ဖေဖေ ကျွန်မတို့မောင်နှမတွေအတွက် ပထမဆုံး ဝယ်လာပေးခဲ့သည့် စာအုပ်ကို မြင်ရတော့ ချစ်လိုက်တာ မပြောပါနှင့်တော့။ ပန်းချီဦးဘကြည်၏သရုပ်ဖော် လက်ရာများဖြင့် ဗုဒ္ဓဝင်ရုပ်စုံစာအုပ်ဖြစ်သည်။ မြတ်စွာဘုရား၏ဘဝကို မယ်တော်မာယာ ပဋိသန္ဓေတည်ပြီး သိဒ္ဓတ္ထဖွားတော်မူချိန်မှ စကာ မြတ်

စွာဘုရားပရိနိဗ္ဗာန်စံတော်မူသည်အထိ စာသားနည်းနည်း ရောင်စုံပန်းချီပုံများများဖြင့် သရုပ်ဖော်ထားသည်။ ပုံတွေက သိပ်လှတာမို့ ကျွန်မတို့မောင်နှမတွေသည် ထိုစာအုပ်ကို တမြတ်တနိုး ဖတ်ကြသည်။ မြတ်စွာဘုရား၏ဖြစ်စဉ်ကို ကလေးတွေနှစ်သက်အောင် ဖန်တီးပေးသောစာအုပ်ပါလားဟု အခုအခါ ပြန်တွေးပြီး နှစ်သက်မိသည်။ ကလေးများအဖို့ ဆယ်စောင်တွဲ ဖတ်ရသည်ထက် ပိုစိတ်ဝင်စားစရာ ကောင်းနေပါလိမ့်မည်။

ဘဝတစ်လျှောက်လုံးတွင် ဖေဖေက ကျွန်မတို့ကို ငေါက်တာတောင် တစ်ခါနှစ်ခါပဲ မှတ်မိသည်။ ရိုက်ဖူးဖို့ဖြင့် ဝေးလေစွ။ သို့သော် ဖေဖေ၏ တည်ကြည်သောအိန္ဒြေကို ကျွန်မတို့က လေးစားကြောက်ရွံ့ ရှိသေရသည်။ ဖေဖေက စကားကို အပိုပြောတတ်သူမဟုတ်သဖြင့် ပြောသမျှ စကားတို့သည် ကျွန်မတို့အတွက် အလေးထားစေသည့်စကားများပဲ ဖြစ်၏။ ဖေဖေ့ ဘုရားစင်ဘေး စာအုပ်စင်လေးမှ စာအုပ်တို့သည် ပဋ္ဌာန်းဒေသနာ၊ နိကာယ်ရှိ သုတ္တန်ကျမ်းစသည့် လောကုတ္တရာစာများချည်း ဖြစ်သည်မို့ ကျွန်မနှင့် ဝေးကွာခဲ့သည်ဟု ဆိုပါစို့။ မေမေကတော့ လောကီစာအုပ်တွေကို ဖတ်သူမို့ ကျွန်မနှင့်နီး၏။ မနီးနီးအောင် မေမေက ကျွန်မကို ဖန်တီးခဲ့သည်ဟု ပြောလျှင် မမှားနိုင်ပါ။ မေမေက ကျွန်မကို ဝတ္ထုစာအုပ်တစ်အုပ် ပေးဖတ်ခဲ့တာကိုး။ ဖေဖေ ဝယ်ပေးသော ပထမဆုံးစာအုပ်က ဗုဒ္ဓဝင်ရုပ်စုံဖြစ်ပြီး မေမေ ဖတ်ခိုင်းသော ပထမဆုံးစာအုပ်က ဓူဝံ၏မာလာ ဝတ္ထုဖြစ်သည်။ မေမေ ဒုတိယဖတ်ခိုင်းသည်က တက္ကသိုလ်ဘုန်းနိုင်၏ ကမ္ဘာကုန်ကျယ်သရွေ့ ဝယ် ဖြစ်ခဲ့၏။ ဖေဖေနှင့်မေမေက ကျွန်မကို တစ်မျိုးစီ ပုံဖော်ကြသည်ဟု ပြောနိုင်လေမလား။ သေချာသည်ကတော့ ကျွန်မသည် ငယ်ရွယ်စဉ် ကတည်းက စာဖတ်ခြင်းတွင် မွေ့လျော်တတ်ခဲ့လေသည်။

လူတစ်ယောက်၏စိတ်ခံစားချက်ကို သိလိုလျှင် သူဖတ်သည့်စာအုပ်တွေ သူနားထောင်သည့်သီချင်းတွေမှတစ်ဆင့် အကဲခတ်နိုင်သည်ဟု စိတ်ပညာစာအုပ်တို့တွင် ဖတ်ဖူးပါသည်။ ကျွန်မကို တင်တင်ဝင်းအဖြစ် ပုံဖော်ပေးခဲ့သည့်စာအုပ်များ၊ သီချင်းများအား ခြေရာကောက်လို့ ရနိုင်ပါမလား။ အများကြီးပါပဲ။ တောမှာနေခဲ့သူမို့ ကျေးလက်တောရွာသီချင်းတွေကို နှစ်သက်ခဲ့သည်။ မြန်မာဆန်မှုကို သဘောကျခဲ့သည်။ ငယ်စဉ်တုန်းက

ကုန်းစောင်းမှာ ငါးနှစ်လောက်နေခဲ့ရစဉ် မာတ်ပြားသီချင်းတို့သည် ကျွန်မ အတွက် အပန်းဖြေရာ စိတ်အလျဉ် ရွှက်လွှင့်ရာ ကြားခံနယ်များ ဖြစ်ခဲ့သည်။ ရွှေမန်း တင်မောင်၏ ဗုဒ္ဓဝင်နောက်ပိုင်းဇာတ်ထုပ်များကို ကျွန်မ နားထောင်ခဲ့ ရသည်။ ဖွားတော်မူခန်း၊ လေးတင်ခန်း၊ တောထွက်ခန်း သုံးပိုင်း ဖြစ်သည်။ မယ်တော်မာယာထံ သိဒ္ဓတ္ထမင်းသားက မြားဖြင့် သဝဏ်လွှာစေလိုက်ပြီး နောက် မယ်တော်မာယာဆီမှ ပြန်စာလာတော့ သားက ဖတ်ပြသည့်အခါ သူ့အကြောင်း မပါသဖြင့် မချင့်မရဲ မေးမြန်းပုံမှာ ဟာသမြောက်ပြီး စွဲမက် ဖွယ် ကောင်းသည်။ သုဒ္ဓေါ်ဆိုတဲ့နာမည်လေး မပါဘူးလား။ မပါဘူး ဘုရား့။ နောက်ကျောဖက်မှာရော မပါဘူးလား။ မပါဘူးဘုရား့။ သူ တစ်ယောက် ယောက်ကို လေးလေးပင်ပင် ဆွေးဆွေးမြေ့မြေ့ကြီး လှမ်းပြောလိုက်သည်။ 'မပါဘူး တဲ့' ထိုစကားသံကို ကျွန်မ ပြန်တွေးပြီး ရယ်ချင်နေမိသည်။ ရာဟုလာအမွေတောင်းခန်းကတော့ စိန်အောင်မင်းဟု ထင်ပါရဲ့။

ကုန်းစောင်းမှာရော ရေနံချောင်းမှာပါ ကလေးတို့အတွက် မလုံခြုံ သောနေရာဟူ၍ မရှိခဲ့သလောက်ပါပဲ။ ကျွန်မ တို့ ခြေဆန့်ချင်သည့်နေရာ တွေကို သွားလို့ရသည်။ သဘာဝပတ်ဝန်းကျင်နှင့် နီးစပ်သည်။ သစ်ပင်တွေ၊ ပန်းပင်တွေ၊ မြောင်းတွေ ချောင်းတွေ မြစ်တွေ။ တောင်တန်းတွေ၊ တိမ်တွေ။ တင်မိုး၏ အမေ့ကျောင်းကဗျာကို ကျွန်မတို့မောင်နှမတွေ ကောင်းကောင်း ခံစားနိုင်ခဲ့သည်မှာ ငယ်စဉ်က ကျွန်မတို့နေထိုင်ခဲ့ရသော ကျယ်ဝန်းပြီး မန်ကျည်းပင်တွေ ဝိုင်းရံနေသည့် ခြံဝန်းထဲကအိမ်ကြောင့်ဖြစ်နိုင်ပါသည်။

ညနေတိုင် ကျောင်းအပြန် စာကျက်၊ ရေခပ်၊ ရေချိုး၊ ပြီးလျှင် ညစာ စားသည့်အခါ အိမ်ရှေ့တလင်းပြင်တွင် ကွပ်ပျစ်ကြီးပေါ် မှာပေါ့။ အစ်မက ကျွန်မတို့နှင့် နည်းနည်း အသက်ကွာတော့ တစ်ခါတစ်ခါ အစ်ကို ပါဝင်လျက် တစ်ခါတစ်ခါ ကျွန်မတို့ ညီအစ်မ အငယ်သုံးယောက်သာ အတူတူ စားဖြစ် သည်။ အမေက ထမင်းပန်းကန်လေးကို အိမ်အောက်ထိ သယ်လာပေးသည်။ ကျွန်မညီမလေး ယုယုကို ထမင်းခွံ့လျှင် မေမေက ကောင်းကင်သို့ မော့ကြည့် ပြီး ဖိုးလမင်းကြီးရေ ထမင်းဆီဆမ်းနဲ့ ရွှေလင်ပန်းလေး သမီးလေးအတွက် ပေးပါ ဟု ပြောတတ်သည်။ ပြီးတော့ ပူနွေးသည့်ထမင်းကို လက်ဖြင့် ခပ် လျှားလျှား (သုံးလုပ်စာ)အဆုပ်လေးတွေဖြစ်အောင်ဆုပ်ပြီး ညီမလေးကို

ကျွေးသည်။ ကျွန်မတို့လည်း မေမေ့ထမင်းဆုပ်ကို မက်မက်မောမော ယူစားကြသည်။ လမင်းကြီးထွက်လာသည့် အချိန်တွင်ကျွန်မတို့ ထမင်းစားပြီးသလောက်ရှိပြီ။ ကြယ်တွေကို ရေတွက်ကြသည်။ မေမေက ကြယ်တွေကို သူသိသလောက် နာမည် ပြောပြတတ်သည်။ ထို့ကြောင့် တင်မိုး၏ အမေ့ကျောင်းကို ကျွန်မတို့ ရင်မှာစွဲနစ်နေအောင် ခံစားမြတ်နိုးနိုင်ကြသည်။

နေလုံးနီနီ ညနေစောင်းတော့ အမေ့ကျောင်းကို သွားရမယ်
ငွေဖျိုင်းဖြူရယ် ကျွန်တော်သွားတော့ လိုက်မှာလားကွဲ့ ပျော်လှတယ်
သင့်မှာတောင်စုံ လေဟုန်စီးရင် ဒုံးပျံကြီးထက် မြန်လိမ့်မယ်
ဖိုးလဝါဝါ ပြူကာထွက်တော့ ကျောင်းတက်ချိန် လို့ မှတ်ရမယ်
အမေ့ရင်ခွင်ထိုင်ခုံလုပ်လို့ ငုတ်တုတ်ကလေး ထိုင်ပါ့မယ်
ကောင်းကင်ကြီးဟာ ကျောက်သင်ပုန်းပေါ့ ကြယ်ဝလုံးတွေ ရေးရတယ်။

ကဗျာများ သီချင်းများသည် လူတစ်ယောက်၏ဘဝတွင် အလွန်အရေးပါသော အခန်းကဏ္ဍမှာ ပါဝင်နေလိမ့်မည်ဟု ကျွန်မ ယုံကြည်ပါသည်။

လက်ရည်တစ်ပြင်တည်းသီချင်းကို ကျွန်မ စသိသည့်အချိန်ကို အတိအကျ မမှတ်မိသော်လည်း ကုန်းစောင်းမှာ စပြီး ကြားခဲ့ရသည်ဟု မှတ်မိသည်။ မိုးညိုညို မိုးအုံ့ဆိုင်းသည့်အချိန်တွင်များ ထိုသီချင်းသံကို ကြားရလျှင် ဘာကိုလွမ်းမှန်းမသိ လွမ်းမိ၏။ မိုးမျှော်ငရုတ်သီးထောင်းနဲ့ ကိုဘိုကေရယ် ဒေါင်းလန်းကြီးရဲ့အလယ် ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင် မင်မင် လက်ရည်တစ်ပြင်တည်း ရှေးကတော့ ပိုချစ်ကြတယ် တဲ့။ ရွှေအပ်ငရုတ်သီးမီးကင်ထောင်းစပ်စပ်လေးကို ကျွန်မ သိတာကိုး။ ဒေါင်းလန်းကြီးနှင့်မစားဖူးသော်လည်း ဒေါင်းလန်းကို ကျွန်မ သိတာကိုး။ ခံစားနိုင်ခဲ့တာပေါ့။

ကျွန်မတို့ စတုတ္ထတန်းအရွယ်မှာလား မသိ။ ကျွန်မတို့ကျောင်းက လူရည်ချွန်တစ်ယောက် ထွက်ပေါ်ခဲ့သည်။ ထိုလူရည်ချွန်ကို ကြိုဆိုဖို့ ကျွန်မတို့ရွာ တာလမ်းမှာ တန်းစီပြီးစောင့်ခဲ့ကြဖူးသည်။ လူရည်ချွန်အစ်ကိုကြီးက ဘယ်နေရာကနေ လာမည် မသိသော်လည်း ကျွန်မတို့ သူငယ်ချင်းတွေက ကြိုဆိုချင်လှပြီ။ လူရည်ချွန်ဟူသောစကားလုံးနှင့်အဓိပ္ပါယ်ကို ကျွန်မတို့

စာစောစီးစီးသိပြီး စာစောအားကျခဲ့ရသည့်အဖြစ်ဟု အခုမှ ပြန်တွေးကြည့်မိသည်။ ကျောင်းပညာကို တန်ဖိုးထားတတ်ဖို့ ကျွန်မတို့ သင်ယူတတ်မြောက်ခဲ့ရခြင်းပါလားဟု တွေးမိသည်။ တစ်ကျောင်းလုံး ဂုဏ်ယူမဆုံးဖြစ်ခဲ့မှာပေါ့။ ထိုစဉ်က ကျွန်မတို့ကျောင်းသည် အဋ္ဌမတန်းအထိသာ ရှိသည့် အလယ်တန်းကျောင်းဖြစ်သည်။ အလယ်တန်းကျောင်းလေးက လူရည်ချွန်ထွက်ပေါ်သည်ဆိုတော့ ဆရာတွေ ဘယ်လောက်တောင် ကြည်နူးလိုက်မလဲ ကျွန်မ မှန်းဆကြည့်မိပါသည်။ ဘက်စုံလူရည်ချွန်ကို မဆိုထားပါနှင့်၊ စတုတ္ထတန်းမှာ ရခဲ့သည့် မြန်မာစာရည်ချွန်ဆုကိုတောင် ကျွန်မ ဘယ်လောက်ထိ ကျေနပ်ခဲ့ရပါသလဲ။ ကုန်းစောင်းကနေ ပွင့်ဖြူအထိ မြန်မာစာရည်ချွန်စာမေးပွဲသွားဖြေရသည့်အဖြစ်ကို အခုထိ မှတ်မိနေဆဲ။ မြင်းလှည်းနှင့် သွားရတာပါ။ ကျွန်မနှင့်အတူ ကိုအီစွတ်ဟူသော ကျောင်းသားတစ်ယောက်ပါသည်။ မဝင်းတင် ဟူသော ကျောင်းသူတစ်ယောက်ပါသည်။ ပွင့်ဖြူမြို့သို့ ရောက်ခဲ့ချိန်က ခဏလေးဖြစ်ပေမယ့် ထိုခံစားချက်ကို ကျွန်မ မှတ်မိပါသည်။ ပွင့်ဖြူမြို့နယ်တွင် ပထမဆုရခဲ့ပြီး မင်းဘူးခရိုင်ဆုအတွက် မင်းဘူးသို့ သွားဖြေရတော့လည်း ဒေသန္တရ ဗဟုသုတအတွက်ပါ ကျေနပ်ခဲ့ရသည်။ ထိုအဖြစ်တွေက ကျွန်မကို ပညာမှာ ထူးချွန်သူဖြစ်ချင်စိတ်ပေါ် ပေါက်အောင် တွန်းအားပေး ပံ့ဖော်ခဲ့သည့် ဖြစ်ရပ်တွေပေါ့။ ကျူရှင်ရယ်လို့မရှိသည့် ကျောင်းပညာရေးစနစ်တစ်ခု ကျွန်မတို့မှာ ရှိခဲ့ဖူးသည်။ ထိုစနစ်ကို မီခဲ့သည့် ကိုယ့်ကိုယ်ကို ကျေနပ်မိသည်။

သို့သော် ကျွန်မကို ပံ့ဖော်ခဲ့သည့် ကျွန်မ ပတ်ဝန်းကျင်သည် အပြစ်အနာအဆာမရှိ စင်းလုံးချော ပတ်ဝန်းကျင်တော့ မဟုတ်နိုင်ပါ။

ကုန်းစောင်းကျောင်းအနီးက ကျန်းမာရေးဆေးပေးခန်းနံရံမှာ ကျွန်မမြင်ဖူးခဲ့သည့် ရုပ်ပုံကားတချို့က ကျွန်မကို ထိတ်လန့်ကြောက်ရွံ့စေခဲ့သည်မှာ လိုအပ်သည်ထက်ပိုသလားဟု တစ်ခါတစ်ခါ တွေးကြည့်ဖူးသည်။ ကျွန်မတို့ငယ်စဉ်က ကျောက်ရောဂါတို့ဘာတို့က မြန်မာပြည်မှာ ကမ္ဘာမှာ မကွယ်ပျောက်သေးဘဲကိုး။ ပိုစတာတစ်ခုတွင် သေမင်းကို ခါးကောက်ကြီးနှင့် ဝတ်ရုံမဲကြီးခေါင်းအထိ ခြုံလျက် မြင်တွေ့ရသည်။ ကြောက်လိုက်တာ မပြောပါနှင့်တော့။ သေခြင်းနှင့် သချိုင်းကုန်းကို အလွန်ထိတ်လန့်ခဲ့ရ၏။

ဘုရားတန်ဆောင်းတွေ၏ နံရံမြင့်ထက်မှာ ရေးဆွဲထားသည့် ပန်းချီတချို့တွင် ငရဲကျနေသူတို့၏ ဝေဒနာကို ပီပီပြင်ပြင်သရုပ်ဖော်ထားပုံ မြင်တွေ့ရတော့လည်း ကျွန်မ ငရဲကို အကြီးအကျယ် ကြောက်ရွံ့သွားသည်။ ငရဲဆိုတာ အဲဒီလိုကြီးလား။ ငရဲကြီးသည်ဟူသောစကားသည် ကျွန်မအတွက်လုံလောက်သည့် ဟန့်တားမှုတစ်ခု ဖြစ်ခဲ့သည်။မကောင်းမှုကို ပြုရမှာကိုကိုယ်ချင်းစာစိတ်နှင့်ထိန်းချုပ်သည့်အသိက နောက်မှလာပြီး ငရဲကြီးမှာကိုစိုးရွံ့သည့်စိတ်က အရင်လာခဲ့ပါသည်။ ဒေဝါကြီးဆိုသောစကားကို ကြားဖူးတာလည်း ခဏခဏ။ ဒေဝါဆိုသည်ကို အဓိပ္ပါယ်မသိခဲ့။ ဘာမှန်း မသိသော်လည်း ကြောက်စရာဟုတော့ သိသည်။ မိုးဒေဝါဟူသော စကားကို ကြားမိတော့မှ ဒေဝါ၏ဖြစ်နိုင်ချေအဓိပ္ပါယ် ကို မှန်းဆမိလေသည်။

ငယ်စဉ်က ကျွန်မက အားလုံးထဲတွင် မတူကွဲပြားသူဖြစ်ခဲ့လေသလားမသိ။ ဆွေမျိုးတွေ အစ်ကိုဝမ်းကွဲတွေက ကျွန်မအား နင်က သမီးရင်းမဟုတ်ဘူး မွေးစားသမီး အရီးငြိမ်က နင့်ကို လှည်းလမ်းကြောင်းမှာ အထုပ်လေးနဲ့တွေ့လို့ ကောက်ပြီးမွေးစားထားတာဟု အတည်ပေါက် စနောက်တာခံရဖူးသည်။ ပထမတော့ ကျွန်မ ဘယ်ယုံမလဲ။ နောက်တော့ ပြောပါများလာသည့်အခါ ကျွန်မ ငိုချင်ချင်ဖြစ်လာသည်။ အမေ့သမီးမဟုတ်ဘူးဟုကျွန်မကိုယ်ကျွန်မ ဘယ်လိုမှ ပုံဖော် စဉ်းစားမကြည့်ရဲပေ။ အမေကထိုအကြောင်းကို သိသွားတော့ စနောက်သည့်လူတွေကို ငေါက်ငမ်းသည်။ပြီးတော့ ကျွန်မ ကို အသေအချာ ရှင်းပြသည်။ အမေကိုယ်တိုင် ဝမ်းနဲ့လွယ်ပြီးမွေးထားတဲ့ သမီးလေးပါတော်။ မယုံရင် ဒေါ်ခွေးညိုကြီးနဲ့ သက်သေပြပါမယ်။ သမီးကို သူကိုယ်တိုင် လက်သည်လုပ်ပြီးမွေးတာ။ သမီးကိုဟောဒီရေနံချောင်းမှာ မွေးခဲ့တာ။ သမီးကို မွေးတုန်းက သမီးအဖေကဒိုင်ယာရီထဲမှာ နေ့ရက် အချိန်အတိအကျ မှတ်ထားတာ။ အမေ သက်သေပြနိုင်တာပေါ့။

ထိုစနောက်စကားတို့သည် ကလေးသူငယ်တို့အား စိတ်ဒဏ်ရာရစေသည်ကို မသိကြဘူးလားဟု ကျွန်မ အပြစ်ဆိုချင်သည်။ ပတ်ဝန်းကျင်သည်လည်းကလေးကို ပုံဖော်ထုဆစ်ရာတွင် အရေးပါသောကဏ္ဍတစ်ခုပါတည်း။

# ဘဝနေထိုင်နည်းပညာ

တစ်နှစ်တစ်ခါဆိုသလို ကျွန်မတို့ ကျောင်းဝင်းထဲမှာ ရေတွေ ပြည့်လျှံလာသော တစ်နေ့ ရှိတတ်သည်။ ကျွန်မတို့၏ လူကြီးသူမတွေက အမည်ပေးတာလား၊ ကျွန်မတို့ ကျောင်းသားကျောင်းသူတွေကပဲ အမည်ပေးတာလား မသိ။ ထို ရေတက်သည့်အဖြစ်ကို 'မလိုရေ'ဟု ခေါ်ကြသည်။ မလိုရေတွေ တက်လာလျှင် ကျွန်မတို့ ပျော်ကြသည်။ တစ်ရက်ဖြစ်ဖြစ် ကျောင်းပိတ်ပေးရပြီ မဟုတ်လား။ စာသင်ခန်းတွေထဲမှာ ရေတွေ ရောက်လာတတ်သောကြောင့် ဖြစ်ပါသည်။ အတန်းထဲက သူငယ်ချင်းတွေက မလိုရေ၏အရင်းအမြစ်ရှိရာသို့ သွားကြည့်ကြသည့်အခါ ကျွန်မလည်း လိုက်ချင်သည်။

ဒီရေတွေဟာ မြစ်ထဲက လာတာ မဟုတ်ဘူး။ ဆည်က လွှတ်လိုက်တဲ့ ရေတွေ။ တစ်နေရာကနေ လျှံပြီး ရွာထဲထိ ရောက်လာတာ။ ကျောင်းဝင်းထဲမှာ ခြေသလုံးမက (ကျွန်မဆိုလျှင် ဒူးဆစ်ထိအောင်) မြုပ်အောင် လွှမ်းလာသော ရေသည် ကျွန်မတို့အတွက် စပ်စုချင်စရာဖြစ်သည်။

'မြောင်းပေါင်ကို ကျော်ပြီး ရေတွေ စက်တန်းထဲတောင် ရောက်လာ

ပြီ။ ရေတွေကို ဖွေးနေတာပဲဟယ်'

'ပျော်စရာကောင်းတယ် သီလား။ ငါတို့အိမ်ဘေးမှာလေ လှေလှော်လို့ ရတယ်။ ငါ့အစ်ကိုက ညနေကျရင် နွားစာခွက်ကြီးကို လှေလုပ်ပြီး စီးမလို့တဲ့။ မတင်ဝင်း ... ငါတို့အိမ် လိုက်ခဲ့ပါလား'

အာရုံထဲမှာ ဖွေးဖွေးလှုပ်နေသော ရေပြင်ကျယ်ကြီးကို မြင်ယောင်လာသည်။

မိုးရေတက်ရေ တဖွေးဖွေး
ကွင်းကျယ်အဝေးဝေး၊
လယ်စောင့်တဲလေး ခြေတံရှည်
မိုးကုပ်အောက်မှာတည်၊
ကြာနီတစ်ပွင့် ဖြူတစ်ပွင့်
တဲနှင့်ပနံတင့်။

ကဗျာထဲက ပါတဲ့ တက်ရေဆိုတာ မလိုရေကို ပြောတာလား။

'ငါလည်း လိုက်ချင်လိုက်တာ'

သို့သော် မေမေက အလွန်စိတ်ပူတတ်သည်။

'နင်ကလည်း ... နင့်အမေက နင် မပြောရင် ဘာမှ မသိဘူး။ နင် မပြောနဲ့ပေါ့'

မဖြစ်သေးပါဘူး။

'သမီး၊ ရေတက်တယ်ဆိုတာ အကောင်ပလောင်တွေ ပါပါလာတာ။ မြွေတွေ ပါမယ်။ ကင်းတွေ ပါမယ်။ တီကောင်တွေ ပါမယ်။ အကောင်လေးတွေက ရေနဲ့အတူ မျောပြီး ပါလာတာ။ နောက်ပြီးရေက ရေနောက်တွေ။ အကောင်တွေကို တော်ရုံတန်ရုံနဲ့ မြင်ရတာ မဟုတ်ဘူး။ သမီးကို ကိုက်မှာ စိုးရတယ်။ အမေတို့ ခဏခဏ သတင်းတွေကြားရတယ် မဟုတ်လား။ မြွေကိုက်တာနဲ့၊ ကင်းကိုက်တာနဲ့။ မြွေကိုက်ရင် သေတာတော့'

မေမေ ပြောသည့် အန္တရာယ်တွေကို ကျွန်မ မကြောက်ပါ။ လိုက်မည်ဆိုလျှင် လိုက်သွားဖို့ အဆင်သင့်ပါပဲ။

'မသိပေမဲ့ မေမေ တွေးပြီး စိတ်ပူနေမှာ'

သို့သော် အမှန်ကတော့ မေမေ စိတ်ပူမှာ စိုးရိမ်ပြီး ညာတာစာနာ

တာထက် မေမေ ရိုက်မှာကို ပိုကြောက်ခြင်း ဖြစ်၏။ သို့သော် သူငယ်ချင်းတွေကိုတော့ အဲသည်လို ဘယ် ပြောလို့ဖြစ်မလဲ။

'ကိုင်းဟာ ... ဒါဖြင့်လည်း နေခဲ့။ မလိုက်ရင် နောက်တစ်ခါ ဘုရားပွဲသွားရင် မခေါ်တော့ဘူး။ ဒါပဲ'

ကျွန်မ သူငယ်ချင်းတွေကို မလွန်ဆန်ချင်ပါ။ သူတို့ စိတ်တိုင်းမကျလျှင် ကျွန်မမှာ ဆုံးရှုံးရမည့် အခွင့်အရေးတွေ အများသား။ သို့သော် တစ်ဖက်မှာက ကျွန်မကို ထိန်းချုပ်ထားသည့် မေမေ့စကားတွေ ရှိနေသည်။ ထိုအချိန်မျိုးမှာ တစ်ခုခုကို ဆုံးဖြတ်ဖို့ အလွန်ခက်ခဲလှပါသည်။

နောက်ဆုံးမှာ ကျွန်မ အောင့်အည်းမျိုသိပ်ကာ ငြင်းဆန်လိုက်သည်။

'မလိုက်တော့ပါဘူးဟာ'

ရေတွေကို ကျွန်မ လိုက်မကြည့်ရသည့်အတွက် အတွေ့အကြုံတစ်ခု ဆုံးရှုံးတာထက် သူငယ်ချင်းတွေ စိတ်ကုန်သွားတာက ကျွန်မအတွက် ပိုပြီး အခံရခက်စေပါသည်။

နောက်တစ်နေ့မှာ သူတို့ ကျွန်မကို စကားမှ ပြောပါတော့မလား။ ကျွန်မကို အရေးမလုပ်ဘဲ သူတို့အချင်းချင်း ရေးကြီးခွင့်ကျယ်ကိစ္စတွေကို တမင်တိုင်ပင်ဆွေးနွေးကာ ရယ်မောနေကြမလား။ ကျွန်မက သူတို့ထဲမှာ မဝင်ဆံ့နိုင်သည့် ဘာမှ မသိလိုက်သည့် အပြင်လူတစ်ယောက် ဖြစ်နေမလား။ ကျွန်မ စိုးရိမ်စိတ်ပူကာ တစ်နေ့လုံး နေရထိုင်ရတာ မကောင်း။ ညမှာလည်း စာကျက်လို့ မဖြောင့်။

စိတ်ပူရတာပေါ့။ ကျွန်မက သူငယ်ချင်း သိပ်များများ ရှိနိုင်သည့် လူစားမျိုး မဟုတ်။

ကျွန်မ ရုပ်မလှပါ။ ကျွန်မ အရပ်ပုပါသည်။ ကျွန်မ မုန့်ဖိုးများများ မသုံးနိုင်ပါ။ အို ... မှားလို့၊ များများ မဟုတ်၊ နည်းနည်းမှကို မသုံးနိုင်တာ။ ကျွန်မ မေမေက ကျွန်မတို့ ညီအစ်မတွေကို မုန့်ဖိုး အမြဲမပေးပါ။ နေ့လယ်အဆာပြေစားရန်ဟု ပဲကြီးလှော်ကို စက္ကူကန်တော့လေးတွေ လုပ်ပြီး ထည့်ပေးလိုက်တတ်သည်။

သည်တော့ သူငယ်ချင်းတွေကို ကျွန်မနှင့်ပေါင်းဖို့ ဆွဲဆောင်နိုင်သည့် အရည်အချင်းတွေ နည်းပါသည်။ တစ်ခု ကံကောင်းသည်မှာ ကျွန်မ

က သူငယ်ချင်းတွေထက် စာတော်သည်။ အတန်းထဲမှာ စာမေးလျှင် ကျွန်မ မရသည့်အခါက နည်းသည်။ စာစီစာကုံးတို့ ဘာတို့ဆိုလျှင် ကျွန်မက အမှတ်များသည်။ ဆရာတွေက ကျွန်မကို ချီးကျူးလေ့ ရှိပါသည်။ သူငယ်ချင်းတွေက ကျွန်မအား သင်္ချာတွက်ချိန်၊ အင်္ဂလိပ်စာ လေ့ကျင့်ခန်း လုပ်ချိန်တို့တွင် တိုင်ပင်ညှိနှိုင်းကြလေ့ ရှိသည်။ ကျွန်မ၏အကြံဉာဏ်များကို သူတို့ ခဏခဏ လိုအပ်ပါသည်။ နောက်တစ်ခု ကျွန်မ ကံကောင်းသည်မှာ ကျွန်မက ပုံဆွဲတတ်သည်။ မိန်းမလှလှလေးတွေပုံကို ဗလာစာရွက်တွင် အလွတ် ဆွဲတတ်သည်။ ဆံပင်တို၊ ဆံပင်ရှည်၊ ဆံထုံးနှင့်။ မတ်တတ်ရပ်နေသောဟန်၊ ထိုင်နေသောဟန်၊ လမ်းလျှောက်နေဟန်၊ အလျားမှောက်ကာ မေးထောက်လျက် ခြေထောက်ကွေး ထောင်ထားသောဟန်။ အမျိုးမျိုးပါပဲ။ ကျွန်မ၏ မိန်းမလှပုံလေးများသည် အတန်းထဲတွင်သာမက အခြားအတန်းတွေအထိပါ ကျော်ကြား၏။ ကျွန်မကို စာရွက်တွေ လာပေးကာ ပုံရေးခိုင်းသူတွေ မရှားပါ။

အင်း ... သည်လိုဆိုတော့လည်း သိပ်တော့ မဆိုးလှပါ။ ကျွန်မကို သူငယ်ချင်းတွေက စိတ်ကုန်လျှင်လည်း တစ်ရက် နှစ်ရက်ပေါ့။

ထိုအတွေးတွေက ညအိပ်ရာဝင်တော့မှ ကျွန်မခေါင်းထဲသို့ ရောက်လာခြင်း ဖြစ်သည်။ စိတ်သက်သာရာရစေသော အတွေးများ ဖြစ်ပါသည်။

နောက်တစ်နေ့ ကျောင်းဝင်းနှင့် ဘောလုံးကွင်းထဲက မလိုရေတွေ ကျသွားပြီ။ သို့သော် ကျောင်းမြေပြင်မှာ ရွှံ့တွေ၊ နုန်းတွေ တင်ကျန်လျက် လမ်းလျှောက်လို့မကောင်းအောင် ညစ်ပတ်နေသည်။ ပိုဆိုးတာက ကျွန်မတို့ စာသင်ခန်းတွေထဲမှာ ရွှံ့ရေတွေ ပေကျံလျက် စိုထိုင်းထိုင်းဖြစ်နေခြင်းပါပဲ။ သို့သော် ကျောင်းသားတွေကို ဆရာက အခန်းသန့်ရှင်းရေး လုပ်ခိုင်းပြီး စာသင်ပါသည်။

မလိုရေ သွားကြည့်ပြီး နွားစာခွက်ကို လှေလုပ်စီးမည့် သူငယ်ချင်းက ကျွန်မအား နည်းနည်းစိတ်ကောက်ဟန် ရှိ၏။ သူ ကျွန်မကို စကားဟဟမပြောပါ။ ကျွန်မကလည်း မျက်နှာပူနေကာ သူ့ကို ဘယ်လို ချော့မော့ရမှန်း မသိ။ သို့သော် နေ့ခင်း ထမင်းစားချိန်မှာ ကျွန်မတို့ အတန်းထဲမှ အတူတူထွက်လာကာ ဘောလုံးကွင်းကို အတူတူ ဖြတ်လျှောက်ကြ

သည်။ မနေ့ကအကြောင်း စကားမစပ်ကြ။ နေ့ခင်း ပထဝီချိန်မှာ ဆွဲရမည့် မြေပုံအကြောင်းသာ ပြောကြသည်။

'မြေပုံကို စာရွက်ချင်းထပ်ပြီး ဆွဲတာ မကောင်းဘူး။ အိမ်မှာ ကျင့်ရင် ရတာပဲ။ စာမေးပွဲကျတော့ ထပ်ဆွဲစရာ ပုံမရှိဘူးလေ' စသည်ဖြင့် ရောက်တတ်ရာရာတွေ ပြောဖြစ်ကြပါသည်။

လမ်းပေါ်ရောက်မှ သူနှင့် ကျွန်မ လမ်းခွဲကြသည်။

နောက်တစ်ကြိမ် သူငယ်ချင်းတွေ လုပ်လို့ လိုက်လုပ်ချင်စိတ် ပေါ်တာ ရှိသေးသည်။ ကျောင်းသို့ ထမင်းချိုင့်ယူခြင်း ဖြစ်ပါသည်။

ကျွန်မ၏အိမ်က ကျောင်းနှင့် သိပ်မဝေးပါ။ ကလေး လမ်းလျှောက်နှုန်းနှင့် ဆယ်မိနစ်ဆို ရောက်ပါသည်။ တချို့ သူငယ်ချင်းတွေက ကျောင်းသို့ ထမင်းချိုင့် ယူကြသည်။ သူတို့ နေရာက ကျွန်မထက် ပိုဝေးသည်။ သို့သော် သူတို့ ယူလာသည့် ထမင်းချိုင့်တွေကို ကျွန်မ မြင်သည့်အခါ အတန်းထဲမှာ ထမင်းလက်ဆုံစားရသည့် အရသာကို တွေးကြည့်ပြီး အားကျသွားသည်။ တစ်ယောက်က ဘဲဥကြော်၊ ချဉ်ပေါင်ရွက်နှင့် မျှစ်ချဉ်ရည်။ မွှေးနေတာပဲ။ တစ်ယောက်က ငါးပိကောင်ဟင်းနှင့် ခရမ်းသီးသေးသေးလေးတွေ ပြုတ်ထားသည့်တို့စရာ။ မြင်လိုက်ရုံနှင့်ပင် ခပ်စပ်စပ်လေး စားလို့ကောင်းမည့် ဟင်းမှန်း သိသည်။ အမယ် ... တစ်ယောက်က ဝါဇွဲပင်ပေါက်ဟင်းချို။

တစ်ယောက်၏ဟင်းကို တစ်ယောက်က မျှဝေစားကြလိမ့်မည်။ ပျော်စရာကြီး။

'ဟယ် ... ငါလည်း ထမင်းချိုင့်ထုပ်ယူလာရရင် ကောင်းမယ်'

ကျွန်မ အားကျသွားသည်။ နောက်တစ်နေ့ထိအောင် မစောင့်နိုင်တော့ဘဲ သည်ကနေ့ပဲ ကျောင်းဆင်းလျှင် ချက်ချင်း အိမ်သို့ပြေးပြီး ထမင်းချိုင့်လေး ထုပ်ယူကာ ပြန်လာစားချင်စိတ် ပေါက်သွားသည်။

ထိုစိတ်ကို အကောင်အထည်ဖော်လိုက်သည်။

နေ့လည် ထမင်းစားကျောင်းမဆင်းမီ စာသင်ချိန်တစ်ချိန် လွတ်နေသည့်အခါ ကံကောင်းလိုက်တာဟု တွေး၏။ သူငယ်ချင်း တစ်ယောက်ကို အဖော်ခေါ်လျက် အိမ်သို့ ဒုန်းစိုင်းပြေးရလေသည်။

အိမ်ရောက်တော့ မေမေက ဟင်းရွက်သင်တုန်း။ ဆူးပုပ်ရွက်တွေဟု

ထင်သည်။ (ဆူးပုပ်ကလေးဟု ခေါ်သည်) ကင်းမုန်ရွက် တချို့ကိုလည်း မြင်သည်။

'မေမေ ... ကျွန်တော် ထမင်းချိုင့်ယူချင်လို့ ထမင်းကျက်ပြီလား'

ထမင်းအိုးက မီးဖိုပေါ်မှာ ဆူပွက်နေဆဲ။ ကျွန်မ စိတ်မာတ်ကျသွားသည်။

'ငါ့သမီးနှယ် ... ဒီအချိန်နဲ့ ဘယ်ကျက်ဦးမလဲ။ အမေ စောစောကမှ ဈေးက ပြန်လာရတယ်'

မေမေက သည်လိုပဲ ဈေးသွား နောက်ကျတတ်သည်။ အမေကြီးဟု ကျွန်မတို့ခေါ်သော ကျွန်မအဘွားကို နံနက်အိပ်ရာထ ပြုစုပေးရ မုန့်ကျွေးရ ပြီးတော့ တစ်ခါတစ်ခါ ဈေးဖိုးပိုက်ဆံပြတ်သွားလျှင် ဆီကို အဒေါ် တစ်ယောက်ဆီက အကြွေးယူရတတ်သည်။ အကြွေးဆိုတာက စောစော စီးစီး ယူလို့ ကောင်းတာမှမဟုတ်ဘဲ။ ဟုတ်ပါရဲ့။ ဒါတွေကို ကျွန်မ တွေးမိဖို့ ကောင်းသည်။

'ထမင်းမကျက်သေးရင် ဟင်းပဲ ထုပ်လာခဲ့ပေါ့ဟာ။ ငါတို့ ထမင်းတွေနဲ့ မျှစားမယ်'

အဲသည်လိုတော့ မဖြစ်ပါ။

'ဒါဖြင့် ထမင်းကြမ်းကျန်လား အမေ'

ကျွန်မတို့အိမ်က ညစာ ထမင်း မကျန်တတ်ပါ။

'မရှိတော့ဘူး သမီး။ မနက်က အမေ စားလိုက်ပြီ'

ပြီးပါလေရော။

ကျွန်မသည် ဆူပွက်နေသည့် ထမင်းအိုးကိုသာ ငေးကြည့်ပြီး ဘာလုပ်ရမှန်း မသိ။ ဘာရှိသေးလဲဟု ကြောင်အိမ်ကို ဖွင့်ရှာသည်။ ညက စားပြီး ကျန်သည့် ခရမ်းချဉ်သီးငါးပိချက်၊ အမဲခြောက်ဖုတ် တစ်မျှင် နှစ်မျှင်။ အင်း ... ဒါလေးတွေနဲ့တော့ မဖြစ်သေးပါဘူး။

'သမီးတို့ကျောင်းက ဆင်းတာ စောတာလား'

'မဟုတ်ဘူး။ ကျောင်းမဆင်းသေးဘူး။ ဒီအချိန်က အားတဲ့အချိန်မို့လို့'

'ခဏစောင့်လေ။ ထမင်းအိုး ငှဲ့ရတော့မှာပဲ။ ဘဲဥလေး ကြော်ပေး

လိုက်မယ်'

မေမေ အလုပ်ပိုရှုပ်သွားတာကို မသက်မသာ ကြည့်ရင်းက မေမေ့ အသွင်အပြင် နွမ်းပါးတာကိုပါ စိတ်ဆင်းရဲသွားသည်။

ကျွန်မ မေမေက ဟန်တွေပန်တွေ မလုပ်တတ်။ မဝါကြွားတတ်။ အိမ်နေရင်း အဝတ်ကို ဖြူစင်ပြီး ချေးမရှိလျှင် ပြီးရော၊ လျှော်ဖန်များလို့ ပါးနေသည့် အနွမ်းနှင့်လည်း နေသည်။ အထက်ဆင်ကို လုံးထွေးပြီး ခါးမှာ လိမ်ညှပ်ထားသဖြင့် ဝမ်းပိုက်နေရာမှာ ပွရောင်းရောင်းကြီး ဖြစ်ချင် ဖြစ် နေသည်။

သူငယ်ချင်းတွေ၏အိမ်ကို လိုက်သွားသည့်အခါ တချို့အမေတွေက စတိုင်ကျကျ သေသေသပ်သပ် ဝတ်စားထားတာ မြင်ရသည်။ ထိုအခါမျိုး တွင် မေမေ့ကို ကျွန်မ အားမရ။ မေမေက ဘာဖြစ်လို့ အဝတ်အစားကို သေသေသပ်သပ် မဝတ်တတ်ရတာလဲ။ သူငယ်ချင်းတွေက ကျွန်မအမေ ကို အထင်ကြီးစေချင်စိတ်က ပိုများသလား။ မေမေ့ကို စတိုင်ကျကျ ကိုယ်တိုင် မြင်ချင်စိတ်က ပိုများသလား။ ကျွန်မ မသိပါ။ သူငယ်ချင်းတွေ ၏အိမ်က ထမင်းဟင်း စောစောကျက်ပြီး ကျွန်မ အိမ်က ထမင်းဟင်း နောက်ကျမှ ကျက်တာကိုလည်း စိတ်ထဲမှာ အားမရ။

တကယ်တော့ သူတို့အမေတွေမှာ ကူမည့်သူတွေ ရှိပြီး မေမေ့မှာ ကူမည့်သူ မရှိရသည့်အထဲ လူမမာပြုစုတာရော၊ သားတွေ သမီးတွေ ကျောင်းသွားခါနီး ပြုစုပြင်ဆင်ပေးရတာရော၊ ဈေးသွားရတာရော။ တစ်ခါ တစ်ခါ သုံးစရာရေ ကုန်နေသဖြင့် ခပ်လှမ်း လှမ်းရေတွင်းသို့ ရေသွား ခပ်ယူ သယ်ရတာရော။ မေမေ့ အလုပ်တွေချည်းပါပဲ။ နေ့လယ်ထမင်းစား ကျောင်းဆင်းအမီ ချက်ရ ပြုတ်ရတာလည်း မေမေပဲ။ မေမေ့မှာ ပင်ပန်း လိုက်တာ။ အဲသည်နေ့က ကျွန်မ ထမင်းချိုင့်ယူချင်သည်ဆို၍ ပျာယာခတ် လှုပ်ရှားနေရသော မေမေ့ကိုကြည့်ကာ ကျွန်မ နောင်တ တော်တော်ရ ခဲ့သည်။

အဲသည်နေ့က ကျွန်မ ပထမဆုံးအကြိမ်နှင့် နောက်ဆုံးအကြိမ် ထမင်းချိုင့်ယူခြင်း ဖြစ်ခဲ့ပါသည်။

ထမင်းချိုင့်ယူလို့ သူငယ်ချင်းတွေနဲ့အတူ စားရလို့ ပျော်ရွှင်ရမှာနဲ့

ထမင်းအချိန်မီ မကျက်လို့ စိတ်ညစ်ရတာ၊ မေမေ စိတ်ရှုပ်လို့ ကျွန်မ စိတ်မကောင်းဖြစ်ရတာ ဘယ်ဟာက ပိုများသလဲဟု ကလေးတွေးဖြင့် တွေးပြီး ချိန်ဆခဲ့မိလို့လား မသိပါ။

တကယ်တော့ ကျွန်မတို့အိမ်မှာ ညညဆိုလျှင် အိမ်ရှေ့မှာ ခြံဝင်းကွက်လပ် အကျယ်ကြီး၊ ကွပ်ပျစ်က အကြီးကြီး။ ထိုကွပ်ပျစ်ပေါ်မှာ ကျွန်မတို့ ညီအစ်မတစ်တွေ ဟိုဘက်အိမ် သည်ဘက်အိမ်က အိမ်နီးချင်း ကစားဖော်တွေနှင့်အတူ ထမင်းလက်ဆုံ ဝိုင်းဖွဲ့ ခဏခဏ စားနေကျပါ။ ညနေ ထမင်းစားချိန်မှာ ကျွန်မတို့ ကစားတာတွေက တော်တော်နှင့် အရှိန်မသေ။ ထို့ကြောင့် ထမင်းစားချိန်တွင် သူတို့ အမေတွေ၊ အဒေါ်တွေက ထမင်းပန်းကန်လေးတွေဖြင့် ကျွန်မတို့အိမ်ထိ လာပြီး ထမင်းကျွေးရသည့်အဖြစ်မှ စခဲ့သော အကျင့်ပါ။

ညနေတွေမှာ အိမ်နီးချင်းတွေနှင့် ထမင်းအတူစားရတာ မလိုလောက်သေးဘူးလား။

ဒါက အသက်အရွယ်တော်တော်ရမှ ပြန်တွေးကြည့်မိသည့် အတွေးဖြစ်သည်။ ဟိုတုန်းကတော့ အဲသည်လို ဘယ်တွေးမိပါ့မလဲ။ အများနှင့်တူအောင် အတုယူလိုစိတ်က များနေခဲ့ပါလိမ့်မည်။

မိမိပတ်ဝန်းကျင်ရှိ အဖော်များနှင့်မတူဘဲ မူကွဲနေတာကို ကျွန်မငယ်ငယ်တုန်းက မနှစ်သက်ပါ။ အများနှင့်တူအောင်၊ နီးစပ်အောင် ညှိကြည့်လိုစိတ်တွေ ရှိခဲ့သည်။ အများ၏တန်ဖိုးကို ကိုယ့်တန်ဖိုးအဖြစ် ထပ်တူညီချင်စိတ်တွေ ရှိခဲ့သည်။

သူငယ်ချင်းက ထဘီဝတ်လျှင် ဝတ်ချင်တာ။ သူငယ်ချင်းက ထမင်းထုပ်လျှင် ထုပ်ချင်တာ။ သူငယ်ချင်းက မုန့်စားကျောင်းဆင်းချိန် မုန့်ဝယ်စားလျှင် ကိုယ်ပါ စားချင်တာ။ သူငယ်ချင်းက ဘုရားပွဲဈေး လျှောက်လျှင် ကိုယ်ပါ လျှောက်ချင်တာ။

အဲသည်စိတ်တွေက တဖြည်းဖြည်းမှ ပျောက်ကွယ်သွားသည်။

ထိုစိတ်ကို ပျောက်ကွယ်သွားအောင် ဘယ်အရာက ပြောင်းလဲပေးလိုက်သလဲ။ အခုမှ ကျွန်မ ပြန်စဉ်းစားကြည့်မိသည်။

ကျွန်မ မေမေကပဲ ဖြစ်မှာပေါ့။

မေမေက ကျွန်မ စာကျက်ချိန်တွင် ဘေးမှာ အမြဲထိုင် စောင့်ပေးတတ်သည်။ ကျွန်မ စာကျက်ရတာ ငြီးငွေ့ပြီ ထင်လျှင် စကားစရှာပြီး စကားပြောပေးတတ်သည်။ မေမေ ပြောခဲ့သော စကားတွေက အများကြီးပါပဲ။

မူလတန်းကျောင်းသူကလေး တစ်ယောက်အတွက် စိတ်ဝင်စားစရာ၊ အမှတ်မထင် သင်ယူစရာတွေ ဖြစ်ပါသည်။

မေမေ ခဏခဏ ပြောလေ့ရှိသည့် စကားပုံတွေမှာ 'ပညာရွှေအိုး လူမခိုး'နှင့် 'အလိမ္မာ စာမှာရှိ'တဲ့။

ထိုစကားပုံများကို ဥပမာတွေနှင့် ရှင်းပြပေးသည်။

'အမေက သမီးတို့မမွေးခင် ရေနံချောင်းမှာ အိမ်ဆိုင် ဖွင့်ထားတယ်။ အမေ့အိမ်ဆိုင်လေးက တော်တော်ကို ရောင်းရတယ်။ သမီး အစ်မဆိုရင် ဘယက်တွေ၊ ဆွဲကြိုးတွေနဲ့။ လက်ကောက်တွေက ဟောဒီအထိပဲ။ ဒါပေမဲ့ အဲဒါတွေ ကြာရှည်မခံဘူး။ အကုန် ရောင်းလိုက်ရတော့တယ်။ ညည်းတို့အဖေ ရေနံမြေလုပ်တော့ အရင်းထည့်လိုက်ရတာ။ ပြည်သူပိုင် သိမ်းတော့ အကုန် ကုန်တာပဲ။ ပစ္စည်းဥစ္စာဆိုတာ အချိန်မရွေး ပျက်စီးဆုံးရှုံးတာမျိုး။

'ပညာဆိုတာက သမီးဦးနှောက်ထဲမှာ ရှိတာ။ ပညာဟာ သမီး သေမှပဲ သေတာ။ သမီး မသေမချင်း အဲဒီပညာနဲ့ အသိဉာဏ်က သမီးကို အမြဲ အရည်အချင်းပြည့်နေအောင် လုပ်ပေးမှာ။ ကိုယ့်မှာရှိတဲ့ ပညာကို လိုချင်တယ်ဆိုပြီး သူများက ခိုးယူလို့ မရဘူး'

မေမေ ပြောတော့ ကျွန်မက ကလေးတွေးဖြင့် ...

'ဟင် ... စာမေးပွဲမှာ ကျွန်တော့်ဆီက ခိုးချရင်ရတာပဲ'ဟု စောဒက တက်မိသေးသည်ဟု မှတ်မိသည်။

'အဲဒါက သူ အခွင့်အရေးရတုန်း၊ ဆရာ မမိတုန်း၊ သမီးအနားမှာ သူ ဖြေခွင့်ရတုန်း၊ အဲဒီတစ်ပုဒ်စာပဲ ခိုးလို့ရမှာပေါ့။ သမီးခေါင်းထဲမှာ ရှိသမျှ စာတွေ၊ အတွေးအခေါ်တွေ၊ ဗဟုသုတတွေကို ဘယ်ခိုးလို့ရမလဲ'

မေမေက စိတ်ရှည်လက်ရှည် ရှင်းပြသည်။

'ပညာကို သူများက ဖျက်ဆီးပစ်လို့လည်း မရဘူး။ စည်းစိမ်ချမ်းသာဆိုတာ အကြောင်းအမျိုးမျိုးနဲ့ ပျက်စီးတတ်တယ်။ မီးလောင်မယ်။ ရေကြီး

မယ်။ စစ်ဖြစ်မယ်။ ပြည်သူပိုင် သိမ်းမယ်။ ဓားပြတိုက်မယ်'

ကျွန်မတို့အိမ်မှာ ကျွန်မ လူမဖြစ်မီက မီးထဲသို့ ပါသွားဖူးသည်။ ရှိသမျှ စည်းစိမ်ချမ်းသာ ကုန်ရောတဲ့။ သူများ မီးသတင်း မေးသော ဒန်အိုး ဒန်ခွက်တွေ၊ အိပ်ရာ၊ စောင်၊ ခေါင်းအုံးတွေနှင့် ခဏ ရပ်တည်နေခဲ့ရသည် ဟု ပြောပါသည်။

'ပညာဆိုရင် မီးလောင်ပျက်စီးတယ်လို့ ဘယ်ရှိမလဲ သမီးရဲ့'

ထို့နောက် ကျွန်မကို မေမေက ကျောင်းစာမဟုတ်သော ဝတ္ထုဖတ်ခိုင်းသည်။

လိမ်မာရေးခြား ရှိဖို့။ ယဉ်ကျေးဖို့ တဲ့။

မေမေ ပြောဖို့ ကျန်သွားသည်မှာ ပတ်ဝန်းကျင်ဖိအားကို လွန်ဆန်နိုင်သည့် ခွန်အားရှိဖို့ဟူသော အချက်ပါပဲ။

ကလေးတစ်ယောက်အတွက် ပတ်ဝန်းကျင်ဆိုတာကို စတင် တွေ့ကြုံရသောအချိန်သည် ကျောင်းနေချိန် ဖြစ်သည်။

ကျောင်းသားဘဝမှာ အတန်းတူ သူငယ်ချင်းတွေ၏ ဆွဲဆောင်မှု၊ တိုက်တွန်းမှု၊ ဖိအားပေးမှုတို့ကို အမျိုးမျိုး ကြုံရတတ်သည်။ အဲဒါကို ဟိုတုန်းကတည်းက ကျွန်မ အနည်း ငယ်တော့ သဘောပေါက်ခဲ့ပါရဲ့။ လွန်ဆန်ရမည့် ဆွဲအားများကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လွန်ဆန်နိုင်ခဲ့ပါရဲ့။ အမေကို လွှဲချသည့်အခါ လွှဲချ၊ အကြောင်းပြချက် လှလှတွေ ပေးသည့်အခါ ပေးပေါ့။ သို့သော် ဒါကို စနစ်ကျကျ မဆင်ခြင်တတ်။ မလေ့လာတတ်။ အသက်အရွယ်ရလာပြီး ပတ်ဝန်းကျင်မှာ အတားအဆီးတွေ၊ လွှမ်းမိုးမှုတွေ ခံရတော့မှ၊ နောက်ပြီး ဘဝနေနည်းဆိုတာကို စနစ်ကျကျ လေ့လာပြုစုထားသည့် စိတ်ပညာရှင်တွေနှင့် လူမှုပညာရှင်တွေ၏ စာတွေကို ပြန်လေ့လာတော့မှ ဒါက Life skill ပဲဟု ဆင်ခြင်မိသည်။

ကျွန်မ ကြုံခဲ့ရတာတွေက Peer Pressure တွေပဲပေါ့။

အခုခေတ် ဖိအားတွေက ကျွန်မငယ်ငယ်ကထက် ဆိုးသည်။ ကျွန်မ မိတ်ဆွေက ရယ်မော ပြောပြသည်မှာ တစ်ခါက သမီးကျောင်းဆင်းချိန်တွင် အိမ်ကကား အဆင်မပြေသဖြင့် ကားကိုထားခဲ့ကာ အငှားကားဖြင့် သွားကြိုတော့ သမီးက တိုးတိုးလေး ဆူသတဲ့။ 'ဖေဖေကလည်း အငှားကားကြီးနဲ့

လာကြိုရသလား။ အောက်လိုက်တာ'တဲ့။

ရွယ်တူသူငယ်ချင်း လုပ်ငန်းရှင်တွေက ကားမောင်းလျှင် ကိုယ်က လည်း မောင်းနိုင်မှ။ သူငယ်ချင်းမတွေက ညှော်ခံပွဲသို့ စိန်တစ်ဆင်စာ ဝတ် လာလျှင် ကိုယ်ကလည်း ဝတ်နိုင်မှ။

သူငယ်တန်းက စပြီး အတန်းတူ သူငယ်ချင်း၊ အုပ်စုတူ လူတွေ၏ ဖိအားက အသက်သေသည်အထိ ပြီးဆုံးမှာ မဟုတ်။

ကျောက်သင်ပုန်း၊ ကျောက်တံ၊ ခဲတံ၊ စာအုပ်၊ မုန့်ဘိုး၊ ကွန်ပါဘူး၊ အင်္ကျီ အဝတ်အစားက စခဲ့သည့် အုပ်စုတူသူတွေ၏ ဖိအားပေါ့။ ယှဉ်ကြည့် ပြီး အားကျမည်ဆိုလျှင် အားကျစရာကြီး ဖြစ်သည်။ တဖြည်းဖြည်း အရွယ် ကြီးလာလေ ပတ်ဝန်းကျင် မြူဆွယ်ဖြားယောင်းမှုတွေက အားကောင်းလာ လေ ဖြစ်သည်။

ဘဝနေထိုင်နည်းကိုသာ မတတ်ခဲ့လျှင် လေတိမ်းတိုင်း ပါသည့် ပဲ့ပြုားပင်လို ဖြစ်တော့မှာပေါ့။

သူများ တိုက်တွန်းလို့ လိုက်လုပ်သူက တစ်မျိုး ဒုက္ခရောက်မည်။ အပျော်အပါး လိုက်စားသည့်ကိစ္စကို အသာ ထားလိုက်ဦး။ သည်လိုသာ လိုက်လုပ်နေရလျှင် ကိုယ်ပိုင်အတွေး၊ ကိုယ်ပိုင်ဆင်ခြင်ဉာဏ်က ဘယ်မှာ သုံးတော့မှာလဲ။

လိုက်မလုပ်နိုင်သည့်အခါ စိတ်ဓာတ်ကျသူက ကျမည်။ အရှဲ့တိုက် သူက တိုက်မည်။ မဖြစ် ဖြစ်သည့်နည်းနှင့် တူအောင် ကြိုးစားမည်ဆိုပါက အကျင့်ပျက်သူတွေ၊ သီလပျက်ယွင်းသူတွေ များရတော့မည်။

ဖိအားကို လွန်ဆန်ဖို့ နည်းလမ်းမှန်မှန် မသိသေးသည့် အရွယ် အတွက် ကလေး၏ပတ်ဝန်းကျင်ရှိ လူကြီးတွေက သင်ပြပေးကြရသည်။ ကလေးသည် ဖိအားတစ်ခုကို လွန်မြောက်နိုင်လျှင် နောက်တစ်ခုအတွက် အားတင်းဖို့ အဆင်သင့် ဖြစ်နေလိမ့်မည်။

ဖိအားကို လွန်ဆန်တတ်ဖို့ဆိုလျှင် ကလေးမှာ ကိုယ်ပိုင် ဖန်တီး အတွေး (Creative thinking) နှင့် ဝေဖန်ဉာဏ် (Critical thinking) ရှိဖို့ လိုပါသည်။

ဖန်တီးစိတ်ကူးနှင့် ဝေဖန်ဉာဏ်ကို ကလေးငယ် ရှာဖွေတွေ့ရှိရန်

အားပေးနိုင်သူကလည်း ငယ်စဉ်တုန်းမှာတော့ မိဘပါပဲ။ ဒါကြောင့်လည်း ဟိုတုန်းက စကားပုံတစ်ခု အခုထိ ခေတ်ကုန်မသွားတာပေါ့။

'လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဘ' တဲ့။

မေမေ့ကို အမေအဖြစ် ရခဲ့သောကြောင့် ကျွန်မက သူများထက် ပိုကံကောင်းသည်ဟု ကျေနပ်မိပါသည်။

ရှူး

# မေမေ့ဥယျာဉ်

ကျွန်မ ရှမ်းပြည်မြောက်ပိုင်းကို သွားတုန်းက ခရီးစဉ်တစ်လျှောက်မှာ ကျွန်မမိခင်ကို သတိရဖို့ တွေးဖြစ်ဖို့ မြင်ကွင်းတွေ အများကြီး မြင်ခဲ့ရသည်။

မူဆယ်မှာ နံနက် လက်ဖက်ရည်သောက်ခဲ့ရသည့် ဆိုင်တစ်ဆိုင်ကို အခုတိုင် သတိရနေသည်။ ဘယ်နေရာရောက်ရောက် ကျွန်မ သိထားမိသည့် မြင်ကွင်းပါ။ ဒေါက်တာစိုင်းကျော်ဟန်က ကျွန်မကို တမင် အဲသည်ဆိုင်သို့ ခေါ်သွားခဲ့သလားဟု ထင်မိ၏။ ဆိုင်က သိပ်မကြီးကျယ်လှ။ သစ်ပင်အောက်မှာ တည်ရှိသည်။ တဲကြီးလိုပင် ခပ်ကုပ်ကုပ်။ သို့သော် အလင်းရောင် ကောင်းသည်။ ဆိုင်တော်တော်များများကဲ့သို့ပင် ရှေ့မျက်နှာစာ တစ်ခုလုံးက အဖွင့်။ ထူးခြားသည်က လက်ဖက်ရည်ဖျော်သူ၊ မုန့်ပွဲပြင်သူ၊ မုန့်ချပေးသူ၊ ပိုက်ဆံသိမ်းသူ … အားလုံးမှာ မိန်းမတွေချည်း ဖြစ်နေသည်။ သေသေသပ်သပ်၊ လှလှပပ၊ ပြီးတော့ တိတ်တိတ်ဆိတ်ဆိတ်။

'မဂျူး … သဘောကျတယ် မဟုတ်လား'ဟု ဆရာစိုင်းက ပြုံးလျက်မေးသည်။ ကျွန်မ ရယ်မောမိသည်။

ဟုတ်ပါသည်။ ကျွန်မက မိန်းမတွေ အလုပ်လုပ်တာ၊ စီမံခန့်ခွဲတာကို သဘောကျသည်။ ယောက်ျားတွေ အလုပ်မလုပ်ဘဲ နေနိုင်လျှင်လည်း မနှစ်မြို့သူ ဖြစ်သည်။

ရှမ်းပြည်မှာ မိန်းမတွေက သိပ်အလုပ်လုပ်တယ်ဟု အယ်လ်ဂျီးမိုင်က ပြောသည်။

'ယောက်ျားတွေက အလုပ်သိပ်မလုပ်တဲ့ သဘောပေါ့နော်'

'ကျွန်မ ကြားဖူးတာတော့ ဘယ်မှာဆိုတုန်းပဲ၊ မိန်းမတွေက အလုပ်လုပ်၊ တောင်ယာသွား။ ယောက်ျားတွေက ဘိန်းရှုကြသတဲ့'

ပြောမိတော့ ဆရာစိုင်းက 'အခုလည်း ရှုတဲ့နေရာ ရှုနေကြတုန်းပါပဲ'ဟု ပြောသည်။

မူဆယ်သာမက ရှမ်းပြည်မြောက်ပိုင်း မြို့ရွာလေးတွေမှာ နားခိုသမျှ ထမင်းဆိုင်တွေမှာလည်း မိန်းမတွေပဲ ချက်ပြုတ် ပြင်ဆင်ရုံမက ကိုယ်တိုင် စားပွဲထိုးကြသည်။ တရုတ်နယ်စပ်မြို့ ရောက်တော့ မိန်းမတွေ တက္ကစီ မောင်းနေတာကို တွေ့ရ၏။ 'မေမေ ... ဟောဒီမြို့လေးမှာ မိန်းမတွေဟာ အငှားကားတောင် မောင်းတယ်ဗျား' မေမေ့ကို တမ်းတစွာ တိတ်တဆိတ် ရေရွတ်မိခဲ့လေသည်။

သုံးဘီးတက္ကစီ အရောင်စိုစို တောက်တောက်လေးတွေမှာ မောင်းသူက မိန်းကလေးတွေချည်း မြင်ရသည်။ ဈေးသွားဈေးပြန် စီးကြပုံရသည်။ ဈေးရောင်းဈေးဝယ်၊ စီးသူတွေကလည်း မိန်းမတွေ၊ မောင်းသူတွေကလည်း မိန်းမတွေ။ အို ... တယ်ဟုတ်ပါလား။ ယောက်ျားတွေ ဘယ်ရောက်နေပါလိမ့်။ ယောက်ျားတွေလည်း ရှိပါရဲ့။ တချို့ဆိုင်တန်းတွေမှာ ယောက်ျားတွေကို တွေ့ရပါသည်။ အများဆုံး တွေ့ရတာကတော့ မိန်းမတွေ။

ကျွန်မက မိန်းမတွေကို ဘာမဆို ဆုံးဖြတ်၊ စီမံဆောင်ရွက်စေချင်သူ၊ တတ်နိုင်သမျှ မှီခိုသူတွေ မဖြစ်စေချင်သူမတို့ ထင်ပါ၏။ အကြောင်းကြောင်းဖြင့် မိန်းမတွေ ကားမောင်းတာကိုလည်း အလွန် အားပေးမိသည်။ မကြာသေးမီက ဗိုလ်ချုပ်လမ်းတွင် အကြောင်းကိစ္စတစ်ခုဖြင့် ကားရပ်နားပြီး စောင့်နေရစဉ် လမ်းပေါ် ဖြတ်သွားသမျှ ကားတွေကိုကြည့်ရင်း မိန်းမမောင်းတဲ့ကား ဘယ်နှစီးလောက် ပါမလဲဟု ရေတွက်ကြည့်ဖူးတယ်။ အမျိုး

သား ကားတွေ ဆယ်စီးမှာ မိန်းမ မောင်းသောကား တစ်စီး၊ ပြီးတော့ နောက်တစ်စီး၊ နောက်ထပ် တစ်စီး။ ဆန်နီပစ်ကပ်ကလေးတွေကိုလည်း အမျိုးသမီးတွေ မောင်းတာ တွေ့ရသည်။ အများစု မိန်းမတွေကတော့ ကား ခပ်လပတ်လတ် အကောင်းတွေကို မောင်းနေကြသည်။ ကျွန်မ သဘောကျမိပါ၏။ တချို့မိန်းမတွေ တုံ့နှေးတုံ့နှေးလုပ်လို့ နောက်က ကား တွေ ဒေါသဖြစ်ရတာတော့ နားလည်ပေးကြရမှာပေါ့လေ။ ကျွန်မ သူငယ် ချင်း ယောက်ျားလေးတစ်ယောက်က ပြောဖူးသည်။

'ရှေ့မှာ ကားတစ်စီးက ကိုးရိုးကားရား လုပ်နေပြီဆိုရင် အဲဒါ မိန်းမ မောင်းတဲ့ ကားပဲ။ မကြည့်နဲ့။ ရာနှုန်းပြည့် မှန်တယ်'တဲ့။ ဟုတ်တော့လည်း ဟုတ်သားဟု ကိုယ်တိုင် မောင်းသည့်အခါ ဝန်ခံမိသည်။

မိန်းမတွေသည် ဆုံးဖြတ်ချက်ချသည့်နေရာတွင် တွေဝေ နှောင့်နှေး တတ်ကြသည်ဟု ဆိုပါသည်။ မိန်းမတွေသည် ကန့်သတ်ထားသော ဘောင် တစ်ခုအတွင်းမှာ နေကြရသည့်ကာလ ကြာရှည်လာသောအခါ ထိုအကန့် အသတ်မှ ထွက်လိုက်ရသောအခါ နည်းငယ်တော့ မသေမသပ် ဖြစ်နေဦး မှာပေါ့ဟု ကျွန်မ တွေးကြည့်သည်။

သို့သော် ဟိုရှေးခေတ်ကတည်းက မြန်မာမိန်းမတွေသည် အရောင်း အဝယ်ကိစ္စနှင့် အိမ်ထောင်ထိန်းသိမ်းမှု ကိစ္စတို့တွင် ဆုံးဖြတ်ချက်ချခဲ့ကြ သည်မှာ မလေ့ထုံးတမ်း ဖြစ်နေခဲ့ပြီးသား။ ကျွန်မ မေမေသည် အိမ်၏ စီးပွားရေး၊ လူမှုရေးတို့တွင် ဖေဖေနှင့်အတူ တာဝန်ယူခဲ့သည်။ ကျွန်မ ငယ် စဉ်က ခဏခဏသွားခဲ့ဖူးသော ဆွေမျိုး အဒေါ်တစ်ယောက်၏ မုန့်ဟင်းခါး ဖိုလုပ်ငန်းမှာဆိုလျှင်လည်း အဒေါ်က ဆုံးဖြတ်ချက်ချသူ၊ စီမံခန့်ခွဲသူ၊ ဦးဆောင်လှုပ်ရှား ဆောင်ရွက်သူ ဖြစ်သည်။ ဦးလေးကတော့ အဒေါ်ကို ဝန်မနိုင်သည့် ပစ္စည်းများအတွက် ကူညီရုံသာ။ လယ်မြေဧက ငါးဆယ် လောက် ပိုင်သော အဒေါ်တစ်ယောက်လည်း ရှိသည်။ သူ့ခင်ပွန်းက လယ် ကိစ္စကို စီမံသူ မဟုတ်။ အဒေါ်၏စိတ်ကူးကို နောက်မှလိုက်ပြီး အကောင် အထည်ဖော်ပေးရုံသာ ဖြစ်သည်။

ဘယ်နေရာမှာပဲဖြစ်ဖြစ် လေ့လာသောမျက်စိနှင့် စဉ်းစားတွေးခေါ် တတ်သော ဦးနှောက်၊ မျှဝေစာနာတတ်သော နှလုံးသားတို့ဖြင့် အလုပ်

လုပ်လျှင် မိန်းမရော ယောကျ်ားပါ လောကတွင် မတ်မတ်ရပ်နိုင်မှာပဲဟု ကျွန်မ ယူဆသည်။

အဲဒီအယူအဆကို ကျွန်မ ရင်ထဲရောက်အောင် ကူညီ ထည့်သွင်းပေးခဲ့သူမှာ မေမေ ဖြစ်သည်။

မေမေ့ကို ကျွန်မ အမှတ်ရဆုံး အဖြစ်အပျက်တွေ အများကြီး ရှိသည်။ အဖြစ်အပျက်တိုင်းသည် ပညာနှင့်ချည်း ပတ်သက်သည်။ ကျွန်မ ဆယ်တန်းစာမေးပွဲဖြေခါနီး လများတွင် ကျွန်မက စာကို ဇွဲကောင်းကောင်းဖြင့် လေ့လာကျက်မှတ်နေချိန်တွင် မေမေက ကျွန်မကို တစ်စုံတစ်ခု ကူညီရန် စေခိုင်းဖို့ မဆိုထားနှင့် ကျွန်မအတွက် ထမင်းကိုပင် ဟင်းနှင့်နယ်ပြီး ပန်းကန်ပြားတွင် ဇွန်းတပ်လျက် စာကြည့်စားပွဲတွင် လာချပေးသည့် အဖြစ်အပျက်များကို ကျွန်မ ဘယ်တော့မှ မမေ့နိုင်ပေ။ ကျွန်မကို လူ့ပတ်ဝန်းကျင်တွင် ပညာကို တန်ဖိုးထားသော မိန်းကလေးတစ်ယောက်အဖြစ် လွတ်လပ်စွာ မတ်မတ်ရပ်နိုင်အောင် မေမေက တစ်စတစ်စ ပုံသွင်းပေးခဲ့သည်။ ကျွန်မ၏ဥယျာဉ်မှူးက မေမေပေါ့။

ကျွန်မ မေမေသည် အရပ်ခပ်ပျပ်ပျပ်၊ ဖျတ်လတ်သွက်လက်သူ၊ ပါးနပ်သူ၊ ဉာဏ်ကြီးသူ၊ သို့သော် ရိုးသားနှိမ့်ချသူ ဖြစ်သည်။ မေမေက အတန်းပညာကို လေးတန်းအောင်သည်အထိသာ သင်ကြားခဲ့ရသူ ဖြစ်သည်။ မေမေတို့ခေတ်တုန်းက မိန်းကလေးတွေ အတန်းပညာ သိပ်တတ်စရာ မလိုဟု အယူအဆဖြင့် ပညာရေးမှာ အကန့်အသတ် ခပ်နိမ့်နိမ့်သာ ထားပေးခဲ့သည်။ ပညာတတ်မိန်းမဟူ၍ အလွန်ရှားသည်။ မေမေ လေးတန်းအောင်တော့ အဆင့်မြင့်မြင့်ဖြင့် အောင်သည်။ မေမေက ပညာကို ဆက်သင်ချင်သည်။ အဘွားက ကျောင်းထုတ်ပြီး အထည်ဆိုင်မှာ ကူညီခိုင်းပြီး ဆိုင်ခွဲဖွင့်လှစ်ပေးခဲ့သည်။ စီးပွားတော့ ဖြစ်ခဲ့သည်။ သို့သော် မေမေ တတ်ချင်သည့်ပညာကို ဆုံးခန်းတိုင် သင်ခွင့်မရခဲ့။

ထို့ကြောင့် မေမေသည် သူ မရခဲ့သောပညာကို သားတွေ၊ သမီးတွေအား ဆုံးခန်းတိုင် ရစေချင်သည်။ မေမေက ကျွန်မတို့ကို ပညာဖြင့် အသက်မွေး ဝမ်းကျောင်းသူ ဖြစ်စေချင်သည်။ မိန်းမလည်း မိန်းမအလျောက် အစွမ်းအစ ရှိတာပဲ။ အဲဒီအစွမ်းအစကို သမီးတို့က ထုတ်သုံးနိုင်တဲ့ ပညာ

တတ်တွေ ဖြစ်ရမယ်ဟု မေမေက ခဏခဏ ပြောခဲ့၏။

ကျွန်မတို့ သွားဖို့ လမ်းကို မေမေတို့နှင့် အဘွားတို့က ခုတ်ထွင် ရှင်းလင်းပေးခဲ့သည်။ ဆူးခက်တွေကို ရှင်း၊ ချုံပွက်တွေကို ဖို့ မြေညှိ၊ ရေစီး ဆင်းဖို့ မြောင်းဖောက် သွယ်ပေးခဲ့ရသည်။ မေမေတို့၊ အဘွားတို့မှာ လက် တွေ သွေးခြင်းခြင်း နီခဲ့ပေလိမ့်မည်။ ကျွန်မတို့လက်ထက်ကျတော့ လမ်းက တော်တော်ချောမွေ့ ဖြောင့်ဖြူးနေပေပြီ။

မေမေ စိုက်ပျိုးခဲ့သည့် ဥယျာဉ်ကို တိုးတက်အောင်၊ ပိုမိုသာယာ လှပအောင် ကျွန်မတို့ ဆက်လက်စောင့်ရှောက်ဖို့သာ လိုပါသည်။

မေမေကိုယ်တိုင်လည်း မီးဖိုချောင်ထဲမှာချည်း၊ နောက်ကွယ်မှာချည်း နေခဲ့သူ မဟုတ်။ ဖေဖေ အဝေးမှာရောက်နေသည့် ငါးနှစ်၊ ခြောက်နှစ် ကာလတွင် ရှိစုမဲ့စု လက်ဝတ်လက်စားလေး ထုခွဲပြီး အိမ်ဆိုင်လေးတစ်ဆိုင် ဖွင့်ခဲ့ရာ အောင်မြင်ခဲ့၏။ မေမေက ကျွန်မ မမီလိုက်သည့် သူ့အိမ်ဆိုင်လေး အကြောင်းကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြတတ်သည်။ ကျွန်မက အသာလေး ငြိမ် နားထောင်ပြီး မှတ်သားနေသည်။ မေမေက သူ့ကိုယ်ပိုင်အစွမ်းအစဖြင့် သမီးကြီးကို ရွှေလက်ကောက်တွေအပြည့် ဆင်ယင်ပေးနိုင်ခဲ့သည်။ အစ်မ ကြီး ငယ်ငယ်က ဓာတ်ပုံကိုကြည့်လျှင် ကျွန်မ အလွန်အားကျမိခဲ့၏။ လက် ကောက်တွေ၊ ဆွဲကြိုးတွေ၊ နားဆွဲတွေ နည်းမှ မနည်းဘဲ။ ရွှေခြေချင်းက လည်း လှ၊ ဂါဝန်လေးကလည်း လှ။ နှစ်ထပ် ဇာဂါဝန်လေး။ ပြုံးနေလိုက် သည့် မမ၊ လှမှလှ။ ဟယ် ... ကြည့်စမ်း၊ ငါတို့ကျတော့ အဲဒီလို မဝတ်ရ ဘူးတော့။

အဲဒီလောက် ပစ္စည်းတွေ ဘယ်ရောက်ကုန်လဲ မေမေဟု ကျွန်မ ရိုးသားစွာ မေးမိတော့ မေမေက ခပ်ပြုံးပြုံးပင် 'ညည်းအဖေ ရေနံတွင်းထဲ အကုန် ပုံအောပစ်လိုက်တာလေ'ဟု ဖြေသည်။ ပြည်သူပိုင် သိမ်းခါနီးမှာ မေမေက ရှိသမျှ ရွှေငွေ စိန်ထည်အားလုံးကို ဖေဖေ့အရင်းအနှီးတွင် ပုံပေး လိုက်ရသတဲ့။

ထို့နောက် မေမေက စည်းစိမ်ချမ်းသာ၏ မတည်မြဲမှုကို ကျွန်မတို့ အား သူ့အဖြစ်နှင့် နမူနာပေးကာ ပညာ၏တည်မြဲမှုကို တရားဟောလေ သည်။ ပညာဟူသော စကားလုံးကို ငယ်ငယ်လေးကတည်းက မေမေ့ထံမှ

ခဏခဏ ကြားခဲ့ရသည်။ မေမေက ကျွန်မတို့ညီအစ်မ လေးယောက်ကို မီးဖိုချောင် နိုင်နင်းအောင် သင်ပေးသည့် တစ်ချိန်တည်းမှာ မီးဖိုချောင်မှ လွတ်ကင်းအောင်လည်း သွန်သင်ခဲ့သည်။ စာအုပ်စာပေကို ချစ်တတ် ကိုင်တွယ်တတ်၊ အသုံးချတတ်အောင်လည်း လေ့ကျင့်ပေးခဲ့သည်။ ကျွန်မတို့ မောင်နှမတွေကို ထွန်သွားတွေ၊ တံစဉ်တွေနှင့် ဝေးအောင် ခေါ်သွားခဲ့သည်။ အပျိုဖော်ဝင်တော့မည့် သမီးတွေအား ဖတ်သင့်သော မျိုးပွားဆိုင်ရာ ကျန်းမာရေးအသိပေးစာအုပ်တို့ကို ဖတ်ခွင့်ပေးထားခဲ့သည်။ ယောကျ်ားတို့အကြောင်း သိကောင်းစရာတွေကို မေမေက အရိပ်အမြွက် အသိပေးပြောပြထားခဲ့သည်။

ယခုတော့ မေမေ့ဥယျာဉ်တွင် အပင်အချို့က သန်စွမ်းအုပ်ဆိုင်းပြီး အပင်တချို့က ခပ်ငိုက်ငိုက်။ သို့သော် ရှင်သန်ဆဲ၊ အားယူဆဲ။ အပင်တစ်ပင်ကတော့ အချိန်မတန်ဘဲ ခြောက်သွေ့ကာ သေဆုံးသွားခဲ့လေပြီ။ မေမေ့ဥယျာဉ်ကို မေမေ ကြည်နူး ရောင့်ရဲနိုင်ပါ့မလား။

မေမေသာ အသက်ရှင်လျက်ရှိလျှင် ကျွန်မကို ဘယ်လိုများ မှတ်ချက်ချမလဲ မသိ။

အင်း ... ဒီအပင်ကတော့ သူ့အရွယ် ခပ်ပုပုသေးသေးနဲ့ မလိုက်၊ တော်တော် ထောင်မတ်လွန်းနေပါလားဟု ပြောမလား။ အရွက်အကိုင်းတို့ကို ခပ်ထောင်ထောင် မဟုတ်ဘဲ ဝေဆာအောင်၊ အုပ်ဆိုင်းအောင်၊ ညွတ်ပျောင်းအောင် ပုံသွင်းပေးချင်မလား မသိပေ။ အပင်တစ်ပင်ဟာ အရိပ်ကောင်းကောင်းပေးနိုင်တာ အဖိုးတန်ပါရဲ့။ သို့သော် အသီးတွေပါ သီးပြီး ထိုအသီးတွေက အရသာပြည့်ဝ၊ ချိုမြမွှေးပျံ့ဖို့လည်း လိုသေးသည်ဟု ပြောမလား။ ပွင့်ချိန်တန် ပွင့်ပြီး သီးချိန်တန် သီးစေချင်ခဲ့လေမလား။ ထိုအသီးတို့ မြေပြင်မှာ ကြွေသက်၊ နောက်ထပ် ပင်ပျိုလေးတွေ ရှင်သန်စေချင်ခဲ့မလား။

မေမေ ကျွန်မအပေါ် ခွင့်လွှတ်နိုင်ရန် တောင်းပန်လိုလှပါသည်။

ပြီး